
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်
၁၃/၉၀(၁)
မျက်နှာဖုံးခွင့်ပြုအမှတ်
၆၈/၉၀ (၂)

မျက်နှာဖုံးပန်းချီ
ခေါင်အောင်ဗလ

မျက်နှာဖုံး ပုံနှိပ်
နေလရောင်

ပုံနှိပ်ခြင်း
ပထမ အကြိမ် (၁၀၀၀) အုပ်

ထုတ်ဝေသည့်လ
၁၉၉၀ ခုနှစ်၊ မတ်လ

စာအုပ်ချုပ်
ပပဝိုးနွှင့် အဖွဲ့

တန်ဖိုး
(၃၅) ကျပ်

ပုံနှိပ်သူ
ဦးညိုမှိုင်း (၈၃၃၅၅)
အားမာန်သစ်ပုံနှိပ်တိုက်
အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း
တန်တော်ကလေး၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဒေါ်သန့်သန့်အေး (၀၂၃၈၆)
ငြိမ်းချမ်း စာပေ
အမှတ် (၁၄၀)၊ (၁၇) လမ်း၊
ရန်ကုန်မြို့

မြတ်ငြိမ်း

# အမြင်သာချို ရင်မှာငို

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

မှိုင်း

(၁)

၁၉၄၆ ခုနှစ်၊ ဇွန်လထဲတွင် အက်ဒ်ရစ်ချ်မန်နှင့် လက်ထပ်ခဲ့သော ဘက်ဗ်ဗာလီဆိုဆန်သည် အဆိုပါ လက်ထပ်မင်္ဂလာပွဲတွင် 'ဒုတိယ' အပျော်ဆုံး အမျိုးသမီး ဖြစ်ခဲ့လေသည်။

ထိုပွဲတွင် အပျော်ဆုံး ဖြစ်ခဲ့ရသူကတော့ အိန်ဂျလာ သီဆန်၊ အသက် နှစ်ဆယ့်နှစ်နှစ် ရှိပြီဖြစ်သော သတို့သမီး၏ မိခင်။

စင်စစ် ခုလို ရက်မြတ်မင်္ဂလာပွဲ နွှဲမည့်အခါ သမယမျိုးကို အိန်ဂျလာ မျှော်လင့်စောင့်စားခဲ့သည်မှာ ကြာတောင့် ကြာရှည် ရှိခဲ့ပြီ၊ ချစ်သမီး ဘက်ဗာလီအား လူကြီး လူကောင်း ဆန်သော၊ ငယ်ရွယ် နုပျိုသော၊ နေရာကျပြီး ဘက်ဗာလီကိုလည်း ချစ်မြတ်နိုးသော လူရွယ်တစ်ယောက်နှင့် လက်ထပ်မင်္ဂလာပွဲ နွှဲပေးသော အခမ်းအနားမျိုးပေါ့၊ တိတိကျကျ ဆိုရလျှင် ခုလို ဖြစ်လာဖို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိန်ဂျလာ စောင့်ခဲ့သည်မှာ နှစ် နှစ် လောက် ရှိပြီ။ ဘက်ဗာလီတစ်ယောက် အိမ်ခွဲပြီး ကိုယ့်အခန်းနှင့်ကိုယ် နေထိုင်ခဲ့သည်မှ စပြီး အိန်ဂျလာမှာ သောကတွေ ရောက်ခဲ့ရသည်။ ချစ်သမီးကို စိတ်မချ၊ မတော်တရော်တွေ ဖြစ်ကုန်မှာ စိုးသည်။ ကဲ.... ခုတော့ ရင်မှာတောက်သည့်မီးကို ငြိမ်းခွင့်ရပါပြီ။ ဘက်ဗာလီတစ်ယောက် ခုလို အိမ်ထောင်တစ်ခု တည်တည်တန့်တန့် ထူထောင်နိုင်ခွင့်ရသည့်အတွက် ရှင်တော်မြတ်ဘုရားကို ကျေးဇူးတင်ပါသည်။ ဘက်ဗာလီ ခုလို ဖြစ်မှ ဖြစ်ပါမလားဟု အိန်ဂျလာ စိုးရိမ်သောက ပွားခဲ့ရသည်လေ။

သူတို့ သားအမိနှစ်ယောက်သည် အခြားခြားသော သားသမီးတွေလို သိပ်ပြီး လက်ပွန်းတတီး မရှိခဲ့ဆိုရလျှင် အချို့သော သားအမိတွေလို လက်ပွန်းတတီး ရှိဟန် မဆောင်ခဲ့ကြ။ ဘက်ဗာလီသည် မိဘများကို ဒုက္ခပေးတတ်သည့် ကလေးတစ်ယောက် မဟုတ်ခဲ့။ မိဘနှစ်ပါးကို ချစ်သည်။ လေးစားသည်။ ပြောစကား ဆိုစကား နားထောင်သည်။ သို့တိုင် အိန်ဂျလာသည် မိမိ၏ ရင်နှစ်သည်းချာ သမီးလေး၏ စိတ်ခံစားရေးရာ အပိုင်းကျတော့ ပြည့်ပြည့်ဝဝ နားမလည်နိုင်။ ကိုယ့်အခန်းနှင့် ကိုယ်နေပြီး၊ ကိုယ့်အလုပ်ထဲ နှစ်မြှုပ်နေပြီး၊ ကိုယ့်လမ်းသာ ကိုယ်လျှောက်နေသည့် နောက်ပိုင်းတွင် ဘက်ဗာလီသည် မိဘနှစ်ပါးထံ လာရောက်သည်မှာပင် ယဉ်ကျေး ဖော်ရွေသော သူစိမ်းတစ်ယောက် လာရောက် လည်ပတ်သည့်



ပုံစံမျိုး ပေါက်နေခဲ့၏။ ဘက်ဗာလီက သူ ကိုယ့်ရေးကိုယ်တာကို သိပ်ဟာဟာ မပြော။ တစ်ကိုယ်တည်း နေထိုင်သည့် ဘဝ၏ ဒုက္ခ သုက္ခများအကြောင်း နှုတ်မှ စကားမဆို။ ဘက်ဗာလီက မိမိ၏ ကိုယ်ရေးကိုယ်တာကို လွယ်လွယ် ဖွင့်အန်တတ်သူ မဟုတ်။ သူသည် ငယ်စဉ်ကတည်းက သူနှင့် သက်တူရွယ်တူ မိန်းကလေးတွေနှင့် မတူ။ တစ်မူထူးခြားနေသူ တစ်ဦး။

မက်ဒီဆန် ရိပ်သာလမ်းပေါ်ရှိ ဘုရားရှိခိုးကျောင်းလေးထဲမှ ပတ်ပြူစင်ရှေ့တွင် စန့်စန့်မတ်မတ် ရပ်နေသော သူတို့သမီး၏ သွယ်နွဲ့သော ကိုယ်ခန္ဓာကလေးကို အိန်ဂျလာ ငေးငေး ငေးမော ကြည့်နေမိ၏။ အက်ဒ်နှင့် ယှဉ်တွဲရပ်နေတော့ သေးကွေးလွန်းနေသည်။ အက်ဒ်က လေတပ် ယူနီဖောင်းကို ဝတ်ဆင်ထားသည်။ သို့သော် ဘက်ဗာလီသည် ခပ်ပွန်းလောင်းနှင့် ယှဉ်လိုက်လျှင် ကိုယ်ခန္ဓာ အသွင်အပြင်အားဖြင့်သာ သေးငယ်နွဲ့ပျောင်းနေခြင်း ဖြစ်၏။ အပြာနုရောင် ပိုးသားဂါဝန် ဝတ်ထားသည့် ကိုယ်ခန္ဓာ သေးသေး ကွေးကွေးထဲတွင်မူ မြင့်မားသော ရည်မှန်းချက်တွေ၊ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်တွေ အမြစ်တွယ် ရှင်သန်နေကြ၏။ ဘက်ဗာလီသည် ပြင်ပရုပ်သွင်အားဖြင့် အက်ဒ်လောက် ခန့်ညားထည်ဝါခြင်း မရှိသော်လည်း စိတ်ခံစားရေးရာ အပိုင်းတွင်မူ အက်ဒ်ထက်ပင် ပိုပြီး ခိုင်မာပြတ်သားသူ ဖြစ်၏။ သို့ဆိုသည့်အတွက် ဘက်ဗာလီတွင် နွဲ့ပျောင်း သော၊

www.burmeseclassic.com

www.burmeseclassic.com



ညင်သာနူးညံ့သော မိန်းမသား အရည်အသွေးများ ချို့တဲ့နေသည်ဟု မဆိုလို၊ ဘက်ဗာလီကား ကြင်နာယုယတတ်သော၊ သစ္စာရှိသော၊ ကိုယ်ကျင့်တရား ထိန်းသိမ်းတတ်သော မိန်းကလေးတစ်ဦး ဖြစ်၏။ သို့တိုင် ၁၉၄၀ ပြည့်နှစ် ဝန်းကျင်တွင် ကြီးပြင်း ရှင်သန်ခဲ့သည့် ပညာတတ် လူတန်းစား မိန်းကလေးအများစု နည်းတူ ဘက်ဗာလီလည်း အရေးကြီးသော ကျင့်ဝတ် စည်းကမ်းများကို ချိုးဖောက်ကောင်း ချိုးဖောက်ခဲ့ပေမည်။

ဘက်ဗာလီ ထိုသို့သော ကျင့်ဝတ် စည်းကမ်းများကို ချိုးဖောက်ခဲ့ကြောင်း အိန်ဂျလာ တိတိကျကျ ရေရေရာရာ မသိ၊ သို့သော် သည်အကြောင်းတွေ ခေါင်းထဲ ထည့်မစဉ်းစားမိအောင် အိန်ဂျလာ ဆုံးဖြတ်ထားလေသည်။

BURMESE CLASSIC .com

* * *

အဆိုပါ ကျင့်ဝတ်စည်းကမ်းနှင့် ပတ်သက်၍ လွန်ခဲ့သည့် နှစ်နှစ်တာ ကာလအတွင်း ဘက်ဗာလီ အကြိမ်ပေါင်း ဖောင်ဖောင်းမက စဉ်းစားဆင်ခြင် ကြည့်ခဲ့၏။



ဆို သူသည်၊ အိမ်ထောင်သည်တစ်ယောက် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ် စည်းကမ်းများကို သစ္စာဆိုအဓိဋ္ဌာန်ပြုနေ၏။ သည် ကျင့်ဝတ် စည်းကမ်းများကို လိုက်နာ စောင့်ထိန်းဖို့လည်း ဆုံးဖြတ်ထား၏။ သည်ကြားထဲတွင် မိမိ၏ အတိတ်ဖြစ်ရပ်များက ခေါင်းထဲ တိုးဝင်နေသည်။ အက်ဒ်ဟာ ငါ့အတွက် အသင့်မြတ်ဆုံး ယောကျ်ားတစ်ယောက်ပါဟု စိတ်ထဲတွင် ထပ်တလဲလဲ ရွတ်ဆိုနေမိ၏။ ငါတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပျော်ရွှင်မှုကို ပေးနိုင်ရမယ်၊ အိမ်ထောင်ရေး သုခကို ပေးနိုင်ရမယ်၊ အလျင်က ဖြစ်ပျက်သမျှတွေ အားလုံးဟာ အမှားလုပ်ရပ်တွေ မိုက်မဲတဲ့ ပုန်ကန်မှုတွေ။

ခန့်ညား ချောမောပြီး ချစ်ရည်လွှမ်းသော သူ့မျက်နှာကို မော့ကြည့်မိသည်။ မောင်က လူတော်တစ်ယောက်ပါ၊ လူကောင်းတစ်ယောက်ပါ၊ မောင်ဟာ ငါ့လို မိန်းကလေးမျိုးနှင့်မှ ထိုက်တန်ပါ့မလား။ ဘဝကို ချိုးထောင်ဆဲ ကာလများတွင် ကြုံတွေ့ခဲ့ရသော အဖြစ်များကြောင့် လိပ်ပြာမသန့် ဖြစ်နေသည့် စိတ်တွေကို ခေါင်းထဲမှာ အတင်း မောင်းထုတ်နေရသည်။ မိမိသည် ယောကျ်ားနှစ်ဦးအတွက် မိမိ၏ 'လိမ္မာယဉ်ကျေးသော မိန်းကလေး' ဘဝကို နှစ်ကြိမ်တိုင်တိုင် စွန့်လွှတ်ခဲ့သည် မဟုတ်လား၊ တစ်ကြိမ်ကတော့ မလိမ်မိုးမလိမ်နှင့် အပြစ်ကင်းစွာ မှားယွင်းခဲ့ခြင်းပါ၊ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ် တဘော လေးကကို အရွဲ့တိုက်ချင်စိတ်ဖြင့် မိမိကိုယ် မိမိ ဖျက်ဆီးခဲ့မိခြင်းပါ။

ထိုသို့ မိုက်မဲစွာ ပြုမူခဲ့သော မိမိ၏ လုပ်ရပ်များအတွက် ကိုယ့်ကိုကိုယ် အပြစ်တင် ရှုံ့ချခဲ့မိသည်။ တကယ်တော့ ထိုသို့ မိမိကိုယ် မိမိ အပြစ်တင် ရှုံ့ချခြင်းမှာ မှားပါသည်။ အပြစ်တင်ချင်လျှင် မိမိ နေထိုင်သည့် ခေတ်ကာလနှင့် မိမိ ရှင်သန် ကျင်လည်နေသည့် လူ့ဘောင် စနစ်ကိုသာ အပြစ်တင်ရမည် မဟုတ်ပါလား။

* * *

ဘက်ဖာလီနှင့်တကွ သူ့လို ငယ်ရွယ်နုပျိုသော မိန်းကလေးများအဖို့ ၁၉၄၀ ပြည့်နှစ် ဝန်းကျင် ခေတ်ကာလသည် ထူးခြားသော ခေတ်ကာလမျိုး ဖြစ်၏။ ထိုခေတ် ထိုအခါသည် အဟောင်းနှင့် အသစ် လွန်ဆွဲနေသောကာလ၊ သူတို့သည် ရှေးရိုးစဉ်လာ လူမှုစည်းကမ်းများအောက်မှ ရုန်းထွက်ဖို့အားသန်နေကြသည်။ တစ်ချိန်တည်းတွင် ငယ်စဉ်တောင်ကျေး ကလေးဘဝက စပြီး



လူကြီးသူမများ၏ ဆုံးမ ဩဝါဒများကလည်း ရင်ထဲမှာ အမြစ်တွယ်နေကြသည်။

ဘက်ဖာလီက ဘဝကိုတွယ်တာသည်။ ဘဝ အတွေ့အကြုံကို ရှာချင်သည်၊ သို့သော် အတွေ့အကြုံ ထစ်များကိုလည်း ကြောက်ရွံ့နေသည်။ အထက်တန်းကျောင်းသူ ဘဝကပင် သူနှင့်သူ့ သူငယ်ချင်းများသည် အသွေးလွယ်သော မိန်းကလေးများ မဟုတ်ကြ။ အချိုဝင် ဘဝကို ကိုတန်ဖိုးမထားတတ်သူများ မဟုတ်ကြ။ သူတို့အားလုံး ရည်းစားသနာ ထားကြ၏၊ ချစ်ခွန်းတုံ့ကြင် ကြည်စယ်ကြ၏၊ သို့သော် အဆုံးစွန်သောအဆင့်ထိ ဘယ်တော့မျှ အရောက်မခံ၊ သူတို့သည် အပေါစား မိန်းမများ မဟုတ်ဟု ခံယူကြသည်။ ပို၍ ကျယ်ကျက်ပြန့်ပြန့် ပြောရလျှင် မိမိတို့၏ မိဿဇစုများကို အရှက်တကွဲ အကျိုးနည်း အဖြစ်မခံနိုင်၊ ပို၍တိတိကျကျဆိုရလျှင် မိမိတို့လက်မထပ်မည့် ယောကျ်ားများနှင့် ဘယ်တော့မျှ အတူမအိပ်။

သို့တိုင် သူတို့ထဲတွေသည် ဆေးလိပ် သောက်ချင်သောက်မည်၊ အရက်သောက်ချင် သောက်မည်၊ ကိုယ့်ကား ကိုယ်မောင်းပြီး ခရီးသွားမည်၊ တစ်ခါတစ်ရံ မိဘများ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် စန့်ကွက်နေသည့်ကြားမှ ကိုယ်ပိုင်သီးသန့် အခန်းငှားနေချင် နေကြမည်၊ နေရင်း ပြီး ဘဝရှေးရေးကို လူထောင်ဖို့ စိတ်ကူးယဉ် စီမံကိန်း ဆွဲကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဇာလီက ကိုယ့်အခန်းနှင့်ကိုယ် သီးသန့် နေ စောမည် ဆိုသောအခါ မိခင်ဖြစ်သူ အိန်ဂျလာက မျက်ရည်လည်ရွဲဖြင့် ဝမ်းနည်းစကားခဲ့၏။

'သမီး ဘယ်လို မိန်းကလေးမျိုးဆိုတာ မေမေတို့ သိတယ်သမီး၊ သမီးဖေဖေတော မေမေပါ တစ်မိနစ်မှ ဖျောင့်ဖျောင့်အိပ်လို့ ရမှာမဟုတ်ဘူး၊ သမီးအတွက် စိတ်ပူနေကြမှာ၊ သမီး ခုလို ပြောင်းရွှေ့သွားလို့ မေမေတို့ စိတ်မချမ်းမသာ ဖြစ်တာကြောင့် တစ်ခုတည်း မဟုတ်ဘူး၊ သမီးလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက် တည်း အခန်းငှားနေတာ မတင့်တယ်ဘူးလေ၊ သမီးက တစ်ယောက်တည်း နေရလောက်အောင် ငယ်လွန်းသေး တယ်လေ'

'သမီးမရှိရင် မေမေတို့လဲ ဟာတာတာကြီး ဖြစ်နေ မှာ၊ နေစက်ပြီး သမီးလဲ ပင်ပန်းမယ်၊ စတိုးဆိုင်မှာ တစ်နေ့လုံး အလုပ်လုပ်၊ ပြန်လာတော့ ကိုယ့်အခန်းကိုယ် ပြုပြင်ရ၊ ကိုယ့်ထမင်းကိုယ် ချက်ရနဲ့ မလွယ်လှဘူး၊ ဒါပေမယ့် ဒီဘဝမျိုးနဲ့ သမီး နေချင်တယ်ဆိုတာ မေမေ တို့ သိပါတယ်၊ သမီးအနေနဲ့ အသိုက်ကို စွန့်ခွာရမယ့် အချိန်တန်ပြီလို့ပဲ ယူဆရမှာပေါ့၊ ဒါပေမယ့် ဒီစကား တွေ ပြောနေရတာ သမီးကို မေမေတို့ယုံကြည် စိတ်ချမှု မရှိလို့ မဟုတ်ဘူးနော်'

'မေမေနဲ့ဖေဖေ သမီးအတွက် စိုးရိမ်မနေပါနဲ့ မေမေ၊ သမီး အဆင်ပြေသွားမှာပါ၊ အမယ်လေး...မေမေရယ်၊



သမီး တရုတ်ပြည်မှာ သွားနေတာမှ မဟုတ်ပါဘူး၊ သမီး နေမှာ ဗဟိုပန်းခြံနားလေးတင်ပါ၊ ထမင်းလာစားမယ်ဆိုရင် မေမေတို့ဆီမှာ တစ်ပတ်ကို ငါးရက်လောက် လာပြီး ညစာစားလို့ ရတယ် မေနမရဲ့၊ နေစက်ပြီး ခုလို နေ့ဖြစ် သွားတဲ့ အဓိက အကြောင်းရင်းကိုလဲ မေမေသိသားနဲ့၊ အဲဒီနေရာကဆို စတိုးဆိုင်နဲ့ သွားရေးလာရေး လွယ်ကူ တယ်လေ၊ ခု သမီးက ရာထူးတစ်ဆင့် တိုးနေပြီဆိုတော့ အချိန်ပြည့် အလုပ်လုပ်ရတော့မှာ၊ တစ်ပတ်ကို ခြောက် ရက်လုံးလုံး အလုပ်ဆင်းချင် ဆင်းရမှာ မေနမရဲ့'

ဘက်ဇာလီ သူ့မေမေကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ ၏။ သည့်တော့ သူ့ဖေဖေ ဟယ်ရီသီဆန်က...

'အမေကြီးရယ်၊ အစိုးရိမ်ကဲလွန်းတဲ့ အသွားကြီးလို နေရာတကာ ကာဆီးကာဆီး လုပ်မနေစမ်းပါနဲ့၊ အမယ် လေး...အိန်ဂျလာ၊ မင့်သမီးက အရွယ်ရောက်နေပါပြီကွ၊ ကိုယ်တို့ အပေါင်းအသင်း မိတ်ဆွေတွေရဲ့ သားသမီးတွေ ထဲမှာ သမီး အသက် အရွယ်လောက်နဲ့ လက်ထောက် အဝယ်တော် ရာထူးမျိုး ရထားတာ ဘယ်သူ ရှိလို့လဲ၊ ကိုယ်ကတော့ သမီးအတွက် အရမ်း ဂုဏ်ယူတယ်ဟေ့၊ ကိုယ့်သမီးဟာ တစ်နေ့မှာ ထိပ်တန်း အရာရှိကြီးတစ်ဦး ဖြစ်မှာကွ၊ မင်း သူ့ကို ကြက်သားအုပ်မကြီးလိုအမြဲတမ်း ကိုယ့်အတောင်အောက်မှာပဲ ထားချင်လို့ ဘယ်ဖြစ်ပါ့ မလဲ'

www.burmeseclassic.com



ဘက်ဗာလီဘ ဖခင်ကို ကျေးဇူးတင်စွာ လှမ်းကြည့်၏။ ဖေဖေက သူ့ကို ကောလိပ် ဆက်တက်စေချင်သည်။ သို့သော် သူက ကောလိပ်သို့မသွားရအောင် တောင်းပန်ခဲ့သည်။ ကျောင်းဆက်တက်မည့်အစား အထည်ဆိုင်တစ်ဆိုင်တွင် အရောင်းစာရေးမ အလုပ်ကို ဝင်လုပ်သည်။ သူ အလုပ် လုပ်သည့် အရောင်းဆိုင်မှာ အကောင်းစား အဝတ်အထည်များရောင်းသည့် ဝယ်လ်ဘီစတိုး၊ ပဉ္စမ ရိပ်သာ လမ်းမကြီးပေါ်မှာ ရှိသည်။ ဝယ်လ်ဘီစတိုးသည် နယူးယောက်တွင် တန်ဖိုးကြီး ထိပ်တန်း ပစ္စည်းများကိုသာ ရောင်းသည့်ဆိုင်။

ဘက်ဗာလီသည် အသက် ဆယ့်ရှစ်နှစ်ပဲ ရှိသေးသည်။ သို့သော် စိတ်ကူးယဉ်ဖို့အကောင်းဆုံး ထိုအရွယ်မှာပင် သူက မိန်းမသားများ၏ အဖြည့်ခံ ဘဝ အကြောင်း စဉ်းစား ဆင်ခြင်ခဲ့သည်။ သူတို့၏ အဖြည့်ခံဘဝ ဘယ် လောက် ခိုင်မာမှု ရှိမရှိကို မေးခွန်းထုတ်ခဲ့၏။

ထို အကြောင်းနှင့် ပတ်သက်၍ သူ့ သူ့ အချစ်ဆုံး သူငယ်ချင်း ရှယ်ဒဲလ်နှင့် အကြီးအကျယ် ငြင်းခုန်ခဲ့ရ သည်။ အထူးသဖြင့် ကောင်လေးက ကောင်မလေးကို တွေ့၊ ကောင်လေးက ကောင်မလေးကို လက်လွှတ်လိုက် ရ၊ နောက်ဆုံး ကောင်လေးက ကောင်မလေးကို ပြန်ရ ဟူသော ရုပ်ရှင် ဇာတ်လမ်းတွေထဲမှ ရုပ်ရှင်တစ်ကားကို ကြည့်ပြီးချိန်မှာပေါ့။ သူတို့ ပေါင်းကြ လေသတည်းဟု ကြိုတင်တွက်ဆလို့ရသည့် ဇာတ်သိမ်းခန်းကို ရှယ် ကျေ



နပ်အားရနေသလို ဘက်ဗာလီက အားရ ကျေနပ်ခြင်း မဖြစ်နိုင်။

'ဇာတ်လမ်းက ကြောင်ပါတယ်ဟာ၊ မင်းသမီး ရော့ဇ်က မင်းသား တယ်ရီနဲ့ လက်ထပ်ပြီးတဲ့နောက်ပိုင်း ဘာဖြစ်လို့ သူ့ အလုပ်ကုန် လုပ်ငန်းကို ဆက်မလုပ်နိုင်ရ မှာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေရဲ့ အတ္တမာန ကို ထိခိုက်မှာ စိုးလို့ပေါ့ကွယ်၊ ယောကျ်ားဆိုတာမျိုးက အိမ်ထောင်တစ်ခုကို သူတို့ ဦးဆောင်ရှာဖွေ ကျွေးချင် ကြတာ မဟုတ်လား'

'အဲဒီစည်းကမ်းကို ဘယ်သူက သတ်မှတ် ခဲ့တာလဲ၊ ဒုက္ခပါပဲ ရှယ်ရယ်၊ အိမ်ထောင်စု တစ်ခုမှာ အတ္တမာန တစ်ခုပဲ ထားရမယ်လို့ကော ဘယ်သူက ဆုံးဖြတ်ခဲ့တာ လဲ၊ စပ်စော ထရေစီသား'

ရှယ်သီ သက်ပြင်းချသည်။

'ဘယ်သူကမှတော့ စည်းကမ်းဥပဒေတွေ ထုတ်ခဲ့တာ မတွေ့ဘူးပေါ့၊ အစဉ်အလာက ဒီအတိုင်း ဖြစ်လာခဲ့ တာပဲလေ၊ အမှန်အတိုင်းပြောရရင် ငါဟာ နင့်ရဲ့အချစ် ဆုံး သူငယ်ချင်းပါ ဘက်ဗာလီ၊ ဒါပေမယ့် နင့်ကို ငါ နားမလည်ဘူး၊ နင် အိမ်ထောင်ရက်သားကျပြီး ကလေး တွေ သမီးတွေ မလိုချင်ဘူးလားဟင်'

'ဟာ... သိပ် လိုချင်တာပေါ့၊ ဒါပေမယ့် ဘာကိုမှ နှစ်မျိုးစလုံး ပြိုင်တူလုပ်လို့ မဖြစ်ရဘူးလို့ဆိုတာ ငါ

www.burmeseclassic.com



စဉ်းစားမရဘူး၊ အလုပ်လွဲလုပ်မယ်၊ အိမ်ထောင်တစ်ခုလဲ ထူထောင်မယ်လေ၊ တခြားမိန်းမတွေလဲ ဒီလိုပဲ လုပ်နေကြတာပဲဟာ’

‘ဘယ်သူတွေလဲ၊ အယ်လီနာ ရှစ်မွဲ့ လား’

သူ့ စကားကြောင့် ဘက်ဗာလီ ရယ်မောမိ၏။ ထို့နောက် ဘက်ဗာလီ အလေးအနက် ဖြစ်လာပြန်သည်။

‘မဟုတ်ဘူး၊ တကယ်ပါ၊ နင် ဉာဏ်အမြော်အမြင်ရှိတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ရင် ငါ ပြောသလိုမျိုး မဖြစ်နိုင်စရာ အကြောင်းတို မရှိဘူး၊ ငါကတော့ အတတ်ပညာတစ်ခုနဲ့ အသက်မွေး ဝမ်းကြောင်းချင်တယ်ရှင်၊ ခုလုပ်နေတဲ့ အရောင်းစာရေးအလုပ်ဟာ ငါ့ရဲ့ ပထမခြေလှမ်းပဲ ဖြစ်ရမယ်။ ဝယ်လ်ဆီမှာ ငါဟာအဝယ်တော် ဖြစ်လာစေရမယ်၊ တစ်နေ့မှာ ကုန်ပစ္စည်း မန်နေဂျာကို ဖြစ်လာချင် ဖြစ်လာမယ်၊ ဆီလ်ဗီယာ ရှလက်ဇင်ဂျာလို ပေါ့ဟယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို နမူနာယူလို့ ရတယ်လေ၊ သူ့မှာ ပွဲတိုးနိုင်တဲ့ ခင်ပွန်းသည်လဲ ရှိတယ်၊ လူတွေ မော်ကြည့်ရမယ့် အလုပ်တစ်ခုလဲ ရှိတယ်’

‘မှန်ပါ့ရှင်၊ ဒါပေမယ့် နင်ပဲ ပြောတယ် မဟုတ်လား၊ သူ့ခမျာ သုံးကြိမ် သုံးခါတိတိ အပြောင်းအလဲ လုပ်ခဲ့ရတယ်ဆို၊ ခု ရထားတဲ့ ပွဲတိုး ခင်ပွန်းသည်နဲ့ မတွေ့မီ နှစ်ကြိမ်တိတိ အိမ်ထောင် ပျက်ခဲ့ရတယ် မဟုတ်လား။ ငါတော့ အဲဒီလို မဖြစ်ချင်ဘူး ကျေးဇူး တင်ပါတယ်။ နင် မျှော်မှန်းတဲ့ စီးပွားရေး တောနက်ကြီးထဲမှာ ကျင်



လည်ရမယ့်အစား ငါတော့ စပျစ်နွယ်တွေ နွယ်တက်နေတဲ့ တဲကုတ်စာလေး တစ်လုံးနဲ့ပဲ ရောင့်ရဲ တင်းတိမ် ချင်တယ်’

‘ဘက်ဗာလီ၊ နင်က သဘာဝရဲ့ ဥပဒေသတွေကို ဆန့်ကျင်တော်လှန်ဖို့ ကြိုးစားနေတာကိုး။ ယောကျာ်းတွေက အလုပ် လုပ်တယ်၊ သူတို့မိသားစုတွေကို ရှာဖွေကျွေးမွေးတယ်။ မိန်းမ တွေကတော့ မယားကောင်း ဖြစ်မယ်၊ မိခင်ကောင်း ဖြစ်မယ်ဆိုရင် ဘဝရဲ့ အရသာကို ကောင်းကောင်း ခံစားလို့ရပါပြီဟယ်’

‘ငါတို့ဟာ သူတို့နဲ့ တန်းတူရည်တူ မဖြစ်သင့်ဘူးလား’ ငါ့မှာ ဉာဏ်ရည် ဉာဏ်သွေးလဲ ရှိတယ်၊ ရည်မှန်းချက်လဲ ရှိတယ်ဆိုရင် မိန်းမသားဆိုတာ ပါရမီ ဖြည့်ဘက်ဆိုတဲ့ အယူအဆကို မစွန့်လွှတ်သင့်ဘူးလား

‘နင်ဟာ တော်တော် ခေါင်းမာတဲ့ ကောင်မပဲ ဘက်ဗာလီ၊ ငါတို့နဲ့အတူ ကောလိပ် ဆက်တက်မပါတဲ့ ဆိုတာကို ငြင်းဆန်ခဲ့သလိုမျိုးပေါ့’

‘အဲဒါက အချိန်တွေ အလဟဿ ဖြစ်တယ်လေ။ အဲဒီ အချိန်အတွင်းမှာ ငါ အသက်မွေးဝမ်းကြောင်း ပညာရပ်ကို ဆည်းပူးနေတယ်၊ အဲဒီ အတွက်လဲ လခရနေတယ်။ နင့်တို့က ကောလိပ်မိန်းကလေး အဆောင်က ကျွေးတဲ့ အစားအသောက်တွေ စားပြီး ဝတုတ်ဖြိုးကြီးတွေ ဖြစ်ပြီး လင်တစ်ယောက် ရှာဖွေနေချိန်မှာ ငါက ငါ့ကိုယ်ပိုင် နာမည် တစ်လုံး ရအောင် လုပ်နေတာ သူငယ်ချင်းအား

www.burmeseclassic.com



အဲဒီလို နာမည်တစ်လုံး ရတာနဲ့ ငါကိုယ်ပိုင် အခန်းနဲ့ ငါနေတော့မှာ။ ဒါပေမယ့် ဒီအကြောင်း လူကြီးတွေကို သွားမပြောပါနဲ့၊ သူတို့မှာ ဒီလို စိတ်ကူး စိတ်သန်းမျိုး ရှိသာမတတ်ဘူး’

ဘက်ဗာလီက မျက်နှာပျက်နေသော သူ့သူငယ်ချင်းကို ပြုံးပြလိုက်သည်။

‘အဲဒီလောက်ကြီးလဲ စိုးရိမ်ပူပန် မနေစမ်းပါနဲ့ဟယ်’ ဆောတော့မှာပဲ၊ ငါဟာမေမေပြောသလို ‘အဆင့်တစ်ဆင့်ကို ကျော်ဖြတ်’ နေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။ နောက်ဆုံး ကျတော့ နင်တို့တွေလိုပဲ ဇာတ်လမ်းနိဂုံး ချုပ်ချင်ချုပ်သွားမှာပေါ့။ ပျော်ရွှင်ချမ်းမြေ့တဲ့ ဆင်ခြေဖုံး ရပ်ကွက်က အိမ်ရှင်မ တစ်ယောက် အဖြစ်မျိုးနဲ့လေ။ ဒါပေမယ့် ရှယ်.... ငါ့ရင်ထဲမှာ တစ်စုံတစ်ခု ရှိနေတယ်။ အဲဒီဆန္ဒကို မပြည့်ဝမချင်း ငါဘယ်တော့မှ နားနေမှာ မဟုတ်ဘူး ငါ့စိတ်ကူးဟာ မဖွယ်မရာ ဖြစ်ချင်ဖြစ်နေမယ် ဒါပေမယ့် ငါ့စိတ်ကိုက ဒီလိုဖြစ်နေတာကိုး’

‘နင်က ထူးခြားတဲ့ မိန်းကလေး တစ်ယောက်ပါ ဘက်ဗာလီ၊ နင်က ငါတို့အားလုံးထက် အမြဲတမ်းပိုပြီး လွတ်လွတ် လပ်လပ် နေတတ် တွေးတတ်တဲ့ သူပါ။ ဒါပေမယ့် ဒါလဲ အဲ...အဆင့်တစ်ဆင့်ပဲ ဖြစ်ပါစေလို့ ငါ ဆုတောင်းပါတယ်၊ ငါ တစ်ယောက်ချင်း အနေနဲ့ ပြောရရင် နင်ဘာဖြစ်လို့များ အဲဒီလို စတိုးဆိုင်မှာ အဆောင်ပြီး အလုပ်လုပ် ချင်ရသလဲဟယ်၊ အေးလေ၊



ဒါက နင့်ကိစ္စပါ၊ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့ နင် အသယ် ချစ်တဲ့ ယောက်ျား တစ်ယောက်ကို တွေ့လာတဲ့အခါ နင့်စိတ်ကူးတွေ အားလုံး ပြောင်းချင် ပြောင်းသွားမှာပေါ့’

ဘက်ဗာလီ ရယ်မောလိုက်၏။

‘နင်နဲ့ ငါ့အမေနဲ့အတူတူပဲ၊ မေမေကဆို ငါ့ကို လုံးဝ အိမ်ထောင်မပြုပဲ နေတာထက်စာရင် စိတ်မချမ်းမသာနဲ့ အိမ်ထောင်ကျ နေတာကို ပိုပြီးလိုလား တာဟဲ့၊ ငါ ဝယ်လ်ဘီစတိုးမှာ ဥက္ကဋ္ဌရာထူး ရနေဦး၊ ‘မစ္စသီဆန်’ ဘဝနဲ့ပဲ ရှိနေမယ်ဆိုရင်တော့ မေမေ့အမြင်မှာ အောင်မြင်မှု ရတဲ့ မိန်းကလေး တစ်ယောက်လို့ သတ်မှတ်မှာဟဲ့’

‘ဖေဖေကတော့ မေမေနဲ့ မတူဘူး၊ အဲဒီအတွက် ငါမှာ အစ့်အားအဆင့်ရတယ်၊ ငါ့ပြဿနာရေးကို ဆုံးခန်းတိုင် အောင် ဆက်မလိုက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေက အကြီးအကျယ် အပြစ်ပြောခဲ့တာ၊ ဒါပေမယ့် ငါ လင်ယူ သားမွေး ကိစ္စကို ပြောမယ့်အစား အသက်မွေး ဝမ်း ကြောင်း ပညာရပ်အကြောင်း ပြောနေသ ကြွေးတော့ အဖေ ကြည်နူးကျေနပ်နေပုံရတယ်၊ ငါ ထင်တယ်ဟဲ့ အဖေအမေ တွေဟာ သူတို့ရဲ့ သမီးပျိုလေးတွေကို အရ ...ကစ လူငယ်လေးတွေ လက်ထဲ ဝကွက် အပ်ရမှာ ...ကို သဘောမတွေ့လှဘူး။ ဖေဖေက ငါ့ကို ...သက် ...အပျိုစင်ဘဝနဲ့ပဲ အရှိုး ထုတ်စေချင်တယ် ထင်ပါရဲ့’

www.burmeseclassic.com



နေ့စက် သုံးနှစ်အကြာ၊ ဆာလေးအမေ ဖြစ်နေပြီ ဖြစ်သော ရှာသီဝဲလ်ဘယ်လီယာဆန်နှင့် သူ့ယောကျ်ားသည် သူ့သူငယ်ချင်း၏ မင်္ဂလာပွဲတွင် သတို့သမီး အရန်၊ သတို့သားအရန် အဖြစ် ဆောင်ရွက်ရင်း၊ တစ်ချိန်က ဘက်ဗာလီ ပြောခဲ့သည့် အလေးအနက် စကားများကို ပြန်လည် ကြားယောင်နေမိ၏၊ မိမိတို့၏ ဘဝ နေထိုင်ရေးများကို ဘက်ဗာလီက တိကျမှန်ကန်စွာ ဟောကိန်း ထုတ်နိုင်ခဲ့သည်ပဲ။

ရှာသီသည် ဆယ့်ကိုးနှစ် သမီးအရွယ်တွင် ကောလိပ်မှ ထွက်ပြီး အိမ်ထောင် ပြုခဲ့သည်၊ ဘက်ဗာလီကတော့ ဝယ်လ်ဘီစတိုးတွင် လက်ထောက် အဝယ်တော် ဖြစ်ခဲ့သည်၊ ထို့မှတဆင့် ဗွဲဘက်အဝယ်တော်ရာထူးသို့ တစ်ဆင့် တက်ခဲ့သည်၊ ခုဆို သူ့ကိုယ်ပိုင်အခန်းနှင့် သူနေခဲ့တာ နှစ် နှစ် ရှိပြီ။ သည်နေ့တော့ သူ့အပေါ် စာနာ နားလည်တတ်သော လူတစ်ယောက်နှင့် လက်ထပ်လိုက်ပြီ။

သည်အချိန် သည်ကာလအတွင်း ဘက်ဗာလီလည်း ဒုက္ခသုက္ခမျိုးစုံနှင့် ကြုံတွေ့ ရင်ဆိုင်ခဲ့ရမည် မှလွဲပဲ အိန်ဂျလာသီဆန်လိုပင် ရှာသီလည်း ထင်မြင် ယူဆထား၏၊ သို့သော် [illegible] သူ သံသယများကို သံသယအဆင့်မှာပဲထားခဲ့၏၊ ဘာကြောင့်ဆို ဘက်ဗာလီဆိုသည့် မိန်းကလေးက ကိုယ့်ကိုယ်ကိုယ်ပဲ တိုင်ပင်ပန်းနှောတတ်သူ၊ ကိုယ့်လမ်း ကိုယ်ထွင် လျှောက်တတ်သူ၊ အတိဒုက္ခ ရောက်နေချိန်မျိုးမှာပင် တစ်ပါးသူ၏ အကူအညီကို တောင်းခံခြင်း မပြု



တတ်သူ၊ လွန်ခဲ့သည့် သုံးနှစ်တာ ကာလအတွင်း ဘက်ဗာလီသည် ကူညီဖေးမမည့်သူများ အားပေး နှစ်သိမ့်သူများ အသည်းအသန် လိုအပ်ခဲ့မည်မှာ မလွဲကေန်ဖြစ်၏၊ တကယ်တော့ သူတို့နှစ်ယောက် ကူးကူးလူးလူး ရင်းရင်းနှီးနှီးနေခဲ့ကြလျှင် ကောင်းသားဟု ရှာသီ စဉ်းစားမိ၏။

ယခုပင်လျှင် သူ့ သူငယ်ချင်းသည် အက်ဒ်ရစ်ချမန်ကို ချစ်မြတ်နိုး၍ လက်ထပ်ခဲ့သလို ပျော်နေသည့်တိုင် ရှာသီ စိတ်ထဲ မအီမလည်ကြီး ဖြစ်နေသည်၊ ဘက်ဗာလီသည် ပတ်ဝန်းကျင် အသိုက်အဝန်း၏ မျှော်လင့်ချက်အရ အချိန်ရွ အိမ်ထောင်ပြုလိုက်သလို ဖြစ်နေသည်၊ တစ်စုံတစ်ရာတော့ လစ်ဟာနေသည်၊ ဘာရယ်လို့တော့ မသိ၊ သတို့သမီးကိုကြည့်ရတာ တစ်စုံတစ်ရာကို စိတ်ပျက်လက်လျှော့နေပုံမျိုး၊ မိမိလက်ထပ်စဉ်တုန်းကဆို မိမိဘဝ အလုံးစုံကို ဂျော့ဖရီအယ်လီယာဆန် ထံတွင် ပုံအပ်ခဲ့မည့် အခါရေးတွေးပြီး မျှော်ရှင်မြူးကြွလိုက်သည့်ဖြစ်ချင်း၊ မိမိ၏ အိမ်ထောင်သက် သုံးနှစ်တာကာလအတွင်း ဂျော့ဖရီနှင့် လက်ဆက်ခဲ့သည့်အတွက် တစ်ကြိမ် တစ်ခါမျှ နောင်တ ရခဲ့ခြင်းမရှိ၊ ယခု ချစ်သူငယ်ချင်း ဘက်ဗာလီလည်း မိမိလိုပင် ဆန္ဒပြည့်ဝသည့် အနေအထားမျိုး ရပါစေဟု ဆုတောင်းမိသည်။

ခုဆို ဘက်ဗာလီမှာ အလုပ်အကိုင်လည်း ရှိသည်၊ သည်အလုပ်အကိုင်ကို စွန့်ပစ်ဖို့ စိတ်ကူးလိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ထောင်မောင်းခန့်ချောသော လင်ယောကျ်ားကိုလည်း ရပြီ၊ သည် လင်ယောကျ်ားက ဘက်ဗာလီ၏ လုပ်ငန်း အောင်မြင်မှုကို ရင်ထဲမှလှိုက်လှိုက်လှဲလှဲ ဂုဏ်ယူတတ်သူ။

ဘုရားရှိခိုး ကျောင်းကလေးထဲတွင် ဘက်ဗာလီအား ချစ်ခင်မြတ်နိုးသော အခြားသူများလည်း ရှိနေ၏၊ ထို အထဲတွင် ဘက်ဗာလီ၏ အထက် လူကြီးဖြစ်သူ ဆီလ်ဗီယာရှလက်ဇင်ဂျာလည်း ပါသည်၊ ဆီလ်ဗီယာက အေးအေးချမ်းချမ်း နေတတ်သော ချစ်လင် ဟာမန်နှင့်အတူ ထိုင်နေသည်။ ဆီလ်ဗီယာက ဘက်ဗာလီကို လူတစ်ယောက် အနေဖြင့်လည်းနှစ်သက်သည်၊ သူ့ အရည်အချင်းများကိုလည်း လေးစားသည်၊ လက်လီ အရောင်းလောကတွင် ဘက်ဗာလီ နေ့ချင်းညချင်း တရိပ်ရိပ် တိုးတက်လာသည်မှာ ဆီလ်ဗီယာ၏ ကြည့်ရှု စောင်မမှု အများကြီး ပါသည်၊ သို့သော် ဘက်ဗာလီကို လေ့လာကြည့်တော့ မယားကောင်း တစ်ယောက် အဖြစ်တော့ ထိပ်တန်း အရာရှိ တစ်ဦးအဖြစ်ပါ အောင်မြင်ချင်သည့်ဆန္ဒ အရိပ်အယောင်များ တွေ့နေရသည်။

ထိုသို့သော အရည်အသွေးမျိုးကို သည်ခေတ် မိန်းမ အများစုထဲတွင် မတွေ့ရ၊ မိမိကိုယ်တိုင်သည်ပင် အိမ်ထောင်နှစ်ဆက်တိတိ ပျက်ပြီးမှ သည်ဘဝမျိုး ရခဲ့သည် မဟုတ်လား၊ သည်လို ထိပ်တန်း အရာရှိဘဝနှင့် ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်ရှင်ဘဝကို မရမှီကာလများ အတွင်းမှာတော့ စိတ်ပင်ပန်း ဆင်းရဲမှုပေါင်း များစွာနှင့် ရင်ဆိုင်ခဲ့ရသည်ပဲ။

ပြင်ပလောက၏ အမြင်မှာတော့ ဟာမန်သည် 'ထော် နားခိုစားသူ' ဖြစ်နေ၏၊ သည်လို စွဲချက်မျိုးကို ဆီလ်ဗီယာ မခံနိုင်၊ အိမ်ထောင်တစ်ခုတွင် ယောကျ်ားသာ အရာ၊ လင်ယောကျ်ားဖြစ်သူက မိန်းမဖြစ်သူထက် ပိုတော်ရမည်၊ ပိုကြံ့ခိုင်ရမည်၊ ပိုချမ်းသာရမည် ဟူသော အယူအဆကို ဆီလ်ဗီယာ အနှစ်နှစ်ဆယ်လုံးလုံး ဆန့်ကျင်တိုက်ခိုက်ခဲ့၏၊ အိမ်ထောင် တစ်ခုတွင် မိန်းမဖြစ်သူက ဦးဆောင် စီးပွားရှာရသည်မှာ ရှက်ဖွယ်လိလိ ဖြစ်သည် ဟူသော အမြင်ကို ဆီလ်ဗီယာ တော်လှန်ခဲ့၏၊ ခုတော့ ဆီလ်ဗီယာ အသက် သုံးဆယ့်ငါးနှစ်ရှိပြီ၊ သူတို့တစ်တွေ၏ အတွေးအမြင်ကိုလည်း ဂရုမစိုက်တော့၊ သူတို့ ဘာထင်ထင် မမှုတော့၊ မိမိသည် ဟာမန်နှင့် ပေါင်းသင်းနေထိုင်ရတာ ပျော်သည်၊ ဟာမန်ကလည်း ထို့အတူ၊ သို့သော် သည်လို နားလည်မှုမျိုး ရနိုင်ဖို့ဆိုတာ အတွေ့အကြုံ ရှိထားမှ ဖြစ်နိုင်သည်။

ယခု သတို့သားဖြစ်နေသူ အက်ဒ်ရစ်ချမ်နင်သည်လည်း ဟာမန်လို လူမျိုးပါပဲ၊ မနာလိုစိတ်ကင်းသော၊ စိတ်ကြီးမဝင်တတ်သော ယောကျ်ားအမိုက် ဝါဒကို စွဲကိုင်မထားသော ယောကျ်ား တစ်ယောက်ပါ၊ သူသည် ဘက်ဗာလီအတွက် လင်ကောင်း တစ်ယောက် ဖြစ်မှာ မလွဲ၊ ဆီလ်ဗီယာ စိုးရိမ်ပူပန်သည်မှာ ဘက်ဗာလီ၊

www.burmeseclassic.com

www.burmeseclassic.com



သည်သူငယ်မ ပတ်ဝန်းကျင်ဒဏ်ကို ကြံ့ကြံ့ ရင်ဆိုင်နိုင်လောက်အောင် ရင့်ကျက်ပါ့မလား။ လက်ခံဖွဲ့ ကျပါ့မလား။ အက်ဒ်၏ ထောက်ထားညှာတာတတ်မှုကို အသိအမှတ်ပြုပြီး အက်ဒ်သည် လူညံ့တစ်ယောက် ဟူသော ပတ်ဝန်းကျင်၏ ဝေဖန်ချက်မျိုးကို နားမခံယောင်ဘဲနေနိုင်ပါ့မလား။

သတို့သားဘက်မှ ရှေ့မျက်နှာစာတန်းတွင် ထိုင်နေသူများထဲမှ တစ်ဦးမှာ မာရီယံရက်မန်း။ သူက သည်စုံတွဲ ဘယ်လောက်ကြာရှည် လက်တွဲနိုင်မလဲဟု တွက်ဆနေသည်။ မာရီယံက သူ့မောင်ကို ချစ်သည်။ ဘက်ဗာလီကိုလည်း ချစ်သည်။ သို့သော် သူတို့နှစ်ယောက် လက်မထပ်စေချင်။ အကြောင်းတိုက်ဆိုင်ချင်တော့ ဒုတိယကမ္ဘာစစ်အတွင်း စစ်မှုထမ်းခဲ့သော အက်ဒ်သည် စစ်တပ်မှထွက်ပြီးခါစ မာရီယံ၏ အထည်ဆိုင်သို့ ရောက်လာသည်။ သူ့အစ်မကို ညစာကျွေးဖို့ လာခေါ်ခြင်းဖြစ်၏။ အက်ဒ်ရောက်ချိန်တွင် ဘက်ဗာလီလည်း ရှိနေသဖြင့် မိတ်ဆက်ပေးခဲ့သည်။ ညစာ အတူ လိုက်စားဖို့ ဖိတ်ခေါ်ခဲ့သည်။

ထိုညက စခဲ့သော အချစ်ဇာတ်လမ်းမှာ ခုတော့ လက်ထပ်မင်္ဂလာပွဲ ကျင်းပသည့် အဆင့်ရောက်နေပြီ။ ကိုယ်စွမ်း ကိုယ်စ ရှိသော၊ ချောမောလှပသော ကောင်မလေးကို ရသဖြင့် အက်ဒ်သည် မြှောက်ကြွမြှောက်ကြွဖြင့် ပျော်မဆုံး ဖြစ်နေသည်။ ဘက်ဗာလီကလည်း အက်ဒ်အား မြတ်နိုးစွာ ပန်းနေသည်မှာ သိသာ



လှ၏။ သို့သော် သူတို့နှစ်ယောက် အိမ်ထောင်ဘက်အဖြစ် မရွှေးဆင့်ကြောင်း မာရီယံ သိနေသည်။ သူတို့နှစ်ယောက် ပေါင်းဖက်နေမည်ဆိုတော့ အမှန်၊ အကြောင်းကြောင့်ဆို အက်ဒ်က ချစ်တတ်သူ တစ်ဦး။ ဘက်ဗာလီကတော့ သစ္စာကြီးသူ တစ်ဦး။ သို့ပေမယ့် သူတို့နှစ်ယောက် အသွင်မတူကြပုံဒါကို မာရီယံ သိနေသည်။ သည်တော့ သူတို့ အိမ်ထောင်ရေး ခိုင်မြဲပါ့မလားဟု မာရီယံ သံသယဖြစ်မိ၏။

မာရီယံလိုပင် စိတ်ပူနေသူတစ်ဦးမှာ သတို့သား၏ မိခင်ဖြစ်သူ ဂျိန်းရက်ချ်မန်း။

အသက် လေးဆယ့်ငါးနှစ် အရွယ်တွင် မုဆိုးမဘဝကို ခံယူလိုက်ရသော ဂျိန်းသည် အထည်ဆိုင် တစ်ဆိုင်တွင် အလုပ်ဝင်ပြီး ဆယ့်ခြောက်နှစ်သား အက်ဒ်ကို ကျွေးမွေး ဆက်ထားခဲ့၏။ ထိုစဉ်က အသက် နှစ်ဆယ့်ငါးနှစ် ရှိပြီဖြစ်သော မာရီယံမှာ တစ်ခုလပ် တစ်လင်ကွာ ဖြစ်သော်လည်း အထည်ဆိုင်လေး တစ်ဆိုင်ဖြင့် အလုပ် ဖြစ်နေသည်။ အက်ဒ်ကား ငယ်ဘဝကတည်းက ခပ်ပျော်ပျော် နေပေါ့ပေါ့ နေတတ်သူတစ်ဦး၊ လိုချင်ရမက် နည်းပါးသူတစ်ဦး၊ အက်ဒ် အမျိုးမျိုး ကန့်ကွက်သည့်ကြားမှ ဂျိန်းက သူ့သားကို ကောလိပ်သို့ ဆက်ပို့ခဲ့သည်။ စစ်အတွင်း ကာလတစ်လျှောက်လုံး ဂျိန်းမှာ အက်ဒ်အတွက် စိုးရိမ်ပူပန်ခဲ့ရသည်။ ခုတော့ အက်ဒ် ဘေးမသီ ရန်မခ အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ၊ ချောမော လှပသော ကောင်မလေးနှင့်ပင် လက်ထပ်နေပြီ၊

အက်ဒ်က ဉာဏ်ကောင်းပါသည်၊ သို့သော် ကိုယ်စွမ်းကိုယ်စကို ထုတ်တတ်သူ မဟုတ်၊ သည့်တော့ ကြီးကြီးကျယ်ကျယ် အောင်မြင်မှုမျိုးကို ရနိုင်သူမဟုတ်၊ ဒါကို ဂျိန်းရင်ထဲမှ သိနေသည်၊ သို့ပေမယ့် တစ်ချိန်ချိန်တွင် 'သူ့ကိုယ်သူ သိလာလိမ့်မည်' ဟု ဂျိန်း ယုံကြည်ထားသည်၊ ယခု ဘက်ဗာလီထံတွင် မြင်တွေ့နေရသော အင်အားများသည် သားတော်မောင် အက်ဒ် အတွက် လိုအပ်နေသော ဆေးတစ်ဖုံ ဖြစ်လိမ့်မည်ဟုလည်း ဂျိန်း ယူဆထား၏။ မိမိ၏ ယူဆချက် မှန်ကန်လျှင်တော့ အက်ဒ်သည် အောင်မြင်မှု လမ်းမပေါ် ရောက်ပြီး ဘဝတက်လမ်းကို ရှာဖွေနိုင်သူ တစ်ဦး ဖြစ်လာပေလိမ့်မည်၊ အက်ဒ်သည် လူညံ့ဟူသော အမြင်မျိုးကိုတော့ ဂျိန်း စိုးစဉ်းမျှ မမြင်၊ မတွေး၊ အက်ဒ်သည် အောင်မြင်ကျော်ကြားမှုနှင့် ငွေဥစ္စာကို သိပ်မက်မက် မောမော မရှိလှခြင်းသာ ဖြစ်၏၊ ဘာပဲဖြစ်ဖြစ် ယခု သူ့မှာ အိမ်ထောင် တာဝန်တွေ ပိလာပြီဆိုတော့ သူ ပြောင်းလဲလာပါလိမ့်မည်၊ သူ့ကို ဘယ်လောက် တွန်းအားပေးရမည်၊ ဘယ်အဆင့်အထိ တွန်းအားပေးရမည် ဆိုတာကို ဘက်ဗာလီ နားလည် သဘောပေါက်မှာပါ၊

အက်ဒ် ဝပ်ရစ် ချမန် လို လူမျိုးနှင့် ဘက်ဗာလီ လက်ထပ်ဖြစ်အောင် သွယ်ဝိုက်သော နည်းဖြင့် ဖန်တီး



ခဲ့သည့် အမျိုးသား နှစ်ယောက်ကတော့ ဘုရားရှိခိုးကျောင်းထဲတွင် ရှိမနေ၊

တစ်ယောက်က နောက်တစ်နေ့တွင်မှ 'နယူးရောက်တိုင်း' သတင်းစာထဲတွင် မင်္ဂလာသတင်းကို ဖတ်ရသည်၊ နောက်တစ်ယောက်ကတော့ ဘက်ဗာလီ လက်ထပ်သွားသည်ကိုပင် မသိ၊ သူက ညပိုင်းထုတ် 'ဒေးလီး နယူးစ်' သတင်းစာပဲ ဖတ်သည်၊ သည်သတင်းစာက အတင်းအဖျင်း သတင်းနှင့် အားကစား သတင်းတွေ လောက်သာ ဦးစားပေး ဖော်ပြသည်၊ လူမှုရေး သတင်းကို မည်ကား ခေတ္တမျှသာ ထည့်တည်၊

* * *

www.burmeseclassic.com

www.burmeseclassic.com

(၂)

၁၉၄၄ ခုနှစ်၊ နွေဦးအစလကာဖား ဘယ်ဗာလီ၏ တစ်သက်တွင် အပျော်ရွှင်ဆုံး ကာလများ ဖြစ်ပေသည်။

ထိုနှစ် မတ်လတွင် ကာလများစွာကပင် မျှော်လင့်တောင်းတခဲ့သည့် အမြဲတန်းလက်ထောက် အဝယ်တော်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။ မိမိ၏ အလုပ်ကြိုးစားမှုကြောင့် ခုလို ရာထူးတိုးမြှင့်အပေးခံရခြင်း ဖြစ်သလို တစ်ကိုယ်ကောင်းမဆန်သော ဆီလ်ဗီယာ ရှလက်ဇင်ဂျာ၏ ထောက်ခံမှုကြောင့်လည်း ဖြစ်၏။ ရာထူးတိုးသဖြင့် လစာလည်း အသင့်အတင့် တိုးလာသည်။ သို့ကြောင့် ဘက်ဗာလီ ကိုယ်ပိုင်သီးသန့် အခန်းတစ်ခန်း ငှားခနိုင်လာသည်။ သူ့အခန်းမှာ တော်ရုံသင့်ရုံ အခန်းတစ်ခန်း ဖြစ်၏။ အရှေ့ခြမ်း ရပ်ကွက်ရှိ သူ့အိမ်ခန်းလေးတွင် ကျဉ်းကျဉ်း ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင် ကလေးနှင့် ရေချိုးခန်း ပါရှိသည်။ (အိန္ဂလန်နှင့် ဟယ်



သီဆန်တို့က သခေါဘ်တူညီချက် တစ်ခုမဲ့တောင်းဆိုသည်။ ဘက်ဗာလီ အနေဖြင့် ရပ်ကွက် သန့်သန့်တွင် အိမ်ခန်း ငှားရမည်၊ တံခါးမှူး အစောင့်အရှောက်ရှိပြီး ဓာတ်လှေကား မနောင်းသမဖား စန့်သစ်သည့် အိမ်ခန်းမျိုးမှာ နေထိုင်ရမည်ဟု စည်းကမ်းထုတ်သည်။) ဘက်ဗာလီ မိဘနှစ်ပါး ထုတ်ထားသော စည်းချက်နှင့် ကိုက်ညီသော အခန်းတစ်ခန်းကို သိပ်အခက်အခဲမရှိဘဲ ရှာဖွေ တွေ့ရှိခဲ့သည်။ အခန်းငှားခမှာ သုံးစွဲရန် ပေရိဘောဂများ အပါ အဝင် တစ်လ ဒေါ်လာ ကိုးဆယ်စီ ပေးရသည်။

ဘက်ဗာလီက ကိုယ့်အခန်းလေး ကိုယ်မြတ်နိုးသည်။ ငွေကြေးတော့ သိပ်ပိုပိုလျှံလျှံမရှိ။ သို့သော် လိုအပ်သမျှ အသုံးအဆောင် ပစ္စည်းများကို ကိုယ့်ငွေဖြင့် ကိုယ်ဝယ်သည်။ ဖခင်ကပေးသော အထူးအညီကို ငြင်းကောင်း မိခင်က ကမ်းလှမ်းသော အကူအညီကို လည်းတောင်း ငြင်းဆန်ခဲ့သည်။ မိမိအခန်းကို မိမိ၏ ရွေးချယ်မှုဖြင့်ပဲ ပြင်ဆင် ခြယ်သချင်သည်။ သူက ဆတိုက်၏ အနှောင် အဖွဲ့များကို ဖြတ်တောက်ချင်သည်။ သို့ ပြုလုပ်ခြင်းမှာ မိမိ၏ မိသားစုကို ပုန်ကန်ခြားနားဖို့ ကြံစည်ခြင်း မဟုတ်။ မိဘနှစ်ပါးကို ရင်ထဲ အသည်းထဲမှ ချစ်ခင်မြတ်နိုးပါသည်။ သူသည် စီးပွားပျက် ကပ်ကြီး ဆိုက်နေသည့် ကာလတွင် ရှင်သန်ကြီးပြင်းခဲ့ရ၏။ သို့သော် စီးပွားပျက် ကပ် ဆိုက်နေပါလား ဆိုတာပင် မသိခဲ့ရ။ မိဘနှစ်

www.burmeseclassic.com

www.burmeseclassic.com



ပါးက သူတို့တတ်နိုင်သမျှ အတိုင်းအတာအတွင်း ဘက်ဗာလီကို လိုအလေးမရှိ ဖြည့်စွမ်းခဲ့သည်။

သည့်အတွက်လည်း ဘက်ဗာလီကျေးဇူးတင်ပါသည်။ မိဘနှစ်ပါး စိတ်ထိခိုက်စေမည့် အလုပ်မျိုးကိုလည်း ဘယ်သောအခါမျှ ထမင် ပြုလုပ်လိမ့်မည် မဟုတ်။ သို့သော် တကယ်တမ်းကျတော့ သူနှင့် သူ့ မိဘနှစ်ပါး ဘယ်လိုမျှ ဆက်စပ်လို့ ရမည်မဟုတ်ကြောင်း သိနေသည်။ သူသည် ရှယ်ဝဲလ်စ့သော အခြားမိန်းကလေးတွေလို 'မိမိ၏ဖြစ်ကြောင်းရယ်ကုန်စင်' ကို မိဘနှစ်ပါးအား အရင်းအတိုင်း ထုတ်ဟ ဖွင့်အန်လိမ့်မည် မဟုတ်။ ထို့အတူ မိမိ၏အတွေး အမြင်များကိုလည်းဝေမျှ တင်ပြလိမ့်မည်မဟုတ်။ မေမေ နှင့် ဖေဖေသည်သူ့ကို နားမလည်ကြ။ သို့ နားမလည်သည်မှာလည်း မိမိ ကိုယ်တိုင်ကို ကိုယ့်ကိုကိုယ် နားမလည်နိုင်သောကြောင့် ဖြစ်၏။ အပေါ်ယံအားဖြင့် ကြည့်လျှင် သူတို့ မိသားစုသည် အပေးအယူမျှသော အများနည်းတူ မိသားစု တစ်စုဖြစ်၏။ တကယ်တမ်းကျတော့ သူတို့ သုံးဦးသည် အသွင်မတူ တစ်မူခြားနေသော လူသုံးဦး ဖြစ်နေသည်။

ဇွန်လအတွင်း အနှစ်နှစ်ဆယ်မြှည့် မွေးနေ့ကျရောက်ပြီးနောက် တစ်ပတ်အကြာတွင် ဘက်ဗာလီ ကိုယ်ပိုင်အခန်းသို့ ပြောင်းရွှေ့ခဲ့သည်။ ဇူလိုင်လ အတွင်းတွင် လူ တစ်ယောက်ကို အရူးအမူး ချစ်မိတော့၏။ ထိုစဉ်ကတော့



သည့်လူသည် ဘုရားသခင်က မိမိအတွက် ထမင်ဖန်ဆင်း ပေးခဲ့သည်လို့ပဲ ယုံမှတ်ခဲ့သည်လေ။

ဖရင့်ဘားရိုး ကား အသက် နှစ်ဆယ့်ရှစ်နှစ် ရှိပြီး ဗာဂျီးနီးယား ပြည်နယ်သား ဖြစ်ပြီး ကြည်းတပ် ဗိုလ်ကလေးတစ်ဦးဖြစ်သည်။ သူက နယူးယောက် မြို့ပြင်ရှိ ဂါဗနစ်အိုင်းလင်းမှာ တာဝန်ကျသည်။ ဖရင့်က ကောင်မလေးတွေ ငေးကြည့်ရလောက်အောင် ချောသည်။ ကြွယ်ဝချမ်းသာသော မိဘများမှ ပေါက်ဖွားလာသူ တစ်ဦး။ ခေတ်ပညာတတ်သည်။ ဝတ်ကောင်းစားလှ ဝတ်သည်။ အပြောအဆို အနေအထိုင် ယဉ်ကျေး သိမ်မွေ့သည်။ သူတို့နှစ်ယောက် ကြက်မြီးပါတီ တစ်ခုတွင် တွေ့ဆုံ သိကျွမ်းခဲ့ကြခြင်း ဖြစ်၏။

သူတို့ နှစ်ယောက် ဧည့်ခံပွဲသို့ လာတုန်းကတော့ တခြားစီ၊ ပြန်တော့ အတူ ပြန်ဖြစ်ကြသည်။ ထို့နောက် သာ၍ အတူစားကြရင်း ကိုယ့်အကြောင်း ကိုယ်ပြော ဖြစ်ကြသည်။

ဘက်ဗာလီက ပြောပြသည်မှာ မိမိ၏ မိသားစု အကြောင်း၊ မိမိအလုပ်အကြောင်း၊ မိမိ၏ ထူးခြားသော အခန်းကလေးအကြောင်း။

ဖရင့်ကတော့ သူ့ဖေဖေနှင့် မေမေအကြောင်း၊ ညီအစ်ကိုမောင်နှမတွေအကြောင်း၊ မြို့ထဲမှ အနားတစ်ခန်း ငှားနေနိုင် လောက်အောင် အခြေအနေ ကောင်းသည့် ထဲတွင်း လုပ်ငန်းပိုင်းအကြောင်း၊ ကွန်ခဲ့သည့်လေးနှစ်

www.burmeseclassic.com

www.burmeseclassic.com



က ပြိုလဲခဲ့သည့် ပထမ အိမ်ထောင် အကြောင်းတွေ ပြောပြသည်။

'အဲဒီ အိမ်ထောင်ရေးကတော့ ကလေးတွေ မိုက်ရူးရဲ့ စွန့်စားမှုမျိုးလို မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စကြီးပါ၊ သူနဲ့ကျွန်တော် ကောလိပ်မှာ တွေ့ကြတာလေ၊ အိမ်ထောင်သက်နှစ်နှစ်ပဲကြာတယ်။ သူက မိန်းမကောင်းလေး တစ်ယောက်ပါ၊ ကျွန်တော်တို့ အသွင်မတူကြတာ သက်သက်ပါ၊ ဒါမှမဟုတ် အိမ်ထောင်ဖက် အဖြစ် မကိုက်ညီကြတာ ဖြစ်မှာပါ'

'ရှင်တို့ ကလေးတော့ မရဘူးပေါ့'

ဖရင့်၏အပြုံးက တင်းမျိုး၊ ထူးဆန်းသော အပြုံး။

'ဟင့်အင်း'

'ရှင်သူ့ကို တစ်ခါမှ သွားမတွေ့တော့ဘူးလား'

'တစ်ခါမှ သွားမတွေ့ဘူး၊ သူ တက္ကဆပ်စ်မှာ နေတယ်ထင်တယ်၊ နောက်အိမ်ထောင် ပြုသွားတယ်လို့ ကြားတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော့် အတိတ်ဘဝ အကြောင်းတွေ ပြောပြမနေချင်ပါဘူးဗျာ၊ ကဲ....ဒီတော့ ခင်ဗျား အချစ်ရေးကကော၊ အိမ်ထောင် ကျဖူးလား ဘာဖြစ်ခဲ့ဖူးလဲ....ဟင်'

ဘက်ဗာလီက ခေါင်းခါသည်။

'အိမ်ထောင်မကျဖူးဘူး၊ မစေ့စပ်ဖူးဘူး၊ ဘာဆို ဘာမှ မဖြစ်ဖူးဘူး'



သူ့အာဘော်ဆိုလိုသည်ကို ဖရင့် ကောင်းကောင်း သဘော ပေါက်သည်။ ထိုခေတ် ထိုအခါက အသက် နှစ်ဆယ့် နှစ် နှစ်အရွယ်တိုင် အပျိုစင်ဘဝကို ထိန်းသိမ်းထား သူများ သိပ်မရှားလှ။

ထိုနေ့စက်ပိုင်း ငါးကြိမ်မြောက် ချိန်းတွေ့ပြီးသော အခါ ပုံမှန်တွဲဖြစ်ကြသည်။ တစ်ကြိမ် တွေ့ပြီးတိုင်း တွေ့ပြီးတိုင်း ဖရင့်သည် မိမိ၏ခင်ပွန်းလောင်းဖြစ်သည် ဟူသော စွဲမှတ်ယုံကြည်မှုသည် ဘက်ဗာလီ ရင်ထဲ ခိုင်မြဲ ပြင်းထန်လာသည်။ ဖရင့်နှင့် ပတ်သက်သည့် အတွေး များက အရာရာတိုင်း စိုးမိုးတော့၏။ တိုကုန် ဆိုရလျှင် မိမိ အလုပ်ထက်ပင် ဦးစားပေး အတွေး ပိုလာသည်။ အနာဂါတ်ကာလတွင် အသက်မွေးဝမ်းကြောင်း ပညာ ရှင် ဖြစ်ရမည်ဟူသော ရည်မှန်းချက်သည်ပင် ဖရင့်လောက် အလေးပေး စဉ်းစားခြင်း မခံရတော့၊ ဖရင့်ဘာရှိုးသည် အလုပ်လုပ်နေသော ဇနီးမယားမျိုးကို လက်ခံသင့်သော လူစားမျိုးမဟုတ်၊ ဆိုတာကို ဆွေးနွေးပြောဆိုခြင်း မရှိဘဲ ဘက်ဗာလီ အလိုလိုသိနေသည်လေ၊ ဖရင့်က စစ်ကြီး ပြီးလျှင် ဗာဂျီးနီးယားသို့ ပြန်ပြီး သူ့ဖေဖေ၏ ဥပဒေ လုပ်ငန်းကို ဦးစီး ဦးကိုင် ပြုဖို့ စီမံကိန်း ရေးဆွဲထား သည် မဟုတ်လား။

သူတို့ ချစ်ဆက်တမ်း ရှည်ကြာလာသည်နှင့် အမျှ ဘက်ဗာလီမှာ ဖရင့်၏ ထွေးပိုက်ယုယမှု များထဲတွင် နှစ်မျော ကြည်နူးရသည်။ ဖရင့်၏ လိမ္မာကျွမ်းကျင်သော

www.burmeseclassic.com

www.burmeseclassic.com



အထိအခတွေ့များကြောင့် ရင်ဖို လှိုက်မောရသည်။ နောက်ဆုံး မီးလို ပူလောင်ပြင်းပြသော ရမ္မက်ဇောဒဏ်ကို အရှုံးပေး လက်မြှောက်ခဲ့မိသည်။ ဘက်ဗာလီ၏ စိုးရိမ်သောတမျှား ပျောက်ပျက် လွင့်စင်သွားအောင် ဖရင့်စိတ်ရှည်လက်ရှည် ရှင်းပြသည်။ မိမိ၏ ပထမ အိမ်ထောင်သက် အတွင်းမှာပင် သားသမီး မထွန်းကားနိုင်သဖြင့် ဆရာဝန်ထံ ပြသ စစ်ဆေးကြည့်ရာ ဖရင့်ဘက်မှ ချို့ယွင်းချက်ကြောင့် သားသမီး မရနိုင်ကြောင်း ဆရာဝန်က ရှင်းပြခဲ့သည်။ သို့ကြောင့် ဘက်ဗာလီလည်း မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်မှာ မစိုးရိမ်ရကြောင်း သိမ်းသွင်း ဖျောင်းဖျခဲ့သည်။

နောက်ပိုင်း ကာလ များကတော့ ဘက်ဗာလီအဖို့ ပျော်မဆုံး မော်မဆုံး ကာလများ၊ စိတ်ကူးယဉ် စိမ်ကိန်းများ ရေးဆွဲရသည့် ကာလများ၊ ဖရင့်နှင့် ပတ်သက်လာလျှင် ဘက်ဗာလီသည် အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်ဖို့နှင့် သားသည် အခမဘဝကို ခံယူဖို့ပင် အသင့်ပြင်ထားပြီးသား၊ ဖရင့်ကို အလုပ်မလုပ် စေချင်လျှင်လည်း မိမိ၏ ဘဝအိပ်မက်များကို စွန့်ပစ်ဖို့ အဆင်သင့်။

သို့သော် ခုတိုင်းဆို သူတို့ အိမ်ထောင်ရေးမှာ သားသမီး ပွားစည်းစရာ အကြောင်းမရှိ၊ သည်တော့ ဗာဂျီးနီးယားသို့ ပြန်ဖို့ အစီအစဉ်ကို ပြောင်းပြီး နယူးယောက်ရှိ ဥပဒေ အဖွဲ့မှာ အလုပ်ဝင်ဖို့ စည်းရုံးရမည်။

သားသမီးတွေ တစ်မြုံတစ်မကြီး မရှိဘဲ ဗာဂျီးနီးယားလို တောနယ်မှာ သွားပြီး အိမ်ကြီး ရခိုင်ဖြင့် နေလို့တော့ ဘာအကြောင်းထူးမှာလဲ၊ လင်ကိုယ် မယားနှစ်ယောက် နယူးယောက်မှာပင် ကျဉ်းကျဉ်းကျပ်ကျပ် နေကြတာပေါ့။ ဗာဂျီနီးယားသို့ လိုက်သွားပြီး မိုးကြီးစိုတ်စိုတ်ချုပ်မှ အလုပ်ပြန်လာသည့် လင်တော်မောင်ကို စောင့်မျှော်ရသည့် အိမ်ရှင်မ ဘဝမျိုးတော့ မဖြစ်ချင်။ နယူးယောက်မှာပဲ နေပြီးဖရင့်ကော မိမိပါ အလုပ်လုပ်နေလို့ ရသားပဲ၊ အေးလေ ... ဖရင့်က မိမိအား အလုပ်မလုပ်ပါနှင့်တော့ ဇွတ်တောင်းဆိုလျှင်လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ လိုက်လျှောရတော့မည်ပေါ့၊ မိမိက သူ့ကို အရူးအမူး ချစ်မိနေပြီကိုး။

မည်သို့ဖြစ်စေ အမြော်အမြင် ကြီးစွာဖြင့် မိမိ၏ စိတ်ကူးများကို ဖရင့်အား ဖွင့်မပြောခဲ့၊ သို့သော် လက်ထပ်မင်္ဂလာပွဲနွဲရန် ရက်သတ်ဖို့ ကိုတော့ ဖွင့်မပြောဘဲနဲ့မနေနိုင်၊ ဖရင့်ကတော့ သည်အကြောင်း ဆွေးနွေးချင်ပုံမရ၊ ဘက်ဗာလီ၏ ပြောလက်စ စကားများ ရပ်တန့်သွားအောင် ခုတင်ဆီ ပွေ့ချီသယ်မ သွားခဲ့သည်။ နောက်ဆုံး ဘက်ဗာလီက ဇွတ်အတင်း စကားဆက်လာသောအခါ ဖရင့်က....

'ဒီစစ်ကြီး မပြီးမချင်း ကိုယ်တို့ လက်မထပ်သင့်ဘူး ထင်တယ် ဘက်ဗာလီရယ်'

သည်တော့ ဘက်ဗာလီ ငုတ်တုတ် ထထိုင်ကာ....

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ဘာတွေပြောနေတာလဲ ကျွန်မကြားဖူးသမျှ ထဲမှာတော့ မဖွယ်မရာ အနိုင်ဆုံး စကားပဲ၊ စစ်ကြီးက ဘယ်တော့ပြီးမှာလဲ၊ နောက်နှစ်ပေါင်း များစွာကြာအောင် ဆက်ဖြစ်ချင် ဖြစ်နေမှာပေါ့၊ တကယ်တမ်းပြောရရင် အစ်ကို အခုစိုက်စခန်းမှာ နေရတဲ့နေ့တွေနဲ့ တာဝန်ကျတဲ့ ညအခါ လွဲရင် ကျန်တဲ့ အချိန်တွေမှာ စစ်ကြီး ဖြစ်နေတယ်လို့တောင် မသိသာဘူး မဟုတ်လား'

'ဒါကြောင့် ပြောတာပေါ့၊ အစ်ကိုက ဂါဇနစ် အိုင်းလင်းမှာ ထာဝစဉ်တာဝန်ကျနေမယ်လို့ မပြောနိုင်ဘူးလေ၊ ဒီစစ်တပ်ထဲမှာ ရှိနေသမျှ ဘာမှ အာမခံချက် မရှိဘူး၊ အစ်ကိုကို ပင်လယ်ရပ်ခြား ပို့လိုက်ရင် ဘယ်နှ လုပ်မလဲ၊ ဥရောပမှာ အစ်ကိုတို့ အနိုင်ရမယ့် အနေအထား ရှိပေမယ့် ပစိဖိတ် စစ်ပွဲကတော့ ဆက်ဖြစ်နေနိုင်တယ်၊ အစ်ကိုတို့ နှစ်ရှည်လများ ခွဲနေကြရမှာ အဲဒီလိုဆိုတော့ မင်းအပေါ် မမျှတရာ ကျလွန်းတယ်လေ'

သို့သော် ဖရင့်၏ ကျိုးကြောင်း ဆင်ခြင်ပုံ ဆင်ခြင်နည်းကို ဘက်ဗာလီ နားမလည်နိုင်၊ ပင်လယ်ရပ်ခြားသို့ ပို့လွှတ်တော့ကော ဘာဖြစ်သေးလည်း၊ ဖရင့်၏ မယားသည် ဖရင့်၏ မယားပဲပေါ့။

ဘက်ဗာလီ ခေါင်းမာလွန်းမက ခေါင်းမာလွန်းလာတော့ ဖရင့်က ဘက်ဗာလီအား သူ့ မိဘများ



ဆွေမျိုးပြု ခေါ်သွားမည်ဖြစ်ကြောင်း ကတိပေးခဲ့၏၊ သို့သော် တပ်မှ ခွင့်ရစဉ် ကာလအတွင်း သူ တစ်ယောက်တည်း မိဘများထံ ဦးစွာ သွားလိုသေးသည်ဟု ဆိုသည်၊ တကယ်တော့ ဘက်ဗာလီ မကျေနပ်၊ ခွင့် ဆယ်ရက်ယူပြီး မိဘများထံ ပြန်စဉ်အတွင်း မိမိကို တစ်ပါတည်း ခေါ်သွားပါကလား၊ ဆွေမျိုးပြု အလုပ်ကို တစ်ခါတည်း လုပ်လိုက်ပါတော့လား၊ သို့သော် ဘက်ဗာလီ စိတ်ရှည် နားလည်စွာ ခွင့်လွှတ်ခဲ့ပါသည်၊

ဆယ်ရက်ဟူသော ကာလကြီးသည် ရှည်ကြာလွန်းလှသွား၊

ဘက်ဗာလီ အလုပ်ထဲမှာလည်း စိတ်မဝင်စားနိုင်၊ ...ကြောင်း အမျိုးမျိုးပြပြီး အခန်းသို့ အစောကြီး ပြန်လာရှိသည်၊ အခန်းထဲရောက်တော့ သီချင်း ဓာတ်ပြား ... ဖွင့်နားထောင်၊ အိပ်ရာ ထဲ ဝင် ပြီး ချစ်သူကို ...တ၊ စိတ်ကူးတွေယဉ်၊

ဖရင့် ပြန်ရောက်လာတော့ ဘက်ဗာလီမှာ ဝမ်းသာလို့ ...၊ ပျော်လို့မဆုံး၊ သို့သော် မိဘများထံ သွားရေး ...ကျတော့ ဝေ့လည်ကြောင်ပတ် လုပ်နေမြဲ၊

တကယ်တော့ ဖရင့်သည် သူ့ မိဘများထံ ဘက်ဗာလီ ...း ခေါ်သွားဖို့ ရည်ရွယ်ချက် လုံးဝမရှိ၊ နေ... ... အကြာတွင် သူတို့၏ အချစ်ဇာတ်လမ်း ...ခန်း ... အကြောင်း ပေါ်လာသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေက ဘက်ဗာလီ့ အခန်းသို့ ဖရင့် ရောက်လာ
သည်။ မျက်နှာက မသာ မယာ၊ ယမကာ လည်း
မသောက်၊ သူ့အနမ်းက တိုတောင်းလွန်းနေသည်။
အေးစက်လွန်းနေသည်။

'ဘက်ဗာလီ၊ မင်းကို ပြောပြဖို့ အမင်္ဂလာသတင်း
တစ်ခု ပါလာတယ်'

နောက်ဆုံး ဖရင့် စကားခင်းသည်။ ဘက်ဗာလီ
ရင်ထဲ ပူလောင်သွားသော်လည်း သောက ရိပ်များ
မျက်နှာမှာ မပေါ်လွင်စေရအောင် ထိန်းထားသည်
သူ ပင်လယ် ရပ်ခြား သို့ သွားရတော့မည် ဆိုတာ
ဖြစ်မည်။

'ဘယ်လို ဖြစ်တာလဲ အစ်ကို၊ အစ်ကို့ကို ကြည့်ရတာ
ကမ္ဘာကြီး ပျက်တော့မယ့် အကြောင်း ကြေညာရမ
ကျနေတာပဲ'

ဘက်ဗာလီ တတ်နိုင်သမျှ ခပ်ရွှင်ရွှင် ပြော၏။

ဖရင့်က အမျိုးသမီးကို မကြည့်။

'ဟုတ်တယ်၊ အစ်ကို့အတွက်တော့ ကမ္ဘာကြီး ပျက်
တော့မယ် ထင်တာပဲ၊ အစ်ကို နောက်နှစ်ပတ် အကြာမှာ
လက်ထပ်ရတော့မယ်'

ဘက်ဗာလီ ပထမတော့ နားမလည်လိုက်။ နော
အစ်ကို ကျီစယ်နေတာများလား တစ်ဒင်္ဂမျှ မျှော်လ
မိ၏။ နောက်နှစ်ပတ် အကြာတွင် မိမိတို့ လက်ထ
ရက် သတ်မှတ်ခဲ့တာ ဖြစ်ကြောင်း ဖြစ်မည်၊ သို့သော



ဖရင့် နောက်ပြောင်နေခြင်း မဟုတ်၊ သူ့မျက်နှာကို
တစ်ချက် ကြည့်လိုက်ရုံဖြင့် ဘက်ဗာလီ သိနေသည်။

'ဒါက ဘာသဘောလဲ အစ်ကို့ကလေးဆွေ့ မိုက်ရူးရဲ
ရွှန်းစားမှုမျိုး တစ်ခု လာပြန်ပြီလား'

'အဲဒီလိုပဲ ဖြစ်လိုက်စေချင်ပါတယ် ဘက်ဗာလီ၊
ဆင်း... အဲဒီလိုသာ ဖြစ်လိုက်ပါတော့ကွာ၊ အစ်ကို အမှား
ကြီး မှားခဲ့ပြီ'

စကား ဆက်မပြောနိုင်သလို တုန့်ဆိုင်းနေသည်။

'ကဲကွာ၊ အဲဒီအရက်ကလေး တစ်ခွက်တော့ အစ်ကို
သောက်ပါရစေတော့'

ကေားလုံးမဲ့စွာ လက်ထဲမှ ဝီစကီခွက်ကို လှမ်းပေး
လိုက်၏၊ ခွက်ထဲသို့ ရေခဲတစ်တုံးကို စက်ရုပ်ဆန်စွာ
ထည့်ပေးသည်။ သူ့လက်တွေလည်း ရေခဲတုံးနှင့် မခြား
အေးစက်လျက်၊ ဖရင့်က အရက် တော်တော်များများကို
မော့ချလိုက်သည်။

'အဲဒီကိစ္စက အစ်ကို ခွင့်နဲ့ ပြန်သွားတုန်းက ဖြစ်ခဲ့
တာ၊ အဲဒီမှာ အဲဒီမိန်းကလေး ရှိတယ်လေ၊ အစ်ကိုတို့
ငယ်သူငယ်ချင်းတွေပဲ၊ ဒါပေမယ့် အစ်ကို ကျိန်ပြောဝံ့
ပါတယ်၊ အစ်ကိုတို့ မောင်နှမလိုပဲ ဆက်ဆံခဲ့ကြတာ၊
အဲဒါကြောင့် သူ့အကြောင်းလဲ အစ်ကို မစဉ်းစားမိဘူး၊
အဲဒါကြောင့် မင်းကိုလဲ သူ့နာမည်တောင် ပြောမပြဖူးဘူး၊
သူက အစ်ကို့ဘဝမှာ အရေးပါတာမှ မဟုတ်တာ၊ အထူး

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ဖြင့် မင်းနဲ့ တွေ့ပြီးတဲ့ နေ့ခက်ပိုင်းမှာပေါ့၊ သူ သက်ရှိ ထင်ရှား ရှိနေသေးတယ် ဆိုတာတောင် အစ်ကို သတိ မရသလောက်ဘဲ၊

'ဒါပေမယ့် သူက အစ်ကို့ကို မမေ့ဘူး၊ အစ်ကို အိမ်ပြန်သွားတော့ သူ အစ်ကို့ကို စောင့်နေတာ တွေ့ရ တယ်၊ အစ်ကိုတို့ အတူ အပြင်သွားကြတယ် ဖြစ်ကြတယ် လေ၊ ဒါပေမယ့် ဘက်ဗာလီရေ၊ ဘာတွေ ဖြစ်ကုန်မှန်း မသိတော့ပါဘူး ကွယ်၊ အစ်ကိုဟာ ကိုယ့်အိမ်ကနေ တစ်ဖဝါးမှ မခွာခဲ့သလို ခံစားရတယ်၊အဲဒီမှာပဲ တစ်ချိန် လုံး နေခဲ့သလို ခံစားရတယ်၊ စစ်ဖြစ်နေတာတို့၊ နယူး ယောက်တို့ ဆိုတာတွေ ဘာဆို ဘာမှ ထင်ရှား ရှိမနေ တော့သလို ဖြစ်သွားတယ်'

အင်း၊ ငါလည်း သက်ရှိထင်ရှား မရှိတော့ သလိုပေါ့ လေဟု ဘယ်ဗာလီ တွေးမိ၏၊ သို့သော် နှုတ်မှ ထုတ် မပြော၊ ဖရင့် အရက်ဖန်ခွက်ကို စားပွဲပေါ် တင်သည်။ ဘက်ဗာလီ ထိုင်နေသည့် ကုလားထိုင်ရှေ့တွင် ဒူးထောက် ထိုင်သည်၊

'ခု သူ ကိုယ်ဝန်ရှိနေပြီ ဘက်ဗာလီ၊ ကလေးက အစ်ကို့ ကလေးပဲ၊ အစ်ကို တစ်နေ့လုံး သူနဲ့အော၊ သူ့ မိသားစုနဲ့ကော၊ အစ်ကို့ မေမေ ဖေဖေ တို့နဲ့ကော တယ်လီဖုန်းနဲ့ စကားပြောနေခဲ့ရတယ်၊သူတို့ အားလုံး အစ်ကိုတို့ ချက်ချင်း လက်ထပ်ကြဖို့ ဇွတ် တောင်း ကြတယ်လေ'



တကယ်တော့ အိပ်မက်ဆိုးကြီးတစ်ခုမြင်မက် နေရပါ လား၊ တစ်ခုပဲ ရှိသည်၊ မိမိက နိုး ကြားနေသည်၊ ချစ်သော ချစ်သူ၏ နွဲ့ကျည်း မျက်လုံးများကို စူးစူး စိုက်စိုက် ကြည့်နေသည်၊ အချိန် တော်တော် ကြာကြာ ဘက်ဗာလီ ဘာမျှ မပြောနိုင်၊ထိုနောက်တော့ ကယောင် ကတမ်း ဖြစ်လာသည်၊

'ဒါပေမယ့် အဲဒါ အမှားအယွင်း တစ်ခု ဖြစ်မှာပေါ့ အစ်ကို၊ ဒါဟာ ဖြစ်နိုင်ချေမှ မရှိဘဲ၊ ဖရင့်၊ အစ်ကို့မှာ ဘားသမီး မရနိုင်ဘူးလေ၊ အဲဒီကလေးဟာ ဘယ်လိုလုပ် အစ်ကို့ကလေး ဖြစ်နိုင်မှာလဲ ဒါဟာ အစ်ကို အသုံးချ တာပဲ၊ ကိုယ့်အကြောင်း ကိုယ် သိရက်သားနဲ့ အစ်ကို ဘာဖြစ်လို့ လှည့်ကျိုး ဝင်ထမ်းချင်ရတာလဲဟင်' ဖရင့် ခေါင်းရမ်း၏၊

'အဲဒီ ကလေးဟာ ကိုယ့်ကလေး၊ ဆရာဝန်တွေ ပြီဆိုတာ ရှင်းနေပြီ'

ဆရာဝန်တွေ မှားပြီ၊ ဟုတ်လား၊ ဒီတော့ ကျွန်မတို့ တော့ကော၊ ကျွန်မတို့နှစ်ယောက် အတူနေခဲ့ကြတဲ့ ပေါင်းများစွာ ကျတော့ကော၊ ဆရာဝန်တွေ မှား ဆိုရင် ကျွန်မ ကျတော့ ဘာဖြစ်လို့ ကိုယ်ဝန် လဲ'

'အဲဒါကို အစ်ကို မပြောတတ်ဘူး၊ အစ်ကိုနဲ့ ကိုယ်ဝန် မယ်ဆိုရင် အဲဒီ သူဟာ မင်းပဲ ဖြစ်စေချင်တယ် ဘုရားသခင် သိတော်မူပါတယ်ကွယ်၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ချင်တာ မင်းကိုပါ၊ ဆယ်လီကို မဟုတ်ပါဘူး၊ ဒါပေမယ့် ခုတော့ အစ်ကို ကလေးအဖေ ဖြစ်နေပြီ၊ အဲဒါ သေချာတယ်၊ ဆယ်လီဟာ အပျိုစင် တစ်ယောက်ပဲ'

ဘယ်ဗာလီ တစ်ခွန်းမျှမပြော ရှင်းနေပြီပဲ။

'အစ်ကိုလဲ ဘယ်လိုဖြစ်ပြီး မှားသွားမှန်း မသိပါဘူး ကွယ်၊ တကယ်တော့ အစ်ကို့အတွက် ဘာမှ အဓိပ္ပာယ် မရှိပါဘူး၊ ခုဆို အစ်ကို ချောင်ပိတ်မိနေပြီ၊ ထွက်ပေါက် မရှိတော့ဘူး၊ ဒါပေမယ့် မင်း ယုံထားစေချင်တာက အစ်ကိုချစ်တာ မင်းကိုပါကွယ်'

'ချစ်တယ်ဟုတ်လား'

ဘက်ဗာလီ ပက်ခနဲ ရေရွတ်၏။

'ဘယ်လိုအချစ်မျိုးလဲဟင်၊ ကျွန်မအကြောင်း ခေါင်းထဲ ထည့်မစဉ်းစားဘဲ ကျွန်မ အနားက ခွာသွားတာနဲ့ မိတ်လိုက်တတ်တဲ့ နွားသိုး တစ်ကောင်ရဲ့ အချစ်လား ဟုတ်လား၊ အဲဒါကိုအစ်ကိုက အချစ်လို့ ခေါ်တာလား'

'အစ်ကို ကျွန်မကိုဘယ်တုန်းကမှလဲ ချစ်ခဲ့မယ် မထင် ပါဘူး၊ လက်ထပ်ဖို့လဲ မရည်ရွယ်ခဲ့ဘူးမဟုတ်လား၊ အစ်ကို ကလေး မွေးနိုင်တော့ဘူး ဆိုတာတော့ မယုံတော့ဘူး၊ အစ်ကိုဟာ အစ်ကို့ အပျိုစင်လေး ဆယ်လီကို စမ်းသပ်ခဲ့သလို ကျွန်မကိုလဲ မိုက်မိုက်ကန်းကန်း စမ်းသပ်ခဲ့တာ ပဲ၊ ကျွန်မနဲ့ ဘာမှ မဖြစ်ပေမယ့် ဆယ်လီနဲ့ကျတော့ အစ်ကို ပြေးလို့ မလွတ်တော့ဘူး မဟုတ်လား'



ဖရင့်က ချော့သည်၊ အမျိုးမျိုး ရှင်းပြသည်။ မိမိချစ်သည်မှာ ဘက်ဗာလီသာဖြစ်ကြောင်း၊ မိမိလက်ထပ်ချင်သည်မှာ ဘက်ဗာလီသာ ဖြစ်ကြောင်း၊ ဆရာဝန်များ ပြောစကားကို တကယ်ပင် ယုံခဲ့ကြောင်း....ကြောင်း....ကြောင်း။

ခုတော့ ဘက်ဗာလီ ငိုကြွေးနေမိပြီ။

'ကဲ...ကဲ၊ တော်ပါတော့ အစ်ကို၊ ခုတိုင်းဆို အစ်ကို ဟာ သူနဲ့ စေ့စပ်ထားပြီး ကျွန်မဆီမှာ လာဟန်ဆောင် နေတာ ဖြစ်နိုင်ပါတယ်၊ သူ ကိုယ်ဝန် ရှိတယ်ဆိုတာလဲ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒါဟာ အစ်ကိုရှောင်လို့ ထွက် လို့ရအောင် စကတည်းက ကြိုတင် ပြင်ဆင်ထားတဲ့ အယုတ်တမာ စီမံကိန်းလဲ ဖြစ်ချင် ဖြစ်နေမှာပေါ့'

ဖရင့် တံခါးပေါက်သို့ ဖြည်းလေးစွာ ထသွားသည်။

'မင်း ထင်ချင်သလိုသာ ထင်ပေတော့ ဘက်ဗာလီ ရေ၊ မင်း စိတ်သက်သာရမယ်ဆိုရင် အစ်ကို့ ကို မုန်းပစ် လိုက်ပါ၊ ဒါပေမယ့် ဘုရားသခင်ကိုတိုင်တည်ပြီး အစ်ကို ပြောလိုက်ပါမယ်၊ အစ်ကိုချစ်တာ မင်းကိုပါ'

စုစည်းလို့ရသမျှ သိက္ခာတွေကို မာန်တင်း စုစည်းပြီး ဘက်ဗာလီ သူ့ကို ကျောခိုင်းလိုက်၏။

'သွားပါဦးတော့ ဖရင့်ရေ၊ သွားပါဦးတော့'

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

ဖရင့်၏ သစ်စိမ်းချိုး ချိုးလိုက်မှုက ဘက်ဗ္ဗလီ၏ ခံစားချက်များကို ထိုထိုင်း အေးစက်သွားစေသည်။ သည်ထိုထိုင်းမှုကို ဖယ်ခွာချလို့လည်းမရ။ ဖရင့်ရှေ့တွင် တစ်ကြိမ်ငိုကြွေးမိသည့်မှအပ နောက်ပိုင်း တစ်ကြိမ်မျှမငို၊ အချိန်နက်ခင်းများတွင် စိတ်ပေါ့ပါးစွာ နိုးလာသည်။ မိမိကြုံတွေ့ခဲ့သည့်မှာ အိပ်မက်ဆိုးကြီး တစ်ခုမျှသာပေါလေားဟု နောက်ပိုင်းမှ စိတ်လက်ပေါ့ပါး ကြည်နူး မိသည်။ သို့သော် အဖြစ်အပျက်မှာ အိပ်မက်ဆိုး မဟုတ်ကြောင်း ချက်ချင်း သိမြင်လာပြန်သည်။ သည်တော့ ခံစားမှုကင်းမဲ့သော စက်ရုပ် တစ်ရုပ်ပမာ တစ်နေ့တာ လုပ်ငန်းများကို အသက်ကင်းမဲ့စွာ လုပ်ရှား၊ နေပြန်တော့၏။

သူ့ဟာ ဖြစ်ပျက်ကြုံတွေ့သမျှကို အသံမဲ့စွာ ပြန်လည်ပြောဆိုမိ၏။ သည်စကားများကို သူ့ခေါင်းထဲမှာသာ



မပြီးနိုင် မစီးနိုင် ပြောဆိုနေမိခြင်း၊ ကနဦးပိုင်းတွင်မူ မိမိ ဘယ်လိုပြုမူခဲ့လျှင်မှ ကောင်းသား၊ မိမိ ဘယ်နေရာမှာ မှားသွားသည်၊ သည်လိုဖြစ်လာအောင် မိမိဘယ်လိုတားဆီးသင့်သည်၊ မဟုတ်သည့် နေရာတွင် သူ့ရဲကောင်းမဆန်သင့်ကြောင်း ဖရင့်ကို ဘယ်လို နားချသင့်သည်၊ စသည်ဖြင့် မိန်းမသားဆန်ဆန် စဉ်းစားမိ၏။ နောက်ပိုင်းတွင်တော့ သူ့အတွေးတွေ ပြောင်းလာသည်။

ခုချိန်တွင်မူ သူ့စိတ်ထဲ အခြေအတင် ပြောနေသောစကားများမှာ ဖရင့်ကို အမျက်သိုလာသည်။ ဖရင့်၏ သစ္စာတရားကို မယုံမကြည် ဖြစ်လာသည်။ သူသည် ဆယ်လီနှင့် ပတ်သက်၍ အတိတ်ဘဝ အကြောင်းကော ဝစ္စုပ္ပန် ဘဝအကြောင်းပါ အမှန်ကို သိခွင့်ရမည်မဟုတ်၊ သူသည် ဖရင့် သားသမီး မရနိုင်ဆိုသည့်ကိစ္စ သည်တွင် လုံးလားဆိုတာကိုလည်း သိခွင့် တော့မည် မဟုတ်။ စဉ်းစားရင်း အတွေးပိုရှုပ်ရသည်။ ခိုင်မာ တိကျသည့် အဖြေကား ထွက်မလာ။ သည်တော့ ဘယ်သူ့ကို အပြစ်တင်ရမှန်းလဲ မသိတော့။

နောက်ဆုံး မိမိကိုယ်မိမိပဲ အပြစ်တင်မိသည်။ မိမိ၏ နုံမှု အ့မှုကြောင့် သည်လိုဖြစ်ရသည်ဟု ဆိုကာ ကိုယ့်ကိုကိုယ် မုန်းတီးမိသည်။ သည်အတွက် ကိုယ့်ကိုကိုယ် ခေတ်ချင်စိတ်များ မသိစိတ်တွင် ခိုအောင်းလာ၏။ တကယ်တော့ မိမိသည် စိတ်ကူးယဉ်အချစ်မျက်ဆန်းဖြစ်ယောက်ဖြစ်ခဲ့သည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီး စက်ဆုပ်နေမိသည့် ကာလအတွင်း သူသည် အခြားတစ်ပါးသူများနှင့်သာ ဆက်ဆံမှုအားလုံး ရပ်သိမ်းပစ်လိုက်၏။ မဆက်ဆံလို့ မဖြစ်သူများနှင့်သာ ဆက်ဆံသည်။ မိမိ၏ 'မိုက်မဲမှု'ကို စပ်စုသူများ၊ အမြော်အမြင် ရှိသူများ သိမြင်မသွားအောင် အရှက်တရားဟူသော ဝတ်ရုံထူထူကြီးဖြင့် ခြုံလွှမ်း ဖုံးကွယ်ထားသည်။

သူ့အနေနှင့် နှစ်သိမ့်စကား သို့မဟုတ် အားပေးစကား၊ သို့မဟုတ် အကြံကောင်း ဉာဏ်ကောင်းများ လိုချင်လျှင် ခင်ခင်ရင်းနှီးသော အမျိုးသမီး တော်တော်များများထဲမှ တစ်ယောက်ယောက်ဆီ သွားပြီး ရင်ဖွင့်လို့ရသည်။ သို့သော် သည်လို ဆန္ဒသည်း သူ့မှာ မရှိ။ မိခင်ဖြစ်သူ အိန်ဂျလာထံ သွားရောက် ပြောပြလျှင် အိန်ဂျလာက ဘယ်နည်းနဲ့မဆို ဒဏ်ရာ အနာတရ ဖြစ်လာသော သမီးငယ်အား ဆီးကြိုပွေ့ဖက် ယုယမည်သာ ဖြစ်၏။ သို့သော် အိန်ဂျလာ မိမိအား နားလည်နိုင်စွမ်းသော စိတ်ခေတ် အခြေခံမျိုး မရှိ။ အိန်ဂျလာက မိမိလို အရှက်တကွဲ အကျိုးနည်း ဖြစ်ရပ်မျိုးကို တစ်သက်လုံး ကြုံဖူးခဲ့သူမှ မဟုတ်ဘဲ။ အိန်ဂျလာလိုပင် ရှုသိလည်း မိမိ၏ အဖြစ်ကို စာနာသတ်ရုံမှ လွဲ၍ ဘာမျှ တတ်နိုင်မည် မဟုတ်။ မိမိ၏ နာကျည်းချက်ကို အပေါ်ယံ သဘော လောက်ပဲ မျှဝေခံစားလို့ ရမည် ဘာကြောင့်ဆို ရှင်က



ချမ်းမြေ့သာယာသော အိမ်ထောင်တစ်ခုကို ထူထောင်ထားနိုင်သူကိုး။

အကယ်၍ မိမိ ပြောရဲလျှင် ဆီလ်ဗီယာရှလက်ဇင်ဂျာလို အမျိုးသမီးမျိုးကို သွားပြော။ ဆီလ်ဗီယာကိုတော့ မိမိ လေးစားချစ်ခင်သည်လေ။ တစ်ခါတစ်ခါ ဆီလ်ဗီယာသာ ငါ့အမေ ဖြစ်လိုက်ပါတော့ဟု တောင့်တခဲ့ဖူးသည် မဟုတ်လား။ သို့ပေမယ့် မိမိ၏ စိတ်မချမ်းသာစရာ ဇာတ်လမ်းကြီးကို သွားပြောရလောက်အောင် ဆီလ်ဗီယာနှင့် မနီးစပ်၊ မရင်းနှီး။ နေ့စက်ပြီး သည့်လို ကိုယ်ရေး ကိုယ်တာ ကိစ္စမျိုးနှင့် အထက်လူကြီးနှင့် လက်အောက်ငယ်သား ဆက်ဆံရေးကို အနှောင့်အယှက် မဖြစ်စေချင်။

ယခု မိမိကိုယ် မိမိ အပြစ်တင် မုန်းတီးနေသည့် စိတ်အခြေအနေမျိုးကို ဆီလ်ဗီယာကတော့ နားလည်မှု ရှိမည်အမှန်။ ယခု အောင်မြင်မှုအတွက် အထွတ် အထိပ် ရောက်နေသော၊ ရိုကျိုးလေးစားစရာ ကောင်းသော အဆင့်သို့ ရောက်နေသည့် ဆီလ်ဗီယာသည်လည်း တစ်ချိန် တစ်ခါက ဘက်ဗာလီလိုပင် ကိုယ့်ကိုကိုယ် အပြစ်တင် မုန်းတီးမိသည့် အနေအထားမျိုး ကြုံဖူးခဲ့ပါသည်ဆိုလျှင် ဘက်ဗာလီ အံ့ဩလိမ့်မည် မဟုတ်။ သို့သော် သည်လိုလည်း ကောက်ချက် မဆွဲရဲ၊ သည်လိုလည်း မယူဆရဲ။

သည်တော့ မိမိ ဝေဒနာကို မိမိ ရင်ထဲမှာပဲ သိမ်းဆည်းထားသည်။ ကိုယ့်အပြစ် ကိုယ် ကြိတ်ခံခြင်းဖြင့် ဒဏ်ခတ်ထားသည်။ ထို့အတူ နေ့စက်နေ့ချင်တွင် သည်လို

www.burmeseclassic.com



မိုက်မှားမှုမျိုး၊ သည်လို ပျော့ညံ့မှုမျိုး၊ သည်လို ယုံလွယ်ခြင်းမျိုး မဖြစ်စေရဟု သန္နိဋ္ဌာန် ချထားသည်။

ထိုကာလများအတွင်း ဘက်ဗာလီသည် ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိနေသည် မှန်၏။ ကိုယ့်ကိုကိုယ် အပြစ်ရှိ ချနေမိသည် မှန်၏။ သို့သော် ပြင်ပသွင်ပြင်ပါ လုံးလုံးလျားလျားကြီး ပြောင်းလဲသွားသည် မဆိုသာ။ သူသည် သူ့အလုပ်ကို အားကြိုးမာန်တက် လုပ်မြဲ၊ ခါတိုင်းလိုပင် သွက်လက် ထက်မြက်ပြီး အဝတ်အစားများကို သေသပ်လှပစွာ ဝတ်တတ်သော လက်ထောက် အငယ်တော်လေး အသွင်ကို ဆောင်မြဲ။

သို့သော် ...

တက်ကြွ ဖျတ်လတ်သော အပြင်ပန်း သွင်ပြင်များအောက်၌မူ ဘက်ဗာလီသီဆန်သည် စိတ်ရှုပ် လှသူ တစ်ဦး ဖြစ်နေ၏။ ဝယ်လ်ဘီစတိုး၏ တာဝန်များကို စိတ်ရှင်ဆန်ဆန် လှုပ်ရှား ထမ်းဆောင်နေ၏။ ဝယ်လ်ဘီစတိုး၏ ပြဿနာများကို ဖြေရှင်းခြင်း၊ ဈေးဝယ်သူများကို ကူညီခြင်း စသော မစ္စဂျူမီဆန်၏ လုပ်ငန်းများကို သူက ကူညီ ပံ့ပိုးပေး၏။ မစ္စဂျူမီဆန်က မကြာမီ အနားယူတော့မည်၊ မစ္စဂျူမီဆန် အနားယူလျှင် ထိုနေရာသို့ ဘက်ဗာလီ တက်ရမည်ဟု ဆီလ်ဗီယာရှလက်ဇင်ဂျာက အရိပ်အမြွက် ပြောပြထားသည်လေ။

သို့ဖြစ်နေသည့် ကာလအတွင်း ဘက်ဗာလီသည် ရှယ်ကိုကော၊ အိန်ဂျလာနှင့် ဟယ်ရီသီဆန်တို့ကိုပါ



သွားမတွေ့ချေ။ စင်စစ် ရှယ်နှင့် မဆုံဖြစ်သည်မှာ အဆန်း မဟုတ်။ ရှယ်နှင့် သူသည် ငယ်ပေါင်းကြီးဖော်တွေ သို့ ပေမယ့် တစ်ခါတစ်ရံ လနှင့်ချီပြီး မဆုံဖြစ်တတ်ကြ၊ မိဘနှစ်ပါးနှင့် မတွေ့အောင် ရှောင်ရှားရသည့် အလုပ် ကတော့ ပိုပြီး ခက်သည်။ သူက အလုပ်ကိစ္စကို အကြောင်း အမျိုးမျိုးပြပြီး မိဘနှစ်ပါးထံ ညစာ သွားစားဖို့ကို ရှောင်တိမ်းနေသည်။ 'သူ့ကောင်လေး'နှင့် ပတ်သက်၍ အိန်ဂျလာ စူးစမ်းသမျှကိုလည်း ဝေ့လည်လည် လုပ်နေ သည်။

သည်တော့ သူ တစ်ခုခုတော့ ဖြစ်နေပြီ ဆိုတာ အိန်ဂျလာ သံသယ ဝင်လာ၏။ သို့သော် အိန်ဂျလာက အတင်းအကျပ် မမေး။ ကိုယ့်သမီးအကြောင်း ကောင်း ကောင်း သိနေသည်ပဲ။ သီဆန်မောင်နှံသည် ဖရင့်ဘာ့ရီး ကို တစ်ခါမျှ မမြင်ဖူး။ ဘက်ဗာလီ အမှတ်မထင် ထည့်ပြောတာလောက်သာ တစ်ခါနှစ်ခါ ကြားဖူးသည်။ ဘာပဲဖြစ်ဖြစ် စကားထဲ အိန်ဂျလာကတော့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သည်ကောင်လေးကို ဘက်ဗာလီ လေး လေးနက်နက် စဉ်းစားလာပါစေဟု ကျိတ်ပြီး ဆုတောင်း နေခဲ့မိ၏။ သို့သော် ဘက်ဗာလီ ခုလို ရှောင်ဖယ်ဖယ် လုပ် နေတာ ကြာလာတော့ ဘက်ဗာလီတစ်ယောက် အချစ် ရေးနှင့် ပတ်သက်ပြီး ပြဿနာပေါ်နေပြီဟု အိန်ဂျလာ ဘဲ့ဒသက်ရှိမ တွက်တော့၏။ ဘက်ဗာလီသည် ကိုယ့်အခန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုယ် နေပြီးသည့်နေ့စက်ဖိုင်း တစ်ပတ်တစ်ကြိမ် မှန်မှန် ညစာ လာစားလေ့ ရှိခဲ့သည် မဟုတ်လား။

မိမိ၏ ထင်မြင်ချက် မှန်ကန်ကြောင်း တနင်္ဂနွေ တစ်နေ့တွင် အိန်ဂျလာ သိရှိလိုက်ရသည်။ 'နယူးယော့တိုင်း' သတင်းစာ၊ လူမှုရေးကဏ္ဍတွင် ဆယ်လီကရော့ဖို့နှင့် မိုလ် ဖရင့်ဘာရီးတို့ လက်ထပ်ခြင်း သတင်းသည် ဓာတ်ပုံနှင့်တကွ ပါလာသည်လေ။

အိန်ဂျလာ ဦးစွာ စိတ်ကူးမိသည်မှာ ဘက်ဗာလီထံ တယ်လီဖုန်း ဆက်ဖို့၊ သို့သော် ကိုယ့်စိတ်ကို ထိန်းလိုက်သည်။ သည်ပြဿနာကြောင့် သမီးလေးသည် တော်တော်ကြီး နာကြည်း အရှက်ရနေမည် မှချ။ သို့ဆိုလျှင် သူသည် အိမ်တွင်းပုန်းပြီး ကိုယ့်ဒဏ်ရာကိုယ် ကျိတ်ကုနေမည် မလွဲ။ ဘက်ဗာလီဆိုသည့် ကလေးမသည် ငယ်ဘဝကပင် ဝေဒနာကို မျှဝေတတ်သူမဟုတ်။ စာနာစူးစမ်းမှုကို စပ်စုသည်ဟု ယူဆတတ်ပြီး အကူအညီပေးဖို့ ကမ်းလှမ်းသည်ကိုပင် သူ့အား သနား ဂရုဏာသက်ဖို့ မလိုဆိုပြီး မိုက်မဲစွာ ဂုဏ်ခံတတ်သူ မဟုတ်လော။ သည်တော့ သည်ကိစ္စနှင့် ပတ်သက်ပြီး ပြောကြမည်ဆိုလျှင် ဘက်ဗာလီကသာ ဦးစွာ စ ပြောလာအောင် စောင့်သင့်သည်ဟု မိခင် အိန်ဂျလာ ဆုံးဖြတ်ထားသည်။

'နယူးယော့တိုင်း'ကို ဖတ်လိုက်ရသည့်အတွက် ဘက်ဗာလီတော့ ပို၍ အသည်းနာလာသည်။ နေ့ကုန်ပြီး



ပို၍ အသည်းမာလာသည်၊ သည်လိုအမှားမျိုး နောက်ထပ်ဘယ်တော့မျှ မမှားစေရဆိုသော ဆုံးဖြတ်ချက်သည် ပို၍ ခိုင်မာလာသည်။ အံ့ဩစရာ ကောင်းသည်မှာ လက်ထပ်မင်္ဂလာသတင်းက သေနေသော သူ့စိတ်ခံစားချက်များကို လှုပ်နှိုးလိုက်ခြင်း၊ ခုတော့ ဖရင့်သည် မိမိအား တကယ်ပင် စွန့်ခွာသွားပြီ ဖြစ်ကြောင်း အတည်ပြုလိုက်ရပြီ။ သည်တော့ မိမိသည် နာကြည်း ကြေကွဲမှု ဝဲဩဂ ထဲတွင်သာ ဝဲလည်မနေဘဲ ဘဝကို ဆက်လက် ရင်ဆိုင် ရှင်သန်နေရဦးမည်ဟူသော အသိက ခေါင်းထဲဝင်လာသည်။

ကမ္ဘာလောကကြီးထဲသို့ မိမိပြန်၍ ဝင်တိုးရဦးမည်။ တစ်ခုပဲရှိသည်၊ သည်တစ်ခါတော့ အတ္တတရားကို ရှေ့တန်းတင်ပြီး ကမ္ဘာလောကကြီးကို ရင်ဆိုင်မည်၊ အပျော်ရှာမည်၊ ကစားမည်။ မိမိဘက်ကတော့ ဘာမျှ မပေး။ ရယူဖို့လည်း မမျှော်လင့်၊ ဘာ့ကြောင့်ဆို မိမိသည် ဘာတစ်ခုမျှ ရယူဖို့ မထိုက်တန်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



မစ်ဂျီဒီလုကာသည် အသံစာစစနှင့် စကားကြွယ်သူလေးတစ်ဦး၊ ဘက်ဗာလီနှင့် သက်တူရွယ်တူလေးကပင်။ မစ်ဂျီကော ဘက်ဗာလီပါ ဝယ်လ်ဘီ စတိုးတွင် အရောင်းစာရေးမအဖြစ် တစ်ချိန်တည်းလိုလို အလုပ်ဝင်ခဲ့ကြ၏။ သူတို့နှစ်ယောက် သိပ်တရင်းတနှီးတော့မရှိ၊ ဘာကြောင့်ဆို သူတို့နှစ်ဦးမှာ အသွင်တူတာဆိုလို့ ဘာမျှမရှိ၊ ပတ်ဝန်းကျင် အသိုက်အဝန်းချင်းမတူ၊ ရည်မှန်းချက်ချင်းလည်းမတူ၊ သို့သော် တစ်ယောက်ကိုတစ်ယောက် ခင်ကြသည်၊ မစ်ဂျီက ဘက်ဗာလီ၏ ဣန္ဒြေသိက္ခာနှင့် ဉာဏ်အရည်အသွေးကို လေးစား အားကျသည်၊ ဘက်ဗာလီက ပျော်ပျော်နေတတ်သော အီတာလျံမလေးကို ခင်မင်နှစ်လိုဖွယ် ကောင်းသူလေးအဖြစ် မြင်သည်၊ မစ်ဂျီက ဘက်ဗာလီကို နှစ်ယောက်ချင်း တွေ့လျှင် တရင်းအနှီး ခေါ်တတ်သော်လည်း အခြားသူများ ရှေ့တွင်မူ 'မစ္စသီဆန်'ဟု တလေးတစား ခေါ်ခေါ် ဆက်ဆံလေ့ရှိ၏။

မစ်ဂျီကား ခလိုတမခ စိတ်ကြီးသူ မဟုတ်၊ မလိုတိုရှည်စိတ်ရှိသူမဟုတ်၊ ဘက်ဗာလီ ရာထူးတက်သွားတော့ မစ်ဂျီဝမ်းသာနေသည်၊ သူက ဘက်ဗာလီ ရာထူးတိုးသည်ကို တွေ့လိုမြင်လိုသူ မဟုတ်လား၊ မစ်ဂျီ၏ လိုလားတောင့်တချက်က ဘက်ဗာလီနှင့်မတူ၊ ယခုလုပ်နေသည့် အလုပ်မှာ ကြာကြာခံအဆင့်မျှသာ၊ သူ လိုလားသည်က စစ်တပ်တွင် ဂဟေဆက်သမား တာဝန်ထမ်းဆောင်နေသည့် သူ့ချစ်သူ တိုနီမစရီနို ငွေစုနိုင်ရေး



တိုနီ ငွေလုံလုံလောက်လောက် စုဆောင်းနိုင်လျှင် သူတို့နှစ်ယောက် လက်ထပ်ရေး ထိုမျှသာ။

ခုတလော ဘက်ဗာလီတို့ကြည့်ရတာ တစ်မျိုးဖြစ်နေသည်။ ဣန္ဒြေမပျက် ဟန်မပျက် အလုပ်လုပ်နေသော်လည်း ဘက်ဗာလီတစ်ယောက် စိတ်ဆင်းရဲနေတာ သိသာသည်။ မစ်ဂျီက ဘက်ဗာလီကိုကြည့်ပြီး စိုးရိမ်မိသည်၊ သည်အသက် သည်အရွယ် မိန်းကလေး တစ်ယောက်သည် သည်လောက် စိတ်မချမ်းမသာ ဖြစ်နေလျှင် ယောကျ်ားလေး ပြဿနာပဲ ဖြစ်ရမည်ဟု ဆင်ခြင် တွေးတောမိ၏။ ဖြင့် အခြား အရောင်းစာရေးမလေးတွေနှင့် ပြောဆို ခေါက်ကြည့်သည်၊ အခြား ကောင်မလေးတွေလည်း ဘက်ဗာလီအကြောင်း တစ်ယောက်မျှ ရေရေရာရာမသိ၊ အာရမ်းမယ်ဘဲ့ ထင်မြင်ချက် အမျိုးမျိုးကိုသာ တစ်ယောက်တစ်ပေါက် ပြောနိုင်ကြသည်။

တစ်နေ့တွင် မစ်ဂျီနှင့် ဘက်ဗာလီ နှစ်ယောက်တည်း စကားပြောခွင့်ကြုံသည်၊ ဘက်ဗာလီ၏ ရုံးခန်း ကျဉ်းကျဉ်းလေးထဲသို့ မစ်ဂျီ အလုပ်ကိစ္စဖြင့် ရောက်သွားသည်၊ အလုပ်ကိစ္စ ပြောဆိုပြီးသည်နှင့် မစ်ဂျီက စိတ်လှုပ်ရှားစွာ စကားစသည်။

'တို့ စကားတစ်ခွန်း ပြောချင်တယ် ဘက်ဗာလီ၊ သူငယ်ချင်း စိတ်မဆိုးတန်ကောင်းပါဘူးနော်၊ ခုတလော ကိုကြည့်ပြီး တို့စိုးရိမ်နေမိတယ်၊ လွန်ခဲ့တဲ့ လပိုင်းတွေအတွင်း သူငယ်ချင်းကိုကြည့်ရတာ ပြောင်းလဲနေသလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



တို့ အားမှားလုပ်ပေးလို့ ရနိုင်ပေလဲတင်၊ ဆိုလိုတာက
ကိုယ်တိုဟာ တင်းတွဲတွဲနေတဲ့ သူငယ်ချင်းတွေ မဟုတ်
ဘူး၊ ဒါပေမယ့် တစ်ချိန်လုံး စိတ်ဆင်းရဲနေပုံရတဲ့ မင်
ကို မြင်နေရတာ တို့ စိတ်မကောင်းဘူးကွာ၊ မင်း အဲ
လို ဖြစ်နေတာကို တခြားကောင်မလေးတွေတောင် ရိပ်
နေကြတယ်'

ရုတ်တရက်တော့ ဘက်ဗလီ ဒေါ်ပွသွားသည်
သည်မိန်းကလေးတွေ ဘာကိစ္စ ငါ့အကြောင်းစကား
တင်း ဆိုရမလဲ၊ ငါ့ပြဿနာကို သူတို့က ဘာဆိုင်
မှန်းချက် ထုတ်နေရတာလဲ၊ သို့သော် မစ်ဂျီမျက်နှ
လေးက အားတုံ့အားနာဖြစ်နေသည်၊ တကယ်ပင် စိုးရိ
ပူပန်မှုဖြင့် ကူညီပေးမဖို့ အဆင်သန့်နေသည်၊ သူ့ မျက်နှ
လေးကို ကြည့်ပြီး ဘက်ဗာလီ စိတ်ထိန်းလိုက်မိသည်

ဩော် .... သူတို့လေးတွေ ငါ့ကို ဂရုစိုက် စာနာ
တတ်ကြပါကလား၊ မိမိက သူတို့နှင့် ခပ်ကင်းကင်
နေပေမယ့် သူတို့လေးတွေက မိမိကို ခင်မင်ကြသည်
လေးစားကြသည်၊ သူတို့၏ သံယောဇဉ်က ဘက်ဗလီ
ရင်ကို လှုပ်ခတ်သွားစေသည်၊

'ခုလို စာနာစကား ပြောဖော်ရတာ ကျေးဇူးတ
ပါတယ် မစ်ဂျီ၊ ဒါပေမယ့် မင်းလုပ်ပေးနိုင်တာ ဘာ
မရှိပါဘူးကွယ်'

သူ့ စကားကြားတော့ မစ်ဂျီ စိတ်မကောင်
ဖြစ်သွားပုံရသည်၊ သို့ဖြင့် မစ်ဂျီ တောင်းပန်စကား



ပြောသည်၊ ဘက်ဗာလီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စကို ဝင်စွပ်ခြင်း မဟုတ်ကြောင်း ရှင်းပြသည်၊ ထိုနောက် ပြန်ရန် ဟန်ပြင်သည်၊

'မစ်ဂျီ၊ ခနဒါဦး'

ဘက်ဗာလီကိုယ့်ကိုကိုယ်လည်း အံ့ဩမိသည်၊ သည်ကောင်မလေးကို မိမိ၏ ပြဿနာကို ပြောပြချင်စိတ် ပေါက်လာသည်၊ တကယ်တော့ မိမိနှင့် တရင်းတနှီး မရှိသူ တစ်ဦးအား မိမိ၏ ကိုယ်ရေးကိုယ်တာများကို ဖွင့်ပြောဖို့ ဆိုတာ ရှုးမိုက်ရာကြသည် မဟုတ်လား၊ သို့သော် တစ်ခါ တစ်ရံတွင် ရင်းနှီးသူများထက် သူစိမ်းများကို ပြောပြရတာ ပိုပြီး စိတ်လွတ်လပ်သည်လေ၊

'ဒီအကြောင်းကို မင်းရင်ထဲမှာပဲ ထားပါကွယ်၊ မင်း ပြောတာ မှန်ပါတယ်၊ အသေးစိတ် အကြောင်းအရာ တွေကတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့် ဟုတ်တယ်၊ ကိုယ် စိတ်ဆင်းရဲနေတယ်၊ ချစ်သူနဲ့ ကွေကွင်းရတဲ့ ကိစ္စ ပေါ့၊ အဲဒီလောက် ပေါ်လွင်နေမှန်း မသိခဲ့ဘူး၊ မင်း ခုလို သတိပေးဖော်ရတာ ဝမ်းသာပါတယ်၊ နောက်ပိုင်း တော့ ကိုယ်ဆင်ဆင်ခြင်ခြင် နေမှာပေါ့ကွယ်'

'စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်၊ ကိုယ်တရင် နင့်အောင် ချစ်နေသူ တစ်ဦးကို လက်လွှတ်လိုက်ရတယ် ဆိုတာ ရင်နာစရာပဲ၊ ဒါပေမယ့် မင်းကဒီလောက် ချစ်စရာ ကောင်း နေတာပဲကွာ၊ သွားလေ သူထက် သာတဲ့ ဆစ်ယောက် မင့်အနား ရောက်လာလိမ့်မပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မစ်ဂျီ စကားရပ်လိုက်၏။

'အဲဒီ စကားကတော့ တော်တော်တုံးတဲ့ စကားလို့ ကိုယ်ထင်တယ်၊ ကိုယ်သာ မင်း နေရာမှာ ရှိနေလို့ တစ်ယောက်ယောက်က အဲဒီလို နှစ်သိမ့်စကားမျိုး ပြောလာရင် အဲဒီလို ပြောလာတဲ့ သူကို ကိုယ်အမုန်း ကြိတ်ပစ်မိမှာပဲ'

ဘက်ဗာလီ ပြုံးလိုက်၏။

'ကဲ တကယ်လို့ ကိုယ့်နေရာမှာ မင်းဖြစ်နေရင် မင်း ဘယ်လို ခြေလှမ်းမျိုး ဆက်လှမ်းမလဲ မဂျစ်'

'အင်း ... ကိုယ်ကတော့ အိမ်တွင်းပုန်းပြီး တစ်ခုခု အပြောင်းအလဲ ဖြစ်လာအောင် စောင့်နေတာမျိုး မလုပ်ဘူး၊ ကိုယ်တတ်နိုင်သမျှ အမြန်ဆုံး နောက်တစ်ယောက် ရှာမှာပဲ၊ အသည်းကွဲ ဒဏ်ရာတစ်ခု အမြန်ဆုံး ပျောက်ကင်းဖို့ ဆိုတာ အချစ်သစ် ရှာတာလောက် ကောင်းတဲ့ဆေး မရှိဘူး'

'ဒီတော့ အဲဒီအချစ်ကိုကော ဘယ်မှာ ရှာရမလဲကွယ်'

မစ်ဂျီ စဉ်းစားသည်။

'ကိုယ်ဟာ ဈေးကွက်ထဲမှာ ရောင်းကုန်တစ်ခုအဖြစ်နဲ့ ရှိနေတယ်ဆိုတာ သတင်းဖြန့်လိုက်မိမှာပဲ ထင်တယ်၊ မင်းမှာ အနှောင်အဖွဲ့ မရှိဘူးဆိုတာ မင့်အပေါင်းအသင်း မိတ်ဆွေတွေကို အသိပေးလိုက်ပေါ့၊ ခုတော့ မင်းဟာ စတိုးဆိုင်ကနေ အိမ်ကို တန်းပြေးပြီး ညစဉ်ညတိုင်



ထိုင်ငေါင်နေမှာ သေချာပါတယ်၊ အဲဒါ မကောင်းဘူးလေ၊ အဲဒီလို လုပ်နေလို့ မင်း ဒီစိတ်ဆင်းရဲမှု သံသရာကြီးထဲက ဘယ်လွတ်နိုင်ပါ့မလဲ'

'အင်း....ဒီဆေးကို ဘယ်လိုဖော်ရမယ် ဆိုတာ သိရင်တော့ အကြံကောင်းတစ်ခုပဲ၊ ကဲပါလေ၊ လေသာ ဆယ်မှာတော့ မင်းလာပြီး တိုင်ပင်တဲ့ အလုပ်ကိစ္စလေး သွားဖြတ်လိုက်ပါဦး'

'ဪ....ဟုတ်ပါရဲ့၊ အဲဒါအမှန်ပဲ'

မစ်ဂျီ တံခါးဆီသို့ သွားသည်။ ယခုအခါ ဘက်ဗာလီ၏ ပွင့်လင်းမှုကြောင့် အားတက်လာသော မစ်ဂျီက

'နေဦး၊ ကိုယ်အကြံတစ်ခုရတယ်၊ နိပ်တယ်ကွ၊ ကိုယ် နေ့လည်စာ စားချိန်မှာ မင်းဆီ ပြန်လာပြီး အဲဒီအကြံကို အကောင်အထည် ဖော်ကြည့်ရမလား'

'ရတယ်လေ၊ နောက်ပြီး မစ်ဂျီ ....'

'ဆို'

'ကျေးဇူးတင်ပါတယ်ကွယ်၊ အများကြီး ကျေးဇူးတင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စားချိန်ကျတော့ မစ်ဂျီ တစ်ခေါက် ရောက်လာသည်၊ သူ၏ ခပ်နိုပ်နိုပ် အကြံအစည်မှာ လာမည့် ကြာသာပတေးနေ့တွင် သူနှင့် တိုနီတို့ ညှိခံကျွေးမွေးမည့် ညစာ စားပွဲသို့ ဘက်ဇာလိုပါ လာရောက်ရန် ဖိတ်ကြားခြင်း၊ ထိုနေ့မှာ မစ်ဂျီ၏ မွေးနေ့ ဖြစ်သဖြင့် သူငယ်ချင်း မိတ်ဆွေများကို ဖိတ်ကြားပြီး ညစာကျွေးမည်၊ ကကြခုန်ကြမည်၊ ညှိခံပွဲ လုပ်မည့် နေရာမှာ အနောက် ၅၂ လမ်းပေါ်ရှိ 'ဗလင်ဓာနီ' စားသောက်ဆိုင်မှာ ဖြစ်ကြောင်း ရှင်းပြသည်၊

မစ်ဂျီအစိတ်အားထက်သန်စွာ ပေါက်ပေါက်ဖောက်သလို တတွတ်တွတ်ပြောနေ၏၊ ဘက်ဇာလီ အကြောင်း ပြောပြထားသဖြင့် သူ့ ချစ်သူ တိုနီက ဘက်ဇာလီကို အရမ်းတွေ့ချင်နေကြောင်း၊ သူ့မှာ ယဉ်ကျေး ဖော်ရွေသော သူငယ်ချင်းဖြစ်သူ ပေါလ်ယန်းဆိုတာ ရှိကြောင်း၊ ပေါလ်ယန်းက စစ်တပ်မှ ထွက်ပြီး ရှေ့နေ လုပ်နေကြောင်း၊ ဘက်ဇာလီကို ပေါလ်ယန်းနှင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ သူတို့နှင့်အတူ ဖစ်ဂျရယ်ဆိုသည့် စုံတွဲလည်း ပါမည်ဖြစ်ကြောင်း၊

ဘက်ဇာလီ ချက်ချင်း စဉ်းစားမိသည်မှာ မစ်ဂျီ၏ ဖိတ်ကြားချက်ကိုယဉ်ယဉ်ကျေးကျေးလေးငြင်းလိုက်ဖို့ပင် မီမီကိုယ်မီမီ ခပ်ပေါပေါ မိန်းမ တစ်ယောက်အဖြစ် မခံနိုင်၊ နောက်ပြီး ကိုယ့်လက်အောက်မှ ကောင်မလေးတွေနှင့် ရှုပ်ရှုပ်ယှက်ယှက် မတွဲချင်၊ နောက်ပြီး မစ်ဂျီ၏အပေ



ခင် ယခုပွဲသို့ လာရောက်မည့် သူများမှာ မီမီနှင့် ဘာ ဆိုင်မှု အသွင်တူမည် မဟုတ်၊ နောက်ပြီး ခုလို သူ့ ကိုယ် သိ၊ ကိုယ့် သူ့သိ ယောကျ်ားလေး တစ်ယောက်နှင့် တွေ့ဆုံခွင့်ရဖို့ တကူးတက သွားရမည်ဆိုတာ ကြောင် ရွံ့သည်၊ မီမီကို သူတို့က သနားစရာ သတ္တဝါ တစ် ကောင်လို ဝိုင်းကူကြတာ မခံချင်၊

သို့တိုင်....

တကယ်တမ်း လက်တွေ့ကျကျ စဉ်းစားကြည့်တော့ တော၊ သို့ စဉ်းစားကြည့်သော့ မီမီ ကတော့ သနား စရာ သတ္တဝါတစ်ယောက် ဖြစ်မနေလို့လား၊ မီမီသည် ရင့်ဘာစရီးနှင့် စတွဲပြီးနောက်ပိုင်း မိတ်ဆွေ အပေါင်း အသင်းများကို မေ့လျော့ထားသည်၊ အဆက်ပြတ်ထား သည်၊ မီမီနှင့် မကြာမကြာ ချိန်းတွေ့၊ အပြင်လည်လေ့ ရှိသည့် ယောကျ်ားများကလည်း မီမီထံ တယ်လီဖုန်း ဆက်တော့၊ မချိန်းတော့၊ မီမီက စပြီး သူတို့ဆီ ဆက် သွယ်မျိုးလည်း မလုပ်ချင်၊ သိက္ခာကျသည်၊

စင်စစ် မီမီသည် အထီးကျန်ဘဝ ဖြစ်နေတာတော့ ခံခဲ့ရမည်၊ သို့တော် နောက်တစ်ကြိမ် သံယောဇဉ်တွယ် ငြင်ငင်ရမည့် ကိစ္စမျိုးကိုတော့ အဖြစ်မခံချင်ရိုး အမှန်၊ ပွဲဖြစ်ဖြစ် မစ်ဂျီရွေး . . .သည့်သူနှင့် အခါအားလျော် တွဲကြည့်လည်း ဆိုးလှမည်မဟုတ်၊ မီမီ၏ ရင်ထဲနာ ဆာရာထဲမှ လွတ်မြောက်အောင် ရှန်းထွက်ဖို့ တာန်နည်း

www.burmeseclassic.com



နည်းတော့ လှုပ်ရှားရတော့မည်၊ တစ်ခုခုတော့ လုပ်ရ တော့မည်။

သို့ဖြင့် မစ်ဂျီ၏ ဖိတ်ကြားချက်ကို လက်ခံလိုက်သည်။

မစ်ဂျီက လာခေါ်မည် ဆိုတာကို လက်မခံ၊ မိမိ ဘာသာ လာခဲ့မည်ဟု ပြောလိုက်သည်။

ကြာသပတေးနေ့ မတိုင်မီ ရက်ပိုင်းများ အတွင်း စိတ်က ချီတုံချတုံ ဖြစ်နေသည်၊ အကြောင်းတစ်ခုခုပြပြီး မိမိ မလာနိုင်တော့ကြောင်း မစ်ဂျီကို ပြောလိုက်ရ ကောင်းလေ၏၊ ဗလင်တီနို စားသောက်ဆိုင် ဆိုတာက သိပ်အထက်တန်းကျကျဆိုင်မျိုး မဟုတ်၊ သို့ပေမယ့် သိပ် အပေါစားလည်းမဆန်၊ တီးဝိုင်းနှင့် ဖျော်ဖြေသည့်ခံသည့် သာမာန်ရိုးကျ စားသောက်ဆိုင်မျိုး၊ သို့ပေမယ့် သည်လို နေရာမျိုးကို မိမိ မသွားစဖူး၊ ဖရင့်နှင့်လည်း သည်လိုဆိုင် မျိုးကို တစ်ခါမျှ ခေါ်မသွားခဲ့စဖူး။

နောက်ဆုံး ချီတုံချတုံဖြင့်ပင် ကြာသပတေးနေ့ည တွင် ဗလင်တီနိုသို့ ဘက်ဗာလီ ရောက်သွားသည်။

မစ်ဂျီတို့အုပ်စုက လူစုံတက်စုံ ရောက်နှင့် နေကြပြီး တီးဝိုင်းနားရှိ စားပွဲတစ်လုံးတွင် နေရာယူထားကြသည်၊ ဘက်ဗာလီ တကယ် ရောက်လာသည်ကိုတွေ့တော့ မစ်ဂျီ မှာ ဝမ်းသာလို့မဆုံး။

ဘက်ဗာလီကို မိမိ၏ အသက်လူကြီးအဖြစ် မစ်ဂျီက အခြားဝိုင်းသားများနှင့် မိတ်ဆက်ပေးသည်၊ အားလုံး



ပင် လူငယ်တွေချည်း၊ ယဉ်ကျေးဖော်ရွေကြသည်၊ စကား ပြောလို့ ကောင်းသည်။

ပေါလ်ယန်းဆိုသူက အသက် သုံးဆယ်ဝန်းကျင် လူ ရွယ်တစ်ယောက်၊ တည်တည် ကြည်ကြည်နှင့် လေးစား လောက်သည့် ဥပဒေ ပညာရှင်တစ်ဦး။

သူတို့နှစ်ယောက် စကားစမြည် ပြောရတာ အဆင် ပြေသည်၊ ပေါလ်က ဘက်ဗာလီကို စိတ်ဝင်စားပုံ ရသည်၊ ဘက်ဗာလီကလည်း အပြန်အလှန် စိတ်ဝင်စား သည်၊ သို့တိုင် ပေါလ်ယန်းနှင့် ဆုံတွေ့ သိကျွမ်းရသည့် အတွက် ဘက်ဗာလီ ရင်ခုန်လှုပ်ရှားမှုမျိုး လုံးဝ မဖြစ်မိ။

ထူးခြားတာ တစ်ခုတော့ ရှိသည်။

သည်ည သည်စားပွဲတွင် ထိုင်ပြီးကတည်းက မိမိကို တစ်ကြည့်တည်း ကြည့်နေသည့် မျက်လုံးတစ်စုံ ရှိနေ သည်။ စိတ်ဝင်စားသော၊ စိန်ခေါ်သော အကြည့်ရိုင်း များ၊ အကြည့်ရိုင်းများပိုင်ရှင်မှာ တီးဝိုင်းထဲမှ ဒရမ်တီး သမားလေး ဆံပင် နက်နက်နှင့် တော်တော်ချောသည်။

ဘက်ဗာလီ မျက်လုံး လှန်ကြည့်လိုက်တိုင်း မိမိကို အာရုံစိုက်နေသော အကြည့် စူးစူးများနှင့် ရင်ဆိုင်ရ သည်၊ မျက်နှာပေါ်မှာ အပြုံးသဲ့သဲ့နှင့်၊ ပထမတော့ ဘက်ဗာလီ အမှတ်တမဲ့ ပြန်ပြုံးပြမိသည်၊ နောက် မနေ သည် အပြုံး၊ နောက်တော့ လုံးဝ ပြုံးမပြတော့၊ သည်လူကို မကြည့်မိအောင် သတိထားသည်၊ ခက်သည်က မိမိ၏ ကုလားထိုင်က သည်လူဘက် မျက်နှာမူလျက်သား။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်၊ နောက်ပြီး သည်လူ့အကြည့်က ရဲတင်းဖူးရှလွန်းတော့ မသိကျိုးကျွန် လုပ်နေဖို့ မရလောက်အောင်ပင်။

ဒါကို မစ်ဂျီက ချက်ချင်းလို ရိပ်မိသွားသည်။

'မင်းနဲ့ နီးလ်နဲ့ သိလားဟင်'

'နီးလ်၊ ဟုတ်လား၊ ဘယ်နီးလ်လဲ'

'ဟို ဒရမ်သမားလေ၊ နီးလ်ဖရင်တီနီပေါ့၊ သူ့ပုံစံက မင်းကို သိနေသလိုပဲ'

ဘက်ဗလီ ပခုံးတွန့်လိုက်၏။

'တစ်ခါမှ မမြင်ဖူးပါဘူး၊ သူက မင့်မိတ်ဆွေလား'

'မိတ်ဆွေရယ်လို့ မဟုတ်ပါဘူး၊ တိုနီနဲ့ ကိုယ်နဲ့ သူနဲ့ လေးငါးခါတော့ စကားပြောဖူးတယ်၊ စကားပြောကြည့်ရသလောက်တော့ သိပ် မဆိုးပါဘူး'

ဒီလူ ခင်ဗျားကို မျက်စိကျနေပြီ ဘက်ဗလီ၊ ဒီငနဲ ခင်ဗျားကိုပဲ တစ်ညလုံး ထိုင်ကြည့်နေတာ'

တိုနီ ရယ်မောလျက် ပြော၏။

'အဲဒါဆိုရင်တော့ ဒီငနဲ့ရဲ့ မျက်ခွက်ကို လက်သီးစာ ကျွေးရတော့မယ် ထင်ပါရဲ့'

ပေါလ်ယန်းက ခပ်ရွှင်ရွှင် ဝင်ပြော၏။

အားလုံးနှင့်အတူ ဘက်ဗလီလည်း ရယ်မောမိ၏။ သို့သော် သူ့ရင်ထဲမှာ တုန်ခါနေသည်၊ စင်စစ် ဂီတသမား တစ်ယောက်၏ အကြည့်ရိုင်းများကြောင့် မိမိသည်လောက်ထိ စိတ်ကသိကအောက် မဖြစ်သင့်၊ သို့



ပေမယ့် သူတို့နှစ်ယောက်ကြားမှာ တုန်ခါမှုလှိုင်းတွေ ရှိနေသည်ဟု ခံစားရသည်၊ စိတ်ရိုင်းတွေ၊ ရမက်ရိုင်းတွေက သူတို့နှစ်ယောက်ကို နီးစပ်အောင် ဆွဲဆောင်နေသည်၊ အထိအတွေ့ တစ်ချက်မျှမရှိ၊ စကား တစ်ခွန်းမပြောရဘဲ ဘက်ဗာလီသည် ထိုလူ၏ နှိုးဆွခြင်းကို ခံစားရသည်။

ငါ ရူးသွားပြီလား၊ ငါ့စိတ်ကူးတွေ လွန်နေပြီလား၊ စိတ်ဆင်းရဲသွားသည်၊ မိမိ၏ ခံစားချက်များကို ဖုံးကွယ်ရန် မိတ်ဆွေများအား ခွင့်ပန်ပြီး အမျိုးသမီး ရေအိမ်ဘက် ထွက်ခဲ့သည်။

ဘက်ဗာလီ ရေအိမ်ထဲမှ ထွက်လာသောအခါ စင်္ကြံလမ်းတွင် စောင့်နေသူမှာ နီးလ်ဖရင်တီနီ၊

* * *

www.burmeseclassic.com

www.burmeseclassic.com

(၄)

နီးလ်နှင့် ဇာတ်လမ်းရှုပ်မိခြင်းသည်။ ဘက်ဗာလီ အဖို့ စိတ်ဓာတ်ရေးရာအရ ချွတ်ခြုံ ကျသွားခြင်းပင် ဖြစ်၏။ မိမိ၏ ငယ်ဘဝကတည်းက ထိန်းသိမ်း လိုက်နာခဲ့သည့် လူ့ကျင့်ဝတ် အားလုံးကိုလည်း ချိုးဖောက်လိုက်ခြင်း ဖြစ်၏။ သူ့စိတ်ထဲမှာတော့ ကြံလုပ်ချပ်သည့် ဖရင့်ဘာရီး အား တိတ်တဆိတ် လက်စားချေနေခြင်းပင်။ မိမိ၏ အပြုအမူများကို ချစ်ဦးသူသာ သိသွားလျှင် ဘယ်လောက် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လိုက်မလဲဟု ခါးသီး ကျေနပ်စွာ ခံစားမိ၏။

ထိုညက နီးလ်သည် စီးကရက် တစ်လိပ် ဖွာရင်း အမျိုးသမီး ရေအိမ်အပြင်ဘက် မှန်ဝါးဝါး စင်္ကြံလမ်းမ တွင် ဘက်ဗာလီ ပြန်ထွက်အလာကို စောင့်နေခဲ့၏။ နီးလ်က တော်တော် ရုပ်ဖြောင့်သည့်လူ၊ အသားညိုညို၊



ညိုအသား၊ ကောင်းကောင်း၊ ဇွတ်တရွတ် နိုင်နိုင်၊ သူ့ မျက်လုံးတွေမျိုးကို ဘက်ဗာလီ တစ်ခါမျှ ကြုံတွေ့ခဲ့ဖူး ခြင်း မရှိ။ နက်မှောင်သော၊ နက်ရှိုင်းသော၊ အနက် ရောင်ရထားသော မျက်လုံးများ၊ သည့်မျက်လုံးတွေက တက်ကြွ လှုပ်ရှားမှုကို ဖော်ကျူးနေသည်။ အန္တရာယ်ကို လည်း ဖော်ကျူးနေသည်။ သို့ပေမယ့် သူ့ အပြုံးကတော့ ဒုက္ခပေးမည့် အရိပ်အရောင်မပြ။ သူ့ အပြုံးက ပွင့်သည်။ ဖော်ရွေသည်။ လူငယ်တစ်ယောက်၏ အပြုံးမျိုး။

'မင်းနှယ်ကွာ၊ ကြာလိုက်တာ'

သူက အခင်းအကျင်းနဲ့ ကောက်ကာ ငင်ကာ ပြောသည်။

'မင်း၊ ပြန်ထွက်မလာခင် ကိုယ်တီးဝိုင်းဆီ ပြန်သွားရတော့မှာပဲလို့ စိတ်ပူနေတာ'

'အဲဒီလိုပြန်သွားတော့ ဘာဖြစ်လဲ၊ ဒီလောက်တောင် စိတ်ပျက်စရာလားရှင်'

'အို ဟိုး... မဟုတ်ပါဘူးဗျာ၊ စိတ်ပျက်စရာ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ကသိကအောက်တော့ ဖြစ်တာပေါ့'

သူက ဘက်ဗာလီကို ရှန်းရှန်းစားစား ကြည့်သည်။

'ဘာဖြစ်လို့လဲဆိုတော့ ကိုယ်စိတ်ဝင်စားနေလို့'

ဘက်ဗာလီ ဘာမျှ ပြန်မပြော။

'ကိုယ် ဘာကို စိတ်ဝင်စားနေတယ်ဆိုတာ မသိချင် ဘူးလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



နီးလ် ရှေ့တိုးလာသည်။ အနားကပ်လာသည်။ သူ့ထံမှ တန်ဖိုးကြီး ရေမွှေးနံ့ ရသည်။ ဈေးဆန်ဆန် ညစာစားပွဲ ဝတ်စုံအောက်မှ ကျစ်လျစ် သန်မာသော ခန္ဓာကိုယ်ကို သတိပြုမိသည်။ နီးလ်က သူ့အား တို့ခြင်း ထိခြင်း မပြု၊ သူ တို့ခြင်းထိခြင်း ပြုလုပ်လျှင် ဘယ်လိုနေမည်ဆိုတာ ဘက်ဗာလီ သိနေသည်။ ဘက်ဗာလီက ခပ်ပေါ့ပေါ့ ခပ်ရွှင်ရွှင် ဟန်လုပ်ကာ....

'ကဲ...ကောင်းပါပြီတဲ့ရှင်၊ ရှင်က ဘာကို စိတ်ဝင်စားနေတာတဲ့လဲ'

'မင်းကိုပေါ့၊ မင်းက တသီးတခြား ဖြစ်နေတယ်လေ၊ ဒီပတ်ဝန်းကျင်မှာ မင်းကိုရောပြီး ကြည့်လို့မရဘူး'

'တယ်ထူးဆန်းပါလား၊ ရှင်ဟာ တစ်ညနေခင်းလုံး ကျွန်မကို အနုကြည့် မှန်ပြောင်းအောက်က ကြမ်းပိုးလေးတစ်ကောင်လို ကြည့်နေခဲ့တယ်၊ ဟော...ခုတော့ ရှင်ဟာ ကျွန်မအကြောင်း အတွင်းသိ အစင်းသိ သိသလို ပြောနေပြန်ပြီ၊ ကဲပါလေ...ဒီတော့လဲ ဒီကိစ္စကို ဘဝရဲ့ လျှို့ဝှက် ဆန်းကြယ် ဖြစ်ရပ်ကလေးတစ်ခုလို့ပဲ သဘောထားလိုက်ကြရအောင်လား၊ ရှင်က ရှင့်အလုပ်ဆီ ပြန်သွားရမယ် ကျွန်မကလဲ ကျွန်မ မိတ်ဆွေတွေဆီ ပြန်သွားရမယ်'

နီးလ် အလှုပ်အရှား မရှိ။

'သူတို့ဟာ မင့်မိတ်ဆွေတွေ မဟုတ်ပါဘူး၊ သူတို့ မင်းနဲ့ အသွင်ချင်းတူတာမှ မတူတာ'



'ဟုတ်လား၊ တကယ်ပဲလား၊ ရှင်ဟာ ဘယ်လိုလုပ်ပြီး ဒီလောက် မြန်မြန်ဆန်ဆန်ကြီး သရုပ်ခွဲနိုင်ရတာလဲ ရှင်ရယ်'

'ဒီမယ်...မရွှေချော၊ မင်း ညကလပ်တွေမှာ ကိုယ့်လောက်ကြာကြာ အလုပ်လုပ်ဖူးလာရင် မင်းလဲ မြန်မြန်ဆန်ဆန်ကြီး လူကဲ ခတ်တတ်လာလိမ့်မယ်၊ ဒီမှာက လူပေါင်းစုံ လာကြတာ မဟုတ်လား၊ တလေလေချေတွေ၊ မြို့ထဲက လေလွင့် လူငယ်တွေ၊ မင်းနဲ့အတူ ရှိနေတဲ့ လူလတ်တန်းစား ခပ်ချောချောတွေ၊ သူတို့ အားလုံးနဲ့ မင်းနဲ့ လုံးဝ ဟပ်စပ်လို့မရဘူး၊ မင်းဟာ သူဌေးသမီးလေး မဟုတ်ဘူး၊ ဒါပေမယ့် မင်းက အဆင့်ရှိတယ်၊ မင်းအဲဒီမှာ ထိုင်နေတဲ့ တစ်ချိန်လုံး သေချင်အောင် ငြီးငွေ့နေတယ်၊ ဒီတော့ မင်းဒီမှာ ဘာလာလုပ်နေတာလဲ'

'လောလောဆယ်မှာတော့ ကျွန်မ စကြန်လမ်းပေါ်မှာ ချောင်ပိတ် မိနေတယ်'

မိမိကို သူ ဖမ်းကိုင်မည်ဟု ဘက်ဗာလီ ထင်လိုက်၏။ သို့သော် သူ ရပ်မြဲ ရပ်နေသည်။ ပြုံးနေသည်။ ထို့နောက် ဘက်ဗာလီ သွားသာအောင် လမ်းဖယ်ပေးသည်။

'ကောင်းပါပြီ၊ တောင်းပန်ပါတယ်၊ ကိုယ့်ထင်ကြေး လွဲသွားပြီ ထင်တယ်'

သည် စကားမျိုးပင် ပြောရမည်ဆိုတာ သူ သိနေပုံရ၏။ ခုတစ်ကြိမ် စိတ်ဝင်စားလာသည်မှာ ဘက်ဗာလီဘက်မှ။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်အင်္ကျီကြီးက ဘာများပါလိမ့်ရှင်'

'မင်းဟာ စိတ်လှုပ်ရှားစရာ တစ်ခုခု ကြုံတွေ့ရမယ်လို့ မျှော်လင့်ထားတဲ့ မိန်းကလေး တစ်ယောက်ဆိုတာပေါ့'

သူ့အင်္ကျီကြီးမှာ တိုကျ မှန်ကန်လွန်းသဖြင့် ဘက်ဗာလီ လန့်သွားကာ အမှတ်မထင် ပြန်မေးမိ၏။

'တကယ်လို့ကျွန်မသာ ရှင့်အင်္ကျီကြီးအတိုင်း မှန်နေရင်ကော ရှင်'

'အင်း...အဲဒီအတိုင်းမှန်နေရင် မင်းကို ခေါ်လာတဲ့ လူကို အိမ်ပြန်ပို့ခိုင်း၊ ပြီးတော့ ဒီလိုပြန်လာခဲ့၊ ကိုယ့်အလုပ်က နှစ်နာရီမှာမှ သိမ်းမှာ'

ဘက်ဗာလီ သူနှင့် ပွတ်ထားသီထား ရှောင်ထွက်လိုက်ရာ....

'စိတ်မကောင်းပါဘူး၊ ကျွန်မ အဲဒီ အစားထဲက မဟုတ်ဘူး'

နီးလ်က ပြောင်ပျက်ပျက် ဦးညွှတ်လိုက်သည်။

'ကိုယ်သိပါတယ် အဲဒီအတိုင်း ဖြစ်ရမယ်လေ'

ထို့နောက် ညဦးပိုင်းတစ်ပိုင်းလုံး မိမိဆီမှာပဲ ရောက်နေသည့် သူ့မျက်လုံးများကို ဘက်ဗာလီ သတိပြုမိ၏။ မိမိ အနေအထိုင်အရ ခက်နေသည်ကို ကြည့်ပြီး ပြောင်ချော်ချော် လုပ်နေသော၊ စိန်ခေါ်နေသော၊ အူမြူးနေသော အကြည့်များ။



နီးလ်ပင်သည်လျှင် ကိုယ့်ကိုကိုယ် အံ့အားသင့်သည်။ ဘာ့ကြောင့်များ သည်အမျိုးသမီးကို သည်လောက် အရေး ဝင်စားမိပါလိမ့်။ သာမန် အားဖြင့် ဆိုလျှင် 'ဗလင်တီနို' သို့ လာသည့် မိန်းကလေးများကို သူ စိတ်ဝင်စားလေ့ မရှိ။ ယူနီဖောင်းဝတ် လူငယ်တွေနှင့် လာလေ့ရှိသည့် ဆက်ကော့ လက်ကော့ ဟာမမျိုးလေးတွေကို နီးလ် ပလူးပလဲ မလုပ်။ အဲသည် ဟာမမျိုး ကောင်တော်များများက သူ့ကို ဝိုင်းကြသည်။ တချို့ဆို တဲ့ခေါ် အကြည့်များဖြင့် ကြည့်ကြသည်။ သို့သော် နီးလ်က သူတို့ကို အသိအမှတ်ပြုရုံ မည်ကာမတ္တ မျှသာ အသိအမှတ်ပြုသည်။ သည့်ထက်ပိုပြီး မျက်နှာသာ မပေး။ သူတို့ ဘက်ကလည်း သည့်ထက် အဆင့် ကျော်မလာချင်။

နီးလ်ရွေးသည့် မိန်းကလေးများမှာ မိမိနှင့် အသွင်တူနေသည့် မိန်းကလေးမျိုး ဖြစ်ရသည်။ ရမက်ခိုး ဝေဝါး သိပ် ထက်သက်မြက်မြက်ထဲက မဖြစ်စေရ။ အနေအထိုင်မှာ ကျားပိန်တွယ် တွယ်နေသူ မဖြစ်စေရ။ ဘုံဆိုင် ကြံကုန်သွား သူမျိုးသာ ဖြစ်ရမည်။ သည်လို မိန်းကလေးမျိုးတွေ သူနှင့် လက်တစ်ကမ်းမှာ တစ်ပုံကြီး။ သူ့ဘက်မှ ဘာမျှ တောင်းဆိုခြင်း မပြု။ နှစ်ဦးသဘောတူ ပျော်ရွှင်မှု ရှာကြမည်။ အချိန်တန်လျှင် ကိုယ့်လမ်းကိုယ် သွားကြမည်။ အနှောင်အဖွဲ့တွေ မထား။ သံယောဇဉ် စကားတွေ မဆို။ သူတို့နှလုံးသားတွေသည် နီးလ်၏ ညဥ့်နက်

www.burmeseclassic.com

www.burmeseclassic.com



ဖိုင်း ကာလများအတွင်းသို့ ဝင်လာကြသည်။ အချိန်တန်တော့ ပြန်သွားကြသည်။ သူတို့ဗာစ်တွေကို အခကြေးငွေပေးပြီး ခေါ်သူ မရှိသည်နှင့် နီးလ်ဆီ ရောက်လာကြသည်။ သို့ ရောက်လာသဖြင့် နီးလ်က အခကြေးငွေ ပေးသလားဆိုတော့ မပေး။ သည်ကိစ္စမျိုးနှင့် ပတ်သက်၍ နီးလ် ဘယ်တုန်းကမျှ ငွေကုန်ကြေးကျ မခံ။ အကုန်ခံ၍ မလို။

သူ့မေမေ အိတ္တာလျှံမကြီးကတော့ တစ်ခါတစ်ခါ မြေစာဖူးသည်၊ နီးလ်ရယ်၊ မိန်းမကောင်းလေးတွေများ ရှာဖွေတွဲစမ်းပါဟု၊ သို့သော် နီးလ်က အနှောင်အဖွဲ့ ထားချင်သူ မဟုတ်ဘဲ၊ ခုတွေ့နေသည့် ဘာက်ဗာလီကတော့ မေမေပြောသည့် 'မိန်းမကောင်း' အဆင့်ထဲ ဝင်နေသည်။ သည်အတိုင်းမှန်လျှင်တော့ သည်မိန်းကလေးသည် မိမိကို ဒုက္ခကိုသာ ပေးပေလိမ့်မည်။

သည်မိန်းကလေးသည် မိမိတို့ကမ္ဘာ၏ ဥပဒေသများကို သိရှိနားလည်ထားဟန် မရှိ။ သည်ငှက်ငယ်လေးသည် အကြိုင်နံ့တရားကင်းဆော မိမိတို့ဝန်းကျင် ကောင်းကင်ပြင်ကြီးတွင် တောင်ပံဖြန့် စမ်းသပ်ပျံသန်းဖို့ ကြံစည်နေသည်။ မိက အုပ်ထိန်းမှုအောက်တွင် စည်းနှင့် ကမ်းနှင့်နေထိုင် ကြီးပြင်းခဲ့သော ကလေးတစ်ယောက် ကိုယ်အန္တရာယ် ကိုယ်ရှာနေသည်။ သည်လို မိန်းကလေးမျိုးတွေ အရုံးသစ်ကို ထမ်းတ ရှာဖွေနေချိန်မျိုးကို နီးလ်ကောင်းကောင်း သိသည်။ ခက်တာက သူတို့လေးတွေ



သည် 'တော်လောက်ပြီ' ဆိုသည့် အချိန်ကာလကို မပိုင်းခြားတတ်ကြခြင်းပင်။

သည်လို မိန်းကလေးမျိုး တစ်ယောက်ကို မိမိဘာကြောင့် ချဉ်းကပ်ရယူဖို့ ကြိုးစားနေမှန်း နီးလ် ကိုယ်တိုင်သာ ကိုယ်လည်း မသိ၊ ကောင်မလေးက မိမိကို ရင်ဖို့ ရှာနေသည်တော့ အမှန်၊ သို့သော် သည်ကောင်မလေး မိမိထံ ပြန်မလာပါစေနှင့်ဟု ဆုတောင်း မိသည်။ တိုင် သူ ပြန်လာလိမ့်မည် ဆိုတာကိုလည်း စိတ်ထဲက နေသည်လေ။

* *

မစ်ဂျီတို့အုပ်စုနှင့် ပြန်ထိုင်မိချိန်ထိ နီးလ်၏ ဖိတ်ခေါ်ကို လက်ခံဖို့ ဘာက်ဗာလီ ဆုံးဖြတ်ထားသည်။ မိမိ အပေါ်စား ဆန်သွားမည်၊ နေ့ကော်ပြီး ရှုမိုက်ရာကျ သည်လူက သူ့စိမ်း တစ်ရံဆံ တစ်ယောက်၊ လိုလူစားမှန်း မသိ၊ ဆေးသမား တစ်ယောက် အကြမ်းပတမ်း ကြိုက်သူလား၊ ဘယ်လိုမျှမသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



မိမိဘဝတစ်လျှောက်မှာ ခုလို ခရီးသွားဟန်လွှဲ ကြုံတုန်းဖိတ်ခေါ် ခံစားခြင်းမျိုး တစ်ခါမျှ မကြုံခဲ့စဖူး။

သို့တိုင်....

မိမိ၏ အိမ်ခေါက်ဝတွင် ပေါလ်ယန်းအား နှုတ်ဆက်စကားဆို လက်ဆွဲ နှုတ်ဆက်ပြီးချိန်တွင်မှ ဗလင်တီနို့သို့ပြန်သွားဖို့ ဆုံးဖြတ်လိုက်မိသည်၊ အငှားကားထဲတွင်ထိုင်ရင်း စေ့စေ့ပိုင်းက တစ်ခေါက်လိုပင် သွားရမလား မသွားရမလား ချီတုံချတုံ ဖြစ်နေ၏၊ နောက်ကြောင်း ပြန်လှည့်ဖို့ အကြိမ်ကြိမ် စဉ်းစား၏။

ဗလင်တီနို့ ကလပ်သို့ သူရောက်သွားချိန်တွင် တီးဝိုင်းအဖွဲ့ ခေတ္တ နားနေချိန်ဖြစ်၏၊ အရက်ကောင်တာတွင် ထိုင်နေသော နီးလ်က သူနှင့်အတူ လာထိုင်ဖို့ လက်[...]သည်၊ မိမိကို တွေ့လိုက်ရသဖြင့် နီးလ် နည်းနည်းလေးမှ အံ့အားသင့်ပုံမရ၊ သည်အတွက် ဘက်ဗာလီ စိတ်[...] အောင့်သီးအောင့်သက် ဖြစ်မိသည်၊

'ဟိုင်း....ဘာသောက်မလဲ၊ သူတို့ဆီမှာ သီးသန့်သိမ်းထားတဲ့ စကော့ချ်ဝီစကီပုလင်းတွေတော့ ရှိသေးတယ်[...]'

'ကောင်းသားပဲ၊ ရေနဲ့ပဲရောပေးပါ'

အရက်သူမှား ခပ်လှမ်းလှမ်းရောက်သွားမှ ဘက်[...]ဗာလီက....

'ကျွန်မ ပြန်လာတာ ရှင် နည်းနည်းလေးမှ အံ့အားသင့်ပုံ မရဘူးနော်၊ ရှင်ဒီလိုပဲ ရှင်ကိုယ်ရှင် သိမ်[...]ထားပဲလား'



'ထုံးစံအတိုင်းပဲ'

'ဒီတော့ ရှင်ဒီလိုပဲ လုပ်နေကျ ဆိုပါတော့'

နီးလ်က သူ့ကို ခံစားမှုကင်းမဲ့စွာ ကြည့်လိုက်၏၊

'တိတိကျကျ ပြောရရင် ဒါမျိုးကိုယ်မလုပ်ဘူး၊ မင်းလို မိန်းကလေးမျိုးဆိုတာက ပြသနာရှာတတ်တယ်၊ ကိုယ်က မင်း ပြန်မလာပါစေနဲ့လို့ ဆုတောင်းခဲ့တာ'

ဘက်ဗာလီက ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်ကာ

'ကျွန်မ အချိန်မရွေး ပြန်လို့ရပါတယ်၊ တကယ်တမ်းပြောရရင် ကျွန်မ ဒီမှာ ဘာလာလုပ်နေမှန်းကို မသိဘူး'

'မင်း သိပါတယ်လေ၊ မင်း အိပ်ဖော် ကောင်းကောင်း လာရှာတာ မဟုတ်လား'

ဘက်ဗာလီ မျက်နှာ နီရဲသွားသည်၊ နီးလ်၏ ရိုင်းပြကြောင့် လန့်သွားသည်၊ ခုံတိုင်ပေါ်မှ ဆင်းလိုက်၏၊ [...]လ်က သူ့ လက်မောင်းကို ဖမ်းကိုင်ကာ....

'ပြန်ထိုင်စမ်းပါလေ၊ မင်း တောင်းပန်စကား ကြားချင်သာပဆိုရင် ကိုယ်ပြောနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်[...]ချင်ကိုတော့ ပြောင်းသွားမှာမဟုတ်ဘူး၊ မင်းကိုယ်မင်း သိတောင် ကိုယ်တတော့ မင်းအဲဒီအတွက် လာတာပဲလို့ [...]ယ်က ယူဆထားမှာပဲ၊ ဒီတော့ ဘာဖြစ်သေးလဲကွာ [...]ယ်တို့နှစ်ယောက် ယစ်ရွှေရည်လေး သောက်ကြမယ်၊ [...]စရာ ဓမ္မာစရာလေးတွေ ပြောမယ်၊ နောက်ပြီး နှစ်ဦး

www.burmeseclassic.com



ပျော်ရွှင်မှု ရှာကြမယ်၊ မင်း ဘာဆုံးရှုံးစရာရှိလဲ၊ ဒါ[...]ထက် မင့်နာမည်လဲ မပြောပြသေးပါဘူး'

'ဘက်ဗာလီ၊ ဘက်ဗာလီသီဆန်'

'အင်း၊ နာမည်လှလှ၊ လူလှလှပဲ'

သူက ကောင်မလေး၏ လက်ကို ကိုင်သည်၊ တယ[...] တယ ဆုပ်ကိုင်သည်။

'မင်းပြဿနာ တစ်ခုခုကိုအဖြေရှာဖို့ ကြိုးစားနေတယ[...] မဟုတ်လား ဘက်ဗာလီသီဆန်၊ ကိုယ့်ကို အစားထိုးလိုက[...]ချင်းအားဖြင့် ဒီပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ မင[...] ခပ်မိုက်မိုက် တွေးချင် တွေးထားလိမ့်မယ်၊ အေးလေ[...] ကိုယ်တို့ ဖြေရှင်းနိုင်ရင်လဲ ဖြေရှင်းနိုင်မှာပေါ့၊ မဖြေ[...]ရှင်းနိုင်ဘဲရှိချင်လဲ ရှိလိမ့်မယ်'

နီးလ် တီးဝိုင်းဆီသို့ လှမ်းကြည့်လျက်…

'နောက်ဆုံးတစ်ကြော့ တီးပေးရဦးမယ်၊ မိနစ်နှ[...]ဆယ်လောက်ဆို ကိုယ်ပြန်လာမယ်၊ အဲဒီအချိန်မှာမှ မ[...] ဆန္ဒ ရှိနေသေး မယ်ဆိုရင် မင်းမကျင်လည်ဖူးတဲ့ ကမ္ဘ[...]သစ်တစ်ခြမ်းက လူတွေ ဘယ်လိုနေကြ ထိုင်ကြလဲဆိုတ[...] သိရအောင် ကိုယ်တို့ ထွက်ပြီး လေ့လာကြရတာပေ[...]

နီးလ် တီးဝိုင်းဆီ တက်သွားတော့ အကျိုး[...] အကြောင်းသင့် စဉ်းစားဖို့ ကိုယ့်ကိုကိုယ် အတိ[...]သည်။ မိမိ သည် ပြဿနာတစ်ခုတော့ ရှိပြီ၊ အညီအ[...] မိန်းမသားပီသစွာ အစဲသတ်ရမည်၊ သည် ဂီတဆ[...] ရှိုင်းပြသော စကားများနှင့် ဖော် ကား မော် [...]



စွပ်စွဲချက်များကို ဂရုစိုက်မနေနှင့်။ မိမိသည် တစ်စုံတစ်ခုကြောင့် သည်နေရာသို့ ရောက်လာခြင်းဖြစ်၏၊ ဒါကို သည်လူက သိနေသည်။ ကဲ…. သည်တော့ ဘာဖြစ်သေးလဲ၊ စိတ်ကို လွှတ်ထားလိုက်သည်။ မိမိ အစပျိုးခဲ့သည့် ဇာတ်လမ်း ဘယ်အဆင့်ထိ ရောက်မလဲ၊ ရောက်ချင်ရာ ရောက်ပါစေပေါ့။ အင်း သူ့ကို ငါ့နာမည် အမှန် မပြောခဲ့လျှင် ကောင်းသား၊ နာမည်ရင်းကို သူ သိမှာစိုးလို့ မဟုတ်၊ မိမိသည် အခြား မိန်းကလေး တစ်ယောက်ဖြစ်ချင် သောကြောင့်၊ ဘက်ဗာလီသီဆန် ဆိုသည့် မိန်းကလေးက သည်လိုအကျင့်အကြံမျိုးတွေ ကျင့်ကြံတတ်သူမှ မဟုတ်ဘဲ။

နီးလ် ပြန်ရောက်လာတော့ ဘယ်သောင်ဘယ်တမ်း ရောက်ရောက် သူနှင့်လိုက်သွားဖို့ ဘက်ဗာလီ ဆုံးဖြတ်ထားပြီး ထိုညတွင် သူ့ကို အငှားရိပ်သာ လမ်းရှိ အဒေါ[...]း အရက်ဆိုင် တစ်ဆိုင်သို့ ခေါ်သွားသည်။ အဲဒီမှာ အသားညှပ် ပေါင်မုန့် စားသည်၊ အရက် သောက်သည်။ [...]နက်လေးနာရီ ထိုးသည့်တိုင် စကားပြော ဖြစ်ကြသည်။ [...]က်ဗာလီက မိမိအလုပ် လုပ်သည့်နေရာ၊ နယူးယော[...]က နေသည့် မိဘ နှစ်ပါးအကြောင်း ပြောပြသည်။ ဖရင့်[...]ချိုး အကြောင်းတော့ ထည့်မပြော၊ သို့သော် မကြာသော ကာလအတွင်းက ယောကျ်ား တစ်ယောက်နှင့်[...]သာတ်ပြီး စိတ်အခင်းရဲ့ခဲ့ရကြောင်းတော့ ပြောပြသည်။

'မင့် ယောကျ်ားလား'

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ စေ့စပ်ထားတဲ့လူ'

'ဘာဖြစ်တာလဲ၊ သူ့ကို အဆက်ဖြတ်လို့ မရလို့လား'

ပထမဆုံး အကြိမ်အဖြစ် ဘက်ဗာလီ ပြုံးလိုက်မိ၏။

'သူကဖြတ်တာ၊ နောက် တစ်ယောက်နဲ့ တွဲနေပြီလေ'

'ဩော် ... မင်းကို သူက လှည့်စားတယ်၊ ဒါနဲ့ မင်းက ဒေါကန်ပြီးခုလိုထွက်လုပ်တယ်၊ သမားရိုးကျ ဇာတ်လမ်းပဲပေါ့၊ အင်း.... ဒုက္ခ ဒုက္ခ မင်းတို့ မိန်းကလေးတွေဟာ သင်ခန်းစာ မယူတတ်ကြ ပါကလားနော်'

'ဇာတ်လမ်းက အဲဒီလို မဟုတ်ဘူး နီးလ်၊ သူက ကျွန်မကို စွန့်ပစ်သွားတာ'

'ဘာဖြစ်လို့လဲ၊ မင်းက သူ့ဆန္ဒကို မဖြည့်နိုင်လို့လား'

'မသိဘူး၊ အဲဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်မ အတွေ့အကြုံ သိပ်မရှိဘူး၊ ကျွန်မက သူ ကျွန်မကို မြတ်နိုးတယ်၊ ချစ်တယ်၊ ဖြောင့်ဖြောင့်မှန်မှန် ဆက်ဆံတယ်လို့ ထင်ထားတာ၊ ကျွန်မ ခွဲခွဲခြားခြား မသိတတ် မမြင်တတ်ခဲ့ဘူးလေ'

'ဩော်.... ခံစားချက်တွေ အရောရော အထွေးထွေး ဖြစ်ခဲ့တယ်ပေါ့၊ ဒါ ပထမဆုံး အတွေ့အကြုံ ဖြစ်ရမယ်၊ ဒီတော့ မင်း ကိုယ့်ကိုကိုယ် သနားနေတယ်၊ နာကျည်း ခံစားနေရတယ်၊ မင်းရဲ့ စိတ်ဝေဒနာတွေကို ကိုယ်လို ရမက်ထန်တဲ့၊ ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း ဒရမ်သမားကြီးက ကုစားနိုင်မယ်လို့ ထင်ထားတယ်ပေါ့'



သူ၏ တိကျမှန်ကန်သော တဲ့တိုးစကားကြောင့် ဘက်ဗာလီ တွန့်သွားသည်။

'နားထောင် ဘက်ဗာလီ၊ ကိုယ်တို့ ပထမဦးဆုံး တစ်ယောက်အကြောင်း တစ်ယောက် ရှင်းရှင်းလင်းလင်း သိထားဖို့လိုတယ်၊ ကိုယ့်အနေနဲ့ မင်း တစ်ခါမှ မရောက်ဖူးသေးတဲ့ ကမ္ဘာကို ရောက်ဖူးအောင် လိုက်ပို့ပေးနိုင်တယ်၊ ကိုယ့်စကားဟာ ယဉ်ကျေးဖွယ်ရာ မရှိဘူး၊ မချိုသာဘူး၊ မလှပဘူး၊ ဒါပေမယ့် ဖြောင့်မှန်တယ်၊ မင်း သိချင်ကျွမ်းချင်ပေမယ့် မင်း တစ်ခါမှ မကြုံ မဆုံဖူးတဲ့ လူမျိုးတွေနဲ့ မင်းကို ကိုယ် မိတ်ဆက်ပေးနိုင်တယ်၊ မင်း မူးမေ့သွား လောက်အောင် အချစ်စွမ်း ပြနိုင်တယ်၊ ဒါပေမယ့် မင်းကို ကိုယ် ချစ်လာမှာ မဟုတ်ဘူး၊ မင်းကို လက်ထပ်မှာ မဟုတ်ဘူး၊ အချိန်တန်ရင် ကိုယ့်ခရီး ကိုယ် ဆက်ကြရုံပဲ၊ အဲဒီ စည်းကမ်းချက်တွေကို သဘောတူ လက်ခံရင် မင်း ကိုယ်နဲ့ ဆက်ပြီး စခန်းသွားလို့ ရတယ်၊ ဒါထက် မင်းမှာ အကာအကွယ် လုပ်ထားတာရှိလား'

ဘက်ဗာလီ အာခဆေး ထည့်ထားသလို ခေါင်းခါ ပြမိသည်။

'ဒါဆို မနက်ဖြန်ကျ စီစဉ်လိုက်၊ ကဲ.... လာ လာ မင်းကို အငှားကားပေါ် တင်ပေးလိုက်မယ်၊ မင်းသတိက အဆင်သင့် ဖြစ်ပြီဆိုရင် ကိုယ့်ကို ဘယ်နေရာမှာ တွေ့နိုင်တယ်ဆိုတာ မင်း သိသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဘယ်ဗာလီသည် အိပ်မက်ထဲ လမ်းလျှောက်နေသူ တစ်ဦးပမာ ဆရာဝန် တစ်ဦးဆီ သွားသည်။ 'အကာအကွယ်' ထပ်ဆင်ခိုင်းသည်။ ထိုညမှာပင် သူ ဗလင်တီနိုကလပ်သို့ သွားခဲ့လေသည်။

* * *

ထိုညမှ စ၍ ညစဉ်ညတိုင်း နီးလ် အလုပ်သိမ်းချိန်တွင် နှစ်ယောက်သား ဆုံတွေ့ခဲ့ကြသည်။ များသောအားဖြင့် သူတို့သည် ဂီတသမားအုပ်စုနှင့် ဝိုင်းဖွဲ့ကြသည်။ နီးလ်၏ အပေါင်းအသင်းတွေ လောင်းကစားသမားတွေ၊ လေလွင့်နေသူတွေ၊ ပညာမဲ့ပြီး ပေပေ တေတေ နေသူတွေနှင့် အဝတ်အစား တောက်တောက် ပြောင်ပြောင် ဝတ်စားလေ့ရှိသည့် သူတို့ အမျိုးသမီးများနှင့် ဆုံဖြစ်ကြသည်။ ဝိုင်းဖွဲ့ ဖြစ်သည်။ ပိတ်နေပြီဖြစ်သည့် ညကလပ်များတွင် ယမကာ သောက်ကြသည်။ စာရိတ်တန်းသို့ သွားပြီး မဆန်းသော အစားအသောက်များ စားကြသည်။ အပေါစား အီတာလျံ စားသောက်ဆိုင်များသို့လည်း မကြာခဏ ရောက်သည်။ ထိုသို့ ဆုံတွေ့



တေးလေး ဝါးလေး လုပ်ပြီးလျှင် နီးလ်၏ ညစ်ပတ်ပေရေနေသော အခန်းကျဉ်းကလေးသို့ သွားကြသည်။ နံနက် ခြောက်နာရီလောက် ရောက်တော့ ဘက်ဗာလီ အငှားကားဖြင့် ကိုယ့်အခန်းကိုယ် ပြေးရသည်။

သို့သော် မိမိကိုယ် မိမိ ဖက်ခတ်မှုမှာ အတိုင်းအဆ တစ်ခုထိသာ ခံနိုင်ရည်ရှိသည်။ သူသည် နေ့စဉ် နေ့တိုင်း လေးနာရီ ငါးနာရီမျှသာ အိပ်ပြီး ဘယ်လောက် ကြာကြာ တောင့်ခံနိုင်မလည်း။ တနင်္ဂနွေ တစ်ပတ်လျှင် ငါးရက်၊ သို့မဟုတ် ခြောက်ရက်လောက် အလုပ်ပြီးပြီးချင်း စတိုးဆိုင်မှ အိမ်ပြန်ပြေးလာသည်။ ထိုနောက် ညဉ့်နက်သန်းခေါင်အချိန်ကို နာရီနှိုးစက် ပေးပြီး အိပ်သည်။ ထို နောက် အိပ်ရာမှထ အဝတ်အစား လဲပြီး နီးလ်ထံ ပြေးရသည်။ နံနက် ခြောက်နာရီထိ နီးလ်နှင့် အချိန်ဖြုန်းသည်။ ပြီးတော့ အခန်းသို့ ပြန်ပြီး ရေချိုး အဝတ်လဲ၊ အလုပ်ပြေး။ သူ အိပ်ရေးဝဝ အိပ်ရသည့် နေ့မှာ တနင်္ဂနွေနေ့ တစ်ရက်မျှသာ။ တနင်္ဂနွေနေ့မှာတော့ နီးလ်က အတွေ့မခံ။ ထိုနေ့မှာ နီးလ် မိသားစုများနှင့် အချိန်ကုန်လွန်သည့်နေ့။ ဘက်ဗာလီကတော့ မိမိ ထိုသို့ မိုက်မဲစွာ ကျင်လည်နေသည်ကို ဘယ်သူမျှ အသိမပေး။ မိဘများထံသို့လည်း မသွား။ မိမိဘာသာ မိမိ ဘာလုပ်လို့ လုပ်နေမိမှန်း မသိ။ သူ သိသည်မှာ သည်ဇာတ်လမ်းကို မိမိဘာသာ မိမိ ရုတ်ချည်း စ ခဲ့၏။ ထိုအတူ ဆိုင်းမဆင့် ဗုံမဆင့် ဇာတ်သိမ်းပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက်တွင် အငှားကားထဲ ထွင် ခြေကုန်လက်ပမ်းကျပြီး အိမ်ပြန်လာရင်း အငှားကား ဒရိုင်ဘာက နောက်ကြည့်မှန်ထဲမှ မထေ့မဲ့မြင် ပြုံးဖြီးဖြီး ကြည့်နေသည့် အကြည့်များကို မသိချင်ယောင်ဆောင်နေရ၏။ ထိုအချိန်မှာပင် မိမိ၏ စိတ်ကူးယဉ် ဇာတ်လမ်း တစ်ခန်း ရပ်သွားပြီ ဖြစ်ကြောင်း သိလိုက်ရ၏။

သူသည် ရုပ်ပိုင်းအရ ခြေကုန်လက်ပမ်း ကျနေပြီး၊ ထို့အတူ ရင်ထဲတွင် မုန်တိုင်းထန်ခဲ့သော စိတ်ရှုံး စိတ်ရိုင်းတွေလည်း ခန်းခြောက် ပျောက်ပျယ်ကုန်ပြီ၊ ခုတော့ သူသည် ဘက်ဗာလီသီဆန့် ဘဝကို ပြန်လည် ခံယူချင်လာပြီ၊ အဓိပ္ပာယ်ရှိသော ဘဝကို ပြန်လည် ဦးတည်ပြီး မိမိ၏ စွမ်းအင်များကို လုပ်ငန်းခွင့်အတွက် အသုံးချချင်လာ၏၊ မိမိသည် ဖခင့်၏ စွန့်ပစ်မှုကို ခံရပြီးကတည်းက လုပ်ငန်းခွင်တွင် အင်တိုက်အားတိုက် မရှိခဲ့။ ခုတော့ မိဘနှစ်ပါးနှင့်လည်း တွေ့ချင်စိတ် ပေါ်နေသည်၊ နောက်ပြီး သန့်ရှင်း လတ်ဆတ်သော မိမိအိပ်ရာမှာ တစ်ကိုယ်တည်း အိပ်ခရေဝဝ အိပ်ပစ်လိုက်ချင်သည်၊ 'ရှရတ်'လို အဆင့်ရှိသည့် ဟိုတယ်မျိုးမှာ ညစာ စားချင်သည်၊ ရှစ်နာရီခွဲပွဲ ရုပ်ရှင်ကို ကြည့်ချင်သည်၊

ထိုညက ဗလင်တီနို ကလပ်သို့ မသွား။ ညဆယ်နာရီမှာ အိပ်ရာဝင်ပြီး နံနက် ခုနစ်နာရီမှာ နိုးသည်၊ မှန်ဝါဝါး အမှတ်ရသည်မှာ တစ်ညလုံး တစ်ကြိမ်မျှ တယ်လီဖုန်း ခေါင်းလောင်းသံ မကြားရ၊ ဘက်ဗာလီ အဲ့အား



မသင့်ပါ၊ စကားလုံးများဖြင့် ထုတ်ပြောဆိုခြင်း မပြုသော်လည်း မိမိလာရောက်ဖို့ ပျက်ကွက်ခြင်း အဓိပ္ပာယ်ကို နီးလ်သဘောပေါက်မှာ မလွဲ၊ ခုလို တစ်ဇာတ်သိမ်းသွားသည်ကို နီးလ်က စိမ်းမြင် သာလိမ့်ဦးမည်၊ ဘာပဲဖြစ်ဖြစ် နီးလ်က ရှင်းလင်းချက်တွေ တောင်းခံ နေလိမ့်မည် မဟုတ်၊ မိမိအကြောင်း စဉ်းစားမိသည် ဆိုလျှင်တောင် ရင်ခုန်ကင်းစွာ စဉ်းစားမိမှာပါ၊ နီးလ်မှာ နောက်ကြောင်း ပြန်စဉ်းစား တမ်းတနေဖို့ အချိန်မရှိ၊ သူက ကျွန်းမော တောင့်တင်းသူ၊ တစ်ကိုယ်ကောင်းဆန်သူ တစ်ဦး မဟုတ်လား။ ခုလောက်ဆို နီးလ်သည် မိမိ၏ ကိုယ်ခန္ဓာကို အသုံးချလို ကျေနပ်လောက်ပြီ၊

တကယ်တော့ နီးလ်သည် သူ့ရမက်ဆန္ဒများအတွက် မိမိကို အသုံးချခဲ့သလို မိမိကလည်း နီးလ်ကို အသုံးချပြီး ရင်ကွဲနာ ဝေဒနာကို ကုစားခဲ့သည် မဟုတ်လား။ ခုတော့ မိမိသည် ရင်ထဲမှာ နင့်နင့်နဲ့နဲ နာကျင်ခြင်းမရှိဘဲ ရေဒ့်အကြောင်း စဉ်းစားနိုင်လာပြီလေ၊ နီးလ်အကြောင်းကိုတော့ ဦးနှောက်ထဲမှာပင် မထည့်မိတော့၊

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗာလီသည် ထိုသို့ဘဝကို ရေစုန်မျော လိုက်နေချိန်တွင် မိဘ နှစ်ပါးနှင့် သူငယ်ချင်းများ၏ ဘူးစမ်းလေ လာသော မျက်ဝန်းများကို ရှောင်ရှား နိုင်သော်လည်း အနီးကပ်စောင့်ကြည့် အကဲခတ်နေသည့် ဆီလ်ဗီယာ ရှိုလ့်က်ဇင်၏ အကြည့်များကိုတော့ ရှောင်လွှဲလို့ မရခဲ့ပေ။

ဘက်ဗာလီသည် တစ်ရက်မျှ အလုပ်မပျက်၊ မိမိ၏ တာဝန် ဝတ္တရားများကိုလည်း ဟာကွက် မရှိအောင် ထမ်းဆောင်ခဲ့၏။ သို့သော် သည်ကောင်မလေး အသွင် ပြောင်းနေတာကို ဆီလ်ဗီယာ သတိထားမိသည်။ သူ့ ကြည့်ရတာ သီတင်းပတ်ပေါင်းများစွာ မအိပ်ရသလို ဖြစ်နေသည်၊ နေ့စဉ်ပြီး စိတ်တွေက ကယောက်ကယက် ဖြစ်နေသလိုရှိ၏။ ယခင်က ဘက်ဗာလီထံတွင် တွေ့ရမြဲ ဖြစ်သည့် ဟက်ကြမှု မီးတောက်ကလေး ပျောက်ဆုံးနေသည်ကို တွေ့ရ၏၊ ဆီလ်ဗီယာက သည်ကလေးမအတွက် စိုးရိမ်ပူပန်မိသည်၊ မိမိချစ်သော ကလေးမ တစ်ဦးအနေနှင့်ရော လုပ်ငန်းခွင်တွင် အားထားရသည့် လက်အောက်ငယ်သား တစ်ဦးအနေနှင့်ပါ နှမြောနေမိသည်။

သည်အကြောင်းကို ဆီလ်ဗီယာက မိမိ၏ ခင်ပွန်းသည် ဟာမန်နှင့် တိုင်ပင်ကြည့်သည်။ ယောကျ်ားတစ်ယောက် ယောက်နှင့် ပတ်သက်သောကြောင့် ဖြစ်ရမည်ဟု နှစ်ဦး သဘောတူ ကောက်ချက်ချသည်။ သို့သော် သည်ကိစ္စကို



ဆီလ်ဗီယာက စုံပြီး မဆွေးနွေးမိဖို့ ဟာမန်က အကြံ ပေးသည်။

သို့သော် များမကြာမီအတွင်း ဘက်ဗာလီ ပုံမှန် အနေအထားသို့ ပြန်ရောက်လာသည်ကို တွေ့ရသဖြင့် ဆီလ်ဗီယာမှာ ဝမ်းသာလို့ မဆုံး၊ သတင်းကောင်းကို သူစားရင်း ဟာမန်အား ပြန်လည် ဖောက်သည်ချမိသည်။

သည်တော့ ဟာမန်က ပြုံးစစဖြင့် တစ်ခွန်းပဲ ပြန်ပြောသည်။

အေးကွာ၊ ဒီကောင်မလေး ကြက်သား စွပ်ပြုတ် သောက်ရတဲ့ ပြန်ပြီးနေကောင်းလာတာ ကိုယ်ဝမ်းသာပါတယ်၊ မင်းဟာ အင်မတန် မိခင်စိတ်ရှိပြီး အင်မတန် ဆူးခြားတဲ့ မိန်းမတစ်ယောက်ပါ ဆီလ်ဗီယာ၊ ဒါပေမယ့် ကြက်စွပ်ပြုတ် ချက်တာတော့ ရေရေလှည်လှည် မတူးလန့်တာပဲဟေ့

*

www.burmeseclassic.com

www.burmeseclassic.com

(၃)

နှီးလ်နှင့် အဆက်ဖြတ်ပြီးနောက်ပိုင်း သုံးလအတွင်း ဘက်ဗာလီသည် ငြိမ်းချမ်းသော ပုံမှန်ဘဝသို့ ပြန်ရောက်ခဲ့၏။ ထိုအခေါအတွင်း သူသည် စိတ်အားရုံကို အလုပ်ထဲတွင် နှစ်မြှုပ်ထားခဲ့သည်။ ယောကျ်ားများနှင့် ပတ်သက်လို့တော့ သူသည် ခဲမှန်မှုံးသော စာသူငယ်လို ဖြစ်နေဆဲ။ အမျိုးသားများနှင့် မကြာမကြာတော့ အပြင်ထွက်ဖြစ်သည်။ ညစာစားဖြစ်သည်။ သည်လူတွေအားလုံးကို သူ့သူငယ်ချင်း ရှယ်ခဲလ်က မိတ်ဆက်ပေးသည်ချည်း။ ရှယ်က အခွင့်အလမ်းသာတိုင်း သူ့သူငယ်ချင်းကို အောင်သွယ်တော် လုပ်ပေးနေခဲ့သည်။ သို့သော် သည်လူတွေအားလုံး တစ်ယောက်မျှ ဘက်ဗာလီကို ရင်ခုန်လှုပ်ရှားအောင် မစွမ်းဆောင်နိုင်ကြ။ တစ်ခုတော့ရှိသည်။ အချိန်ကာလမှာ ၁၉၄၅ ခုနှစ်ဝန်းကျင် ဖြစ်သဖြင့် အမျိုး



-ာင်းသားကလေးများသည် နိုင်ငံရပ်ခြားသို့သွားပြီး -မှုထမ်းနေကြသည်။

မိမိတွင် ပုံမှန်အတွဲ မရှိသဖြင့် ဘက်ဗာလီက ဂရု-တ်၊ စိတ်တော့ လွတ်လပ်သေးသည်။ အချစ်မပါ-ဖြင့် ရင်ခုန်ဖို့ရာ၊ စေတနာ မခံစားရ။ စိတ်ကို အသက်-ငြိမ်းကျောင်း ပညာထဲ နှစ်ထားနိုင်သည်။

ခုတော့ သူသည် တစ်ပတ်တစ်ကြိမ် မှန်မှန် မိဘ-ပါးထံ သွားရောက်လည်ပတ်၏။ သူတို့နှင့်အတူ ညစာ-၏။

'သမီးတို့ စတိုးမှာ အလုပ်တွေ အရမ်းပိနေတယ်-ပါရဲ့၊ ဆမီးနဲ့ မတွေ့ရတာတောင် တော်တော်ကြာ-ပြီနော်'

'ဟာ၊ အလုပ်ကတော့ ဂျင်ခြေလည်နေတာပဲ ဖေဖေ'

အိန်ဂျလာ၏ အကြည့်ကို ရှောင်လွှဲရင်း ဘက်ဗာလီ-သည်။

'ဒါပေမယ့် အဲဒီအတွက် အကျိုးကျေးဇူးကို သမီး-သင့်တာထက် မြန်မြန် ဆန်ဆန် ခံစားပေါလိမ့်မယ်-တယ် ဖေဖေ'

-သည်တော့ ဟယ်ရီ စိတ်ဝင်စားသွားသည်။

'ဟာ.... ဒီလိုလား၊ ဘယ်လို အကျိုးကျေးဇူးလဲကွ!-ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



မစ္စစ်ရှလက်ဇင်ဂျာက ပြောတယ်၊ မစ္စဂျမီဆန်က စီး
စားတဲ့ အချိန်ထက်စောပြီး အနား ယူလိုက်မယ်
နောက်နှစ်လလောက် အကြာမှာ သွားကောင်၊ သူ
လိုက်မယ်၊ သူတို့ သမီးကို အဝယ်တော် ရာထူး
တက်ပေးလိုက်မယ် ထင်တယ်'

သူ့ဖခင်၏ မျက်နှာမှာ ဂုဏ်ယူဝင့်ကြွားမှုများ
ဝင်းပသွား၏။

'ကဲ... ကြားလား အိန်ဂျလာ၊ မင့်သမီးက ထိပ်ဆ
အရာရှိကြီး ဖြစ်တော့မှာကွ၊ ငါဖြင့်ကွာ ယုံတောင်
နိုင်ဘူးဟေ့၊ ဒါ နည်းနည်း နောနော အောင်မြင်
မှုတော့တဲ၊ အသက်ကလေးက နှစ်ဆယ့်နှစ်နှစ်တော
မပြည့်တတ်သေးဘူး၊ ဒီလို တာဝန်ကြီးမျိုး ယူရလော
အောင် တော်နေတယ် ဆိုတော့၊ မင်းတို့ ကလင်
ပွဲကစားရင်း မင်း ကြွားစရာ အကြောင်းတစ်ခု ရပြီ
မိန်းမရဲ့'

ဘက်ဗာလီက သူ့မေမေကို စိတ်မကောင်းဖြစ်
ကြီးစွာဖြင့် ကြည့်မိသည်၊ ဖြော်... ယနားစရာ့ မေ
သူ့မိတ်ဆွေ အပေါင်းအသင်း အားလုံးက သူတို့
တွေ အိမ်ထောင်ချပေးရေးအတွက် အလုပ်ရှုပ်
နေကြချိန်မှာ မေမေကတော့ သူ့သမီး လေလွင့်နေ
အတွက် ဆင်ခြေဆင်လက် အမျိုးမျိုး ပေးနေရှာပေ
အဝယ်တော် ရာထူးသို့ တိုးမြှင့်ခံရခြင်းသည် မေ
အတွက် ဖြေစရာလေး တစ်ကွက်တော့ ရနိုင်ပါ



သို့ပေမယ့် မေမေက သတို့သမီး၏ မိခင်ဘဝကို ခံယူရမှ ကျေနပ်အားရ ဝင့်ကြွားချင်သူ မဟုတ်လား။

ခုလည်း အိန်ဂျလာက ဝတ်ကျေတန်းကျေ ဝမ်းသာစကား ပြောသည်၊ ထိုနောက် သမီးဖြစ်သူကို အလုပ်ထဲမှာ နှစ်မခုနဲ့ ပျော်ရွှင်မှုကလေးများလည်း ရှာဖွေဖို့ တိုက်တွန်းသည်၊ ထိုဆက်တည်းပင် သမီးနှင့် တွဲခုနသည့် ဖရင့်ဘာရီးအကြောင်း မေးသည်၊ သည်တော့ ဘက်ဗာလီကလည်း ဖရင့်ဘာရီး လက်ထပ်သွားပြီ ဖြစ်ကြောင်း ခပ်ပေါ့ပေါ့ပင် ပြန်ဖြေခဲ့သည်။

နောက်ထပ် လ အနည်းငယ် ကြာသောအခါ မိမိအား အဝယ်တော် ရာထူးသို့ တရားဝင် တိုးမြှင့်ပေးလိုက်ပြီ ဖြစ်ကြောင်း ဘက်ဗာလီက မိဘနှစ်ပါးအား အသိ ပေးနိုင်ခဲ့လေသည်၊ စင်စစ် သူသည် အသက်နှစ်ဆယ့်နှစ်နှစ်ပင် မပြည့်တတ်သေး ဤမျှ ကြီးမားသော တာဝန်ကြီးကို ထမ်းဆောင်ဖို့ ငယ်လွန်းသေးသည်၊ သို့ပေမယ့် ဘက်ဗာလီသည် ဤတာဝန်ကို ထမ်းဆောင်နိုင်စွမ်း ရှိသည်ဟု ဆီလ်ဗီယာရှလက်ဇင်ဂျာက အားပေးစကားပြောသည်။

ယခုအခါ ဘက်ဗာလီသည် ဆီလ်ဗီယာ၊ ဟာမန့်တို့နှင့် ဆယ်ရက် တစ်ကြိမ်လောက် ညစာအတူ စားနေပြီ၊ သူက သည်ဇနီးမောင်နှံကို ရင်းနှီး ခင်မင်နေပြီ ဖြစ်၏၊ ဇနီးမောင်နှံ ပျော်ရွှင် ချမ်းမြေ့နေသည်ကို မနာလိုပင် ဖြစ်မိသည်၊ တစ်ခါတစ်ခါ တော့လည်း လူအများက

www.burmeseclassic.com

www.burmeseclassic.com



'ချစ်' ဟု အဘိဓာန်မှတ်ထားသော စာမန်ကို ဆီလ်ဗီယာ နားလည်လိုက်ပြီး လေးစားနိုင်ပါမလဲဟု အတွေး ပွားမိသည်။ 'လေးစားမှု' ဆိုသော ဝေါဟာရကို ဘက်ဗာလီ အလေးထားသည်။ အချစ်ဆိုသည်မှာ လေးစားမှု ကို အခြေခံမှ ခိုင်မာသည်ဟု ဘက်ဗာလီ ယူဆထား၏။ စာမန်သည် ခင်မင်နှစ်လိုဖွယ် ကောင်းသည် မှန်၏။ သို့သော် မိမိဆိုလျှင်တော့ သည်လူစားမျိုးကို လက်ထပ်မည် မဟုတ်။ စိတ်ဓာတ်ကြံ့ခိုင်သော မိန်းမသားများသည် မိမိတို့ထက် စိတ်ဓာတ်ကြံ့ခိုင်သော ယောကျ်ားများကို လိုအပ်ပါသည်။ ဆီလ်ဗီယာလို မိန်းမမျိုးသည်ပင် တစ်ခါတစ်ရံ နှဲမှီအားကိုးစရာ ရင်ခွင်တစ်ခုကို လိုအပ်ပေလိမ့်မည်။

သူ၏ဆန်းစစ် ဝေဖန်ချက်ကို သူ့ မိတ်ဆွေသစ် မာရီယံရစ်ချ်မန်က ဘက်ဘာလီထယ် အသက်ကြီးပြီး တစ်ခုလပ် ဖြစ်နေသူ မာရီယံက အောင်မြင်သော ကိုယ်ပိုင် အထည်ဆိုင်လေး တစ်ဆိုင်ဖွင့်ထားသည်။ ဝယ်လ်ဘီစတိုး၏ ပုံမှန်ဖောက်သည် တစ်ဦးလည်းဖြစ်သည်။ မာရီယံနှင့် ဘက်ဗာလီသည် လုပ်ငန်းပိုင်းအရ ဆက်သွယ်ရာမှ ခင်မင်ရင်းနှီးလာကြခြင်း ဖြစ်၏။ ဘက်ဗာလီက သပ်ယပ်သော၊ ထက်မြက်သော၊ မြူးကြွသော မာရီယံကို လေးစားအားကျသည်။ ထို့ပြင် ယောကျ်ားတွေအပေါ် ထားသည့် သဘောထားမှုလည်း အတူတူ၊ အိမ်ထောင်ပြုခြင်းသည် အရာရာတိုင်းအတွက် ထွက်ပေါက် မဟုတ်ကြောင်း သူတို့



နှစ်ယောက်စလုံး ယုံကြည် လက်ခံထားသည်။ သူတို့ နှစ်ယောက်သည် လုပ်ငန်းပိုင်း အရသာမဟုတ်ဘဲ ဝါသနာခြင်း၊ အကြိုက်ခြင်းလည်း တူညီကြသည်။

မာရီယံသည် အိမ်ထောင်သက် နှစ်နှစ် အကြာတွင် အိမ်ထောင်ပျက်ခဲ့၏။ အိမ်ထောင်ပျက်ရခြင်း၏ အဓိက အကြောင်းရင်းမှာ မာရီယံ၏ အောင်မြင်မှု များကို ခင်ပွန်းဖြစ်သူက မနာလိုစိတ် ဝင်လာသော ကြောင့်ပင်။

ခုတော့ မာရီယံသည် ချစ်သူ တစ်ဦးနှင့် တွဲနေသည်။ သူ့ ချစ်သူက အိမ်ထောင်သည် တစ်ဦး၊ သူတို့နှစ်ယောက် တစ်ပတ်လျှင် သုံးကြိမ်တွေ့ကြသည်၊ ညစာထွက်စားကြသည်၊ တစ်ခါတစ်လေ ကဇာတ် ကြည့်ကြသည်။ ပြီးတော့ မာရီယံ၏ အခန်းသို့ ပြန်ကြသည်။

'မမ အဲဒီလို ဟိုဆေးနဲ့ တတွဲတွဲ လျှောက်သွားနေတော့ တစ်ချိန်မဟုတ်တစ်ချိန် ပြဿနာပေါ်မှာ မစိုးရိမ်ဘူးလားဟင်'

တစ်ခါတော့ ဘက်ဗာလီ စိတ်ဝင်တစား မေးကြည့်မိ၏။

'ကလေးရယ်၊ မင်း လက်တင်လူမျိုးတွေရဲ့အကြောင်း မသိလို့ပါ၊ အိမ်ထောင်သက် အနှစ် နှစ်ဆယ် လောက်ရှိနေတဲ့ ဟိုအေလို လူမျိုးဟာ အပြင်မှာ အပျော်ရှာမှာပဲ၊ နောက်ပြီး မမတို့ကတော့ အချစ်မူးနေတဲ့ ဆယ်ကျော်သက် ကလေးတွေလို တစ်ချိန်လုံး ဘယ်အခန်းအောင်းနေနိုင်ပါ့မလဲ၊ အဲဒီလိုနေရင် သုံးလအတွင်းပျင်းရိပြီးနေ့

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ထဲ သေကုန်မှာပေါ့၊ မမတို့ကအချိန်ရတိုင်း အပြင်ထွက်လည်ကြတာပဲ'

'ဒါပေမယ့် သူ့မိန်းမက သိမှာပေါ့၊ အဲဒီမိန်းမက ဘာမှ ပြဿနာ မရှာဘူးလား'

'ပြဿနာရှာဖို့ စိတ်ကူးထဲတောင် ထည့်မယ်မထင်ပါဘူး၊ ပြဿနာ ရှာရင်လဲ သူ့အတွက် အကျိုးရှိမှာ မဟုတ်ဘူးလေ၊ သူကလည်း စပိန်အမျိုးသမီး မဟုတ်လား၊ သူတို့ ဥရောပသူတွေက မွဲတစ်ပေါက် အစွန်းမခံတတ်တဲ့ တို့ အမေရိကန် မတွေနဲ့ အမြင်ခြင်း တူတာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် သူဟာ မယားကြီးဆိုတာ သူသိ၊ သူ့မှာ သားသမီးတွေရှိတယ်၊ အသိုက်အဝန်းရှိတယ်၊ အိမ်ကြီးရခိုင်နဲ့ အခွေခံတွေ အပြည့်ရှိတယ်၊ နောက်ပြီး ဟိုဆေကလဲ သူ့ကို ညာဝါတယ်၊ အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ထားတယ်၊ မမကို ချစ်ပုံချစ်နည်းနဲ့တော့ မတူဘူးပေါ့လေ၊ ကဲ... မင်း အံ့ဩ တုန်လှုပ် သွားပြီလားဟင်'

'ဟင့်အင်၊ မတုန်လှုပ်ပါဘူး ယဉ်ကျေးတယ် ခေါ်ရမှာပေါ့'

'အညာမလေး၊ မင်းသာဟိုဆေရဲ့ မိန်းမဆိုရင် မင်းဒီလို ဘယ်နေနိုင်လိမ့်မလဲ၊ အင်း... ရယ်စရာ ကောင်းတာလေး ပြောရဦးမယ်၊ မမသာ ဟိုဆေရဲ့ မိန်းမ ဖြစ်နေရင်မမလဲ ဒီအဖြစ်မျိုးကို လက်ခံနိုင်မှာ မဟုတ်ဘူး၊ ဒီလိုဖြစ်လာရင် တို့အမေရိကန်မတွေက မာနကြီး တစ်ခွဲသား



ခေါင်းမော့ ရင်ကော့ပြီး ထွက်လာခဲ့မှာပေါ့၊ ပြီးမှ ...ငါမှားလေ့ခြင်းဆိုပြီး ကျိတ်ဆွေးနေ ကြရတာကိုး' ဘာပဲဖြစ်ဖြစ် ဘက်ဗာလီက မာရီယံကိုလေးစားအား ...သည်၊ မာရီယံကား ဝန့်တိုမှုကင်းသူ၊ တောင်းဆိုမှု ...းသူ၊ ပိုင်ဆိုင်လိုစိတ် ကင်းသူ၊ သည်အရည် အချင်း ...းမှာ လူသား တစ်ယောက်တွင် မြင်တွေ့ ရခဲသည့် ...ည်အချင်းများ မဟုတ်လား၊ သို့ကြောင့်လည်း ဟိုမ ...တ် သည့်မရောက် ဖြစ်နေတာဖြစ်မည်၊ သည်တော့ ... မိတ်ဆွေ မာရီယံကို ကြည့်ပြီး သင်ခန်းစာ ယူရ ... လေ့လာဆည်းပူးရမည်။

နေ့စက်တစ်ခါဆိုရင်တော့... နောက်တစ်ခါ ဆိုတာ ...ည်ဆိုလျှင်ပေါ့လေ၊ ဖန်နှင့်နှင့် တုန်းကလို ကလေး ...ား ဆန်သည့် အမှားမျိုးတွေမပြုမိအောင် ထိန်းသိမ်း ...ည်၊ မိမိသည် တစ်ယောက်ယောက်နှင့် ချစ်ကြိုးသွယ်မိ ...ည်ဆိုလျှင် သည်လူကို ကြိုးရှည်ရှည်ဖြင့် လွှန်ထား ...မည်၊ ကြိုးရှည်ရှည်ဖြင့် လွှန်ထားသည့် နည်းမှာ ...င်းကျပ်ဆုံး နှောင်ကြိုးဖြင့် ချည်ထားတာထက် ပိုပြီး ...သည်လေ။

ဟိုဆေ၏ 'မိသားစုနေ့' ဖြစ်သော နေ့များတွင် မာ ...သည် ဘက်ဗာလီနှင့်အတူ နေ့လည်စာ စားလေ့ရှိ ...ခါတိုင်း တနင်္ဂနွေ နေ့များတွင် ခပ်ငြိမ်ငြိမ် ခပ်ဆွေ ... ဖြစ်နေတတ်သော မာရီယံသည် တနင်္ဂနွေ တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



တွင်တော့ ထူးထူးခြားခြား မြူးရွှင်နေသည့်ဘက်ဗလီ
အကျိုးအကြောင်း မေးကြည့်တော့ —

'ဘာထင်လို့လဲ၊ မနက်ဖြန် မမရဲ့ မောင်လေး
မြန်လာတော့မယ်ကွ'

'မမရဲ့မောင်လေး၊ တုတ်လား၊ မမမှာ မောင်လေး
တစ်ယောက် ရှိတယ် ဆိုတာတောင် ကျွန်မ မသိခဲ့
လား'

'အဲ ... မောင်လေး ငယ်ငယ်လေးတော့လဲ မဟုတ်
ပါဘူး၊ တိတိကျကျ ပြောရရင် မမထက် ကိုးနှစ်လောက်
ငယ်တယ်၊ အေးလေ မမရဲ့မျက်စိ ထဲမှာတော့ သူ
ကလေး တစ်ယောက်လိုပဲ မြင်နေတာပဲ၊ အက်ဒ်
ကောလိပ်ကျောင်း ဆင်းပြီး လေတပ်ထဲ လိုက်သွားတာ
နှစ် နှစ်ခွဲရှိပြီ၊ ခုတော့ သူ့ကို ထွက်ခွင့်ပေးလိုက်ပြီ
မမကတော့ သူနဲ့တွေ့ချင်လှပြီ မေမေဆိုတာတော့ ပြော
မနေနဲ့၊ ခုလောက်ဆို သူ့ သား ကြိုက်တတ်တဲ့ ဟင်း
စဉ်းစားလို့ ရသလောက် အကုန်ချက်နေတော့မှာပဲ'

မာရီယံနှင့် မိမိ မဆုံဖူးသေးသော မစ္စစ်ရစ်မန်
အတွက် ဘက်ဗလီ ကြည်နူးစွာ ပြုံးမိ၏။

'ဟာ...ဒါဟာ ပျော်စရာ သတင်းထူးပဲ၊ ဒါနဲ့ သူ
အိမ်ရောက်နေပြီလား ဟင်'

'ဟင့်အင်း၊ ကောလိပ်ကျောင်း ဆင်းခါစကတော့
လျှောက်လည်နေတာပဲ၊ တစ်ချီတော့ မန္တလေး အပန်း
ဖြေထွက်ရင်း စန်ဖရန် စစ္စကိုက ဘောင်မလေး



ယောက်နဲ့ ယူဖြစ်တော့မလိုဖြစ်သေးတယ်၊ တော်ပါသေး
ရဲ့ မယူဖြစ်လို့၊ တိုနိုင်ငံ စစ်ထဲမပါခင်ကတည်းက သူက
ဘုရင့်လေ တပ်မတော်ထဲ ဝင်သွားတာ၊ သူက လေ
ကြောင်းနဲ့ ပတ်သက်ပြီး အရူးအမူး ဝါသနာကြီးတာ
ကလား၊ ငယ်ငယ်ကဆို သူ့ရဲ့ လေယာဉ်ပုံစံတွေကို မမ
ခဏခဏ ခလုတ်တိုက်မိတာပေါ့'

ခု တပ်ထဲကထွက်လိုက်တော့ သူ ဘာလုပ်မယ်ထင်
သလဲ လေကြောင်းဌာနမှာ အလုပ်ဝင်လုပ်မှာလား'

မာရီယံ ရုတ်တရက် စိတ်အိုက်သွားပုံရ၏။

'ဘာသိမှ မကြားရသေးဘူးကွယ်၊ သူဟာ တမ္ဘော
အတော်ဆုံးတွေထဲမှာ တစ်ယောက်အပါအဝင်ပဲ၊ ဒါပေ
မယ့် နည်းနည်းလေးမှ ဂုဏ်မငြိမ်ဘူး။ သူ စဉ်းစား
ကြံစည်လိုက်ရင် လက်တွေ့မဆန်ဆုံး၊ ကြောင်စီစီအနိုင်
ဆုံး စီမံကိန်းတွေချည်းပဲ၊ သူ အမြဲလို ကြံစည်နေတာက
ကုန်တင် လေယာဉ်ကြီး တည်ဆောက်ဖို့၊ ဒါမှ မဟုတ်
ဟောင် ဆပ်ကပ်အဖွဲ့ ထောင်ဖို့၊ ဒါမှမဟုတ် တခြား
မဖြစ်နိုင်တဲ့ စီမံကိန်းမျိုးတွေချည်းပဲ၊ ခု ဒီလောက် နှစ်
တွေ ကြာလာပြီးတဲ့ နောက်မှာတော့ စိတ်ကူးယဉ်တာ
တွေဖျောက်ပြီး အနာဂတ်ရေးအတွက် ဘာကို လက်
တွေ့ကျကျ ရင်ဆိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ'

'ဒီကောင်က ချစ်စရာ သိပ်ကောင်းတယ်၊ ဒါပေမယ့်
ရည်မှန်းချက်ဆိုလို့ တစ်စက်မှ မရှိဘူး၊ ဖေဖေလဲ သူ့လိုပဲ၊
ခင်စရာကောင်းတယ်၊ လက်တွေ့မဆန်ဘူး၊ ဒူးအားလုံးက

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်ကြတယ်၊ မြတ်နိုးကြတယ်၊ ဒါပေမယ့် သူ့အေတော့ ချူးတစ်ပြားတောင် မကျန်ခဲ့ဘူး၊ မေမေဟာ အလုပ်ဝင်လုပ်ပြီး အက်ဒ်ကို ကျောင်းထားခဲ့ရတယ်၊ ခုဆို မောင်လေးဟာ နှစ်ဆယ့်ရှစ်နှစ် ပြည့်တော့မယ်၊ ဒါပေမယ့် သူ့မှာ အသက်မွေး ဝမ်းကျောင်းမှု အတွက် အစီအစဉ်တစ်ခု ရှိတယ်ဆိုရင် ဟော်ဒီဦးထုပ်ကို မမ ကိုက်စားပြမယ်လို့ လောင်းဝံ့တယ်'

'မမဘ မလိုအပ်ဘဲ အစိုးရိမ်သွန်နေပြီ ထင်ပါတယ်၊ မမ သူနဲ့မတွေ့ရတာ နှစ်နဲ့ချီ ကြာနေပြီလေ၊ စစ်အတွေ့အကြုံတွေက သူ့ကို မမ ထင်ထားတာထက် ပိုပြီးရင့်ကျက်သာအောင် ပြုပြင်ပေးလိုက်ချင် ပေးလိုက်မှာပေါ့'

'အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ကွယ်၊ ဒါကလည်း သူ့အတွက်ပါ၊ ဒီကောင်လေး လူပေါင်းလူသင်း မဆန့်ဘူးဆိုတာတော့ မရှိဘူး၊ ဒါပေမယ့် လူခေါ်ကောင်းတစ်ယောက် ဖြစ်နေရုံနဲ့ လူနေမှုစရိတ်ကို မပေးဆပ်နိုင်ဘူးလေ၊ နှုတ်ခွန်းချိုသာစကားပြောတတ်တာ၊ ရယ်မောရွှင်ပြ နေတတ်တာတွေဟာ အောင်မြင်မှုအတွက် အခြေခံလိုအပ်ချက်တွေသာဆိုရင် မောင်လေးဟာ ချေ့စ်ဘဏ်ကြီး ဖြစ်နေတာကြာပြီ၊ ခုတော့ ချေ့စ်ဘဏ်ကြီးပိုင်မယ့်အစား ချေ့စ်ဘဏ်ကြီးက သူ့ကိုပိုင်သွားမှာပဲ၊ နောက်ပြီး မောင်လေးဟာ အသုံးအဖြုန်းကလဲ ကြီးလိုက်သေး၊ ကိုယ်မှာ ဘီယာလောက်ပဲ သောက်နိုင်တဲ့ ငွေကြေး ပမာဏရှိပေမယ့် ရှန်ပိန်လောက်ကို သောက်ချင်တာမျိုး၊ အဲဒီ



တွက်တော့ မမက မေမေ့ကိုအပြစ် တင်တယ်လေ၊ ောင်လေးကို ဖျက်ဆီးတာ မေမေပဲ၊ တစ်ဦးတည်းသော ားလေးကိုး၊ ဒါကြောင့် သူဟာ ဖေဖေနဲ့အရမ်းတူတာ'

နှစ်ယောက်စလုံး နှုတ်ဆိတ်သွားသည်၊ ထို့နောက် င်မှ ဘက်ဖာလီက....

'ကျွန်မတောင် သူနဲ့ တွေ့ချင်လာပြီ'

'အမယ်လေး....တွေ့ရမှာပါ၊ ဒါပေမယ့် မင်းက တိ ခုတော့ ပေးရလိမ့်မယ်၊ မင်း သူ့ကို ချစ်မသွားရ း၊ ဘယ့်နှယ်လဲ'

'အို....မမကလဲ၊ ပေါက်ဘတ်ကရ၊ ကျွန်မ့ကဖြင့် မမ ောင်လေးကိုမြင်တောင် မမြင်ဖူးသေးဘူး၊ အဲဒီလိုပဲ ွန်မကို သူကလဲ မြင်ဖူးသေးတာမှမဟုတ်တာ၊ မမ ဆန္ဒ မခနလွန်းဘူးလား'

'ဒီမယ်....ဘက်ဖာလီ ကလေးမ၊ မမ ပြောထားလိုက် ၊ အက်ဒ်နဲ့တွေ့ရင် လူတိုင်းကျတတ်တယ်ကွယ့်၊ သူက တယ်၊ ရှင်းတယ်၊ ချစ်စရာကောင်းတယ်၊ မမ့စိတ်ထဲမှာ နေတာတစ်ခု ရှိတယ်ကွယ့်၊ မင်းလို မိန်းကလေးမျိုးကို ဆဲဘာကျလိမ့်မယ်'

'အမိပ္ပာယ်က....'

'အဓိပ္ပာယ်က ချောတယ်၊ ပျော်တတ်တယ်၊ ထက် က်တယ်၊ ပြီးတော့....'

'ပြီးတော့ ဘာဖြစ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲ....ဒီစကားလုံးကို မမ မသုံးချင်ဘူး၊ ဒါပေမယ့် ဒီ့ထက်ကောင်းတဲ့ စကားလုံးလဲမရှိတော့ဘူး၊ ကြုံခဲ့ဘယ်၊ မမ သိနေတာက အက်ဒ်ဟာ တစ်နေ့နေ့မှာ သူ့ကို မိခင်လိုထိန်းကျောင်းနိုင်တဲ့ မိန်းမမျိုး တစ်ယောက်ယောက်နဲ့ လက်ထပ်လိမ့်မယ်၊ သူကအိမ်ထောင်ကို ကျားကျားလျားလျား ဦးဆောင်မယ့်အစား သူက ပြန်ပြီးမှီခို လိုရမယ့်မိန်းမမျိုး၊ သူ့ဆီက ဘာမှ ပြန်ပြီးမျှော်လင့်ချက် မထားတဲ့ မိန်းမမျိုးလေ၊ မင်းက အဲဒီ မိန်းမစားမျိုး မဟုတ်ဘူး ဘက်ဗာလီ မင်းက တတိယအကြိမ်မြောက် အားထုတ် ကြိုးစားကြည့်ခဲ့တဲ့ ဆီလ်ဗီယာရှုလက်ဇင်ဂျာ မဟုတ်ဘူး၊ ဒီ့တော့ အက်ဒ်ရဲ့ရုပ်ချော သဘောကောင်း တာလေးကို သွားပြီး မမက်မောမိစေနဲ့၊ မောင်လေးက တကယ့်ကို ချစ်စရာ ကောင်းတာ၊ ဒါပေမယ့် သူက လှုပ်ရှားရုန်းကန်မှု မရှိတဲ့လူ၊ အဲဒီလို လူစားမျိုးနဲ့ မင်းနဲ့ မဖြစ်ဘူး၊ မင်းတို့နှစ်ယောက်စလုံးကို မမ ချစ်တယ်၊ ဒါပေမယ့် မင်းတို့နှစ်ယောက် အိမ်ထောင်ဖက် မဖြစ်စေချင်ဘူး'

ဘက်ဗာလီ အလန့်တကြား ဖြစ်သွားသည်။

'မာရီယံ.... မမဟာက မဟုတ်သေးပါဘူး၊ ကျွန်မတို့ချင်း ဆုံတောင် မဆုံဖူးသေးတဲ့ဟာကို၊ ဘာဖြစ်ဖြစ် မမကို ကျွန်မ ပြောဖူးတယ် မဟုတ်လား၊ ကျွန်မ အိမ်ထောင်မပြုဖို့တောင် စိတ်ကူးနေပါတယ်လို့၊ တကယ်လို့ ကျွန်မ စိတ်ပြောင်းခဲ့ရင်တောင် ကျွန်မ လက်ထပ်တဲ့



သူဟာ ကြွယ်နိုင်ရမယ်၊ အောင်မြင်ရမယ်၊ ပြီးတော့ လူ့အမြင်ကပ်စရာ ကောင်းလောက်အောင် ချမ်းသာရမယ်၊ အဲဒီ စည်းကမ်းချက်တွေ အရဆို မမ့်နဲ့ ကျွန်မ သမီးယောက်မ တော်ရမယ့် အခွင့်အရေးဟာ စိတ်မပူရလောက်အောင် နည်းသွားပြီ ထင်ပါရဲ့'

မာရီယံ သူ့ကိုယ်သူ ရယ်မောလိုက်မိ၏။

'မမ ပြောတာတွေဟာ သိပ်ပြီး ရှေ့စကား နောက်စကား မညီတော့ဘူး ဘက်ဗ်ကွယ့် ခုလေးပဲ အက်ဒ်ကို မိုးထိအောင် ချီးပမြှောက်လိုက် ခုလေးပဲ အဝီစိရောက်အောင် နှိမ့်ချပြောလိုက်နဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ မမ သူ့ကို ဖမ်းလို့ရရချင်း အက်ဒ်ဝပ်ပက်ဘက်ဂစ်ရစ်ချ်မန်နဲ့ မင်းနဲ့ တွေ့ခွင့်ရမှာပေါ့၊ ဒါပေမယ့် လက်ထပ်တဲ့ အဆင့်အထိ တော့ မရောက်စေရဘူးနော်၊ ဟုတ်ပြီလား'

'သတို့သမီးအရန် ဝတ်စုံကို ဝယ်မထားနဲ့ဦးလေ၊ ဒါမှမဟုတ် အုပ်ထိန်းသူလား၊ အဲဒီ အခမ်းအနားမျိုးမှာ တစ်ခုလပ်ဆိုရင် ဘယ်နေရာမှာ နေရသလဲဟင်'

'သတို့သမီးရဲ့ ဘယ်ဘက်မှာ နေရတယ်တဲ့ ကောင်မလေးရဲ့၊ ဒါပေမယ့် အဲဒီလို လက်ထပ်မင်္ဂလာပွဲကသာ တကယ် ပေါ်ပေါက်လာရင်တော့ မမဟာ သတို့သားရဲ့ ဆွေမျိုးအုပ်စု ထိုင်တဲ့ဘက်ခြမ်းမှာ ရှေ့ဆုံး တန်းက ထိုင်ပြီး ပူပန်သောကကြီးစွာ စောင့်ကြည့်နေတဲ့ ပရိသတ် တစ်ယောက် ဖြစ်နေမှာပဲ၊ မမကတော့ ဒီမိုက်မဲမှုမျိုးကို အားမပေးဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'မမဟာစလေ၊ တကာယ်ကို ကြောင်တာပဲ'
ဘက်ဗစလီ ရယ်မောလိုက်၏။
မာရီယံ ခေါင်းညိတ်သည်။
'မင်းဟာ တော်တော်သဘောပေါက်နှေးတဲ့ ကလေးမလေး ပါလားနော်'

* * *

(၆)

သူ့ဘဝမှာ အနန္တရာယ်များ ပြည့်လျှမ်းနေပြီ တောင်ပစိဖိတ်ဒေသတွင် အခြေစိုက်သော လေတပ်စခန်းများတွင် နေထိုင်ရသည်မှာ ပူလောင် အိုက်စပ်လွန်းသော်လည်း၊ တပ်ကြပ်ကြီး အက်ဒ်ရစ်ချ်မန်သည် သူ့ဘဝသူ ပျော်ပိုက် ကြည်နူးခဲ့၏။ စစ်ကြီး ပြီးဆုံးပြီဆိုတော့ အက်ဒ်မှာ စိတ်မအေးချင်းပင် ဖြစ်မိသည်။

သူသည် အသက် နှစ်ဆယ့်ရှစ်နှစ် ပြည့်တော့မည်။ ရုပ်ချောသည်။ အထိုက်အသင့် ဉာဏ်ရည်ထက်မြက်သည်။ ဦးတည်ချက်ရယ်လို့ လုံးဝမရှိ၊ ပျော် ရွှင် မြူး ပြုံးစွာ သောက်သောက် စားစား လူ့မင်းသားဘဝဖြင့် နေသတ်သော သူသည် အရပ်သား လောက၏ စောင်မြင်မှုများကို မနေလိုစိတ် မဖြစ်မိ၊ မူလအခြေခံ ဗီဇကိုက လွှဲရှောင်ရမက်နည်းပြီး ပြိုင်ဆိုင်ခြင်းကို စိတ်မဝင်စား

www.burmeseclassic.com



သော အကာဒ်သည် သူ့အစ်မ ပြောသလို ခင်မင်စရာ ကောင်းသော်လည်း ခပ်ပေါ့ပေါ့ နေတတ်သူ တစ်ဦး ဖြစ်၏။

ထပ်ထဲမစင်မီက အက်ဒ်သည် သူ့မိခင်နှင့် အတူနေသည်။ ယခု တပ်ထဲမှ ပြန်ထွက်လာတော့ အမေ့ အခန်းကိုပင် ပြန်သွားခဲ့၏။ အာတ်အစား အသုံးအဆောင် ပစ္စည်းများကို မိမိနေခဲ့သော အခန်းဟောင်းထဲ ပစ်ထည့်ပြီး ဘဝကို သက်တွေ့ကျကျ ရင်ဆိုင်ဖို့ အလုပ်တစ်ခုခု ရှာဖွေရတော့မည် ဖြစ်ကြောင်း တွန့်ဆုတ်စွာ စဉ်းစားမိ၏။

အက်ဒ်သည် ပျင်းရိသူ မဟုတ်၊ ကောလိပ် ကျောင်းမှ ဆင်းပြီး လေတပ်ထဲမဝင်မီ အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်ခဲ့၏။ အသေးအသတ်စွန်းစား အလုပ်များ၊ သူစိတ်ဝင်စားသော အလုပ်များ၊ သူရသည့် လခက အိမ်ခန်း ငှားခလောက်တော့ ပေးနိုင်သည်၊ သူက ထိုသို့ ပေးဖို့ ပြောသော်လည်း သူ့မေမေက လက်မခံခဲ့၊ မာရီယံကတော့ ကိုယ့်အခန်းနှင့်ကိုယ် နေသူ၊ မာရီယံ အိမ်ထောင်ကျတော့ အက်ဒ် ဆယ့်နှစ်နှစ်သားပဲရှိသေးသည်၊ မာရီယံ တို့ လင်မယားကွဲတော့ အက်ဒ် ဆယ့်ငါးနှစ် ပြည့်ခါနီး လောက်မှာ ဖြစ်၏။

အက်ဒ်က သူ့အစ်မကို ချစ်ခင် လေးစားသည်။ သို့သော် သူတို့ နှစ်ယောက်တော် လုံးဝ အသွင်မတူကြသော လည်း သိသည်။ မာရီယံက ရည်မှန်းချက် မြင့်သည်။



ကြိုးစား အားထုတ်သည်။ ကြည့်လေ…မိမိ ကိုယ်ပိုင် ပွဲ့ရေးလုပ်ငန်းတစ်ခု ထူထောင်နိုင်ဖို့ ကြိုးစားခဲ့ပုံ။ လို အောင်မြင်နေတော့ကော မာရီယံ ပျော်ရွှင်ချမ်း မြေ့မှုကို တကယ်မှ ရရဲ့လားဟု အက်ဒ် တစ်ခါတလေ ဉ်းစားမိ၏။

အမျိုးသူငါက အသိအမှတ်ပြု၊ အထင်ကြီးလေးစား မှုသည် မာရီယံအတွက် အလွန်မတန် အရေးကြီးသည် တာတော့ အက်ဒ် သိသည်။ သို့သော် သည်ကိစ္စတွင် သူတို့နှစ်ယောက် ခံယူချက်ချင်း မိုးနှင့်မြေလို ကွာခြား သည်။ အက်ဒ်က အောင်မြင်မှု ရရေးအတွက် ဘယ်တော့ ကြိုးစား အားထုတ်လိမ့်မည် မဟုတ်၊ ဒုအိုသကမ္ဘာ စ်အတွင်း အချိန်နိုး အသက်ဆုံးရှုံးမှုများကို မျက်မြင် ယ်တွေ့ ကြုံတွေ့လာခဲ့ရတော့ သမားရိုးကျ ဘဝပုံစံ ားသည့် သူ့အတွက် အရေးမကြီးသလို ဖြစ်လာသည်။

ဘဝမှာ အရေးကြီးတာက အသက်ရှင် နေထိုင်ဖို့ ဖို့နှင့်ပျော်ရွှင်ဖို့ပဲ မဟုတ်လား၊ ငွေကိုမကြိုက်မဟုတ်၊ ကြိုက်သည်။ သို့ပေမယ့် သူက ငွေနောက် တစ်ကောက် ကောက် လိုက်နေသူ မဟုတ်၊ သူသည် ချမ်းသာ ကြွယ်ဝ ဖို့မလို၊ ထို့အတူ ကျော်ကြားမှုကော၊ အာဏာကော အောင်မြင်မှု အတိုင်းအတာကို လူတွေ တိုင်းတာနေသည့် ခြားအရာများကိုပါမလို။ သည်အောင်မြင်မှုကိုမမ်းငမ်း တက် လိုချင်နေကြသော သူ့ သူငယ်ချင်းများသည် ဘိ နှလုံးရောဂါ ရနေကြပြီး အလုပ်ကို မီးဟုန်းဟုန်း

www.burmeseclassic.com

www.burmeseclassic.com



တောက်အောင်လုပ်ရင်း အစာအိမ်ရောဂါ ရကြ
သည့် နမူနာကောင်းတစ်ရပ်ဟု အက်ဒ် မယုံကြည်။

မိမိနာမည်ကို တံခါးဝမှာ ချိတ်ထားပြီး ရုံးခန်း
အောင်းနေရသည့်ဘဝမျိုး အထက်လူကြီးကို ဖော်လံဖ
ရသည့် ဘဝမျိုး၊ နယူးဂီနီလို နေရာမျိုးမှာဆို အိမ်သ
စက္ကူအဖြစ် သုံးပစ်မည့် ဘာမဟုတ် ညာမဟုတ် စာရွ
စာတန်းတွေကို မွှေနှောက် လှန်လှောနေရသည့် ဘဝမျ
ကို အက်ဒ် စိတ်ကူးထဲပင်ထည့်လို့မရ။ လူ့ဘဝတွင် ဘ
ဟာ အဓိက၊ ဘယ်ဟာ သာမည စသည်ဖြင့် အက်ဒ် င
ဘဝ ကတည်းက ခံယူလာသည့် အမြင်များ ရှိခဲ့
ထိုအမြင်များကို သူ၏ စစ်ကာလ အတွေ့အကြုံများ
ပို၍ခိုင်မာစေခဲ့သည်။

အိမ်ပြန်ရောက်လာပြီး နောက်ပိုင်း အက်ဒ်သည် မ
ယံနှင့် နှစ်ကြိမ်မျှ ရှေ့ရေးနောက်ရေး ဆွေးနွေးဖြစ်သည်

'ဘယ်သူဖြစ်ဖြစ် ကိုယ့်လမ်းကိုယ်ထွင် လျှောက်ကြ
တာပဲ အက်ဒ်၊ နင် ဆန္ဒရှိသာပဆိုရင် ငါ့ဆိုင်မှာ အလု
တစ်နေရာ ပေးနိုင်ပါတယ်၊ ဒါပေမယ့် နင်လုပ်ချင်မ
မထင်ပါဘူး၊ နင်နဲ့ အဝတ်အထည် အရောင်းစာေ
အလုပ်နဲ့လဲ မကိုက်ပါဘူး'

အက်ဒ်၏ အထိတ်တလန့် ဖြစ်နေသည့် မျက်နှာ
ကြည့်ပြီး မာရီယံ လိုက်လိုက်လှဲလှဲ ရယ်မောမိ၏။

'အမယ်လေး.... ဒီ လောက် တောင် လဲ ထိတ် လ
တကြား ဖြစ်မနေစမ်းပါနဲ့ မောင်လေးရယ်၊ နင် အ



အလုပ်ကိုမှ လုပ်ရမယ်လို့ ငါလဲ မပြောပါဘူး၊ ဒါပေမယ့်
နင် ဘာလုပ်မှာလဲ၊ ဘာလုပ်ချင်သလဲ၊ ဘာ စိတ်ကူး
ရှိသလဲ'

'ဘာမှ မယ်မယ်ရရ မစဉ်းစားရသေးဘူး၊ တစ်ခုပဲ
ရှိတယ်၊ လေကြောင်းနဲ့ ပတ်သက်တဲ့ အလုပ်မျိုးပဲ လုပ်ဖို့
တော့ စဉ်းစားထားတယ်၊ ကျွန်တော် လေယာဉ်မှူး
မဖြစ်ခဲ့တာ သိပ်ဆိုးတာပဲ၊ အင်းလေ....လေယာဉ်မောင်း
တာထဲ ရုပ်ပိုင်းဆိုင်ရာ စစ်ချက်ကို အောင်မှာ မဟုတ်
တော့ဘူး၊ ကျွန်တော် စိတ်ဝင်စားတာကလဲ ပျံသန်းနေ
ရတာ တစ်ခုပဲရှိတယ်၊ အဲ....စီးပွားရေး လေကြောင်း
ကုမ္ပဏီတစ်ခုမှာ လေယာဉ်မောင်း ဝင်လုပ်ရင်တော့ ရမယ်
ထင်တယ်၊ မမ ဘယ်လို သဘောရသလဲ၊ သိပ်ပြီး သေး
နုပ်နေသလား၊ အဆင့်မရှိဘူးလား'

'မကြောင်စမ်းပါနဲ့ မောင်လေးရယ်၊ အဲဒီအလုပ်ကိုမှ
တကယ်လုပ်ချင်တယ်ဆိုရင် လုပ်သာလုပ်၊ ဒီအလုပ်လုပ်
လို့ သိက္ခာကျစရာအကြောင်း ဘာမှမရှိဘူး၊ အနာဂါတ်
အတွက် တိုးတက်မှု ဘယ်လိုရှိမလဲဆိုတာတော့ ငါမသိ
ဘူး၊ ဒါပေမယ့် နင့်ဘဝအတွက် အကောင်းဆုံး အခွင့်
အလမ်း မဟုတ်ဘူးလို့တော့ ငါထင်တယ်'

'မမ တကယ်တော်တယ်၊ မမဟာ လူတစ်ဖက်သား
ကို တကယ် နားလည်တတ်တာပဲနော်'

'ငါ နင့်ကို မှ နားလည်လိုက်တယ် ထင်တာပဲ၊ နင်
ပြောနေတဲ့ အလုပ်မျိုးက ငွေကြေး အပိုင်းအရ သိပ်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျက်လေ့ကျက်သွားလား မနေပေမယ့် နင် စိတ်ဝင်စားနေရမယ်၊ လူရိုးသော ရှင်ရိုးသော ဖြစ်နေရမယ်၊ နောက်ပြီး နင်ချစ်ချင်သလို ဝေဟင်မှာ ပျံနေရမယ်။ ဒီအလုပ်မျိုးနဲ့ နင် တစ်သက်လုံး နေနေချင် မနေချင်တော့ မသိဘူး၊ ဒါပေမယ့် ကြားခံ အလုပ်တစ်ခု အနေနဲ့တော့ လုပ်သင့်ပါတယ်'

သို့ဖြင့် မလေကြောင်းအတွေ့အကြုံ ရှိသော ချစ်ခင်နှစ်သက်ဖွယ် စရိုက်ရှိသော အင်ဂျင်အနေဖြင့် စီးပွားရေး လေကြောင်း ကုမ္ပဏီကြီး တစ်ခုတွင် လေယာဉ်မောင်း အလုပ်ကို အခက်အခဲမရှိ ရခဲ့လေသည်။

သည်အလုပ်ကို သူကြိုက်သည်။ ခရီးသည် များအား စောင့်ရှောက် ပို့ဆောင်ရတာကို စိတ်မပျက်၊ နောက်ပြီး လေယာဉ်မှူး၏ အမိန့်များကို နာခံတာလည်း စိတ်ထဲ ဘယ်လိုမှ သဘောမထားဘူး။ မာရီယံ ပြောတာတော့ မှန်သည်။ အနာဂတ် အတွက် တိုးတက်မှုသိပ်မရှိသော အလုပ်မျိုး။ သို့ပေမယ့် သည်ကိစ္စကို သူ ခေါင်းထဲ မထည့်။ သူက တကိုယ်တည်းသမားပဲ၊ မိမိကလေးကသူ့ အလုပ်နှင့်သူ သူ့ဝမ်း သူကျောင်းနေသူ။ မာရီယံဆိုတာက စီးပွားရေး အောင်မြင်နေသူ။ သည်တော့ နက်ဖြန်အတွက် စိုးရိမ် ပူပန်နေတာ မိန်းမဲ့ရှာကျသည်။ ဂျပန်နိုင်ငံအပေါ် ကြဲခဲ့သည့် ဗုံးကြီးက သူ့ကို သင်ခန်းစာ ပေးထားသည်လေ။ သည်နေ့ သင်သည် တီယာသောက်ပြီး ရယ်မောရွှင်ပြ ဖြစ်နေမည်။ နက်ဖြန်ကျတော့ သင် သေနေနိုင်သည်



ဂျပန် တိုက်လေယာဉ် တစ်စင်းကြောင့် ဖြစ်ဖြစ်၊ ပဉ္စမ ရိုပ်သေ လမ်းမပေါ်မှာ မောင်းလာသည့် အငှားယာဉ် တစ်စီးက တိုက်သွားသောကြောင့် ဖြစ်ဖြစ်ပေါ့။ သည် တော့ သည်နေ့နှင့် နက်ဖြန် ကြားကာလလေး အတွက် ပူပန်ကြောင့်ကျနေလို့ အကျိုးမထူး။

ဘက်ဗားလီနှင့် ဆုံတွေ့လိုက်ရတော့ သူ့အမြင်တွေ ပြောင်းသွားသည်။

သူ့ အစ်မ၏ အရောင်းပြခန်းထဲတွင် ပထမဆုံး စ တွေ့ လိုက်ကတည်းက သည်မိန်းကလေး အလွန်မတန် လှ ကြောင်း သတိထားမိသည်။ ညစာ အတူစားကြတော့ သူတို့ သုံးယောက် ရယ်မောရွှင်ပျ စကားတွေ ဖောင်ဖွဲ့ ကြသည်။ အက်ဒီက စစ်ပွဲအတွေ့အကြုံ ဇာတ်လမ်းများ ကို ပြောပြသည်။ သူပြောသမျှ ဇာတ်လမ်း များမှာ တခစ်ခစ် ရယ်မောနေရသည့် ဇာတ်လမ်း မျိုးတွေချည်း။ သူပြောတာတွေ နားထောင် ရတော့လည်း ကြောက်မက် ဖွယ်စစ်ပွဲကြီးသည် ကလေးတွေ စစ်သားလုပ်တမ်းကစား နေပုံထက် ဘာမျှပိုပြီး ထူခြားလေးနက်မှု မရှိတော့။

သြော်... ဒါကြောင့်လည်း ဗရုတ်သုတ်ခနှင့် အပူ အပင်ကင်းစွာနေတတ်သော သူ့မောင်လေးကို မာရီယံ ချစ်နေတာဖြစ်မှာပဲဟု ဘက်ဗာလီ သဘောပေါက်မိသည်။ နောက်ပြီး အက်ဒီနှင့်တွေ့သည့်မိနစ်ကလေးတိုင်း အိပ်မွေ့ ချော့ခြင်းခံရသလို မျောပါရတာပဲဟုလည်း နားလည် လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အက်ဒ်က ညစာ စားနေရင်း သူ့အစ်မဘက်လှည့်ပြီး အပြစ်တင်ဟန်မျိုးဖြင့် ....

'မမကတော့ စံပါပဲ၊ မမ ကျွန်တော့်ကို ချီးသား တယ်မှုတ်လား၊ ကျွန်တော် လူမှုရေးလောကထဲ ပြန်ရောက်နေတာ သုံးပတ်ရှိပြီ၊ ခုမှပဲ ဘက်ဗာလီနဲ့မိတ်ဆက် ပေးတော့တယ်၊ ဘာဖြစ်တာလဲ မာရီယံ၊ ကျွန်တော်နဲ့ မိတ်ဆက်ပေးရမှာ ရှက်နေလို့လား'

ဘက်ဗာလီက မာရီယံအတွက် ဝင်ဖြေပေးသည်။

'အဲဒါနဲ့ ဆန့်ကျင်ဘက်ပါရှင်၊ သူက သူ့ရဲ့ရုပ်ချော သဘောကောင်း မောင်လေးကို ကျွန်မတွေ့ပြီး ကြိုက် မသွားစေချင်လို့ နေမှာပါ'

သူတို့ စကားတွေက ပျော်စေ ပျက်စေ သဘောမျိုးဖြင့် ပြောသည့် နောက်ပြောင်ကြည်စယ်စကားများ၊ သို့သော် သည်စကားများ နောက်ကွယ်တွင် မောင်လေးကော ကောင်မလေးပါ တစ်ဦးအပေါ် တစ်ဦး စိတ်ဝင်စားမှု များ ပါဝင်နေသည်ကို မာရီယံ သတိပြုမိလိုက်သည်။

အင်း....တကယ်တော့ ငါဟာကဝေတစ်ယောက်ပါလား။ သည့်လို ဖြစ်လာမယ်ဆိုတာ ငါ ကြိုသိနေတယ်လေဟု မာရီယံ တွေးမိ၏။

'ဟုတ်လား၊ ဒီတော့ဗျာ သူထင်တာကော မှန်ရဲ့လား'

ဘက်ဗာလီ ပြုံးလိုက်၏။

'သူက အမြဲတမ်းမှန်နေတာရှင့်၊ ခုလောက်ဆို ရှင် မသိသေးဘူးလား'



'မောင်လေးနော် ဒီစကားတွေခေါင်းထဲအဝင်မခံနဲ့၊ က်ဗာလီက သဘောကောင်းတာလောက်ကို ဖြုံတာ တ်ဘူး၊ နေစက်ပြီးသူက နေခင်ရေးအတွက် အားလုံး က်ရိုက်စီစဉ်ပြီးသား၊ ဒီတော့ နင် မမျှော်လင့်လေနဲ့၊ က်ဗာလီက ထိပ်တန်း အရာရှိကြီး ဖြစ်လာမယ့် လမ်း ါ်မှာ လျှောက်နေတာ၊ ခေါင်းထဲ ပျံသန်းနေတဲ့ ာင်လေးတွေဆိုတာ ဘယ်လောက်ပဲ ချောချော သူ့ ထဲ ဝင်တိုးဖို့ နေရာမရှိဘူး'

နှစ်ဦးစလုံး မာရီယံကို အံ့အားတသင့် ကြည့်မိကြ၏။ ရီယံ ခါတိုင်း သည်လို ပြတ်ပြတ် တောင်းတောင်း ားမျိုး မပြောခဲ့ဖူး၊ ဘက်ဗာလီ ကတော့ သည် ားအဓိပ္ပာယ်ကို ကဘောပေါက်သည်။ အံ့ဩနေရသူ အက်ဒ်၊ သူ့အစ်မ၏စကားက ဘာအဓိပ္ပာယ် ပါ သတိပေးစကားလား။

ထို့နောက် ဘက်ဗာလီကပင် စကားဝိုင်းကို စိုပြည် ခင် အစ ပြန်ဖော်သည်။

'မာရီယံက ကျွန်မကို သက်သက် မြှောက်နေတာ၊ နိမလို အထက်တန်းကျောင်းဆင်းတစ်ယောက်အနေနဲ့ ခနေတဲ့ ရာထူးနဲ့ဆိုရင် မဆိုးပါဘူး၊ ဒါပေမယ့် ကျွန်မ ယ် ကျွန်မ ထိပ်တန်း အရာရှိကြီး အဆင့်မျိုး ထိတော့ င်းပါဘူး၊ ရှင်ကော အက်ဒ် မာရီယံပြောတယ်၊ ရှင် ရန်စတိတ်လေကြောင်းကုမ္ပဏီမှာ အလုပ်ရပြီဆိုပျော် သား၊ ဘာတွေလုပ်ရလဲဟင်....'

www.burmeseclassic.com

www.burmeseclassic.com



အက်ဒ်က မုသားစကားများကို တမင်တကာ စီကာ စဉ်ကာ ပြော၏။ သူ့အလုပ်မှာ ခရီးသည် ကြီးကြပ်ရေး ဖြစ်ကြောင်း၊ လေယာဉ်ဝန်ထမ်းများ တာဝန် ကျေပွန်မှု ရှိ မရှိလည်း ထောက်လှမ်းကြီးကြပ်ရကြောင်း စသည်ဖြ စိတ်ကူးယဉ်လို့ရသမျှ အကုန်လျှောက်ပြော၏။

သူ့စကားများကြောင့် မာရီယံ မျက်လုံး အပြူး သားဖြင့် နေသည်။ သည်ကောင်လေး ဘာတွေ လျှောက် ပြောနေပါလိမ့်။ အက်ခ်သည် ခုလို မဟုတ်မတာ တွေ ပြောလေ ပြောထ ရှိသူမဟုတ်။ ခုတော့ မိမိက ဘက်ဖာလီ ကို အမှန်အတိုင်း ပြန်ပြောလိမ့်မည် မဟုတ်ဟု အရဲစွန့် ကာအလိမ်အညာ စကားတွေ လျှောက်ပြောနေသည်။

ကောင်း သည်ကောင်လေး သူ့ကို ဘက်ဖာလီ အထင် မသေးစေချင်တာ ဖြစ်မည်။ သူ့ မုသားစကားများက သူတစ်ဖက်သား ထိခိုက်လောက်သည့် စကားမျိုးတော့ မဟုတ်၊ သို့သော် အမင် လိမ့်ပြောနေတာတော့ အမှန် သို့ဆိုလျှင် သည်ကောင်လေး သူ့ကိုယ်သူ အရေးပ အရာရောက်သူ တစ်ဦးအဖြစ် ခံယူချင်စိတ် ပေါက်သ ပြီလား။ ယခင်က ဆို သည်လိုအကြောင်းမျိုးမျိုး အက်ဒ် ဘယ်တုန်းကမျှ မပြောခဲ့။

သနားစရာ ကောင်းလိုက်ပါတဲ့ မောင်လေးရယ် ကဲ... ခုတော့ အဆင့်အတန်းဆိုတာ သူ့ နေရာနှင့် သူ အရေးကြီးကြောင်း နှင့် မြန်မြန်ဆန်ဆန်ကြီး သိလာပြ မဟုတ်လား။



သည်ကောင်လေး အတွေးအမြင်တွေ ပြောင်းလဲလာ တာ ဖြစ်မည်။ သူ လက်ရှိလုပ်နေသည့် အလုပ်ဆည့် ဘက်ဖာလီလို ကောင်မလေးကို ဆွဲဆောင်နိုင်စွမ်း ရှိ လောက်အောင် အဆင့်မရှိဟု သိမြင်လာတာ ဖြစ်မည်။

အက်ဒ်၏ သူ့ဆန္ဒကို ကွက်တိ မှန်၏။ ဘက်ဖာလီ သူ့ကို စိတ်ဝင်စားနေပြီ၊ သို့သော် မိမိသည် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာဖို့ ရည်မှန်းချက် မရှိကြောင်း၊ ယခု မိမိလုပ်နေသည့် အလုပ်မှာ အဆင့် မရှိသည့် လစာမနည်းအလုပ်မျှသာ ဖြစ်ကြောင်း အမှန်အတိုင်း ထုတ်ပြောခဲ့လျှင် ဘက်ဖာလီ ခုနလောက် စိတ်ဝင်စားခြင်း ဖြစ်လိမ့်မည် မဟုတ်။

ခုတော့ ဘက်ဖာလီ တစ်မျိုး စဉ်းစားနေ၏၊ နောက် နေ့ကျလျှင် မာရီယံထံ ဘယ်လိုဖုန်းဆက်ပြီး ပြောရမည်။ မမ့ရဲ့ မောင်လေးဟာ ဧစ်ပွဲ အတွေ့အကြုံတွေကြောင့် ပြောင်းလဲရင့်ကျက်လာပါပြီ မမရဲ့၊ ဒီလို ဖြစ်လာလိမ့်မယ် ဆိုတာ မမကို ကျွန်မ ကြိုပြောခဲ့သားပဲဟု။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ကျတော့ အက်ဒ်ဂါက ဘက်ဗာလီကို ညစာ အတူထွက်စားဖို့ ဖိတ်သည်။

သူတို့နှစ်ယောက် နေ့ချင်း ညချင်း ရင်း နှီး သွားသည်။ ဆတ်တွဲတွဲ ဖြစ်သွားသည်။

ကနဦးမှာတော့ ဘက်ဗာလီ ခပ်တွန့်တွန့်ပင်။ ခဲမှန်ဖူးသည့် စာသူငယ်လေး။ နှလုံးသား ဒဏ်ရာတွေက လုံးလုံးလျားလျား ပျောက်ကင်းသည် မဟုတ်သေး။ သို့ပေမယ့် အက်ဒ်ဂါက ခင်မင်တွယ်တာစရာ ကောင်းလွန်းသည်။ ဘက်ဗာလီ ဘဝတွင် သည်လို ဆွဲဆောင်နိုင်လွန်းသော ယောကျ်ားမျိုးနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူး။

အခြား ယောကျ်ားများနှင့်ဆိုလျှင် ဘက်ဗာလီက 'ပေး' ခဲ့ရသူချည်း။ ခု အက်ဒ်ဂါနှင့်ကျတော့ ဘက်ဗာလီက 'ခံယူ'ရသူ။ ဘက်ဗာလီ ပျော်သည်၊ ကျေနပ်သည်ဆိုလျှင် အက်ဒ်ဂါက ဘာမဆို ပျော်တတ် ကျေနပ်တတ်သူ။

ဤကား ဘက်ဗာလီအတွက် စွဲမက်စရာ အတွေ့အကြုံသစ် တစ်ခု။ မိမိ၏ အတ္တမာန တရားများ အတွက် အားဆေးတစ်မျိုး။ သည်တော့ အက်ဒ်ဂါကို တစ်စထက် တစ်စ သံယောဇဉ် ကြီးလာသည်။ တစ်နေ့ထက် တစ်နေ့ ပိုချစ်လာသည်။ သူတို့ နှစ်ယောက် စုံတွဲပြီး တစ်လ ပြည့်သည့်နေ့တွင် အက်ဒ်ဂါက သူ့မေမေ၏ သူ့ အခန်း ဟောင်းကို စွန့်ခွာပြီး ဘက်ဗာလီ၏ အခန်းသို့ ပြောင်း ရွှေ့ခဲ့သည်။



သူတို့ နှစ်ယောက် ထိုသို့ အတူနေကြကြောင်းကို မာရီယံမှ လွဲပြီး ဘယ်သူ့ကိုမျှ အသိမပေးခဲ့။ အက်ဒ်ဂါက မိမိ အခြား လေယာဉ်မောင်များနှင့် အတူ နေသည်ဟု မိခင်ဖြစ်သူအား ပြောထားသည်။ နေရာထိုင်ခင်းတော့ သိပ်မကောင်း၊ သို့ပေမယ့် လေယာဉ်ကွင်းသို့ သွားရေး လာရေး လွယ်သည်ဟုလည်း ဖြီးထားသည်။ သူက မိခင် ဖြစ်သူထံ တစ်ပတ်တစ်ကြိမ် သွားသည်။ ထိုညမှာပင် ဘက်ဗာလီသည်၊ မိဘနှစ်ပါးထံ သွားသည်။

သူတို့အကြောင်းကို သိခါစကတော့ မာရီယံ သိပ် မကြည်။ သို့ပေမယ့် 'ဘားသို့မှမရဘဲ' ဟူသောသဘော ဖြင့် လက်သင့်ခံလာသည်။ သူတို့ နှစ်ယောက် စိတ်ရှုးထ ကုန်း တွဲကြတာပဲ ဖြစ်ပါစေဟု ကျိတ်ပြီး ဆုတောင်းမိ သည်။ သည်အကြောင်း ဘက်ဗာလီနှင့် ဆွေးနွေးတော့ ဘက်ဗာလီက သူ အိမ်ထောင်ပြုဖို့ထိ မစဉ်းစားကြောင်း ပြောသည်။

'ခုတိုင်းနေတာ အကောင်းဆုံးပါ မမရယ်၊ အိမ် ထောင်ပြုလိုက်ရင် ကြည်နူးစရာတွေ အကုန်ပျက်စီးသွား မှာမယ် ထင်တယ်'

'မှန်တာပေါ့ကွယ်၊ မင်းတို့ နှစ်ယောက်စလုံး အညွန့် အလူလူ ဘဝမှာရှိနေသေး တာပဲဟာ'

အက်ဒ်ဂါကတော့ ထိုသို့မမြင်၊ သူက အရူးအမူး ချစ် နေပြီ၊ စွဲစွဲလန်းလန်း ချစ်နေပြီ၊ နိုးကြောင်ခိုးကြောင် နေရ တာတွေ ဟန်ဆောင် နေရတာတွေကို စိတ်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှပသော၊ အောင်မြင်သောမိမိ၏ကောင်မလေးအကြောင်း ပေါ်ပေါ်ထင်ထင် ထုတ်ကြွားခွင့် မရတာကို မုန်းသည်။

'ဒီလိုနေရတာကြီးက မနိုင်ပါဘူးကွာ၊ ကိုယ်တို့နှစ်ယောက်စလုံး လူလွတ်တွေ၊ ကိုယ့်ကို တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်၊ ဒီတော့ ကိုယ်တို့ ဘာဖြစ်လို့ ဒါကို တရားဝင် မကြေညာကြသေးတာလဲ'

သီတင်းပတ် ခြောက်ပတ်အကြာတွင် အက်ဒီ စကားစသည်။ သည်တော့ ဘက်ဗာလီက ရယ်မော ပစ်လိုက်တာ....

'ဟောတော့၊ မြင်းကမလှုပ် ခုံကလှုပ်နေပါပြီ ကောင်လေး၊ မောင်က ရိုးအားကြီး သစ္စာရှိတဲ့ ယောကျာ်းသား တစ်ယောက် ဖြစ်ချင်တယ်ဆိုပါလေ၊ အချစ်ရယ်၊ နည်းနည်းလေး အချိန်ယူပါဦး၊ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်၊ မှန်တယ်၊ ဒါပေမယ့် အတူတကွ အခြေချဖို့ ဆိုတာတော့ စောလွန်းပါသေးတယ်၊ နှစ်ယောက်စလုံး အတွက် စောတာပေါ့၊ ကျွန်မက တစ်သက်မှာ တစ်ခါပဲ အိမ်ထောင်ပြုချင်တာ မောင်ရဲ့၊ ဒီတော့ ကျွန်မတို့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိလာအောင် အချိန်ယူလိုက်ပါဦးလား'

'ခုကော တစ်ယောက်အကြောင်း တစ်ယောက် မသိလို့လား'

'သိပါတယ်၊ ဒါပေမယ့် သိသင့်တဲ့ ပုံစံမျိုးနဲ့ မသိကြသေးဘူးလေ၊ ဆစ်ဒနီတစ်ခု ပေးရမယ်ဆိုရင် မောင့်



အလုပ်ကြီး၊ အဲဒီ အလုပ်ကြီးက အိမ်မှာ တစ်ဝက်၊ အပြင်မှာတစ်ဝက် နေရတဲ့ အလုပ်မျိုးကြီး၊ ဒီအလုပ်မျိုးနဲ့ဆို အိမ်ထောင်ရေး သုခ အပြည့်အဝရမယ် မထင်ဘူးလေ၊ ခွဲနေရတဲ့ အချိန်တွေက များနေတာမဟုတ်လား'

သည်တော့ အက်ဒီ နှုတ်ပိတ်သွားသည်။ သူသည် ဘက်ဗာလီအား ခုထိ မိမိ၏ အလုပ်အကိုင် အမှန်အကြောင်း ဖွင့်မပြောရသေး၊ ထုတ်ပြောလျှင် မိမိအား 'လူလိမ်' အဖြစ် သတ်မှတ်ပြီး ဘက်ဗာလီ စိတ်ဆိုးသွားမှာ စိုးသည်။ ခက်တာက ဘက်ဗာလီ ပြောတာလဲ မှန်နေသည်။ မိမိအလုပ်မှာ တစ်ပတ်လျှင် သုံးလေးရက် လေယာဉ်နှင့် လိုက်ရသည်။ မကြာမကြာ ညအိပ်ရသည်။ သည်ကြားထဲ မိမိသည် ခရီးသည် ကြီးကြပ်ရေး အရာရှိဆိုသော အလတ်တန်းစား အရာရှိလေး မဟုတ်ဘဲ လေယာဉ်မောင်း တစ်ယောက်သာ ဖြစ်ကြောင်း ဘက်ဗာလီ သိသွားလျှင်.... တော်သေးသည်၊ မာရီယံက သည်ကိစ္စကို သူ့နှင့် မဆိုင်သလို နေခဲ့ပေလို့။

ထိုသို့ အမှန်အကန်ကို ဖွင့်ဟ ဝန်မခံ ဖြစ်သည်မှာ အကြောင်းရှိပါသည်။ မိမိအား 'ခရီးသည် ကြီးကြပ်ရေး အရာရှိ' ကလေးဟု သိမှတ်ထားသည့် ဘက်ဗာလီက မိမိသည် ထိုရာထူးလောက်ဖြင့် မတန်ဟု ယူဆထားသည်။ သူကိုယ်တိုင်က ရည်မှန်းချက် ကြီးသူဆိုတော့ မိမိကိုလည်း ကြီးစေ အားထုတ်မှု ရှိစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗာလီသည် သူ့အောင်မြင်မှုအတွက်ကြည်နူးနေသူ၊ သို့သော် သူသည် မိန်းမသား မဟုတ်လား၊ မိန်းမသား သဘာဝအတိုင်း ချစ်သူကို မှီခို့ချင်သည်၊ အားကိုးချင်သည်၊ သူ့ချစ်သူသည် သူ့ထက် အောင်မြင်သော လေးစားလောက်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်စေချင်သည်၊ သည်တော့ အက်ဒ်ကို ယခုလုပ်နေသည့် အလုပ်မှ ထွက်လိုက်စေချင်ကြောင်း အရိပ်အမြွက် ပြောနေသည်၊

'မောင်ရယ်၊ ဒီအလုပ်ကြီးလုပ်နေရတာမောင့်အတွက် အချိန်တွေ အလဟဿ ဖြစ်ပါတယ်၊ မောင့် ဦးနှောက်မျိုး၊ မောင့် ရုပ်ရည်မျိုး၊ မောင့် အရည်အသွေးမျိုးနဲ့ဆို တစ်နေရာမဟုတ် တစ်နေရာမှာ ဒုတိယ ဥက္ကဋ္ဌ ရာထူးလောက်ကို ရနိုင်တာမောင်ရဲ့'

သည်တော့ အက်ဒ်က မိမိဝါသနာပါ ကျွမ်းကျင်သည်မှာ လေကြောင်းနှင့်သာ ပတ်သက်ကြောင်း၊ အခြားလုပ်ငန်း များတွင် မိမိ ဝင်တိုးနိုင်မည် မထင်ကြောင်း စီးပွားရေးလောကမှ ကျားများမှာ မိမိရင်ဆိုင် တိုက်ခဲ့သည့် ဂျပန်များထက် ကြောက်စရာ ကောင်းကြောင်းဖြင့် အကြောင်းပြသည်၊

'မောင်ဟာ ကိုယ့်ကိုကိုယ် လျော့တွက်လွန်းတာကိုး၊ စီးပွားရေး လောကမှာ မောင့် တစ်ဝက်လောက်တောင် ဦးနှောက်မရှိဘဲလုပ်ငန်းကြီးတွေ ပိုင်ထားတဲ့ လူတွေပြည့်လို့၊ ကောင်းပြီ၊ မောင့်ကိုဘာဖြစ်လို့ အလုပ်ထွက်စေချင်



လဲဆိုတာ နောက်တစ်မျိုး အကြောင်းပြမယ်၊ မောင့် အနာဂါတ်ကာလမှာ ဒီထက်ကောင်းတဲ့ အခွင့်အလမ်းကြီးမျိုး ရှိနေတယ်လို့ ကျွန်မယုံကြည်ထားတယ်၊ ဒါပေမယ့် ပြောရတာတော့ စိတ်မကောင်းဘူး၊ မောင့်ကို အလုပ်ထွက်ခိုင်းနေတဲ့ အခြေခံ စေတနာ ဆန္ဒက အတ္တဆန်နေမလား မသိဘူး၊ မောင်ခုလို အမြဲတမ်း ခရီးထွက်နေရတာကို ကျွန်မ မုန်းတယ်၊ မောင်ဒီမြို့ထဲမှာပဲ အလုပ်တစ်ခုရှာဖွေ လုပ်စေချင်တယ်လေ၊ ဒါမှ မောင်နဲ့ ကျွန်မ အမြဲအတူနေရမှာ မဟုတ်လား'

ဘက်ဗာလီကား နှုတ်တရွတ်နိုင်လှသည့် ကောင်မလေး၊ ရည်မှန်းချက်တွေ ဘယ်လောက်ကြီးကြီး၊ ဘဝအားမာန်တွေ ဘယ်လောက်ပြင်းပြင်း မိန်းမသားဟာ မိန်းမသားပါပဲ၊ နွဲ့မှီချင်သည်၊ အားကိုးချင်သည်၊ အယုအယ ခံချင်သည်၊ သည်အတွက် အက်ဒ်က သည်ကောင်မလေးကို ပိုလို့ပိုလို့ ချစ်ရသည်။ သူ့အတွက်ဆိုလျှင် မိမိ၏ စိတ်ချမ်းမြေ့မှုကိုပင် စွန့်ပစ်ဖို့ ဝန်မလေး။

'ဒီတော့ မင်းက ကိုယ့်ကို ဘယ်တော့လက်ထပ်မှာလဲ'

'မကြာမီပေါ့ကွယ်'

ဘက်ဗာလီက သူ့အား နမ်းရင်း အဖြေပေးခဲ့သည်။

နောက်နေ့ကျတော့ အက်ဒ်က သူ၏ အလုပ်မှ နှုတ်ထွက်ခွင့်ပြုစာကို ဘက်ဗာလီအား ပေးအပ်ခဲ့၏။

အက်ဒ် အလုပ်ထွက်ခဲ့ပြီးကြောင်း သိရတော့ ဘက်ဗာလီ ဝမ်းသာလို့မဆုံး။ အက်ဒ်က ဘယ်လောအခါမှ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သစ်တစ်ခု ရှာဖွေရနိုင်ပါမလဲဟု မှုပ်နှံစကား ပြောတော့လည်း ဘက်ဗလီ မတုန်မလှုပ်။

'ဘာ ဝရှုစိုက်စရာ လိုလို့လဲမောင်၊ ကျွန်မတို့မှာ နေဖို့ အခန်းရှိတယ်၊ စားဖို့ အစားအစာ လုံလုံလောက်လောက် ရှိတယ်၊ အို...မောင်ရယ်၊ မောင်တစ်ယောက် ကျွန်မ အနားမှာ အမြဲရှိနေတော့မယ်ဆိုတာ သိရတော့ ဝမ်း သာလိုက်တာ၊ ကျွန်မမှာ အချိန်ပိုင်းမုဆိုးမ တစ်ယောက် လို ခံစားနေရတဲ့ဘဝက လွတ်ပြီပေါ့နော်'

'အချိန်ပြည့် ဇနီးတစ်ယောက်ကော မဖြစ်ချင်သေး ဘူးလားဟင်'

'မကြာမီပေါ့ မောင်ရယ်'

ဘက်ဗလီ သည်စကားပဲ သုံးပြန်သည်။

'ကိုယ်ကော ဘာဖြစ်လို့ အချိန်ဆွဲနေရမှာလဲကွယ်၊ မင်း အနေနဲ့ ချစ်ဖော် တစ်ယောက်ကိုတောင် ထောက်ပံ့ ထားနိုင်သေးရင် လင်ယောကျ်ား တစ်ယောက်ကိုလဲ ထောက်ပံ့နိုင်ရမှာပေါ့'

ကောင်မလေးက သူ့ကို နမ်းလိုက်၏။

'ပေါက်တတ်ကရတွေ မပြောနဲ့၊ အဲဒါနဲ့ တစ်မှုမဆိုင် ဘူးမောင်'

'ဒါဆို ကိုယ်တို့ ဘာဖြစ်လို့ လက်ထပ်ကြသေး တာလဲ'

'ကျွန်မ ပြောခဲ့ပြီးပြီကော မောင်ရယ်၊ ကျွန်မတို့ ကိုယ့် ဆန္ဒကိုယ် သေချာလိုမှာ စေချင်တယ်လေ၊ ကျွန်မ မောင်နဲ့



မြမှခွဲ နေချင်တယ်ဆိုတာ မောင် သိပါတယ်၊ ဒါပေ မယ့် အိမ်ထောင်ပြုတယ် ဆိုတာက ဘဝရဲ့ ကြီးမားတဲ့ ချီးအတွေ့ ကြီးတစ်ရပ် မဟုတ်လား၊ စိတ်ချပါမောင် ယ်၊ မကြာမီအတွင်း ကျွန်မတို့ မြို့တော်ခမ်းမကို သွား ကြရမှာပေါ့၊ ကျွန်မ ကတိပေးပါတယ်နော်'

သူ့ကတိ အကောင်အထည် ပေါ်လာအောင် လေး တိတိ စောင့်ခဲ့ရသည်။ လေးလကျော်တွင် လက်ထပ် လိုက်ကြပြီး သူတို့သည် ပူပင်ကြောင့်ကြကင်းစွာ ပျော် ရွှင်ချမ်းမြေ့ခဲ့ကြသည်။ နံနက်မိုးလင်းသျှင် ဘက်ဗလီ အလုပ်သွားသည်၊ အက်ဒ္ဒါက အိမ်မှာကျန်ရစ်ခဲ့သည်။ ဘက်ဗလီ အလုပ်ဆင်းလာချိန်တွင် အက်ဒ္ဒါက ညစာကို အသင့်ပြင်ဆင် ချက်ပြုတ်ထားသည်။ ပထမသုံးလအတွင်း အက်ဒ္ဒါအတွက် သင့်လျော်သော အလုပ်ရှာမရ။ သို့သော် ဘက်ဗလီ စိတ်မပျက်၊ အက်ဒ္ဒါအား မိခင်စိတ်ဖြင့် ပိုလို င် သနားရသည်၊ ချစ်ရသည်။

ဖယ်ရှင် မဂ္ဂဇင်းတစ်ခုတွင် ကြော်ညာ တာဝန်ခံ အလုပ်ကို ရသည့်နေ့ကဆို ဘက်ဗလီမှာ ပျော်လို့မဆုံး။ ပျော်ရွှင်မှု အထိမ်းအမှတ်အဖြစ် အပြင်ထွက်ပြီး ညစာ စားဖို့ ဘက်ဗလီက အဆိုပြုသည်။

'ကျွန်မတို့ ဝန်ဖိုင့်ကလပ်မှာ သွားစားကြမယ် လေ၊ ဒီည က အမှတ်တရည မဟုတ်လား'

'ချီးတူး၊ အဲဒီဆွားချလောက်အောင် ကိုယ့်မှာ ပိုက်ဆံ မရှိဘူးကွ'

www.burmeseclassic.com

www.burmeseclassic.com



တက်ဗာလီက မျက်မှောင်ကျုံ့ယောင်ပြုလိုက်က...

'အလို...ကိုယ်မှာ ဆိုတာက ရုတ်တရက်ကြီး ဘယ် ဖြစ်လာရတာလဲ၊ ကျွန်မတို့ ဝေမျှ အကုန်အကျခံ နေ ကြတာပဲ မဟုတ်လား မောင်ရဲ'

'ဝေမျှ အကုန်အကျ မခံသလောက်ပါပဲကွာ၊ အ အရာရာ မင်းပဲ ပေးနေရတာ လှ ပဲ ချီနေပြီမဟုတ်လ အခန်းခ၊ စားသောက်စရိတ်၊ အရက်ဖိုး၊ ယုတ်စွအဆ ကိုယ့်အတွက် ဝတ်စုံသစ်တောင် ဝယ်ပေးနေရတာလေ'

'မောင်ရယ်၊ အဲဒီအတွက် မောင် စိတ်အနှောင့်အယှ မဖြစ်ဘူး မဟုတ်လား၊ အဲ...ကျွန်မလဲ စိတ်အနှော အယှက် မဖြစ်မိဘူး'

အင်္ဂဒ် ပြုံးလိုက်၏။

'ဟင့်အင်း....အဲဒီလို ပေးနေရတဲ့အတွက် မင်း ကို ကို အချစ်လျော့မသွားသရွေ့ ကာလပတ်လုံး ကို စိတ်အနှောင့်အယှက် မဖြစ်ဘူး'

ထို့နောက် ရုတ်ခြည်း လေးလေးနက်နက် ဖြစ်သွ ပြန်ဆည်၊

'တစ်ခါတလေကျတော့ အစစအရာရာ မင်းကခ အကုန်အကျ ခံနေရတဲ့ကိစ္စကို ခုထက်ပိုပြီး ကိုယ် အ ထားသင့်တယ်လို့ ထင်လာတယ်ကွယ်၊ ငွေဆိုတာ ဘယ် နဲ့ပဲသုံးသုံး အရေးမကြီးဘူး၊ သုံးနိုင်ဖို့သာ အဓိက ထင်ခဲ့တယ်၊ ဒါပေမယ့် ကိုယ့်အမြင် မှားချင် မှ



အပေါ့၊ မင်းကို မထောက်ပံ့နိုင်တဲ့ လူတစ်ယောက်ကို င်း တစ်နေ့မဟုတ်တစ်နေ့ စိတ်ကုန်သွားနိုင်တယ်လေ'

'အတိတ်ကာလမြတ်ရှိယာကို သုံးပါမောင်၊ မထောက် နိုင်ခဲ့ဘူးလို့ ပြောပါနဲ့ မောင်ဟာ မဂ္ဂဇင်းကြီးတစ်စောင် သူဌေး ဖြစ်နေပြီလေ၊ သတိထားပါဦး'

'ဇါမှားသူဌေးပါ၊ အဲဒီ ရာထူးမှာ ကိုယ့်ကို လူရွေး ားပြီး ခန့်လိုက်တယ် ဆင်တာပဲ၊ ရှုံးလုပ်ငန်းတွေကွာ၊ ခ ကလဲ ဖြစ်စလွှာက်နဲ့'

'ဒါပေမယ့် မောင် အောင်မြင်မှု လမ်းကြောင်းပေါ က်နေပြီလေ၊ ခုဟာက အစပဲ ရှိသေးတာပဲ၊ မောင် ဆက်အသွယ် ကောင်းကောင်းတွေ ရလာလိမ့်မယ်၊ န်မ လောင်းဝံ့ပါတယ်၊ မောင် အဲဒီအလုပ်မှာ တစ်နှစ် ခင် မကြာစေရဘူး၊ စောင့်ကြည့်နေ၊ မောင့်ကို ဆက်ကောင်းတဲ့ အလုပ်တွေ ကမ်း လှမ်း လာ ကြ မယ်'

သူ့စကားမှာ တစ်ဝက်ပဲ မှန်သည်။ အက်ဒ်သည် အလုပ်တွင် နှစ်လပဲ လုပ်သည်။ ထိုနောက် ထွက်လိုက် သူသည် အဆက်အသွယ် ကောင်းကောင်းတွေ မရခဲ့၊ သည့်အပြင် သာသည့် အလုပ်တွေလည်း လှမ်းခြင်း မခံခဲ့ရ၊

'ဒီအလုပ်ကို ဆက်လုပ်နေလို့ အချိန်ဖြုန်းသလိုနေ တခြားလူတွေက ဒီမှာ လုပ်လာတာ ဘယ်နှစ်၊

www.burmeseclassic.com

www.burmeseclassic.com



အနှစ် နှစ်ဆယ်တောင် ရှိနေပြီကွ၊ သူတို့က ကိုယ့်
ကြီးကြီးမားမား နေရာမျိုး ကယ်တက်ခွင့်ပေးပါမလဲ
ကိုယ် စိတ်မကောင်းပါဘူး အချစ်ရယ်၊ ကိုယ် ထွက်လို
တာ မှားလားဟင်'

'အို၊ မမှားပါဘူး၊ ဒီလို တက်လမ်းမရှိလို့တော့ အ
လုပ်နေမလဲ မောင်၊ မောင် တခြား ဒီထက်ကောင်း
အလုပ်တစ်ခုခု ရဦးမှာပေါ့'

'မင်းကတော့ အံ့သြစရာကောင်းတဲ့ မိန်းကလေး
ပေ၊ ကိုယ် စောစော ပြန်လာပြီး ညစာကို အပျော်
ချက်ထားတယ်ကွ၊ မင်း အဝတ်အစား လဲနေတုန်း ကို
မှာတီနီ အေးအေး စိမ့်စိမ့်လေး စပ်ထားလိုက်မယ်နေ

ရေချိုးနေရင်း ဘက်ဗာလီ စိုးရိမ်သောကတွေ
မလာအောင် ကိုယ့်စိတ်ကိုယ် ထိန်းနေရသည်၊ သူ
လက်ထပ်ခဲ့တာ တစ်လရှိပြီ၊ အက်ဒ်အား မဂ္ဂဇင်း
အလုပ်ခန့်ခြင်းမှာ ဘက်ဗာလီက အပြန်အလှန် အ
ပြုမှုများ ပြုလုပ်ပေးမည် ဆိုသောကြောင့်သာ ဖြစ်
ခဲ့တော့ ဘက်ဗာလီ လိပ်ပြာမသန့်တော့၊ မောင်က
လုပ်စေချင်သော အလုပ်ကို စွန့်လွှတ်ခဲ့ပြီလေ၊
ဖြစ်ဖြစ် မိမိ ကျေနပ်နှစ်သိမ့်အောင် သူ့ ဘက်က
တော့ ကြိုးစားခဲ့ရှာသားပဲ၊ သူ မပျော်ပိုက်သည့် အ
ကို ဇွတ်ဆက်လုပ်နေစေခြင်းသည် ကိုယ့်ဘက်က မ
ရာ ကျသည်၊



သည့်ထက် သာသည့် အလုပ်တစ်ခုခုတော့ ရဦးမှာ
ပါလေ၊

* *

မိမိက လုပ်ငန်းပိုင်းမှာ တိုးတက် အောင်မြင်နေ
သလောက် အက်ဒ်က တိုးတက်မှုမရှိ၊ အောင်မြင်မှု မရှိ၊
ဘဲ နေသည်၊ ဆုတ်ယုတ်လို့ပင် သွားသေးသည်၊

အက်ဒ်သည် နောက်ထပ် အလုပ်မရ မဟုတ်၊ ရသည်၊
သော် လူလျှော့သည့်အထဲ ပါသွားတာက တစ်မျိုး၊
တ်ပျက် ငြီးငွေ့ပြီး အလုပ်ထွက်သွားတာက တစ်မျိုးဖြင့်
အလုပ် ရလိုက်၊ ထွက်လိုက် ဖြစ်နေသည်၊

အက်ဒ်သည် လက်ထပ်ခါစတုန်းကအတိုင်း တစ်စက်
လေးမျှ မပြောင်းလဲမလာ၊ ဟင့်အင်း၊ မပြောင်းလဲဆိုတာ
တိအကျ မမှန်သေး၊

သူသည် ခါတိုင်းလိုပင် ဘက်ဗာလီကို မြတ်မြတ်နိုးနိုး
၏၊ ချစ်မြဲ ချစ်နေ၏၊ ဘက်ဗာလီ၏ ထွန်းတောက်လာ
သော အနာဂါတ်ရေးအတွက် သူတာ လေးယက်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ထက်သင် ပို့ပြီး ဂုဏ်ယူ ဓမ်းသာနေဟန်ရှိ၏။ ဇနီးသည်၏
အောင်မြင်မှုများကိုမိမိ၏ မအောင်မြင်မှုများနှင့် ချိန်ထိုး
ပြီး မစ္ဆရိယစိတ်များ၊ မနာလိုစိတ်များ မွေးမွေး၊ တစ်နေ့
တစ်ချိန်ချိန်တွင် ဘက်ဗာလီသည် စတိုးဆိုင်ကြီး၏ ဥက္ကဋ္ဌ
ရာထူးကို ရလာလိမ့်မည်ဟု ပစ် ကြိုတင် ဟောကိန်း
ထုတ်နေ၏။

သူ့ အက်ကာ ကြောင်းလဲမှုမှာ အလုပ်ရှာဖွေရမှာ
ရသည့် အလုပ်ကို သည်းခံ စွဲမြဲစွာလုပ်ဖို့ ပို၍
တွန့်ရှုံလာခြင်းပင်။ တစ်ခါတလေ ရက်သတ္တပတ်ပေါင်း
များစွာ အလုပ်မရှာဘဲ နေချင်နေသည်။ အခန်း ငှားခ
အစရှိ၏ လိုအပ်ချက်များကို ဘက်ဗာလီက ဖြည့်ဆည်း
ပေးနေသည်ကို အာတစ်ခွန်းမျှ ခဝ ဖန်ပြောဆို ခြ
ပြုဘဲ လက်သင့်ခံတတ်သည်။ သူ့မှာ အလုပ်ရှိနေသည့်
ကာလမျိုးတွင် ဘက်ဗာလီအတွက် ပေါက်တက် က
လက်ဆောင်တွေ ဝယ်လာလေ့ ရှိသည်။ ဘက်ဗာလီ
ဒါမျိုးတွေ ဝယ်လာမည့် အစား အိမ်သုံးစရိတ်မျ
ကာမိအောင် ထောက်မစေချင်သည်။ အမြဲလို အလ
လက်မဲ့ ဖြစ်နေသောဘာကို ခပ်ဖော့ဖော့ ခံအားဆေ
ရင်ဆိုင်နေသည့် သူ့ သဘောထားကို ကြာ တော
ဘက်ဗာလီ အမြင်ကပ်လာသည်။ မကျေမနပ် ဖြစ်လာ
သည်။ မိန်းမာ ပြန်လည်ထောက်ပံ့ ကျွေးမွေးသည့်
နည်းနည်းကလေးမျှ မရှက်ပါကလားဟု ဘက်ဗာ
ဒေါသထွက်မိသည်။



သည့်သို့သဘောသဘာဝ ရင်ထဲအုံကျင်းဖွဲ့လာသဖြင့်
ဘက်ဗာလီ ကိုယ့်ကိုကိုယ်လည်း စက်ဆုပ်မိသည်။ တကယ်
တော့ သည်လူသည် မိမိအတွက် ဆိုလျှင် အသက်ကိုပင်
ပေးဖို့ ဝန်မလေးသူမဟုတ် ထပ်ဆင့် ပြောရ လျှင် သည်
ဘက်လမ်းကို မိမိက စ ခဲ့ခြင်းဖြစ်၏။ မိမိက ပထမ
ခြေလှမ်းကို စ လှမ်းခဲ့သည်။ အက်ဒ်က မိမိ၏ ဆန္ဒကို
လိုက်လျောသည်းပေးခဲ့သည်။ ခုတော့ မောင်က မိမိအပေါ်
မှီခို၍ မှီခိုနေပြီ၊ မောင်က ဝတ်စုံသစ်ချုပ်ပြီး မိမိ၏
ရင်ခွင်းမှာ ထည့်သည့်အခါမျိုး၊ သူငယ်ချင်း အပေါင်း
အသင်းများ ဖိတ်ပြီး အရက်သောက်ပြီး အရက်ဖိုးကို မိမိက
ပေးချေရသည့် အခါမျိုးတွေတွင် ဘက်ဗာလီ ရင်ထဲ
အားစက် တင်းမာသော ခံစားချက်များ ဖြစ်ပေါ်လာ
သော၏။

ဘက်ဗာလီက မိမိ၏ မကျေနပ်ချက်များကို သိုးတော
တော အရိပ်ပြသည်။ စကားအခြေအတင် ပြောရခြင်း
မျိုးတော့မရှိ။ အော်ကြီးဟစ်ကျယ် ရန်ဖြစ်တာမျိုးလည်း
မရှိ။ ယဉ်ယဉ်ကျေးကျေး ဆက်ဆံသည်။ နားလည်မှုရှိစွာ
ပြောဆိုကြသည်။ မိမိ၏ ရင်တွင်း ခံစားချက်များကြောင့်
ကိုယ့်ဘာသာကိုယ် လိပ်ပြာမသန့်သော ဘက်ဗာလီက
အခွင့်ကိုပိုပြီး ချိုချိုသာသာ ပြောဆိုသည်။ ပို့ပြီး ကြင်
ကြင်နာနာ ဆက်ဆံသည်။

သို့သော် ...

www.burmeseclassic.com



တစ်ဘက်က လေးစားမှု ပေါ်လျော့လာတော့ က
တစ်ဘက်မှ ချစ်ကြင်စိတ်တွေလှည်း နည်းပါးလာသ
အိပ်ရာထဲမှာ နှစ်ကိုယ် ကြည်မွေ့မှုမျှဝေးပင် ကျလာသ
ဘက်ဗာလီ၏ ရှောင်ဖယ်ဖယ် အနေအထိုင်များကို အက
မသိမှုဟုတ်၊ သိသည်၊ သို့ပေမယ့် အက်ဒ် စိတ်ဆိုးခြ
မျိုး၊ ဇွတ်တောင်းဆိုခြင်းမျိုး မရှိ၊ ဘာဖြစ်တာလဲတ
မမေး၊

မောင်ဘစ်ယောက် အာမခံ အရောင်းကိုယ်စားလှ
အလုပ်ကိုရတော့ ဘက်ဗာလီ ခါတိုင်းလို ပျော်ရွှင်မြူး
ခြင်း မဖြစ်မိ၊ သူက ငမ်းသာကြည်နူးဟန် ဆောင်
သို့သော် သူက ဟန်ဆောင်တောင်းသူ မဟုတ်၊ သူ
အရာ ဘယ်သေက် ညှိသလဲဆို မောင်သည်ပင်
ကျိုးကျဲ လုပ်မနေနိုင်တော့၊

'ဒီအလုပ်လဲ အခြားအလုပ်တွေလို ဖြစ်မှာပဲလို့
ထင်နေတယ် မဟုတ်လား'

'မဟုတ်ရပါဘူး မောင်ရယ်၊ ဒီအလုပ်ကတော့
ဝင်ငွေစရာ ကောင်းမှာပါ မောင်ရဲ့'

'ဒီအလုပ်ကတော့ ကိုယ်နဲ့ ကိုက်ပါတယ်၊ ဒါကို
သိနေတယ်လေ၊ မယုံရင် စောင့်ကြည့်'

သို့ ပြောခဲ့သည်မှာ လွန်ခဲ့သည့် နှစ်နှစ်က၊
ဗာလီ အံ့အားသင့်ရသည်မှာ မောင်တစ်ယောက်
ထိ သည်အလုပ်ကို ဆက်လုပ်နေခြင်းပင်၊ သို့တိုင်



၏ ဂန္ဓမငြိမ်သည့် အရိပ် လက္ခဏာ လေးတွေကတော့
တွေ့နေရသည်၊ သူ့ကို ဘာကြောင့် ရာထူးတိုးမပေးသေး
ပါလိမ့်ဟု သူ အံ့သြနေသည်၊ ဌာနတိုင်းတွင် ပြိုင်ဆိုင်မှု
များကြောင့် ရာထူးတက်ဖို့ နှစ်ကြိမ် လက်လွှတ် ခဲ့ရ
ကြောင်း၊ သို့ပေမယ့် ရာထူးတက်ရေးအတွက် အထက်
လူကြီးကို ခြေဆုပ်လက်နယ် ပြုခြင်းမျိုးတော့ တစ်သက်
မလုပ်ဟု မောင် ကြွေးကြော်သည်၊

တစ်ညမှာတော့ သူတို့နှစ်ယောက် ဩစတြေးလျသို့
သွားရောက် အခြေချလျှင် ကောင်းမည်ဟု စကားစ
သည်၊ စစ်အတွင်းတုန်းက သူ ဩစတြေးလျသို့ ရောက်ဖူး
သည်၊ ဩစတြေးလျသည် ဘဝကို လူတစ်လုံး သူတစ်လုံး
ဖြစ်အောင် ထူထောင်ဖို့ အခွင့်အလမ်း ကောင်းသော
ဒေသဖြစ်သည်ဟု ပြောသည်၊

သို့သော် ဘက်ဗာလီက စိတ်မဝင်စား၊ သဘောမတူ၊
မိမိအလုပ်ကို စွန့်ပစ်ခဲ့ဖို့ကို စိတ်ကူးထဲပင် မထည့်နိုင်၊
သူက 'ယှဉ်နိုင်ရင် ယှဉ်လိုက်လေ' ဆိုသော နယူးယောက်
၏ သဘောထား ခံယူချက်ကို ကြိုက်သည်၊

'မောင် လက်ရှိအလုပ်ကနေ ထွက်မလို့တော့ မဟုတ်
ပါဘူးနော်၊ မောင် ခုအလုပ်နဲ့ အဆင်ပြေနေပုံ ရသားပဲ'

'မထွက်ပါဘူး အချစ်ရယ်၊ ဩစတြေးလျအကြောင်း
ပြောတာက တစ်ခါတလေ လုပ်ငန်းခွင်မှာ အဆင်မပြေ
လို့ ညည်းတွားတဲ့သဘောမျိုး သက်သက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



အက်ဒီ တိုးတိတ်စွာပြော၏။ ပြီးသော် ချစ်ဇနီးအနမ်းတပ်ပြီး နမ်းသည်။ ဘက်ဗလီက ကြိုးစား တုန့်ပြန်သည်။ ရမက်ဇော ကြွဘန်ဆေးစင်သည်။ အက်ဒီက သူ့အား ပွေ့ချီပြီး အိပ်ခန်းဆီသို့ သွားသည်ကို ငြင်းဆန်မပြုဘဲ ငြိမ်စွာနေလိုက်မိ၏။

(၃)

နှစ်ချိန်ခန့် မောင်နံ၏ အိမ်ခန်းနှင့် လမ်းဖြတ် ဆယ်ဖြတ်လောက်အကွာ မတော်ရိုပ်သာ လမ်းမပေါ်ရှိ ဆားနားသည့်ဝါလုံးသော စီမံ ခမ်းမကြီးတစ်ခုထဲတွင်မူ အခြားဧည့်တွဲတစ်တွဲသည် အိမ်ထောင်ရေး ပြဿနာ တစ်ရပ်ဖြင့် ကြုံတွေ့နေရ၏၊ သူတို့နှစ်ဦးကတော့ နှုတ်မှပင် ဖွင့်ဟပြောဆိုနေကြသည်။

စိတ်ဆိုးနေသော ခင်ပွန်းဖြစ်သူအား မာရီလွင်ပါဝါက ကွာရှင်းလိုကြောင်း ပြောနေ၏။

'စိတ်မကောင်းပါဘူး၊ အာသာ၊ ဒါပေမယ့် ရှင်နဲ့ ကျွန်မနဲ့ အလုပ်မဖြစ်တော့ဘူး၊ ကျွန်မတို့ တစ်နှစ်လုံးလုံး ...မ်းကြည့်ခဲ့ကြပြီလေ၊ ရှင်က လူကောင်းတစ်ယောက် ...ါ ဒါပေမယ့် မချစ်ဘူးလေ၊ ကျွန်မ လာမယ့်အပတ် ... ရီနိုကိုသွားဖို့ အစီအစဉ်တွေ လုပ်ပြီးပြီ'

www.burmeseclassic.com

www.burmeseclassic.com



အာသာပါဝါသည် ကိုယ့်နှုန်းပင် ကိုယ် မယုံနိုင်။ သူကား ချမ်းသာကြွယ်ဝသူတစ်ဦး၊ အသက် လေးဆယ့်နှစ်နှစ် ရှိပြီး၊ သွင်ပြင်အားဖြင့် ငါးနှစ် ခြောက်နှစ်လောက်ခန့် ပိုငယ်သည် ထင်ရသည်။ သူသည် ငွေကြေးချမ်းသာသည်၊ ခေတ်မီသည်၊ ဖက်ရှင်လောကနှင့် စီးပွားရေးလောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်သည်၊ ကျော်ကြားသည်၊ သူသည် ပါဝါ အထည်အလိပ် ကုမ္ပဏီကြီးကို တစ်ဦးတည်း ပိုင်ဆိုင်သူ ဖြစ်၏။

ပါဝါအထည်အလိပ်ကုမ္ပဏီကို သူ့အဘိုးက စတင်တည်ထောင်ခဲ့ပြီး သူ့အဖေက လုပ်ငန်းတိုးချဲ့ခဲ့၏။

သူ့လက်ထက်ကျတော့ သူက လုပ်ငန်းထဲတွင် ကိုယ်ရောစိတ်ပါ ရောမွှေပြီး လျှမ်းလျှမ်းတောက် အောင်မြင်အောင် အားထုတ်ခဲ့၏၊ လုပ်ငန်း အောင်မြင်သည်နှင့်အမျှ သူသည်လည်း ထည်ထည်ဝါဝါ ခမ်းခမ်းနားနား နေထိုင်ခဲ့သည်။ သူ့ဝန်းကျင်တွင်သူ့အား မက်မောသော မိန်းမတွေ စိုင်းဝိုင်းလည်နေ၏။ သူသည် အိမ်ထောင် သုံးဆက် ကျခဲ့ပြီး ကန့်လန့်ကာ နောက်ကွယ်မှ ဇာတ်လမ်းများ မရေတွက် နိုင်လောက်အောင် ရှိခဲ့၏၊ ပထမ အိမ်ထောင်နှင့် သမီးတစ်ယောက်၊ ဒုတိယ အိမ်ထောင်နှင့် သားနှစ်ယောက် ထွန်းကားခဲ့သည်။ သူက ဇနီးဟောင်းနှစ်ယောက်နှင့် သားသမီးများကို ထောက်ပံ့ထားသည်။ သို့သော် သူတို့နှင့်တော့ သွားမတွေ့။ သူတို့ကို အာသာ သာသောမတွေ့။



သူ့အသက် နှစ်ဆယ့်ရှစ်နှစ်တွင် ရိုးရိုး မိုက်မိုက်ဖြင့် ပထမအိမ်ထောင်ကျခဲ့၏။ ရိုးသားသော ကိုယ်ဟန်ပြမယ်လေးတွင် ကိုယ်ဝန် ရှိလာသဖြင့် ယူလိုက်ရခြင်းဖြစ်၏။ သမီးကလေး ဂျူအန်နာ မွေးပြီးသည်အထိ ပေါင်းသင်းခဲ့သည်၊ ထို့နောက် မကြည်ဖြူသော ဖခင်၏ ဆန္ဒအရ သားအမိ နှစ်ယောက်ကို ရက်ရက်ရောရော လျော်ကြေးပေးပြီး စွန့်ခွာခဲ့သည်။

အသက် နှစ်ဆယ့်သုံးနှစ်တွင် မိဘ နှစ်ပါးက သူတို့စကားကို နားမထောင်လျှင် အမွေဖြတ်စွန့်လွှတ်မည်ဟု ခြိမ်းခြောက်လွန်းသဖြင့် သူ့အဖေ၏ သူငယ်ချင်း သမီးဖြင့် လက်ထပ် ခဲ့ရသည်။ အိမ်ထောင်သက် ဆယ့်နှစ်နှစ်အတွင်း ဂျိမ်းနှင့်ခရစ္စတိုဖာပါဝါအမည်ရှိ အမွှာညီနောင်ကို ရယ်၍ သူ့အဖေနှင့် အမေသာ တစ်နှစ်စီ ခြားပြီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန် မသွားလျှင် သူသည် ထို အိမ်ထောင်ရေးထဲမှာပင် ဝဲသည်နေမည် ဖြစ်၏။ မိဘနှစ်ပါး ကွယ်လွန်ပြီး ခြောက်လအကြာတွင် သူလူလွတ်တစ်ယောက်ဖြစ်သွားပြန်၏။ အသက် သုံးဆယ့်သုံးနှစ် ရှိပြီး ချမ်းသာ ကြွယ်ဝသော လွတ်လပ်သော အာသာပါဝါသည် နောက်ထပ် အိမ်ထောင်မပြုတော့ဖို့ စိတ်ဆုံးဖြတ်ထားခဲ့၏။

သူသည် ရှစ်နှစ်လုံးလုံး လွတ်လပ်မှု အခွင့်အရေးကို အပြည့်အဝ အသုံးချခဲ့၏၊ သူက သူ၏ လူ့ဘဝကို မြတ်နိုးသည်၊ သူ၏ ဇိမ်ခံ ခန်းမကြီး၊ ယာဉ်မောင်းခန့်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဇိမ်ခံကားကြီးနှင့် သူ့အမျိုးသမီးများကို တွယ်တာသည်။ သူ့မှာ ဧည့်ခံပွဲ ဖိတ်စာများဖြင့် ဝိုင်းဝိုင်းလည်နေသည်။ မြို့တော်၏ အချမ်းသာဆုံးနှင့် အချောဆုံးမိန်းကလေးများက သူ့နောက်သို့ တစ်ကောက်ကောက် လိုက်ကြရသည်။ သို့သော် အာသာကား ဘယ်သူ့ကိုမျှ အလေးအနက် မပတ်သက်။

လွန်ခဲ့သည့် တစ်နှစ်ကျော်လောက်ကတော့ အရက်စုံ ပါတီတစ်ခုတွင် မာရီလင်ကို သတိထားမိသည်။ မာရီလင်သည် အသက် နှစ်ဆယ်ကျော် နှောင်းပိုင်းအရွယ် ရှိပြီး အလွန်မတန် ချောမောလှပသော မိန်းကလေး ဖြစ်၏။ အံ့သြစရာကောင်းသည်မှာ ထိုမိန်းကလေးက အာသာကို စိုးစိမျှ စိတ်မဝင်စား ဂရုမစိုက်ခြင်းပင်။ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးတော့ မာရီလင်က တာဝန်ကျေရုံမျှသာ အသိအမှတ်ပြုပြီး ချက်ချင်းလိုပင် အညတရ စုံတွဲ တစ်တွဲဘက်သို့ လှည့်သွားပြီး စကားစမြည် ပြောနေ၏။ ထိုအမျိုးသမီး မိမိ၏ နာမည်ကိုပင် ဟုတ်တိပတ်တိ နားမထောင်ခဲ့ကြောင်း အာသာ သိနေသည်။

'ဟိုး....ဘော်ကြယ်တွေ ထိုးထားတဲ့ အနက်ရောင်ဝတ်စုံနဲ့ ခပ်ချောချော အမျိုးသမီးက ဘယ်သူလဲဗျ'

အာသာက အိမ်ရှင်ဖြစ်သူအား မေးခဲ့၏။

'ခင်ဗျား သူ့ကို မမှတ်မိဘူးလား အာသာ၊ အံ့ပါရဲ့ဗျာ၊ ဖက်ရှင်လောကမှာ မသိတဲ့သူမရှိဘူးလို့ ကျွန်တော် ထင်ထားတာ။ အဲဒါ မာရီလင်ဖလင်းပေါ့။ လွန်ခဲ့တဲ့



ငါးနှစ်ခြောက်နှစ် အတွင်းမှာ ထိပ်တန်း ကိုယ်ဟန်ပြမယ် ဖြစ်ခဲ့တယ်လေ၊ 'ဗိုဂ်' မဂ္ဂဇင်းမျက်နှာဖုံးမှာ အကြိမ် နှစ်ဆယ်လောက် ပါဖူးတယ်လေ၊ အရမ်းစွဲမက်စရာ ကောင်းတယ်နော်'

'အိမ်ထောင်ရှိလား'

'လောလောဆယ်တော့ မရှိဘူး၊ သူ အောင်မြင် ကျော်ကြားလာတော့ လင်တစ်ယောက်ကို ကွာလိုက်တယ်လေ။ ခုတော့ သူ စိတ်မကောင်း ဖြစ်ချင် ဖြစ်နေမှာပေါ့၊ သနားပါတယ်ဗျာ၊ ကိုယ်ဟန်ပြ လောကမှာ သူ့ခေတ် သိပ်မရှိတော့ဘူးလေ၊ သူ့ မျက်နှာကို ဖော်ပြရတာ မဂ္ဂဇင်းတွေက ငြီးငွေ့လာကြပြီ။ အေးလေ သူ့ အသက်ကလဲ အနည်းဆုံး နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနှစ်လောက် ရှိနေပြီကိုး။ ကင်မရာဆိုတာက နှလုံးသား ရှိဘူးလေ၊ သူ ငယ်ရွယ်မှုကိုသာ ရှာတတ်တာကလား၊ သူ့ခမျာ ငွေကြေးစုမိဆောင်းမိ ဖြစ်ပါစေလို့ ဆုတောင်းရတာပဲ၊ ဒါပေမယ့် ကျွန်တော်တော့ ထင်မထင်ပါဘူးဗျာ၊ ကိုယ်ဟန်ပြမယ် ဆိုတာတွေက အသုံးအဖြုန်း ကြီးတတ်တဲ့ သတ္တဝါတွေမဟုတ်လား၊ တစ်နေ့မဟုတ် တစ်နေ့ ထောင်ထိပ်က ပြုတ်ကျတတ်မယ် ဆိုတာမျိုးကို ဘယ်တော့မှ ခေါင်းထဲထည့်တတ်ကြတာ မဟုတ်ဘူး၊ တကယ်လဲ ပြုတ်ကျရောသူတို့ လက်ထဲမှာ ဘာမှ စုမိဆောင်းမိ ကျန်လေ့ မရှိဘူး'

www.burmeseclassic.com



အာသာမပြို သိပ်နိုင်တော့၊ ဖြိုးမိသည် ဖက်ရှင်စီးပွားရေး လောကမှ ဟန်ပြမယ်များ သည်လည်း အောင်ဘောစကားသမားများ လိုပါပဲလား အသက်နှစ်ဆယ်ကျော် သုံးဆယ်နား ကပ်လာလျှင် သုံးလို့မရတော့၊ ယခုမရှိသေးသည်ကော မိမိ အကျပိုင်း ရောက်နေပြီဆိုတာကော သိရဲ့သား မသိ၊ သိသည်ဆိုလျှင် သူ ဘာဆက်လုပ်မည်လဲဆိုတာ အာသာ စိတ်ဝင်စားမိ၏။

သည်အတွေးကတော့ အမျိုးသမီးကပါ သူ့ကို စိတ်ဝင်စားသည်ထက် ဝင်စားလာလေသည်။ အမျိုးသမီးက ချောချောလှလှရှိသာမဟုတ်၊ စိတ်အနေသည်းမြင့်ပုံရသည် သူ့ကိုသူလည်း ယုံကြည်မှု အပြည့်ရှိသည်၊ ထို့ထက်မက မိမိလို လူစားကိုပင် အလေးဂရုမပြုခဲ့ အာသာဆိုသူသည် ဥပေက္ခာပြုခံရဖူးသူမှမဟုတ်ဘဲ၊ သူ့ကို ဘယ်သူကမျှ ပစ်ပယ်ခဲ့ရိုး ထုံးစံမရှိ။

နည်းမရိယဇယ် ကြွယ်ဝစွာဖြင့် သူက ထိုညအမျိုးသမီးကိုနောက်ထပ်စကားပြောဖို့ မကြိုးစားတော့ သို့သော် နောက် သုံးရက် အကြာတွင် အမျိုးသမီးထံသို့ ပန်းစည်း တစ်စည်း ပို့လိုက်သည်၊ မိမိနှင့် ညစာလိုက်စားဖို့ စာတစ်စောင်လည်း ရေးပေးလိုက်သည်၊ မိမိ၏ဖိတ်ကြားချက်ကိုတယ်လီဖုန်းဆက်ပြီးအတည်ပြုချက်တောင်းသောအခါ အမျိုးသမီးက နောက်ရက်သတ္တပတ်နှစ်ပတ်အတွင်း တစ်ညမျှ အားရက်မရှိကြောင်း ယဉ်ကျေး ချိုသာစွာ ပြောလိုက်၏၊ နောင် တစ်ချိန်ချိန်မှာပေါ့ ဟု ဆိုသည်



ဒေါက်ကန်သွားသော အာသာသည် အမျိုးသမီးကို လိုက်ဖို့စဉ်းစားသည်၊ သို့သော် ဘယ်နေ့တွင်မှ အားသလဲဟု အောက်ကျနောက်ကျခံကာ မေးမိသည်၊ အမျိုးသမီးက သုံးပတ်မျှခွာပြီး ရက်တစ်ရက် သတ်မှတ်ပေးလိုက်သောအခါ လူပေါ်တစ်ယောက်လို ကျေနပ်ကြည်နူးနေမိ၏၊ စင်စစ် သည်ကာလအတွင်း တစ်ရက်မဟုတ် တစ်ရက် အားမည် ဆိုတာကို သူသိထားပြီးသား၊

မရှိသင်ကား အရှုံးအဟုတ်၊ မိမိအကြောင်း အာသာ မေးမြန်း စပ်စုခဲ့သည်ကို သူ သိထားပြီးသား။

မိမိ၏ ထိပ်တန်း ကိုယ်ဟန်ပြမယ် ဘဝသည် ဇာတ်သိမ်းပိုင်း ရောက်နေပြီဆိုတာ သိသည်၊ အခြားကိုယ်ဟန်ပြမယ် အသုပ်တွေကိုသည်းမလုပ်ချင်၊ လုပ်ငန်းတစ်ခု တည်ထောင်ဖို့သည်း စိတ်မဝင်စား၊ ငွေသည်းမရှိ၊ ထို့တော့ အကောင်းဆုံးနည်းလမ်းမှာ အာသာပါဝါ လိုချမ်းသာ တစ်ယောက်ကိုအပိုင်ဖမ်းရေးပင်။

အရက်စုံပါတီညက အာသာနှင့် မိတ်ဆက်ပေးသည် ခြင်းခံရတော့ သူသည် ပြောင်မြောက်စွာသရုပ်ဆောင်ခဲ့၏၊ တကယ်တော့ အာသာ အကြောင်း အားလုံး သိသည်၊ အာသာနှင့် ငြိစွန်းခဲ့သော ကောင်မလေးတွေထံတွင်လည်း မေးမြန်းစုံစမ်းထားပြီးသား၊ သူက အာသာနှင့် တွေ့ဆုံခွင့်ရဖို့ အခွင့်အရေးကို ချောင်းနေခဲ့တာဖြစ်၏၊ ထိုညက ဧည့်ခံပွဲသို့ သွားခဲ့ခြင်းမှာလည်း အာသာပါဝါ လာမည်ကို သိနေသောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မာရီလင်က အစစ အရာရာ အကွက်ရိုး ထားသည်။ မိမိဘက်က ငြိမ်းငြိမ်းအေးအေး နေရန် မနေပါက် မိမိအကွက်ရိုက်သည့်အတိုင်း ကွက်တိခွင်ကျ ဖြစ်ခဲ့သည် နေ့ခင်းတစ်ဆင့် အနေဖြင့် အာသာကို ခေါ်ချင်စိတ် ပေါ်လာအောင် ဆွပေးသည်။ မိမိနောက်သို့ တမ်းတမ်းစွဲ လိုက်လာအောင် ဖန်တီးသည်။

သို့ဖြင့် နောက်ဆုံးလအကြာတွင် အာသာက လက်ထပ်ခွင့် တောင်းသည့်ထိ အခြေအနေ ရောက်ခဲ့သည်။ ပထမတော့ မာရီလင်က နှင်ကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သည်။ တတိယခွင့်ပန်လာသောအခါတွင်မူ သည်ငါးကြိမ်မြောက် ငါးစကို စာမ်ခွင့် ပေးသင့်ပြီဟု မာရီလင် ယူဆသည်။ သို့တိုင် သူက ဟန်လုပ်ပြီး မူနေလိုက်သေးသည်။

'ဟုတ်မဟုတ်ရဲ့လား အာသာ၊ ရှင့်စိတ်ရှင် ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ်ပြီးပြီလား၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဘယ်တော့မှ အိမ်ထောင်ထပ်မပြုတော့ဘူးလို့ တစ်လောက လုံးကို ကြေညာထားတာ မဟုတ်သလား၊ ဘာဖြစ်လို့ ကျွန်မကိုမှ လက်ထပ်ဖို့ စကားပြောနေရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းကကမ္ဘာပေါ်မှာအချော ဆုံး၊ အလှဆုံး၊ ရင်ဖိုစရာ အကောင်းဆုံး၊ စွဲမက်စရာ အကောင်းဆုံး မိန်းမတစ်ယောက် ဖြစ်နေလို့ပေါ့'

'မင်းကို ကိုယ်ချစ်လို့ပေါ့' ဆိုသော စကားမျိုးမပြော 'ကိုယ့်နှလုံးသားကို မင်းသာပိုင်စိုးတယ်ဆိုတဲ့အကြောင်း ကမ္ဘာအသိစေချင်လို့ပေါ့' ဆိုသော စကားမျိုး ထည့်



ပြေး။ စင်စစ် အာသာသည် မိမိဘယ်လောက်မျိုးပြောဖို့ ကြံနေသည်ကို သတိမထားမိ။ သူသည်အိပ်ကော်တစ်ခုကို ကောင်အထည် ဖော်နေခြင်းထက် တိုက်ပွဲတစ်ခုကို အနိုင်တိုက်ရာ ရောက်နေသည်ကိုလည်း ခေါင်းထဲမထည့်မိ။ မာရီလင်ကို အရှုံးအမှုး လိုချင်နေသည်။ ဘာကြောင့်ဆို သူ့အားမာရီလင်က အငမ်းမရ လိုချင်နေ ကြောင်း မသိသောကြောင့်ပင်။ မိမိအား မာရီလင်က တော်သင့်ခံလိုက်ခြင်းသည် မိမိဘဝ၏ မဟာအောင်ပွဲကြီး တစ်ခုဟု ခိုင်ခိုင်မာမာ ယုံကြည်ထားသည်။

ထကယ်တမ်းတွင်မူ....

အာသာကတော့ လုံးဝ ဝန်ခံခြင်းမပြု၊ သို့သော် သူ့အိမ်ထောင်ရေးမှာ လုံးဝ မအောင်မြင်။ မာရီလင် သည် စွဲမက်စရာ အကောင်းဆုံးဖြစ်ရုံမက ရေခဲတုံးကြီး အေးစက်သူတစ်ဦး ဖြစ်နေ၏။ အိမ်ထောင်သားမွေး ကုန်ခမ်းသူတစ်ဦးလို ဖြစ်နေ၏။ ထိုသို့ မာရီလင် ထံမှ တုန့်ပြန်မှု နည်းပါးလေလေ၊ အာသာ၏ စိတ်ဆန္ဒမျှားက တိုးတက်ပြင်းထန်လေလေ၊ သူကား ကောင်း မောင်းသန် ယောကျ်ား တစ်ယောက်။ ကျွမ်း ကျင်သူတစ်ဦး။ သို့သော် မာရီလင်၏ ရမက်ဆန္ဒ ကိုမူ နိုးကြွအောင် မစွမ်းဆောင်နိုင်သလို ဖြစ်နေ သည်။

လက်ထပ်ပြီး ခြောက်လအကြာတွင် မာရီလင်အား ကုဆရာဝန်ထံ ပြသဖို့ အာသာစွတ်အတင်း တိုက်တွန်း

www.burmeseclassic.com

www.burmeseclassic.com



သည်၊ မာရီလင်က မဖွယ်မရာ စိတ်ကူးဆိုပြီး လက်သ… မခံ၊ ဒီအတွက် အာသာ အကြီးအကျယ် ဒေါသပွသည်… စိတ်ဆိုးသည်၊ သူ့စိတ်ဆိုး ဒေါသပွသည်မှာ ကြောက်စ… လန့်စရာပင် ကောင်းလှသဖြင့် နောက်ဆုံး မာရီလ… အလျှော့ပေးခဲ့ရသည်၊ စိတ်ကု ဆရာဝန်ထံ ပြသပါတော့… မည်ဟု သဘောတူခဲ့ရသည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်သည်မှာ ထိုသို့ စိတ်… ဆရာဝန်ထံ သွားရောက်ပြသခြင်းသည် သူတို့အိမ်ထော… ရေး နိဂုံးချုပ်ဖို့ဖြစ်လာခြင်းပင်၊ သို့ဖြစ်ရသည့်အကြောင်း… မှာ မာရီလင်သည် သူ့တစ်သက်တွင် ပထမဆုံးအကြိမ်… နှလုံးသားဖြင့် ချစ်တတ်လာသောကြောင့်ပင်၊ မာရီလ… ချစ်မိသူမှာ သူ သွားရောက်ပြသသည့် စိတ်ကုဆရာဝန်… ဆရာဝန်ကလည်း သူလိုပင် တုံ့ပြန် ချစ်မိသည်။

ဒါမျိုးတွေ ဖြစ်ပျက်တာ မာရီလင် ကြားဖူးသည်… သို့ပေမယ့် ဒါမျိုးတွေက ဝတ္ထုဇာတ်လမ်းတွေထဲမှာ… ဖြစ်များသည်။ သည်တော့ သည်ကိစ္စကို မာရီလ… ပေါ့ပေါ့ပဲ သဘောထားခဲ့သည်။

သို့သော် ယခုဟာကတော့ တကယ် ဖြစ်နေသည်… နှစ်ဖက်စလုံးက တကယ်ဖြစ်နေခြင်း၊ တကယ်ချစ်နေခြင်း…

သူ့ဆရာဝန်သည် သူ့ယောကျ်ားနှင့် ယှဉ်မည်ဆိုလျှ… နေငွေကြေးအရ အနားပင် သီနိုင်သူမဟုတ်၊ သို့ပေ… ထိုသို့ ငွေကြေး ချမ်းသာခြင်းကိုလည်း မာရီလင်… မစိုက်၊ သူသည် သူ့ဆရာဝန်ကို ပုံအောပြီး ချစ်မိသ…



…တ်နိုး ကိုးကွယ်မိသည်။ သည်တစ်ကြိမ်တော့ အလုပ်…ဖြစ်သည်၊ အပေးအယူမျှသည်၊ ရက်သတ္တပတ် အနည်း…ငယ်အတွင်း ဆရာဝန်နှင့်လူနာ ဆက်ဆံရေးတွေ ပျောက်…ကွယ်သွားသည်၊ ချစ်သူနှစ်ဦး ဆက်ဆံရေးတွေ အစား…ထိုး ဖြစ်ထွန်းလာသည်။

မာရီလင်က မိမိ ရီနိုသို့သွားဖို့ စီစဉ်ပြီးကြောင်း…အာသာအား ပြောနေသည့် တစ်ချိန်တည်းမှာပင် ဆရာ…ဝန်ကလည်း သူ့ဇနီးအား ကွာရှင်းခွင့် တောင်းခဲ့လေ…သည်၊ သစ္စာမဲ့သော ဆရာဝန်ကို စိတ်ပျက်ငြီးငွေ့နေသည့်…ဆရာဝန်ကတော်က ကွာရှင်းခွင့် တောင်းသည်ကို ငြင်းဆန်…ခြင်း လုံးဝ မပြုခဲ့ပေ။

အာသာကတော့ မာရီလင် ကြိုတွက်ထားသည့်…အတိုင်း ဒေါသမုန်တိုင်း ထန်ခဲ့၏၊ အာသာက မာရီလင်…အခြား ယောကျ်ားတစ်ဦးနှင့် တွေ့နေသည်ဟု မထင်၊…ထိုအချက်ကို လက်မခံ၊ မာရီလင်သည် အာဃာတစိတ်…ကုန်ခမ်းနေသူ တစ်ဦး မဟုတ်လား၊ ဒါမှမဟုတ် သည်…မိန်းမ ယောကျ်ားရှာ ဖြစ်နေတာ ဖြစ်ရမည်၊ သူ့စွပ်စွဲချက်…ကို မာရီလင်က ဘယ်လိုမျှ မတုံ့ပြန်၊ မငြင်း၊ အပြုံး…ဖြင့်သာ ရင်ဆိုင်ခဲ့၏၊ အာသာက မာရီလင်အား မယား…ရိုတ် တစ်ပြားမျှ ထောက်ပံ့မည်မဟုတ်ဟု ခြိမ်းခြောက်…သည်၊ မာရီလင်သည် ကုန်းကောက်စရာ မရှိအောင်…ပြောကျအဝဖြင့် လမ်းမပေါ်မှာ ဇာတ်သိမ်း လှဲလိမ့်…မည်ဟု ဟောကိန်းထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး စိတ်ဆိုးလွန်းမက စိတ်ဆိုးလှ‌သော အခါတွင်မှ မာရီသင်က အာသာ၏ ငွေကြေးကို တစ်ပြား တစ်ချပ်မျှ မယူလိုကြောင်း ပြောင်ပြောင်ရှင်းရှင်း ပြောခဲ့လေသည်။

* * *

ယောကျ်ားနှစ်ယောက်အနေဖြင့် နှိုင်းယှဉ်မည်ဆိုလျှင် အာသာပါဝါနှင့် အက်ဒ်ရစ်ချ်မန်တို့သည် ဘာမျှမဆိုင် တစ်စက်မျှ အသွင်ချင်းမတူ။ သို့သော် သူတို့ ရင်ဆိုင်နေရသည့် ပြဿနာများကမူ အသွင်တူးစွာ တူညီနေ၏။

သူတို့ နှစ်ဦးစလုံး၏ ဘဝသက်တမ်းတွင် ခုချိန်ထိ စွန့်ပစ်ခံရခြင်း ဝေဒနာကို မခံစားခဲ့ရဖူးပေ။ သူတို့ နှစ်ယောက်စလုံးသည် သူတို့ဘဝထဲမှထွက်ခွာသွားတော့ မည့် မိန်းမသား နှစ်ဦးကို တမ်းတမ်းစွဲ လိုချင်တပ်မက် တွယ်တာနေမိကြသည်။ တစ်ယောက်သော မိန်းမသားက တော့ နှုတ်မှဖွင့်ဟ မကြေညာသေး။ သို့သော် စွန့်ခွာ သွားချင်နေ၏။



ခက်သည်မှာ ထိုသို့ ပြဿနာများ ပေါ်ပေါက်လာရ ခြင်း၏ အဓိက အကြောင်းရင်းသည် မိမိတို့ကြောင့်ဖြစ် ကြောင်း အမျိုးသား နှစ်ယောက်စလုံးက မယုံကြည် ချင်မှတ်။ မာရီယင် မိမိအား စွန့်ခွာခြင်းမှာ မိမိ၏ ...တ်ယွင်းချက်ကြောင့်ဟု အာသာ လက်မခံ။ အက်ဒ်က ... ဘာ့ ဘက်ဗာလီ စိတ်မချမ်းမသာ ဖြစ်နေသည်ကို သိနေ သည်။ သို့သော် ဘာအကြောင်းကြောင့်မှန်း မသိ။ ...စ်ချိန်က ပျော်ရွှင်ချမ်းမြေ့ခဲ့သော မိမိတို့ နှစ်ဦး၏ ...မ်ထောင်ရေးမှာ ဘာချွတ်ယွင်းချက်တွေ ရှိနေပါလိမ့် ...အက်ဒ် သံသယပွားနေသည်။ ဘာလုပ်ရမှန်းလည်း ...သိ။

ဘက်ဗာလီတစ်ယောက် တစ်နေ့ဘခြား အနေစိမ်း ...သည်ကို အက်ဒ် ကောင်းကောင်း သတိထားမိသည်။ ...မယ် ဘက်ဗာလီ၏ အချစ်ကိုတော့ သံသယ ဖြစ်မိ ...သည် မိမိအသိုက်ထက် ဘက်ဗာလီ၏ အသိုက်ကို လိုက်ပြီး ...သုပ်တစ်ခု ဝင်လုပ်နေခဲ့ရ၏။ သို့သော် ထိုသို့ လုပ်ငန်း ...အရ အောင်မြင်မှု မရှိခြင်းသည် အိမ်ထောင်ရေး ...စ်ခု ပြိုကွဲလောက်သည့် ရောဂါဆိုးတစ်ခုဟု အက်ဒ် ...င်မှတ်။ သည့်လို အရေးမပါ အရာမရောက်သည့် ...တစ်ခုသည် မိမိနှင့် ဘက်ဗာလီကို မြတ်မြတ်နိုးနိုး ...ခင်ကြသူနှစ်ဦး၏ သံယောဇဉ်ကို ဖြတ်တောက်ခြင်း ...ပြုနိုင်။ သည်ရာတူး ဌာနချုပ်ကြီးတွေ၊ လခကြီးတွေ ...ပေါ် အခလေးထဲး အာရုံစိုက်သည့် သဘောထား

www.burmeseclassic.com



မျိုးက တိမ်လွန်းရာရောက်သည်၊ မိုက်မဲလွန်းရာ ရောက် သည်၊ လူ့ဘဝဆိုတာ ရာထူးဖြင့် ငွေဖြင့် ဖွဲ့စည်းထ တာမှ မဟုတ်ဘဲ၊ အကယ်၍ ဘက်ဗာလီက ထို ယုံကြည်လက်ခံလာခဲ့လျှင် ဘက်ဗာလီကို မိမိ စိတ်ခ ရမည်သာ၊

တစ်ဖက်မှ ပြောရလျှင် အိမ်ထောင်သက် လေးနှ အတွင်း၊ မိမိသည် တက်စွမ်းသမျှ အကောင်းဆုံး ဖြ အောင် လုပ်ခဲ့သည်၊အဲ... ဩဇာ အာဏာနှင့် အရှိန်အာ ဆိုတာတွေကို ထိပ်တန်းမတင်တတ်တာတော့ မိမိ ချွတ်ယွင်းချက်မဟုတ်၊ ဒါတွေကို ဘက်ဗာလီ အနေဖြ လိုလားသည် ရယူချင်သည်ဆိုလျှင် လိုလေးပါ၊ ရယူပ မိမိဘက်က ဘာမျှ ကန့်ကွက်မည်မဟုတ်၊ (ရည်မှန်းချ ဆိုတာ ယောကျ်ားမှ ထားရမည်၊ မိန်းမမှ ထားရမည် ရယ်လို့ သတ်မှတ်ထားတာမှ မဟုတ်ဘဲ၊)

မှန်သည်၊ မိမိသည် ဘက်ဗာလီကို ငဲ့သောအားဖြ 'အကောင်ကြီး'တစ်ကောင် ဖြစ်ချင်ပါသည်၊ ဘက်ဗာလီ စိတ်ချမ်းသာမည်ဆိုလျှင် ဘာမဆို လုပ်ပေးချင်ပါသည် သို့သော် မိမိ၏ ကြိုးစားအားထုတ်တာတွေ အရာမထ မအောင်မမြင် ဖြစ်လာတော့ နည်းနည်းတော့ စိုးရိ ပူပန်လာသည်၊ ခုဆို သူသည် အလုပ်အကိုင် ရှာဖွေ ရသည့် ကိစ္စတွေကို စိတ်ပျက်နေပြီး ဒါကို ဘက်ဗာလီ 'ပျော့ညံ့ခြင်း'ဟု မှားယွင်းစွာ အဓိပ္ပာယ်ကောက်ခဲ့၏ တကယ်တမ်းတွင်မူ အက်ဒ်တစ်ယောက် 'သတ္တိပြောင



နေခြင်းသာဖြစ်၏၊ အလုပ်တစ်ခုမှ ထွက်ပြီး နောက်ထပ် အလုပ်တစ်ခု ရှာဖွေဖို့ အေးအေး ဆေးဆေး လုပ်နေခြင်း သည် အက်ဒ်၏ မသိစိတ်က စိန်ခေါ်နေခြင်း ဖြစ်၏၊ ဘက်ဗာလီက မိမိအပေါ် ထားရှိသည့် အချစ်ခွန်အားကို စမ်းသပ်နေခြင်းသာ ဖြစ်၏၊ အကယ်၍ သူသည် မိမိ အပေါ် တကယ်တမ်း တွယ်တာ မြတ်နိုးပါလျှင် မိမိ အနားမှာ တစ်ဖဝါးမှ မခွာ ရပ်တည်နေနိုင်ရမည်လေ၊ မျက်စိအာင်မှိတ် လျှပ်တစ်ပြက်မျှသာ ရှိသော လူ့ဘဝ ကြီး၏ ချမ်းသာသုခများကို ခံစားနိုင်ရေးအတွက် ဖေဖေ သည် လူတွေ လုပ်ထားသည့် စည်းကမ်း ဥပဒေများ အတိုင်း လိုက်နာနေထိုင်ဖို့ ငြင်းဆိုခဲ့၏၊ ဒါကို သူ့မေမေ က အကြွင်းမဲ့ လေးစားကာ ဖေဖေနှင့် ကျောချင်းကပ် ရပ်တည်ခဲ့သည်ပေါ့၊

ထိုအချိန်တွင် ညစဉ်ညတိုင်း ခင်ပွန်းဖြစ်သူ၏ နံဘေး တွင် မျက်စိကြောင်ကြောင်ဖြင့် လဲလျောင်းရင်း အက်ဒ် နည်းတူ အတွေးကြွယ်လေ၏၊ မိမိသည် အိပ်ရာပေါ် မှာတော့ အိပ်ခန်းအပြင်မှာပါ အက်ဒ်နှင့် တဖြည်းဖြည်း ဝေးကွာနေပြီကော၊ တကယ်တော့ မိမိသည် အက်ဒ် အား လေးစားမြတ်နိုးမှု မရှိတော့၊ ထိုသို့ လေးစားမှု ကင်းမဲ့ခြင်းက အက်ဒ်အပေါ် မိမိထားရှိသော သဘော ထားကို အရောင်ထိုး ပြနေသည်၊ သည်လို ဖြစ်နေသည့် အတွက် မိမိကိုယ် မိမိလည်း ဒေါပွမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် မနေကျနပ် အဖြစ်အင်လို့မှုများက သူ့ကို တရွရွ ကိုက်စားနေသည်။

မောင်သည် ဘာကြောင့်များ သည့်နောက် အပူ အပင်ကင်းစွာ နေရပါသလဲ။ ယောကျ်ားရင့်မကြီး တစ်ယောက်ဖြစ်ပါလျက် အိမ်ထောင်တစ်ခုတွင် ဘာ့ ကြောင့် မှီခိုသူဘဝဖြင့် နှစ်သိမ့်ရောင့်ရဲနေရသလဲ။

မိမိ၏ တိုးတက်အောင်မြင်မှုများကို သည့်နောက် ကျေနပ်မှုမျက် လက်သင့်ခံနိုင်ခြင်းမှာ သဘာဝ မကျဟု ဘက်ဗလီ ထင်သည်။ ဘက်ဗလီသည် ဘဝအားမာန် ရှိသူတစ်ဦး။ သို့သော် သူက သူ့ချစ်သူကို မော်ကြည့် ချင်သည်။ ကျားကား မိုက်မဲသော ခေတ်နောက်ကိုပြန်ဆွဲသော သဘောထား တစ်ခု။ သို့သော် သည်သဘောထားက သူ့ရင်ထဲမှာ အမြစ်တွယ်နေသည်။ သည်သဘောထားက သူ့လှုပ်ရှားမှု အားလုံးတွင် အရိပ်ထင်နေသည်။

အက်ဒ်ကတော့ မပြောင်း မလဲ နဂိုအတိုင်းပင်။ ဘက်ဗလီ စတင်မြင်တွေ့ ချစ်မြတ်နိုးခဲ့စဉ်ကအတိုင်း ညင်သာ ညက်ညောသော မြတ်နိုးတွယ်တာတတ်သော အတ္တစိတ် ကင်းသော အက်ဒ်ပါ။

သို့သော် မကျေနပ်မှုများက ဘက်ဗလီ ရင်ထဲမှာ နက်ရှိုင်းစွာ စုဝင်နေပြီ။

မိမိဘက်ကသာ ဆင်ခြင်လိုက်လျောမှုများ မပြုလုပ် ပါလျှင် မိမိတို့ အိမ်ထောင်ရေး ပြဿနာ ပေါ်တော့မည် ဆိုတာ ဘက်ဗလီ သိနေသည်။



တကယ်တော့ မေးရိုးယုံ ဖြေခဲ့တာ မှန်သည်။

အက်ဒ်သည် ဘယ်တော့အခါမှ ပြောင်းလဲလိမ့်မည် မဟုတ်။

တစ်ခုပဲ ရှိသည်။ မောင့်ကို နဂိုရှိရင်းစွဲအတိုင်းပဲ လက်သင့်ခံနိုင်အောင် ကြိုးစား၊ မောင့်ကို အောင်မြင် စေချင်တာတွေ၊ မိမိ၏ စိတ်ကူးယဉ် မျှော်မှန်းချက်တွေ ဒါတွေကို မေ့ထားလိုက်။ ဒါမှမဟုတ် မောင့်ကို ကျောခိုင်း ခွဲခွာလိုက်။

ခက်သည်က ဖြစ်နိုင်ချေ နှစ်မျိုးစလုံးကို ဘက်ဗလီ လက်သင့် မခံနိုင်။

မောင်နှင့်အတူ သည်အတိုင်း ဆက်နေလျှင် မိမိစိတ် ဓာတ်ကျသည်ထက် ကျလာမည်၊ နောက်ဆုံး အကျည်း တန် ရုပ်ဆိုးသော ရန်ပွဲအဆင့်ဖြင့် အဆုံးသတ်ရလိမ့် မည်။ သည်လိုမဟုတ်ဘဲ ကျောခိုင်း ခွဲခွာခဲ့လျှင်တော့ ထိုသို့ ပြုလုပ်ခြင်းသည် မိမိအား ကျေနပ် နှစ်သိမ့်မှုရှိ အောင် မနားမနေ ကြိုးပမ်း အားထုတ်ခြင်း ဟူသည့် ပြစ်ချက်တစ်ခုတည်းသာရှိသော ကလေးတစ်ယောက်ကို နှင်ပစ်ဖို့ အားထုတ်သလိုသာ ဖြစ်ပေမည်။

ယခု မိမိတို့ ရင်ဆိုင်နေရသည့် ပြဿနာကား အပျော် ဇာတ်သိမ်းဖြင့် နိဂုံးချုပ်နိုင်သည့် ပြဿနာမျိုး မဟုတ်။ ဘယ်လိုနည်းနှင့်မျှ ဖြေရှင်းမရသော ပြဿနာ၊ ထွက် ပေါက်မရှိသော ပြဿနာတစ်ရပ်ဟု ဘက်ဗလီ ယူဆ သည်။ မိမိတို့နှစ်ဦးသည် တစ်နှစ်ပြီးတစ်နှစ် နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ ဆက်လက်ပေါင်းသင်း နေနိုင်ပါသည်။ အဲ... ပရိသတ်ကြားထဲမှာ အပြုံးဘွေ့ဆင်မြန်းပြီး ကန့်လန့်ကာ နောက်ကွယ်ကျတော့ မျက်ရည်ကျနေရမည်။ နောက်တော့ တစ်စတစ်စ သကာရည်ဖုံးသော စကားများဖြင့် ပြောဆို ဆက်ဆံနေသည့် သူစိမ်း တစ်ရံဆံများလို ဖြစ်လာကြမည်။

ခုဆို သူတို့နှစ်ဦးသည် ဟန်လုပ်နေကြသည်။ အပေါ်ယံသဘော ဆက်ဆံနေကြသည်။ သူတို့နှစ်ဦးသည် အိမ်ထောင်သက် လေးနှစ်သာ ရှိသေးသည့် လင်မယားနှင့် မတူ။ အိမ်ထောင်သက် နှစ်ပေါင်းလေးဆယ် ရှိနေပြီ ဖြစ်သည့် လင်မယားနှင့် တူနေသည်။

ဆယ်ခါရံ တစ်ခါလောက် အပြင် ထွက်ကြသည့် လူတော သူတောထဲမှာတော့ ရွှေ့သွားနောက်လိုက်ညီသော၊ ပျော်ရွှင် ချမ်းမြေ့နေသော စုံတွဲ တစ်တွဲပေ။ အိမ်တွင်မူ နှစ်ယောက်သား ဝတ်ကျေတန်းကျေ စကားပြောကြသည်။ ဘယ်တော့မျှ ကတောက်ကဆ မဖြစ်။ အခါအားလျော်စွာ အချစ်စခန်း ဖွင့်ကြသည်။ သို့သော် နှစ်ယောက်စလုံး အိမ်ထောင်ရေးသုခကို မခံစားကြ။

အက်ဒ်က အာမခံကုမ္ပဏီမှာပင် ဆက်ပြီး အလုပ်လုပ်နေသည်။ အိမ်သို့ စောစီးစွာ ပြန်ရောက်ပြီး ညစာ ပြင်အားလေ့ ရှိသည်။ ညနေခင်းတိုင်းလိုလို လေကြောင်း မဂ္ဂဇင်းများ ဖတ်ရှုရင်း အချိန်ကုန်လေ့ရှိသည်။ ခုတော့ သူတို့သည် အက်ဒ်၏ အနာဂါတ် အင်ပါယာကြီး



အကြောင်း မပြောကြတော့။ အက်ဒ် ယခုလုပ်ကိုင်နေသည့်အလုပ်မှာ ယခုထက်ပိုပြီး ထွန်းကား လာစရာ အကြောင်းမရှိ။ သို့တိုင် သည့်အလုပ်ကို ခွဲခွဲမြဲမြဲလုပ်နေသည်ကိုပဲ ဝမ်းသာရသေးသည်။

၁၉၄၉ ခုနှစ်၊ ဆောင်းဦးလေကျက်ရောက်တော့ မိမိတို့ ကွာရှင်းလိုက်ကြခြင်းသာ အကောင်းဆုံး ဖြစ်မည်ဟု ဘက်ဗာလီ ယုံကြည်စွဲမှတ်လာ၏။ သူ့ရင်ထဲတွင် မကျေနပ်မှုများ ကိုယ့်ကိုကိုယ် အပြစ်တင်မှုများဖြင့် မုန်တိုင်းထန်နေသည်။ ခံစားချက်တွေ များပြား မြင့်ထန်လွန်းသဖြင့် ထုံထိုင်းနေသည်။ တစ်ချိန်က အက်ဒ်အပေါ် ထားရှိခဲ့သော မြတ်နိုး ကြင်နာမှုများကို ပြန်လည်နိုးဆွလို့ မရတော့။ မောင့်အပေါ် လေးစားမှု ကင်းမဲ့နေပြီဖြစ်သော သူသည် မောင့်ကို သနားသည်မှလွဲ၍ ဘာမျှ ခံစားလို့မရတော့။ ရမက်တွေ၊ ဆန္ဒတွေကို ဖော်ထုတ် စုစည်းလို့ မရနိုင်။ သူ့ ခံစားချက်တွေ သေနေပြီ။ လုပ်ငန်းခွင်မှာသာ အပြိုင်အဆိုင်များ၊ လှုပ်ရှား တက်ကြွမှုများ မရှိလျှင် မိမိသည် အသက် နှစ်ဆယ့်ငါးနှစ် အရွယ်မျှဖြင့် ဘဝတွင် ပျော်ရွှင်မှု ကင်းမဲ့သော၊ မျှော်မှန်းချက် ကင်းမဲ့သော အဘွားအိုတစ်ယောက်လို ဖြစ်နေတာကြာပြီ။

နောက်တစ်နည်း စဉ်းစား ဆင်ခြင်မိသည်မှာ မိမိရှိလျှင် မောင် တစ်ယောက် ကိုယ့်လမ်း ကိုယ်သွင်ပြီး လျှောက်ဖို့ အားထုတ်လာလိမ့်မည်။ ကျားကန်မရှိလျှင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားလာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်၊ ယုတ်စွအဆုံး သူ့လုပ်ချင်တာတွေ သူ လွတ်လွတ်လပ်လပ် လုပ်သွားနိုင်မည်၊ သူပြောချင်ပြောနေသလို ဩဇာတွေလျော့သွားပြီး ဘဝသစ်တစ်ခု စချင် စနိုင်သည်၊ ဒါမှမဟုတ် လေကြောင်း ကုမ္ပဏီသို့ ပြန်သွားပြီး အာဏာမရောက် အောက်မကျသော အလုပ်မျိုး ပြန်လုပ်နိုင်သည်၊ သူ့ဘဝ သူ့စိတ်ကြိုက် ဖန်တီးနိုင်သည်၊ ပျော်သလို နေနိုင်သည်၊

ဘာပဲဖြစ်ဖြစ်၊ မောင်တစ်ယောက် ပျော်ရွှင်စေချင်သည်၊ မောင်က ယုံကြည်လက်ခံခြင်း မပြုသည့်တိုင် မိမိသည် မောင့်ရှေ့မှာ ကာဆီးကာဆီး လုပ်နေမိသည်ဟု ဘက်ဗာလီ ခံစားရသည်၊ မောင်သည် မေမေ့ကို အရှိအတိုင်း လက်ခံနိုင်စွမ်းရှိသည့် မိန်းမမျိုး တစ်ယောက် ရသင့်ပါသည်၊ မိမိကတော့ အဆိုပါ မိန်းမမျိုးမဟုတ်၊ သည့်လိုမိန်းမမျိုး ဖြစ်အောင် ကိုယ့်ကိုကိုယ် မပြုပြင်နိုင်သည့်အတွက်လည်း ဘက်ဗာလီ စိတ်မကောင်း၊ အပြစ်ရှိသူလို ခံစားရသည်၊

ဘက်ဗာလီသည် မိမိဘဝ တစ်လျှောက်လုံးတွင် ပြဿနာတစ်ခုခုဖြင့် ကြုံရတိုင်း တိုင်ပင်ဆွေးနွေးရမည့်သူ မရှိသလို ဖြစ်ဖြစ်နေခဲ့၏၊ ယခုလည်း သည်အတိုင်းပင် မိမိ၏ ခံစားချက်များကို ဖေဖေတို့မေမေတို့ သိနားလည်သဘောပေါက်လိမ့်မည် မဟုတ်၊ သူတို့က အက်ဒ်ကို ချစ်သည်၊ ဘာ့ကြောင့်ဆို သူတို့၏ သမီးလေးကို ချစ်သောကြောင့်ဖြစ်၏၊ မောင်သည် မိမိ မျှော်မှန်းထားသလို ဖြစ်



မလာခဲ့ကြောင်း ဘယ်လောက်ပဲ ကြိုးစား ရှင်းပြသည် ဖြစ်စေ မိဘနှစ်ပါးက လက်ခံကြလိမ့်မည် မဟုတ်၊ သူတို့က မိမိကိုပင် အပြစ်တင်ကြဦးမည်၊ မိမိ၏ ခင်ပွန်းသည် က ချစ်တတ်သော၊ သစ္စာရှိသော ယောကျ်ား တစ်ယောက်၊ နေ့ကော်ပြီး သူ့မှာ လူရိုသေ ရှင်ရိုသေ အလုပ်အကိုင်တစ်ခု ရှိခဲ့သည်၊ ဘာကြောင့် မိမိကဆာ ခွင့်ပြုမည် ဆိုလျှင် ကျပ်ကူးစာညည်းတည်း ရှိမည်ဖြစ်သော်လည်း မိမိကို ကျွေးမွေး ထောက်ပံ့နိုင်မှာမလွဲ၊ မေမေကတော့ မိမိကို ကလေးယူဖို့ တိုက်တွန်းလိမ့်မည်၊ မေမေပြောသည့် စကားများကိုပင် ကြိုတင်ကြားယောင်ကြည့်လို့ရပါသည်၊

'ယောကျ်ားတစ်ယောက်ကိုယ့်တာဝန်ကိုယ် သိတတ်လာဖို့ကို သူ့ရင်သွေး တစ်ယောက်လောက် ထခြား ဘယ်အရာမှ တွန်းအား မပေးနိုင်ဘူး၊ သမီးလဲ သမီးအလုပ်ကို စွန့်ပြီး အိမ်ထောင်တစ်ခု ထူထောင်ဖို့ အချိန်တန်နေပြီ ဘက်ဗာလီ'

သည့်သို့ပင် အိမ်ဂျလာ ပြောလိမ့်မည်၊ ထိုသို့သော စွန့်စားမှုကြီးတစ်ရပ် ပြုလုပ်ရအောင် မောင့်အပေါ် ယုံကြည်ကိုးစားခြင်း မပြုဖို့ဆိုသည့် စကားမျိုးကို မိမိ ဘယ်လိုလုပ် ပြောနိုင်ပါ့မလဲ၊ ကလေးနှင့် မိန်းမကို ထားဆိုး နှင့် မိမိတစ်ယောက်တည်းကိုပင် လုတန်းစေ နေ နိုင်အောင် မောင့် ထောက်ပံ့ ကျွေးမွေးနိုင်မည်ဟု မိမိ

www.burmeseclassic.com

www.burmeseclassic.com



မယုံကြည် ဆိုသည့် စကားမျိုးကို မိမိ ဘယ်လိုလုပ်ပြီး ပြောကြပါမလဲ။

မိမိ၏ မအောင်မြင်မှုကို မာရီယံအား ဖွင့်ဟပြော ဆိုဖို့သည်။ မဖြစ်၊ မပြောသင့်ဟု ဘက်ဗာလီယူဆသည်၊ မိမိတို့အိမ်ထောင်ရေး အဆင်ပြေချောမွေ့ မနေကြောင်း အကဲ၏ အမြဲ ရိပ်စားမိသည်မှုချ၊ မာရီယံက နှ လှဘိန်းတုံးမှ မဟုတ်ဘဲ၊ သို့သော် မိမိတို့ နှစ်ယောက် လက်ထပ်ခြင်းကို အစကတည်းက မာရီယံ ဆန့်ကျင် ကန့်ကွက်ခဲ့သည် မဟုတ်လား၊ သို့ပေမယ့် ဘက်ဗာလီက မာရီယံ ပြောခဲ့တာ မှန်ပါသည်ဟု ထုတ်ဖော်ဝန်မခံချင် ဂုဏ်ခံနေသည်။

အဲ ... တိုင်ပင်ဆွေးနွေးလို့ ရနိုင်မည့်သူ တစ်ယောက်တော့ ရှိသည်၊ သူကတော့ မိမိတို့၏ လင်မယားပြဿနာကို ကရုဏာအပြည့်ဖြင့် နားထောင်နိုင်စွမ်း ရှိလိမ့်မည်၊ ပြီးတော့ အတွေ့အကြုံများမှ ရခဲ့သော ဉာဏ်ပညာဖြင့် အမြော်အမြင်ကြီးစွာ အကြံပေး နိုင်လိမ့်မည်။

ဂျိန်းရစ်ချမွန်သည် ဘက်ဗာလီ၏ ခင်ပွန်းသည် နှင့် အသွင်တူသော ယောကျ်ား တစ်ယောက်ကို နှစ်ပေါင်း များစွာပေါင်းသင်းခဲ့သူ မဟုတ်လား၊ အက်ဒ်သည် ဂျိန်း၏သား ဖြစ်၏၊ သို့ပေမယ့် လောကကို ရင်ဆိုင်ရာ၌ သူ့ အဖေနှင့်အသွင် တူကောင်း တူနိုင်သည်၊ ဘက်ဗာလီ၏ သစ္စာတရားနှင့်စိတ်ဆင်းရဲမှုများကို ခွဲခြမ်းစိတ်ဖြာ ကူညီ



မည့်သူ တစ်ဦးတစ်ယောက် ရှိသည်ဆိုပါလျှင် ထိုသူ ည် ဂျိမ်းသာဖြစ်နိုင်ပေသည်။

ဤကား သေးငယ်လွန်းသော ကောက်ရိုးမျှင်လေး စ်မျှင်သာ၊ သို့သော်သည် ကောက်ရိုးမျှင်ကလေးကိုပင် ပ်ကိုင်ဖက်တွယ်ဖို့ ဘက်ဗာလီ ဆုံးဖြတ်လိုက်၏၊ မိမိ၏ ကွဲမဖြစ်သူ ကတော့ အံ့သြစရာ ကောင်းလောက် အောင် ကျဲကောင်း ထောက်မစွာဖြင့် အခြေအနေများ တည့်မတ် ထိန်းသိမ်း ပေးနိုင်ကောင်းပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

ပထမတော့ ဘယ်လောနေ့တယ်လို့ ပြောရမှန်း ဘက်ဖ မသိ၊ ငြိမ်အေးချမ်းမှု အပြည့်ရှိသော ဂျိန်းရစ်ခ နှင့် စည့်ခန်းထဲတွင် မျက်နှာချင်းဆိုင် ထိုင်မိသော တွင်မှ မိမိ၏ အိမ်ထောင်ရေး ပြဿနာ များကို ယောက်ျားဖြစ်သူအား ပြောပြလို့ သင့်မှ သင့်ပါ့မလား သံသယပွားမိ၏၊ ဂျိန်းသည် သူ့ဆေးဘက်မှ လိုက် မပြောပါဘူး ဘယ်သူ မျှော်လင့်နိုင်ပါ့မလဲ၊ ယောက် ဖြစ်သူအား ခုလို တိုင်ပင် အကြံဥာဏ်တောင်း ခြင်း သင့်တင့်လျောက်ပတ်ခြင်း မရှိပါချေ။

ကျွန်မ ပြဿနာတွေ ပြောပြပြီး မေမေ့ကို ဒုက္ခ ရမှာ မဆင့်တော်ပါဘူး၊ မေမေ၊ ဒါပေမယ့် အကြောင်းတွေ ဆမီး ထစ်ယောက်တည်း ကိုယ့်ကိုယ် ပြောနေရတာ ရူးချင်ချင်ဖြစ်လာတာနဲ့’

ဘက်ဖာလီ အသံတိမ်တိမ်ဖြင့် ပြောသည်။



‘မေမေနဲ့ ပြောလို့ ဆိုလို့ ရနိုင်မယ်လို့ သမီးယုံကြည် အတွက် မေမေ ဝမ်းသာပါတယ်ကွယ်၊ အက်ဒ်ကိစ္စ တ်လား’

‘ဟုတ်ကဲ့၊ အို…မဟုတ်ဘူး၊ သမီး ဆိုလိုတာက လွ သနာက အက်ဒ်ကြောင့်လား၊ ကျွန်မ ကြောင့်လား၊ မှမဟုတ် နှစ်ယောက်စလုံးကြောင့်လားဆိုတာ မခွဲခြား တော့ပါဘူး၊ ကျွန်မကတော့ အက်ဒ် အကြောင်း ကျွန်မကြောင့် ပိုဖြစ်လိမ့်မယ် ထင်တာပဲ’

ဂျိန်း စေ့စေ့နားထောင်နေသည်။ ဘာမျှမပြော။

ဘက်ဖာလီသည် ရုတ်တရက်ပင် မိမိ အာဝ ဇာတ် ကြောင်းကို ဖွင့်အန်ချနေမိ၏။ အိမ်ထောင်မကျမီ နှစ်များ အကြောင်း၊ မိမိ၏ ငယ်ဘဝအကြောင်း၊ မိမိ နေထိုင် ကြီးပြင်းခဲ့ရသည့် ပတ်ဝန်းကျင်အကြောင်း၊ ‘လူ့သိက္ခာ’ ပတ်သက်၍ မိဘနှစ်ပါး၏ ဆုံးမ ဩဝါဒများ အကြောင်း၊ ဖရင်ဘာရီအကြောင်း၊ နီးလ် အကြောင်း၊ နောက် အက်ဒ်အကြောင်း၊ အနှစ်နှစ် အလလက သိပ်ထားရသည့် ဝေဒနာများကို အန်ထုတ်လိုက်ရ ဖြင့် ရင်ထဲ ပေါ့သွားသည်။

ဂျိန်းက ဘက်ဖာလီ ပြောသမျှ အားလုံး နားထောင် သည်၊ မျက်နှာပေါ်တွင် ဘာခံစားချက်မျှ မပေါ်၊ မထင် သည့် ဖြစ်ရင်များ၊ တစ်ခါတစ်ရံ ထိတ်လန့်တုန်လှုပ် ကောင်းပြီး ရင်ငြိမ်စရာ ဖြစ်ရပ်များကို ကြားဖြတ် ဆိုခြင်း မပြုဘဲ နားထောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗာလီ စကားဆုံးသွားမှ သူက ပြောသည်
ခုတော့ သူ့ချွေးမလေးသည် နှစ်ပေါင်းများစွာ အော
အည်း ထားခဲ့ရသည့် ဝေဒနာများကို မျက်ရည်မျ
အဖြစ် အသွင်ပြောင်း သွန်ထုတ်နေပြီ။

'ကျွန်မ စိတ်မကောင်းပါဘူး မေမေ၊ အက်ဒ်နဲ့ ကျွ
ချစ်ခဲ့ကြတဲ့ အတွက်လည်း စိတ်မကောင်းဘူး၊ ကျွ
ဟာ ခုလို စိတ်ဆင်းရဲစရာကောင်းတဲ့ သတ္တဝါတစ်
ဖြစ်နေတဲ့အတွက် မေမေ ကျွန်မကို မုန်းမှာပဲနော်၊ ကျွ
ဟာ မောင့်အတွက် မယားကောင်း မဖြစ်ခဲ့ဘူး၊ ကျွ
ဘာဖြစ်နေလဲဟင်၊ မောင့်ကို အသွင်ပြောင်းဖို့ ကြိုးစ
နေတာကို ကျွန်မ ဘာဖြစ်လို့ ရပ်တန့်က မရပ်နိုင်တာလ

'သူဟာ ကျွန်မ တွေ့ဖူးသမျှ ယောကျ်ားတွေထက်
တော်တဲ့ ယောကျ်ားတစ်ယောက်ပါ၊ သူဟာ ကမ္ဘာေ
တစ်ယောက်လိုပဲလေ၊ ခက်တာက ကျွန်မက ကမ္ဘာေ
တစ်ယောက်ကို မလိုချင်တာပဲ၊ လိုချင်ခဲ့သာပဆိုရင်
ကျွန်မ ရခဲ့ပြီးပြီ၊ မောင့်ကို အပြစ်ပြောနေမိတာကို
ကျွန်မ မှားနေတာ၊ ကျွန်မအတွက်သာ မဟုတ်ဘူး၊ သူ
အတွက်ပါ ပြောင်းလဲလာအောင် အတင်း တွန်းအာ
ပေးခဲ့တာလဲ ကျွန်မပဲ၊ သူ့ ခမျာ ကျွန်မ ကျေနပ်အော
အစွမ်းကုန် ကြိုးစားခဲ့ပါတယ်'

'ခုတော့ သူ လက်လျှော့လိုက်ပြီ ထင်တာပဲ၊ ကျွန်မ
တွန်းအားပေးလေ သူက ဆန့်ကျင်ပုန်ကန်လေပဲ၊ သူ
တဖြည်းဖြည်း မထုံတတ်သေး နေတတ်တဲ့ အကျင့်



သာတာ ကျွန်မ တွေ့ရတယ်၊ မောင်ဟာ မထုံတတ်သေး
တတ်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ မေမေ၊ အဲဒီလို
လာတဲ့အတွက် ကျွန်မ သူ့ကို အပြစ်မြင်နေမိတယ်၊
ကို မရှိသေး မလေးစားနိုင်တော့ဘူး၊ ဒီကြားထဲထဲမှ
ချွေးတစ်ယောက်လို မောင့်ကို ချစ်နေမိပြန်တယ်၊ ကျွန်မ
လုပ်ရမလဲ ဂျိန်း၊ ကျွန်မတို့ နှစ်ယောက်စလုံးအတွက်
ကောင်းဆုံးဟာ ဘာဖြစ်နိုင်မလဲ'

ဂျိန်းက စကားလုံးများကို သေသေချာချာ ရွေးပြီး
သည်၊

'ဘက်ဗာလီကလေးရယ်၊ အဲဒီ မေးခွန်းတွေကို မေမေ
ဖြေနိုင်ဘူးဆိုတာ သမီး သိပါတယ် ကွယ်၊ သမီး
တိတ်ဆာ လုပ်ခဲ့တဲ့ လုပ်ရပ်တွေအတွက် မေမေ သမီးကို
ကောင်းအဆိုး မဆုံးဖြတ်ပါဘူး၊ သမီး ခုလို ခံစားနေ
တဲ့ အတွက် မေမေ ကိုယ်ချင်းစာ ကရုဏာ သက်မိပါ
ယ်၊ ဘာပဲဖြစ်ဖြစ် မေမေလဲ စိတ်မကောင်းပါဘူး၊
သမီးတို့ရဲ့အိမ်ထောင်ရေး အောင်မြင်စေချင်ပါတယ်လေ၊

'သမီးတို့ မင်္ဂလာဆောင်မှာတုန်းက မေမေ ထိုင်ပြီး
စားနေခဲ့မိတယ်၊ သမီးဟာ ဒက်ဒ် ဘဝမှာ အလို
ဆုံး အရာဝတ္ထုတစ်ခုပဲလို့၊ သူ့ကိုယ်သူ ဘယ်တုန်း
ပြုမြင် အားမထုတ်ခဲ့တဲ့ အက်ဒ်ကို တစ်နည်း တစ်
အားဖြင့် ကူညီ ဖေးမနိုင်လောက်အောင် စိတ်ဓာတ်
ခိုင်တဲ့ မိန်းမတစ်ယောက်လေ၊ မေမေ ရိပ်မိခဲ့တာ
တော်လော်ကြာပြီ သမီး၊ သမီးဟာ အက်ဒ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အခြောင်းဆုံးနဲ့ အဆိုးဆုံး အဖြေပဲလို့ သမီးအတွ
အက်ဒ်ဟာလို့ ဒီလိုပဲ အပြုန်အလှန်ဖြစ်တဲ့ သဘော
လေ’

ဘက်ဗာလီ စိတ်ဆင်းရဲစွာ ခေါင်းညိတ်မိ၏။

‘သမီးရယ်၊ သမီးကို အကြံဉာဏ် ပေးမယ် ဆို
ကိုယ့်ကိုကိုယ် ယုံစားလွန်းရာ ရောက် သွား မှာ
ကိုယ့်ကိုကိုယ် ယုံစားလွန်းတဲ့သူ၊ အန္တရာယ်ကြီးတဲ့
ဆက်ဆံရခြင်းတဲ့သူ ဖြစ်သွားမှာစိုးလို့ မေမေက ကိုယ့်
နဲ့ ပတ်သက်ဘဲ့တိုင်အောင် တစ်စုံတစ်ရာ အတိုင်းအတာ
မမှဒီဌစန်ကျကျ ဝေဖန် ပိုင်းခြားနိုင်စွမ်းရှိတယ်လို့
ပါတယ်၊ ဒါပေမယ့် မေမေဟာ လူသားတစ်ယော
နေခဲ့ပြီး အက်ဒ်ရဲ့ မအေရင်းတစ်ယောက်၊ ပိုပြီး
သွားစေနိုင်တာက မေမေဟာ နှစ်ယောက်စလုံးကို ချ
တာပဲ၊ တကယ်လို့ သမီးက သူ့ကို စွန့်ခွာသွားမယ်ဆို
အက်ဒ်မျှော အသည်းကွဲလိမ့်မယ်ဆိုတာ မေမေ သိ
တယ်၊ ဒါပေမယ့် သမီး ဆက်ပေါင်းနေရင်လဲ သ
အသည်းဟာ ကျေကွဲလို့ မကျေလာလိမ့်မယ်’

သူက ရွေးကို ကရုဏာသတ်စွာ ကြည့်လိုက်၏။

‘ခု မေမေ မေးမယ့် မေးခွန်းက ကြောင်ချင် ကြေ
လိမ့်မယ်၊ ဒါပေမယ့် သမီးတို့ အိမ်ထောင်သက် သ
ခွဲနဲ့ အိမ်ထောင်မကျမီ ခြောက်လလောက် အတူနေ
ကာလတွေအတွင်း သမီး သူ့ အကြောင်း ဘယ်လော
မှန်မှန် ကန်ကန် သိခဲ့သလဲ’



အလန့်တကြား ဖြစ်သွားသော ဘက်ဗာလီ၏ အမူ
ရာကို ကြည့်ပြီး ဂျိန်း ပြုံးလိုက်၏။

‘သမီး ပြောသွားတဲ့အထဲမှာ အတူပေါင်းသင်းနေကြ
အပိုင်းကို ချန်ထားခဲ့သယ်လေ၊ ဒါပေမယ့် မေမေ
လောက် မတုံးသေးပါဘူးကွယ်၊ သူငယ်ချင်း တစ်
ယောက်နဲ့ အခန်းတစ်ခန်း ငှားနေတယ် အဲဒီ အခန်းမှာ
ယ်လီဖုန်း မရှိဘူးဆိုတဲ့ ပေါက်ဘက်ကရ ဇာတ်လမ်း
ကို မေမေ ယုံခဲ့တယ်မျှား အောက်မေ့လို့လား၊ သမီး
နှစ်ယောက် အတူနေကြတယ်ဆိုတော့ မေမေ ဝမ်း
ခနေတာ၊ အိမ်ထောင်ပြုခြင်း သမီးတို့ နှစ်ယောက်
ားမှာ အဖုံးအထစ်တွေ ရှိနေရင် ပြေပျောက်အောင်
ကြိုလိမ့်မယ်၊ ဒါမှမဟုတ် ဖျောက်လို့ မရတော့
အောင် ခေါက်ရိုးကျိုးနေတဲ့ အကျင့်ဆိုးတွေ ရှိနေကြရင်
ဲ လက်မထပ်မီ မြင်တွေ့သွားကြလိမ့်မယ်လို့ မေမေက
င်ခဲ့တယ်’

‘ဘာပဲဖြစ်ဖြစ်လေ၊ အဓိကမေးခွန်းက ဒါမဟုတ်ပါ
ဘူး၊ မေးရမယ့် မေးခွန်းက အက်ဒ် အကြောင်း သမီး
ဘယ်လောက် မှန်မှန်ကန်ကန် သိခဲ့မြင်ခဲ့သလဲ ဆိုတာပဲ’

ဘက်ဗာလီ တွေနေသည်။

‘မေမေကို ကျွန်မ ပြောခဲ့သလောက်ပဲ သိတယ်ထင်
တာပဲ သူဟာ ကြင်နာတတ်၊ ချစ်တတ်ပြီး သစ္စာရှိတဲ့
လူတစ်ယောက်၊ ဒါပေမယ့် ဘဝရဲ့ အရှိ တရားတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်မဆိုင်ချင်တဲ့ လူတစ်ယောက် ဆိုတာလောက်ပဲ သိ ပါတယ်'

'မေမေ ဆိုလိုတာက သမီးနဲ့သူနဲ့ မတွေ့မီက သူ့ဘ အကြောင်း သမီး ဘယ်လောက်သိသလဲလို့ မေးတာ'

'ဟိုတစ်စ ဒီတစ်စ လောက်ပဲ သိတယ်'

ဘက်ဇလီ ခုမှ ရုတ်တရက် သတိ ထားလိုက်မိသည် မိမိသိထားသည့် အချက်တွေမှာ အံ့ဩစရာ ကော လောက်အောင် နည်းလွန်း နေပါကလား၊ သိသ အကြောင်းတွေကလည်း မာရီယံမှတစ်ဆင့် သိရသည် အကြောင်းတွေ။

'နှစ်ဆယ့်ခြောက်နှစ်မှာ သူ့ဖေဖေ ဆုံးသွားတယ် မေမေက သူ့ကို ကောလိပ်ဆက်ပို့တယ်၊ သူ့အမေရိက ပြည်တစ်ခွင် တစ်ပြင် လျှောက်သွားပြီး စန်ဖရန်စစ္စကို ကောင်မလေးတစ်ယောက်နဲ့ လက်ထပ်တော့မလို ဖြစ် တယ်၊ နောက် ဘုရင့်လေတပ်ထဲဝင်ပြီး နောက်ပိုင်းမှ အမေရိကန်လေတပ်ဘက် ပြောင်းတယ်၊ ပစိဖိတ်မှာ ဘဝ ကြမ်းနဲ့ နေထိုင်ခဲ့ရတယ်'

ဘက်ဇလီ စကားရပ်လိုက်၏ ပြီးမှ....

'ဟုတ်တယ်နော် ရယ်စရာပဲ၊ အဲဒီအကြောင်း ကျွန်မ တစ်ခါမှမစဉ်းစားမိဘူး၊ဒါပေမယ့် ကျွန်မတို့နှစ်ယောက် စလုံး ကျွန်မရဲ့ ငယ်ဘဝအကြောင်း တစ်ခါမှ တစ်နံတ လျှား လေ လှာ မကြည့်ခဲ့မိကြဘူး၊ ကျွန်မ မေမေ့ ပြောပြခဲ့အဲ့ ကိစ္စတွေကို အက်ဒ် တစ်ခုမှ မသိဘူ



ဂျိန်း၊ သူနဲ့ မတွေ့ခင် ကျွန်မ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ တွေလေ၊ ဒီလိုပဲ သူ ဘယ်လိုလူလဲဆိုတာလဲ ကျွန်မ မသိ ခဲ့ဘူး'

မေးခွန်းမှာ အဖြေကို ကြားလိုသည်ထက် လေးနက် စေလိုသော သဘောဖြင့် မေးလိုက်သည့် မေးခွန်း။

'မေမေတော့ အံ့ဩလို့ မဆုံးဘူး၊ သမီးလိုလူတွေ ပေါ့၊ အက်ဒ်အကြောင်း သမီးသိတယ်ဆိုတာ သူ့ဘဝရဲ့ ကောက်ကြောင်းလောက်ပဲ သိတာကလား၊ သမီးရဲ့ဘဝ ဦး အတွေ့အကြုံတွေက သူ့ကို ဘယ်လို ပုံသွင်းခဲ့တယ် ဆိုတာတော့ တစ်ခါမှမစဉ်းစားမိဘူး မဟုတ်လား၊ အဲဒီ အတွေ့အကြုံတွေက သူ့ဘဝကိုကော၊ ခု သမီးတို့ နှစ် ယောက်စလုံးရဲ့ ဘဝကိုပါ ဘယ်လိုပုံသွင်းနေတယ်ဆိုတာ ကို မစဉ်းစားမိဘူး မဟုတ်လား'

ဘက်ဇလီ အားရှုံ့ဆိုက် နားထောင်နေသည်၊ ဂျိန်း ဆက်ပြင်းတစ်ချက် ရှိုက်သွင်းပြီး စကားဆက်သည်၊

'အက်ဒ်ရဲ့ ဘဝသက်တမ်း တစ်လျှောက်မှာ အက်ဒ်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားဖို့ တိုက်တွန်း ဖူးတဲ့သူဆိုလို့ သမီးဟာ ပထမဆုံး လူတစ်ယောက်ပဲ ဆိုတာ သမီးသိရဲ့လား ဘက်ဇလီ၊ သူ့ဆီက တစ်စုံ တစ်ခုကို စာကယ်တမ်းတောင်းဆိုခဲ့တာ သမီးတစ်ယောက် ပဲ ရှိတယ်ဆိုတာ သမီးသိရဲ့လား၊ အေးလေ—အသိ သိမလဲ၊ ဘယ်လိုလုပ်သိနိုင်မလဲ. ဒါပေမယ့် အဲဒါမှန်ပဲ၊ အဲဒီလို ဘာကြောင့် ဖြစ်ရသလဲဆိုတာ တောက်ချက်ချ

www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေ့ ချွတ်ယွင်းချက်တွေက အများစု ဖြစ်နေ တယ်'

'အက်ဒ်ဂါဟာ သူ့အဖေနဲ့ ကြောက်စရာ ကောင်း လောက်အောင် တူတယ်၊ ခု အက်ဒ်ဂါဟာ သမီးကိုဆက်ဆံ သလို မေမေ့ခင်ပွန်းဟာလည်း မေမေ့အပေါ် ကွယ်ကာခဲ့ တယ်၊ မြတ်နိုးခဲ့တယ်၊ သူလည်း ဘဝရဲ့ အရှိတရားတွေကို ပစ်ပယ်ပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် နေခဲ့တဲ့လူပဲ၊ အဲ...တစ်ခု တော့ရှိတယ်၊ သူ့မိန်းမက လခ ကောင်းကောင်းရပြီး အမှီခို ကင်းကင်းနေတတ်တဲ့ မိန်းမ မဟုတ်ဘူး၊ ဒီတော့ အက်ဒ်လုပ်နေသလို သူကတော့ အိမ်ထောင့်တာဝန်တွေ ကို ပစ်ပယ်ထားလို့ မရခဲ့ဘူး၊ ဒါပေမယ့် ဘဝအားမာန် ရှိတဲ့ မိန်းမတစ်ယောက်က သူ့ကို ကူညီပံ့ပိုးနေမယ်ဆို ရင် ဒီနေ့ အက်ဒ်နေထိုင်တဲ့ အချိုးမျိုးနဲ့ သူလည်း နေထိုင်ခဲ့ မှာပဲ'

'ဒါပေမယ့် မေမေလည်း ဘဝ အားမာန်ရှိတဲ့ မိန်းမ တစ်ယောက်ပဲဟာ'

'မေမေက သမီးနဲ့ ပုံစံမတူဘူးလေ၊ မေမေက မေမေ့ ခင်ပွန်း သက်ရှိထင်ရှား ရှိနေသရွေ့ ကာလပတ်လုံး အလုပ်လုပ်ဖို့ စိတ်ကူးတဲ့ မိန်းမ မဟုတ်ဘူး၊ တစ်ခုရှိတာ က မေမေ့မှာ ကလေးနှစ်ယောက် ရှိတယ်၊ အိမ်ခန်းငှား ခကို သူမပေးရင် နေခက်ပြီး စားစရာ သောက်စရာကို သူကမှ စားပွဲပေါ် တင်မပေးရင် ဘယ်သူကမှ လာပေး မှာ မဟုတ်ဘူးဆိုတာ သူသိနေတယ်၊ အဲ...သူဆုံးသွား



ပြီး မေမေတို့ မိသားစုအတွက် ဘာတစ်ခုမှ မထားရစ်ခဲ့ တော့မှ မေမေ အလုပ်ဝင်လုပ်ပြီး မိသားစုကို ရှာဖွေ ကျွေးမွေးခဲ့တာ'

'မေမေက တခြားနည်းတွေနဲ့ အားရှိခဲ့တယ် သမီး၊ သူ့ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု မအောင်မြင်ချိန်မှာ သူ လောကကြီးကို စိတ်ပျက် ငြီးငွေ့နေချိန်မျိုးမှာ မေမေ သူ့ကို အားပေးခဲ့တယ်၊ စိတ်ဓာတ် မြှင့်ပေးခဲ့တယ်၊ သူ့ သဘောထား မှန်တယ်၊ တခြားလူတွေ အားလုံးမှားတယ် ဆိုပြီး သူ့ဘက်က ထောက်ခံအားပေးခဲ့တယ်၊ ဘာဖြစ် လို့လဲဆိုတော့ သူ့ စိတ်ချမ်းသာစေချင်တယ်လေ၊ ဒီတော့ သူ့ကို ယုံကြည်တယ်၊ ထောက်ခံတယ်ဆိုတဲ့ ပုံစံနဲ့ မေမေ့ မှာ ရှိသမျှအားမာန်တွေ သူ့ကို ကူပေးခဲ့တယ်၊ မေမေ လုပ်ခဲ့တာ မှန်သလား မှားသလားဆိုတာ မေမေ ခုတော့ မခွဲတတ်တော့ပါဘူးကွယ်၊ ဒါပေမယ့် မေမေလုပ်ခဲ့တာ တော့ အဲဒီအတိုင်းပဲ'

အက်ဒ်ဂါ စိတ်ကူးယဉ် ဆန်တဲ့ လက်တွေ့မကျတဲ့ အဖေနဲ့ လင်ယောကျ်ားလုပ်သူမျှ မျက်စိမှိတ် ထောက်ခံ တတ်တဲ့ အမေ့ကိုကြည့်ပြီး ကြီးပြင်းခဲ့ရတယ်၊ အက်ဒ်ဂါ ဟာ သူနေခဲ့တဲ့ အိမ်ထဲမှာ ပြိုင်ဆိုင်မှုဆိုတာကို မတွေ့ ခဲ့ရဘူး၊ ငွေပိုရှာဖို့၊ ဒါမှမဟုတ် ဘဝအာမခံချက် ပိုရဖို့ ဒါမှမဟုတ် ဘဝအဆင့်အတန်း ပိုမြင့်ဖို့ဆိုတဲ့ တောင်းဆို ချက်မျိုးတွေကို မေမေပြောတာ တစ်ခါမှ မကြားခဲ့ရ ဖူးဘူး၊ အဲဒီအတွက် မေမေ့ကိုယ်မေမေ အားနာနည်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးလို့ မထင်မိပါဘူး၊ မေမေရဲ့ စတီဖင်ကို အရှိအတိုင်းပဲ လက်ခံခဲ့တာပါ။ ဒါပေမယ့် သဘောထားကြီး မြင့်မြတ်မှု ဆက် ဥပက္ခာတရားနဲ့ လက်ခံခဲ့တာ၊ လူ့ဘဝမှာ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းတွေဟာ စိတ်ငြိမ်းချမ်းမှုရဲ့ လက်ဝေခံပဲဖြစ်ရမယ်လို့ မေမေ ကိုယ့်ကိုယ်ကို တရားချခဲ့တယ်၊ သန့်စင်ကြည်လင်ဖို့ဆိုတာ အရေးအကြီးဆုံး မဟုတ်လား၊ အဲ.... စတီဖင် ကွယ်လွန်သွားတဲ့အခါ ကျတော့လဲ မေမေဟာ အက်ဒ်ကို အဲဒီ ခံယူချက်နဲ့ပဲ ဆက်ဆံခဲ့တယ်။

အက်ဒ်ရဲ့ ဖေဖေကို ကူညီ စောင့်ရှောက်ခဲ့ သလိုပဲ အက်ဒ်ကိုလဲ ကူညီစောင့်ရှောက်ဖို့ မေမေ ကိုယ့်ကိုကိုယ် တာဝန်ပေးခဲ့တယ်၊ သူတို့နှစ်ယောက်စလုံးကို လူညံ့တွေ ရယ်လို့ မေမေ ဘယ်တုန်းကမှ မမြင်ခဲ့ဘူး၊ ဒါကြောင့် အက်ဒ် ကျောင်းဆင်းပြီး တောက်တိုမယ်ရ အလုပ်တွေ လျှောက်လုပ် နေတုန်းကလဲ သူက အိမ်စရိတ်ထောက်မို့ ပါရစေဆိုတာတောင် မေမေငြင်းခဲ့တယ်၊ သူ့ဖေဖေကို ပျော်ရွှင် စိတ်ချမ်းမြေ့ စေချင်သလို သူ့ကိုလဲ ပျော်ရွှင် စိတ်ချမ်းမြေ့ စေချင်တယ်လေ၊ အဲဒါဟာ မေမေ့ရဲ့ အတ္တ မာနတရားဖြစ်နိုင်တယ်၊ သမီးရဲ့ အတ္တ မာနတရားက အောင်မြင်မှုကို ရယူချင်တဲ့ သဘောမျိုးပေါ့'

'တကယ်လို့များ မေမေ အက်ဒ်ကို ဒီထက်မကပိုပြီး တောင်းဆိုခဲ့ရင်ကော အက်ဒ်ဟာ အသွင် ခြားတဲ့ လူ တစ်ယောက် ဖြစ်လာနိုင်မယ် ထင်သလားဟင်'



'မပြောတတ်ဘူးသမီး၊ အဲဒီလို နောက်ကြောင်းပြန် အမြင်တွေဟာ သိပ်အကျိုး မရှိလှဘူးကွယ့်၊ မေမေပြောနိုင်တာ တစ်ခုတော့ရှိတယ်၊ သူ့ကို တာဝန်တစ်ခုခု ယူပါလို့ မေမေ ဘယ်တုန်းကမှ ဖိအားမပေးခဲ့ဘူး၊ သူ့စိတ်ချမ်းသာသလို သူ့ဘဝသူ ရေစုန်မျော လိုက်ခွင့်ပြုခဲ့တယ်၊ သူ့ကိုချစ်မယ်၊ နောက်ပြီး စောင့်ရှောက်မယ်၊ ဒါပဲ၊ ဒီတော့ အဲဒီလို အစစ အရာရာ အလိုလိုက်ခံရ၊ အဖျက်ဆီးခံထားရတဲ့ အက်ဒ်ဟာ ခုကျမှ သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲဖို့ ဆိုတာ သိပ်မလွယ်တော့ဘူး'

တကယ်လို့ ပြုပြင်ပြောင်းလဲမှု တစ်ခုခု လုပ်မယ်ဆိုရင် ပြုပြင်ပြောင်းလဲရမှာ သမီးအပိုင်းကပဲ ဖြစ်လိမ့်မယ်၊ ဒီလို ပြောရတာ သမီးဘက်က ကြည့်ရင် မတရားဘူး ဆိုတာ မေမေ သိတယ်၊ တကယ်လဲ မတရားဘူး၊ ဒါပေမယ့် အဲဒါ အရှိတရားပဲလေ'

'တကယ်လို့ သမီးဘက်က မပြောင်းလဲ နိုင်ဘူးဆိုရင် ကော'

'ဒါဆိုရင်တော့ သမီးသူ့ကို စွန့်ခွာဖို့ပဲရှိတယ် သမီး ဒါပေမယ့် အဲဒီဆုံးဖြတ်ချက်ကို ချဖို့ မလောပါနဲ့၊ သမီး အနေနဲ့ ဘဝမှာ ဘာအရေးကြီးဆုံးလဲ ဆိုတာကို ဆုံးဖြတ်ရလိမ့်မယ်၊ အထူးသဖြင့် သမီးရဲ့ဘဝမှာပေါ့၊ အဲဒီ ကိစ္စကိုစဉ်းစားတဲ့အခါ အတ္တတရားကိုသာ ရှေ့တန်းတင်ပြီး စဉ်းစား၊ ဒီလိုပဲလုပ်သင့်တယ်၊ သမီးက အရွယ်ကောင်းတုန်း၊ မျက်နှာကောင်းတုန်း ရှိသေးတယ်၊ သမီး

www.burmeseclassic.com



အတွက် သမီး လိုအပ်တဲ့ လူမျိုးတစ်ယောက် ရှာတွေ့ဖို့ အချိန်ရှိသေးတာယ်၊ ဒါပေမယ့်လဲ ရေရှည်မှာကျတော့ အက်ဒ်ရဲ့ သစ္စာရှိမှုနဲ့ ချစ်မြတ်နိုးမှုများက ငွေနောက် လိုက်ရင်း သမီးကို အချိန်ပိုင်းလောက်သာ ဂရုစိုက်နိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဆက်ဆံမှုမျိုးထက် ပိုပြီး အလေးသာထိုက်နေပြန်ရော'

ဘက်ဗာလီ မတ်တတ်ရပ်လိုက်၏။

'မေမေကတော့ ကျွန်မကို တော်တော် မကျေမနပ် ဖြစ်မှာပဲနော်'

'သမီးကို မကျေမနပ် ဖြစ်ရမယ် ဟုတ်လား၊ ဘယ်တော့မှမဖြစ်ဘူးသမီး၊ မေမေနားလည်မှု ရှိပါတယ်ကွယ်၊ အက်ဒ်ကို ကျောခိုင်းသင့်သလားလို့ သမီးအတွေးပေါက်နေတဲ့ အတွက်လဲ သမီးကို အပြစ်မတင်ဘူး၊ သမီးကျောခိုင်း သွားရင်တော့ မေမေ စိတ်မကောင်း ဖြစ်မိမှာပဲ ဒါပေမယ့် ဒီအတွက်သမီးကို မေမေ ဘယ်တော့မှ မုန်းသွားမှာ မဟုတ်ဘူး၊ သမီးမှာ သမီးရဲ့ ဘဝတစ်ခုလုံး ရှိနေသေးတယ်လေ၊ အက်ဒ်နဲ့ဆက်ပြီး ပေါင်းသင်း မနေရမှ ပျော်ရွှင်လာမယ်လို့ သမီးဆုံးဖြတ်လိုက်လို့လဲ အက်ဒ်ဟာ အသည်းကွဲပြီး သေသွားမှာ မဟုတ်ဘူး၊ လူတွေက ဒီအတိုင်းပါပဲ၊ ရောက်ရာ ဘဝကနေ ကိုယ့်လမ်းကို ဆက်လျှောက် ကြရတာပါပဲ၊

'ဒါပေမယ့် ဒီဆုံးဖြတ်ချက်ကိုတော့ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ဖို့ မေမေ တောင်းပန်တယ်ပါ၊ ဒါက သမီး



အတွက်ကော ယူ့အတွက်ပါ မြော်တာ ကောင်းတာ ကတော့ သမီးတို့နှစ်ယောက် ခဏခွဲနေလို့ရအောင် သမီး ခရီးထွက် လိုက်သင့်တယ်၊ အဲဒါဆိုရင် သမီး စိတ်အေးအေးနဲ့ စဉ်းစားချင့်ချိန်ဖို့ အချိန်ရလာမယ်၊ အဲဒီလို ခရီးထွက်ဖို့ ဖြစ်နိုင်ပါမလား'

'ဘယ်လို စီစဉ်ရမယ်ဆိုတာ မပြောတတ်လောက်အောင်ပဲ မေမေ၊ ဒီရာသီက ကျွန်မတို့ အလုပ်အများဆုံး ရာသီလေ'

'ဪ...ဟုတ်တာပေါ့၊ ဒါကိုတခြားလူတွေထက် မေမေက ပိုပြီး သိထားသင့်တာပေါ့'

ဂျိန်းက ဘက်ဗာလီအား ချစ်မြတ်နိုးစွာ နမ်းရှုံ့နှုတ်ဆက်သည်။

'မေမေနဲ့ လာတိုင်ပင်ဖော် ရတဲ့အတွက် ကျေးဇူးတင်ပါတယ်သမီး၊ မေမေ အနည်းအကျဉ်းတော့ ကူညီလိုက်နိုင်တယ် ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ်လေ သမီးတို့နှစ်ယောက်စလုံးအတွက် အကောင်းဆုံးဖြစ်ဖို့ မေမေလဲ ကူပြီး ဆုတောင်းပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ယောက္ခမကြီးပြောပြလိုက်သည့် အကြောင်းအရာများကို ဘက်ဗာလီ စမြုံ့ပြန်ကြည့်မိ၏။ ဂျိန်း ပြောပြလိုက်သည့် အကြောင်းအရာများက အက်ဒ်ကို နားလည်သဘောပေါက်နိုင်အောင် တော်တော်ကြီး အထောက်အကူပေးသည်။ သို့သော် မူလအကျပ်အတည်းကိုတော့ ဖြေရှင်း မပေးနိုင်။

စင်စစ် ဘက်ဗာလီသည် ဂျိန်းဆီ သွားကတည်းက ဖြေဆေးတစ်ခု ရလိမ့်မည်ဟု မျှော်လင့်မထားရိုး။ အမှန်မှာ မိမိ၏ရင်ကို ဖွင့်ပြရုံလောက်သာ ရည်ရွယ်ခဲ့၏။ သို့တိုင် သူ့အမျိုးကြီး အမြတ်ထွက်ခဲ့ပါသည်။ ခုတော့ သူ့ရင်ထဲမှာ ကိန်းအောင်းနေသည့် အဆိပ်များကို အန်ထုတ်လိုက်ရသလို ရင်ထဲမှာ ရှင်းပေါ့သွားသည်။

နောက်နေ့ နံနက်ကျတော့ အလုပ်သို့ ခပ်စောစော ထွက်ခဲ့၏။ အလုပ်မစမီ မိနစ် အနည်းငယ်လောက် တစ်ကိုယ်တည်းနေပြီး စဉ်းစားလိုက်ချင်သေးသည်။ သို့သော် ရုံးခန်းလေးထဲရောက်ပြီး ကုတ်အင်္ကျီကိုချိတ်ပြီးရုံ ရှိသေးသည်။ တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ ဆက်သူမှာ ဆီလ်ဗီယာ။ ဆီလ်ဗီယာက ရုံးခန်းထဲရောက်နှင့်နေပြီ။ ဒီနေ့တာ လုပ်ငန်းကို စဖို့ အဆင်သင့် ဖြစ်နေပြီ။

'ညီမ ခဏလောက် လာခဲ့ပါလား ဘက်ဗာလီ'

ဘက်ဗာလီ ချက်ချင်းပင် လာခဲ့မည်ဖြစ်ကြောင်း စိတ်ပါလက်ပါ ကတိပေးလိုက်၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်အတွေး



နှင့်ကိုယ် တစ်ယောက်တည်း ငိုင်နေရခြင်းနှင့် စာလျှင် တော်သေးတာပေါ့ဟု ဆုံးဖြတ်လိုက်သည်။

ဈေးဝယ်ပရိသတ်အတွက် တံခါးမဖွင့်ရသေးသည့်ဖြင့် လူသူကင်းရှင်းနေသော စင်္ကြံလမ်းများအတိုင်း လျှောက်လာတော့ ခါတိုင်းလိုပင် ဘက်ဗာလီ စိတ်တွေ တက်ကြွလန်းဆန်းလာသည်။ တိတ်ဆိတ် ငြိမ်သက် နေသော အရောင်း ကောင်တာများက သူ့ကို ဘာတွေပြောနေသယောင် ထင်ရ၏။ အတိတ်ကိုမေ့ပစ်လိုက်၊ ထူးခြားမှုတစ်ခုခုကို ရှာဖွေတူ၍။

ဤ ကုန်တိုက်ကြီးကို ဘက်ဗာလီ တွယ်တာလှပါသည်။ သို့သော် ဓာတ်လှေကားထဲဝင်ပြီး အမှုဆောင် အရာရှိကြီးများ၏ ရုံးခန်းများရှိရာ အထပ်သို့ တက်လာသောအခါတွင်မူ သူ့ကိုယ်တွင်းမှ အားမာန်များ ထုံးစံအတိုင်း ကျဆင်းလာ၏။ အပေါ်ထပ်သို့ တရိပ်ရိပ်တက်နေရခြင်းကိုက ဩဇာအာဏာ၏ အမှတ်သင်္ကေတမဟုတ်လား။ ဤသို့ စိတ်ထွေနေသည့် နံနက်မျိုးမှာပင် ဤ အမှတ်သင်္ကေတကို သူ သတိထားမိနေ၏။

ဤအထပ် ဤအဆင့်သို့ ရောက်လာသည့် အမှုဆောင် အရာရှိကြီးများသည် ထောင်ပေါင်း များစွာသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြ၏။ သူတို့၏ ဆုံးဖြတ်ချက်များက ဝယ်လ်ဘီ စတိုးကို နယူးယောက်မြို့တွင် အဓိကအရ ကုန်တိုက်ကြီးတစ်တိုက် ဖြစ်လာအောင်

www.burmeseclassic.com

www.burmeseclassic.com

နေ့ခက်ပြီး အမေရိက တစ်ခွင် တစ်ပြင်ဖွင့်ပါ ကျော်ကြားလာအောင် ဖန်တီးနိုင်စွမ်းခဲ့၏။ သည်အရာရှိကြီးများက ဘယ်ဟာမှန်သည် ဆိုသည်ကို သိနေကြသည်လေ။ ဘက်ဗာလီကတော့ သူတို့ကိုကြည့်ပြီး အားကျမိသည်။ သူတို့လို ချင့်ချိန်ဗိုင်းခြားနိုင်စွမ်း ရှိလိုက်ချင်ပါဘိ။

ဆီလ်ဗီယာ၏ စာရေး စားပွဲကြီးနံဘေးရှိ လက်တန်းကုလားထိုင်တွင် ဘက်ဗာလီ ဝင်ထိုင်လိုက်တော့ ဆီလ်ဗီယာက မျက်မှန်ကို ခေါင်းပေါ် ပင့်တင်လိုက်၏။ သူ၏ ကိုယ်ပိုင် အမှတ်အသားဖြစ်သည့် ရွှေစီးကရက်စွပ်တံတွင် စွပ်ထားသည့် စီးကရက်ကို မီးညှိသည်။ ခေါင်းကိုငဲ့ကာ မျက်းကြာကိုရှုံ့ကာ ဘက်ဗာလီကို နှစ်လိုစွာကြည့်၏။

'မင်းအတွက်လဲ မင်္ဂလာရှိတဲ့ မနက်ခင်း ဖြစ်ပါစေကွယ်၊ တနင်္လာနေ့နဲ့ စတဲ့ သီတင်းပတ် တစ်ပတ်ဆိုတာကတော့ မင်္ဂလာရှိစရာအကြောင်း သိပ်မရှိလှပါဘူးလေ၊ ဟေး....ဘာဖြစ်နေတာလဲ၊ မင်း ရှုံးအားရက်နှစ်ရက်က စိတ်ညစ်စရာ ကောင်းလို့လား၊ ဒါမှမဟုတ် ပျော်စရာ ကောင်းလွန်းလို့လား'

ဘက်ဗာလီ ကြိုးစား ပြုံးလိုက်၏။

'ဘာမှ မဖြစ်ပါဘူး၊ မနေ့ကတော့ ကျွန်မယောက်ျားနဲ့အတူ အချိန်တွေ အများကြီး ဖြုန်းပစ်လိုက်တယ်'

'အိုး... ဖြစ်မှဖြစ်ရလေ ကလေးရယ်'

သည်တစ်ခါတော့ ဘက်ဗာလီ ရယ်မောလိုက်၏။



'အဲဒီလိုလဲ မဟုတ်ပါဘူး မမရဲ့၊ သူ့ကို ကျွန်မချစ်ပါတယ်၊ သူက အရမ်း ခင်စရာကောင်းတဲ့ အမျိုးသမီးကြီးပါ၊ မမသိပါတယ်လေ၊ မမနဲ့ သူနဲ့ ဆုံဖူးသားပဲ'

'မင်း မင်္ဂလာဆောင်နေ့က ခဏကလေး တွေ့လိုက်တာပါ၊ သူ့အကြောင်း မမ သိပ်မသိပါဘူး။ မမ တောင်းပန်ပါတယ်ကွယ်၊ ကံမကောင်း အကြောင်းမလှ ...နဲ့ အရင်အိမ်ထောင် နှစ်ဆက်မှာ တွေ့ကြုံဆက်ဆံခဲ့ရတဲ့ ယောက္ခမတွေကြောင့် မမလဲအမြင်မကြည်တော့ဘူး ထင် ...ရဲ့၊ မင်းနဲ့ အကိုဒီခကာ ဘာတွေ လုပ်ဖြစ်ကြသေးလဲ'

'ဘာမှ ထူးထူးခြားခြားမလုပ်ဖြစ်ပါဘူး၊ သူက ဘောလုံး ...သွားနေတယ်လေ'

ဘက်ဗာလီသည် အလာပ သလ္လာပ စကားတွေ ပြော ...ချင်စိတ်မရှိကြောင်း သိသာနေသည်။ ကိုစွမရှိဟု ဆီလ် ...သာ တွေးသည်။ တစ်မိနစ်အတွင်း သူ စကားပြောချင် ...မနေပါ။

'ဒီမယ် ကလေးမ၊ မင်းအိမ်ကနေ ထွက်မပြေးချင် ...းလား'

ဘက်ဗာလီ ထိတ်လန့်တကြား ထ ခုန်မိမတတ် ဖြစ် ...သွားသည်။

'အဲဒီလောက်လဲ အထိတ်တလန့် မဖြစ်ပါနဲ့လေ၊ ...ကို မင်းအိမ်ထောင်ကနေ အပြီးအပိုင် ထွက်ပြေးဖို့ ...နေတာမဟုတ်ပါဘူးကွယ်၊ လာမယ့်ဇန်နဝါရီလမှာ ...ကို ပစ္စည်းဝယ်ယူရေး ခရီးထွက်ဖို့ အစီအစဉ်ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ခရီးမှာ မမနဲ့အတူ မင်းလဲ လိုက်ရမယ်၊ ဘယ်လို သဘောရလဲ၊ မင်းကို ခေါ်သွားဖို့ ဒီမနက်ပဲ ခွင့်ပြုချက် ရတယ်၊ ငါးပတ် ကြာမယ်၊ အသွားမှာ ကွင်းမေရီ အပြန်မှာ 'အဲလီဇဘက်' နဲ့၊ ပါရီမှာ နှစ်ပတ်လောက် လန်ဒန်မှာ နှစ်ရက် သုံးရက်နေမယ်၊ မင်း အဲဒီလောက် ကြာကြာကြီး မမနဲ့ တတွဲတွဲ လိုက်နေနိုင်ပါ့မလား ခက်တာကကွယ်၊ မသတို့ရဲ့ ကပ်ရောဂါနဲ့ ကုန်းတိုက်ကြီး စားရိတ်က ဆက်သာအောင် သင်္ဘော စီးရမှာတော့ ဟိုတယ် တည်းရမှာပါ နှစ်ယောက်ခန်းပဲ ငှားရမယ် လေ၊ ဘယ်လို သဘောရလဲ'

'ကျွန်မ ယုံအောင် မယုံနိုင်လောက်အောင်ပဲ'

'မင်း ယုံနိုင်ပါတယ်၊ အဲ... နောက်တစ်ခုက မင်း ယုံနိုင်သေးတာက ဖင် ဂျတ်တက်အောင် အလုပ် လုပ် လိမ့်မယ်ဆိုတာပဲ၊ ဒါပေမယ့် ပျော်စရာ ပါးစရာတွေ တွေလဲ တွေ့မှာပါ၊ ဒီလို စီစဉ်မိတဲ့အတွက် အကိုဒီ မမကိုများ လာသတ်မလား မသိဘူးနော်'

'သူ တော်တော်တော့ စိတ်ပျက် အားငယ်သွားမှာပဲ ဒါပေမယ့် သူက အကြမ်းပတမ်းသမား မဟုတ်ပါဘူး မမရဲ့၊ တကယ်တမ်း ပြောရရင် သူ ကျွန်မအတွက် ဝမ်းတောင် သာချီးမှာပါ၊ ကျွန်မ ဒီနိုင်ငံရဲ့ အပြင်ဘက် တစ်ခေါက်မှ မရောက်ဖူးဘူးဆိုတာ သူ သိတယ်လေ'

ခုတော့ သူ့အသံလည်း ဆီလ်ဗီယာ့ အသံလို မြူးကြွနေပြီ။



'တော်တော်ကောင်းတာပေါ့၊ ဒါဆို ဇန်နဝါရီလ နှစ်ဆယ်ရက် မှာ ခရီးထွက်နိုင်အောင် စီစဉ်တော့၊ ညီမ နိုင်ငံကူး လက်မှတ်တို့၊ ကျောက်ရောဂါ ကာကွယ်ဆေး ထိုးပြီး လက်မှတ်တို့ လိုမယ်၊ မမတို့ မတ်လ တစ်ရက် ပတ်ဝန်း ကျင်မှာ ပြန်ရောက်မယ်၊ စောရင် တစ်ရက်၊ နှစ်ရက်၊ နောက်ကျရင် တစ်ရက် နှစ်ရက်ပေါ့၊ ဒါထက် မင်း လှိုင်း မူးတတ်လား'

'မပြောတတ်ဘူး၊ ကျွန်မက ခေါ်တော်ဘုတ်လောက် ထက် ကြီးတဲ့ ရေယာဉ်ကို စီးဖူးတာ မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခါမှတော့ လှိုင်း မမူးဖူးဘူး'

အတ္တလန္တိတ် သမုဒ္ဒရာက ဆောင်းတွင်းဆို ပိုပြီး လှိုင်းကြီးတတ်တယ်ကွယ်၊ ဒါပေမယ့် 'ကွင်းမေရီ' က ငြိမ်ပါတယ်၊ မမတို့က တစ်ခန်းတည်း အတူနေရမှာမို့ မေးထားတာပါ၊ မျက်နှာစိမ်းတွေနဲ့ တွဲမနေနိုင်ဘူးလေ၊ တပ်သီးကပ်ဖွဲ့ အခန်းဖော်မျိုးနဲ့လဲ မနေချင်ဘူး၊ မင်းက အိပ်ရင် ဟောက်တတ်ဘူး မဟုတ်လား၊ အဝတ်တွေ အလျှော်တည်း လျှော်တာမျိုးလဲ မလုပ်ပါဘူးနော်၊ မမက ရေချိုးခန်းထဲ ဝင်သွားရင် ရေစိုအဝတ်တွေနဲ့ မျက်နှာနဲ့ တိုက်မိတာလောက် မုန်းတာ မရှိဘူး'

ဘက်ဇလို ရုံးခန်းထဲမှ ပြုံးလျက် ပြန်ထွက်လာသည်။ စိတ်အောင်ကြွဖွယ်သတင်းကို ကြားရသော ကြောင့် သာ မဟုတ်၊ ဆီလ်ဗီယာ၏ ပေါက်တတ်ကရ မေးခွန်းတွေ ကြောင့်လည်း ပြုံးနေမိခြင်း ဖြစ်၏။

www.burmeseclassic.com



ကြည့်စမ်း၊ တစ်နှစ် နှစ်ကြိမ် ပါရီသို့ သွားရလေ့ရှိသည့် အဝယ်တော်ခရီး၊ ကဲ.... ခုတော့ သည်ခရီးကို ဘက်ဗာလီသီဆန်ရှစ်ချမ်ဆိုသည့် မိန်းကလေးကိုယ်တိုင် သွားရတော့မှာပါကလား၊ သည်ခရီးကို သွားရဖို့ဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့၊ သည်ခရီးမှာ လိုက်ပါရခြင်းသည် မိမိ၏ အောင်မြင်မှုကို အမြင့်မားဆုံး အသိအမှတ် ပြုလိုက်ခြင်းပင် မဟုတ်လား၊ လုပ်ငန်းခွင်တွင် အရေးပါ အရာရောက်သူများသာ ပါရီသို့ ဇန်နဝါရီလနှင့် ဇူလိုင်လများတွင် သွားရောက်ခွင့်ရသည်လေ၊

ကိုယ်ရေး ကိုယ်တာဘက်မှ ကြည့်လျှင် နားရက်အ အလိုအလျောက် ပေါ်လာပြီး နေ့စက်ပြီး အချိန်သင့် အခါသင့်ကလေး၊ ဂျိန်း ပြေးသလို အက်ဒ်နှင့် ခွေ ယားယားခွဲနေရခြင်းဖြင့် မိမိ၏ ပြဿနာများကို အေးအေး ဆေးဆေး စဉ်းစားခွင့်ရမည်၊ ရက်သတ္တပါးပတ်အတွင်း အက်ဒ်ကို မိမိ ဘယ်အတိုင်းအတာအထိ သတိရ တမ်းတ မည်ကို သိလာလိမ့်မည်၊ အိမ်ထောင်သက် လေးနှစ် အတွင်း သူတို့နှစ်ယောက် သည်လောက်ကြာကြာ တစ် ခါမျှ ခွဲခွာနေခဲ့ဖူး၊ ခုလို ခွဲနေလျှင် ဘယ်လို ခံစားရမည် ဆိုတာ သိလာလိမ့်မည်၊ သည်ခရီးသည် မိမိအတွက် အကျိုးရှိသော ခရီးဖြစ်ပါစေဟု ဆုတောင်းမိသည်၊ ဘုရားသိကြားမလို့ သဘောဆိပ်သို့ ရောက်ခါနီး နောက် ဆုံး တစ်မိုင်လောက်ကို လက်ပစ်ကူးပြီး ပြန်ပြေးလာချင် လောက်အောင် မနေနိုင့်ရင်ခွင်မှာ ခိုဝင် မှေးစက်ချင်စိတ်



တွေ့ ပေါ်လာခဲ့ပါစေဟု ဘက်ဗာလီ တစ်ကိုယ်တည်း ဆုတောင်းနေမိ၏။

ညနေဘက် အိမ်ပြန်ရောက်လို့ သည်အကြောင်း ပြောပြတော့ အက်ဒ် တကယ်ပင် လှိုက်လှဲ ဝမ်းသာဖြစ်သွား သည်၊

'ဒါ မင်းကို အကြီးအကျယ် အသိအမှတ်ပြု ချီးကျူး လိုက်တဲ့ သဘောပဲ အချစ်ရေ၊ မင်းအပေါ်မှာ မင်းဌာန က ဘယ်လို သဘောထားတယ် ဆိုတာ ဒီမှာဖြစ်နေစရာ ရှိတော့ဘူး၊ မင်းဟာ တစ်နေ့ကျ ဖက်ရှင် စီးပွားရေး လောကမှာ မရှိမဖြစ်တဲ့ ရော့ဓ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်လာမှာပဲ၊ အဲဒါကို ကိုယ် အမြဲတန်း ပြောခဲ့တယ် မဟုတ်လား၊ ခု ဒီခရီးက အဲဒါကို အတည်ပြုလိုက်တာပဲ ပေါ့ မဟုတ်ဘူးလား၊ အေးကွာ၊ ကိုယ့် အာမခံ ကုမ္ပဏီ ကလဲ ကိုယ့်ကို ပါရီလွှတ်ပြီး မန္တာဘာ ခရစ်စတီယံဒိုင်ယာ အတွက် အာမခံ စာချုပ်တစ်ခုလောက် ပြီးနိုင်ရင် ဘယ်လောက်ကောင်းမလဲ'

သူ့မှတ်ချက်တွင် မနာလိုသံ မပါ၊ အငေါ်တူးသံ ခွက်၊ ချစ်ဇနီးအတွက် ဂုဏ်ယူဝမ်းမြောက်သံ ပါပါ၏၊ ချစ်ဇနီးနှင့်အတူ ခရီးထွက်လိုသည့် သဘောသာ ဆောင် ၏၊

သို့သော် ဘက်ဗာလီ ရင်ထဲမှာတော့ နင့်တင့်ကြီး သိပ်ပြမသန့်၊ မိမိသည် သူနှင့် ဝေးရာသို့ အမြန်ဆုံး ထွက်ပြေးချင်နေသူ မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ခါ ဆိုရင်တော့ မောင် ကျွန်မနှင့်အတူ သွားချင် သွားရမှာပေါ့၊ ကျွန်မတို့ ဇူလိုင် နှစ်ရက်မှာ သွားမယ်ဆို သွားနိုင်တာပေါ့'

ဆိုတော့ မိမိ၏ အတွင်းစိတ်ကို မောင် တွင်းဖောက် သိမြင်နေသည်ဟု ဘက်ဗာလီ ခံစားရသည်။ သည်လောက် အိမ်မှလွတ်မြောက်ရာ လွတ်မြောက်ကြောင်းသို့ မိမိဘယ်လောက် ထွက်ပြေး ချင်နေကြောင်း မောင်သိနေပုံရ၏။ ထို့နောက် မောင်က 'ဟာ...အဲဒါ စဉ်းစားသင့်တာပေါ့' ဟု သာ ပြော၏။

နောက်တစ်လအတွင်းမှာတော့ ဘက်ဗာလီသည် ပါရီခရီးစဉ်အတွက် ပြင်ရ ဆင်ရ စီစဉ်ရဖြင့် ချာလပတ်လည် နေသည်။ ရင်ထဲမှာလည်း မြူးကြွမဆုံး၊ တက်ကြွမဆုံး

သူ့သတင်းကို ကြားရတော့ ကုန်တိုက်မှ အရောင်းစာရေးမကလေးများပင် ဝမ်းသာ ကြည်နူး ကြရသည်။ ယခုအခါ မစ္စစ်တိုနီမာရီနို ဖြစ်နေပြီဖြစ်သော မစ်ဂျီ လုဘာကဆို ကိုယ်တိုင်ကိုယ်ကျ လာပြီး ဝမ်းသာစကား ဆိုသည်။ မစ်ဂျီနှင့် စကားစပ်မိရင်း နီးလ် အကြောင်း တစ်ခွန်းစ နှစ်ခွန်းစပြောဖြစ်သည်။ ထို့နောက် ဘက်ဗာလီ ရင်ထဲ ဘယ်လိုမှမနေ။ ထိခိုက်ခံစားမှုမရှိ။ နီးလ်နှင့်ရှင်း မိသူမှာ ဘက်ဗာလီသီဆန်မှမဟုတ်ဘဲ၊ အသွင်ခြားသော မိန်းကလေးတစ်ယောက်ပဲ၊ ဖရင့်ဘာရီးကို မြတ်နိုးခဲ့လေ ခဲ့သည့် ရိုးအအ လွန်းသော မိန်းကလေး တစ်ယောက်သာ ဖြစ်ပေ၏။



သူ၏လက်ရှိဘဝမှာ ပါရီခရီးစဉ်ကိုင် မျှော်နေရခြင်း နှင့် ထိုခရီးစဉ်မှ ထွက်ပေါ်လာမည့် အကျိုးအပေါ် ထား ရှိသောအားထားမှုများကို သိချင်စိတ်ကသာ လွှမ်းမိုး နေ၏။ အက်ဒီကတော့ သည်ရက်သတ္တပတ်များ အတွင်း ခါတိုင်းထက်ပင် ပိုပြီး အတွေ့ ကင်းနေသေးသည်။ တစ် ညတွင်သူက ဘက်ဗာလီအား ကြိုက်ရာ အဝတ်အစား သေတ္တာတစ်လုံးရွေးဖို့ပြော၏။ သည်သေတ္တာသည် သူက ပေးသော ခရစ္စမတ် လက်ဆောင်ဖြစ်မည်ဟုဆိုသည်။

'အို...မောင်ရယ်၊ မောင့်လက်ဆောင်က ဈေးကြီး လွန်းပါတယ်'

'အဝတ်သေတ္တာ တစ်လုံးတော့ မင်းမှာရှိစေချင်တယ် လေ၊ မင်းမှာထိုက်ထိုက်တန်တန် သေတ္တာတစ်လုံးမှရှိတာ မှ မဟုတ်ဘဲ၊ နောက်ပြီး ကိုယ် ဝယ်ပေးနိုင်ပါတယ်ကွ၊ အာမခံ စာချုပ်တစ်ခုပေါ်က ကော်မရှင် မြက်မြက် ကလေး ရလိုက်တယ်လေ၊ အင်း....ကိုယ်လဲ နည်းနည်း သတိထားတော့မှ၊ နောက်တစ်ခါဆို အခန်းငှားခ ထစ် ဝက် ပေးပါရစေလို့ ကိုယ်ပြောနေမိတော့မယ်'

အက်ဒီ့အသံ၌ ပထမဦးဆုံးအကြိမ်အဖြစ် အငေါ်တူးသံ လေး စွက်နေသည်။ ဘက်ဗာလီဘာမှပြန်မပြော၊ ခဏ နေမှ တည်ငြိမ်အေးချမ်းစွာဖြင့်....

'အဝတ်သေတ္တာတစ်လုံး ရှိတော့လဲ ကောင်းတာပေါ့ မောင်၊ မနက်ဖြန်ကျ ကျွန်မကုန်တိုက်မှာ ကြည့်လိုက် မယ်လေ၊ ကျွန်မဝယ်ရင် လျှော့ဈေးနဲ့ ရမှာဆိုတော့သိပ်

www.burmeseclassic.com

www.burmeseclassic.com



ချေးများတော့မယ် မထင်ပါဘူး၊ မောင်ကော....ခရစ်စမတ်လက်ဆောင် ဘာလိုချင်လဲဟင်'

'ဘာမှမလိုချင်ဘူး၊ မင်းဘယ်လောက် ပျော်နေတယ်ဆိုတာ တွေ့နေရသရွေ့ ကာလပတ်လုံး ကိုယ့်မှာ အခု အရာရာ ပြည့်စုံပြီးသား ဖြစ်နေပါပြီကွယ်'

သူ့လေသံတွင် ထေ့ငေါ့သံမပါ၊ စွပ်စွဲသံမစွက်၊ သူ့စာ တကယ်ပင် ရင်ထဲအသည်းထဲက ပြောနေဟန်ရှိ၏။ ဩော်....မောင်ရယ်၊ ငါသူ့ကိုကွာရှင်းခွင့် တောင်းမည့်ဆဲဆဲအထိ ဖြစ်ခဲ့တာ သူ မသိရှာပါကလားနော်'

ဘက်ဗာလီက မိမိ ခရီးစဉ်အကြောင်း ယောက္ခမဖြစ်သူ ဂျိန်းအား ပြောပြတော့ ဂျိန်းက ဝမ်းပန်းတသာ တုန့်ပြန် ပြောဆို၏။

'ဝမ်းသာလိုက်တာကွယ်၊ ဘာဖြစ်လို့ ဝမ်းသာတယ်ဆိုတာ သမီးနဲ့မေမေတို့ နှစ်ယောက်စလုံးသိတယ်လေ၊ ပြဿနာတွေကို လိပ်ပတ်လည်အောင် စဉ်းစားဖို့ အခွင့်အရေးတွေ အများကြီး ရတာပေါ့၊ မှန်မှန်ကန်ကန်သာ စဉ်းစားဆုံးဖြတ် သမီးရေ'

သီဆန် ဇနီးမောင်နှံသည်လည်း ဝမ်းသာလှမဆုံး။

'ပါရီဘုတ်လား၊ ပြင်သစ်ကိုပေါ့၊ ဟာ....ကြည့်စမ်း၊ ဖေဖေတောင် ပထမကမ္ဘာစစ်အတွင်းတုန်းက မရောက်ဖူးခဲ့ဘူးကွ'

'အင်း....သမီးကို စောင့်ရှောက်ဖော် ရမယ့် မစ္စစ်လက်ဇင်ဂျာပါ သမီးနဲ့အတူရှိနေမှာဆိုတော့ တော်သေး



တာပေါ့ကွယ်၊ အမယ်လေး အင်္ဂလိပ် စကားတောင် မပြောကြတဲ့ ဒေသတစ်ခုကို သွားရမယ်ဆိုတာ တယ်မလွယ်လှဘူးနော်၊ စဉ်းစားကြည့်စမ်း'

ဘက်ဗာလီနှင့် အက်ဒ်တို့ ရယ်မောကြသည်။

'မေမေရယ်၊ သမီးသွားရမှာ အာဖရိကရဲ့အနက်ဆုံး တောထဲကို မဟုတ်ပါဘူး။ နောက်ပြီးပါရီမြို့သူမြို့သား တော်တော်များများဟာ အင်္ဂလိပ်စကား ပြောတတ်ကြပါတယ် မေမေရဲ့'

'ဟုတ်ပါတယ် မေမေရဲ့၊ မေမေ့သမီး မျက်စိလည်လမ်းပျောက်နေရင် သူ့ကိုလက်ဆွဲပြီး အမေရိကန်သံရုံးအရောက် လိုက်ပို့ပေးပါလို့ ရဲ တစ်ယောက်ယောက်ကို အကူအညီတောင်းနိုင်တာပဲဟာ'

အဲဒ်ဝင်ပြော၏။ သို့တိုင် အိန်ဂျလာ ဘဝင်မကျသေး။

'မင်းတို့ငါ့ကိုရယ်ချင်ရယ်ကြလေ၊ ဒါပေမယ့် ပါရီမှာ နာဇီတွေ တော်တော်ကြီး ရှိနေသေးတယ်လို့ ငါကြားနေရတယ်'

'ဟာ....သိပ်ဟုတ်တာပေါ့၊ နောက်ပြီးသူတို့က ဘက်ဗာလီ အများဆုံးသွားမယ့် ဖက်ရှင် ဆိုင်ကြီးတွေထဲမှာ ပုန်းနေကြတာပျော့၊ အိန်ဂျလာရယ်၊ ဒီလောက်တော့ မအ့စမ်းပါနဲ့ကွယ်၊ မင်းသမီးဟာ အိမ်တောင် ကျခဲ့ပြီဖြစ်တဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီး အသယ်တော်ရာထူးကို အပြည့်အဝရထားတဲ့ မိန်းမတစ်ယောက် အားလေ

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေးကို မြေးဦးကလေး ထိုးမအပ်သေးသရွေ့ ကာလပတ်လုံး မင်းကသူ့ကို အရွယ်ရောက်ပြီလို့ ထင်မှာ မှ မဟုတ်ဘဲ'

အခန်းထဲတွင် အနေရအထိုင်ရ ခက်လောက်အောင် တိတ်ဆိတ် သွား၏။ ဟယ်လီသီဆန်သည် ဦးတည်ရာမဲ့ လျှောက်ပြောရင်း စကား လမ်းကြောင်းက နူးညံ့ သိမ်မွေ့လှသော အစိတ်အပိုင်းဆီသို့ ရောက်သွားသည်။ သူပြောသည်မှာ အမှန် အိန်ဂျလာ စောင့်စားနေသည် မှာလည်း မြေးဦးချီရဖို့ မဟုတ်လား။

ဘက်ဗာလီနှင့် အက်ဒ်ဂါသည် အိမ်ထောင်ဦး ကာလ များတုန်းကတော့ သားသမီးကိစ္စကို ဆွေးနွေးခဲ့ကြ၏။ သူတို့ စီးပွားရေး မခိုင်သေးမီ သားသမီး မယူကြဖို့ သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ စီးပွားရေးအဆင်ပြေချိန် တွင်မူ ဘက်ဗာလီ အလုပ်ဆက်လုပ်နေသည့်တိုင် ကလေး ယူကြမည်ဟု ညှိထားသည်။ သို့သော် လွန်ခဲ့သည့် နှစ်နှစ် မှစ၍ ထိုကိစ္စကို သူတို့နှစ်ယောက် မဆွေးနွေးဖြစ်ကြ တော့....။

'ကလေးတွေ အကြောင်း ပြောလို့ ပြောရဦးမယ် မနက်ဖြန်ကျ မျှသ်ဝဲလ်၊ အေးလေ ...ရှယ်အယ်လီယာဆန် နဲ့ နေ့လယ်စာစားဖို့တောင် ချိန်းထားသေးတယ်၊ မေမေ သိရဲ့လား။ သူက သားသုံးယောက်တောင် ရှိနေပြီမေမေ ရဲ့၊ ချစ်စရာလေးတွေပဲ'



'အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ရှယ်ရာ အသက်မွေး ဝမ်းကျောင်း ပညာရှင်ဖြစ်ဖို့ဆိုတဲ့ တော်တောင်အီအီ စိတ်ကူးမျိုး စိတ်မကူးလို့ပေါ့'

'မဟုတ်ဘူး မေမေရဲ့၊ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ အရမ်းချမ်းသာတဲ့ လူငယ်တစ်ယောက်နဲ့ အိမ်ထောင်ပြုရ မယ်ဆိုတာ အထားပေါက်လို့ မေမေရဲ့၊ မေမေ့ သမီးက တော့ အဲဒီလောက် မလျှင်ဘူးလေ'

အက်ဒ် အေးအေးသက်သာ ဝင်ပြော၏။ သည်တော့ ဘက်ဗာလီက အက်ဒ်ဘက်မှ ကာမန်းကာထန်း ကာကွယ် ပြောဆိုသည်။ အခြားလူများရှေ့တွင် အက်ဒ်ဘက်မှ ရပ်တည် ပြောဆိုတတ်သည်မှာ အကျင့်ဖြစ်နေပြီ မဟုတ် လား။

'ရှယ် တစ်ယောက် သူ့ အသိုက်အအုံကြီးနဲ့ ဘယ် လောက်ပဲ ပျော်ရွှင် ရောင့်ရဲနေနေ သမီးကတော့ သမီး ဘဝနဲ့ သူ့ဘဝနဲ့ မလဲဘူးမေမေ၊ မိခင်ဘဝကို ခံယူရတာ ကြီးကျယ်မြင့်မြတ်ပါတယ်၊ ဒါပေမယ့် အဲဒီလောက်နဲ့ ကမ္ဘာကြီး ပြီးပြည့်စုံသွားတာ မဟုတ်သေးဘူး၊ မိန်းမ တိုင်းအတွက် မဟုတ်ဘူး၊ သမီးတို့လို မိန်းမ တချို့ကျ တော့ တခြားအရာတွေပေါ်မှာ တည်ရှိပြီး ကျေနပ်နှစ် သိမ့်မှု ရနိုင်ကြပါတယ်'

သူတို့၏ စကားလမ်းကြောင်းသည် အန္တရာယ်စက် ကွင်းထဲ ဦးတည်နေပြန်ပြီ ဖြစ်၏။ သည်ကိစ္စကျတော့ အက်ဒ်က ဝင်ဖာယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲ ဖြစ်ဖြစ်လေ၊ အင်္ဂလိယာဆန် မေခင်နဲ့က အရမ်းခင်စရာကောင်းပါတယ်၊ သူတို့ နှစ်ယောက်စလုံး ကျွန်တော်တို့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပါ၊ ကျွန်တော်တို့ မင်္ဂလာဆောင်မှာတောင် သတို့သား သတို့သမီး အရံတွေ လုပ်ခဲ့ကြသေးတယ်လေ၊ ဒီတော့ သူတို့ သားသုံးယောက် ရနေတာလဲ ကျွန်တော်တို့ ရထားတာနဲ့ အတူတူပါပဲ၊ ကျွန်တော်တို့က အလုပ်မရှုပ်၊ စရိတ်မကုန်ဘဲ သားသုံးယောက် ရထားတဲ့ သဘောပေါ့လေ'

မိဘနှစ်ပါးထံမှ အိမ်အပြန်လမ်းတွင် အက်ဒ်ဆည် ခါတိုင်းနှင့်မတူ တမူထူးစွာ နှုတ်ဆိတ်လာ၏။ သူ့ရင်ထဲမှာ ဘာတွေရှိနေသည်ကို ဘက်ဗာလီ အတိအကျ သိနေပါသည်။ သူက ကလေး ချစ်တတ်သူ၊ တကယ်တော့ အင်္ဂလိယာဆန် ညီနောင်များ ဆိုသည်မှာ မိမိတို့၏ ရင်သွေးရင်းချာများမှ မဟုတ်ဘဲ၊ ကိုယ့်ရင်သွေးရယ်လို့ ဘယ်လိုလုပ်ပြီး အစားထိုးလို့ရမှာလဲ၊ ခုလို အနေအထားမျိုးတွင် ဘက်ဗာလီက ကိုယ်ဝန် အရှိခံလိမ့်မည် မဟုတ်ကြောင်း အက်ဒ်ကလည်း သိနေသည်။ ကလေးယူရေးကိစ္စကို မိမိက ဒီတစ်သက် စဉ်းစားချင်မှ စဉ်းစားလိမ့်မည်ဟု အက်ဒ် သံသယဝင်ချင်လည်း ဝင်နေလိမ့်မည်။

မည်သို့ဖြစ်စေ၊ ဘက်ဗာလီ မိဘများနှင့် ပြောခဲ့ဆိုခဲ့သော စကားများကို အက်ဒ်က ပြန်မထောက်၊ ထို့အတူ ဘက်ဗာလီကလည်း မပြော။

* * *



ခရစ္စမတ် အကြိုညတွင်မူ သူတို့ ချစ်လှပါသည်၊ ရင်းနှီးလှပါသည်ဆိုသော မိသားစုတွင် ကြမ္မာဆိုး ဝင်ခဲ့လေသည်။

ဂျော့ဖရီအင်္ဂလိယာဆန်သည် ရှီကာဂိုမြို့တွင်ကျင်းပခဲ့သည့် လုပ်ငန်းဆိုင်ရာ ကွန်ဖရင့်သို့ တက်ရောက်ခဲ့၏။ ခရစ္စမတ် သစ်ပင်ကို ကိုယ်တိုင်ပြင်ဆင် မွန်းမံရန် စိတ်ဆုံးဖြတ်ထားသော ဂျော့ဖရီသည် ကွန်ဖရင့် အပြီးတွင် အချိန်မီ အိမ်ပြန်ရောက်ရန် လေယာဉ်ဖြင့် ပြန်ခဲ့၏။ သူစီးလာသည့် လေယာဉ်သည် နှင်းမုန်တိုင်းကြားမှ ထိုးဖောက်ပြီး လာဂါဒီယာ လေဆိပ်နားသို့ ချဉ်းကပ်ရန် ကြိုးစားရင်း ပျက်ကျခဲ့သည်။ အသက်ရှင် ကျန်ရစ်သူ ခရီးသည်တစ်ဦးမျှ မရှိပေ။

ထိုသတင်းကို ရှယ် ကြားသိရပြီး နာရီအနည်းငယ်အကြာတွင် ရှယ်၏ မိခင်က ဘက်ဗာလီထံ ဖုန်းဆက်အကြောင်းကြားသည်။ အက်ဒ်နှင့် ဘက်ဗာလီ အပြေးအလွှား သွားကြသည်။

သူတို့ တွေ့လိုက်ရသည်မှာ ဧည့်ခန်းထဲတွင် စိတ်ချောက်ချားစွာ ထိုင်နေသော ငယ်ငယ်ရွယ်ရွယ် မုဆိုးမလေး၊ သူထိုင်နေပုံက မလှုပ်မယှက်၊ ကြောင်စီစီ၊ ခြောက်သော မျက်လုံးများဖြင့်၊ သူ့ရှေ့မှာတော့ ဖြတ်သုတ်သင်ခြင်း မပြုရသေးသည့် ခရစ္စမတ်သစ်တစ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဇာလီ သူ့ သူငယ်ချင်းဆီ ပြေးသွားသည်။ သူငယ်ချင်း နှစ်ဦးစလုံး၏ပါးပြင်များကို စိုရွှဲသွားစေသည်မှာ ဘက်ဇာလီ၏ မျက်ရည်များ။ ရှင်သ်ကိုကြည့်တာ တစ်ကိုယ်လုံး အေးစက် တောင့်တင်းနေပုံ၊ လှုပ်လို့ မရ ရှားလို့ မရ၊ စကားပြောလို့မရ။

အက်ဒ်ဒီက မစ္စစ်ဝဲလ်ကို ဘေးနားသို့ ခေါ်ထုတ်ခဲ့၏ ပြတ်သားသော သူ့အသံသည် သင်သာ နူးညံ့နေ၏

'တစ်ယောက်ယောက်ကတော့ အစီအစဉ်တွေ လုပ် နေပြီ ထင်ပါရဲ့'

'အခုလောင်းကောက်ဖို့ ဂျော့ရဲ့အဖေ လိုက်သွားတယ်'

'ကလေးတွေကိုရော ဘယ်လိုစီစဉ်ထားလဲ'

'ခေါ် ခေါ် သူတို့ကို မပြောရသေးဘူး။ အက်ဒ်ဒီ ရယ်၊ သူတို့လေးတွေ သိပ်ငယ်နေသေးတာတို့ တစ်နည်း အားဖြင့် ကျေးဇူးတင်ရမှာပဲ၊ ဖိုလစ်တောင်မှ ဒီအဖြစ် ဆိုးကြီးကို နားလည်ခံစားတတ်ဦးမှာ မဟုတ်ဘူး'

မစ္စစ်ဝဲလ် မျက်ရည်တွေတွေကျလာ၏။

'ဘာဖြစ်လို့များ ဒီအဖြစ်ဆိုးမျိုးတွေ ဖြစ်ရပါလိမ့် အက်ဒ်ဒီရယ်၊ အူတို့မိသားစုဟာ သိပ်ပျော်၊ သိပ်ငယ်ပြီး သိပ်ချစ်ကြတာကလား၊ လူ့ဘဝခရီးမှာ ပျော်ပျော်ကြီး နေနိုင်ဖို့ သူတို့မှာ အားလုံး ပြည့်စုံပြီးသားကွယ်'

အက်ဒ်ဒီက အဘွားကြီးကို ဖက်ထားလိုက်၏။ အင်း— နောက်ဆုံးတော့ သည်မေးခွန်းတွေပါပဲလား။ စစ်ကာ



အတွင်းက မိမိကိုယ်မိမိ သည်မေးခွန်းတွေကိုပင် အကြိမ်ပေါင်း ရာချီပြီး မေးခဲ့၏။

ဂျိုးတို့၊ မိတို့၊ အန်တိုနီတို့ လက်စ်တို့လို သူ့သူငယ်ချင်းတွေဟာ ဘာဖြစ်လို့ သေဆုံးကြရမှာလဲ၊ သူတို့သည်လည်း ငယ်ရွယ်သူများပင်၊ လူ့ဘဝမှာ ဆက်လက်ရှင်သန် နေပျော်သော သူများပင်၊ တချို့မှာ မုဆိုးမတွေ ရင်သွေး တွေ ကျန်ခဲ့၏၊ ခုလိုမဲ့ပေါ့။ တချို့ဆို အချစ် ဆိုတာ ဘာမှန်းပင် သိခွင့်မကြုံလိုက်ကြ၊ ယုတ်စွအဆုံး စစ်သား တွေ သေကြရတာကမှ အကြောင်းရင်း ရှိသေးတည်ဟု အက်ဒ်ဒီ ကြေကွဲစွာ တွေးစားမိ၏။

ယခု ဂျော့၏ အသက်ကို နုတ်ယူသွားတာမျိုး ကတော့ အဓိပ္ပာယ်မဲ့လွန်းသည်၊ အကြောင်း တရား မဲ့ လွန်းသည်၊ သူ့ကို လိုအပ်သူတွေ ရှိနေသည်၊ သူ့ကို မော့ကြည့်သူတွေ ရှိနေသည်၊ သူ့ကို မြတ်နိုးတွယ်တာ သူတွေရှိနေသည်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျနေ သော ကလေးငယ် သုံးဦးသည် သူတို့၏ မွေးသဖခင်ကိုပင် မှတ်မိတော့မည်မဟုတ်၊ သူတို့လေးတွေနှင့် ရှည်အတွက် အက်ဒ်ဒီအသည်းထဲ နင့်နေအောင် နာကျည်း ကြေကွဲမိ သည်။

သူ့မျက်လုံးတွေ မှိတ်လိုက်၏၊ ထို့နောက် အသံမဲ့စွာ စကားပြောနေမိ၏၊ ဂျော့... ယုတ်စွအဆုံး ခင်ဗျားဟာ ခင်ဗျား အမျိုးသမီးကို စိတ်ချမ်းသာအောင် ထားနိုင် ခဲ့ပါတယ်ဗျာ၊ ခင်ဗျားဟာ ခင်ဗျား အကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီး ပြောစမှတ် ဖြစ်စေလောက်အောင် ထားနိုင်ခဲ့ပါတယ်။

ရှသ်၏ ကုလားထိုင်နံဘေးတွင် ဒူးထောက်ထိုင်ပြီး ရှသ်၏လက်ကို ဆုပ်ကိုင်ထားသော ဘက်ဗာလီဆီသို့သွားသည်။ ဆောကဝေဒနာ ဖိစီးနေသော နွမ်းနယ်ငယ်မူန်း မနေလေးနံဘေးတွင် ဒူးထောက်သည်။ ပြီးတော့ ရှသ်၏ ပါးနှစ်ဘက် ကြွင်နာယုယစွာ မွေးကိုင်လျက်....

'သူဟာ ခင်ဗျားတို့ ကျွန်တော်တို့ အတွက် သာ အတော်ဆုံး လူသားတစ်ယောက် ဖြစ်ခဲ့တာ မဟုတ်ပါဘူး ရှသ်၊ လူတိုင်းလူတိုင်း အတွက်ပါ အတော်ဆုံး လူသား ဖြစ်ခဲ့တာပါ'

ရိုးစင်သော စကားလုံးလေးမျှက မျက်ရည်တာကြီး မျှားကိုကျိုးပေါက်သွားစေ၏၊ ဘက်ဗာလီက သူ့သူငယ်ချင်းကို ထွေးပွေ့ထားသည်။

'ငါတို့ သိပါတယ်ကွယ်၊ နင့်အနားမှာ ငါတို့ ရှိနေပါသေးတယ် ရှသ်၊ ငါတို့ရှိနေပါသေးတယ်'

ဘက်ဗာလီ ထပ်ခါတလဲလဲ ရေရွတ်နေ၏။

* * *



'ကွင်းမေ့ရီ' ပေါ်သို့ တက်သည့် လှေကားပေါ်တွင် အက်ဒ်အား နှုတ်ဆက်အနမ်း နမ်းရင်း ဘက်ဗာလီ နေစက်ဆုံးပြောသည့် စကားမှာ....

'မောင်၊ အချိန်ရရင် ရှသ်လို ရှသ် ကိုသွားတွေ့လိုက်ပါကွယ်၊ သွားမယ်မဟုတ်လား တင်'

'စိတ်ချပါ၊ သွားပါ့မယ်၊ သူ့ အတွက် သိမ်စိတ်ပူမနေပါနဲ့ကွယ်၊ လွန်ခဲ့တဲ့ သတင်းပတ်တွေအတွင်း သူ သိသိသာသာကြီး ထိန်းနိုင်လာတာပဲ၊ သူဟာ တော်တော်ကြီးကို စိတ်ခံတော်ကြံခိုင်တယ်၊ မင်းလိုပဲ'

ဘက်ဗာလီ ခေါင်းခါသည်။

'မဟုတ်ဘူးရှသ်ဟာ စိတ်ခံတော်မကြံ့ခိုင်ဘူး၊ နေခက်ပြီး သူက ကျွန်မနဲ့ တစ်စက်မှ တူတာမဟုတ်ဘူး၊ သူ့မှာ မာနတွေ သိက္ခာတွေအများကြီးရှိတယ် အက်ဒ် ဒါပေမယ့်သူကမောင်နဲ့ ပိုတူတာ အတွင်းစိတ်ကျတော့ သူဟာ နူတယ် ညင်သာတယ် ထိခိုက်လွယ်တယ် မောင်တို့ နှစ်ယောက်စလုံး ဟန်လုပ်နေကြတာ ဒါပေမယ့် တုံးဆိုတိုက် ဟန်မျိုး လုပ်နေတဲ့ မောင်တို့ နှစ်ယောက်စလုံး ကျွန်မကိုဘယ်လှည့်စားလို့ ရမလဲ'

အက်ဒ်တသူ့ကို တအံ့တသြကြည့်၏၊ ကျန်နှုတ်ဆက်အားလေးက နည်းနည်းဆန်းနေသည်။

'ကိုယ် မကြာမကြာ သွားပါ့မယ် ဒီ ကိစ္စကြောင့် မင်းစိတ် စနေစင့်စနင်း မဖြစ်စေချင်ဘူး ဖြစ်ပြီးတဲ့ ကိစ္စတွေကို ဘယ်နည်းနဲ့မှ ပြန်ပြင်လို့ ရတော့တာမှ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲဟာ ရှိသီအနေနဲ့ အဖေသစ်ကိုရှာမဲ့ပေါ့ ဒါကို သူသိ ထယ် လုပ်လဲလုပ်နိုင်တယ် ဒီလိုလုပ်ဖို့ကြုံလာရတဲ့လူသား တွေထဲမှာ သူ ပထမဆုံး မဟုတ်ပါဘူးလေ'

ဘက်ဗာလီ မုဆော့က် လေသံ ကြေကွဲ နေပုံမျိုးကို အက်ဒ် တစ်ခါမှမတွေ့ဖူးခဲ့ပေ။

'ဟင့်အင်း သူဟာ ပထမဆုံး လူသား မဟုတ်သလို နောက်ဆုံး လူအားလဲ မဟုတ်ပါဘူး'

ထိုနောက် အပြောင်းအလဲမြန်စွာဖြင့် အက်ဒ်ကိုပြုံး ပြလိုက်၏။

'မောင့်ကိုယ် မောင် ဂရုစိုက်နော် ကျွန်မဆီကို လဲ မကြာမကြာဆက်သွယ်ပါ ဟုတ်လား'

'ဟုတ်ပါပြီဗျာ မင်းလဲကိုယ့်ကိုကိုယ် ဂရုစိုက် သိလား ကိုယ်ကတော့ မင်းကို လွမ်းနေမိမှာ အချစ်ရေ'

ဘက်ဗာလီ သူ့ကို နမ်းလိုက်မြန်၏ သည်တစ်ကြိမ် တော့ပို၍ ပြင်းလှသောအနမ်း။

အက်ဒ်ရင်ထဲတွင် ဘက်ဗာလီ ထွက်ခွာ သွားမှာက် ရုတ်တရက် စိုးရိမ်လာ၏ မိမိသည် သူ့ကိုစွန့်လွှတ်ကောင်း စွန့်လွှတ်ရ ပေလိမ့်မည် မိမိ၏ ပထမ ဦးဆုံး အလု အကြောင်း လိမ်ပြောခဲ့စဉ်ဟာ စိုးရိမ်စိတ်အတိုင်း ရှင် စိုးရိမ်မိ၏။

ထိုစဉ်ကဆို သူသည် ဘက်ဗာလီနှင့် ဝေးကွာပြီး တျွင်လည်ရမည့် ဘဝအခြေရေးကို တွေးကြည့်ဝံ့လော



အောင် စိုးရိမ်သောက ပွားခဲ့၏၊ ယခုလည်း ထိုစဉ်က အတိုင်းအတာထက် မလျော့သော ခံစားချက်မျိုးကို ခံစားနေရပြန်ပြီ။

ယခုတစ်ကြိမ် ခံစားချက်က ပို၍ ပြင်းထန်ကောင်း ပြင်းထန်နေပေမည်။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလကုန်ပိုင်း၊

ပါရီမြို့သည် လာရောက်လည်ပတ်သူများ ထာဝစဉ် မျှော်လင့်ထားသည့်အတိုင်း ကြုံတောင့် ကြုံခဲ ဂုဏ်အင်္ဂါ နှစ်ရက်ဖြင့် ပြည့်စုံနေ၏။ အဆိုပါ ဂုဏ်အင်္ဂါ နှစ်ရပ်မှာ မသိမသာကလေး စိတ်ကူးယဉ်ဖွယ်ရာကောင်းနေခြင်းနှင့် ချိုသာစွာ မှုန်ညို့နေခြင်း၊ အဆိုပါ ဂုဏ်အင်္ဂါနှစ်ရပ်နှင့် ပြည့်စုံအောင် ဆောင်းဦးရာသီကပင် ကူညီ ပံ့ပိုးပေးနေ၏။ နွေးထွေးစွာ ထွက်ပြူပေးနေသော နေမင်းကြီးကြောင့် အုံ့သြဝမ်းသာ ဖြစ်ကြရသည့် ကော်ဖီဆိုင်ရှင်များသည် ရှမ်အဲလီဆီလမ်းမကြီး၏ လမ်းဘေး ပလက်ဖောင်းများ ပေါ်တွင် ကော်ဖီ စားပွဲဝိုင်းကလေးများကို ထုတ်ခင်းထားကြ၏။

ပါရီမြို့ကြီးသည် နဂိုပုံမှန် အခြေအနေသို့ ပြန်ရောက်လာပါပြီဟု ပါရီ မြို့သူမြို့သားများကတော့ အချင်း



ချင်း ပြောကြသည်။ ဂျာမန်များ လက်အောက်မှ လွတ်မြောက်ပြီး ငါးနှစ်တာ ကာလအတွင်း သူတို့သည် နစ်ဇီ စစ်ဖိနှိပ်ရာများကို ကြိုးစား ဖျောက်ဖျက်ခဲ့ကြ၏။

ခုတော့ ဟိုတယ်ကြီးတွေတွင် ခရီးသွား ဧည့်သည်များဖြင့် ပြန်လည် ပြည့်နှက်နေပြီ၊ အကောင်းစားစားသောက်ဆိုင်များကလည်း စစ်ကြိုခေတ် စားကောင်းသောက်ဖွယ်များ ပြန်လည် ရောင်းချနေပြီ။ မြို့တွင်းလမ်းတွေပေါ်တွင် စက်ဘီးများအစား မော်တော်ကားများကို ပြန်လည်မြင်တွေ့နေရပြီ။ မြို့တော်၏ ကျက်သရေဆောင် ဖြစ်သော ဖက်ရှင်ပစ္စည်း အရောင်းဆိုင်ကြီးများကို ယခင်ကအတိုင်း တောက်ပြောင် ခမ်းနား စွာ ပြန်လည် ဖွင့်လှစ်ထားကြသည်ကို တွေ့ရသည်မှာ စိတ်ချမ်းမြေ့စရာ ကောင်းလှပေစွ။

တစ်နှစ်လျှင် နှစ်ကြိမ်၊ ဇန်နဝါရီလနှင့် ဇူလိုင်လတွင် ညီးကားလေ ရှိသည့် ပါရီမြို့သည် ယခုအခါ ကုန်တိုက် အဝယ်တော်များ ဖက်ရှင် အယ်ဒီတာများ၊ အသည်အလိပ် ထုတ်လုပ်သူများနှင့် ခြေချင်းလိမ် နေကြပြီ ဖြစ်၏။

'ကွင်းမေရီ'သင်္ဘောပေါ်တွင် ငါးရက်ကြာခဲ့ပြီး လေဟာဗာသို့ ရထားဖြင့် ရောက်လာသော ဘက်ဗာလီသည် လှုပ်ရှား တက်ကြွလှသော ပတ်ဝန်းကျင် အနေအထားကို ခံစားလို့ ရနေသည်၊ စကြိုလမ်းများမှာ တိုးမပေါက်လောက်အောင် လူတွေ ကျပ်ညပ်နေ၏။ ပခုံး ထမ်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများကို ရှာလို့မရ၊ သို့သော် အလုပ်လုပ်ရာမှာ စိတ်ဝင်စားပုံမရသည့် အလုပ်သမားတစ်ယောက်ကို ဆီလ်ဗီယာ တွေ့အောင် ရှာနိုင်ခဲ့၏။ အငှားကားဂိတ်သို့ ရောက်တော့လည်း ခရီးသည်တွေ တစ်ပုံကြီး တန်းစီနေသည်ကို တွေ့ရ၏။ နောက်ဆုံး ပခုံး ထမ်းအလုပ်သမား၏ အကူအညီဖြင့်ပင် အငှားကား တစ်စီးရသည်။ ကားပေါ် ရောက်ပြီး သုံးမိနစ်လောက်ကြာအောင် ရှင်းပြမှ သူတို့ 'ဆန်ရယ်ဂျီ' ဟိုတယ်သို့ သွားလိုကြောင်း ယာဉ်မောင်း သဘောပေါက်သွားသည်။ ထိုအချိန်တွင် ဆီလ်ဗီယာ ဒေါသတွေ အထွတ်အထိပ်သို့ ရောက်နေပြီ။

'စိတ်ကို လျှော့ထားလိုက်ပါ မမရယ်၊ ကျွန်မတို့ မကြာခင် ဟိုတယ်ကို ရောက်တော့မှာပဲ၊ ယမကာတစ်ခွက် သောက်ပြီး ရေနွေးနွေးလေးနဲ့ ရေချိုး လိုက်ရင် မမ စိတ်လက် ပေါ့ပါးသွားမှာပါ၊ အို...မမရယ်၊ ကျွန်မတော့ ကျွန်မ ပါရီကို ရောက်နေတယ် ဆိုတာတောင် ယုံနိုင်ဘူး၊ ပျော်စရာမကောင်းဘူးလားဟင်'

'ဘာ ပျော်စရာ ကောင်းတာလဲ၊ လူ တက် နင်းပြီး သေမှာ စိုးရိမ်နေရတဲ့ ဘူတာရုံနဲ့ သူများထက် ပိုပြီး ဘောက်ဆူးပေးတာကိုပဲ မျက်နှာ တံတွေးနဲ့ ထွေးတော့မလို လုပ်သွားတဲ့ အလုပ်သမားနဲ့ တွေ့ရတာလေး၊ အဲဒါ ပျော်စရာလား'

'ခုရက်ပိုင်းအတွင်း မမ ပင်စီလ်ဗေးနီးယား ဘူတာကို ရောက်ဖူးလားဟင်'



ဆီလ်ဗီယာ၏ မပြုံးချင်ပြုံးချင် ပြုံးလိုက်၏။

'ဟုတ်ပါပြီ၊ မင်းကတော့ ပါရီကို ချစ်ဖို့ စိတ်ဆုံးဖြတ်ထားတာကိုး၊ မမ ဘာပြောပြော မင်း နားဝင်မှာ မဟုတ်ဘူး၊ အေးပါ၊ တစ်နေ့ ရှစ်နာရီလောက် နေ့စဉ် နေ့တိုင်း အလုပ်လုပ်ရပြီး နောက်တစ်ပတ် အကြာကျမှ မင်း ဘယ်လိုခံစားရသလဲဆိုတာ ပြောပြ သိလား'

'ကျွန်မကတော့ မိနစ်တိုင်း မိနစ်တိုင်းမှာ ပျော်နေမှာပဲ၊ အလုပ်ပင်ပန်းမယ် ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ပင်ပန်းရကျိုး မနပ်ဘူးလား မမရယ်'

မြို့လယ် လမ်းမများတစ်လျှောက် တရကြမ်း မောင်းလာသည့် အငှားကားလေးသည် သူတို့နှစ်ယောက်အား မိနစ်အနည်းငယ်အတွင်း ဆန်ရယ်ဂျီ ဟိုတယ် ရှေ့သို့ ရောက်အောင် ပို့ပေးသည်။ သူတို့အား လိုက်လံပြုစုသော တံခါးမှူးနှင့် တယ်လီဖုန်းစက်ခလုတ်ခုံနောက်တွင် ထိုင်နေသော စာရေးမလေးက ဆီးကြို နှုတ်ဆက်သည်။ သူတို့အတွက် ရောက်နှင့်နေသော အကြောင်းကြားစာများ၊ ပြပွဲဖိတ်စာများ ဘက်ဗာလီ လက်ထဲ ရောက်လာသည်။ ထို့နောက် ပက်ကျီ၏ လျှင်မြန်မှုနှုန်းဖြင့် ရွေ့လျားသော ဓာတ်လှေကားဖြင့် အပေါ်ထပ် တက်ခဲ့ကြသည်။

တံခါးမှူးက သူတို့ကို ဧည့်ခန်းတစ်ခန်းနှင့် အိပ်ခန်း၊ ကျဉ်းကျဉ်း တစ်ခန်းပါသည့် ဟိုတယ်ခန်းထဲသို့ လမ်းပြ ခေါ်ဆောင်သွားသည်။ ဧည့်ခန်းကို ဘက်ဗာလီ မမြင်

www.burmeseclassic.com



ဖူးသည့် အဖိုးတန် ရှေးဟောင်းပစ္စည်းများဖြင့် ပြင်ဆင်ခင်းကျင်းထားသည်။ အခန်းထဲတွင် ဖက်ရှင်ပစ္စည်းအရောင်းဆိုင် ပိုင်ရှင်များ ပါရီရှိ ခဲလ်ဘီ ကုန်တိုက်အဝယ်ဌာနခွဲ တာဝန်ခံနှင့် ဖက်ရှင် မဂ္ဂဇင်း ထုတ်ဝေသူများ ထံမှ ပေးပို့ထားသည့် ပန်းစည်းများဖြစ် ပြည့်လျှံနေသည်။ ပန်းတွေမှာ အဆင်စုံ၊ အသွေးစုံ ရှုပ်ယှက်ခတ်နေသည်။ သိုးဆော် လှသည်။

ဘက်ဗာလီ အခန်းထဲ ရောက်ပြီး ကုတ်အင်္ကျီပင်မချွတ်နိုင်သေးဘဲ ပြတင်းပေါက် များဆီ ပြေးသည်။ တံခါးတွေ ဖွင့်သည်။ ထို့နောက် လေသာဆောင်လေးပေါ် သို့ ထွက်လိုက်သည်။ သူ့ရှေ့မှာ ပါရီမြို့ရှိ တိုက်တာအိမ်ခြေများ၏ ခေါင်မိုးတွေ၊ စိန့်မြစ်ကြီးကိုလည်း မြင်ရသည်။ မိုးကောင်းကင်ထဲသို့ ထိုးထိုးထောင်ထောင် တိုးဝင်နေသည့် အီဖယ် မျှော်စင်ကြီးကိုလည်း မြင်ရသည်။

'ဆီလ်ဗီယာ၊ ဒီမှာလာကြည့်ပါဦး မမရဲ့'

'မမ မြင်ဖူးပြီးသား၊ အထဲပြန်ဝင်ပြီး တံခါးတွေပိတ်ထားစမ်းပါဦး၊ မင်းလုပ်ပုံနဲ့တော့ နှင်းဆီ ၂နာ၊တွေညိုးကုန်တော့မှာပဲ၊ နေ့ခက်ပြီး 'ဟာပါ' မဂ္ဂဇင်းရဲ့ ညစာပွဲကို မသွားခင် တယ်လီဖုန်းဆက်စရာတွေ တစ်ပုံကြီးရှိသေးတယ်၊ အဲဒယ်လေး....တယ်လီဖုန်း ဆက်ရမှာတော့ ကြောက်မိပါရဲ့၊ အေးကြိုထပ်က အော်ပရေတာမကလေးကြည့်ရတာ တစ်စက်ကလေးမှ သွက်သွက်လက်လက် ရှိပုံမရဘူး အင်း....ဒီမြို့က တယ်လီဖုန်း အော်ပရေတာတွေ



လဲ အပြိုင်အဆိုင် မရှိဘူး ထင်ပါရဲ့၊ ဒီကောင်မလေးကြည့်ရတာ အမြဲတမ်း ပြင်သစ်ဝိုင် မူးနေပုံရတယ်၊ အားလေ....မမထင်တာတော့ ဒီတစ်မြို့လုံး ဒီလိုပဲ မူးနေကြတာပဲ ထင်ပါရဲ့'

ဘက်ဗာလီ မဝင်ချင့်ဝင်ချင်ဖြင့် အခန်းထဲ ပြန်ဝင်ခဲ့သည်။ ပြင်သစ်တစ်ပြည်လုံး ယစ်မူးနေသည် ဆိုသည်းမီ စာနာ သဘောပေါက်ပါသည်။ ဘာကြောင့်ဆို မိမိသည်လည်း ယစ်မူးနေပြီ ဖြစ်သောကြောင့်ပင်၊

* * *

အာသာပါဝါက ဘက်ဗာလီနှင့် ဆီလ်ဗီယာတို့ထက် တစ်ပတ်စောပြီး ပါရီသို့ ရောက်နေသည်။ ဆောင်းဦးသီ အရောင်းအဝယ် အလုပ်များ မရှုပ်မီ ဖြတ်စရာအလုပ်တွေ ရှိနေ၏၊ စင်စစ် ဖက်ရှင် ပြပွဲများမှာ သူ့အတွက် ဆည်လောက် အရေးကြီးလှသည် မဟုတ်၊ သူအဓိကထားပြီး လာရောက် တွေ့ဆုံသည်မှာ ပြင်သစ်အထည်အလိပ် ထုတ်လုပ်သူများ၊ သူတို့ဆန်းသစ်တီထွင်ထားသည့် ပုံစံသစ်၊ ဒီဇိုင်းသစ်နှင့် အထည်အလိပ်များ

www.burmeseclassic.com

www.burmeseclassic.com



ကို ဝယ်ယူပြီး အမေရိကတွင် ဆင့်ပွား ထုတ်လုပ်ရန်ဖြစ်၏၊ ထို့ပြင် အသေသည် အခြားအခြားသော အထည်အလိပ်များထက် ပြင်ဆစ်ပြည်ဖြစ် ပိုးနှင့် ဘရိုကိတ်များကို အကြီးအကျယ် ဝယ်ယူသူဖြစ်၏၊ သည်တော့ ပြင်ဆစ်ဖက်ရှင် လုပ်ငန်းရှင်များက သူ့ကို လိုက်လံပျူငှာ ခရီးဦးကြိုလေ့ရှိကြသည်။

ပြောသာပြောရသည်- သည်အလုပ်တွေ လုပ်ရတာငြီးငွေ့နေပြီ၊ သည်အလုပ်တွေ လုပ်ရဖန်များလွန်းတော့ ဒါတွေလုပ်ရတာ ဟိုနားသည်နား ခရီးသွားသလို ဖြစ်နေသည်၊ သို့သော်လည်း ဒါတွေသည် သူ့လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခု မဟုတ်လား၊ သူ့ဘဝ၏ အစိတ်အပိုင်းတစ်ခု မဟုတ်လား။

နယူးယောက်မှာဆို သူသည် ဖက်ရှင်လောကသားများနှင့် အရောဝင်၊ ချွဲသည်ဂေဇင်း အယ်ဒီတာချုပ်တစ်ဦးနှင့် 'ကိုလိုနီ'ဟိုတယ်တွင် နေ့လယ်စာ စားကောင်းစားမည်၊ ဒါမှမဟုတ် 'စားမြိန်ရိုင်သာ'တွင် ထိပ်တန်းကုန်တိုက် ဥက္ကဋ္ဌ တစ်ယောက်နှင့် ညစာ အတူစားကောင်းစားမည်၊ သူ့သော် များသောအားဖြင့် အပြင်သိပ်ထွက်လေ့ မရှိ၊ လူကြားသူကြားထဲတွင် တွေ့ရလေ့မရှိ၊ ဖက်ရှင်ပြပွဲများ ကျင်းပချိန်ကျမှသာ သူက ပြင်ပကမ္ဘာထဲ ထိုးဝင်လေ့ရှိ၏၊ ထိုအချိန်ကျမှ တစ်နှစ်လျှင် ဆယ့်တစ်လလုံးလုံး ကိုန်းကြီးခန်းကြီး နေလေ့ရှိသော



အသေပါဝါကို အောက်ခြေ လူတန်းစားများ မြင်တွေ့ခွင့် ရသည်။

သည်နှစ် ဇန်နဝါရီကတော့ စိတ်ဆင်းရဲစရာကောင်းလှသည်၊ လူထုပရိသတ်ထဲ မဝင်ချင်၊ ဖက်ရှင် လောကသားများက မိမိ၏ ဇနီးဟောင်းကို သတိရစေသည်၊ သည်လိုပွဲလမ်းသဘင်မျိုးကို မရှိလင်ကာတော့ နှစ်သက်ပေမည်၊ အေးလေ...ကြိုက်ချင်မှလည်း ကြိုက်မှာပေါ့ဟု အငေါ်တူးစွာ တွေး၏၊ တောက်လျှောမီးခဲ့ တာရဲရဲ ဖြစ်နေသည့် ကိုယ်ဟန်ပြမယ် အသစ်ကလေးတွေကို မာရိလင်ကြည့်ချင်မှာ မဟုတ်၊ သည်ညှ 'ဟာပေါ်ရဲ့ ဈေးခင်း' ဂေဇင်းမှ ကမကထပြုပြီး ကျင်းပမည့်ညည်ခံပွဲသို့ ကိုယ်ဟန်ပြမယ် အသစ်ကလေးတွေ အများကြီး လာကြလိမ့်မည်၊

သို့ဖြင့် 'ဟာပေါ်ရဲ့ဈေးခင်း' မဂ္ဂဇင်းအယ်ဒီတာ နေထိုင်ရာ သမိုင်းဝင်အိမ်အိုကြီးရှိရာသို့ လာခဲ့သည်၊

သူက ကျင့်သားရထားသော အကြည့်ဖြင့် ခန်းမကြီးတစ်ခုလုံးကို အကဲခတ်လိုက်၏၊ ထို့နောက် အိမ်ရှင်ရှိနေရာသို့ ဦးတည်လျှောက်ခဲ့၏၊ အိမ်ရှင် အမျိုးသမီးကြီးကတော့ အလွန်အကျွံ ဝတ်စား ပြင်ဆင်ထားသော မင်းပရိသတ်အလယ်တွင် မွန်းကျပ်နေပုံရ၏၊ အိမ်ရှင်၏နံဘေးတွင် လက်လီအရောင်းလောကတွင် ကြေရှိတစ်ပါးသြသူ အသက် ရှစ်ဆယ်ရှိ ခန့်ခန့်ညားညား အမျိုးသမီးကြီးတစ်ဦး၊ ဖက်ရှင်ပုံစံထုတ်သူ ပါးပါးလှပ်လှပ် ပြင်သစ်

www.burmeseclassic.com

အမျိုးသမီးတစ်ဦးနှင့် မဂ္ဂဇင်း ဓာတ်ပုံဆရာတစ်ယောက် ရပ်နေကြသည်။ အာသာက မဂ္ဂဇင်းအယ်ဒီတာ ဖြစ်[illegible] အိမ်ရှင်အမျိုးသမီး၏ ပါးနှစ်ဖက်ကိုနမ်းပြီး နှုတ်ဆက် သည်။ အမျိုးသမီးမှာ လျှို့ဝှက်အပြုံးဖြင့် ပြုံးပြပြီး...

'နှ်ခြော်....တာဝန် ကျေသားပဲ'

'ဖရန်ဆက်စကာ ဘယ်လို ပြောလိုက်တာလဲ ဗျာ၊ တချို့ ဧည့်ခံပွဲတွေဟာ ငြီးငွေ့စရာကောင်းတာ မှန်တယ် ဒါပေမယ့် ရင်ဗျား ဧည့်ခံပွဲက ဘယ်တုန်းက ဒီလိုဖြစ်ဖူး လို့လဲ၊ ကျုပ်က ခင်ဗျားဧည့်သည်တော် စာရင်းထဲက ပြုတ်ကျခဲ့မှာ စိုးရိမ်နေတာဗျ'

'ရှင် ပြုတ်ကျချင်း ကျရင်တော့ ဒီအိမ် ကြမ်းပြင် အပေါက်ထဲကပဲ ပြုတ်ကျမှာ အာသာရေ၊ ဒီအခန်းထဲက နောက်ထပ် လူတစ်ယောက်လောက် ထပ်ဝင်လာတာနဲ့ ကြမ်းပြင်က ပြိုကျတော့မှာပဲ'

အာသာ ပြုံးလိုက်၏။

'အောက်ထပ်က လူတွေက ဖော်ဖော်ရွေရွေ ရှိပ[illegible] စေလို့ပဲ ဆုတောင်းကြတာပေါ့ဗျာ'

'တယ်မထင်ပါဘူးရှင်၊ ဒီဒေသခံတွေက ရှင့်လိုပဲ ရှင်[illegible] လုပ်ငန်းနဲ့ပတ်သက်တဲ့ အရက်စုံ ဧည့်ခံပွဲတွေ လုပ်တာမျိုး ကို သိပ်ကြည့်တာ မဟုတ်ဘူး၊ အေးလေ....သူတို့ကိုလဲ အပြစ်ပြောလို့ မရပါဘူး၊ မယဉ်ကျေးသေးတဲ့ လူ့အဖွဲ့ အစည်းကိုး'



နောက်ထပ် ဧည့်သည်တစ်သုတ် ရောက်လာသဖြင့် အနှစ်မဲ့ စကားများ ပြောနေရခြင်းအလုပ်မှ သက်သာ သွားသည်။ ရှန်ပိန် ဖန်ခွက်များဖြင့် ဧည့်သည်များအား လိုက်လံ ဧည့်ခံနေသော စားပွဲထိုးများကို ဥပေက္ခာပြုပြီး အရက်ကောင်တာ ရှိရာသို့ အာသာလျှောက်ခဲ့သည်။ ထို့နောက် ဗော်လ်ကာ နှစ်ပက်မှာသည်။

ထိုအချိန်မှာပင် သူ့ကို သတိပြုမိလိုက်ခြင်း ဖြစ်၏။ တစ်ယောက်တည်း၊ ပြတင်းပေါက်နားမှာ တိတ်တိတ် ဆိတ်ဆိတ် ရပ်နေသည်။ သူ့ကြည့်ရတာ အဖော်မဲ့နေပုံ မျိုး မဟုတ်၊ စိတ်ကျဉ်းကျပ် နေပုံမျိုးလည်း မပေါ် သည့်အစား တင်စိုဘစ်ရာကို တမ်းတမ်းစွဲ ဖြစ်နေသည့် ကလေးငယ်တစ်ယောက်၏ ပုံစံမျိုး၊ ရုပ်သေး တစ်ပွဲကို ကြည့်နေရသည့် ကလေးတစ်ယောက် အံ့ဩစိတ်ဝင်စား နေပုံမျိုး။

အာသာက အမျိုးသမီးကို တစ်မိနစ်လောက် အကဲ ခတ်ကြည့်လိုက်၏။ ချောသည်၊ လှတော့မလှ၊ သို့ပေမယ့် ဖမ်းစားနိုင်စွမ်းသည့် အရည်အသွေးတစ်မျိုး ရှိနေသည်။ အခန်းထဲရှိ အသံစူးစူးဖြင့် အချို့သဖွယ်လွန်နေသော မိန်းမ များနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည့် သူ့အနေအထိုင် ကြောင့် ဖြစ်နိုင်သည်၊ မိမိကြိုက်သည့် ပုံစံမျိုး မဟုတ်။ အနေအထိုင် ကုပ်လွန်းသည်၊ အရေးမပါ အရာမရောက် သလို လျှို့လွန်းသည်၊ သည်မိန်းကလေးမျိုးကို အာသာ [illegible] စိတ်မဝင်စား။

www.burmeseclassic.com



သို့တိုင်....

အမျိုးသမီး ဖန်ဆင်းထားပုံရသည့် အလီမွှေ့ ကျွန်းကလေးပေါ်သို့ မိမိပါ တက်ရောက်မိပြီးသား ဖြစ်သွားသည်။

'ဟဲလို....ကျွန်တော်တို့ နှစ်ယောက် မဆုံဖူးသေးဘူး ထင်တယ်၊ ကျွန်တော် အာသာပါဝါပါ'

အမျိုးသမီးက သွယ်နွဲ့သော လက်ကလေး ကမ်းပေးသည်။

ဘက်ဗာလီရစ်ချ်မန်ပါ'

အာသာက အမျိုးသမီးလက်ကို မနမ်းဘဲ ဆွဲကိုင်နှုတ်ဆက်သည်။

'သီရိတာ စမ်းသာစပါတယ်၊ ခင်ဗျားက မဂ္ဂဇင်းလောကကလား'

'မဟုတ်ပါဘူး၊ ကျွန်မက ဝယ်လ်ဘီရဲ့ အဝယ်တော်ပါ၊ ရှင်က ဘာလုပ်လဲဟင်'

သည်မေးခွန်းက သူ့ကို အံ့မြူးသွားစေသည်။

'ကျွန်တော်က အသည်းအလိပ်တွေ ထုတ်လုပ်ပါတယ်'

ဘက်ဗာလီ မျက်နှာနီသွားသည်။

'ဩော်... အဲဒီ အာသာပါဝါလား၊ ကျွန်မ ရှင့်အကြောင်း ကြားဖူးနေပါတယ်'

'ခင်ဗျား ကြားဖူးတဲ့အကြောင်းတွေတော့ ကျွန်တော် မေးမနေတော့ပါဘူးဗျာ၊ ခင်ဗျားကြားရတဲ့ အကြောင်းတွေဆိုတာ မုသားတွေချည်းပဲ၊ မဟုတ်မမှန် စကားတွေ



ဘာမှမဟုတ်ဘူး၊ ကျွန်တော့် အတွင်းစိတ် အမှန်က ဘာကောင်းတယ်၊ ရိုးသားတယ်၊ ဟန်မဆောင်တတ် အလုပ်ကိုခါးကျိုးအောင် ကုန်းလုပ်ပြီး ခပ်စုတ်စုတ် နေတတ်တယ်'

'ကျွန်မ ကြားရတာတွေလဲ အဲဒီအတိုင်း အတိအကျ ပဲ'

အာသာ ရယ်မောလိုက်မိ၏၊ ရက်သတ္တပတ် များစွာ အတွင်း ပထမဦးဆုံးအကြိမ် ရယ်မောမိခြင်း။

'ခင်ဗျား ပါရီကိုလာတာ ဒါ ပထမဦးဆုံးအခေါက် ဖြစ်ရမယ်၊ မဟုတ်ရင် ခင်ဗျားကို ကျွန်တော်မြင်ဖူးနေရ မှာ'

'ပထမဆုံးမှ ဟုတ်ကယ့်ကို ပထမဆုံးပါပဲ၊ ဒီလိုလှရဲ့ ရင်ဖို့ ကြည်နူးစရာပဲ၊ ကျွန်မ ဒီကိုရောက်နေတယ်ဆို ယုံတောင် မယုံနိုင်ဘူး၊ ပါရီကိုရောက်ဖူးဖို့ စိတ်ကူး အိပ်မက်တွေ မက်ခဲ့ရတာ ကြာပြီလေ'

'ဒီတော့ ခင်ဗျား အိပ်မက် မက်ထားတာနဲ့ရော အစစ် ရာ ကိုက်ညီရဲ့လား'

ဘက်ဗာလီ ပြုံးလိုက်၏။

'ခုချိန်ထိတော့ ကိုက်ညီပါတယ်၊ ကျွန်မတို့က ဒီနေ့ ကမှ ရောက်လာတာရှင့်'

'ကျွန်မတို့၊ ဟုတ်လား'

'ကျွန်မက ကျွန်မရဲ့ အထက်လူကြီးနဲ့အတူ ခရီးထွက် လာ၊ ဆီလ်ဗီယာရှလက်ဇင်ဂျာလေ၊ ရှင် သူ့ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



သိမှာပေါ့၊ သူက ဝယ်လ်ဘီကုန်တိုက်မှာ ဒုတိယ ဥ
ပေါ့၊ သူတတော့ ပါရီကို အိမ်ဦးနဲ့ကြမ်းပြင်လို ကျ
တာ’

‘ဆီလ်ဗီယာလား၊ သိတာပေါ့၊ အလွန် ထူးချ
အမျိုးသမီး တစ်ယောက်ပဲဟာ’

စင်စစ် သူ လိမ်နေခြင်း၊ စင်စစ် သူ ကြားဖူးသ
နာမည်တစ်ခုမျှသာ၊ ပါရီမှာ ဆုံဖူးကောင်း ဆုံဖူး
မည်၊ သို့ပေမယ့် အခန်းကြီးတစ်ခန်းထဲရှိ အမျိုးသမီး
ထဲမှာ ဆီလ်ဗီယာဆိုသည့် အမျိုးသမီးကို ရွေး
မပြနိုင်လျှင် အဆေးသတ်မည် ဆိုပါက မိမိ အသေ
ပေလိမ့်မည်၊ နောက်ပြီး နယူးယောက်မှာ ကျတော့လ
သည့်အမျိုးသမီးကို မိမိက သတိပြုမိလောက်အေ
ဖက်ရှင်လောက ထိပ်ပိုင်းသို့ ရောက်သေးသူမှ မဟုတ်

‘ဆီလ်ဗီယာက ခင်ဗျားကို ဖက်ရှင်ကုန်တိုက်ကြီး
လိုက်ပြပါလိမ့်မည်၊ ဒါပေမယ့် အဲဒါက ပါရီရဲ့ အ
အပိုင်း တစ်ခုပဲ ရှိသေးတာဗျ၊ ခင်ဗျား ပါရီ
မြို့တော် အစစ်အမှန်ကို သိမြင်လာအောင် နှံ့နှံ့စ
လျှောက်ကြည့်လိမ့်မယ် ထင်ပါတယ်’

‘အို... ဒါပေါ့၊ ကျွန်မ ရသမျှအချိန်လေး ခို
မိုင်ပေါင်းများစွာ လမ်းလျှောက်ပစ်မှာပဲ၊ ကျွန်မ တွေ
မြင်နိုင်သမျှ အကုန်ကြည့်မယ်၊ လမ်းကြား ဆိုင်လေး
တွေ၊ လမ်းဘေး ဆိုင်လေးတွေတော့၊ ပန်းလှည်း
တော့၊ ကျွန်မ လူဗ်ပြတိုက်ကို သွားမယ်၊ နော်တာဒ



အုရားကျောင်းကိုတော့၊ အီဖယ် မျှော်စင်ထိပ်ကိုပါ၊ ရောက်အောင်သွားမယ်၊ အချိန်ရရင် ဗာဆေးလ် မြို့ကို တောင် သွားလိုက်ချင်သေး၊

‘ရှင့်အမြင်မှာတော့ ကျွန်မဟာ သူလိုကိုယ်လို ခရီးသွား ညီညီ တစ်ယောက်လို ဖြစ်နေမှာပဲ နော်၊ စီးပွားရေး အလုပ်နဲ့လာတဲ့ မိန်းမတစ်ယောက်နဲ့ မတူဘဲ အိုင်ယိုဝါ တော မြို့လေးက သူငယ်နှပ်ခါးလေးနဲ့ တူနေမှာပဲနော်’

‘ခင်ဗျား ပြောပုံဆိုပုံက ပွင့်လင်း ရိုးသားတယ်၊ ဟန်ပန် မရှိဘူး၊ ဒါပေမယ့် အဲဒါ ကောင်းတယ်၊ အဲဒါ ကိုက လတ်ဆတ်နေတယ်’

အက်ဗာလီ နှုတ်ခမ်းစူလိုက်၏။

‘ဟင်း... လတ်ဆတ်တယ်တဲ့ ရှင့် စကားကြီးကလဲ မစွတာ ပါဝါရယ်၊ နဂိုကမှ ကျွန်မ စကားပြောတာ ဘုကန့်လန့်ကျရတဲ့အထဲ ခု ရှင် ပြောလိုက်မှ ဓာကယ့် တောသူ အရိုင်းအစိုင်းဘဝကို ရောက်တော့တာပဲ၊ ကျွန်မ အိမ်မှာဆို ကျွန်မက အသက်မွေးဝမ်းကျောင်း ပညာရှင် တစ်ယောက်ရယ်လို့ နာမည်ဘစ်လုံးနဲ့ နေတာ တချို့ တွေကဆို ကျွန်မကို တော်တော်ကြီး ပြောရေးဆိုရ လိမ့်မယ့်သူ တစ်ယောက်လို့ ထင်ထားကြတာရှင့်’

အာသာက ပြောင်ချော်ချော်ဖြင့် အလေးအနက် ပြောသည်။

‘ခင်ဗျားဟာ အပြောအဆို လိမ္မာပါးနပ်ပါတယ် မစ္စ ရစ်ချ်မန်’

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မစွစ်ရစ်ချင်ပါ၊ ဒါပေမယ့် ဘက်ဗာလီလို ခေါ်တာ ပိုပြီး စိတ်သက်သာပါတယ်'

ကာလ အတော်ကြာကြာအတွင်း ပထမဦး ဆုံး အကြိမ်အဖြစ် အာသာ အောင့်အောင့်သွစ်သွစ် စကား ပြောနေရသည့် ခံစားချက်မျိုး မပေါ်တော့၊ သည် မိန်းကလေးနှင့် စကားပြောရတာ အဆင်ချောသည်၊ မူယာမာယာတွေ မများ လွန်ခဲ့သည့် ငါးမိနစ်ကဆို သူ့ကို နှုတ်ခွန်းချိုသာ နှုတ်ဆက်စကားဆိုရုံထက် ပိုပြီး မိမိ ဘာမှ မရည်ရွယ်ခဲ့၊ ခုတော့ ကိုယ့်ကိုကိုယ်ပင် အံ့အားသင့်နေမိသည်၊ သူနှင့် စကားကြော မပြတ်ချင်၊ ဆက်ပြောချင်စိတ်တွေ ပေါ်နေသည်၊

'ဆီလ်ဗီယာက ခင်ဗျားကို ပါရီရဲ့ ဖက်ရှင်လောကကို လိုက်ပြနိုင်မှာပါ၊ နောက်ပြီး ထမိုင်းဝင် အဆောက်အဦး တွေကိုလဲ ခရီးသည် လမ်းညွှန် တစ်ယောက်ယောက် လိုက်ပြနိုင်မှာပါ၊ ဒါပေမယ့် ဒီမြို့တော်ရဲ့ နောက်ပိုင်း မြင်ကွင်းတွေကိုတော့ ကျွန်တော် လိုက်ပြပါရစေလား၊ ပြင်သစ်စကား မတောက်တစ်ခေါက်တတ်တဲ့ အမေရိကန် တစ်ယောက်ပေမယ့် ဒီမြို့အကြောင်း ကျွန်တော်တော်တော် ကောင်း သိတယ်ဗျ'

ဘက်ဗာလီ ဆုတ်ဆိုင်းနေသည်၊

'ကျွန်မ မပြောတတ်သေးဘူး မစ္စတာ ပါဝါ'

'အာသာလို့ ခေါ်ပါဗျာ၊ ဘယ်တော့မှ အာတီလို့ မခေါ်နဲ့၊ အတ်လို့လဲ မခေါ်နဲ့'



'ဟုတ်ကဲ့ အာသာ၊ ခုလို ဖိတ်ခေါ်တာ ကျေးဇူးတင် ပါတယ်၊ ဒါပေမယ့် ဆီလ်ဗီယာက-ကျွန်မကို သူနဲ့အတူ ရှိစေချင်ပုံရတယ်၊ ဒီညေခံပွဲ အပြီးမှာ ဘာလုပ်မလို့ဆိုလဲ ကျွန်မကို မပြောထားတယ်ရှင့်'

'ကဲ…. ဒါဆိုလဲ လာဗျာ၊ ဆီလ်ဗီယာကို ခုပဲ သွား မေးကြည့်ကြတာပေါ့'

မိနစ်အနည်းငယ် ကြာသောအခါ အောက်ထပ်တွင် စောင့်နေသည့် အနက်ရောင် ကယ်ဒီလက် ကားကြီးထဲသို့ ဝင်နိုင်အောင် အာသာက သူ့ အား ဖေးမပေး၏၊ ပါရီ မြို့ထဲတွင် သည့်ကားကြီးဖြင့် သွားရလှာရအောင် တော် တော် ကသိကအောက် ဖြစ်နေသည်၊ လမ်းကြားလမ်း မြောင်ကလေးတွေထဲ ဝင်ဖို့ကျတော့ မလွယ်၊ ရှေ့တိုး နောက်ဆုတ်ဖြင့် ချိုးနေ၊ ကွေ့နေရသည်၊

သို့သော် ဤကား၊ အာသာ၏ အကျင့်၊ သူကိုယ်တိုင် ခမ်းခမ်းနားနား နေတတ်ဆိုင်တတ်သလို ဘက်ဗာလီ အားလည်း အထက်တန်းကျသည့် စားသောက်ဆိုင်သို့

www.burmeseclassic.com



ခေါ်သွားသည်၊ စားသောက်ဆိုင် အတွင်းဘက်ကို အဖိုး ထိုက်အဖိုးတန် ပစ္စည်းများဖြင့် လှလှပပ ပြင်ဆင် ချယ် မှုန်းထားသည်။ စားသောက်ခုံများကြားတွင် လှည့်လည် တီးခတ် ဖျော်ဖြေ နေသည့် တယော သမား များအ အသာပေါ်ဝါကို သိကျွမ်းနေပုံရ၏။ သူ့ စားပွဲနားတွင် ခေါက်ခေါက်အခါခါ ဝေ့ဝဲနေရင်း လက်ရှိ အကျော် ကြားဆုံး တေးဖြစ်သည့် 'တတိယလူ'ကို တီးခတ်နေကြ ၏။ သည်တေးကား အသာ အကြိုက်ဆုံး တေးတစ်ပုဒ်၊ တေးသွားသည် ဘက်ဇာလီ၏ ခေါင်းထဲမှာ ငြင်း စွဲနေ သည်၊

အာသာကား အလိုက်သိသော အိမ်ရှင်တစ်ယောက်၊ ဂရုစိုက်တတ်သော အဖော်တစ်ဦး၊ ဘက်ဇာလီ ပျော်ရွှင် ကြည်နူးနေမိ၏၊ သည်အချိန် သည်သမယမျိုးကား အမျိုး သမီးတိုင်း၏ အိပ်မက်ကမ္ဘာထဲမှ အချိန်သမယမျိုး၊ ကျက် သရေရှိသော စားသောက်ဆိုင်၊ ခံတွင်း တွေ့လှသော အစားအသောက်နှင့် အကောင်းစားဝိုင်၊ လူတိုင်းက တလေးတစား ဆက်ဆံရသော စိတ်ဝင်စားဖွယ် ခန့်ခန့် ချောချော လူတစ်ယောက်၊

ညစာစားပြီးချိန်တွင် နှစ်ယောက်လုံး ကူခြှရှိရှိ သိက္ခာရှိရှိဖြင့် တွဲကကြသည်၊ ထို့နောက် လမ်းကြိုလမ် ကြားပါမကျန် နံနက် လေးနာရီထိ လျှောက်လည်က သည်။ ပြီးမှ ဆန်ဂျယ်ရီ ဟိုတယ်တံခါးဝသို့ ဘက်ဇာလ



ပြန်ပို့သည်၊ အာသာက အမျိုးသမီး၏ လက်ခုံကို နမ်း ပြီး....

'ခုလိုပျော်စရာကောင်းတဲ့ ညတစ်ညအတွက် ကျေးဇူး င်ပါတယ် ဘက်ဇာလီ'

'အို....ဘယ်က ဟုတ်ရမှာလဲ၊ ရှင့်ကို ကျေးဇူးတင်ပါ ယ်၊ ကျွန်မဘဝမှာ ဒီတစ်ညကတော့ ပျော်စရာ ကောင်းဆုံး ညတစ်ညပါပဲ'

အာသာက လူခေါ် ခေါင်းလောင်းကို တီးသည်၊ ယောက် နှုတ်ဆိတ်စွာ စောင့်နေကြသည်၊ အိပ်ချင် ား ဖြစ်နေသည့် ဟိုတယ်တံခါးမှူးက တံခါးဖွ ပေးသည်၊

'ကျွန်တော် ခင်ဗျားကို လိုက်ပြစရာတွေ အများကြီး သားတယ်၊ နက်ဖြန်ညအို ခင်ဗျား အလုပ်ရှုပ်နေမှာ းဟင်'

မွှေးပျံ့ကြိုင်သင်းနေသော ပန်းများ၏ အထက်တွင် ဘက်ဇာလီ၏မျက်နှာသည် ဝင်းပနေ၏၊ သူ့အား ခေါင်းခါ လိုက်က....

'ဟင့်အင်း....ဘာပဲဖြစ်ဖြစ် အလုပ် ရှုပ်မနေစေရဘူး န်မ စီစဉ်ထားမယ်လေ'

အာသာ ပီတိဖြစ်သွား၏၊

'ကျွန်တော် ခင်ဗျားကို ခုနစ်နာရီမှာ လာခေါ်မယ်၊ င်ဗျား ဖက်ရှင်ပြပွဲက ပြန်ရောက်တဲ့ အချိန်ပေါ့၊ ဒဲ့ဒီ

www.burmeseclassic.com

www.burmeseclassic.com



တော့မှပဲ ကျွန်တော်တို့ အစီအစဉ်ကို ဆွဲကြတာပေ
မင်္ဂလာရှိတဲ့ ညချမ်းပါ ဘက်ဗာလီ'

'မင်္ဂလာရှိတဲ့ ညချမ်းပါရှင်'

အိပ်ခန်းထဲသို့ အသာကလေး ခြေဖျားထောက် ဝ
သွားကာမှ ဆီလ်ဗီယာ နိုးသွားသည်။

'ပျော်ခဲ့ရဲ့လား'

အိပ်ချင်မူးတူး အသံဖြင့် မေးသည်။

'ပြောမပြနိုင်လောက်အောင်ပဲ မမရေ'

'ကောင်းပါလေ ကွယ်၊ မြန်မြန်အိပ်တော့၊ မနက်ဖြ
ပထမဦးဆုံး အစီအစဉ်က ဒိုင်ယာကိုကိုးနရီအပျော
သွားရမယ်'

ဆီလ်ဗီယာ ချက်ချင်းလိုပင် ပြန်အိပ်ပျော်သွားပေ
ဘက်ဗာလီ တိတ်ဆိတ်စွာအဝတ်အစားလဲသည်။ ဧည့်ခ
ထဲတွင် ပန်းအိုးတစ်လုံးတွေ့သဖြင့် အာသာဝယ်ပေးလိုက်
သည့်ပန်းများကို ပန်းအိုးထဲ စိုက်၏။ ပန်းရနံ့မှာ သင်း
မွှေးပျံ့နေ၏၊ နုဖပ်သော ပွင့်ချပ်ကလေးများ ကဲ့သို့ပ
မြူညို့ ဆွဲဆောင်နိုင်စွမ်းပါတီ၊

ဘက်ဗာလီ အိပ်ချင်မျက်စိ ရှိ၊ သို့သော် ကိုယ့်စိတ်
ကိုယ်ထိန်းပြီး အိပ်ရာထဲ ဝင်ခဲ့သည်။ အချိန်မှာ ငါးနာ
ကျော်နေပြီ၊ 'နေ့က် နှစ်နာရီလောက်အကြာ အိပ်
ထရတဲ့အခါ လူသေကောင်ကြီးလို မလှုပ်နိုင် မရွှေးနိုင်
ဖြစ်နေလိမ့်မယ်' ဟု ကိုယ့်ကိုကိုယ် သတိပေးရသည်။
မလှုပ်ချင် မရွှေးချင် ဖြစ်နေလည်း အကြောင်း မဟုတ်



မိမိပျော်နေသည့်၊ လူသစ်တစ်ယောက်လို ခံစားနေသည်။
အိမ်ထောင်ရေး ထောင်ထဲတွင် ချောင်ပိတ် မိနေသည့်
မစ္စစ်အက်ဒ်ဝပ်ရစ်ချ်ဆန်နှင့် လုံးဝမတူ။ ယခုဘက်ဗာလီက
ကျက်သရေရှိသော၊ လိုလားတပ်မက်ဖွယ် ကောင်းသော၊
အလေးထား မြတ်နိုး ထိုက်လိုသော မိန်းမတစ်ယောက်၊

အာသာပါဝါ၏ ဖိတ်ခေါ်ချက်ကို လက်ဆင့်ခံပြီး
ပျော်ရွှင်ကြည်နူးစွာ လည်ပတ်ခဲ့မိသဖြင့် မိမိဘဝ အခြေ
အနေ ပြောင်းလဲသွားစရာ အကြောင်းမရှိ၊ ဇာတ်လမ်း
အသစ်တွေ ပေါ်ပေါက်လာစရာ အကြောင်းမရှိ၊ သည်သို့
ပင် တစ်ကိုယ်တည်း ဆင်ခြေ တန်မိသည်၊ သို့သော်
အငြင်းမပွားနိုင်တာ တစ်ချက်တော့ ရှိသည်၊ အာသာ
ပါဝါဆိုသည့် လူက မိန်းမတစ်ယောက်ကို ခံစားတတ်
လာအောင် ပြုလုပ်နိုင်စွမ်းသူ ဆိုသည့် အချက်။

'ရစ်ဇ်' ဟိုတယ်တွင် အာသာက ကိုယ့်ခံစားချက်များ
ကိုယ် လေ့လာ ဆန်းစစ် ကြည့်၏၊ သို့ ဆန်းစစ်ရာ၌
သံယောဇဉ်စိတ်ကို ခွာပြီးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် စိတ်ချမ်းမြေ့စရာ ညတစ်ညကို ဖြတ်သန်းခဲ့ရ၏ ဘက်ဗာလီရစ်ချိန်ဆိုသည့် မိန်းကလေးသည် မိမိမြင်တွေ့နေကျ မိန်းကလေးမျိုး မဟုတ် သူသည် ဖက်ရှင်လောကအားပုံစံ ပေါက်နေ၏ အနိုင်မခံ အရှုံးမပေးဘဲ အဆဲအလဲ ယှဉ်ပြိုင် နေကြသည့် ဖက်ရှင် စီးပွားရေးလောကတွင် သူသည် ထူးခြား ဘင်ရှား သူ တစ် ဦးမဟုတ်သေး သို့ဝေမယ့် သူသည် ဆပ်ကော့ လပ်ကော့မဟုတ် ဆပ်စလူးမကျ အဲဒါတော့ အံ့စရာကောင်းသည်။

သူ့ကို မိမိ စိတ်ဝင်စားလာအောင် ညှို့ငင်ဖမ်းစားသွားပုံ ကထူးခြားသည်၊ သစ်ဆန်းသည် မိမိကြုံတွေ့နေကြပုံစံမျိုး လုံးဝမဟုတ်၊ မိမိသည် သည် အမျိုးသမီးကိုပိုင်စိုးလိုသည့် ရမက်ဆန္ဒများလည်း နိုးကြွခဲ့၏ သို့သော်ခရီးသွားဖန်လှဲ တွဲမိသည့် မိန်းမများကို မိမိ ဆက်ဆံနေကျ ပုံစံအတိုင်း ဆက်ဆံခဲ့သည်၊ အပြောအဆို အခန့်အထိုင် မမှားအောင် ဂရုစိုက်ခဲ့သည်၊

တကယ်တော့ မိမိသည် သည်အမျိုးသမီး အကြောင်းဘာမှ မယ်မယ်ရရ မသိသေး အာမခံလုပ်ငန်းမှ လူတစ်ယောက်၏ ဇနီး ဆိုတာလောက်ပဲ သိခဲ့ရသည် သူတို့အိမ်ထောင်ရေး အဆင်ပြေသလား အဆင်မပြေဘူးလားမသိမမှန်းတတ် တစ်ညလုံး မိမိ အကြောင်းတွေကိုချည်းပြောပြခဲ့သည်ကို သတိရမိ၏ သို့ ပြောရာ၌ မာရီလင်နှင့်ပတ်သက်သည့် စိတ်ပျက် စရာ ရင်နာ ခါးသီး စရာ



အကြောင်းများကို ဖြတ်တောက် ချွင်းချန်ပြီးပြောခဲ့သည် သည် ဘက်ဗာလီ၏ စိတ်ဓာတ်ကို မြှင့်တင်နိုင်သည် ပါလျှင်ဗက်ဗာလီသည် မိမိ၏စိတ်ဓာတ်ကိုပို၍မြှင့်တင်ခဲ့သည်ဆိုရပါမည်။ ဘက်ဗာလီက မိမိအား လေးစားကျဟန်များကို မကွယ်မဝှက်ပြသွားသည်။ ထိုသို့ပြသခြင်းက မိမိအားယောကျ်ားမပီသသလို ပြုမူဆက်ဆံသည့် မာရီလင်ကို သတိရနေသည့် စိတ်တွေ ပြယ်ကသွားစေ၏။ ဘာပဲဖြစ်ဖြစ် နာရီပိုင်းလောက်တော့ဖျောက်နိုင်ခဲ့သည် ဇင်ဇစ် မိမိလိုအပ်နေသည်မှာသည်လို အားအား နှစ်သိမ့်မှုမျိုးပဲ မဟုတ်လား၊

ပွဲဦးထွက်ကတော့ လှပသည်၊ ကြည်နူးကျေနပ် စရာကောင်းသည်၊ သည်တော့ နေ့စက်ဆပ် ရက်သတ္တပတ်ညနေကို လှမ်းမျှော် ကြည့်မိသည်။ ထိုအချိန်ဘိုကစများ၊ အဘွင်းမှာတော့ ပါရီမြို့ကြီးသည် စိတ်ပျက်ငွေ့စရာ ဖြစ်ချင်မှဖြစ်တော့မည်၊

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

သူ မရှိတော့တာ တစ်လကျော်သွားပြီ၊ သို့တိုင် မိ
အိမ်ထောင်သက် တစ်လျှောက်လုံး မွေ့လည်တွဲဖက်
စက်ခဲ့သည့် နှစ်ယောက်အိပ် ကုတင်ကြီးပေါ်တွင်
ခန့် တရေးနိုးလာတိုင်း မိမိလက်က ကျော့ရှိရာဘက်
အလိုအလျောက် စမ်းကြည့်မိနေသည်ချည်း၊ မိမိ နဘေ
ကွက်လပ်ကို စမ်းမိတိုင်း ဘုရားသခင်ကိုအမျက်ထို
မိသည်၊ ထိုအခါမျိုးတွင် သူသည် ဘေးစောင်းအိပ်
အတွန့်အကြေ မရှိသော ခေါင်းအုံးလေးကို မျက်
ခန်းသော မျက်လုံးများဖြင့် ငေးစိုက် ကြည့်နေမိတတ်
မိမိမျက်စိထဲတွင်မူ သန်မာတောင့်တင်းသော ချမ်း
နှစ်ခြိုက်စွာ အိပ်မောကျနေသောသူ့ကိုသာမြင်နေတ
တစ်ချိန်တုန်းကတော့ မိမိသည်သည် သူ၏ရင်ခွင်မှာ ခို
မှေးစက်တာ မိမိဘဝကို ဆည်လူနှင့်ပင် သေတပန်
တစ်ဆုံး လှက်တွဲသွားဖို့ စိမ့်ကိုန်း ချခဲ့သည်လေ။



လူတွေက အလွန်မတန် ကြွင်နေကြပါသည်၊ အကြွင်
ကဲလိုပင် နေပါသည်၊ သူတို့က မိမိအား တစ်ရံမလပ်
စောင့်ကြည့်နေကြသည်၊ မိမိတစ်ကိုယ်တည်း နေခွင့်မပေး
မိအနားမှာ သူတို့ရှိနေခြင်း မိမိနှင့် သူတို့ စကားပြော
နေခြင်းက မိမိ၏ အတိတ်ပန်းချီကားချပ် အားလုံးကို
ချောက်ဖျက် ပစ်နိုင်စွမ်းသည့် မဟာ မိမိ၏ အတိတ်ပန်းချီ
ားချပ် များကို သတိမရအောင် စွမ်းဆောင် နိုင်စွမ်း
သည့်ပမာ။

ဝင်စစ် မိမိက မနေမှဲ့ချင်၊ မပျော်ချင်၊ သတိရ
မ်းတာနေရတာဲ ချိုမြိန်လှပါသည်၊ မိမိမှာဘာကျန်သေး
လဲ လွမ်းစရာ တမ်းတစရာလေးတွေမှ ကျန်တော့သည်၊
တ်လား၊ သည်လို သတိရ တမ်းတာ နေမိသည့်အတွက်
သ်စိတ်မညစ်မိပါ၊ မိမိအသက်အမျှ ချစ်ကြင်ခဲ့သော ရှယ်
ကို မေ့ဖျောက်ပစ်ဖို့ ကြိုးစားရခြင်းက ဗိုခက်ပါသည် ပို၍လို
င်နာစရာကောင်းပါသည်၊ မိတ်ဆွေ အပေါင်းအသင်း
ားနှင့် မိသားစုများကတော့ ဖြည်းဖြည်းချင်း မေ့
ျောက်ပြီး အရှိတရားကို လက်ခံနိုင်အောင် အားပေးတ်ဖို့
ိုက်တွန်းကြသည်၊ မိမိ၏ချစ်ဦးသူ၊ မိမိ၏ တစ်ဦးတည်း
သော ချစ်သူ မိမိရင်သွေးငယ်များ၏ ဖခင်ဖြစ်သူ မရှိ
တော့တဲ့ ဘဝကိုဆက်လက်နေထိုင်နိုင်အောင် ကြိုးစားရ
ည်တဲ့လေ။

မိမိအား ဝိုင်းဝန်းသနား နေကြ သည်ကို မိမိလို
ားပါ၊ မိမိလိုအပ်သည်မှာ တိုက်ဆိတ် အေးချမ်းစွာ

www.burmeseclassic.com



စိတ်ဓာတ်ရာကို ကုသခွင့်ရလို့ စိတ်နုလန့်ထူအောင် ဆေး
ထုဇ်ခွင့် ရဖို့ဒါပါပဲ၊ သို့သော် ဆည်အခွင့်အရေး
ပေးမည့် အခြားလူတွေက သူ့ဘေးမှာ ဝိုင်းအုံနေ
သည်၊ မိမိအားစောင့်မကြည့်ဟန်ဆောင်ပြီး စောင့်ကြ
နေသည့် မျက်လုံး မျှား၊ စကား မြီးမြွာ ကြ သည်
အကြောင်း အရာစီးအမည်စုံ၊ သေခြင်းတရားအကြော
ကလွဲလို့ပေါ့။

စင်စစ် မိမိ ပြောချင်သည်မှာ ဂျော့အကြောင်
ဂျော့အကြောင်းပြောပြီး ညင်သာ ညံ့သက်စွာ ရယ်
ချင်သည်၊ သည်လိုနည်းဖြင့် ဂျော့ကို သတိရနေချင်သည်
ခုတော့ မိမိဘဝမှာ ဘာမှ မဖြစ်ခဲ့သလို ဟန်ဆောင်
ရသည်။ သေဆုံးခြင်းဆိုသည့် စကားကို ပြောမိလျှ
ကျက်သရေ မရှိသလို၊ သေခြင်းတရားအကြောင်း ပြော
ခြင်းသည် မိမိတို့ ရှင်သန်ကျန်ခဲ့သူများ၏ စိတ်ဓာတ်
ပျော့ညံ့သွားစေသလိုလို၊ မိမိတို့နှင့် အနီးစွာတရားသည်
သက်ဆိုင်ခြင်း မရှိသလိုလို၊

ဘဝ၏ အရှိတရားကို စိတ်အေးအေး ထား
လက်တွေ့ကျကျ ရင်ဆိုင်ဖို့ ရှယ် လိုအပ်ကြောင်း သဘော
ပေါက်နားလည်သူမှာ တစ်ယောက်ပဲ ရှိသည်၊ ထို
ကား အက်ဒ်ရစ်ချ်မွန်၊ ဘက်ဗာလီ ခုံရပ်သို့ ထွက်
သွားပြီး တစ်ရက်၊ နှစ်ရက် အကြာမှာပင် အက်ဒ်
တယ်လီဖုန်း ဆက်သည်၊ ရှယ်အာနေဖြင့် အပြင် ထွက်
ညစာ စားချင်စိတ် ရှိပါသလားဟု မေးသည်၊



'ဂျော့ ဆုံးပြီးတာ မကြာသေးတော့ ခုလို အပြင် ထွက်ရမှာ စောလွန်းသေးတယ်လို့ ခင်ဗျား ထင်ကောင်း ထင်မယ်၊ ဒါပေမယ့် အထီးကျန်ဖြစ်နေတဲ့ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရိုင်းပင် ဖေးမ နိုင်တယ်လေ'

ရှယ် သူ့ကို ကျေးဇူးတင်မိသည်။ မိမိသည် အရွယ်ရောက် ရင့်ကျက်နေသော မိန်းမတစ်ယောက် ဖြစ်ပြီး သေခြင်းတရားကို လက်ခံ ရင်ဆိုင်နိုင်စွမ်းသော မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြု ပြောဆိုဆက်ဆံသူမှာ အက်ဒ်တစ်ယောက်သာ ရှိသေးသည်။

'ကျွန်မ ရှင်နဲ့ ညစာအတူ စားချင်ပါတယ် အက်ဒ်၊ သိပ်ကို လိုလားပါတယ်၊ တကယ်တမ်း ပြောရရင် ကျွန်မတောင် ရှင့်ဆီ တယ်လီဖုန်း ဆက်တော့မလို့၊ အကူအညီ တစ်ခု တောင်းစရာရှိလို့လေ'

'ပြော'

'ဖိလစ်ကိစ္စပါ၊ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်နဲ့ ပတ်သက်လို့ ကျွန်မ ကလေးတွေထဲမှာ သိတတ်တဲ့ အရွယ်ရောက်နေတာ ဖိလစ်ပဲ ရှိတယ်လေ၊ သူက သူ့ဖေဖေ လေယာဉ်ပျက်ကျလို့ ဆုံးသွားတယ် ဆိုတာ သိပြီး လေယာဉ်တွေကို ထိတ်လန့် ကြောက်ရွံ့ စိတ်တွေ ပေါ်နေတယ်၊ ခုဆို လေယာဉ်တစ်စီး အိမ်ပေါ်က ဖြတ်ပျံသွားရင်တောင် သူက ဗီရိုထဲ ပြေးပြေးပြီး ပုန်းနေတတ်တယ်၊ နေ့စက်ပြီး သူ့အဖေကို သူ အမြဲလွမ်းနေ

www.burmeseclassic.com

www.burmeseclassic.com

ဆာတီရနေတယ်၊ ခက်တာက သူ့အဖေနဲ့ ပတ်သက်ပြီး သူ့ကို ဘယ်သူကမှလဲ မပြောကြဘူး၊ ကျွန်မက ပြောကြည့်ဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် သူ လိုအပ်နေတာက ယောကျာ်းချင်း ပြောတဲ့စကားလေ၊ ရှော့ သေသွားတဲ့အကြောင်း သူ သဘောပေါက် နားလည်လာအောင် ပြောပြပေးဖို့ ရှင် ကူညီနိုင်မလားဟင်၊ ကျွန်မ တောင်းဆိုတာ သိပ် များလွန်းနေတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဖိလစ်နဲ့ ပတ်သက်ပြီး ကျွန်မ သိပ် စိုးရိမ်နေမိလို့ပါ၊ ဒီအဖြစ်အပျက်ကြောင့် သူ့ဘဝမှာ ဖျောက်မရနိုင်တဲ့အစွဲမှားကြီးတင်မကျန်ခဲ့စေချင်ဘူးလေ'

'ရပါတယ်၊ သူနားဝင်အောင် ကျွန်တော်ပြောကြည့်ပါမယ်၊ ဒါပေမယ့် ရှယ်၊ သူဟာ သိပ်ငယ်သေးတယ်၊ ခြောက်နှစ်သားပဲ ရှိသေးတာ၊ ခုလက်ရှိ အနေအထား သစ်ဘစ်ရပ်ကို တုန့်ပြန် ရင်ဆိုင်တဲ့နေရာမှာ ဖိလစ်ဟာ ခင်ဗျား ပူဆာထားသလို စိတ်ဒဏ်ရာ ဖြစ်ရလောက်အောင် ဖြစ်နေတယ် ဆိုတာကော သေချာရဲ့လား ဗျာ'

'သေချာပါတယ်၊ သားဟာ သူမတူအောင် ဉာဏ်ရည်ထက်မြက်ပြီး ထိခိုက်ခံစားလွယ်တဲ့ ကလေးတစ်ယောက်၊ နောက်ပြီး နေပုံထိုင်ပုံကလဲ အေးတယ်၊ သိုသိပ်တယ်၊ လောကမှာ သူ လေးစားမြတ်နိုးတာ သူ့အဖေပြီးရင် ရှင်တစ်ယောက်ပဲရှိတယ်၊ ရှင်က သေကြောင်း အတွေ့အကြုံ အများကြီး ရှိတယ်ဆိုတာလဲ သူ သိထားတယ်လေ၊ အဲဒါက အထောက်အကူ ရလိမ့်မယ် ထင်တယ်'



'ကျွန်မဖွဲ့နွဲ့သိုင်းဝိုင်း ပြောနေတာမဟုတ်ဘူးအက်ဒ်၊ ဖိလစ်ဟာ အရမ်းပြောင်းလဲနေပြီ သူဟာ ညတိုင်းလိုလို လေယာဉ်ပျက်ကျတဲ့ စိတ်ချောက်ချားစရာ အိပ်မက်တွေ မက်နေခဲ့တယ်၊ မနေ့ကဆို သူ့ အိပ်ရာအောက်မှာ ဖုံးကာကွယ်ရန် လုပ်ထားတာတွေကို တွေ့ရတယ်၊ ခေါင်းအုံးတွေ၊ လက်နှိပ်ဓာတ်မီးတွေလိုမျိုးပေါ့၊ သူကပြောတယ်လေ၊ အိမ်ပေါ်ကို လေယာဉ်ပျက်ကျပြီး ခေါင်မိုးပေါ်က ကျွံကျလာရင် သူလုပ်ထားတဲ့ အကာအကွယ်တွေထဲမှာ ဝင်ပုန်းနေမယ်တဲ့'

'ဓာပါ ချီးတူးရယ်၊ ကျွန်တော် ကြိုးစားပေးပါ့မယ်၊ အင်း.... သနားစရာ ကလေးပဲ၊ ဒါပေမယ့် ကျွန်တော့် ချဉ်းကပ်ပုံချဉ်းကပ်နည်းက လုံးဝသိပ္ပံနည်းကျမှာ မဟုတ်ဘူးနော်၊ တကယ်လို့ ကျွန်တော် ကြိုးစားလို့မှ မအောင်မြင်ရင်တော့ သူ့ကို တတ်ကျွမ်းတဲ့ ဆရာဝန်တစ်ယောက်ယောက်နဲ့ ပြရလိမ့်မယ်'

'အဲဒါကို ကျွန်မ စဉ်းစားပြီးပါပြီ၊ ဒါပေမယ့် အဲဒီနည်းကို နောက်ဆုံးနည်း အဖြစ်ပဲ သုံးချင်တယ်လေ၊ တကယ်လို့ သူ့အဖေ သေဆုံးရတဲ့ အကြောင်းကို နားလည် သဘောပေါက်အောင် တစ်ယောက်ယောက်က လုပ်ပေးနိုင်မယ်ဆိုရင် အဲဒီလို ဆရာဝန်ဆီ ပြနေဖို့ မလိုဘူးထင်တယ်'

'သူ့ကို ဖျောင်းဖျဖို့ ကျွန်မလဲ မတတ်နိုင်ဘူး၊ သားအမိ ဖြစ်နေလို့နဲ့တူတယ်၊ ခက်တာက ရှော့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်သူကမှလဲ ပြောပြဖော် မရကြဘူး၊ သူတို့က တော့ စေတနာနဲ့ မပြောကြတာပါ၊ ဒါပေမယ့် အဲဒီ မပြောကြတော့ ဖိုးလစ်ရဲ့ အတွေးမှား၊ အမြင်မှားတွေ တောက်ပွဲ အားပေးသလို ဖြစ်နေတာပေါ့'

သန်ဘက်ခါညတွင် သူတို့နှစ်ယောက် ညစာအတူ ထွက်စားဖို့ ချိန်းလိုက်ကြ၏။

'နက်ဖြန်ညနေ ကျောင်းဆင်းချိန်မှာ ကျွန်တော် သူ့ကို သွားခေါ်လိုက်မယ်၊ ခင်ဗျားက သူ့ကိုပြောထား လိုက်လေ၊ ကျွန်တော်တို့နှစ်ယောက် ယောကျ်ားလေး သူငယ်ချင်းတွေလို လျှောက်လည်ကြမယ်လို့၊ နောက် ခင်ဗျားနဲ့ တွေ့တဲ့အခါကျမှ အကျိုးအကြောင်း ပြောပြ မယ်'

'ရှင့်ကို ဘယ်လောက် ကျေးဇူးတင်တယ် ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲ အက်ဒ်ရယ်'

'ကျွန်တော် ဘယ်လောက် အောင်မြင်မယ်ဆိုတာ စောင့်ကြည့်ပါဦးလေ၊ ပွင့်ပွင့် လင်းလင်း ပြောရရင် လောလောဆယ်မှာတော့ ဘယ်ကနေဘယ်လို စ ပြောရ မှန်းတောင် မသိသေးဘူး'

နောက်နေ့ညနေ ကောင်လေး၏ ကျောင်းရှေ့တွင် သွားကြိုသောအခါ ရှယ် ဘာကြောင့် သည်လောက် စိုးရိမ်ပူပန်နေကြောင်း ချက်ချင်း သိမြင်လိုက်၏။ အခြား ကလေးတွေက ကျောင်းတံခါးပေါက်မှ မြူးထူးခုန် ပေါက်စွာ ပြေးထွက်လာကြသည်။ အော်သူအော်၊ ဟစ်



သူဟစ်၊ တွန်းသူတွန်း၊ တိုက်သူတိုက်ဖြင့် အားလုံး ဝရုန်းသုံးကား ဖြစ်နေသည်။ ဖိုးလစ်ကတော့ တစ်ယောက်တည်း ရောက်လာသည်။ နှုတ်ဆိတ်စွာ၊ ခြေလှမ်း သုတ်သုတ်ပင် မလှမ်း၊ သူ့ကြည့်ရတာ ကြေကွဲနေသည့် အဘိုးကြီးအိုလေးတစ်ယောက်နှင့် တူနေသည်ဟု အက်ဒ် တွေးမိ၏။

'ဟိုင်း...ဖိုးလစ်၊ ဦးဦး ဒီကိုလာမယ်ဆိုတာ မင်းမေမေ ပြောထားလားကွ'

ဂျော့၏မျက်နှာနှင့် တူလှသည့် ပါးဖောင်းဖောင်း မျက်နှာကလေး မဆိုစလောက် ဝင်းပသွားသည်။

'ဟိုင်း...ဦးလေ အက်ဒ်'

'ဟာကောင်ကြီးရ၊ မင်းနဲ့တွေ့ရတာ ဝမ်းသာတယ် ကွာ၊ တို့နှစ်ယောက်အတူ အချိန်မဖြုန်းရအောင် အတော် ကြာနေပြီကွ'

ဖိုးလစ် ဘာမှပြန်မပြော၊ သူ့လက်ချောင်း သေးသေး လေးတွေက မှတ်စုစာအုပ်ကို တင်းတင်းကျပ်ကျပ် ဆုပ် ကိုင်ထားသည်။

'ငါပြောမယ်၊ ငါ ကားတစ်စီး ငှားလာတယ်ကွ၊ တို့နှစ်ယောက် အသားညှပ် ပေါင်မုန့်ခလေးစားပြီး ကား လျှောက် စီးကြရအောင်လေကွာ၊ ဘယ့်နှယ်လဲ'

'ဘယ်သွားမှာလဲ'

'ဟာ...အဲဒါက အံ့အားသင့်စရာ တစ်ခုပေါ့ကွ၊ အံ့အားသင့်စရာတွေကို မင်းက မကြိုက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'အို....မင်းကြိုက်ပါတယ်ကွ၊ အံ့အားသင့်စရာ တာ လူတိုင်း ကြိုက်ကြတာပဲဟာ'

နှုတ်ဆိတ်နေသော ကလေးငယ်အားကြည့်ပြီး မိမိ၏ မိုက်မဲမှုအတွက် ကိုယ့်ဘာသာကိုယ် ကျိန်ဆဲမိ၏။ ကျော သေဆုံးရခြင်းသည် ဖိလစ်အတွက် အဆိုးဝါးဆုံး အံ့အား သင့်စရာ ဖြစ်ရပ်တစ်ခု မဟုတ်လား။ သေ တော့မှာပဲ၊ ငါ စကားပြောတာ ဆင်ဆင်ခြင်ခြင်နေမှ ထိုနေ့က ရှည် ပြောပြထားသည့် အကြောင်းတွေကို သတိရပြီး မိမိ အတွေးအခေါ်ကို ပြောင်းပြန် လှန်လိုက်၏။ ဘာ ဖြစ်ဖြစ် ပြောသင့် ပြောထိုက်တာကိုတော့ ပြောရမှာပေါ့ လူတွေက ဒီကောင်လေး နံဘေးမှာ တိုးတိုးတိတ်တိတ် လုပ်နေသည်။ သည်ကောင်လေးကို ပြောသည့် စကား များမှာ ထိန်းထိန်းချုပ်ချုပ် နိုင်လွန်းသည်။ တကယ်လို့ သည်ကောင်လေး ဝန်းကျင်မှာ လူတွေ ရှိမနေလျှင် သည် ကလေးသည် သူ့ကိုယ်သူ ဘယ်လိုလုပ်ပြီး မြင်တွေ့ သိ နိုင်ပါတော့မလဲ။

'အေးကွာ....မင်းကြိုက်ကြိုက် မကြိုက်ကြိုက် ဒီညနေ ကတော့ မင်းအတွက် အံ့အားသင့်စရာတွေ ကြုံရမှာပဲ'

အက်ဒ်ဂါ ကောင်လေးကို ဖေးမပြီး ကားရှေ့ခန်းထဲ ထိုင်စေသည်။

'ပထမဦးဆုံးအနေနဲ့ မင်းဘဝမှာ မစားဖူးသေးတဲ့ အကောင်းဆုံး အသားညှပ် ပေါင်မုန့်မျိုးနဲ့ မိတ်ဆက်ပေး



မယ်၊ အဲဒီ အသားညှပ် ပေါင်မုန့်ရဲ့ နာမည်က 'ခါမီ ခါဇေ'တဲ့၊ အဲဒီမုန့်ထဲမှာ ပါတာတွေက ငရုတ်သီးရယ် ဒိန်ခဲရယ်၊ ငရုတ်ကောင်းရယ်၊ နောက်ပြီး ဆနုပ်ချဉ်နှစ် မျိုးရယ်၊ အဲဒီမုန့်ကို ရနိုင်တဲ့ဆိုင်က မြောက်လမ်းမကြီး ပေါ်မှာပဲရှိတယ်၊ ဘယ်လိုလဲ၊ သွားမလား'

'ကောင်းပြီလေ၊ ဦးသွားချင်ရင် သွားတာပေါ့'

'အမှန်အတိုင်းပြောရရင် အဲဒီမုန့်ကိုတီထွင်နိုင်ခဲ့အောင် ငါကူခဲ့တာကွ'

ကောင်လေး၏ စိတ်ဝင်စားမှုကို ပထမဦးဆုံးအကြိမ် အဖြစ် တွေ့လိုက်ရ၏။

'ဦး ထွင်ခဲ့တာ ဟုတ်လား၊ ဘယ်လို ထွင်ခဲ့တာလဲ ဟင်'

'အဲ....လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာ၊ မင်းဒေါ်လေး ဘက်ဗာလီနဲ့ ငါနဲ့ အိမ်ထောင် မကျခင်က အဲဒီ စား သောက်ဆိုင်နဲ့ သိပ်မဝေးတဲ့ နေရာမှာ ငါက အလုပ်လုပ် ခဲ့တာကွ၊ တိတိကျကျ ပြောရရင်ကွာ လာဂါဒီယာ လေယာဉ်ကွင်းမှာပေါ့၊ ထရန်စတိတ် လေကြောင်း ကုမ္ပဏီမှာ အလုပ်လုပ်နေတော့ ငါတို့ အပေါင်းအသင်း တစ်စု အဲဒီစားသောက်ဆိုင်မှာ မကြာမကြာ သွားစား ကြတယ်၊ အဲဒီတုန်းက အဲဒီ ခါမီခါဇေကို တီထွင်ခဲ့တာ ပေါ့၊ ခါမီရခါဇေဆိုတာ ဘာအဓိပ္ပာယ်ဆိုတာရော မင်း သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြို့ဖြင့်ထွက်သည့် လမ်းမကြီးပေါ် ရောက်နေပြီး ကောင်လေးက သူ့မိတ်ဆွေကြီး၏ နံဘေးတွင် တိတ်ဆိတ်စွာ ထိုင်လိုက်လာသည်။ လေယာဉ်ကွင်းနှင့် လေကြောင်းကုမ္ပဏီအကြောင်း ပြောလိုက်သည်နှင့် ကောင်လေးမျက်နှာ ဖြူရော်သွားသည်ကို အက်ဗ် တွေ့လိုက်ရ၏။ သို့သော် ဘာမှတော့ မပြော။ ဒါကို အက်ဗ် သတိမထားမိဟန်ဆောင်ပြီး ကောင်လေး၏ အဖြေကို စောင့်မနေဘဲ ဆက်ပြောသည်။

'ခါမီခါဇေဆိုတာ ဂျပန်စကားလုံးကွ၊ ဒီစကားလုံးဟာ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်လေယာဉ်မှူးတွေအတွက် ပေးထားတဲ့ စကားလုံး၊ ဒုတိယ ကမ္ဘာစစ်ဆိုတာ မင်းဖေဖေကော ငါကော တိုက်ခဲ့တဲ့ စစ်ပွဲကြီးပေါ့'

'ဘာပဲဖြစ်ဖြစ် အဲဒီ လေယာဉ်မှူးတွေဟာ ဂျပန်လေတပ်ထဲမှာ လေးစားရာ အကောင်းဆုံးနဲ့ အမြင့်မြတ်ဆုံး လေယာဉ်မှူးတွေပေါ့ နောက်ပြီး တို့ဘက်က ကြည့်ရင် ကြောက်စရာအကောင်းဆုံး လေယာဉ်မှူးတွေပဲ၊ သူတို့ရဲ့ တာဝန်က တို့သင်္ဘောတွေ မြုပ်ကျအောင် တို့သင်္ဘောတွေပေါ်ကို သူတို့ လေယာဉ်နဲ့ ထိုးစိုက် ဆင်းဖို့ပဲ၊ ဒီလိုလုပ်ရင် သူတို့ပါ သေမယ်ဆိုတာ သိရက်နဲ့ လုပ်ရဲတဲ့ သတ္တိရှိကြတယ်၊ အဲဒီလို လုပ်တာကို အသေခံတိုက်ပွဲလို့ ခေါ်တယ်၊ မင်း အနေနဲ့တော့ နားလည်ဖို့ မလွယ်ဘူးပေါ့ကွာ၊ ဒါပေမယ့် သူတို့ဟာ သူတို့



တန်ဖိုးထားမြတ်နိုးတဲ့ တိုင်းပြည်အတွက် သူတို့အသက်ကို ဒီလို ချင်ချင် စွန့်ဝံ့ကြတယ်'

သူက ဖိလစ်ကို အမှတ်တမဲ့ စွေကြည့်သည်။ ကောင်လေး အသက်ရှူ မြန်နေသည်။ စိတ်လှုပ်ရှား နေသည်။ ဘုရား၊ ဘုရား။ ငါပြောတာ ထိရောက်ပါစေ၊ မှန်ကန်ပါစေ၊ မိမိအား ဖိလစ် တစ်စုံတစ်ရာ ပြန်ပြောစေချင်သည်။ ဘာပဲဖြစ်ဖြစ်ပေါ့။ ယုတ်စွအဆုံး ယောက်ျားကြီးတွေ လေယာဉ်နှင့်အတူ အသေခံကြသည့်အကြောင်း ဆက်ပြောပါနှင့်တော့ ဆိုတာမျိုး ဖြစ်ဖြစ်ပေါ့'

သူတို့သည် စားသောက်ဆိုင်နှင့် နီးလာသည်။ အက်ဗ်က တစ်ခုခုကို ရည်ရွယ်ပြီး ပြောနေဟန်မျိုး မပေါက်အောင် ဟန်ဆောင်ထားသည်။

'အဲဒါကြောင့် အဲဒီ အသားညှပ် ပေါင်မုန့်တွေကို ခါမီခါဇေ ပေါင်မုန့်လို့ တို့ နာမည်ပေးခဲ့ကြတာပေါ့၊ ရယ်စရာတော့ မကောင်းဘူး၊ ဆိုလိုတဲ့ အဓိပ္ပာယ်က အဲဒီမုန့်ကို စားရင် အစာကြေဖို့အတွက် တော်တော် အန္တရာယ်ကြီးတယ်၊ အမေရိကန် စစ်သင်္ဘောတွေအတွက် ဗုံးတွေ အပြည့်ထည့်ထားတဲ့ ရန်သူ့ လေယာဉ် ထိုးစိုက်အဆင်း ခံရသလိုမျိုးပေါ့'

ဖိလစ်ကို ကြည့်ရသည်မှာ အဖျားတက်လာတော့မည့်ပုံမျိုး ဖြစ်နေသည်။

ငါ ဒီကလေးအပေါ် မှာ ရက်စက်လွန်းရာ၊ မညှာတာလွန်းရာ ရောက်နေပြီဟု အက်ဗ် စဉ်းစားသည်။ ငါ ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်က တော့ပဲ ထုံးစံအတိုင်းပဲပေါ့။ စားသောက်ဆိုင်ရှေ့ ကားရပ်ထည့် နေရာတွင် ကားကို ထိုးရပ်လိုက်၏။ ကော်ဆင်လိုက်၏ပြီးတော့ ဖီလစ်ကို လှမ်းကြည့်ကာ....

‘အဲဒါမှ မမေးတော့ဘူးလား’

ကောင်လေး နှုတ်ခမ်းကို ကိုက်ထား၏။

‘ဦးလေး အင်္ကဒ်၊ ဖေဖေ ဘာဖြစ်လို့ သေရတာလဲ၊ သူက အသေခံဖို့ ကြိုးစားခဲ့တာမှ မဟုတ်ဘဲ၊ ဖေဖေက အဲဒီ ဂျပန်တွေနဲ့ တူမှမတူဘဲ ဦးဦးရယ်’

‘မဟုတ်ဘူး ဖီလစ်၊ မင်းဖေဖေက အသေခံဖို့ ကြိုးစားခဲ့တာ မဟုတ်ဘူး၊ လောကမှာ သူ မလုပ်ချင်ဆုံးကိစ္စက အသေခံဖို့ပဲ၊ သူက မင်းကိုရော မင်းမေမေကိုရော၊ နေ့ကိုပြီး ဆမ်နဲ့ ဂျော့ကလေးကိုရော ထားပစ်ခဲ့ချင်တာ မဟုတ်ဘူး။ ဒါပေမယ့် မလွဲမသွေ လိုအပ်လာမယ်ဆိုရင် မင်းတို့ အားလုံးအတွက် သူ့အသက်ကို စွန့်ဖို့ လုံးဝ ဝန်မလေးဘူး၊ ဟိုဂျပန်လေယာဉ်မှူးတွေ သူတို့နိုင်ငံနဲ့ သူတို့ ဧကရာဇ်အတွက် လိုလို ချင်ချင် အသက်စွန့်ကြသလိုပေါ့။

တွေ့တယ်မဟုတ်လား ဖီလစ်၊ မင်းဖေဖေ သေဆုံးခဲ့တာဟာ မလိုလားအပ်တဲ့ မတော်တဆမှုကြီးပဲ၊ ဒါပေမယ့် သူဟာ သူ့ အလေးအနက်ထားဆုံး အလုပ်တစ်ခုကို လုပ်ရင်း သေဆုံးသွားရတာ၊ သူ့ အလေးအနက်ထားဆုံး အလုပ်က ဘာလဲ သိလား၊ သူ သိပ်ချစ်တဲ့လူတွေ ရှိနေတဲ့ အိမ်ကို ပြန်လာဖို့ ကြိုးစားတာပေါ့၊ မင်းဖေဖေဟာ



စွမ်းသတ္တိရှိတဲ့ လူတစ်ယောက်ပဲ ဖီလစ်၊ ရာသီဥတုဆိုးဝါးနေမှန်း သိရက်နဲ့ လေယာဉ်စီးခဲ့တယ်၊ စွန့်စားခဲ့တယ်၊ ဒီလိုစီးတာဟာ စွန့်စားရာ ရောက်တယ်ဆိုတာ သူသိမှာပေါ့၊ ဒါပေမယ့် အိမ်ကို ချောချော မောမော ပြန်ရောက်ဖို့ အခွင့်အလမ်းလဲ ရှိတယ်လို့ တွက်ခဲ့မှာပေါ့။ လေယာဉ်အများစုမှာ ချောချော မောမော ပြန်ရောက်ခဲ့တယ်လေ၊ ပျက်ကျတာတွေကတော့ အရမ်းကြကွဲစရာကောင်းတယ်၊ ဒါပေမယ့် ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတွေပါ။ ဒါကို မင်းဖေဖေက သိထားတယ်လေ၊ သူက လေယာဉ်တွေကို ကြောက်တတ်တဲ့လူ မဟုတ်ဘူး၊ မင်းကိုလဲ သူ့လိုပဲ မကြောက်တတ်စေချင်မှာ အမှန်ပဲလို့ ငါ ထင်တယ်’

ခုတော့ ကောင်လေး ရှိုက်ငင် ငိုကြွေး နေသည်။ အင်္ကဒ်က ကလေးငယ်ကို ညင်ညင်သာသာ ပွေ့ဖက်ထားသည်။

‘ကျွန်....ကျွန်တော် လေယာဉ်ပျံတွေကိုကြောက်တယ် ဦးလေး အင်္ကဒ်၊ လေယာဉ်ပျံတွေ ပြုတ်ကျပြီး လူတွေကို သတ်ပစ်နေတာ’

‘ဟုတ်တာပေါ့ ဖီလစ်၊ ဒါပေမယ့် တစ်သက်မှာ တစ်ခါတလေပါ၊ လူ တော်တော် များများဟာလဲ လေယာဉ်ပျံ စီး ရမှာ ကြောက်ကြတယ်၊ ဒါပေမယ့် လေယာဉ်စီးနေတုန်း စိတ် လှုပ်ရှား တာနဲ့ လေယာဉ်ကတော့ အဖြစ်ဆိုးတွေ ဖြစ်တော့မှာပဲဆိုတဲ့ အယူအဆမျိုး မဟုတ်ဘူးလေ၊ လေယာဉ်စီးနေတုန်း မင်း ဖေဖေလဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားမှာပဲ၊ ငါလဲ အကြိမ်ပေါင်းများစွာ စိတ်လှုပ်ရှားခဲ့တာပေါ့။

လေယာဉ်ပျံတွေကို ကြည့်လေ၊ သိပ်လှပြီး သိပ်ထက်မြက်တဲ့စက်ကိရိယာကြီးတွေ၊ ဒါပေါ့ ဒါကြီးတွေဟာ နဂါးကြီးတွေ မဟုတ်ဘူး၊ လေယာဉ်တစ်စင်းက မင်းဖေဖေကို သတ်ခဲ့တာ မဟုတ်ဘူး၊ အဲဒီ လေယာဉ်ကို ကြိုကြွပ်ရတဲ့ လူတချို့က အမှားအယွင်းတစ်ခု လုပ်ခဲ့မိလို့ပဲ၊ ဒီလို သမားမျိုးနဲ့ တူတယ်၊ ဒါပေမယ့် လူသားဆိုတာ မှားတက်ကြတာချည်းပဲ မဟုတ်လား၊ ခုချိန်မှာ မင်း ဖေဖေ ဘယ်ဘဝကိုပဲ ရောက်နေနေ ဒီအချက်ကို သူသိတယ်၊ အမှားလုပ်ခဲ့သူတွေကို သူက ခွင့်လွှတ်ထားပြီးသား၊ အဲဒီလိုပဲ မင်းကလဲ ခွင့်လွှတ်ရလိမ့်မယ်၊ မင်းမေမေက ခွင့်လွှတ်ထားပြီ၊ ငါက ခွင့်လွှတ်ထားပြီ၊ မင်းညီလေးတွေ အရွယ်ရောက်လာတဲ့ အခါမှာ သူတို့ကလဲ ခွင့်လွှတ်မှာပဲ၊ ဒါက တကယ်လို့ သူတို့အတွက် မင်းက စံနမူနာ လုပ်ပြရင်ပေါ့။ အယ်လီယာဆန် မိသားစုမှာ မင်းက အကြီးဖြစ်နေပြီ ကိုယ့်လူ၊ ဒီတာဝန်ကိုယူဖို့ မင်းဟာ ငယ်လွန်းသေးတယ်၊ ဒါပေမယ့် မင်း ဖေဖေက ဒီတာဝန်ကို ယူဖို့ မင်းကို ပုံအပ်သွားပြီလေ၊ ကဲ.... ဘယ်လိုလဲ၊ မင်းကော မင်း ဖေဖေလို ရဲစွမ်းသတ္တိ ရှိနိုင်ပါ့မလား'

ငိုရှိုက်သံတွေ တိုးတိတ်သွားသည်။ မီမီ ပြောခဲ့သည့်စကားတွေကို ဘယ် အတိုင်းအတာအထိ ဖီလစ် နားလည်



ည်ကို အက်ဒ်မပြောတတ်။ သို့ပေမယ့် သူစိတ်သက်သာရာရသွားသည်။ သူ့ စကားတွေ တစ်စုံတစ်ရာ အတိုင်းအတာအထိ ကောင်လေး ခေါင်းထဲ ဝင်သွားပြီကို ရိပ်စားမိသည်။ နေ့စက်ကြုံသည့်အခါတွင်လည်း သည်လိုပဲပြောဦးမည်။ ရှယ် ပြောခဲ့တာ မှန်သည်။ ဖီလစ်လို အသက်ငယ်ငယ်ကလေးတစ်ယောက်အတွက် လေယာဉ်ပျံတွေလို ထူးဆန်းသော အကြောင်းအရာများ၊ ယောကျ်ားတွေ၏ သူရဲကောင်းဆန်မှုများကို ရှင်းလင်းပြောပြဖို့ ယောကျ်ားအဖော်တစ်ယောက် လိုအပ်နေသည် မဟုတ်လား။ သူ့အဆောင်လေးကို ပွေ့ဖက်ပြီး သူ့ မေးခွန်းကို ထပ်မေးသည်။

'ဖြစ်နိုင်မလား ဖီလစ်၊ မင်း ဖေဖေလို ရဲစွမ်းသတ္တိရှိပြီး စိတ်ခံတတ်ကြံ့ခိုင်တဲ့ ယောကျ်ားကြီး တစ်ယောက်မင်း ဖြစ်လာနိုင်ပါ့မလား'

'ကျွန်တော် ကြိုးစားမယ်.... ဦးလေး အက်ဒ်'

'သိတယ်လေ၊ ငါ သိတယ်၊ မင်း မေမေလဲ သိနေတာပဲ၊ အကောင်းဆုံးကတော့ မင်းဖေဖေကို အရှိအတိုင်း မှတ်မိနေဖို့ပဲ၊ ဒီလူက ခေတဲ့လူ မဟုတ်ဘူး ကွ၊ မင်းလဲ မခေပါဘူးကွာ'

အက်ဒ်၏ လက်ကိုင်ပဝါဖြင့် ဖီလစ်က မျက်ရည်သုတ်သည်။ ဦးလေးအက်ဒ် ပြောသွားတာတွေ သူ လုံးဝ ပတ်စေ နားမလည်။ သို့ပေမယ့် တစ်နည်းတစ်ဖုံအားဖြင့် သူ့ ရင်ထဲမှာ ပေါ့သွားသည်။ ဒီလို ရင်ပေါ့သွားအောင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ လုပ်မပေးနိုင်ခဲ့။ အကယ်၍ ဖေဖေသည် မိမိတို့ ရှိရာအိမ်သို့ ပြန်လာဖို့ ကြိုးစားရင်း သေဆုံးသွားသည် ဆိုလျှင် မိမိတို့ကို သူ တကယ် ချစ်သည် ဆိုသည့် အဓိပ္ပာယ် ပေါ့။ မိမိ ထင်ထားသလို မိမိတို့ သားအမိ တစ်တွေကို စွန့်ပစ်သွားခြင်းမဟုတ်ဘူး ပေါ့။

သို့တိုင်....

လေယာဉ်ပျံတွေကိုတော့ ကြောက်နေသေးသည်။ မိမိ၏ ကြောက်စိတ်ကို ဦးလေးအက်ဒ်ပင်လျှင် ပြောင်းပစ်လို့ မရနိုင်ပါချေ။

'ကဲ- တို့ချာ့ ခါမီခါဇေ ဝါးကြမလား'

'နေပါစေ... ဦးလေးအက်ဒ်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အိမ်ပြန်ချင်ပြီ'

* * *

နောက်တစ်နေ့ညနေဘက် ညစာ အတူစားကြတော့ အက်ဒ်က သူ့ အတွေ့အကြုံကို ရှင်းအား ပြန်ပြောပြသည်။



'ကျွန်တော် မှန်မှန်ကန်ကန် နားလည်နိုင်လိုက်တယ် ထင်တာပဲ၊ လေယာဉ်ပျံတွေကိုသူ ကြောက်နေတဲ့ ကိစ္စတော့ မအောင်မြင်ဘူး ဗျ၊ ဒါပေမယ့် ဂျော့အကြောင်း သူ ထင်ထားတာတွေတော့ ပြောင်းလဲသွားအောင် လုပ်လိုက်နိုင်တယ် ထင်တာပဲ'

'ရှင် အောင်မြင်ပါတယ်'

အဖြစ်ဆိုးကြုံရသော ခရစ္စမတ်အကြိုညမှ စ၍ ယခု အချိန်အထိ ရှင်း ပြုံးသည်ကို ပထမဦးဆုံးအကြိမ် တွေ့လိုက်ရသည်။

'မနေ့ညက သူ ကျွန်မကို ပြောပြနေတယ်၊ သူ့ အဖေဟာ အရမ်း ရဲစွမ်းသတ္တိရှိတဲ့ သူ တဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ လေယာဉ်ပျက်ကျတဲ့ညက သူ့ ဖေဖေဟာ ကျွန်မတို့ရှိရာ အိမ်ကို ပြန်လာဖို့ကြိုးစားခဲ့တာမို့ လို့ပဲ တဲ့၊ သူ့ ဖေဖေဟာ သူ့ကို အရမ်းချစ်ပြီး သူ့ကို စွန့်ပစ်သွားတာမဟုတ်ဘူးဆိုတာ သူ သဘောပေါက် နားလည်လာပြီလေ။

ကျွန်မ ကလေးသူငယ် သတ္တဗေဒနဲ့ ပတ်သက်တဲ့ စာအုပ်တွေ တော်တော်များများ ဖတ်ဖူးတယ်၊ အဲဒီထဲမှာ ဖော်ပြထားတာက မိဘတွေ သေဆုံးသွားတဲ့အခါ ကလေးတွေရဲ့ စိတ်ထဲမှာ မိဘတွေက သူတို့ကို စွန့်ပစ်သွားကြတယ်လို့ ထင်တတ်ကြတယ် တဲ့၊ ဒီလိုဖြစ်တာကို သူတို့ မကျေနပ်ကြဘူးလေ၊ ခု ဖိလစ် ရင်ဆိုင်နေရတဲ့ ဒီပြဿနာတစ်စိတ်တစ်ပိုင်း ပြေလည်သွားအောင် ရှင်က ကူညီဖြေရှင်းပေးလိုက်ပြီ၊ ဒါဟာ နည်းတဲ့စွမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ချက်မဟုတ်ဘူး၊ ရှင့်ကို ကျွန်မ ဘယ်လိုကျေးဇူးတင်ရ မှန်းမသိပါဘူး.... အက်ဒ်၊ ရှင်ဟာ ကလေးတွေနဲ့ တော တော်အဆင်ပြေတာပဲ နော်'

'ကျွန်တော်ကိုယ်တိုင် ဒီဘဝမျိုး ကြုံခဲ့ရတာ ကိုး ကျွန်တော့်အဖေ သေတုန်းကဆို ကျွန်တော်ဟာ ဖိလ ထက် အများကြီး ကြီးတာပေါ့၊ ဒါပေမယ့် ကျွန်တော် မှတ်မိနေတယ်လေ၊ ကျွန်တော့်ကို စွန့်ခွာသွားတဲ့အတွက် သူ့ကို မုန်းမိမတတ်ဖြစ်သွားခဲ့တာ၊ ဧမမေဟာ တကယ် တော်ခဲ့တာ၊ ခုလဲ တော်နေတာပါပဲ၊ ဒါပေမယ့် ဘဝက ကသောင်းကနင်းဖြစ်သွားခဲ့ပြီလေ၊ ခင်ဗျားကလေးတွေ ဒီအဖြစ်မျိုးနဲ့ကြုံရမှာ ကျွန်တော် မမြင်ချင်ဘူး.... ရှင်း ဒီအကြောင်း ပြောရတာ သိပ်တော့ စောလွန်းပါသေး တယ်၊ ဒါပေမယ့် သိပ်မကြာခင်အတွင်း ခင်ဗျားတို့ အိမ်ထောင်ဆစ် ထူထောင်လိမ့်မယ်လို့ ကျွန်တော် မျှော် လင့်တယ်၊ ကလေးတွေအတွက် ဖအေတစ်ယောက်တော့ လိုအင်တယ် မဟုတ်လား'

'ကျွန်မ သိပါတယ်၊ ခုချိန်မှာတော့ ကျွန်မ ဒီအကြောင်း ခေါင်းထဲတောင် မထည့်နိုင်ဘူး၊ ဒါပေမယ့် တစ်နေ့နေ့ မှာတော့ ထူထောင်မှာပါ၊ ကျွန်မ ဘဝမှာ အလိုလား အတောင့်တဆုံးအရာက ပျော်ရွှင်ချမ်းမြေ့တဲ့အိမ်ထောင် ရေးတစ်ခုပါပဲ'

သူ့မျက်နှာ သွင်ပြင်မှာ အတိုက်အခံလကို သတိ ထမ်းထား နေပုံရ၏။



'ဘက်ဗာလီနဲ့ ကျွန်မဆို ငယ်ငယ်က အဲဒီအကြောင်း ဆွေးနွေးခဲ့ကြဖူးတာပေါ့၊ ဘဝကို မြင်ပုံမြင်နည်းချင်း ကျတော့ သူနဲ့ကျွန်မနဲ့ တစ်စက်ကလေးမှ မတူဘူး။ ဒါပေ မယ့် ကျွန်မတို့လို မိန်းကလေးတွေ အနေနဲ့ သာယာချမ်း မြေ့တဲ့ အိမ်ထောင်ရေး ဆိုတာ လိုအပ်ကြောင်းတော့ ကျွန်မတို့ နှစ်ယောက်စလုံး သဘောတူကြတယ်။ ဘက် ဗာလီဟာ ရှင့်ကို ရထားတဲ့ အတွက် ကျွန်မ အရမ်းဝမ်း သာရပါတယ် အက်ဒ်၊ သူဟာ ရှင့်ရဲ့ ထောက်ပံ့မှု၊ ရှင့်ရဲ့ ကြင်နာမှုနဲ့ ရှင့်ရဲ့အချစ်ကို လိုအပ်ပါတယ်၊ တကယ်တော့ ရှင်တို့နှစ်ယောက်စလုံး အရမ်းကံကောင်းပါတယ်လေ'

အက်ဒ် ဘာမှပြန်မပြော၊ ဩော်.... သူတို့နှစ်ယောက် ဟာ တော်တော်ကြီးကို အသွင်မတူကြပါကလား။ ငယ်သူငယ်ချင်း နှစ်ယောက် တစ်မြို့တည်းနေ တစ်ရေ တည်းသောက်ပြီး ပတ်ဝန်းကျင် တစ်မျိုးထဲမှာ ကြီးပြင်း ခဲ့ကြသူတွေ၊ သို့ပေမယ့် ဘဝဦးတည်ချက်ချင်း ကတော့ တစ်ခြားစီ အဘယ်၍ ဂျော့သည် မချမ်းသာ၊ မအောင် မြင်လဲ ရှိသီကတော့ ချစ်နေမည်သာ ဖြစ်သည်ဟု အက်ဒ် ထင်မိ၏။ သို့ပေမယ့် ချမ်းသာခြင်း၊ အောင်မြင်ခြင်းဆို တာတွေက ဘက်ဗာလီ အတွက်ကျတော့ သိပ်အရေးကြီး နေ မြန်ပြီ၊ ဘက်ဗာလီ ထိုသို့ ရပ်တည် သဘောထား ခြင်း အတွက် သူ့ဇနီးသည်ကို သူအပြစ်မဆိုပါ။ ရှိသီအား ဇနီးတော်ခြင်း၊ မိခင်ကောင်း ဘဝကို ရှင်းရှင်း ကလေး ခံယူချင်သလို ဘက်ဗာလီကလည်း ချမ်းသာအောင် အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်သော အမျိုးသမီး တစ်ယောက် ဖြစ်ချင် သည်မှာ သဘာဝ ကျပါသည်။

အမျိုးသမီး နှစ်ယောက်စလုံး၏ တူညီသော သဘော တရား တစ်ရပ်ကို အက်ဒ် ရုတ်ချည်း သိမြင်လိုက်၏၊ အဆိုပါ ဆန္ဒတရား ကတော့ မိမိတို့၏ လင်ယောကျ်ားများ အတွက် ဂုဏ်ယူ ဝင့်ကြွားချင်ကြခြင်း ဖြစ်၏။

အဆိုပါ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ မိမိကော မိမိကတော့ ဆန္ဒတစ်ခု ဖြည့်ဆည်း နိုင်ပါဦးမည်လား၊ အက်ဒ် အခိုင်အမာ မပြော နိုင်ပါချေ။

* * *

သူ့ အတွက် ပထမဦးဆုံး မျှော်လင့်ချက် ရောင်ခြည် သည် နေ့ကိရက်သတ္တပတ် နှစ်ပတ်အကြာ သူ့ အထက် လူကြီးနှင့် စကားပြောရာမှ ပေါ်ပေါက်ခဲ့လေသည်။

ညနေ သုံးနာရီ၌ သူ့ ရုံးခန်းတွင် လာတွေ့ဖို့ အက်ဒ် အား အထက်လူကြီးဖြစ်သူ ဂျိုတေလာက အမှာစကား ပါးသည်။ ဂျိုတေလာ၏ ရုံးခန်းဆီသို့ သွားတော့ အက်ဒ်



တုန့်ကယင် ဖြစ်နေသည် ဘုရားသိကြားမလို့ သူ့ငါ့ကို လုပ်မဖြုတ်ပါစေနဲ့၊ ငါအလုပ်ကို အားသွန် ခွန်စိုက် ပ်နေခဲ့တာပဲ၊ လွန်ခဲ့တဲ့အပတ်က ဆို လုလုပပကြီး စာရင်း ပ်နိုင်ခဲ့တာပဲ၊ အိုချိုင်ယာရဲ့ အာမခံကိစ္စ မအောင်မြင် တော့ ငါ့ ချွတ်ယွင်းချက် မဟုတ် သည့်ကိစ္စကြောင့် တော့ ဂျိုတေလာ ငါ့ကို အလုပ်၊ မဖြုတ်တန်ကောင်း ဘူး၊ သေတော့မှာပဲ ကော်မရှင် တစ်ထောင်လောက် ယ့် ကိစ္စကို ဘယ်သူက လက်လွှတ်ခံချင်ပါ့မလဲ။

သို့သော် သူ့ အား ဂျို ခေါ်ရသည့် အကြောင်းရင်းက မျိုးဖြစ်နေသည် သူ့ ကိုအား ခေါ်တွေ့ခြင်းမှာ နယူး ကြော်ငြာလုပ်ငန်းကြီး ဖွင့်ခဲ့တွင် သူ့ လက်ထောက် ၁၂ ဖြစ် အပ်ဖို့ စဉ်းစားထားကြောင်း သတင်းကောင်းပါးဖို့ ဖြစ်နေ၏။

အဆိုပါ ရာထူးကို အက်ဒ်ရဖို့ အလားအလာရှိ ကြောင်း ပြောပြလိုက်တော့ အက်ဒ်၏ မျက်နှာ မှာ ဝင်ယာလန်သိန်းထီကြီး ပေါက်သလို ဖြစ်သွားကြောင်း တွေ့ရ၏။

'ဟာ တယ်ဟုတ်ပါလား ဂျို၊ ကျွန်တော်က စဉ်းစား ရတဲ့အထဲမှာတောင်ပါမယ်မထင်ခဲ့ဘူး၊ ဆိုလိုတာက ရှေ့ တစ်ခြားလူတွေက ကျွန်တော့ထက် လုပ်သက် ရင့်ကြ သယ် မဟုတ်လား၊ ချုပ်ဝမ်ပို့ရဲ့ ရာထူးကို သူ့ထဲက တစ်ယောက်ယောက် ရမှာပဲလို့ တွက်ထားတာ ခင်ဗျ'

www.burmeseclassic.com



'ဟုတ်တယ် သူတို့လဲ ဒီအတိုင်းတွက်ထားကြမှာပဲ ဒါပေမယ့် အဓိက ထောက်ခံချက်က ကျုပ်အပေါ်မှာ မူတည်တာပါ၊ အဲ... နောက်ဆုံး အဆုံးအဖြတ်ကတော့ ရုံးချုပ်က ဆုံးဖြတ်မှာပေါ့လေ၊ ရုံးချုပ်က လူကြီးတွေ ကျုပ်ရဲ့ ဆုံးဖြတချက်ကို သိပ်ပစ်ပစ်ခါ ခါကြီးတော့ ပယ် ချမှာ မဟုတ်ပါဘူး၊ ကျုပ်က နှစ်ပေါင်းသုံးဆယ်လုံးလုံး သူတို့ကို အကောင်းဆုံး အလုပ်အကျွေး ပြုခဲ့တဲ့ လူပဲ ဒီရာထူးကို ထိုက်တန်တဲ့ လူဟာ ခင်ဗျားပဲလို့ ကျုပ် ပြောတာကို သူတို့ သဘောမတူဘူးဆိုရင် ကျုပ်တော့ အံ့အားသင့်လို့ ဆုံးမှာ မဟုတ်တော့ဘူး'

အင်ဒီ ကြိုးစားပြီး ရိုရိုကျိုးကျိုး နေထိုင်ပြုမူလိုက်၏ ကျေးဇူးတင် စကားလည်း ဆိုမိ၏၊

ဂျီတေလာက အက်ဒီအား အလုပ် ကြိုးစား လုပ်ငန်း လုပ်ရာတွင် မခန်သွင်းထားဖို့ အကြောင်းတွေ မိန့်ခွန်းချွေ၏ ဖြစ်နိုင်လျှင် ဘက်ဗာလီကုန်တိုက်မှာ အာ မခံ မျှားရအောင် စည်းရုံးဖို့ လမ်းညွှန်၏။

'ဒါအားလေ ဒါတာလဲ ကျုပ်စိတ်ကူးကို ပြောတာပ ဒီကိစ္စတွေ ဖြစ်ဖြစ်မဖြစ်ဖြစ် ကျုပ်လျာထားတဲ့ လူက တော့ ခင်ဗျားပါပဲ ကျုပ်ကရွေးထားပြီ ဆိုတဲ့နောက် ဒီရာထူးကို ခင်ဗျားရဖို့ ကိုးဆယ့်ငါးရာခိုင်နှုန်း သေချာ နေပါပြီ'

'ကိုးဆယ့်ငါး ရာခိုင်နှုန်း၊ ဟုတ်လား'



'ကျန်တဲ့ ငါး ရာခိုင်နှုန်းကတော့ တီးတိုးသတင်း တစ်ခုအတွက် ချန်ထားတာပါ၊ ဒုတိယ ဥက္ကဋ္ဌတွေထဲက တစ်ယောက်က ဒီရာထူးမှာ သူ့တူတစ်ယောက် ရဖို့ အသည်းအသန် ကြိုးစားနေတယ်လို့ ကြားရတယ်၊ ပါပေမယ့် အဲဒီချာတိတ်က ခင်ဗျားနဲ့ မယှဉ်နိုင်ပါဘူး၊ အားလေ၊ ဒီကိစ္စတွေ တရားဝင် ဖြစ်မလာသေးသရွေ့ ပြောလို့ မကောင်းပါဘူး၊ ကဲ... ဒီတော့ ကိစ္စဝိစ္စတွေ ရားဝင် ဆုံးဖြတ်ပြီးတဲ့အခါကျ ခင်ဗျားကို ကျုပ် အသိ ပေးမယ်လေ'

ဂျီတေလာ၏ ရုံးခန်းမှ ပြန်ထွက်လာပြီး ညှော်ကြို အရေးမ၏ စားပွဲရှေ့တွင် ရပ်သည်၊ မိမိမှာ ချိန်းဆို ထားသည့် ကိစ္စနှစ်ခု ရှိနေသဖြင့် စောစော ရုံးဆင်းမည် ဖြစ်ကြောင်း၊ ညနေအဖို့ မိမိ ပြန်လာတော့မည်မဟုတ် ကြောင်း အသိပေးခဲ့၏၊

စင်စစ် သူ့မှာ ချိန်းဆိုထားတာ ဘာမှမရှိ၊ သူကာ မ်သို့သာ အသော့ပြန်ပြေးခဲ့၏၊ ပြီးတော့ ပါရီသို့ ယ်လီဖုန်းဆက်ဖို့ အော်ပရေတာ့ထံ နံပါတ် ပေးထား က်၏။

အချိန်မှာ နယူးယောက်စံတော်ချိန် မွန်းလွဲ နှစ်နာရီ၊ ဘက်ဗာလီ ခရီးထွက်သွားတာ နှစ်ပတ်နှင့် နှစ်ရက် ရှိ

* *

www.burmeseclassic.com



ဘက်ဗစလီက မိမိအည် ‘လူသား တစ်ယောက်လ
ခံစားနိုင်ရေး’ အတွက် တစ်ညကို ရှစ်နာရီ မအိပ်ရလျှ
မဖြစ်ဟု တစ်သက်လုံး ကြေးကြော်ခဲ့သူ ဖြစ်၏။ သို့သော
အနားယူ အပန်းဖြေချိန် နည်းခြင်းကို ကုစားနိုင်သည
ဆေးစွမ်းကောင်းတစ်လက်မှာ တက်ကြွ ပျော်ရွှင်မှုဖြ
ကြောင်း အမေရိကန်လုံးလုံး လှုပ်ရှားသွားလာနေခြင်းဖြ
ဘက်ဗစလီ သက်သေထူနေ၏။

သူနှင့် ဆီလ်ဗီယာသည် နေ့စဉ် နံနက် ကိုးနာရီတွ
ဟိုတယ်မှ ထွက်၏။ ည ခုနစ်နာရီတွင် ဟိုတယ်သို့ ပြ
ရောက်ပြီး တစ်နေ့တာ အလုပ်များ၏ ပြန်လည် သုံးသ
ကြသည်။ နောက်နေ့ ပြပွဲများအကြောင်း ဆွေးနွေးက
သည်။ ထို့နောက် ဘက်ဗစလီ ရေချိုး၊ အဝတ်အစာ
လဲပြီး၊ ည ကိုးနာရီ အာသာ လာခေါ်တော့ လိုက်သွ
သည်။ နောက်တစ်နေ့ နံနက် သုံးနာရီ၊ လေးနာရီသည
ဟိုတယ်သို့ အစောဆုံး ပြန်ရောက်သည့်အချိန်၊ သူက
ထိုအချိန်ဇယားအတိုင်း နေ့စဉ် ပုံမှန် လည်ပတ်နေ၏
သို့သော် သူ ပျော်ရွှင်ကြည်နူးနေ၏။ တက်ကြွလန်းဆ
နေ၏။

ဖက်ရှင်ပြပွဲခတွ ဆိုက်ကြည့်ပြီး ဈေး ဝယ် ရသည
အလုပ်မှာ ဆီလ်ဗီယာ ကြိုတင် သတိပေးထား၊သည
အတိုင်း အလွန်မတန် ပင်ပန်း၏။ နေ့စဉ်နေ့တိုင်း ပြ
နှစ်ခု ပုံမှန်ရှိ၏။ တစ်ခါတစ်ရံ သုံးခုရှိ၏။ ပြပွဲတစ်ပွဲ
အနည်းဆုံး နှစ်နာရီလောက် ကြည့်ရသည်။ ငါးသော



ထဲမှ ငါးတွေလို လူတွေ ကျပ်ညှပ်နေသည့် ပြပွဲခန်းကြီး
တွေထဲတွင် ထိုင်ကာ ကိုယ်ဟန်ပြမယ်များ ဝတ်စား
ဆင်ယင်ပြသည့် အဝတ်အစားများကို ကြည့်ရသည်။
လေ့လာရသည်။ မိမိတို့ ကုန်တိုက်မှာတင်လျှင် လူကြိုက်
များ၍ အရောင်းသွက်နိုင်သည့် အဝတ်အစား ပုံစံသစ်
များကို ရွေးရသည်၊ ထောက်ရသည်။ နောက်ပြီး မိမိတို့
ရွေးထားသည့် အဝတ်အစားများကို အော်ဒါမှာဖို့
သက်ဆိုင်ရာများနှင့် စကားပြောရသည်။

ပြပွဲ တစ်ပွဲနှင့်တစ်ပွဲ ကူးချိန်တွင် အဝတ်အထည်
ထုတ်လုပ်သူများ အရောင်းပြခန်း ပိုင်ရှင်များ မဂ္ဂဇင်း
အယ်ဒီတာ များ နှင့် အတူ နေ့လည်စာ စားကြသည်။
ဦးထုပ်ပုံဆန်း ထုတ်သူများ ဖိနပ်ပုံဆန်း ထုတ်သူနှင့်
သွားရောက် တွေ့ဆုံရသည်။ လက်ဝတ်ရတနာ အသစ်
အဆန်းများ လက်ကိုင်အိတ် အသစ်အဆန်းနှင့် အခြား
ဖက်ရှင် အသုံးအဆောင် ပစ္စည်းတွေ ဝယ်ကြသည်။

ဟိုတယ်သို့ ပြန်ရောက်ချိန်တွင် သူတို့ မျက်လုံးတွေ
ဝေဝါးနေပြီ။ တစ်နေ့တာ အတွင်း ရာပေါင်းများစွာ
သော ပစ္စည်းများကို ကြည့်ရှု စစ်ဆေး ဆန်းစစ်ခဲ့ရသဖြင့်
သူကော စိတ်ပါ နုံးချိနေပြီ။ ထိုသို့ ဖြစ်ရသည်မှာ တစ်ည
မဟုတ်၊ နှစ်ည မဟုတ်၊ ညစဉ်ညတိုင်း၊ ဘက်ဗစလီက
သမကာများ ဖိုပေးဖို့ မှာကြားနေစဉ် ဆီလ်ဗီယာက
သည့်ခန်းကျဉ်းကလေးထဲတွင် ဖိနပ်ချွတ်မပြီး ကုလား
ထိုင် တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလေ့ရှိ၏။

www.burmeseclassic.com



ပြီးတော့ သူတို့၏ အနက်ရောင် မှတ်စုစာအုပ် လူထူ
နှစ်အုပ်ကို ငိုင်ငေးကြည့်နေတော့၏။

'မမ ကြိုးပြီး သတိပေးခဲ့အယ်မဟုတ်လား၊ တိုရစ္ဆာ
ညွှန်းပန်းနှီပိတ်မှု တားကွယ်ရေးအဖွဲ့က ဗတို ပန်း
ထဲမှာ လှည့်ဆွဲနေရတဲ့ မြင်းတစ်ကောင်ကို တွေ့
သည်ခံမှာ မဟုတ်ပေမယ့်လဲ မမတို့ ဒီလို ညှင်း
နှိပ်စက်ခံနေရတာကို တွေ့လိုတော့ ဝင်ပြီး ကန့်ကွ
တားဆီးဖော်ရှာမှာ မဟုတ်ဘူး'

ဘက်ဗာလီ ရယ်မောလိုက်၏။

'ကုန်တိုက်မှာ ကျန်နေခဲ့တဲ့ လူအများစုက ကျွန်မ
စားရိတ်ငြိမ်း အပန်းဖြေ ခရီးထွက်ခွင့် ရနေတယ်
ထင်နေကြတာ မမရဲ့ သူတို့အားလုံး မနာလိုတို့
မျက်နှာတွေနဲ့ ဖြစ်နေကြတာ'

'မမကတော့ မနာလိုတိုရည် ဖြစ်ရတဲ့ဘက်ကပဲ
ချင်တယ်၊ ချစ်သူ ခင်သူတွေနဲ့ နီးနီးနားနားမှာလေ'

ဘက်ဗာလီက ဆီလ်ဗီယာ စကားကို မကြားတစ်
ကြားတစ်ဝက်၊ သူက ပုံမှန်ဆက်လာမည့် အာသာ
ဓာယ်လီဖုန်းသံကို နားစွင့်နေမိသည်။

'မင်းလဲ မဟာအာသာပါပါနဲ့ အပြင် ထွက်
တော်တော်လေး များနေပြီနော်'

ဆီလ်ဗီယာ တောက်ကနေင်ကာ ပြော၏။

'အမေရိကန် အုပ်စု ဇင်စုလုံးက ပြောဆိုနေကြ
အပျော်အပါး နေ့က လိုက်တာက တစ်ကာလွှ



ဒါပေမယ့် တစ်ညလုံး သုံးနာရီလောက်ပဲ အိပ်ဘဲ့ အကျင့်
မျိုးနဲ့ ကြာရှည်ဆက်နေရင်တော့ မင်း သေသွားလိမ့်မယ်၊
အိပ်ရာထဲဝင်ရုံသက်သက်နဲ့ အိပ်တာနဲ့ တူတာ မဟုတ်ဘူး
နော် ကလေးမ'

ဘက်ဗာလီ သူ့ကို အံ့အားတသင့် ကြည့်လိုက်၏။

'ကျွန်မ အာသာနဲ့အတူ အိပ်နေတာ မဟုတ်ပါဘူး
မမ သူက ကျွန်မကို ဘယ်သူမှ စိတ်ကူးလို့မရတဲ့ပျော်စရာ
အချိန်တွေကို လိုက်ပြပေးနေရုံ သက်သက်ပါ'

'အို... လုပ်မနေစမ်းပါနဲ့ ဘက်ဗာလီ'

ဆီလ်ဗီယာ အခန်းကို လှည့်ပတ်ကြည့်၏၊ အခန်းထဲ
မှာ အာသာ နေ့စဉ်ပို့ပေးသည့် ပန်းတွေဖြင့် ပြည့်နေ၏။
အဆင်စုံ၊ အသွေးစုံ၊ ရနံ့ စုံ၊

'တို့အခန်းက ဘာနဲ့ တူနေသလဲဆိုတော့ အဆင့်
အတန်း မြင့်မြင့် ဖွင့်ထားတဲ့ ဆောင်ကြာမြိုင်နဲ့ တူနေ
တယ်၊ ဒါမှမဟုတ် မြေအောက် ဂူဏ်းခေါင်းဆောင်
တစ်ယောက်ရဲ့အသုဘနဲ့ တူနေတယ်၊ ဒါမှမဟုတ် အလှ
အပ ပစ္စည်းလေးတွေနဲ့ အထူး ဂရုစိုက်ဖော် ရတဲ့ အဘွက်
ကျေးဇူးအောင် ဝမ်းမြောက်တာကို ဖော်ပြတဲ့ အခန်းလို
ဖြစ်နေတယ်'

ဆီလ်ဗီယာ ပြောပုံက ငေါ့တော့တော့နိုးပါ၊ သည်
မိန်းမကြီးမှနာလိုစိတ်တွေဝင်နေပြီ ဟုဘက်ဗာလီစဉ်းစား
၏။ သေခ်ခိုပွဲမှာ အာသာ မျက်စိကျသွားတာ သူဖြစ်ချေ
ချင်တယ်နဲ့တူပါရဲ့၊ ယောကျ်ားတစ်ယောက်က သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်တဲ့ ငါ့ကိုကြိုက်နေတာကို သူ ဒေါ်ပွနေပုံရတယ်။ သူသာဆို အာသာနဲ့ အတူအိပ်နေတာ ကြာလှရော့မယ်။

မိမိ၏ ရိုင်းပင်းမှုကောင်းသောအတွေးကြောင့် ဘက်ဗာလီ ချက်ချင်း ရှက်သွားသည်။ ဆီလ်ဗီယာလို မိန်းမမျိုးက မနာလိုစိတ်ဝင်သည်ဟု တွေးမိတာကိုက မဖွယ်မရာ။

'အထူး ဂရုစိုက်ရွေးချယ်ပြီး လက်ဆောင်ပဏ္ဏာ ပေးနေတာမျိုးလဲ မရှိပါဘူး မမရယ်၊ တကယ်လို့ အဲဒီလိုရှိနေရင်ကော ဒါဟာ ရာဇဝတ်မှုကြီးလား'

'အာသာပါပါလို လူစားမျိုးနဲ့ ဆိုရင်တော့ ဒါဟာ ရာဇဝတ်မှုကြီးပဲ၊ သူဟာ ဘယ်လောက် အပုပ်နံ့ ထွက်နေတယ်မှတ်လဲ၊ ဒီလူဟာ မ ကျမ်းခကျပြီး အိမ်ထောင်ပြုဖို့ကို သိပ်ဝါသနာပါတဲ့လူ၊ အဲ... သူ ထိပ်တန်းရောက်အောင် ဘယ်လို တက်လာပြီး ဘယ်လို ထိန်းထားလဲဆိုတာတော့ မမလဲ သိပ်မသိဘူး'

ဘက်ဗာလီ စိတ်ပေါ့ပါးစွာရယ်မောလိုက်၏။ ခြောက်— ဒီ အဘွားကြီး မနာလိုစိတ် ပွားနေတာ မဟုတ်ပါလား။ သည် ကိစ္စကို မိမိက အလေးအနက် ထားလွန်းနေသဖြင့် စိတ် အနှောင့်အယှက် ဖြစ်နေခြင်းသက်သက် ပါကလား။ ရုံဖန်ရံခါ အပြင် ထွက်လည်တာ လောက်တော့ ဆီလ်ဗီယာ စိတ် အနှောင့်အယှက် ဖြစ်မည် မထင်။ သို့ပေမယ့် အမျိုးသမီး ပြောစရာ ဖြစ်လာလောက်အောင် တတွဲတွဲ လုပ်နေတာကျတော့ လွန်သွားပြီ ထင်သည်။



'စိတ်မပူပါနဲ့ မမရယ်၊ ခုဟာက ပါရီကို ပထမဦးဆုံးအကြိမ် ရောက်ဖူးတဲ့ရောဂါလက္ခဏာဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မ မရောက်ဖူး မကြုံဖူး တဲ့ ကမ္ဘာကို ရောက်နေတာကိုး၊ ဒီ ကမ္ဘာသစ်ကို ကြည့်ရှုလေ့လာတဲ့ နေရာမှာ ကျွန်မ ကိုယ်ရေးကိုယ်တာတွေ ရောထွေးကုန် အောင်မလုပ်ပါဘူး၊ ကျွန်မတို့ အမေရိကကို ပြန်ရောက်ပြီဆိုတာနဲ့ ကျွန်မ ဘဝထဲမှာ အာသာ မရှိတော့ဘူးဆိုတာ ကျွန်မ သိထားပါတယ်'

'အေးပါ၊ မမကို ချီပြောပါ၊ မင်းတို့နှစ်ယောက် ခရီးသွားဟန်လွှဲ ပါရီမှာ တွေ့ပြီး နှစ်ပတ်ကြာ စိတ်ကူးယဉ်ခဲ့ကြတယ်ဆိုတဲ့အဆင့်ထက် ကျော်စေချင်တဲ့ စိတ်ကူးမျိုး အာသာ့ ခေါင်းထဲဝင်နေပြီ... ဘက်ဗလီ၊ အဲဒါကို မင်းကလဲ သိနေတယ်မဟုတ်လား'

'ဟုတ်တယ် မမရဲ့၊ သူက ကျွန်မတို့နဲ့ အတူ လန်ဒန်ကို လိုက်မလာတဲ့လေ၊ နေ့လက်ပြီး အိမ်ပြန်ခရီးအတွက် 'ကွင်း အဲလိဇဘက်' နဲ့ ပြန်ဖို့ လက်မှတ် ကြိုဝယ်ထား လိုက်ပြီ လေ'

'ဒီတော့ မင်းက ဘယ်အခန်းက လိုက်မှာလဲ၊ သူ့ အခန်းကြီးနဲ့လား၊ တို့ အခန်းစုတ်ကလေးနဲ့လား'

'အို... တော်စမ်းပါ မမရယ်၊ ကျွန်မဟာ ပျော်စေ ပျက်စေလောက် ထတော့ထားတာပါ'

'အမယ်... မင်းကလား၊ မင်းက ခုတွေ့ဖူးမှအစား မျိုးမှ မဟုတ်တာ၊ မမကလဲ ခုတွေ့ ခုမှ လုပ်တတ်တဲ့

www.burmeseclassic.com



မိန်းကလေးမျိုးတွေကို အလုပ်ရှုပ်ခံပြီးလိုက်ထိန်းကျောင်းမနေတတ်ပါဘူး။ ဒါပေမယ့် မင်းကတော့ တိတ်တိတ်ပုန်း ဇာတ်လမ်းတစ်ခုကို လိမ်လိမ်မာမာ ကိုင်တွယ်ဖြေရှင်းတတ်ဦးမှာမဟုတ်ဘူး။ ခက်တာက အဲဒီလို တိတ်တိတ်ပုန်း ဇာတ်လမ်းတစ်ခု ဖြစ်လာဖို့ အချိန်တန်နေတဲ့ သူတစ်ယောက်ကို ပြောပါဆိုရင်လဲ မင်းပဲ ဖြစ်နေတယ်'

ဘက်ဗာလီ ရှက်သွေးဖြာသွားသည်။

'အဲဒီလောက်တောင်ပဲ သိသာနေလား.... မမရယ်'

'သိသာနေတာက ကြာလှပြီ။ ယုတ်စွအဆုံး မင်း အိမ်ထောင်မရေးမှာ ကလီဗာအောက် ဖြစ်နေတယ် ဆိုတာ လောက်တော့ မမ ရိပ်မိတယ်။ မှန်ထဲမှာ အရိပ်ထင်နေသလိုပေါ့ကွယ်။ ဒီခရီးကို မမနဲ့လိုက်ဖို့ ကမ်းလှမ်းတာဟာ မင်းရဲ့ လုပ်ရည်ကိုင်ရည်ကို အသိအမှတ်ပြုတာထက် မင်း အကြောင်း သိနေလို့ပဲ။ မင်း ခဏတာ မျက်စိအောက်နဲ့ ခွဲနေဖို့ လိုအပ်နေသလားလို့ ဟုတ်တယ်မဟုတ်လား။ သူနဲ့ ဆက်ပြီး ပေါင်းသင်းနေမလား သူ့ကို စွန့်ခွာရမလား ဆိုတာတောင် ဆုံးဖြတ်ဖို့ လိုအပ်ချင် လိုအပ်နေမယ်။

'ဒီအနေအထားမျိုးတွေကို မမ ကြုံခဲ့ဖူးပြီ ဘက်ဗလီ၊ မမ နားလည်တာပေါ့၊ ဒီ ဘဝမျိုးတွေ ကျော်ဖြတ်ခဲ့ရတဲ့ အတွက် စိတ်တော့ မကောင်းဘူး။ မမ ထင်တယ်လေ၊ မင်းလို မိန်းကလေးတစ်ယောက် အတွက် မင်း လက်ရှိ ရထားတဲ့ အိမ်ထောင်ရေးမျိုးဟာ အသင့်လျော် အမှန်ကန်ဆုံးပဲလို့'



'ဟင်.... မမ ဘာဆိုလိုတာလဲဟင်၊ ကျွန်မလို မိန်းကလေးမျိုးဆိုတာ'

'မှန်ထဲက အရိပ်ပဲပေါ့ကွယ်၊ မင်းက မမနဲ့ သိပ်တူတယ်၊ ဒါပေမယ့် မမ ငယ်ဘဝနဲ့ တူတယ်ဆိုပါတော့၊ ရည်မှန်းချည်အပြည့်နဲ့ လှုပ်ရှားနေပြီး အဲဒီ ကိုယ့်ရည်မှန်းချက်ကို ပြန်ပြီး မုန်းနေတဲ့ မိန်းကလေးမျိုးလေ၊ တကယ် မလိုချင်တဲ့ လောဘဇောတိုက်နေတာမျိုး၊ ကြိုးကိုင်အယ်၊ ချယ်လှယ်တယ်၊ နောက်ပြီး ကြိုးကိုင်ချယ်လှယ်ရတာကို မုဲ ရွံရှာစက်ဆုပ်နေပြန်ရော၊ တို့မျိုးဟာ ဆိုးသွမ်းသူတွေ မဟုတ်ဘူး ဘက်ဗလီ၊ အသိခေါ်စက်အဝင်နက်နေတာ ဖြစ်ချင်ဖြစ်မယ်၊ အဲ.... အသော့ချာတစ်ခုကတော့ တစ်ကိုယ်ကောင်းဆန်ကြတာပဲ၊

'မမတို့ရဲ့ အတ္တ ဘာရာမျိုးကို သည်းခံနိုင်စွမ်း ရှိတာ ပင်ကိုယ်သဘောထားပြည့်ဝပြီး ပြိုင်ဆိုင်မှုကင်းတဲ့လူမျိုး မှပဲဖြစ်မယ်။ မမ ဖန်အရာတားနေတဲ့ မဲပြာပုဆိုး စကားမျိုးတွေ မပြောချင်ဘူး၊ ဒါပေမယ့် ပြောရမှာပဲ၊ မမတို့ဟာ အပြိုင်ပန်းအားဖြင့် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိသလိုနဲ့ အတွင်းစိတ်ကျတော့ အားငယ်နေတတ်တဲ့ လူစားမျိုးတွေ ကွယ်၊ တို့တစ်တွေဟာ တစ်ချိန်လုံး စိုးရိမ် ကြောင့်ကြ နေကြတယ်၊ ကိုယ့်ကို မလိုအပ်တော့မှာ၊ ကိုယ်က ဦးစီးပဲ့ကိုင် လုပ်ခွင့်မရတော့မှာကို စိုးရိမ် ထိတ်လန့် နေကြတာလေ။ ဒီကြားထဲက ကိုယ့်လေးစားမြတ်နိုးလောက်တဲ့ ယောကျ်ားတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့တော့မှာလဲ စိုးရိမ်သောကာ ပွားနေမိသေးတယ် မဟုတ်လား။

'မမကတော့ အဲဒီပြေးလမ်းမှာ ကွင်းတစ်ပတ် ပြည့်ခဲ့ပြီးမင်းတခုမှ တာထွက်ပဲရှိသေးတာ၊ မမရဲ့ပထမ အိမ်ထောင် နှစ်ဆက်က ခုမမရဲ့အဓိပ္ပာယ်မဲ့ အစွဲတွေကို အညီးမခံခဲ့ကြဘူး။ နောက်ဆုံးတော့ ဒါတွေ အပေါ်ယံ ဟန်တွေပဲဆိုတာနားလည် သဘောပေါက်တဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်လေ။

'ဟာမန့်ဟာ သူ့ကိုယ်သူ ဘယ်လောက် ယုံကြည်စိတ်ချသလဲဆို လူ့အသိုက်အဝန်းရဲ့ စကားတင်းဆိုမှုကို အံတုရင်ဆိုင်ပြီး တစ်ချိန်တည်းမှာ မမရဲ့လောဘ၊ မောဟတရားတွေကိုလဲ နားလည်နိုင်စွမ်းတယ်၊ အက်ဒ်လဲဟာမန့်လို လူတစ်ယောက်ဖြစ်ပါစေလို့ မမ ဆုတောင်းခဲ့မိတယ် ဘက်ဗလီ၊ သူဟာ အဲဒီလူစားမျိုးဖြစ်မှာပါ၊ ဒါပေမယ့် မင်းဟာ ဖြစ်သင့်ဖြစ်ထိုက်တာနဲ့ ဖြစ်ချင်တာကို ခွဲခြားသိမြင်လောက်အောင် အသိအမြင် မကြွယ်သေးဘူးလို့ မမထင်တယ်၊ တကယ်တော့မင်းဟာ တောကြီးမျက်မည်းထဲ ရောက်နေတဲ့ ကလေးတစ်ယောက်ပါပဲသူငယ်မ၊ မင်းဟာ အလျှော့အတင်း လုပ်ရခြင်းရဲ့နှစ်သိမ့်စရာရလဒ်ကို မရှာဖွေသေးဘူး၊ ဒီတော့ ကိုယ့်စိတ်ကြိုက် ဖန်တီးခွင့်မရလို့ဆိုပြီး အသင့်လျော်ဆုံး အိမ်ထောင် တစ်ခုကို ဖျက်ခွဲပစ်ဖို့ ကြိုးစားနေတယ်မဟုတ်လား'



'ကျွန်မက နေရာတကာ ကိုယ့်စိတ်ကြိုက် ဖန်တီးခွင့်မျိုး လိုချင်တာမဟုတ်ပါဘူးမမရယ်၊ ဒါပေမယ့်တစ်ဖက်သတ် လွှမ်းမိုးခံနေရတဲ့ ဘဝမျိုးနဲ့တော့ မနေချင်ဘူးလေ၊ ကျွန်မ အက်ဒ်ကိုတန်ဖိုးထားပါတယ်၊ သူ့ကိုချစ်နေတုန်းလို့လဲ ထင်ပါတယ်၊ သူ့ငွေနောက် ကောက်ကောက်ပါအောင် မလိုက်တတ်ပဲတွေ၊ အောင်မြင် ကျော်ကြားမှုကိုမမက်မောပဲတွေအတွက် သူ့ကို လေးစား ကြည်ညိုဖို့ကြိုးစားကြည့်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေအားလုံးဟာ အနှစ်မဲ့တဲ့အပေါ်ယံကိစ္စတွေဆိုတာကျွန်မနှလုံးသားထဲက သိနေလို့ပဲ၊ ဒါပေမယ့် အဲဒါတွေဟာကျွန်မအတွက် အရေးကြီးတယ်မမ၊ အဲဒါတော့ကျွန်မလဲမတတ်နိုင်ဘူး၊ ဒီတော့သူ့ကိုကျွန်မ မလေးစားနိုင်တော့ဘူး၊ ဒီတော့ အခြေအနေအထားတွေ အားလုံး ပြောင်းကုန်ကော၊ သူ့ရဲ့သဘောထားပြည့်ဝမှုကို သူ့ရဲ့ ရည်မှန်းချက် ခေါင်းပါးမှုနဲ့ ချိန်ထိုးဖို့ ကျွန်မကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မက သူ့ကို အောင်မြင်စေချင်တယ်လေ'

'သူ့ကို အောင်မြင်စေချင်တာ ဟုတ်ရဲ့လားကွယ်၊ ဒါမှမဟုတ် မင်းကို လူရိုသေရှင်ရိုသေဖြစ်အောင် သူ့ကို အောင်မြင်စေချင်တာလား၊ ဒါမှ မင်း လူကြားသူကြားထဲမှာ ခေါင်းမော့ရင်ကော့နိုင်မယ်လေ၊ ဆိုပါစို့၊ သူက ဝုန်းကနဲ ချမ်းသာလာပြီ မင်းကို အလုပ်ထွက်ခိုင်းမယ်၊ အိမ်မှာနေပြီး သားသမီးတွေ မွေးခိုင်းမယ် ဆိုရင်ကော၊ အဲဒါဆိုမင်းပျော်မှာလား၊ မမတော့မထင်ပါဘူး၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တာ အားလုံးကို တစ်ပြိုင်တည်း လိုချင်နေတာကိုး၊ အိမ်ရယ် အသက်မွေး ဝမ်းကြောင်း အလုပ်ရယ်၊ လင်ယောကျ်ား ရယ်၊ ဒါပေမယ့် ဒါတွေအားလုံး မင်းလိုချင်တဲ့ ပုံစံနဲ့ ဖြစ်ရမယ်လေ။

မ ဘာ အရိုးစား မိသားစုလဲ သိလားဘက်ဗလီ၊ အက်ဒွီရဲ့ ပျော်ပျော်နေတတ်တဲ့ စရိုက်က မင်းကို မအောင်မြင်သူ ဆိုတဲ့ စိတ်မျိုး ဖြစ်စေတယ် မဟုတ်လား၊ အဲဒါကို မင်း ဘာလဲ မသိနိုင်ဘူးလေ၊ မင်းဟာ မင်းအကျိုးအတွက် သူ့ကို အောင်မြင်စေချင်တာ၊ သူ့အကျိုးအတွက် မဟုတ်ဘူး၊ တကယ်တော့ အဲဒါတွေအားလုံးဟာ တစ်လုံးနေ့ကကို လိုက်နေမိတာပဲ၊ တစ်နေ့နေ့မှာတော့ မင်း သိမြင်လာပါ လိမ့်မယ်၊ ဒါပေမယ့် အဲဒီနေ့က ရောက်မလာသေးဘူး၊ ဘုရားရေ၊ မှမ ဖက်ရှင်ဒီဇိုင်းဆောင်ဆု ရတဲ့နေ့နောက် ပိုင်း တစ်ခါမှ ခုလိုမိန့်ခွန်းရှည်ကြီး မခြွေဖြစ်သေးဘူးဟဲ့'

ဘက်ဗလီ စိတ်ပျက်လက်ပျက်ဖြစ်နေသည်။

'ကျွန်မ အဲဒီလောက်အတောင်ပဲ ဆိုးနေသလားဟင်'

'မင်းက မဆိုးပါဘူးကွယ်၊ အရိုတရားတွေနဲ့ အံဝင် ခွင်ကျဖြစ်အောင် မနေတတ်တာပါ၊ ခက်တာက မင်းက ရိုးလွန်းတယ်၊ ကိုယ့်ဘဝကိုတဆစ်ချိုး အပြောင်းအလဲ ကြီးမျိုး ဖြစ်မသွားအောင်ထိန်းပြီး ရဖို့ရခါ ထွက်ပေါက် မျိုးလဲ မရှာတတ်ဘူး၊ ခုဆို မင်း အသက်ပါ ၀ နဲ့အတူ အိမ်မှာမနေဘူးဆိုတာ မသိတယ်၊ မမကအော့ နောက်ပိုင်း အရှုပ်အထွေးတွေ ဖြစ်မကျန်ခဲ့ဖူးဆိုရင် အိပ်ချင် အိပ်



နေလိုက်စေချင်တယ်၊ အဲဒါဆို မင်းစိတ်ထွက်ပေါက်ရပြီး အက်ဒွီနဲ့ခါတိုင်းထက် ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်မယ် ထင်တယ်'

ထိုအချိန်မှာပင် တယ်လီဖုန်းသံ မြည်လာသည်။ ဘက် ဗလီ မျှော်လင့်သလို အသာထံမှ မဟုတ်၊ ဖင်လယ် ငပ်ခြားမှ ဒေါ်သောဖုန်း၊ နယူးယောက်မှ။

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

သူသည် ရေမ ပြင်သစ် ရေချိုး ကြွေဇလုံကြီး ထဲတွင် ရေစိမ်ရင်း ဂနာမငြိမ် ဖြစ်နေသည်။ ရေနွေးနွေးဖြင့် နွမ်းလျှသော သူ့ခန္ဓာကိုယ်နှင့် အနှောင့်အယှက်ဖြစ်နေသော သူ့စိတ်ကို ကုစားနေ၏။ ခုနေမှာမှ ကြွေဇလုံထဲမှ မထလျှင် အာသာနှင့်တွေ့ဖို့ နောက်ကျနေတော့မည်။ သို့တိုင် ဘက်ဗာလီ လှုပ်ရှားခြင်းမပြု။ သည့် ကြွေဇလုံကြီးထဲမှာ ပင် ထာဝရ လဲလျောင်းနေလိုက်ချင်သည်။ သို့မှ အာသာ နှင့် တွေ့ချင်သည့် ဆန္ဒတွေကို ဖယ်ရှားနိုင်မည်။ နောက်ပြီး မလွဲမသွေ ပြုလုပ်ရမည့် အက်ဒ်ထံသို့ ပြန်စာရေးကိုလည်း ရှောင်ရှားနိုင်မည်။

လွန်ခဲ့သည့် မိနစ်အနည်းငယ်က အက်ဒ် တယ်လီဖုန်း ဆက်သည်။ သူ့ စကားများက မိမိ ဘာလုပ်ရမည်ကို ပြောပြနေ၏။ တယ်လီဖုန်းလာခါစကတော့ ဆိုးဆိုး



ရွားပြဿနာတစ်ခု ဖြစ်နေပြီဟု ဘက်ဗာလီ ထင်မှတ် ၏။ ဟုတ်သည်။ သတင်းဆိုးပဲ ဖြစ်ရမည်။ တစ်နည်း ားဖြင့်လည်း သတင်းဆိုးပါပဲလေ။ တယ်လီဖုန်းထဲမှ ကြားရသည့် သတင်းစကားကတော့ မိမိ ထင်မှတ်ထား သည်နှင့် ပြောင်းပြန်၊ ခင်ပွန်းသည်၏ အသံကို ကြားလိုက် သည်နှင့် ဘက်ဗာလီ စာနာစွာ ဆီ ကြိုခမ်းလိုက်၏။

'အက်ဒ်လား၊ ဘာပြဿနာပေါ်လို့လဲ ဟင်'

တယ်လီဖုန်းလိုင်းက ဆိုးလှသည်။ စကားလုံးများကို ကြားရ တစ်ချက်၊ မကြားရ တစ်ချက်။ တစ်ဝေါက်ကို တစ်ဝေါက် အော်ဟစ်ပြီး ပြောရသည်။

'မဟုတ်ဘူး၊ ဘာပြဿနာမှ မပေါ်ဘူး၊ သတင်း ကောင်း ကွ၊ ကိုယ် လက်ထောက်မန်နေဂျာ ဖြစ်တော့ မယ်'

'ဘာပြောတယ်၊ မကြားရဘူး'

'လက်ထောက်– မန်– နေဂျာ၊ ဂျီတေလှာ ပြော တယ်၊ အဲဒီရာထူး ကိုယ် ရမယ် တဲ့'

ကံကောင်းထောက်မစွာ တယ်လီဖုန်းလိုင်းက ကြည် လင်လာသည်။

'ဟာ.... ဝမ်းသာစရာပေါ့၊ ဘယ်တော့ စ ရမှာလဲ ဟင်'

'ချပ်ဝမ်ပိုလ်ထွက်တာနဲ့ ရမယ်ထင်တာပဲ၊ နားထောင် ဘက်ဗာလီ၊ ဒီကိစ္စဟာ ကိုယ်တို့အတွက် အပြောင်းအလဲ တွေ အများကြီးဖြစ်သွားနိုင်တယ်၊ ကိုယ် လခတွေ အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီး တိုးရမယ်၊ ရာထူးတစ်ခုလဲ ရမယ် ကွာ၊ ပုံမှန်လ
ရမှာ၊ အလျှင်တာလို ကော်မရှင်စားမဟုတ်တော့ဘူးလေ

'ဟာ… မေ်းသာ ရော ပေါ့၊ ဘယ်လောက် ရမှာ
ဟင်'

မိမိမှာ တခြား ပြောစရာ ဝေါဟာရ မရှိတော့
လေ၏။

အက်ဒ်က တဟားဟား ရယ်သည်။

'အမန်အတိုင်း ပြောရရင် ကိုယ် ဝမ်းသာလွန်းလို့ မေ
ဖို့တောင် မေ့သွားတယ်ကွာ၊ ဒါပေမယ့် ကိုယ့် မိန်းမ
လူတစ်လုံး သူတစ်လုံး ထားနိုင်လောက်အောင် ရမှာပ
ဒါထက် နေပါဦး၊ ကိုယ့် မိန်းမရော နေကောင်းရဲ့လား'

'နေကောင်းတယ်၊ မောင်ကော'

'ကျန်းကျန်းမာမာပဲ၊ ဒါပေမယ့် အတီးကျန် ဖြစ်နေ
တယ်ကွာ၊ ဖိလစ်အကြောင်း ကိုယ် ရေးလိုက်တဲ့ စာ ရ
လား'

'ရတယ်၊ မောင် ခုလိုကူညီလိုက်တဲ့အတွက် ဝမ်းသာ
ပါတယ်ကွယ်၊ ရှသ်ကော ဘယ်လိုနေသေးလဲ'

'အဆင်ပြေနေပါပြီ၊ အချစ်ရေ၊ မင်း ပျော်ရွှင်စရာ
အချိန်ကောင်းရရဲ့လားကွာ၊ ဒါမှမဟုတ် သူတို့က ဘုန်းဘုန်း
လဲသေအောင်များ ခိုင်းနေကြသလား'

'နှစ်မျိုးစလုံး နည်းနည်းစီပါပဲ'

ခဏမျှ တိတ်ဆိတ်သွားသည်။



'ဘက်ဗာလီ၊ ကိုယ် ရာထူးတိုးတာ မင်း ဝမ်းသာရဲ့
မဟုတ်လားဟင်'

ကလေးငယ်တစ်ယောက် မိဘ၏ မျက်နှာသာပေးမှုကို
တောင့်တစွာ တောင်းခံနေသည့် အသံမျိုး၊ မေမေ၊ ဒီမှာ
မေမေ ကျွန်တော် အက္ခရာသင်္ချာဘာသာမှာ 'ဏ' အဆင့်
ရတယ် မေမေ၊ မေမေ သားအတွက် ဂုဏ်မယူဘူးလား
ဟင် ဆိုသည့် အသံမျိုး။ ထည်လို နှိုင်းယှဉ်စဉ်းစားမိသဖြင့်
ဘက်ဗာလီ ကိုယ့်ကိုကိုယ် ဒေါပွသွားသည်။

'ဘက်ဗာလီ၊ ဟဲလို… မင်း ရှိသေးရဲ့လား'

'ရှိပါတယ် မောင်ရဲ့၊ ဘယ့်နှယ်ပြောပါလိမ့်၊ ဝမ်းသာ
တာပေါ့၊ ဒါထက် မောင်ရေ၊ ကျွန်မတို့ စကားဖြတ်မှ
ဖြစ်တော့မယ်၊ ဖုန်းပြောခက နည်းနည်းနေ့ခနေ့ကျမှာ
မဟုတ်ဘူး အဲဒီအကြောင်းတွေ ပြည့်ပြည့်စုံစုံ စာရေးပေး
ဦးလေ၊ ကောင်းတာက လန်ဒန်က ဒေါ်ချက်တော
တိုတယ်ကို ပို့လိုက်လေ၊ ဒီမှာ ကျွန်မ နောက်ထစ်ပတ်ပဲ
ရှိတော့မှာ'

ကိုယ် သိတယ်၊ အေးကွာ၊ မင်းသွားနေတာ တစ်ဆက်
မက ကြာနေပြီလို့ ထင်ရတယ်၊ နေ့စက်ဘပ် သုံးပတ်လုံးလုံး
ကိုယ် ဘယ်လိုနေရမလဲဆိုတာတောင် မသိတော့ဘူး၊ မင်း
ပြန်ရောက်ချိန်ကျ ကိုယ် သတော်ဆိပ်မှာ ကြိုနေမယ်လေ'

'တော်င်းတာပေါ့… မောင်၊ ကိုယ့်ကိုကိုယ် ဂရုစိုက်
နော်၊ အားလုံးကိုလဲ ပြောလိုက်ပါ၊ သတိရတယ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'မင်းလဲ ကျွန်းမာရေး ဂရုစိုက်နော်၊ ဆီလိပ်ဖီယာ မေးတဲ့အကြောင်း ပြောလိုက်ပါ'

ရေနွေးနွေးထဲတွင် လက်တစ်ဖက်ဖြင့် ရည်ရွယ်ချက် လျှောက်မွှေရင်း မိမိ ဘာလုပ်ရမည်ကို အကာဗာလီ သိ သည်၊ မိမိတို့ ခွဲခရေးခွာဝေး ကိစ္စကို လွှန်ဆွဲနေဖို့မ တော့။ အက်ဇ်က မိမိ ဖြစ်စေချင်သည့်အတိုင်း ဖြစ်လ ပြီ၊ အလုပ်တစ်ခုကို ထိန်းထားပြီး အဆင့်ဆင့် တိုးတ တော့မည်၊ မိမိ လိုလားသည်မှာလည်း ဒါပဲ မဟုတ်လ အောင်မြင်သည့် လင်သားတစ်ဦး၊ မိမိ လေးစားနိုင်သ ယောကျ်ား တစ်ယောက်၊ လက်ထောက် မန်နေဂျာ အလုပ် ဆိုတာ ဘာမှ မြှောပလောက်သည့် အလု မဟုတ်၊ သို့ပေမယ့် သည်ရာထူးသည် တိုးတက်ရေ လမ်းကြောင်းပေါ်တွင် ကနဦး ခြေလှမ်း တစ်လှမ်း မဟုတ်ပါလား၊ သည်လို ရာထူးတိုးတက်တာ၊ လ တိုးတာတွေကို အက်ဇ်ကတော့ သိပ် အလေးအနက် ထားနေမည် မဟုတ်ဆိုတာ မိမိ ရင်ထဲက သိနေသည် သည်လို ရာထူး တက်တာကိုပင် မောင်က မုန်းချ မုန်းနေဦးမည်၊ သို့ပေမယ့် သည်ကိစ္စက မိမိအား စိတ် ချမ်းသာစေမည်ဆိုလျှင် မောင်က လုပ်မည်လား၊ သူ ငြီးငွေ့မှုတွေ၊ စိတ်မဝင်စားမှုတွေကို ခါထုတ်ပြီး ကျိုးရှိုးလုပ်မည်သာ၊ သြော်— သည်လို လူစားမျိုးက ကျောခိုင်၊ ရွှန်ခွာဖို့ ကြိုးစားနေတာ မိမိသည် ဘယ်



လောက်များ နှလုံးသားမဲ့ရာ၊ အကြင်နာတရား ကင်းမဲ့ လိုက်ပါသလဲ၊

ကြွေဇလုံထဲမှ မထွက်ချင် ထွက်ချင်ဖြင့် ထွက်ခဲ့သည်၊ ကိုယ်ခန္ဓာကို ခြောက်သွေ့အောင် သုတ်ပစ်သည်။

ငါ လုပ်ရမှာ တစ်ခု ရှိနေတယ်၊ ငါ အာသာနဲ့ တက်တွေ့နေလို့ မဖြစ်တော့၊ အာသာကို သည်ညပဲ ပြောလိုက်တော့မည်၊ သူ့ အနေနဲ့ ငါတို့နဲ့အတူ လန်ဒန်သို့ လိုက်လာလို့ မဖြစ်တော့ နောက်ပြီး 'ကွင်းအဲလီဇာဘက်' သင်္ဘောကြီးဖြင့် အတူပြန်လို့လည်း မဖြစ်တော့၊

ဘာပဲဖြစ်ဖြစ် မောင့် အလုပ်က ခိုင်မာပုံရသည်၊ ဆို မိမိကို တောင်ပံ့နိုင်တော့မည်၊ အိမ်ထောင်ကို မောင့်အား ဦးစီးခိုင်းရမလား၊ သည်လိုဖြစ်ဖို့ မိမိမှာ ဆန္ဒ ရှိလား၊ မိမိ ဘာလုပ်ရမည်ဆိုတာကို သိနေသည်၊ မိမိ လုပ်မှ ထွက်ရမည်၊ မောင် ငွေမရှာနိုင်လျှင်၊ လုပ်ငန်း မအောင်မြင်လျှင် နှစ်ယောက်စလုံး ငတ်မည်ဆိုတာ မောင် အမြင်ကြည်အောင် လုပ်ရမည်၊ အက်ဒ် လိုအပ် သည်မှာ ဒါပဲ ဖြစ်သည်၊ သို့ဆိုလျှင် မောင် အောင် မြင်မှု လမ်းကြောင်း ပေါ် ရောက်ပြီ၊ မောင့်အတွက် ကောင်းဆုံး ဖြစ်အောင် မိမိဘက်က လုပ်ပေးနိုင်တာ ပဲ ဖြစ်သည်၊

သို့သော်....

မိမိ မလုပ်နိုင်ပါ၊ မိမိအား ကျေးဇူးတန်ပေးနေသည့် ဂါက်တိုင်များကို ဖြုတ်မပစ်ဝံ့ပါ၊ မိမိသည် ငတ္တကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွာ ကြောက်ရွံ့နေသည်။ မိမိ၏ အနာဂတ် ဘဝ
မေခင့်ထံမှာ လုံးဝဥဿုံ ပုံအပ်ဖို့ မောင့်ကို မယုံစားရပေ
ကျကာ စိတ်ပျက်စရာကောင်းသော သို့သော် မြေခင်
ရိုးသားသော ဝန်ခံချက်တစ်ရပ် ဖြစ်ပါသည်။ မိမိ
ပုဂ္ဂလိက ရည်မှန်းချက်များကို စွန့်လွှတ်နိုင်သည်ထား
မကျမနပ် ဖြစ်ခဲ့ရသည့်အတိတ်ကာလသမျှမှ ဖြစ်
မှန်များကို မေ့ပျောက်နိုင်စွမ်းသောခင် ကြိုးစားရဦးမ
ဘုရားသိကြားမလို့ မေခင့်ရမည့် ရာထူးသစ်သ
တကယ်ဖြစ်ပါစေ၊ နောက်ပြီး တာရှည်ခံပါစေ၊ အ
ကာလ အတော်အတန် ကြာလာလျှင်တော့ မိမိတို့ အ
များကို တာဝန်ယူ ဦးဆောင်နိုင်စွမ်းသည့် မေခင့် အ
အချင်းကို မိမိ ယုံကြည် စိတ်ချလာမှာပါလေ။ ဒ
မတုတ်လည်း သည်အဆင့်အထိ ရောက်ချင်မှ ရောက်
မည်။ မောင်နှင့်အတူ ဆက်လက် ပေါင်းသင်းနေ
လောက်အောင် မေခင့်ကို မချစ်တော့ပဲ ဖြစ်ချင်လ
ဖြစ်သွားမည်ပေါ့။



နှစ်ယောက်အတူ ညစာ စားနေတုန်း အာသာက
ကပ်ဗာလီသက်ကို ဆွဲယူကာ လက်ခုံကို တယုတယ
နမ်းသည်။

'ကလေးရယ်၊ မင်း ဒီည နှုတ်ဆိတ်လှချည်လား၊
ဘာဖြစ်လို့လဲဟင်'

'ဩော်.... ကျွန်မ နည်းနည်း ပင်ပန်းနေသလားလို့'

'ကိုယ် မအံ့သြပါဘူး၊ တစ်နေ့လုံး မင်း အလုပ်လုပ်ရ
ပုံနဲ့၊ နောက်ပြီး တစ်ညလုံးနီးပါး ကိုယ်နဲ့ အပြင်ထွက်
လည်နေတာနဲ့ဆိုတော့ ဘယ်လွယ်မလဲ၊ ကိုယ်ဟာ တော်
တော် တစ်ကိုယ်ကောင်းဆန်တဲ့ မသူတော် တစ်ဦးပဲနော်
မင်း အစီအစဉ်မျိုး ကိုယ့်မှာ မရှိဘူးလေ၊ ကိုယ်က ကိုယ်
သွားချင်တဲ့ ပြပွဲကိုသွားတယ်၊ အိပ်ချင်ချင် မနက် နေမြင့်
ချိန်ထိ အိပ်သို့ရတယ်၊ ညနေဘက်အောင် တစ်မေ့
မေ့မယ်ဆို မေးလို့ရသေးတယ်'

'ရှင်က ကံကောင်းတဲ့ လူကိုး'

'ဟုတ်တယ်၊ ကိုယ်က ကံကောင်းတဲ့လူ၊ အခုပဲဖြစ်ဖြစ်
မင်း နှစ်ရက်လောက်တော့ နားခွင့်ရမှာပါ၊ အသည်
အလိပ်တွေ အိုနဲ့ကျင်းနဲ့မှာဖို့ ကိုစ္စတစ်ခုအတွက် မနက်ဖြန်
ကျ ကိုယ် လိုင်ယွန်ကို သွားရမယ်၊ ဗုဒ္ဓဟူးနေ့ထိ ကြာ
မယ်၊ မင်း ကိုယ့်ကို ကတိပေးနော်၊ မနက်ဖြန်နဲ့
သဘက်ခါည နှစ်ညလုံး အိပ်ရာထဲမှာပဲ ညစာ စားပါ
မယ်လို့၊ တစ်ယောက်တည်း ဆိုတာတော့ ပြောဖို့
မလိုတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ခုလို ခဏတာခွဲနေရမည့် အရေးကို စဉ်းစားမိရုံမျှနှင့်ပင် ဘက်ဗာလီ ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားသည်။ မိမိဆည်းသူ့ကို နေ့ကော်နှောင် ဘယ်တော့မှ တွေ့တော့မည် မဟုတ်ကြောင်း ပြောရလျှင် ကိုယ့် ရင် ဘယ်သို့ရှိလိမ့်မလဲ။ ပြောသင့်တာကတော့ ခုပဲ ပြောသင့်သည်။ စိတ်ဆင်းရဲနေမှုကို ဖုံးဖိရန်အတွက် မိတ်ကပ်ဘူးကို ထုတ်ကာ နှာခေါင်းကို မိတ်ကပ်ဖို့ဟန် လုပ်နေလိုက်၏။ သူ့လက်တွေ တုန်နေသည်။ အာသာက သူ့ကို သေသေချာချာ အကဲခတ်ကြည့်နေသည်။ ချက်ဆို နားခွက်က မီးတောက်နေသူ။ လိမ်လို့မရ၊ ညာလို့မရ။

'မင်း ကိုယ့်ကို ကတိမပေးသေးဘူးနော်'

'ဘာ ကတိပါလိမ့်'

မိမိအသံ ပေါ့ပေါ့တန်တန် ဖြစ်နေပါစေဟု ဆုတောင်းမိသည်။

'နေ့ကော် နှစ်ညလုံးလုံး အိပ်ရာထဲမှာပဲ ညစာ စားဖို့လေ'

'အို၊ စားမှာပေါ့၊ စိတ်ချ၊ ကျွန်မ ဆနားယူလိုက်မယ်လေ'

အာသာ သူ့လက်ကို ဆွဲကိုင်လိုက်ပြန်၏။

'မင်း ကိုယ့်ကို သတိရနေမှာလားဟင်'

ဘက်ဗာလီ သူ့ကို တည့်တည့် စိုက်ကြည့်လိုက်၏။

'အင်း၊ အရမ်းသတိရနေမှာ'



သူတို့နှစ်ယောက် မျက်လုံးချင်း စကား ပြောနေကြသည်။ အာသာ့ မျက်လုံးတွင် မေးခွန်းပေါင်းများစွာ၊ ဘက်ဗာလီ မျက်လုံးတွင်မူ အဆိုပါ မေးခွန်းများကို မမေးဖို့ တောင်းပန်တိုးလျှိုးမှုများ။

'ဘက်ဗာလီ'

'အင်....'

'ကိုယ်တို့နှစ်ယောက် ဘယ်အချိန်ဘယ်ကာလမှ ဟန်ဆောင်တာမ်း ကစားနေတာကို ရပ်မှာလဲ ဟင်၊ မင်းကို ကိုယ် ချစ်တယ်ဆိုတာ မင်း သိတယ်၊ ကိုယ် မင်းကို လိုချင်တယ်၊ မင်းလဲ ကိုယ့်လိုပဲ ခံစားနေရတယ်လို့ ထင်မိရင် ကိုယ် ရူးမိုက်ရာများကျနေမလား ဟင်'

ဘက်ဗာလီက လက်ထဲမှ ရှမ်ပိန်ဖန်ခွက်ကို တစားနေသည်။ အဖြေမပေး။ ရှမ်ပိန်အမြှုပ်ကလေးတွေ ချာလည်လည်နေ၏။

သူက ဘက်ဗာလီ မေးစေ့ကို လက်ဖြင့် ပင့်ပြီး သူ့ဘက်သို့ လှည့်စေ၏။

'ဘယ်လောက်လှပြီးဘယ်လောက်ကြောက်လန့်နေတဲ့ ကလေးမလေးလဲ ကွယ်၊ တစ်ခါ တစ်ခါကို မင်း ဟာ လူကြီးလုပ်တမ်း ကစားနေတဲ့ ဆယ်နှစ် သမီး အရွယ် ကလေးငယ်လေးလို ကိုယ်စိတ်ထဲမှာ ထင်မိတယ်၊ ဒါပေမယ့် ခုလို အချိန်မျိုးကျတော့လဲ မင်းဟာ ကိုယ်သိပ်သိချင်တဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ် ဆိုတာ သိလာရပြန်တယ်'

www.burmeseclassic.com



ဘက်ဗာလီ ရေရှည်ရှောင်လွှဲမနေသာတော့။

'အာသာ ဖြစ်အူးကွယ်၊ ခု မဖြစ်သေးဘူး။ အားလေ၊ နေခင်လဲ ဘယ်တော့မှ မဖြစ်ပါဘူး'

သူ့အမူအရာ ထူးခြားမသွား။ မိမိက ဘယ်လိုဖြစ်သွားမည်ကို မျှော်လင့်ထားလို့လဲ။ ဒေါသထွက်တာကိုလား။ အပြစ်တင်စကားကိုလား။ စိတ်ပျက်လက်ပျက်ဖြစ်သွားတာကိုလား။ သူ့မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုအရိပ်အယောင်ကို မတွေ့။ ဘာကြောင့် မဖြစ်ရသလဲဆိုတာကိုပင် မမေး။

'ကျွန်မ ဒီမနက်ပဲ အက်ဒိုနဲ့ စကားပြောခဲ့တယ်၊ သူ ရာထူးမြှင့်နှုန်းရဲ့ အလုပ်သစ်တစ်ခု ရတယ်လေ၊ သူ သိပ်ပျော်နေရှာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တစ်ချိန်လုံး တောင့်တနေခဲ့တာ အဲဒါပဲ ဆိုတာ သူ သိနေလို့ပဲ၊ ကျွန်မ သူ့ကို သစ္စာမဖောက်နိုင်ဘူး။ သူ အသည်းကွဲမှာကို ကျွန်မ မလုပ်ရက်ဘူး အာသာ၊ ဘာကြောင့်လဲ ဆိုတဲ့အကြောင်းကို ရှင် နားလည်သဘောပေါက်လောက်အောင် ကျွန်မ ပြောပြပြီးပြီ ထင်ပါရဲ့နော်'

ဘက်ဗာလီသည် သူ၏ လက်ရှိစိတ်ဓာတ်အခြေအနေမှန်ကို ပြောပြလိုက်ခြင်းဖြစ်၏။ သူသည် သူ့ကို အိမ်ထောင်ရေး ယိမ်းယိုင်နေကြောင်း အရိပ်အမြွက် ပြောခဲ့၏။ သူ့ခင်ပွန်းမှာ ချစ်စရာကောင်းသော်လည်း စီးပွားရေးအရ အောင်မြင်သူ မဟုတ်ကြောင်းလည်း ပြောခဲ့၏။



သည်တော့ သည်လူကို ဘက်ဗာလီကသာ ထောက်ပံ့နေရလိမ့်မည်ဟု အာသာ မှန်ကန်စွာ ကောက်ချက်ဆွဲခဲ့၏။ ထို့ပြင် အမေရိကန် အသိုက်အဝန်းတွင် အက်ဒ်ရစ်ချန် ဆိုသူ တစ်ယောက်အကြောင်း မသိမသာ စုံစမ်းထောက်လှမ်းခဲ့၏။ သူ့အား ပြောပြသူ့ထံမှ သိရသည့်အတောင်း အပိုင်းအစများကို ဆက်စပ်ပုံဖော်လိုက်တော့ ဘက်ဗာလီ ယောကျ်ားသည် ခင်စရာကောင်းသူ၊ သို့သော် ပြောပလောက်အောင်သူ မဟုတ်' ဆိုတာ ပုံပေါ်လာသည်။

မိမိနှင့် ဘက်ဗာလီ တွေ့စကဆို အမျိုးသမီးသည် စိတ်တာတ်မီးကာပါး ဖြစ်နေဆဲအချိန် ဖြစ်၏။ သည်ညထိလည်း သည်အတိုင်းပါပဲလေ၊ မိမိသည် သူ့ကို အိပ်ရာထဲ ထိ ခေါ်ဖို့ အပြင်းအထန် မကြိုးစားခဲ့။ ကားထဲ ကွဲ လွတ်လွတ်လပ်လပ်ရှိနေစဉ်မျိုးတွင် သူက မိမိအား မွတ်မွတ်သိပ်သိပ် နမ်းခွင့်ပေးခဲ့၏။ မိမိ လက်တွေ ဆောင်း ကျန်းနေသည်ကို ကန့်ကွက်ခြင်းမပြုခဲ့။ သို့သော် သည်အတိုင်းအတာထက် ကျော်လွန်ခွင့် မပေး။ မိမိ က 'ရစ်ဇ် ဟိုတယ်ရှိ မိမိ အခန်းကို လိုက်ကြည့်ပါ'ဟု တစ်ခါနှစ်ခါ ပြောဖူးသည်။ အမျိုးသမီးက ရယ်ရယ်မောမော လှုပ်ပစ်ခဲ့သည်၊ ဒါကို မိမိက ခွင့်ပြုခဲ့သည်။

တအယ်တော့ လွတ်သွားသည့်အခွင့်အရေးတွေ အတွက် ကိုယ့်နားရင်း ကိုယ်ပိတ်ရိုက်ချင်သည်။ မိမိ ဘက်ဘာ နည်းနည်းလေး ပိုအားထုတ်ပြီး ဆွဲဆောင်မျှားယောင်းရို

www.burmeseclassic.com

www.burmeseclassic.com



မှုဖြင့် သည်အမျိုးသမီးကို အိပ်ရာထဲ အပါခေါ်လာလို့ ရသည်။

ခုတော့ မလွယ်တော့။ သူ့ယောကျ်ားက သူ့အပေါ် ကြွေးတင်နေပြီဟု အမျိုးသမီး ယူဆသွားပြီးနောက်ကွယ် ဇာတ်လမ်းဆိုတာ မဖြစ်နိုင်တော့။ အကယ်၍ သူသည် သူ့ယောကျ်ားအပေါ် 'သစ္စာဖောက်' မည်ဆိုလျှင် လွန်ခဲ့သည့် တစ်ပတ်လောက်ကသာ ဖောက်လိမ့်မည်။ သူတို့ အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်မျက် နာကြည်းနေစဉ်ကာလကပေါ့။

တော်တော်ကြီးကြာမှ အာသာ စကားစလိုက်၏။

'ဒီတော့ ကိုယ်တို့က ဘယ်အနေအထားမျိုးမှာ ဆက်ရှိနေမလဲ'

'ဘယ်အနေအထားမျိုးမှာမှ ဆက်ရှိမနေတော့ဘူး ထင်တယ်၊ ကောင်းတာက ကျွန်မတို့နှစ်ယောက် ဆက်တွေ့မနေကြတော့ဖို့ပဲ... အာသာ၊ ကျွန်မ ခံနိုင်ရည်ရှိပါတယ်၊ ကျွန်မ ရှင့်ကို ချစ်တယ်ဆိုတာ ရှင် သိနေတာပဲ၊ ကျွန်မ ရှင်နဲ့အတူ အိပ်ချင်တယ်ဆိုတာလဲ ရှင် သိတယ်၊ ကျွန်မဟာ ရှင့်အနားမှာနေပြီး လူ့ကျင့်ဝတ်တွေ ထိန်းသိမ်းနေနိုင်လောက်အောင် စိတ်ဓာတ်မခိုင်မာဘူး၊ လူ့ကျင့်ဝတ်ထိန်းသိမ်းဖို့ဆိုတာ ကျွန်မနဲ့ အက်ဒ်အတွက်သာ မဟုတ်ဘူး၊ ရှင့်အတွက်လဲ ပါတယ်'

အာသာ ရုတ်တရက် ဒေါသတကြီးဖြစ်လာသည်။



'ဪ—သိပ်ကို ပိုင်းခေါင်း ကျောက်ဖိ နိုင်တယ် ပေါ့လေ၊ မင်းက အလွန်မတန် စိတ်ထား မြင့်မြတ်ပြီး ကိုယ့်ကိုကိုယ်လဲ အနစ်နာခံနေတယ်ပေါ့ ဟုတ်လား၊ မင်း ယောကျ်ားက တယ်လီဖုန်း တစ်ချက် ဆက်လိုက်တာနဲ့ ကိုယ်က မျက်လှည့်ဆရာရဲ့ ဦးထုပ်ထဲ ပြန်ဝင်သွားတဲ့ ယုန်လေးတစ်ကောင်လို မြင်ကွင်းထဲက ပျောက်သွားရမယ်ပေါ့လေ၊ ဆိုပါစို့၊ ကိုယ်က ပျောက်သွားရမယ့် လမ်းကို မရွေးဘူး ဆိုရင်ကော ဘက်ဗ'လီ၊ ဆိုပါစို့၊ ကိုယ်က နဂိုအစီအစဉ်တွေအတိုင်း ဆက်လုပ်မယ်၊ ဒီမှာ နောက်တစ်ပတ် နေမယ်၊ လန်ဒန်မှာ တစ်ပတ်နေမယ်၊ ပြီးရင် ရေလမ်းခရီးနဲ့ အိမ် ပြန်မယ် ဆိုရင်ကော။

'ကိုယ်မက်ချင်သလို မက်လို့မရတဲ့ အိပ်မက်တစ်ခုကို ခေါင်းထဲက မောင်းထုတ် ပစ်လိုက်သလို မင်း ကိုယ့်ကို မောင်းထုတ်ပစ်လို့ ဘယ်ရမလဲ ဘက်ဗာလီ၊ မင်းကို ကိုယ် ချစ်တယ်၊ ခုဆို မင်းလဲ ကိုယ့်ကိုချစ်တယ်ဆိုတာ သိရပြီ၊ မင်းက မင်းကိုယ်မင်း တစ်ဆင့်တင်ပြီး ပြောနေတာကိုး ကွ၊ ကိုယ့်အနေနဲ့ကတော့ သွေးသားကိစ္စကို မတောင်း ဆိုပဲ မိန်းမတစ်ယောက် အနားမှာ နေဖို့ဆိုတာ မဖြစ် နိုင်စရာ လုံးဝမရှိဘူး ကိုယ်ဟာ တိရိစ္ဆာန် မဟုတ်ဘူး'

'ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ နောက်ထပ် သုံးပတ် လုံးလုံး မင်းဘဝထဲကနေ ထွက်မသွားဘူး၊ ကိုယ်မင်းကို နောက်ထပ် မတောင်းဆိုတော့ဘူး၊ ဒါပေမယ့် ပွင့်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ပြောရရင် မင်းက ဖေးအုပ် လာရင်တောင် ကိုယ် မငြင်းဘူး'

သူ့စကားများ ကြားရတော့ ဘက်ဗာလီ အံ့အားသင့်နေ၏။ ထို့အတူ အာသာလည်း ကိုယ့်ကိုကိုယ် အံ့အားသင့်မိ၏။ ဘကယ်တော့ သည်သူငယ်မသည် မိမိဆင်ထားသည့် ယက် မိမိကို စီးမိုးနေပြီကော၊ ခုတော့ မိမိသည် သူ သတ်မှတ်သည့် စည်းကမ်းချက်များ အတိုင်း လိုက်နာပြီး သူ့ အနားမှာနေခွင့်ရဖို့ ဒေါသတကြီး တောင်းဆိုနေမိပြီ။ စင်စစ် မိမိသည် သည်လို လူစား မဟုတ်ခဲ့။

ငါသူ့ကို ဘာကယ် ချစ်မိနေပြီလားဟု အာသာ ရုတ်တရက် စဉ်းစားမိ၏။ ငါသူ့ကို လက်ထပ်ချင်စိတ်တောင် ပေါက်နေပြီ။ ယင်းလို ရှိ ခုချိန်ထိတော့ လက်ထပ်ဖို့ ကိစ္စကို ရှေ့တန်းတင် မစဉ်းစားမိသေး။ သည်အမျိုးသမီးကို အိပ်ရာထဲထိခေါ် ချင်တာတော့ အမှန်။ သူတို့ စ တွေ့ကတည်းက ဆိုပါတော့။ သို့သော် အမြဲတမ်းဖြစ်ဖို့ကိုတော့ မစဉ်းစားခဲ့။ သူက မိမိကို နှင်ထုတ်တော့မှ မိမိ စိတ်ကူးတွေ ပြောင်းလာသည်။ မာရီလင်နှင့် စတွေ့သည့် အဖြစ်နှင့် ခပ်ဆင်ဆင်။

အာသာ၏ ပခုံးကျယ်ကြီးများ ပေါ်တွင် 'ငြင်းပယ်ခြင်း' က ပုံနှိပ်ဆိုး ထိုင်နေသည်၊ ငြင်းပယ်ခြင်းကို မြင်တွေ့နေရခြင်းဖြင့်လည်း အဆိုပါ ငြင်းပယ်ခြင်းကို အနိုင်တိုက်ယူဖို့ စိတ်ဆန္ဒ ပိုမိုပြင်းပြလာသည်။ ဘက်ဗာလီကလည်း မာရီလင် ချိုးသည့် အချိုးမျိုး ချိုးလာပြန်ပြီ



မိမိအား ကန့်ထုတ်ခြင်း။ အာသာဆိုသည့် လူက ဒါမျိုး ဘယ်ခေါင်းငုံ့ ခံလိမ့်မလဲ။

ဘက်ဗာလီက သူ့ကို နားမလည်နိုင်စွာ ကြည့်နေ၏။ သူက အသံကို ဖျော့လိုက်၏၊ တိုးတိုးချော့မြူသံမျိုး။

'ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ ကိုယ်အဲဒီလောက် ဆိုးဆိုးရွားရွား စကားတွေ ပြောဖို့ မရည်ရွယ်ပါဘူး၊ မင်းရဲ့ ဆုံးဖြတ်ချက် အတွက် မင်းကို ကိုယ်လေးစားပါတယ်၊ ဒီကမ္ဘာကြီးပေါ်မှာ အရှုံးတရား ထားတတ်တဲ့ လူသိနည်းတယ် ဆိုတာ ဘုရားသိပါတယ်။ အက်ဒ်ရစ်ချ် မန်ဟာ မင်းကိုရထားတာ သိပ်ကံကောင်းတယ်၊ ကိုယ် သူ့ကို မနာလို ဖြစ်မိတယ်။ နောက်ပြီး ကိုယ်ကတိပေးပါတယ်၊ မင်းအကြွယ်အတည်း ကြုံရင်တောင် ကိုယ်မလုပ်ပါဘူး၊ မင်းကို တွေ့ခွင့်ရပြီး မင်းကို ထိခွင့် တို့ခွင့်ရမယ့် သုံးပတ်စာပျော်ရွှင်မှုလေးပဲ ကိုယ့်ကိုပေးပါ။ ဒီလောက်တော့ ကိုယ်တို့ ခံစားထိုက်ပါတယ် ဘက်ဗာလီရယ်'

'အဲဒါ အလုပ်ဖြစ်မှာ မဟုတ်ဘူး။ ကျွန်မတို့ ချစ်ဖော်တွေ အဆင့်ကို ရောက်သွားမှာပဲ'

'ခုလဲ ကိုယ်တို့ ချစ်ဖော်တွေပါပဲကွယ်၊ သွေးသားတို့စွဲ ဆိုတာ အဒသားအဖွဲ့ကိုစွပါ'

ဘက်ဗာလီသည် သူနှင့် မခွဲမခွာ တတွဲတွဲ နေချင်ပါသည်၊ နေချင်မှ တွဲသက်မဖြတ်တမ်းကို နေချင်ပါသည် ဘကယ်လို့များ သူ့စကားတည်လျှင် မိမိအနေဖြင့် အက်ဒ်အား ပေးဆပ်စရာ ဆိုလိုတစ်ခုတည်းသာ ကျန်တော့သည်

www.burmeseclassic.com

www.burmeseclassic.com



‘ဖောက်ပြန်မှုကင်းခြင်း’ ကို ထိန်းသိမ်းနိုင်ဖို့ သူက အမှန်တကယ် ကူညီမည်ဆိုလျှင် မဆိုစလောက်သာ ကျန်တော့သည့် ပျော်ရွှင်စရာ ကာလတိုကလေးကို မစွန့်လွှတ်ချင် စွန့်လွှတ်လျှင်လည်း ရှုံးရာကျသည်။

သို့သော် သူတို့နှစ်ယောက် နောက်ဆုံးပိတ်လုံး အပူးတွဲတွဲနေပြီး သွေးသား ဆောင်းဆိုချက်ထဲ မျောမပါအောင် နေနိုင်သည်ဟု တွေးထင်နေခြင်းမှာ မိုက်မဲရာကျပါသည်။ တကယ်တမ်း ကျတော့ အာသာကတော့ ထိန်းနိုင်လား မသိ၊ နောက်ဆုံးတော့ မိမိအပေါ်မှာပဲ မူတည်သည်။ မိမိက မလိုက်လျော့လျှင် အာသာက အတင်းအဓမ္မ အားထုတ်လိမ့်မည် မဟုတ်၊ ဒီလောက်တော့ ယုံသည်။ သည်တော့ မိမိက ကိုယ့်ဟာကိုယ် လုံအောင် ထိန်းနိုင်ပါ့မလားသည်လို ထိန်းချုပ်နိုင်ဖို့ဆိုတာ သူတော်စင်တွေပင်မလွယ် ခက်တာက မိမိသည် သူတော်စင် မဟုတ်။

‘ကျွန်မတို့ တကယ် ထိန်းနိုင်ပါ့မလား အာသာ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံနေကြပြီး အိပ်ရာနဲ့ ဝေးအောင် ရှောင်နိုင်ဖို့လေ’

‘ကိုယ် ပြောပြီးပါပကော အချစ်ရယ် မင်းကလဲ ဒီလို မှဖြစ်မယ် ဆိုရင် အဲဒီအတိုင်း ဖြစ်ရမှာပေါ့၊ ကိုယ်က အတ္တကြီးတယ်နော် မင်းကို ကိုယ်မရနိုင်လို့ မင်းနဲ့မတွေ့ရတော့တာနဲ့စာရင် မင်းကို ကိုယ်တွေ့ရုံပဲ တွေ့နေတော့မယ်လေ’



‘ဒီစိတ်ကူးက ကြောင်စီစီတော့ နိုင်တယ်၊ ဒါပေမယ့် ကျွန်မတို့ စမ်းကြည့်ကြတာပေါ့လေ’

‘ပေါင်မုန့် တစ်ခြမ်းတော့ ရတာပေါ့’

‘ပေါင်မုန့် အစအနကလေးတွေလောက်ပဲ ရလဲ မဆိုးပါဘူး’

‘ကောင်းပြီ၊ ဒါပေမယ့် ကောင်းဆိုချက် တစ်ခုတော့ သဘောတူရမယ်’

‘ဘာပါလိမ့်’

‘ကိုယ်တို့ သဘောတူညီချက် အသစ်နဲ့ နေကြပေမယ့်လဲ ကိုယ်တို့နှစ်ယောက် အတူရှိနေကြတဲ့ အချိန်မှာ ဘာ အပြောင်းအလဲမှ မဖြစ်စေရဘူး၊ ကိုယ်တို့ သွားနေကျ စိတ်ကူးယဉ်စရာ နေရာတွေကို သွားမယ်၊ ကိုယ့်တို့ ပွေ့မယ်၊ ဖက်မယ်၊ နမ်းမယ်၊ မင်းအတွက် ပန်းတွေ လက်ဆောင်ဝယ်ပေးတာကို ခွင့်ပြုရမယ်၊ မင်းကို မြူဆွယ်ဖြားယောင်းတာမျိုး မလုပ်တာကလွဲရင် အရင်အအတိုင်း ဘာမှ အပြောင်းအလဲ မရှိသလို ဟန်ဆောင်နေခွင့် ကိုယ့်ကို ပေးရမယ်၊ မင်း အကြိုက်လိုက်ပြီး လုပ်ပေးနေရတာဟာ ကိုယ့်အတွက် ကြည်နူးစရာပါ အချစ်ကလေးရယ်၊ မင်းဟာ အချစ်ခံ၊ အယုယခံနေရပါလားဆိုတဲ့ အသိကို သိနေတဲ့အခါ မင်း မျက်နှာပေါ်မှာ ထင်ဟပ်နေတဲ့ ပီတိရိပ်ကို ကိုယ် ဆက်ပြီး မြင်နေပါရစေ’

ဘက်ဗာလီ ခေါင်းညိတ်၏။ ရင်ထဲတွင် ဆို့နေသဖြင့် စကား မပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ အပြောင်းအလဲ မရှိစေရဘူးလို့ ကိုယ် ပြောခဲ့တာကိုယ်ကို မပြောင်းလဲသလို နေဖို့ပြောတာ၊ ဒီညလေပေါ့၊ ကိုယ် အစီအစဉ်တစ်ခု ဆွဲထားတယ်၊ အဲဒီ အစီအစဉ်ကို ဘာဖြစ်လို့ လုပ်သလဲဆိုတဲ့ အဓိပ္ပာယ်ကို မဖော်ချင်ဘူး'

'ရှင်.... ကျွန်မ နားမလည်ဘူး'

'ကိုယ်တို့ တွေ့တဲ့ညကို မှတ်မိလား၊ ကိုယ် ပြောခဲ့တယ် မဟုတ်လား၊ ဆီလ်ဗီယာတော့ ခရီးသည် လမ်းပြကော လိုက်မပို့နိုင်တဲ့ နေရာမျိုးတွေ ကိုယ် လိုက်ပြမယ်လို့'

ဘက်ဗာလီ ခေါင်းညိတ်၏။

'မင်းကို ဒီည ကိုယ် လာမခေါ်ခင် ကိုယ်တို့ဘဝ လမ်းကြောင်းတွေ ပြောင်းကုန်အောင် မင်း မလုပ်ခင်ကတည်းက ဒီကိစ္စကို စီစဉ်ထားတာ မင်းကို ပြပွဲတစ်ခုကို ခေါ်သွားမလို့လေ'

သူ ဘာပြောနေသည်ကို ခုထိ ဘက်ဗာလီ အဓိပ္ပာယ် မပေါက်သေး။

'ဒီပြပွဲမျိုးတော ပါရီမှာတော့ သိပ်မဆန်းတော့ပါဘူး၊ တစ်ခါ တစ်ခါကျ စိတ်ကြွစရာ ကောင်းတယ်၊ တစ်ခါ တစ်ခါ ကျတော့လဲ ရယ်စရာကောင်းတယ်'



အားသာနှင့် ဘက်ဗာလီတို့ ပြပွဲကြည့်သည့် ညမှာပင် အက်ဒ်ရှစ်ချိမန်က မိခင်ဖြစ်သူ ဂျိန်းနှင့် ညစာအတူ စားနေ၏။

ဘက်ဗာလီ ခရီးထွက်သွားပြီး နောက်ပိုင်း အက်ဒ်နှင့် ဂျိန်း ယခုတစ်ခါပဲ တွေ့ဆုံဖြစ်သည်။ အက်ဒ်က သူ့ မိခင်ကို တွယ်တာသည်၊ ချစ်သည်လို့ပဲ ဆိုရမည်။ သို့ပေမယ့် မေမေနှင့်တွေ့လျှင် ရင်ထဲမှာ ခံစားချက်ပေါင်းစုံ ပေါ်ပေါက်လွန်းသဖြင့် တစ်ခါတစ်ခါ မေမေ့ကို ရှောင်နေတတ်သည်။

တစ်ခါတုန်းကတော့ ဖေဖေ အရွယ်မတိုင်မီ သေဆုံးသွားမှုအတွက် မေမေ့ကို အပြစ်တင်မိသည်၊ မေမေသည် ဖေဖေကို အိမ်ထောင့် တာဝန်များပိပြီး ကျွဲလို နွားလို ရုန်းရအောင် အတင်းတွန်းခဲ့သည်ဟု လွဲမှားစွာ သံသယဖြစ်ခဲ့၏။ သို့ အတင်းတွန်းခဲ့သဖြင့် ဖေဖေသည် လောကကြီးကို စိတ်ပျက်အော မျှော်လင့်ချက်တွေ စွန့်ခဲ့သည်ဟု ထင်နေ၏။ မိမိ ဘာကြောင့် သည်လို တွေးထင်နေမိသည်ကိုလည်း ကိုယ့်ဘာသာ ကိုယ် မသိ။

စင်စစ် သည်အမျိုးသမီးကြီးသည် သူ့ လင်နှင့်သူ့ သားသမီးများကို ချစ်သူ၊ သံယောဇဉ်ကြီးသူ၊ မိသားစုနှင့်အတူ ပျော်ရွှင်နှစ်သိမ့်နေသူ ဖြစ်၏။ သို့သော် ထိုစဉ်က ငယ်လွန်းသေးသည့် အက်ဒ်သည် ဒါတွေကိုမသိ။ မမြင်။ သို့တိုင် သည်အမျိုးသမီးကြီး၏ အင်အားများ၊ ကြံ့မှုအခိုင်းစွာနေတတ်မှုနှင့် ခံနိုင်ရည်ရှိမှုများကိုတော့ အက်ဒ်

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ် ပြုရသည်။ သည့်အမျိုးသမီးကြီးမှာ သည်လို စွမ်းအားတွေ ရှိနေသဖြင့်လည်း မိမိမှာ လုစွမ်း လု မရှိသလို ဖြစ်ခဲ့ရ၏။

အက်ဒ်၏ ကွေ့စောင်းသော အမြင်တွင် ဂျိန်းသည် ဘက်ဗာလီနှင့် တော်တော်တူသည်ဟု မြင်သည်။ စိတ်ဓာတ် ခိုင်မာသည်၊ ရည်မှန်းချက် ကြီးသည်၊ ကိုယ့်အား ကိုယ် ကိုးသည်၊ မေမေ၏ စီးပွားရေးလုပ်ငန်း အောင်မြင်မှု များမှာ အိမ်ထောင်တာဝန်များကြောင့် စောစောစီးစီး ဦးကျိုးသွားတာ ဖြစ်ရမည်၊ အကယ်၍ မေမေသာ ဆယ့်ငါးနှစ်လောက် စောပြီး စီးပွားရေးလောကထဲ ဝင်ခဲ့လျှင် ကြောက်စရာ လန့်စရာ ကောင်းလောက်အောင် ထက်မြက် အောင်မြင်နေသည့် မာရီယံနှင့် ဘက်ဗာလီတို့ အတိုင်း ဖြစ်လာမှာမုချ။ သို့သော် မေမေက အိမ်မှာပဲ နေခဲ့သည်။ ဖေဖေ ကွယ်လွန်ချိန်ထိ မယားနှင့် မိခင်တာဝန် ကိုပဲ ခံယူခဲ့သည်။ ဖေဖေ ဆုံးသွားတော့လည်း သားနှင့် သမီး၏တာဝန်လို့ မတွန့်မဆုတ်၊ မညည်းမညူ ယူခဲ့တာ ပါပဲ။ သူသည် အက်ဒ်ကို ဘာဆိုဘာမျှ မခိုင်းခဲ့၊ အက်ဒ် ထံမှာ ဘာမှ တောင်းဆိုခြင်း မပြုခဲ့၊ တကယ်တော့ မေမေ တောင်းဆိုခဲ့သင့်သည်ဟု အက်ဒ် တစ်ခါတစ်ရံ တွေးမိ၏။ ထိုသို့ တောင်းဆိုခဲ့လျှင် မိမိ၏ ယောကျာ်း မာနများ ပေါ်ထွန်းလာခဲ့မည် မုချ။

မိခင်ဖြစ်သူအပေါ် ထားခဲ့သည့် မိမိ၏ ခံစားချက် များသည် မိမိ၏ ဇနီးသည်နှင့် ပတ်သက်ပြီး ပေါ်ပေါက်



နေသည့် စိုးရိမ်သောကများနှင့် ဆင်ဆင် တူနေသည် ဆိုခြင်းကို အက်ဒ် သတိမထားမိ။ သို့သော် မိမိ၏ စိုးရိမ်သောကများ အကြောင်းကို မေမေနှင့် စိတ်အေး လက်အေး ဆွေးနွေးရလျှင် မေမေ့ထံမှ အကြံကောင်း ဉာဏ်ကောင်းများ ရနိုင်သည် ဟုတော့ ရိပ်စားမိသည်။

အက်ဒ်က တယ်လီဖုန်းဆက်ပြီး ညစာ အတူစားဖို့ အကြောင်းပြောတော့ ဂျိန်းမှာ ဝမ်းသာရသည်။

'အိမ်ကိုလာမလား၊ ခြောက်နာရီဆို မေမေ အိမ်ပြန် ရောက်ပြီ၊ မေမေ အိမ်အပြန်မှာ စားစရာ သောက်စရာ တွေ ဝယ်ထားလိုက်မယ်လေ'

'ဟင့်အင်း....အပြင်ထွက်စားမယ် မေမေ၊ ကျွန်တော် တို့ အေးချမ်းတဲ့ တစ်နေရာကို သွားကြတာပေါ့ ကြိုက် လား'

သို့ဖြင့် သူတို့နှစ်ယောက် မီးမှိန်မှိန် ထွန်းထားသည့် စား သောက် ဆိုင် လေး ထဲ ရောက်နေသည်။ အစား အသောက်တွေက ဈေးကြီးလွန်းသည်၊ ကြာလွန်းသည်။ စားပွဲထိုးချုပ်က အပျူငှာ လွန်လွန်းသည်၊ သည်ဆိုင်ကို လာရတာ ကောင်းကွက် နှစ်ကွက်ပဲရှိသည်။ စားသောက် သူတွေ ကိုယ်ရေးကိုယ်တာ စကားများ လွတ်လွတ်လပ် လပ် ပြောလို့ရလောက်အောင် စားပွဲ တစ်လုံးနှင့်တစ်လုံး ကွာလှမ်းသည်။ ဈေးနှုန်းတွေ ကြီးမြင့်လွန်းသဖြင့် အက်ဒ် အား အရေးပါ အရာရောက်သူ တစ်ဦးလို ခံစားရစေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယခုကား နှစ်ခွက်စီ သောက်ပြီးပြီ။ ထိုအခါတော့ အတွင်း စကားပြော ပြောဖြစ်ကြသည်။ ပါရီမြို့လမ်းဘေး သည့် ဘက်ဗာလီ၏ စာတွေ့အကြောင်း၊ အာဘတ်အစား ဆိုင်တွင် ဂျိန်း ကြုံရသည့် ချမ်းသာ မြိုး တွေ့ထူးသော ဖော်ကက်သည်များအကြောင်း၊ ရှယ်နှင့် မီးသစ်အကြောင်း၊ အဖမဲ့ ကုမ္ပဏီနှင့် အင်္ဂလိပ်၏ အလုပ်အကြောင်း၊ အင်္ဂ က မိမိ ရာထူး တက်တော့မည့်အကြောင်း ပြောပြသည် သည်တော့ ဂျိန်း ဝမ်းသာသွားသည်။ သူ ကြည့်ရတာ ဝမ်းသာသင့်သည်ထက် ပိုပြီး ဝမ်းသာလွန်းနေသလို။

'ဟယ်....သွားရယ်၊ မေမေ ဝမ်းသာလိုက်တာ၊ ဘက် ဗာလီလဲ ဝမ်းသာရှာမှာပဲ။ ဒီတော့ အနေအထားတော့ အရှင်နဲ့ မတူတော့ဘူးပေါ့'

'မေမေ့ကြည့်ရတာ လိုတာထက် ပိုပြီး ဝမ်းသာနေ သလိုပဲ'

'မဟုတ်ရပါဘူးကွယ်၊ ဒါပေမယ့် ကိုယ့်သား ရာထူး ကြီးကြီးတစ်ခုရလို့ မအေတစ်ယောက်က ဝမ်းသာတာ ဘာများဆန်းလို့လဲ'

'သူ့သားဟာ ဒီလိုရာထူးမျိုး ဘယ်တော့မှ ရမှာ မဟုတ်ဘူးလို့ ထင်ထားတဲ့ အခါမျိုးမှာတော့ ဆန်းတာ ပေါ့၊ ကျွန်တော်လဲ အဲဒီလောက်ထိ ထွန်းထွန်းပေါက် ပေါက် ဖြစ်လာမှာ မဟုတ်ဘူးလို့ မေမေ ထင်ထားထား မဟုတ်လား။ အေးလေ....ထင်မယ်ဆိုလဲ ထင်စရာဖြစ်ခဲ့ တာကိုး၊ မေမေက ချောင်ပြီးသားပဲဟာ၊ လွန်ခဲ့တဲ့လေး



လုံးလုံး ကျွန်တော်ဟာ မိန်းမလုပ်စားကို ထိုင်စားနေခဲ့ တာ မဟုတ်လား၊ ဟုတ်တယ်တော့ ဒါဟာ တာဝန်မဲ့မှု တစ်ရပ်ပဲ မဟုတ်လား'

သည်စကားတွေ ပြောပြီးမှ နောင်တရမိ၏။ မိခင်၏ စကားတွေကို ပြန်ပြီး ရုတ်သိမ်းလိုက်ချင်သည်၊ မိမိရှာနေ ပြီလား။ မေမေ့ကို ဘာဖြစ်လို့ သည်လို ရန်စောင်နေရ တာလဲ။ ဝမ်းသာစရာ သတင်းစကားတစ်ခု ကြားရတာ ကို ဝမ်းသာအားရ တုန့်ပြန်တာပဲ။ ဒါကို မိမိက အခုတောင်း မမြင်။ မိမိရင်ထဲမှာ အောင်းနေသည့် ဒေါသတွေ၊ လောက ကြီးအပေါ် မကျေနပ် ဖြစ်နေတာတွေကို အရမ်းကာ ရော ပြောချပစ်မိသည်။

'စိတ်မကောင်းပါဘူး မေမေ၊ ကျွန်တော် ဘာဖြစ် သွားလဲ မသိဘူး။ ရာထူးသစ်အကြောင်း ပြောပြလိုက် တော့ မေမေက အရမ်း စိတ်သက်သာရာ ရသွားပုံ ပေါက်နေတယ်၊ ဘက်ဗာလီကို တွေ့ရင် သူလဲ ဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော် လူရိုးသ ရိုးရိုးလေး အလုပ်ကလေးတစ်ခု ရတာဟာ ကြီးမားတဲ့ အောင်မြင်မှုကြီး တစ်ရပ်လိုလေ၊ ကျွန်တော် ဒီလို ဖြစ်လာလိမ့်မယ်ဆိုတာ မေမေတို့ နှစ်ယောက်စလုံး မယုံ နိုင်ကြဘူး မဟုတ်လား၊ ကျွန်တော် မကျေနပ်တာ အဲဒါ ပဲ၊ ကျွန်တော်ဟာ ရှဘ်ဘရက် အဘိုးတော် အားအားလိုတဲ့ သူတန်း တောင်းသားလေး တစ်ယောက် ခံစားရပုံမျိုး ခံစားနေရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲ ခုတလော ဘာဖြစ်နေမှန်း မသိပါဘူး မေမေရယ်၊ ကျွန်တော်ဟာ ကျွန်တော့်ဘဝနဲ့ ကျွန်တော် ပျော်နေခဲ့တယ်၊ ကိုယ့်ခံယူချက်နဲ့ကိုယ် မနက်ဖြန်အတွက် ပူပန်မနေဘဲ ပစ္စုပ္ပန်မှာ ပျော်ပျော် နေခဲ့တယ်၊ ဒါပေမယ့် ခုတော့ ရုတ်တရက်ကြီးဆိုသလို ကျွန်တော့်မှာ ဝန်ထုပ်ဝန်ပိုးကြီး ပိလာတယ်၊ ငါ သက်သေတစ်ခုခုတော့ ထုတ်ပြရတော့မယ်လို့ ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရတယ်'

'ဘယ်သူ့ကို ပြရမှာလဲ အက်ဒ်၊ မေမေ့ကိုလား၊ ဘက်ဗာလီကိုလား၊ မင်းကိုယ်မင်းလား'

ခုတော့ အက်ဒ် ဒေါသ ထွက်မနေတော့၊ သူသည် ခက်ခဲသော ဆုံးဖြတ်ချက်တစ်ရပ်ကို ဆုံးဖြတ်ဖို့ အခက်အခဲတွေ့နေသည့် လူတစ်ယောက်မျှသာ ဖြစ်နေ၏၊ မိမိ လက်ထပ်ထားသည့် မိန်းမ၏ လေးစားမှုနှင့် အချစ်ကို ပြန်လည် ရယူနိုင်ဖို့ မိမိ၏ တစ်သက်တာ ယုံကြည်ချက်များ၊ သဘောထားများကို စွန့်လွှတ်ပေးလိုက်ရမည့် အရေး၊ ဘက်ဗာလီက မိမိကို သည်လိုလုပ်စေချင်နေတာ ကြာပြီ၊ သူ့ မကျေနပ်မှုများကို စကားလုံးများ အသွင်နှင့်တော့ ဖွင့်မပြော၊

သို့သော် မကျေနပ်မှုက တစ်ဖက်တည်းမှသာ ရှိသည် မဟုတ်ဟု အက်ဒ် ကိုယ့်ဘက်မှ ကာစတွေးတွေး၏၊ ဘက်ဗာလီသည် ပြေစင်းလှဲနေပြီ၊ ယခင်က မိမိ ထင်ထားသလို ခေတ်ဆန်သော၊ ပျော်ပျော်နေတတ်သော မိန်းကလေး



တစ်ယောက် မဟုတ်တော့၊ ဘက်ဗာလီ အနေဖြင့် မိမိ ခံယူထားသည့်ဘဝ၏ ဦးစားပေး အရာများကို နားလည် သဘောပေါက်လိမ့်မည်ဟု ထင်ခဲ့သည်၊ ခုတော့ သည်လို မဟုတ်၊ လူ့ဘဝမှာ အောင်မြင်မှုဆိုတာ ဘယ်လောက် အရေးမပါ အရာမရောက်ကြောင်းကို ဘက်ဗာလီ သဘော မပေါက်နိုင်၊ လက်မခံနိုင်၊

*(သည်တော့ အစစ်အမှန်ဆိုတာ ဘာလဲ၊ လူ့ဘဝမှာ အရေးကြီးပြီး မဖောက်ပြန်သော သဘောကို ဆောင်တာ ဘာလဲ၊ လူ့ဘဝဆိုတာကကော ဘာလဲ၊)

လွန်ခဲ့သည့် လေးနှစ်လောက်ကတော့ ဒါတွေကို မိမိ သိသည်၊ နားလည်သည်ဟု ထင်ခဲ့၏၊

သည်နေ့တော့ မိမိ၏ အမြင်များကို ပြန်လည်ဆန်းစစ်နေရပြီ၊ ပြန်လည် မေးခွန်းထုတ်နေရပြီ၊ သည်လိုလုပ်မိသဖြင့် ကိုယ့်ကိုကိုယ်လည်း အံ့အားသင့်မိသည်၊ စိတ်ပျက်မိသည်၊

မိမိသည် ပျင်းရိသူ၊ ဒါမှမဟုတ် မှုစွန်းမခံနိုင်လွန်းသူ၊ ဒါမှမဟုတ် ခေါင်းမာစွာတော်လှန်နေသူ ဖြစ်ချင်ဖြစ်နေနိုင်သည်၊ မိမိသည် ဘက်ဗာလီ လိုလားသည့် ယောကျ်ားတစ်ယောက်ပုံစံဖြစ်မလာလျှင် ဘက်ဗာလီကို စွန့်လွှတ်ရတော့မည်ဆိုတာ သိနေသည်၊ ဘာကြောင့် စွန့်လွှတ်ရသလဲဆိုသည့် အကြောင်းရင်းများက သေးဖွဲလွန်းသည်၊ တိမ်လွန်းသည်၊

www.burmeseclassic.com



ဘက်ဗာလီသည် မိမိ ဘဝ၌ ခုတော့ သည်ဘဝသည် ချုပ်ငြိမ်းတော့မည်။ ရင်လှိုင်းခတ်သံများ ကွယ်ပျောက်တော့မည်။ သည်ဘဝကို ဆုံးရှုံးစွန့်လွှတ်လိုက်ရမှာ မိမိ စိုးရိမ်ထိတ်လန့်နေမိ၏။

ယခု ဂျိန်းက မေးနေပြီ။ ဘယ်သူ့ကို သက်သေထုတ်ပြရမှာလဲတဲ့။ သည် မေးခွန်းကိုမေးလိုက်တာ လွန်ခဲ့တဲ့ မိနစ်ပိုင်းကမှ။ သို့သော် မိမိ စိတ်ထဲမှာ နှစ်ရှည်ပေါင်းများစွာ ကြာသွားပြီထင်မိ၏။ သည်မေးခွန်းကား အဖြေရှိသော မေးခွန်းတစ်ခု။ မိမိသည် အယ်သူ့ကိုမှ အာမ သက်သေထူပြနိုင်ဖို့မလို။ ကိုယ့်ကိုကိုယ်မှ သက်သေထူဖို့ မလို။

ကျွန်တော် ဟန်ဆောင်မနေနိုင်ဘူး မေမေ၊ မေမေ ကျွန်တော့်ကို ဘယ်တုန်းကမှ တစ်ခုခုကို သက်သေထူဖို့ မတောင်းဆိုခဲ့ဖူးဘူး။ ကျွန်တော်ဘက်ကလဲ အဲဒီလိုလုပ်ဖို့ လိုအပ်တယ်လို့ကို မထင်မိဘူး။ ဘက်ဗာလီအတွက်တော့ ကျွန်တော့်ကို၊ ကျွန်တော့်အတွက်ကို သူ့ဆီ ပုံအပ်ထားပြီပဲ။ ဒါဆို လုံလောက်ပြီလို့ ကျွန်တော် ထင်ခဲ့တာပဲ။ အဲ တခြားလိုအပ်ချက်တွေ၊ တခြားတောင်းဆိုချက်တွေ ရှိနေဦးမယ်ဆိုရင်တော့ ကျွန်တော် မဖြည့်ဆည်းနိုင်ဘူး။ အိမ်ထောင်ရေးဟာ အဲဒီအချက်တွေပေါ်မှာ မူတည်နေမယ် ဆိုရင် အဲဒီအိမ်ထောင်ရေးခိုင်မြဲမှာ မဟုတ်ဘူး။ ကျွန်တော်ကတော့ ကျွန်တော့်ဘဝအမြင်ကို မပြောင်းနိုင်ဘူး။ သူ့အတွက်တော့ မပြောင်းနိုင်ဘူး'



'သူက မင်းကို အဲဒီလိုပြောင်းလဲစေချင်တယ်ဆိုတာ သေချာရဲ့လား'

'ဟုတ်ကဲ့....၊ သေချာတယ်။ သူ့ရဲ့ လှုပ်ရှားမှုတလေးတိုင်းမှာ အဲဒီသဘောဆောင်နေတယ်။ ပိုပြီး အရေးကြီးတာက သူမလှုပ်ရှားဘဲနေတဲ့ကိစ္စတိုင်းမှာလဲ အဲဒီသဘော ပေါ်လွင်နေတယ်'

'ဒီအကြောင်း မင်းတို့ ဆွေးနွေးပြီးကြပြီလား'

'ဟင့်အင်း၊ ရှည်ရှည်ဝေးဝေး မပြောဖြစ်ခဲ့ကြဘူး။ ဒါပေမယ့် ပြောစရာမှလိုဘူးလေ ကျွန်တော်က 'အကောင်ကြီး' ဖြစ်အောင်မလုပ်နိုင်တဲ့အတွက် သူဟာ အိမ်ထောင်တစ်ခု ထူထောင်ရာမှာ မအောင်မြင်ဘူးလို့ ခံစားနေရတယ်။ သူ အဲဒီလို မအောင်မြင် ဖြစ်ရတာ ကျွန်တော့်ကြောင့်လို့ ခံစားနေရတယ်။ ဒါကို ကျွန်တော် သိတာပေါ့။ သူဟာ တဖြည်းဖြည်းနဲ့ ရှောင်ဖယ်ဖယ်လုပ်လာတယ်။ သူ့ ရင်ထဲမှာ ဘယ်လောက် မြိုသိပ်ထားရတယ်။ သူ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကျွန်တော် သိနေတယ်။

'ခု ဒီခရီးမှာ သူလိုက်ရမယ်ဆိုတော့ သူ အရမ်းဝမ်းသာသွားတယ်၊ အဲဒီလိုဝမ်းသာတဲ့အတွက်လဲ သူ ဘာသာသူ မလုံမလဲဖြစ်နေတယ်၊ သူ့အိမ်ထောင်ဘက်ဟာ 'အကောင်' ဖြစ်ရမယ်လို့ သူ ရည်မှန်းထားသလို ကျွန်တော်က ဖြစ်မလာတာကို သူ ဂရုမစိုက်ဘဲနေဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် သူ ဂရုမစိုက်ဘဲ မနေနိုင်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



‘ဒါပေမယ့် ဒါတွေအားလုံး ပြောင်းလဲသွားနိုင်ပြီလေ၊ မင်း ရာထူးတက်ပြီ မဟုတ်လား၊ မင်း ခြေလှမ်းသစ် စ လှမ်းနေပြီပဲ’

‘ဘယ်ကိုရောက်အောင်သွားဖို့ လှမ်းရမှာလဲ၊ နိစ္စဒူဝ ပျင်းရိငြီးငွေ့စရာကောင်းပြီး ကျွန်တော့်ကို ဘာမှအကျိုးမပြုတဲ့ အလုပ်၊ ဒါပေမယ့် အပြင်ပန်းအားဖြင့် လူရိုသေ ရှင်ရိုသေ ဖြစ်တဲ့ အလုပ်ဆီကိုလား၊ ဒီရာထူးရလို့ ဝမ်းသာအယ်လဲဖြစ်ဖို့ အားထုတ်ပါတယ်၊ တကယ့်ကို အားထုတ်ခဲ့တာပါ၊ အိမ်ထောင်ရေး ပြဿနာရဲ့ ထွက်ပေါက်ဟာ ဒါပဲ၊ ဘက်ဗာလီ အရမ်း တန်ဖိုးထားတဲ့ ဘာဝတက် လမ်း လှေကားရဲ့ ပထမဆင့်ပဲလို့ ကိုယ့်ကိုကိုယ် အားပေးဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် အဲဒါကို ကျွန်တော် မလိုချင်ဘူး၊ အဲဒါဟာ ထွက်ပေါက်ပဲလို့ ယုံလို့ ကိုမရဘူး မေမေ၊ ကဲ.... ဒီတော့ မေမေ ကူညီစမ်းပါဦး’

‘ဘက်ဗာလီ ကို ငဲ့ညှာတဲ့ အနေနဲ့တောင် အားမထုတ်နိုင်ဘူးလားကွယ်၊ အလျော့အတင်းတော့ လုပ်ပါ အက်ဒ်၊ လုပ်စရာ ဒီနည်းပဲရှိတယ်၊ အဲဒီ အလုပ်မှာ ပျော်အောင် ကြိုးစား၊ ဘာဖြစ်လို့ လဲဆိုတော့ ဒါမှ ဘက်ဗာလီ စိတ်ချမ်းသာမယ်လေ၊ နောက်ဆုံးကျတော့ မင်းရဲ့ ပျော်ရွှင်မှုဟာလဲ သူ့ရဲ့ ပျော်ရွှင်မှုပေါ်မှာ တည်နေတယ် မဟုတ်လား၊ သူဟာ မင်းကို အရမ်းချစ်တယ်၊ နောက်ပြီး အနာဂတ်အရေးအတွက်လဲ အရမ်းသောကရောက်နေရှာတယ်၊



သူက မင်းကို အပြစ်တင်တာထက် သူ့ကို ပိုပြီး အပြစ်တင်နေတာကလား’

‘မေမေက ဘာဖြစ်လို့ အဲဒီလောက် ခိုင်ခိုင်မာမာ ပြောနိုင်ရတာလဲ’

‘ဆောင်းဦးတုန်းက မေမေတို့ အကြာကြီး စကား ပြောဖြစ်ကြတယ်လေ’

အက်ဒ် အံ့အားသင့်နေသည်။ ထို့နောက် ရယ်မောလိုက်တော့....

‘ဟား....တယ်ဟုတ်ပါလား၊ မေမေ့ကို ကျွန်တော် ဘာထပ်ပြောပြနေစရာရှိတော့မလဲ၊ ကျွန်တော့်မိန်းမဟာ သူ့ယောကျ်ားကိုတော့ ဒီအကြောင်းတွေ မပြောနိုင်ဘူး၊ ယောက္ခမကျတော့ ပြောပြနိုင်တယ်၊ နေစမ်းပါဦး၊ သူ ဘာဖြစ်လို့ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း မပြောနိုင်ရတာတဲ့လဲ၊ သူ့ရင်ထဲက ခံစားချက်တွေကို အန်ထုတ်ချင်တယ်ဆိုရင် အဲဒီလို ဖြစ်လာစေတဲ့ အဓိကလူကို ဘာဖြစ်လို့ မပြောတာလဲ၊ အဲဒါကိုက ကျွန်တော်တို့ နှစ်ယောက် ဘယ်လောက် အလှမ်းကွာနေပြီ ဆိုတာကို ပြနေတာပါ၊ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် စကားကို မပြောနိုင်ကြတော့ဘူး’

‘မင်းဟာ အမြင်ကန်းနေတာရင်လဲဖြစ်၊ ဒါမှမဟုတ် မိုက်မဲလွန်းနေတာရင်လဲ ဖြစ်ရမယ် အက်ဒ်၊ သူ သိပ်ချစ်တဲ့ လူတစ်ယောက် မနာကြည်းစေဘဲနဲ့ သူ့ရင်ထဲက ခံစားချက်တွေကို ဘယ်လိုဖွင့်အန် ထုတ်နိုင်မလဲ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒါလေးကော်မှ မသိဘူးလား၊ သူ့အနေနဲ့ စိတ်ကုဆရာဝန်၊ ဒါမှမဟုတ် ဘုန်းတော်ကြီးတစ်ပါး၊ ဒါမှ မဟုတ် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို ရွေးရတော့မယ်လေ၊ မေမေ့မှာ ဘက်လိုက်မှုကင်းသွန်းတဲ့ ကြားလူတစ်ယောက် ဖြစ်လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် သူ့မှာ အရင်းနှီးဆုံးဆိုလို့ မေမေပဲရှိတယ် မဟုတ်လား’

‘သူ့အမေဆီ ဘာဖြစ်လို့ မသွားသလဲ၊ ဘာဖြစ်လို့ ကျွန်တော့်အမေကိုမှ ရွေးပြီး ပြောရတာလဲ’

ကျိန်းရှစ်ချိန်နဲ့ ပြန်းလိုက်၏။

‘လူတွေအားလုံးထဲမှာ ဒီကိစ္စကို နားအလည်သင့်ဆုံးလူဟာ မင်းပဲအကြိမ်၊ လူတစ်ယောက်ဟာ သူ့ရဲ့ကျူးလွန်မှုတွေကို ရင်ဆိုင်ဖို့ဆိုတာ မလွယ်ဘူးကွယ်၊ အမှန်တကယ် ကျူးလွန်မှုပဲဖြစ်ဖြစ်၊ ကျူးလွန်တယ်လို့ ထင်တာပဲ ဖြစ်ဖြစ်ပေါ့၊ အထူးသဖြင့် ကိုယ်နဲ့ပိုင်ဆိုင်ခွင့်ရလို့ ဂုဏ်ယူနေတဲ့ လူတစ်ယောက်ရှေ့မှာ ဒီမျိုးဝန်ခံဖို့ဆိုတာ အခက်ဆုံးပဲ၊ ဒတော့ ဘက်ဇာလီလဲ ဇနီးတစ်ယောက် အနေနဲ့ မမြင်ဖူးတဲ့ သူ့အကြောင်းကို သူ့အမေ ရှေ့မှာ ပြောပြဖို့အခက်ကြုံနေမှာပဲပေါ့’

‘ဒီမယ်ဘား၊ မင်းကို မေမေ ဆရာလုပ်နေတာ မဟုတ်ဘူးနော်၊ ဆရာလုပ်နေရင်လဲ ရှုံးရာကျမှာပဲ၊ မေမေက တော့ မင်းတို့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိအောင် ကြိုးစားကြစေချင်တယ်၊ သူက မင်းကိုချစ်တယ် အကြိမ်၊ မင်းကကော သူ့ကို ချစ်ရဲ့လား’



‘ကမ္ဘာပေါ်မှာ ရှိတဲ့အရာတိုင်းထက်ကို ချစ်တယ်’

‘ဒါဆို ဘာလိုသေးလဲကွယ်၊ အဖြေရဲ့အစမှာ အဲဒီမှာရှိနေပြီပဲ မဟုတ်ဘူးလား’

‘မပြောတတ်ဘူးမေမေ၊ ကျွန်တော် သူ့ကိုဘယ်လောက်ကြီးပဲ ချစ်နေချစ်နေ၊ သူ ဖွင့်ဟပြီး ဝန်ခံနေတာ၊ သူ့စိတ်ပျက်အားလျော့ထားတာ၊ နောက်ဆုံး ကျွန်တော့်ကို သနားစိတ်နဲ့ ဆက်ဆံနေတာမျိုးတွေနဲ့ ကျွန်တော် ရင်မဆိုင်နိုင်ဘူး၊ အဲဒီလိုမျိုးနဲ့ မနေနိုင်ဘူး၊ ကျွန်တော် တစ်ယောက်ဖြစ်ရမှာ တစ်ယောက်ပါ မေမေ၊ ရုပ်သေးရုပ်တစ်ရုပ် မဟုတ်ဘူး’

‘အချိန်ပေးပေါ့ကွယ်၊ ဘက်ဇာလီကိုလဲ မေမေ ဒီတိုင်း ပြောခဲ့တယ်၊ အေးအေးချာချာ စဉ်းစား၊ အပြန်အလှန် စဉ်းစား၊ အလုပ်သစ်က ဘယ်သူ့ အထောက်အပံ့ ပေးနိုင်လဲဆိုတာ စောင့်ကြည့်၊ ဒီအလုပ်က မင်းအတွေးအခေါ်တွေကိုကော ဘက်ဇာလီ အမြင်တွေကိုပါ ပုံပြောင်းချင်ပြောင်းပစ်နိုင်လိမ့်မယ်’

အက်ဒ် ဆက်ပြင်းခဲ့၏။

‘ဒါပေမယ့် အဲဒါတွေအားလုံးဟာ အပေါ်ယံကိစ္စတွေချည်းပါပဲ မေမေ၊ ကျွန်တော်တို့ လိုအပ်နေတာ အဲဒီထက်ပိုပြီး ခိုင်မာတဲ့ ရင်ထဲက နှောင်ကြိုးပါ’

‘မှန်တာပေါ့ကွယ်၊ ဒါပေမယ့် မင်း ခြေတစ်ဖက်ကျိုးနေရင် ပထမဦးဆုံး လုပ်ရမှာက အရိုးကို ပြန်ဆက်ဖို့ပဲ၊ ပြီးမှ လမ်း လျှောက်နိုင်တဲ့အထိ ဆန့်ကလာအောင်

www.burmeseclassic.com

www.burmeseclassic.com



•ကျောက်ပတ်တီးစည်းပြီး ကုစားရမယ်၊ နောက်ပိုင်းတော့ ပြေးပေတော့၊ တကယ်လို့ အချစ်ဆိုတဲ့ ကျောက်ပတ်တီးနဲ့စည်းပြီး ကုစားမယ် ဆိုရင် အိမ်ထောင် တစ်ခုဟာ အရိုးပေါင်းများစွာ ကျိုးတာကိုတောင် ခံနိုင်ရည်ရှိပါတယ် သားရယ်။

ဒီတော့ စိတ်မပျက်နဲ့၊ အစစအရာရာ အဆင်ပြေသွားလိမ့်မယ်၊ အဲဒါ မေမေ ယုံကြည်တယ်'

ဂျိန်းသည် ဘက်ဗာလီအား ဝန်ချပြောဆိုခဲ့သည့်အပြုအမူ တစ်ရပ်ကို နောက်တစ်ကြိမ် ကျူးလွန်နေပြန်ပြီ ဖြစ်၏၊ သူ့သားကို ဘာဆိုဘာမှ အရေးမဆိုခြင်း၊ တောင်းဆိုမှုမပြုခြင်း၊ သူသည် သူ့သားကို မြှူချော့နေ၏၊ နှစ်သိမ့်နေ၏၊ ကြက်သားအုပ်မကြီးလို အဖေ့မ လွန်နေ၏၊ အကာအကွယ်လွန်နေ၏၊ အစစအရာရာ အဆင်ပြေသွားလိမ့်မည်ဆိုတာကို သူ ဆုံသေကာမ မပြောနိုင်၊ ဘယ်လိုမှ သေချာပေါက် မပြောနိုင်။

* * *

(၁၂)

...လ်ပီယာနှင့် သူ ဒေါ်ချက်စတာဟိုတယ်သို့ ရောက်သောအခါ သူ့အတွက် အက်ဒ်ထံမှ စာတစ်စောင် ...က်နှင့်နေသည်။

ဘက်ဗာလီ စာကို ဆုတ်ဆိုင်းဆိုင်းဖြင့် ဖောက်သည်။ ... ခရီးထွက်နေစဉ်အတွင်း မောင် ရေးခဲ့သည့် စာတို...လေးများမှာ မောင် အချစ်များဖြင့် ထုံမွှန်း နွေးထွေး...၍ မောင် နေ့စဉ် ကြုံတွေ့နေရသည့် အဖြစ်အပျက်...လေးများနှင့် မိမိကို ဘယ်လောက် လွမ်းရသည့်...ကြောင်း၊ ဘက်ဗာလီ ပြန်လာရမည့်ရက်ကို လက်ချိုး...ပြီး စောင့်နေကြောင်းများသာ ဖြစ်၏၊ ဤစာလည်း...ခင် စာများအတိုင်းပင် ဖြစ်မည်။ အပြောင်းအလဲဆို၍...ရတော့မည့် ရာထူးသစ် အကြောင်းသာ ပါပါလိမ့်...မည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စင် မိမိသည်လည်း မေငင့်ထံ စာတိုတလေးရေ
ရေးခဲ့သည်။ ပါရီတွင် ဂျင်ခရြလည်အောင် အလုပ်မ
နေရဖြင့် စာတိုကလေးတွေလေ‌ာက်ပဲ ရေ‌ာက်ခြ
သည်ကိုခွင့်လွှတ်ဖို့ တောင်းပန်ထားသည်။ သူ့ အကြေ
ပြချက်ကို မောင်ဏ ဘာမှ စာပြောမနေဘဲ လက်
ခံသည်။ ယောကျ်ားတွေ အားလုံးလိုလို လက်ခံမှာပဲ
ကျကား မိန်းမနှင့်ယောကျ်ား မှတူ ခြားနားသ
အချက်ပေါင်းများစွာထဲမှာ တစ်ချက်သာ ဖြစ်၏။ မိ
တွေ ဆိုတာမျိုးက မိမိတို့ ချစ်မိပြီဆိုလျှင် ချစ်သူ
စာရေးဖို့၊ ဒါမှမဟုတ် တယ်လီဖုန်းဆက်ဖို့ အချိန်ကို
ရအောင် ရှာတတ်မြဲ၊ ယောကျ်ားတွေကတော့ ဆည
မဟုတ်၊ သူတို့၏ ချစ်သူများကို အမြဲတစေ ဆက်
နေဖို့၊ ဒါမှမဟုတ် အနွေးဓာင့်အယှက် ပေးဖို့မလိုဟု ယူ
တတ်ကြသည်။

အကယ်၍ အိမ်မှာ ကျန်နေခဲ့သူသည် အာသ
ဖြစ်နေလျှင် မိမိသည် နေ့စဉ်နေ့တိုင်း စာရေးမိမှာ
ဖြစ်ကြောင်း ဘက်ဗာလီ ရှက်ရွံ့စွာ တွေးမိ၏။ သို့သော်
ခင်ပွန်းသည်ထံ ကြော‌မကြာခနှင့် လွှတ်လွှတ် လပ်
စာမရေးဖြစ်ခြင်းမှာ မိမိဘက်က အပြစ် ကျူးလွန်
သဖြင့် စိတ်မသန့်ခြင်းထက် အချစ်လျော့နေသောကြော
သာ ဖြစ်၏။

ပါရီမှာ နေထိုင်ခဲ့သည့် နောက်ဆုံး တစ်ပတ်
ဘက်ဗာလီနှင့် အာသာသည် 'စည်းတမ်းသစ်' မှ



အတိုင်း လိုက်နာနေကြသည့်တိုင် အပျော်ကြီး ပျော်ခဲ့
ကြ၏။ အာသာ လိုင်ယွန်သို့ သွားနေသည့် နှစ်ရက်မှာ
မိ၏ အလွမ်းညများပင်တည်း။ အာသာထ ဟိုတယ်သို့
စ်ညစလုံး တယ်လီဖုန်းဆက်သည်၊ ဘက်ဗာလီ တစ်
ယောက် အိပ်ရာထဲမှာ ညစာ စားရဲလားဟု စစ်ဆေး
ခြင်း ဖြစ်၏၊ ဘက်ဗာလီကလည်း အာသာ့ စကားကို
မြဝယ်မကျ နားထောင်သည်။

အာသာ ခရီးသွားနေသည့်အတွက် တစ်ခုတည်းသော
ကောင်းကျိုးမှာ အိပ်ရေးဝဝ အိပ်ရခြင်းပင်၊ တစ်နေ့
သာ လုပ်ငန်းများအပြီး ခြေကုန် လက်ပန်းကျလာသော
ဘက်ဗာလီသည် ည ရှစ်နာရီ ထိုးသည်နှင့် အိပ်ရာဝင်
တော့၏၊ အာသာနှင့် တယ်လီဖုန်း စကားပြောအပြီး
တွင် မီးများမှိတ်ကာ ဆယ်နာရီလုံးလုံး မနိုးတမ်း အိပ်
တော့၏။ ညစာ စားပွဲများမှ ဆီလ်ဗီယာ ပြန်လာခြင်း
သည်ပင် ဘက်ဗာလီ၏ မှေးစက် အနားယူမှုကို
အနှောင့်အယှက် မပေးနိုင်။

သူ့အား အနှောင့်အယှက် ပေးနေသည့်တစ်မျိုးတည်း
သော အရာမှာ အိပ်မက်များ၊ အဆိုးပါ အိပ်မက်များ
ထဲတွင် အာသာနှင့် အက်ဒ်ဝိသည် အမြဲတစေ ထိပ်တိုက်
တွေ့နေကြ၏၊ တစ်ခါတစ်ရံတွင် ဘက်ဗာလီသည် မျက်ရည်
စရွှဲသားဖြင့် လန့်နိုးလာတတ်၏၊ အိပ်မက်ဆိုးတွေထဲတွင်
လူသတ်မှုများကို မြင်မက်ရသဖြင့် ထိတ်လန့်တကြား ဖြစ်
နေတတ်၏။ တော်သေးသည်၊ အိပ်မက်များမှာ မှုန်ဝါး

www.burmeseclassic.com



သဖြင့် သတ်သူကိုကော၊ အသတ်ခံရသူကိုပါ ပီပီပြင် မမြင်ရ။ ဘယ်သူ ဘယ်ဝါတွေမှန်း မသိ။

ပါရီသို့ ရောက်လာသောအခါ အာသာက သူ့ အတိုင်း စောင့်စည်းသည်။ သူက ဘက်ဗာလီအား ဖော်အဖြစ် သိမ်းသွင်းဖို့ ကောင်းအဖြစ်ဟောင် မ သို့သော် သူ့အနေအထိုင်များကတော့ အလျင်ကလို ချစ်ဖော်များအတိုင်း နေထိုင် ဆက်ဆံသည်။

ပါရီမှ ထွက်ခွာလာခဲ့ကြတော့ ဘက်ဗာလီ ရင်ထဲ ဘဝတစ်ခုကို စွန့်ခဲ့ရသလို ခံစားရ၏။ သည်ဘဝမျ သည်အတွေ့အကြုံမျိုးကို သည်တစ်သက်တွင် နောက်ထ ကြုံတွေ့ခွင့်ခဲ့ရတော့မည် မဟုတ်ကြောင်း သိနေသည်

မိမိသည် တစ်နှစ်လျှင် နှစ်ကြိမ်ကျ ပါရီသို့ ရော ကောင်း ရောက်နိုင်သည်။ သို့ပေမယ့် ခု တစ်ခေါက် တူမည် မဟုတ်တော့။ ကမ္ဘာ့ အလှဆုံးမြို့တော် ပထမဦးဆုံးအကြိမ် မြင်တွေ့လေ့လာရသဖြင့် ခံစား သော စိတ်လှုပ်ရှားမှုမျိုးကို ခံစားရမည် မဟုတ်တော

စိတ်ကူးယဉ် ဇာတ်လမ်းဆိုတာ ရှိမည်မဟုတ်တော

စိတ်လွတ်လက်လွတ် အပျော်ဆိုတာ ရှိမည် မဟု တော့

ညွှတ်နူး တိမ်းမူးမှုဆိုတာ ရှိမည်မဟုတ်တော့။

မိမိ နယူးယောက်သို့ ပြန်ရောက်လျှင် အာသာ ထပ်မတွေ့တော့ဖို့ ဆုံးဖြတ်ထားသည်။ အာသာ ဘယ်လောက်ပဲ တွေ့ချင် တွေ့ချင်ပေါ့။



ပါရီသို့ နောက်တစ်ခေါက် ရောက်လာလျှင်လည်း သာနှင့် ဝေးဝေးအောင် ရှောင်နေမည်။ ပြောသာ ပြောရသည်။ သူ့ကို ရှောင်နေဖို့ဆိုတာ လွယ်သည့် အလုပ် တော့ မဟုတ်။

လှော်လော်ဆယ်မှာတော့ သူသည် နေ့ရက်တွေကို က်ချိုး ရေတွက်နေမိ၏။ အိမ်ပြန်ဖို့ ဆယ်ရက်ပဲကျန် တော့သည်၊ လန်ဒန်မှာငါးရက်၊ 'ကွင်းအဲလီဇဘက်'ပေါ် ငါးရက် ထို့နောက် အိမ်သို့ပြန်၊ အက်ဒ်ဆီသို့ပြန်၊ ထူး ခြားနားသော ချစ်ကြင်ယုယမှု ဆီသို့ပြန်။

ဟုတ်သည် အိမ်သို့ တာဝန်ဝတ္တရားများ ရှိရာဆီသို့၊ သည်သို့ပင် ကိုယ့်ကိုကိုယ် ခိုင်မာစွာပြောမိ၏၊ ရက် က်စွာ ပြောမိ၏။

အက်ဒ်၏ စာကို ဖွင့်လိုက်၏. ခါတိုင်းစာတွေနှင့်မတူ တ်ထိခိုက်စရာ ကောင်းလောက်သည့်စာ၊ လက်ရေးက တော့ အရင်အတိုင်းပါပဲ၊ ထိုးထားသည့်ရက်စွဲမှာ မိမိ ဂို နှစ်ယောက် တယ်လီဖုန်းနှင့် စကားပြောသည့် နေ့ က်ပင်ဖြစ်၏၊

**အချစ်ရေ၊**

ဒီစာ ရေးနေချိန်မှာ မနက် တစ်နာရီထိုးနေပြီ၊ အမှတ်ထင်ထင် ဖြစ်ရပ်တွေ ပြည့်နေတဲ့ နေ့တစ်နေ့ ရဲ့ အဆုံးသတ် ကာလပေါ့၊ ဒီနေ့ အမှတ်ထင်ထင် ဖြစ်ရပ်ကတော့ ဂျီတေလာရဲ့ မင်္ဂလာရှိတဲ့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



စကားနဲ့စ ခဲ့တယ်၊ ခိမ်မေနဲ့ ညစာ အတူစားပြီး အခ
ဆက်ခဲ့တယ်၊ ဒီကြားထဲမှာ ပီတီ အဖြစ်ရဆုံးကတော
မင်း အသံကို ကြားရတာပဲပေါ့၊ မင်းအသံကို ကြား
တော့ မင်းဒီမှာပဲ ရှိနေတယ်လို့ကို ထင်မိမတတ် ဖြ
သွားတယ်လေ။

ကိုယ် မကြာမီ ရတော့မယ့် ရာထူးသစ် အတွ
မင်းကြည်နူး နှစ်သိမ့်တာ သိရလို့ ကိုယ် ဝမ်းသာ
ပါတယ်၊ တကယ်တော့ ရာထူးတိုးဖို့ဆိုတာ ကို
မျှော်လင့်မထားမိဘူးလေ၊ အေးလေ၊ ဒါကြောင့်
မင်းရဲ့ယုံကြည်ကိုးစားမှုကို မခံရတာပေါ့၊ ကိုယ်ဟ
ဘယ်လောက် မိုက်မဲတဲ့ ငပုံ၊ တစ်ကောင်လဲ ဆိုတ
သက်သေပြစရာ နောက်တစ်ချက်ပေါ့။

ဒီသတင်း ကြားရတော့ မေမေလဲ ပျော်နေ
တယ်၊ ကိုယ်တို့ သားအမိ ဒီညစကားပြောရတာ
တော်တော် ကောင်းတယ် ဘာကြောင့်လဲသိလဲ၊ ကိုယ်
နှစ်ယောက် လူကြီးသူကြီးတွေလို စကားပြောခဲ့
တာ ရှားသားကလား ကိုယ်တော့ မမှတ်မိလောက်
အောင်ပဲ၊

မေမေကပြောတယ် လွန်ခဲ့တဲ့ ဆောင်းဦးတုန်း
မင်းသူ ကို လာတွေ့သွားတယ်တဲ့၊ အဲဒီ အကြောင်
သူ ကိုယ့်ကို ပြောပြတဲ့ အတွက် မင်းစိတ် မခု
ကောင်းပါဘူးနော် အချစ်၊



ပထမတော့ မင်းဟာ ကိုယ်နဲ့နှစ်ကိုယ်ကြား ပြော
ရမယ့်အစား မေမေ့ကို သွားပြောရမလား ဆိုပြီး
ကိုယ်နာကျည်းမိတယ်၊ ဒါပေမယ့် မင်း ဘာဖြစ်လို့
ဒီလိုမလုပ်နိုင်သလဲ ဆိုတာ ကိုယ်နားလည်လာပြီထင်
တာပဲ၊

ကိုယ်တို့သားအမိ ဘဝနဲ့ပတ်သက်တဲ့ အမြင်တွေ
တော်တော် ပြောဖြစ်ကြတယ်၊ ဒီစကားထဲမှာ ရှည်ရှည်
ဝေးဝေး ရေးပြမနေ တော့ပါဘူး၊ ဒါပေမယ့် သူ
ပြောတာသာမှန်ရင် ကိုယ်တို့နှစ်ယောက်ဟာ ကိုယ့်
အကြောင်း ကိုယ်တော့ တစ်ယောက် အကြောင်း
တစ်ယောက်ပါ နားမလည်သေးတာတွေ တစ်ပုံကြီး
ရှိနေသေးတယ် ထင်တယ်၊

မင်းအိမ်ပြန်လာရင် ကိုယ်တို့မှာ ပြောစရာစကား
တွေ အများကြီး ရှိနေပြီမင်းခရီးထွက်ချင်တဲ့ စိတ်ကူး
ကို ကိုယ်တစ်စက်မှ မကြိုက်ခဲ့ဘူး၊ ဒါပေမယ့် ခုလို
ထွက်လိုက်တာဟာ အချိန်သင့်၊ အချိန်ကိုက် ဖြစ်သွား
နိုင်ပါတယ်၊ မင်းပြန်လာရင်တော့ အခြေ အနေတွေ
အရင်နဲ့ တူမှာမဟုတ်တော့ဘူးလို့၊ ကိုယ်အကောင်း
မြင်၊ မြင်နေတယ်၊

ကိုယ့်အလုပ်သစ်နဲ့ ပတ်သက်တဲ့ အဘည့်ပြုချက်
ကတော့ မင်းပြန်မရောက်မီ ထွက်လာပါလိမ့်မယ်၊
အဲဒီအမိန့်စာကို အလံတစ်ခုမှာ ကပ်ချုပ်ပြီး အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဆလံကို ငွေရှမ်းပြီး မင်းကို သဘော်ဆိပ်က ကြိုနေခ
လိမ့်မယ်ထင်တယ်။

မင်းရဲ့ ပါရီခရီးစဉ် အောင်မြင်ပါစေလို့ ကိုယ်
ဆုတောင်းပါတယ်၊ လန်ဒန်ကို ရောက်ရင်တော့ မင်း
တို့ အလုပ်ပါးသွားပါပြီး ပျော်စရာများများ ရှာရ
ရမှာပေါ့၊ နန်းတော်စောင့် တပ်ဖွဲ့တွေ လူလဲတာက
ကိုယ့်ကိုယ်စား သွားကြည့်စမ်းပါကွာ၊ နောက်ပြီး
'တာဝါ'မှာ ရှိနေတဲ့ နန်းစဉ်ရတနာ တွေကိုကြည့်ခ
ဖို့လဲ မမေ့နဲ့၊ ဒါပေမယ့် အဲဒီ ရတနာတွေ ထဲက
ဘယ်ဟာမှ မင်းလောက် မလှဘူး၊ မင်း လောက်
အဖိုးမတန်ဘူး ဆိုတာတော့ သတိရနေနော် အချစ်
တာလေး။

အချစ်များစွာဖြင့်
အက်ဒ်

စာက တိုတိုလေး။ သို့သော် အများကြီး စကားပြော
သွားသည်၊ ဘက်ဗာလီ အတွေးပွားနေသည် အက်ဒ်ရင်
ထဲမှာ စွဲထင်သွားရလောက်အောင် သူတို့ သားအမိ
ဘာတွေများ ပြောခဲ့ကြပါလိမ့်။ နောက် တစ်ခုက မိမိ
အက်ဒ်နှင့် မတွေ့မီက တွဲခဲ့ဖူးသည့် ယောကျ်ားနှစ်ယောက်
အကြောင်း ဂျိန်းကို ဖွင့်ဟဝန်ခံခဲ့၏၊ ဂျိန်းက သည်အ
ကြောင်းတွေ သူ့သားကို ပြောပြလိုက်လေသလား။ သည်
လိုတော့ ပြောမည် မဟုတ်၊ ဒါကိုတော့ ယုံကြည်စိတ်ချ



ရသည်။ မိမိ၏ ယောက္ခမသည် သည်လိုမိန်းမစားမျိုးမဟုတ်။
သူတစ်ပါးက ယုံကြည်စိတ်ချလို့ ပြောပြထားသည့်ကိစ္စကို
ဂျိန်းသည် သူ့သားကိုပင် ပြန်ပြောမည်မဟုတ်။

သူတို့ ဘာစကားတွေပဲ ပြောခဲ့ပြောခဲ့။ သည်စကား
တွေက အက်ဒ်ကို ပိုပြီး ဖြောင့်သော၊ ပိုပြီး အတွေးပါ
သော လမ်းကြောင်းပေါ် တင်ပေးခဲ့နိုင်ပုံရသည်။ သို့သော်
ဂျိန်းသည် မိမိကိုလည်း လွန်ခဲ့သည့် လ အနည်းငယ်က
သည်လိုပင် ဖျောင့်ဖျခဲ့သည် မဟုတ်လား။ ခက်သည်မှာ
သူ့ အကြံပေးချက်တွေက ရင်ထဲမှာ စွဲမြဲမနေ၊ ရက်ရှည်
မခံ၊ အင်း.... သူ့ သွေးရင်းသားရင်းဖြစ်သည့် အက်ဒ်က
တော့ သူ့ စကားကို မိမိထက်ပိုပြီး သဘောပေါက်ခံစား
နိုင်မလား မသိ။

'ဒေါ်ချက်စတား' ဟိုတယ်တွင် ဘက်ဗာလီ အတွက်
နောက်ထပ် ရောက်နေသည့် စာနှစ်စောင် ရှိသေးသည်။

တစ်စောင်မှာ အိန်ဂျလာသီဆန်း၏ စာ၊ ထုံးစံအတိုင်း
နယူးယောက် ရာသီဥတု အကြောင်း၊ အေးလွန်းသဖြင့်
အဆစ်အမြစ်ကိုက်ခဲရောဂါ ဖြစ်ပေါ်နေကြောင်း၊ ပျင်းရိ
ငြီးငွေ့စရာ စကားများ။ ဘက်ဗာလီ ခပ်သွက်သွက်ပင်
ဖတ်ပစ်လိုက်၏။

နောက်တစ်စောင်မှာ ရှသ်အယ်လီယာဆန်ထံမှ ဖြစ်
နှင့်အတူ ဓာတ်ပုံတစ်ပုံ ထည့်ပေးလိုက်သည်၊ အက်ဒ်နှင့်
မိလ္လစ်တို့ ခလေဆိပ်တွင် တွဲရိုက်ထားသည့်ပုံ၊ [illegible]၏ စာ
ထဲတွင်မူ ငယ်သူငယ်ချင်းဖြစ်သူအား ခင်မင်တွယ်တာမှု

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျေးဇူးတင်သည့်အရိပ်များ လွှမ်းနေ၏။ တစ်နေရာတွင် ရှသိက ရေးထားသည်မှာ...။

'ဖိုလစ်ကို အက်ဒ် ကူညီလိုက်တဲ့ကိစ္စနဲ့ ပတ်သက်လို့ နိုင့်ကိုကော အက်ဒ်ကိုပါ ငါ ဘယ်လောက်ကျေးဇူးတင်တယ်ဆိုတာ မပြောနိုင်လောက်အောင်ပါပဲဟယ်။ အားငယ်ကြောက်လန့်နေတဲ့ ငါ့သားလေးကို အက်ဒ် စည်းရုံးဖျောင်းဖျလိုက်တာ ခုဆို ဖိုလစ်ဟာ လေယာဉ်တွေကိုတောင် သွားကြည့်ပုံနေပြီလေ။ နောက်တစ်ဆင့်ဆိုရင် လေယာဉ်ပေါ်တက်ဖို့ထိ သိမ်းသွင်းနိုင်လိမ့်မယ် ထင်တယ်။ ဖိုလစ် ဟာ တော်တော်ကြီးကို ပြောင်းလဲသွားပြီ...ဘက်ဗာလီ။ အက်ဒ်ဟာ ကလေးတွေနဲ့ပတ်သက်လာရင် ဘယ်လိုစိတ်ရှည်မှန်း၊ ကြင်နာတတ်မှန်းမသိဘူး သူငယ်ချင်း။ သူဟာ အလွန်မတန် ထူးခြားတဲ့ လူတစ်ယောက် ပဲ။ အေးလေ၊ ဒါကို မင်းထက် ဘယ်သူက ပိုသိမှာလဲကွာ'

ကျန် အစိတ်အပိုင်းများကတော့ တော အကြောင်း တောင်အကြောင်း သောင်းပြောင်းထွေလာ။ လွန်ခဲ့သည့်နှစ်ပိုင်းများအတွင်း မိမိတို့ချင်း အတွေ့ကျဲလာကြောင်း။ ဘက်ဗာလီ အိမ်ပြန်လာလျှင် မကြာမကြာ တွေ့ဖြစ်အောင်ကြိုးစားမည် ဖြစ်ကြောင်း။



'သိတယ်မဟုတ်လား အချစ်ရယ်၊ နင်ဟာ ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်းပါ။ နောက်ပြီး ငါက ဘက်ဗာလီ 'အစစ်အမှန်' ကို သိတယ်လေ၊ အဲဒီ ဘက်ဗာလီကိုလဲ ငါ သိပ်ချစ်ပါတယ်'

ဘက်ဗာလီက ဓာတ်ပုံထဲမှာ ချစ်စရာကလေးငယ်နှင့် မိမိ၏ ခင်ပွန်းသည်ကို ကြည့်၏။ သူတို့ နှစ်ယောက်စလုံး ပျော်ရွှင်ကြည်နူးနေပုံပင်။ ဓာတ်ပုံ၏ အငွေ့အသက် က သူ့ ရင်ထဲထိ စူးနစ်ဝင်သွား၏။

ဘုရားသိကြားမ လို့ အက်ဒ်ရတဲ့ ရာထူးသစ်ကအလုပ်ဖြစ်ပါစေ၊ အလားအလာကောင်းပါစေ၊ ဒါဆို ငါကိုယ်ငါ ပြုပြင်တော့မယ်။ မောင် လိုချင်တောင့်တနေတဲ့ ကလေးတွေ မွေးပေးမယ်။ မောင့်မှာ ရှိသင့်ရှိထိုက်တဲ့ မယားကောင်းတစ်ယောက်ဖြစ်အောင် ငါ ကြိုးစားမယ်။ စီးပွားရေးလောကမှာ ငါ့ အရည်အချင်းကိုထိုက်သင့်သလောက်ပြခဲ့ပြီးပြီ။ သည်တော့ ခုလောက်ဆို သည်လောကကနေ ငါ ခေါင်းမော့ ရင်ကော့ပြီး ထွက်လာနိုင်ပြီ။ ဘာမှ ဝမ်းနည်းစရာ မရှိ၊ မကျေနပ်စရာ မရှိ။

သို့ စဉ်းစားနေသည့် တခဏ တွင် သူ့ ဆုံးဖြတ်ချက်နောက်ဆုံးအပိုင်းကိုပင် ယုံယုံကြည်ကြည် ချမှတ်ခဲ့ခြင်းဖြစ်၏။ သည်ဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်ချင်ပါသည်။ ဘာကြောင့် သည်လို ဆုံးဖြတ်ရသလဲ ဆိုသည့်အကြောင်းရင်းကိုတော့ မစဉ်းစားချင်၊ ရှုမဆိုင်ချင်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပါရီသို့ ဘယ်သောအခါမှ ပြန်မလာချင်တော့။ ပါရီဆိုသည့်နေရာကား အာသာပါဝါ၏ ပုံရိပ်များ လွှမ်းမိုးသည့်နေရာ မဟုတ်လား။ ရှမ်ပီနို ဖန်ခွက်တိုင်းတွင် အာသာပါဝါ၏ ပုံရိပ်က မျောပါနေသည်လေ။

နောက်ပြီး ဒုတိယနေ့ကျော်သည်နှင့် လန်ဒန် ခရီးသည် မှန်းချက်နှင့်နှမ်းထွက်မကိုက်ကြောင်း တွေ့သိလိုက်ရ၏။ လာမည့်နှစ်များအတွင်း သူသည် ဂုဏ်သိက္ခာကြီးမြင့်လှသည့် မြို့အိုကြီးကို ချစ်နိုင်အောင်ကြိုးစားရပေဦးမည်။ သို့သော် ယခု ပထမဦးဆုံးအခေါက်မှာတော့ ရာသီဥတုက ဆိုးရွားလှသည်။ ဝန်းကျင်တစ်ခုလုံး နှင်းတွေဖြင့် ပိန်းပိတ်အောင် မှောင်နေသည်။ သူ့ အသားအရေတွေ ခြောက်နေသည်၊ လက်တွေ ထုံထိုင်းနေသည်၊ တတိယမြောက်နေ့တွင် နေလယ်စာ စားနေရင်း အာသာပင် သတိထားမိသည်။

'ဘာဖြစ်နေတာလဲ ဘက်ဗလီ၊ ရာသီဥတု ဆိုးရွားတာကလွဲလို့ပေါ့'



'သိပ်အေးနေလို့ ထင်တာပဲ'

မိမိစကားမှာ ဖိတ်ခေါ်ချက်တစ်ရပ်လို ဖြစ်နေမှန်း မြန်လည်း သတိထားမိသဖြင့် ဘက်ဗလီ အာသာနှင့် အဲဒီလူတွေ ပျော်ပါးသွားအောင် နေရာရွှေ့လိုက်၏။

မှန်းချက်တွေ လိုအပ်နေတာ နည်းနည်းလေး အချိန်အား ယူလိုက်ဖို့ပါ၊ ဒီညနေပိုင်းအတွက် စီစဉ်ထားပြီးသားရှိလား'

'မရှိပါဘူး၊ ဆီးလ်ဗီယာက အမေရိကန်မတွေ ဝတ်ဖို့ အပေါ်အင်္ကျီတွေ လိုက်ရှာနေတယ်၊ ဒါပေမယ့် ဒီက အင်္ကျီတွေက လေးလွန်း၊ ထူလွန်းပါတယ်၊ အမေရိကန် အနွေးထောက်ပေးတဲ့ စနစ်နဲ့လဲ မကိုက်ဘူး၊ ကျွန်မက နန်းစဉ်ရတနာတွေကြည့်ဖို့ 'တာဝါ'ကို သွားမလို့ စဉ်းစားထားတာ၊ ဒါပေမယ့် ဒီနေ့ ပိတ်ထားတယ်တဲ့လေ'

'အင်္ဂလိပ် သမိုင်းကြောင်းကိုလေ့လာဖို့ တခြားနည်းလမ်းတွေ အများကြီးပါ၊ ကြည့်ရရုလည်း လွယ်တယ်၊ ပိုပြီး ပျော်စရာလဲ ကောင်းတယ်၊ မင်း ဘာဖြစ်လို့ ကိုယ်နဲ့ လျှောက်လည်ဖို့ မစဉ်းစားတာလဲ'

အာသာက ကျသင့်ငွေကို ပေးချေပြီးသား၊ သူက ဘက်ဗလီ၏ အဖြေကို စောင့်မနေဘဲ စားသောက်ဆိုင်ထဲမှ ခေါ်ထုတ်ခဲ့၏။ ပြီးတော့ ဘွန်းလမ်းဟောင်းဘက်သို့ ဦးဆောင်ခေါ်သွားသည်။ ဘွန်းလမ်းမပေါ်ရှိ ဆိုင်များမှာ လက်ရာအမြောက်ဆုံး ရှေးဟောင်း အင်္ဂလိပ် ပရိဘောဂရောင်းသည့် ဆိုင်တွေချည်း။

www.burmeseclassic.com

www.burmeseclassic.com



'ဒီပစ္စည်းတွေဟာ လန်ဒန်မှာ ခုချိန်ထိ အရောင်းအဝယ် အသွက်ဆုံး ပစ္စည်းတွေပဲ'

ဘက်ဗာလီ ဝင်သာအောင် ဆိုင်တစ်ဆိုင်၏ တံခါးကို ဆွဲဖွင့်ပေးရင်း အာသာ ပြော၏။

ဆိုင်ထဲတွင် အစေခံပင် ရှိသည်မထင် ထပ်တွင် သူတို့နှစ်ယောက် မိနစ်အော်တော်ကြာ လှည့်ပတ်ကြည့်ကြသည်။ အာသာက ပရိဘောဂများ၏ သက်တမ်းများ၊ ပြုလုပ်ခဲ့သည့် ခေတ်ကာလ အမျိုးမျိုး၊ အကြောင်းရှင်းပြသည်။ ဘက်ဗာလီ စိတ်ဝင်စား သဘောကျနေသည်။ သူ့မျက်လုံးတွေက ဖက်ရှင်နှင့်အရောင်ကို ကြည့်မြင်တတ်အောင် လေ့ကျင့်ထားသည့် မျက်လုံးများ မဟုတ်လား။ သည်ပစ္စည်းတွေက သူ့အတွက် အသစ်အဆန်း ဖြစ်နေသည်။ သူရောက်ဖူးသည့် အိမ်များတွင် သည်လို လှပစွဲမက်စရာ ပစ္စည်းများကို မမြင်မတွေ့စဖူး။

'သမိုင်းကြောင်းနဲ့ပတ်သက်တဲ့ကိုယ့်အမြင်ကို သဘောကျရဲ့လား'

'ဒီပစ္စည်းတွေရဲ့ သမိုင်းကြောင်း အပိုင်းနဲ့ ပတ်သက်လို့တော့ ကျွန်မ မခံစားတတ်ဘူးရှင့်'

သူက မဟော်ဂနီ စာရေး စားပွဲကြီး တစ်လုံးနားမှ ခွာခဲ့၏။ မဟော်ဂနီသားကို ကိုင်ကြည့်ရတာ အရသာရှိလှသည်။

'ဒါပေမယ့် ဒီပစ္စည်းတွေဟာ ရှေးဟောင်းပစ္စည်းတွေ၊ ရှားပါးပစ္စည်းတွေလောက်သာ မဟုတ်ဘူး ဘက်



ဗာလီ၊ ဒါတွေအားလုံးဟာ တစ်ချိန်တုန်းကတော့ အသစ်တွေ ဖြစ်ခဲ့တယ်၊ မင်းတို့လို ကိုယ်တို့လို နေထိုင်ပြီး အသက်ရှုနေတဲ့ လူတွေအတွက် ပြုလုပ်ခဲ့တဲ့ ပစ္စည်းတွေ၊ အဲဒီလူတွေဟာလဲ ကိုယ်တို့လိုပဲ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ၊ အဲ.... ဆန္ဒတွေ ရှိကြတာပဲလေ။

'အဲဒီအပိုင်းကို ကိုယ်စိတ်ဝင်စားတာ။ သူတို့ဘဝတွေကတော့ ဘယ်လိုလဲ၊ ပျော်စရာလား၊ ကြေကွဲစရာလား၊ ဆိုပါစို့၊ သူတို့ရင်ထဲမှာ လှုပ်ရှား ခံစားခဲ့ရတဲ့ ခံစားချက်တွေဟာ ဒီ ပစ္စည်းတွေပေါ်မှာ တွယ်ကပ်နေချင် နေဦးမှာပေါ့'

အာသာ သည်လောက် အတွေးနက်နေသည်ကို ဘက်ဗာလီ မြင်တွေ့ဖူးခြင်းမရှိ။ ယခု မြင်တွေ့ နေရသူကား ပါရီမြို့မှ စိတ်ကူးယဉ် အချစ်မင်းသား တစ်ယောက် မဟုတ်။ လန်ဒန်က သူ့ကို စိတ်ပြောင်း သွားစေပြီဟု ဘက်ဗာလီ တွေးမိ၏။

သားသားနားနား ဝတ်ဆင်ထားသူ တစ်ယောက် ဆိုင်နောက်ဘက်မှ ထွက်လာသည်။ သူတို့ဆီ လျှောက်လာသည်။ ထိုသူက အာသာ့ကို ကောင်းကောင်း မှတ်မိသည်။ အာသာက ဖောက်သည်ကောင်း တစ်ယောက် မဟုတ်လား။

သူတို့ချင်း စကား ပြောနေကြတော့ ဘက်ဗာလီ သူတို့နားမှ ခွာခဲ့၏။ သည်ပစ္စည်းတွေတွင် ရှေးရှေးက လူများ၏ ခံစားချက်များ ယခုတိုင် တွယ်ငြိနေလောင်း

www.burmeseclassic.com

www.burmeseclassic.com



နေနိုင်သည် ဆိုသည့် အာသာ့ အယူအဆကို ဘက်ဗာလီ သိပ်မကြိုက်လှ။ သူက သူနှင့်အက်ဒ်ဒီ အတူနေသည့်အခန်း ကျဉ်းလေးအကြောင်း စဉ်းစားကြည့်သည်။ သည်အခန်း ကလေးထဲမှာ ဘာတွေ အမှတ်ရ တမ်းတစရာ ရှိလို့လဲ၊ ဘယ်နေရာမှာ ရှိမလဲ၊ မိမိတို့ အတူအိပ်စက်သည့် ခုတင် ကြီးတစ်လုံးပဲ ရှိတာပဲ၊ နေ့စက်တော့ကော၊ ဩော်... အာသာ စကားပြောနေပါလား။

'ကိုယ်ပြောနေတာက မှင်းဘယ်ပစ္စည်း၊ အကြိုက်ဆုံး လဲလို့ မေးနေတာ'

ဆိုင်ရှင်နှင့်အတူ ရပ်နေကြသည်။ သူ့ အဖြေကို စောင့် နေကြသည်။

ဘက်ဗာလီ အခန်းပတ်လည်ကို လှည့်ပတ်ကြည့်သည်။ ဝေခွဲလို့ မရ။

ဆိုင်ရှင်နှင့် အာသာက သူတို့ အတွေ့အကြုံများကို ဖလှယ်နေစဉ်အတွင်း ဘက်ဗာလီ ဆိုင်ခန်း တစ်လျှောက် သို့ နောက်တစ်ကျော့ ထပ်ကြည့်သည်။ သည်တစ်ခါ တော့ ပို၍ စူးရှသော မျက်လုံးများဖြင့် ကြည့်သည်။

သူတို့က မိမိကို ပညာစမ်းနေကြတာပဲ ဖြစ်မည်။ အခန်းထဲရှိ ပစ္စည်းပစ္စယများကို ခပ်သွက်သွက် လျှောက် ကြည့်လိုက်ကာသည်းက ဈေးနှုန်း ကပ်ပြားများကို မြင်ပြီး ဆား၊ မိမိ ဝယ်နိုင်သည့် ပစ္စည်းဆိုလို့ သည်ဆိုင်ထဲမှာ မရှိ။ သို့သော် ဒီဇိုင်းလှလှများကို ရေးတတ်သည့် ဗီဇ



စိတ်ကတော့ အကြိုက်ဆုံး ပစ္စည်းများကို စိတ်ထဲမှ ရွေးပြီးသား ဖြစ်နေပြီ။

သူက ယောကျ်ားနှစ်ယောက်နှင့် ပိုပြီး လှမ်းသည့် အခန်းနံရံ တစ်ဖက်ဆီသို့ လျှောက်သွားသည်။

'အဲဒါ'

နံရံပေါ်တွင် ချိတ်ထားသည့် ကြည့်မှန် တစ်ချပ်ကို လက်ညှိုးထိုးပြလိုက်၏။ ကြည့် မှန်ဘောင်များမှာ ရွှေ တနုတ်ပန်းများ ဖောင်းကြွ ဖော်ထားသည်။

'အိုး....အရွေးအချယ် တကယ်တော့ပါပေတယ် မဒမ်၊ ဆယ့်ရှစ် ရာစုနှစ် ပရိဘောဂ ဒီဇိုင်းဆရာကြီး ချစ်ပင် ဒေးလ်ရဲ့ လက်ရာပေါ့၊ ဒါဟာ သူ့ လက်ရာမူရင်း အစစ် အမှန်ပဲ'

ဆိုင်ရှင်နှင့် ခဏမျှ အခြားပစ္စည်းများ အကြောင်း ဆွေးနွေးဖြစ်ကြသည်။ ထို့နောက် ဘက်ဗာလီက နာရီ ကြည့်သည်။ နေမကောင်းမီ ထိပ်တန်း ကုန်တိုက်ကြီး တစ်ခုကို ခပ်သုတ်သုတ် လှည့်ပတ်ကြည့်ဖို့ ဆီလ်ဗီယာနှင့် ချိန်းထားသည်။ ဝယ်လ်ဘီတွင် ပြန်လည် အသုံးချလို့ ရမည့် စိတ်ကူး အသစ်အဆန်းများ ရလိုရငြား ကြည့်ကြ မှာ ဖြစ်၏။ ယခု တော်တော်လေး အချိန်လင့်လာပြီ။

အာသာနှင့် ဆိုင်ရှင်ကို အကြောင်းပြ နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာ၏။ အမျိုးသား နှစ်ယောက်ကတော့ ဆယ့်ရှစ်ရာစုနှစ် ဝက်သစ်ချ စားပွဲတစ်လုံး အကြောင်း စိတ်ဝင်တစား ဆွေးနွေးကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

မိမိ ထွက်ခွာလာသည်ကို အာသာ သတိမှ ထားမိ ပါလေစ၊ တော်တော် ဆန်းတဲ့လုပ်ပဲဟု စဉ်းစားမိ သည်လို စဉ်းစားမိသည့်မှာလည်း ထည့်တစ်ကြိမ်သည် ပထမအကြိမ် မဟုတ်။

သို့တိုင် သူတို့နှစ်ယောက် ညစာအတူ စားဖို့ ချိန်းထားသည်လေ။

နောက်တစ်နေ့မှာ ခေါင်းမဖော်နိုင်အောင် အလုပ်များသည့်နေ့၊ အာသာနှင့် ညစာ စားခြင်းကို စောစော စီးစီးပဲ လက်စသတ်လိုက်သည်။

အာသာ့ကို ကြည့်ရတာ တစ်မျိုးဖြစ်နေပုံရ၏။ တစ်စုံ တစ်ခုကို အတွေးနက်နေပုံ၊ ဘက်ဗာလီက ဘာတွေ တွေးနေလဲဟု မေးသောအခါ ဟိုအကြောင်း၊ မဆွေးနွေး ဖြစ်အောင် တမင် ရှောင်တိမ်းသွားသည်၊ စကားလမ်း ကြောင်း ပြောင်းပစ်သည်။

ယခု ကိုယ့်အခန်း ကိုယ် ပြန်ရောက်လာတော့ (ဈေး လျှောက်ဝယ်သည့် အလုပ်ကို ပိုမိုတွင်ကျယ် ထိရောက်စေ ရန် လူခွဲဝယ်ဖို့ ဆီလ်ဗီယာက ဆုံးဖြတ်ခဲ့သည်။) စိတ် လက် ချမ်းသာစွာဖြင့် ခုတင်ပေါ် ခြေဆန့်လက်ဆန့် လှဲမိသည်၊ မိနစ် အနည်းငယ်မျှ တစ်ကိုယ်တည်း နေခွင့် ရသဖြင့် ဝမ်းသာနေသည်။

တံခါးခေါက်သံ ကြားသဖြင့် လှဲလျောင်းနေရာမှ ထ ခဲ့ရသည်၊ ဆီလ်ဗီယာတစ်ယောက် အခန်း သော့



မေ့ခဲ့ပြန်ပြီ ထင်သည်။ သို့သော် တံခါးရှေ့တွင် ရပ်နေ သူမှာ အာသာ ဖြစ်နေ၏။

'ဘက်ဗာလီ၊ ကိုယ် မင်းနဲ့ ခဏလောက် စကား ပြောလို့ ဖြစ်မလား....ဟင်'

သူ့ မျက်နှာ မှုန်နေ၏။ ဘက်ဗာလီ နှုတ်ဆိတ်စွာ လမ်းဖယ်ပေးပြီး ဧည့်ခန်းထဲသို့ ခေါ်ခဲ့၏။ သူတို့ နှစ် ယောက် အထိန်းအကွပ်မဲ့ ဖြစ်သွားမှာကိုတော့ ဘက် ဗာလီ မစိုးရိမ်၊ အာသာ့ မျက်နှာကို မြင်လိုက်သည်နှင့် သူ့ စိတ်အခြေကို မှန်းဆလို့ရသည်၊ သူ့ မျက်နှာပေါ်တွင် ရမက်ဆန္ဒများကို မတွေ့ရ၊ နောက်တစ် ခုရှိတာ က မကြာမီ ဆီလ်ဗီယာ ပြန်ရောက်လာတော့မှာပဲ။

'ဘာဖြစ်လာတာလဲ အာသာ'

'ကိုယ်... ကိုယ် ... ဒီည ညစာ ထွက်မစားနိုင်တော့ ဘူး၊ တိတိကျကျ ပြောရရင် ရေလမ်းခရီးနဲ့ ပြန်ဖို့ အစီအစဉ်ကိုလဲ ပြန်ဖို့ ဖျက်လိုက်ပြီ၊ ဒီညမှ နယူးယောက် ကို လေယာဉ်နဲ့ ပြန်တော့မယ်'

မိမိ၏ မကျေနပ်မှုများကို မျက်နှာတွင် မပေါ်လွင် အောင် ထိန်းထားနိုင်ခြင်း မရှိကြောင်း ဘက်ဗာလီ ကိုယ့်ဘာသာ ကိုယ် သိလိုက်၏။

'အာသာ၊ ရှင့် ကြည့်ရတာ အရမ်း သောကရောက် နေသလိုပဲ၊ ဘာပြဿနာ ပေါ်နေလို့လဲဟင်'

'မာရီလင်ပေါ့၊ မနေ့က စာတစ်စောင် ရတယ်၊ နေ့တော့ အောက်ထပ်က ကိုယ့် စာဘူးထဲမှာ ကြေးနန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါင် ရောက်နေတယ်၊ ဓမ်တော်ကား တိုက်မှု တစ်ခုဖြစ်တာ မာရီလင် အကြီးအကျယ် ဒုက္ခရာ ရသွားတယ်၊ သူ... သူ... ကိုယ့်ကို အရမ်းတွေ့ချင်နေပုံ ရတယ်'

မာရီလင်။ သူ့ ဇနီးဟောင်း။ သူ့ ဘဝထဲမှ အပြီးအပိုင် ထုတ်ပစ်လိုက်ရန် ဆိုင်မာတ်ကျော်စွာဆုံးဖြတ်ထားသည့် အမျိုးသမီး၊ အာသာ၏ စကားများအရ ဘက်ဗာလီသည် မာရီလင်ကို စိတ်ကူးထဲတွင်ပုံဖော်ထား၏၊ အသည်းမာသော၊ သွေးအေးသော၊ ဆက်ဆက်ထိမခံသော၊ အတ္တကြီးသော မိန်းမတစ်ယောက်၊ သို့သော် လှသည်။

အာသာသည် မီမီအားပေါ် အမျိုးမျိုး အရေးဆိုခဲ့၏၊ ဖယောင်းတိုင်မီးမှိန်မှိန်နှင့် ညစာပေါင်းများစွာ အတူတူ စားခဲ့ကြ၏၊ ပန်းအိုးပေါင်းများစွာ ထည့်လောက်သည့် ဖူးပွင့်ရောင်စုံပန်းများကို လက်ဆောင်ပေးခဲ့၏၊

သို့သော်....

မည်သို့ပင် ဒါတွေကိုလုပ်ခဲ့သည်ဖြစ်စေ မာရီလင့်ထံမှ ကြေးနန်းစာတစ်စောင်ရသည်နှင့် အာသာက ဆုန်ပေါက်ပြီး ပြေးတော့မှာပါကလား။

'စိတ်မကောင်းပါဘူး ရှင်၊ ရှင်တို့ နှစ်ယောက်စလုံး အတွက်ပေါ့'

'ကိုယ်တော့ သူနဲ့ လွတ်ကင်းပြီလို့ ထင်ခဲ့တယ် ဘက်ဗာလီ၊ ကိုယ် ခုလို သူ့ဆီ ပြန်သွားတာဟာ အချစ်ကြောင့်လဲ မဟုတ်ဘူး၊ ရမက်ဆန္ဒကြောင့်လဲ မဟုတ်ဘူး၊ ဒါတွေကို သူက တခြားလူသစ်တစ်ယောက်ဆီက ရနေပြီးသား



ပါ၊ ဒါမှမဟုတ်လို့ အဲဒီလိုပဲဖြစ်ရမယ်လို့ ကိုယ် ထင်ခဲ့တယ်၊ တစ်ခုပဲရှိတယ်၊ အဲ... သူ ကိုယ့်ကို လိုအပ်နေတယ်လေ'

သက်ပြင်းရှည်ကြီးကို လေးလံစွာ ချ၏။

'ကိုယ် ဘယ်လိုခံစားနေရတယ်ဆိုတာ ကိုယ် နားမလည်ဘူး၊ ကြေးနန်းစာကိုဖတ်ပြီးတာနဲ့ လုံးခြေလွင့်မတ်ပြီး ကိုယ်တို့ မူလစီစဉ်ထားတဲ့အတိုင်း ဆက်သွားဖို့ဆုံးဖြတ်သလဲဆိုတာ ကိုယ့်အာသာကိုယ်လဲ နားမလည်ဘူး။ တစ်ခုပဲရှိတယ်၊ ကိုယ် အဲဒီလိုမဆုံးဖြတ်ရက်ဘူး'

'ကျွန်မ သဘောပေါက်ပါတယ် အာသာ'

ဘက်ဗာလီက လက်သီး ကျစ်ကျစ် ပါအောင် ဆုပ်ထားသည့် သူ့လက်များကို ညင်ညင်သာသာကလေးကိုင်လိုက်၏။

'ခုလိုဖြစ်သွားတာ ကောင်းမှုအတွက် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ နယူးယောက်ကို ပြန်ရောက်ရင် ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့နေနိုင်မှာ မဟုတ်တော့ဘူး၊ ကျွန်မတို့မှာ ကိုယ့်ဘဝနဲ့ကိုယ်၊ ကိုယ့်ဝတ္တရားနဲ့ကိုယ် ရှိနေကြတယ်လေ၊ ဒါကို ရှင်လဲ သိတယ်၊ ကျွန်မလဲ သိတယ်။

'ဒီတော့ ကျွန်မတို့ ဇာတ်လမ်းကို ဒီမှာပဲ တစ်ခန်းရပ်ခဲ့တာ ပိုကောင်းပါလိမ့်မယ်၊ ကျွန်မတို့ နှစ်ယောက်ကြားမှာ နာကြည်းစရာဆိုလို့ ဘာမှမရှိဘဲ ပျော်စရာကောင်းတဲ့ တမ်းတလွမ်းမောစရာလေးတွေပဲ ကျန်ခဲ့မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ စကားမျိုး မပြောပါနဲ့ ဘက်ဗာလီ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်း မဆုံးသေးဘူးဆိုတာ မင်း သိပါတယ်၊ အနာဂတ်ကာလမှာ ဘာတွေ ဖြစ်မယ်ဆိုတာ ကိုယ် မသိဘူး၊ ဒါပေမယ့် ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်း နိဂုံးမချုပ်သေးဘူးဆိုတာတော့ ကိုယ် သိတယ်၊ ခုချိန်မှာတော့ ခုလိုကြီးတော့ စခန်းမသိမ်းနိုင်ဘူး ဘက်ဗာလီ'

သူ အမျိုးသမီးကို ပွေ့ဖက်ဖို့ ကြိုးစား၏။ သို့သော် ဘက်ဗလီ သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။

'ကျွန်မတို့မှာ အနာဂတ်ဘဝဆိုတာ ရှိမယ်လို့ ဘယ်တုန်းကမှ ကျွန်မ မမျှော်ကြည့်ခဲ့ဘူး.... အာသာ၊ အဲဒီ အကြောင်းကိုလဲ မစဉ်းစားဖြစ်အောင် ကိုယ့်ကိုကိုယ် ထိန်းခဲ့တယ်၊ ကျွန်မမှာ ကျွန်မကို လိုအပ်နေတဲ့ ခင်ပွန်းသည် ရှိတယ်၊ ကျွန်မ ပေးထားခဲ့တဲ့ ကတိသစ္စာတွေကို ကျွန်မ မချိုးဖောက်နိုင်ဘူး'

'ဪ.... ဒုက္ခ.... ဒုက္ခ၊ အားနွဲ့သူတွေရဲ့ အနိုင်ကျင့်ခံရတာ တယ်ဆိုးပါလား နော်'

သူ့ အသံထဲတွင် ပါဝင်နေသည့် ခါးသီးမှုထုထည်ကြောင့် ဘက်ဗာလီ လန့်သွားသည်။

'ဘာပဲဖြစ်ဖြစ် ကိုယ် မာရီလင်ကို တစ်ခေါက်လောက်တော့ သွားတွေ့ခဲ့ဖို့ကောင်းတာ၊ သူ့ကို ကိုယ့်နှလုံးသားထဲကနေ အပြီးအပိုင် မောင်းထုတ် လိုက်ပြီလာ၊ ဆိုတာသော့ချာအောင်ပေါ့၊ ဒါပေမယ့် လက်ရှိအနေအထားမျိုး



ကြီးနဲ့တော့ သူ့ကို မဖြစ်စေချင်ဘူး၊ သူဟာ သူ့ရုပ်ဆင်းရူပကာနဲ့ ပတ်သက်လို့ သိပ်ဂုဏ်ယူခဲ့တာကလာ၊'

'သူ ဒဏ်ရာရတယ်ဆိုတာ ဒီလောက်ကြီးလဲ ဆိုးဆိုးရွားရွားဖြစ်ချင်မှဖြစ်မှာပါလေ'

အာသာ အဖြေမပေး၊ တံခါးဝရောက်တော့ ခဏရပ်လိုက်၏။

'ကိုယ်တို့နှစ်ယောက်မှာ အနာဂတ်ဘဝဆိုတာ ရှိကိုရှိတယ် ဘက်ဗာလီ၊ တစ်နည်းနည်းနဲ့ရှိနေရမယ်၊ အဲဒီယုံကြည်ချက်ကိုတော့ ကိုယ် စွန့်လွှတ်လိမ့်မယ်မဟုတ်ဘူး'

ထို့နောက် တံခါးကို ညင်သာစွာ ပိတ်လိုက်၏။

* * *

နယူးယောက်သို့ အပြန်ခရီးမှာ ဥရောပသို့ အသွားခရီးနှင့် ဘက်စုံ ပြောင်းပြန်ဖြစ်နေ၏။

အသွားခရီးတုန်းကဆို သူနှင့် ဆီလ်ဗီယာသည် ပျော်ရွှင်မြူးကြွနေခဲ့ကြ၏၊ စိတ်လွတ်ကိုယ်လွတ်ဖြစ်နေခဲ့ကြ၏။ ...းကောင်ပေါက် ကျောင်းသူလေး နှစ်ဦး၏ အပန်းဖြေ

www.burmeseclassic.com



တွေ၊ ကောင်လေးတွေနှင့် လွတ်လွတ်လပ်လပ် ပရောပရီ လုပ်ခွင့်ရပြီး လွတ်လွတ်လပ်လပ် ရှန်ပိန် သောက်ခွင့်ရပြီး ညဉ့်နက်သန်းခေါင် ကျော်သည့်တိုင် ရွဲ့ဘခွင့် ရသည့် အခါ ခံစားရသလို၊

ခုတော့ ဆီလ်ဗီယာက တစ်နေ့လုံးလုံး အခန်းအောင်း နေသည်၊ သူတို့ ရွေးချယ် ဝယ်ယူခဲ့သည့် ပစ္စည်းများ၏ ပုံစံများကို ပြန်ပြီး လေ့လာသည်၊ စစ်ဆေးသည်၊ ဈေး နှုန်းများကို လင်စစ်သည်။ မိမိတို့အရွေး မှားခဲ့ကြောင်း သေချာအောင် အထပ်ထပ်အခါခါ စစ်ဆေးသည်။

သည်လို စိတ်ပင်ပန်းစရာ ကောင်းသည့် အလုပ်ကို ဆီလ်ဗီယာက တစိုက်တည်း လုပ်ချင်သည်၊ ဘက်ဗလီ ရှိနေလျှင် အာရုံပျက်သည်ဆိုပြီး ဘက်ဗလီကို နှင်ထုတ် ထားသည်၊

ဘက်ဗလီကလည်း သဘောကောင်းပါသည်၊ နား လည်ပါသည်၊ တကယ်လို့ အမှားအယွင်း တစ်စုံတစ်ရာ ဖြစ်ခဲ့လျှင် ဝယ်လ်ဘီက အထက် လူကြီးကိုသာ အပြစ် တင်လိမ့်မည်။ မိမိကို အပြစ်တင်မည် မဟုတ်၊

သည်တော့ ဘက်ဗလီ နေ့စဉ်နေ့တိုင်းလိုလို သင်္ဘော ကုန်းပတ်ပေါ်မှာပဲ အချိန်ဖြုန်းနေ၏၊ သင်္ဘောကုန်း ပတ် တစ်ခုလုံးကို တစ်ခေါက်ပြီးတစ်ခေါက် မဆုံးနိုင် အောင် ကွေ့ပတ် လမ်းလျှောက်နေခဲ့၏။

သူ့မှာ စဉ်းစားစရာတွေလည်း အများကြီး ရှိနေ သည်၊ နယူးယောက်သို့ ပြန်ရောက်ဖို့ မိမိဘဝကို အကဲ



နှင့် ဖြန့် စ ဖို့ ငါးရက်ပဲ လိုတော့သည်၊ စဉ်းစားစရာတွေ က တစ်ပုံကြီး၊ ဆုံးဖြတ်စရာတွေက တစ်ပုံကြီး၊ ဒါတွေ ကို စဉ်းစား ဆုံးဖြတ်ဖို့ ငါးရက်တာ ကာလမျှနှင့်ပင် လုံလောက်မည်မထင်။

တစ်ခါတစ်ရံ နေလုံးပျောက်ပြီး တစ်နေ့တာကုန်လွန် သွားပြန်ပြီဆိုတာ သိလိုက်ရသည့်အခါ မိမိစီးလာသည့် ရောမ သင်္ဘောကြီးကို တစ်နည်းနည်းဖြင့် ဆွဲရပ်ထား လိုက်ချင်သည်၊ သင်္ဘောကြီးကို အေးစက် မှုန်မှိုင်းသော သမုဒ္ဒရာကြီး၏ အလယ်တွင် ငြိမ်းချမ်းစွာ ကျောက်ချ ရပ်နားထားလိုက်ချင်သည်။ မိမိ၏ ခံစားချက်များ၊ မိမိ၏ ဝေဒနာများ၊ နောက်ပြီး ပို၍အရေးကြီးသည်မှာ မိမိ ခံစားသိရမည့် တာဝန် ဝတ္တရားများ၊ ဒါတွေကို ခွဲခြမ်းစိတ်ဖြာ သုံးစစ် ချင့်ချိန်ပြီး ဆုံးဖြတ်ချက်များ ချနိုင်သည့် အချိန်ထိပေါ့။

အက်ဒီ၊

ဟုတ်သည်၊ အက်ဒီပါ။ သည်အတွေး ပေါင်းစုံ၏ ဗဟိုချက်မတွင် ရှိနေသူကတော့ အက်ဒီပါ။

သူ့ကို ချစ်သည်၊ သူ့ကို ချစ်နေကြောင်း မိမိနှလုံး သား၏ အနက်ရှိုင်းဆုံး နေရာမှ အသိအမှတ် ပြုထား သည်၊ သူ၏ ကြင်နာမှုအတွက် သူ့ကိုချစ်သည်၊ သူ၏ စိတ်ရှည်သည်းခံမှုအတွက် သူ့ကို ချစ်သည်၊ သူသည် မိမိ ဘဝထဲသို့ အဆုံးမဲ့သော မြတ်နိုး ယုယတာမှုများကို ယူလာသည်၊ သည်မြတ်နိုး ယုယတာမှုများကို သူ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သောအခါမှ ပြန်တောင်းမည်မဟုတ်သည့် လက်ဆောင် ပဏ္ဏာ တစ်ခုလို မိမိ၏ခြေရင်းတွင် ပုံအပ်ခဲ့၏။

သို့သော်....

မိမိ သူ့ကို တကယ်ချစ်ရဲ့လား။

မိမိဖြေရမည့် တစ်ခုတည်းသော မေးခွန်းမှာ သည် မေးခွန်းပဲ ဖြစ်သည်၊ ဒါကိုတော့ သဘောပေါက်နားလည်အောင် မိမိ အရွယ်ရောက်နေပါပြီ။

တစ်ချိန်တုန်းကတော့ သူ့ကို ချစ်ခဲ့သည်၊ တကယ် ချစ်ခဲ့သည်။ ဒါတော့ သေချာသည်၊

သူ့အား ချစ်ခဲ့သည့် အချစ်သည် အသားနှင့် တွဲနေစဉ်က ခံစားရသည့် ခံစားချက်မျိုးနှင့်မတူ။ အသားနှင့် တုန်းက ဖမ်းဆုပ်ရခက်သည့် တစ်ဒင်္ဂ စိတ်လှုပ်ရှားမှုမျိုး ပဲ၊ သည်စိတ်လှုပ်ရှားမှုမှာ ယာယီ ဖြစ်ပေါ်သည့် ခံစားချက် ဆိုတာ မိမိ သိနေခဲ့သည်ပဲ၊

တစ်ခုတော့ ရှိသည်။ အက်ဒ်နှင့် ပတ်သက်သည့် မိမိ ခံစားချက်များသည် ဖရင့်နှင့် တုန်းကလောက် ပြင်းထန်ချင်မှ ပြင်းထန်မည်။ နက်ရှိုင်းချင်မှ နက်ရှိုင်းမည်၊ ဖရင့်ကို ယုံကြည် စိတ်ချချင်သလိုမျိုးလည်း ရှိချင်မှ ရှိမည်။

သြော်...အချစ်ဦး၊ အချစ်ဦးဆိုတာ သည့်လိုပါ ကလား။ဟု ကုတ်အင်္ကျီအိတ်ထဲ လက်နှစ်ဖက်ထိုးထည့် ရင်း တွေးမိ၏။ အချစ်ဦးဘဝ ခံစားချက်မျိုး ကိုတော့ ဘယ်သောအခါမှ ပြန်ရမည် မဟုတ်တော့။



အက်ဒ်က ဖရင့်နှင့်မတူ၊ အက်ဒ်က ယဉ်ကျေးသိမ်မွေ့ သူ၊ ရိုးသား ဖြောင့်မတ်သူ၊ မိမိအား ဘယ်တော့မှ စွန့်ပစ်သွားမည် မဟုတ်၊ သူ့အချစ်ကို ဘယ်တော့မှ ပြန်ရုပ်သွားမည်မဟုတ်၊ သို့ပေမယ့် အိမ်မွေးခွေးလေး တစ်ကောင်တလည်း သည်လိုသံယောဇဉ်မျိုး ပေးနိုင်တာ ပဲ။ အဆိုပါ မလိုလားအပ်သည့် အတွေးကို ချက်ချင်း ပင် ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်ရသည်။

ဆီလ်ဗီယာပြောခဲ့တာမှန်နေသလား။မိမိသည် အက်ဒ် ကို ငွေရှိစေချင်သည်၊ ဂုဏ်ရှိစေချင်သည်၊ နောက်ပြီး ဩဇာအာဏာလည်း ရှိစေချင်သည်၊ သည်အရာများဖြင့် မိမိလိုလားသည့် ဘဝကို ဆောင်ကွပ် ထိန်းထားချင် သည်တဲ့၊ အဲဒါ အမှန်ပဲလား။

ဆီလ်ဗီယာ့ စကားကို ထပ်ခါတလဲလဲ စဉ်းစားကြည့် သည်။

ငွေကြေး၊ ငွေကြေးကို မိမိရှာဖွေနိုင်မှန်း မိမိသိပြီ သား။

သို့ဆိုလျှင် ဂုဏ်ဒြပ်ကော။

ဂုဏ်ဒြပ်ရဲ့ အဓိပ္ပာယ် အတိအကျကဘာလဲ၊ တစ်ခါက မိမိသည် လူတစ်ယောက်နှင့် အပြင်ထွက် ညစာစားဖူး သည်၊ ထိုသည်က သူသည် 'တိုင်း' နှင့် 'နယူး[illegible]' မဂ္ဂဇင်း နှစ်စောင်စလုံးတွင် တစ်ပြိုင်တည်း၊ တစ်ပတ်တည်း၊ မျက် နှာဖုံးရှင်အဖြစ် ဖော်ပြခံရဖို့ သိန်း[illegible] ချထားသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြေဖျပြုခဲ့၏။ ဤကား နောင်မြင်မှုကို ထိုလူ၏ အစိုပွာယ် ဖွင့်ဆိုချက်။

အင်းပေါ့လေ အချိန်အာန်လို့နေခက်တစ်ပတ် ကျတော့ အခြား လူတစ်ယောက်ယောက်ရဲ့ မျက်နှာလဲ ပေါ်ပြခံရမှာပဲတဲ့ ထိုစဉ်က ဘက်ဗီလီ စဉ်းစားခဲ့၏။ ထိုလူကိုလည်း အရူးတုသတ်မှတ်ပြီး ဥပက္ခာပြုခဲ့သည်။

မဟုတ်သေး၊ မိမိ လိုအပ်နေသည်မှာ အက်ဒ် ထံမှ ရောင်ပြန်ဟပ်လာသည့် တောက်ပမှုမျိုးမဟုတ်၊ မိမိလိုချင်သည်မှာ သည့်ထက်ပိုပြီး နက်ရှိုင်းသော၊ သည့်ထက်ပိုပြီး အားရှိသော အရာတစ်ခုအ၊ မိမိ၏ဘဝကို ဖုံးအုပ် လွှမ်းဖက် ထားရလောက်အောင် တည်တံ့သည့် အရာတစ်ခု ပေါ့။

မောင့်အားနဖြင့် တစ်ခုခုကို အလေးထားစေချင်သည် လေ၊ တစ်ခုခုကိုအာရုံဝင်စား စေချင်သည်၊ အဆိုပါတစ်ခုခုကို ယူဖို့အတွက် ရှုန်းကန်ပြီး တိုက်ခိုက်ချင် လောက်အောင်၊ အနစ်နာခံချင်လောက်အောင်၊ ငလးနက်စေချင်သည်။ အဆိုပါ တစ်ခုခုသည် ဘာပဲဖြစ်ဖြစ်ပေါ့၊

မိမိအား အာသာလိုက်ပြခဲ့သည့် ပရိဘောဂ တွေထဲမှ တစ်ခုခုလို ဟာမျိုး ဖြစ်ဖြစ်ပေါ့၊ သည်ပရိဘောဂ တစ်ခုခုကို ပြောင်ပြောင် မြောက်မြောက်နှင့် အပြစ်တစ်ချက်ဆိုစရာ မရှိရေးအတွက် နှစ်ပေါင်းများစွာ အချိန်ယူပြီး တည်ဆောက်ချင် တည်ဆောက်နေပါ ကိုစွမရှိ၊



ဒါမှမဟုတ် အီလ်ဗီယာ ခင်ပွန်းသည်လို လူမှုရေးလုပ်ငန်းတွေ အားသွန်ခွန်စိုက် လုပ်ပြီး ဘဝ၏ အေးချမ်းသာယာမှုကို ရှာမလား၊ ရှာပါ ရပါသည်။

ယုတ်စွအဆုံး ပြိုင်ပွဲခင် ရွှေငါးမွေးမြူရေးပဲ လုပ်နေဦး မလား။

ထိုအခါကျွင်တော့ မောင့်ကို မိမိ အသုံးစားနိုင်ပါလိမ့်မည်၊ ချစ်နိုင်ပါလိမ့်မည်၊ မောင်နှင့် ချစ်နေရအာကို ကြည်မွေ့နိုင်ပါလိမ့်မည်၊ အရေးကြီးသည်မှာ တစ်ခုခုကို စိုက်လိုက် မတ်တတ်လုပ်ဖို့ အာရုံဝင်စားရေးပဲ ဖြစ်ပါသည်။

သည် အကြောင်းကိုတွေးရင်း တော့ရင်း၊ အဖြေကို မွှေနှောက်ရှာဖွေရင်း တစ်ခုတော့ သတိထားမိသည်။ မောင်သည် ဂရုမစိုက်၊ အာရုံ မဝင်စားတာ မဟုတ်၊ မောင် ဂရုထား အာရုံစိုက်တာ တစ်ခုတော့ရှိသည်။ ထို အရာမှာ မိမိ။

ဒါလောက်နဲ့ ဘယ် လုံလောက်မလဲ မောင်ရယ် ဟု ဘက်ဗီလီ တစ်ကိုယ်တည်း ပြောမိ၏။ မောင့်ဘဝကို မောင့်ကိုယ်စား ကျွန်မဝင်ပြီးခံယူလို့ဘယ်ရပါ့မလဲကွယ်။ ကျွန်မဟာ မောင့်ဘဝ မဖြစ်နိုင်ဘူးလေ။ လူတစ်ယောက်ဟာ လူ ဘဝမှာ ရှင်သန် ရပ်တည်နေရခြင်းရဲ့ တစ်ခုတည်းသော အကြောင်းတရားက တစ်ဦး တစ်ယောက်အတွက်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးမောင်။

သို့သော် ရေလမ်းခရီးစဉ်၏ နောက်ဆုံး ညနေခင်း

www.burmeseclassic.com

www.burmeseclassic.com

တွင် မိုးစိုနေသော ကုန်းပတ်ပေါ်မှ ဆင်းလာရင်း ဘက်ဗာလီ ကိုယ့်စိတ်ကို လျှော့ထားခဲ့၏။ ယခင်က အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အတိုင်းပင် မိမိ၏ စူးသော၊ ရှသော အတွေးများကို ပျော့ပျောင်း၊ နူးညံ့အောင် ထိန်းကွပ်ခဲ့၏။

သည်တစ်ခါတော့ အဆင်ပြေမှာပါ။

ရာထူးတက်ခြင်း။

မောင်လိုအပ်နေတာ ဒါပဲဖြစ်မည်။

* * *

အက်ဒ်က သူတို့ကို ဆိပ်ကမ်းမှာ လာကြိုသည်။

သူ့လက်ထဲမှာ အလုံ ပါမလာ။ ဘက်ဗာလီကလည်း သည်အလုံကြီးကို တကယ်တမ်း မျှော်လင့်မထား။ သူ့အပြုံးက ခါတိုင်းလိုပင် နွေးထွေးသည်။ အားတက်စရာ ရှိသည်။ သူ့အကူအညီဖြင့် ဘက်ဗာလီတော့ ဆီလ်ဗီယာ ပါ တစ်နာရီ မကြာလိုက်ရဘဲ အကောက်ခွန် ဌာနကို ဖြတ်ကျော်ပြီး အငှားကားထဲ ရောက်ခဲ့ရသည်။

'မင်းတို့နှစ်ယောက် နားထောင်ကြစမ်း'



ဆိပ်ကမ်းမှ ထွက်လာတော့ ဆီလ်ဗီယာ ပြော၏။

'မမတော့ ခြေကုန်လက်ပန်းကျနေပြီ၊ မင်းတို့ နှစ်ယောက်လဲ အရမ်း အလွမ်းသယ်နေချင်ကြမှာပဲ ဆိုတာ မမ ရိပ်မိတယ်၊ နောက်ပြီး မမတို့ ဒီညနေပိုင်းကို အနားယူလိုက်လို့ ဝယ်လ်ဘီ ကုန်တိုက်ကြီးလဲ ပိတ်သွားရမှာ မဟုတ်ဘူး၊ ဒီတော့ မမနဲ့ မမ ပစ္စည်းတွေကိုပဲ လိုက်ပို့၊ မနက်ကျမှ မင်းကို ရုံးမှာတွေ့မယ် ဘက်ဗာလီ၊ ဖြစ်တယ် မဟုတ်လား အက်ဒ်၊ တစ်နေ့တာရဲ့ ကျန်နေသေးတဲ့ အချိန်ကလေးမှာ မင်း မိန်းမနဲ့အတူ မနေချင်ဘူးလား'

'သိပ်ကောင်းတဲ့အကြံပေါ့ ဆီလ်ဗီယာ၊ မမ ဘာဖြစ်လို့ ဒီလောက် အောင်မြင်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေတယ်ဆိုတာ ခုတော့ ကျွန်တော် သိလိုက်ပြီ၊ လူတွေ အကြောင်း သူတစ်ပါးထက် ထူးထူးခြားခြား ပိုပြီး သိတတ်နေတဲ့ ဗီဇစိတ်ကြောင့်ပေါ့'

'အဲဒါရယ်၊ နောက်ပြီး အရောင်းပြခန်း ဆယ့်ငါးခန်းကို တစ်ညနေတည်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လျှောက်ကြည့်နိုင်တဲ့ ခြေထောက်နှစ်ချောင်းလဲ ရှိလို့ပါ'

ဘက်ဗာလီက သူတို့နှစ်ယောက် စကားပြောနေသည့် ကြားထဲ ဝင်မရှုပ်။ သည့်အစား အက်ဒ်၏ မျက်နှာပေါ်မှ သွင်ပြင်လက္ခဏာများကို အကဲဖမ်းဖို့ ကြိုးစားနေ၏။

သူ့အမူအယာ နည်းနည်း ထူးခြားနေသည်။ ခါတိုင်းလို မဟုတ်။ ဘာထူးခြားနေမှန်း မိမိ မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူ ဆီးကြိုနှုတ်ဆက်ပုံအား လိုက်လှဲမှု ငှာ ရှိသည်။ မြတ်မြတ်နိုးနိုး ရှိသည်။ သည့်အပြင်ပိုပြီး လိုက်လှဲမှုငှာ စရာ အကြောင်းမရှိ၊ သို့သော် သူ ရာထူးသစ်အကြောင်း မေးလိုက်တိုင်း ဟိုစကား သည်စကားတွေ ပြောင်းပြီး ပြောနေသည် ထင်၏။ သည်ကြားထဲ ဆီလ်ဗီယာက ပါရီနှင့် လန်ဒန်မှာ ကြုံတွေ့ခဲ့ရသည့် ဇာတ်လမ်းများကို ပြောပြနေသည်၊ ဂရုတစိုက် နားထောင်သော ဇာတ်လမ်းများ၊ ဆီလ်ဗီယာက ပြောသွားသည့် အထဲတွင် အသာပါဝင်၏ နာမည်မပါ။

ဆီလ်ဗီယာကို ပို့ပေးခဲ့ပြီး အငှားကားလေးသည် မြို့ပြင်ရှိ သူတို့အခန်းလေးဆီသို့ မောင်းလာသည်၊ ဘက်ဗာလီက အက်ဒီ၏ လက်ကို လှမ်းကိုင်လိုက်တော....

'အက်ဒီ၊ ဘာပြဿနာ ရှိနေလဲဟင်၊ ဆီလ်ဗီယာနဲ့ ကျွန်မပဲ တစ်ချိန်လုံး စကားတွေ ပြောနေခဲ့ပြီး မောင်က တစ်ခွန်းမှလဲ မပြောပါလား'

လှုပ်အိတ်စွပ်ထားသည့် သူ့ လက်ကို အက်ဒီက ဖျစ်ညှစ်လိုက်ကာ....

'အိမ်ရောက်တော့ ပြောပြပါမယ်ကွာ'

အက်ဒီအနေဖြင့် သည့်ထက်ပိုပြီး ပြောစနှ့ဖို့ မလိုပါ၊ ရာထူးတက်သည့် ကိစ္စနှင့် ပတ်သက်ပြီး အတိမ်းအစောင်း တစ်ခုခုတော့ ဖြစ်နေပြီး မောင့်ကို ဆက်မေးနေဖို့မလို၊ ဘက်ဗာလီ သိနေသည်။ ဘုရားသိကြားမလို ရာထူး



တက်ရေးကိစ္စ ကြန့်ကြာနေတာလေးက်ပဲ ဖြစ်ပါစေ။ ကြန့်ကြာနေတာလေးက်ဆို တော်ပါလေရဲ့။

ဧည့်ခန်းထဲ ရောက်သည်နှင့် အက်ဒီက သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းသည်၊ ပြီးတော့ မွတ်မွတ်သိပ်သိပ် နမ်းသည်။ အကြာကြီး နမ်းသည်။ ဘက်ဗာလီ တို့ ပြန်ခံစားဖို့ ကြိုးစားသည်။ သို့သော် မရ၊ စိတ်ထဲတွင် ဖြစ်ပေါ်နေသည့် တအုံ့နွေးနွေး မေးခွန်းကြီးနှင့် ဘယ်လိုမှ စိတ်ပြောင်းလို့ မရ။

'အက်ဒီ၊ အိမ်ရောက်ရင် ပြောပြမယ်ဆို'

'ခဏလေး မစောင့်နိုင်ဘူးလား ကွာ၊ ကိုယ် ...င်နဲ့ မတွေ့ရတာ ထစ်လကျော်နေပြီလေ'

သူက နမ်းလိုက်ပြန်၏။ ကိုယ်ခန္ဓာချင်း ပူးကပ်သွားသည်။

'မင်းယောကျ်ားက မင်းကို လွမ်းနေတာ၊ အရမ်းလွမ်းနေတာ'

သူ့ အနမ်းကို အလျော့ပေး ခံယူလိုက်၏။ သို့သော် ...မိ ကိုယ်ထဲတွင် နွေးထွေးမှုမရှိ၊ ဒါကို မောင် ရိပ်စား...ကြောင်း မိမိ သိနေသည်။

နောက်ဆုံး မောင်က မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်...လိုက်၏။ သူ့ ကုတ်အင်္ကျီကို ဆိုဖာပေါ် ပစ်ချသည်။ ...တော့ မိမိကို သူ့နံဘေးတွင် ဆွဲထိုင်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူ့ထံတွင် ဆန္ဒများ မတွေ့ရတော့၊ ရမ္မက်များ ပျောက်သွားပြီး သူက ဘက်ဗာလီကို အကြာကြီး ကြည့်နေ၏။ ပြီးတော့ ဇနီးသည်၏ မျက်နှာသွင်ပြင်ကို ဆက်ကြည့်မနေနိုင်တော့သည့်နှယ် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် သူ့လက်များကို ငုံ့ကြည့်လိုက်၏။

'ကိစ္စက ကိုယ် သိပ်ပြီး စိတ်စောတက်ကြွ လှုပ်ရှားနေတဲ့ ရာထူးသစ်အကြောင်းပေါ့'

'ဘာ.... ဘာပြဿနာတွေများ ပေါ်လို့လဲဟင်'

'ကိုယ် မရဘူး'

သည်စကားကို ကြားရမည်ဟု မျှော်လင့်ထားပြီးသား။ သို့သော် မိမိ၏ စိတ်မချမ်းသာမှုကို မပြမိအောင် ထိန်းထားဖို့ စိတ် ဆုံးဖြတ်ထားသည်။

'မောင်ဆိုလိုတာက မရသေးဘူး ဆိုပါတော့၊ အချိန်တန်ရင်တော့ ရမှာပေါ့နော်'

'ဘယ်တော့မှ မရတော့ဘူး၊ တေလာ၊ အဲ့....တေလာ ဆိုတဲ့ ငနဲက သူ့ကိုယ်သူ ထင်နေသလောက် အကောင်မကြီးသေးလို့ပေါ့၊ အင်း....တကယ်တော့ သူဟာ သိပ်ကြီးသေးတဲ့အကောင်မှ မဟုတ်သေးဘဲ။

'သူ ပြောတော့ ပြောခဲ့သား၊ ဒုတိယ ဥက္ကဋ္ဌ တစ်ယောက်က ဒီရာထူးမှာ သူ့တူကို ခန့်ဖို့ အတင်းကြိုးစားနေတယ်လို့၊ သူ့တူက ချာတိတ်ပါ၊ အသက် နှစ်ဆယ်



အရွယ် အတွေ့အကြုံလျော့ကာပဲ ရှိတဲ့သူပါ၊ အင်း.... တေလာရဲ့ ထောက်ခံချက်က အလုပ်မဖြစ်ဘူးလေ၊ အဲဒီ ရာထူးကို အဲဒီချာတိတ်က ရသွားတယ်'

'အက်ဒ်၊ ကျွန်မ စိတ်မကောင်းပါဘူးကွယ်'

အကယ်၍ မိမိမှာသာ စိတ်စွမ်းအားရှိပါလျှင် မောင့်ကို ထွေးပွေ့လိုက်ချင်သည်၊ အားပေး နှစ်သိမ့်လိုက်ချင်သည်။ သို့သော်....မောင်က သူ့နေရာမှာ သူထိုင်နေမြဲ၊ သူ့လက်တွေကို သူ ငုံ့ကြည့်နေမြဲ။ မိမိနှင့် တင်းကွာစွာ အထီးကျန်စွာ။

စိတ်သက်သာရာရမယ့် စကားများကို ပြောဖို့ ဘက်ဗာလီ ကြိုးစားစဉ်းစား၏။ အားရှိစရာ၊ စာနာစရာစကား တစ်ခွန်းခွန်းပေါ့။ သို့သော် သူ့နှုတ်များမှ ထွက်သွားသည်မှာ တုံးတိတိ စကားလုံးများသာ။

'တခြားနေရာတွေ ရှိဦးမှာပေါ့၊ တခြား ရာထူးတိုးစရာတွေ ရှိဦးမှာပေါ့'

'ဒီကုမ္ပဏီမှာတော့ မဖြစ်တော့ဘူး'

သူ မိမိကို မော့ကြည့်လိုက်၏၊ သူ့မျက်လုံးတွေ အေးစက်နေ၏။

'ဒီလို တစ်ပတ်ရိုက်ဘာမျိုး ခံရပြီးတဲ့နောက်မှာ ကိုယ်သူတို့အတွက် ဆက်ပြီး အမှုတော်ထမ်းနေဦးမယ်လို့မင်း ထင်ထားလို့လားဟင်၊ ထင်ထားလို့လား'

'ဟင်....အက်ဒ်၊ မောင် ထွက်ခဲ့ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့'

ဘက်ဗာလီ စဉ်းစားနေမိ၏။ အာမခံ ကုမ္ပဏီတွင် အက်ဒ် အလုပ်မှရမီ သူ ဖြတ်ကျော်ခဲ့သည့် ဆိုးထိုင်း ရှည်လျားသော နေ့ရက်များအကြောင်း။ အလုပ်ရခါစတွင် ချောင်လင့်တကြီးဖြင့် တက်ကြွ နေခဲ့တတ်သော မောင့်အကြောင်း၊ နေ့စဉ်မိုင်း လှုပ်ခန့်ခွဲတွင် ငြီးငွေ့လာတတ်ပြီး ဘာမှ တိုးတက် ပြောင်းလဲမှုမရှိဘဲ ရေစုန်မျော နေသည့် မိမိတို့ ဘဝများအကြောင်း။ အနှစ်မပါသော လင်မယားသားစ ဆက်ဆံမှုများအကြောင်း။

ခုတော့ ဒါတွေအားလုံး တစ်ကျော့ထပ် ဖြစ်လာ ဦးတော့မည်။

မိမိမျက်နှာပေါ်တွင် ထင်နေသည့် အရိပ်က သိပ်ပြီး သိသာ ထင်ရှားလွန်းနေပုံ ရသည်။ အက်ဒ်၏ မျက်နှာ ဝေါ်သောကြောင့် နီမြန်းလာသည်။

'ကိုယ် သူတို့နဲ့ဆက်ပြီး အလုပ်လုပ်မနေနိုင်ဘူး ဘက်ဗာလီ၊ ခုလိုခံရပြီးတဲ့ နောက်မှတော့ မလုပ်နိုင်ဘူးကွ၊ သူတို့ဟာ ကိုယ့်ရဲ့ဘဝအတွက် တံခါးကို သော့ခတ် ပိတ် ပစ်လိုက်တာပဲ၊ 'ကံမလိုက်သေးလို့ပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားလို လူစားမျိုးက ရာထူးတိုးမှုတွေ မရနိုင်ဘူးလေ၊ ကျုပ်တို့လိုနေတာက အဆက်အသွယ် ကောင်းတဲ့လူမျိုး တွေဗျ' တဲ့လေ'



'ဒီလိုတော့လဲ တုတ်ဟန်မတူပါဘူး မောင်၊ ဘယ်သူ မဆို ကိုယ့်ဆွေမျိုးတော့ ကိုယ်ဆွဲတင်ကြတာပဲ၊ ဒါက ဘယ်လောကမှာမဆို ဖြစ်နေတာပေါ့၊ ဒါပေမယ့် အလုပ် ထွက်လိုက်ဖို့ကျတော့'

'ခုဟာက ဆွေမျိုးဖြစ်လို့တင် မဟုတ်ဘူး ဘက်ဗာလီ၊ ဒီကောင်လေးရဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေက အရေးပါ အရာရောက်တဲ့ အကောင်ကြီးတွေရဲ့သားသမီး တွေ ဖြစ်နေတာ သိသာတယ်၊ ဒီတော့ ဒီကောင်ကြီးတွေ က ကိုယ်တို့ကုမ္ပဏီကို အာမခံလုပ်ငန်းတွေ ပေးမှာရတယ်၊ တောလာကတော့ ပြောပြခဲ့သားပဲ၊ အဲဒီလို ထုကြီးထည် ကြီးနဲ့ ဖွင့်တဲ့ အာမခံ စာရင်းတွေရအောင် ဖန်တီးနိုင်ရင် ကိုယ်လဲ ရာထူးတက်မှာပဲတဲ့'

အာသာ...ဘက်ဗာလီ စဉ်းစားလိုက်၏၊ သည်လို ငွေ လုံး ငွေရင်းဖြင့် အာမခံ ထားတတ်သူများကို အာသာ တော့ သိမှာ မုချ။

'မောင့်အလုပ်ကို ပြန်ရနိုင်မလား၊ တကယ်လို့ မောင် လဲ အာမခံ စာရင်းကြီးတွေ ဖွင့်လာအောင် လုပ်ပြနိုင်မယ် ဆိုရင်လေ'

'ဒီမယ် ဘက်ဗာလီ၊ ကိုယ် ဘယ်သူ့ ဘောင်းဘီစွန်မှ ဆွဲပြီး လိုက်မနေနိုင်ဘူး'

ခြော်...သည်လိုလား၊ ဒါပေမယ့် သည်အခန်းငှားခ ကျတော့ မိမိကို ဆွဲခွင့်ပြုခဲ့သည်ပေါ့လေ၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ အစားအသောက်တွေ အတွက်တော့၊ ရှင်ဝတ်နေတဲ့ အဝတ်အစားတွေ အတွက်ကော။

မိမိခေါင်းထဲမှ အတွေးများကို ကြားသွားသည့်အလား အက်ဒ်မျက်နှာ နီရဲသွားသည်။

'အေလာက ကိုယ့်ကို အော့နှလုံးနာစရာ အဆိုပြုချက်တစ်ခု ပြောခဲ့သေးတယ် သိလား၊ မင်းဟာ ဝယ်လ်ဘီမှာ ထိရောက်အောင်မြင်တဲ့ အဝယ်တော် တစ်ယောက်တဲ့၊ ဒီမှာတော့ အာမခံ အလုပ်တချို့ ပို့ပေးလို့ ရတာပေါ့တဲ့လေ'

ဘက်ဗာလီ ဆိုဖာပေါ်တွင်ကျောမှီချလိုက်၏။ပါးစပ်အဟောင်းသား ဖြစ်နေသည်၊ ဟုတ်သားပဲ၊ သည်ကိစ္စကို မိမိဘာဖြစ်လို့ မစဉ်းစားမိခဲ့ပါလိမ့်၊ ဒါကို မနက်ဖြန်ပဲ ဆီလ်ဗီယာနှင့် သွားတွေ့မည်၊ သည်လုပ်ငန်းဘက်တွင် တယ်သူ တာဝန်ခံသလဲဆိုတာ စုံစမ်းမည်။

'ဒုက္ခပဲ ဘက်ဗာလီ'

သူ့မျက်လုံးများက ဘက်ဗာလီကို သေသေချာချာ စူးစမ်း လေ့လာနေသည်၊ သူမြင်တွေ့နေရသည့် အရိပ်အကဲများကြောင့် အံ့သြတုန်လှုပ်နေသည်။

'အဲဒီလို လုပ်ဖို့ ကိုယ်စဉ်းစားမယ်လို့ မင်းမထင်ဘူး မဟုတ်လား'

'ဘာကိစ္စ မစဉ်းစား ရမှာလဲ မောင်၊ တကယ်လို့ အဆက်အသွယ်တွေကမှ အရေးကြီးတယ်၊ အဆက်အသွယ်



တွေရှိမှ ရာထူးတက်မယ်ဆိုလို့ကတော့ ကျွန်မတို့ အဆက်အသွယ်တွေကို အသုံးချရုံပေါ့'

အက်ဒ် မတ်တတ်ရပ်လိုက်၏၊ ဘက်ဗာလီကို စိုက်ကြည့်သည်၊ ဆောင်းညချမ်း၊ အောက်ဘွင် အခန်းကမှိုင်းရိပ်ထင်နေပြီး၊ သို့သော် သူ့မျက်နှာကို ဘက်ဗာလီ မြင်နေရသေးသည်။

သည်မျက်နှာကား အက်ဒ် အဘိုးကြီး ဖြစ်လာလျှင် ဖြစ်ပေါ်လာမည့် မျက်နှာမျိုး၊ နွမ်းလျှသော၊ စိတ်ဓာတ်ကျသော၊ မဆိုစလောက် ဘလေး ခါးကိုင်းနေပြီ ဖြစ်သော အက်ဒ်။

တစ်ခုပဲရှိသည်၊ မိမိတို့က အရွယ်မအိုသေး၊ မိမိတို့သည် ငယ်ရွယ်သူတွေ၊ မိမိတို့မှာ အနာဂတ်ကို ရင်ဆိုင်ဖို့ ဘဝတွေ ရှိသေးသည်၊

'မင်းဆိုရင် အဲဒီလို လုပ်မလား ဘက်ဗာလီ၊ တကယ်လို့ ကိုယ့်မှာ ကိုယ့်လုပ်ငန်းက တစ်ဆင့် အဲဒီလို ဖန်တီးပေးဖို့ ဩဇာအာဏာ ရှိတယ်ဆိုရင်... အဲဒီနည်းနဲ့ မင်းဝယ်လ်ဘီမှာ ရာထူးတက်တာမျိုး လက်ခံမလား၊

'ကိုယ့်အရှိန်အဝါကြောင့် မင်းကို အလုပ်ဘာစ်ခုပေးမယ် ဆိုပါတော့၊ အဲဒီလိုဆိုရင်ကော မင်း အဲဒီ အလုပ်ကို လက်တောင် ခံပါ့မလား'

ဘက်ဗာလီရင်ထဲမှ မာနတရားများက အသံကျယ်ကြီး ကြွေးကြော်နေ၏၊ ဒါပေမယ့် ကျွန်မလုပ်ငန်းကို ကျွန်မ နိုင်နင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အလုပ်ကို ချစ်တယ်၊ ကျွန်မလုပ်နေနဲ့ ဝတ်သက်လို့ မေနင်ဖေးမကူညီနေဖို့ လိုသာမဟုတ်ဘူး။

သည့်စကားများ နှုတ်ဖျားမှ လွှတ် ထွက် မသွားအောင် အတင်းမြို့ ချနေရသည်။ နှုတ်ခမ်း နှုတ်လျှာကို တင်းတင်းစေ့ထားရသည်။

'ဘယ်လက်ခံမလဲ ဆင်းလက်မခံပါဘူး ကွာ၊ အေးဒါပေမယ့် မင်းက ဘယ်တုန်းကမှ အကူအညီလိုခဲ့တာမှ မဟုတ်ဘဲ၊ ဒီအကူအညီမျိုး မလိုခဲ့ဘူးလေ'

အက်ဒ် ကုတ်အင်္ကျီကို ကောက်ကိုင်သည်။

'ကိုယ်ဘာမှမဖြစ်ပါဘူး အဆင်ပြေသွားမှာပါ၊ တခြား အလုပ် တစ်ခုခု ရှာရမှာပေါ့ကွာ၊ တကယ်တော့ ကိုယ်ဟာ အာမခံစာချုပ်တွေ လိုက်ရောင်းရတဲ့ အလုပ်မျိုးနဲ့လဲ မကိုက်ပါဘူးလေ'

တံခါးဝ ရောက်တော့ ရပ်လိုက်၏၊ ကုတ်အင်္ကျီကို လက်ထဲမှာ ကိုင်ထားဆဲ။

'ကိုယ်.... ကိုယ်မျှော်လင့် ထားပါတယ်ကွယ်.... မင်းတတော့ ကိုယ့်ဘက်မှာ ရှိနေမှာပဲလို့'

ပြောလေ၊ တစ်ခုခုပြောလိုက်၊ ဘာပဲဖြစ်ဖြစ်ပေါ့ သူ့ ခမျာ နာကြည်းနေ ရှာတယ် စိတ်ဆင်းရဲနေ ရှာတယ်၊ အညှိအချိန် သည်ကာလမှာ သူ့ ခမျာ မယားကောင်း တစ်ယောက်ကို လိုအပ် နေတယ်လေ၊ ကိုယ့်ကိုကိုယ် မယားကောင်း တစ်ယောက်ဖြစ်အောင် ပြုပြင်တော့မယ်လို့ ဆုံးဖြတ်ထားတယ် မဟုတ်လား။



တစ်ခုပဲရှိသည်။ ဘက်ဗာလီ ထစ်ဆုံ ဓာစ်ခုကို ပြောလိုက်ဖို့ ဘယ်လိုမှ အားထုတ်လို့ မရ။

'ကဲ.... ဘာပဲဖြစ်ဖြစ်လေ၊ မင်းရဲ့အိမ်မြှုန် အလာကို ကြိုဆိုပါတယ်ကွယ်'

အက်ဒ် ကြိုဆို စကားဆို၏၊ သူ့ကိုကြည့်ဖို့ ဘက်မာလီကိုယ်ကို လှည့်လိုက်ချိန်တွင် အက်ဒ် မရှိတော့။

www.burmeseclassic.com

## (၁၃)

တစ်ညနေလုံး မောင် ပြန်မလာ။

ဘက်ဗာလီ အထုပ်အပိုးတွေ ဖြေသည့်အလုပ်ဖြင့် ရှုပ်နေသည်။ မိသားစုနှင့် မိတ်ဆွေသင်္ဂဟများအတွက် ဝယ်လာသည့် လက်ဆောင်ပစ္စည်းတွေကို ခွဲတမ်းချရသည်။ ပြီးတော့ မေမေ အိန်ဂျလာဆီသို့ တာဝန်သိစွာ တယ်လီဖုန်းဆက်ပြီး မိမိ ချော့ချော့မော့မော့အိမ်ပြန်ရောက်ပြီဖြစ်ကြောင်း သတင်းပါးသည်။

သူ့ မေမေကတော့ ထုံးစံအတိုင်း မေးခွန်းတွေ ပြည့်နှက်နေသည်။ သို့သော် အိန်ဂျလာ သိချင်သလောက် မိမိ၏ ခရီးစဉ်အကြောင်း အသေးစိတ် ပြောပြမနေနိုင်။



နေ့စက်ဆုံး စကားပြောခွက်ကို ပြန်ချပြီးသောအခါ ဂျိန်းဆီသို့ လှမ်းဆက်ဖို့စိတ်ကူးမိ၏။ အက်ဒ်တစ်ယောက် သူ့မေမေဆီမှာ ရောက်နေသလား။ မိမိက ပေးစွမ်းနိုင်ခြင်းမရှိသော စနစ်တကျ ရိုင်းပင်းမှုနှင့် အားမာန်ကို သူ့မေမေဆီမှာများ သွားရောက်ရှာဖွေနေလေသလား။

ဂျိန်းဆီသို့ မဆက်ဖြစ်၊ မဆက်နိုင်၊ တကယ်လို့ ဂျိန်းဆီသို့ အက်ဒ် ရောက်နေလျှင် မိမိ စကားပြောရဆိုရခက်မည်။ သူ ရောက်မနေလျှင်တော့၊ အင်း.... သူ ရောက်မနေလည်း၊ မိမိ ဘယ်လောက် စိတ်သောကဖြစ်နေရသည်ကို ဘယ်သူမှ မသိစေချင်။

ညနေခင်းများကို ခါတိုင်း ညနေခင်းများ အတိုင်းဘာမှ မထူးခြားသလိုဖြစ်အောင် ကြိုးစားလုပ်ရှားသည်။ တစ်ကိုယ်တော် ညနေစာ စားပွဲကို ဆင်နွှဲပြီးသောအခါ ရေချိုးပူပူထဲတွင် အကြာကြီး စိမ်ပစ်လိုက်၏။ သို့ ရေစိမ်နေစဉ်အတွင်း မိမိ၏အာရုံကို နေ့စက်နေ့ ကုန်တိုက်တွင် လုပ်ရမည့်အလုပ်များပေါ်မှာသာ ဖြန့်ကြက်ထား၏။

နေ့ကုန်ဆုံး အိပ်ရာထဲရောက်ပြီး အိပ်ဖို့ကြိုးစားနေစဉ်မှာပင် အက်ဒ် တံခါးသော့ဖွင့်လာမည့်အသံကို နားစွင့်မနေမိအောင် အားထုတ်သည်၊ သူ့အကြောင်း ခေါင်းထဲဝင်မလာအောင် စိတ်ထိန်းသည်။ နေ့စက်ပြီး အာသော့အကြောင်းလည်း မစဉ်းစားမိအောင် ထင်းထားသည်။ အာသာ့အကြောင်း မစဉ်းစားမိအောင် စိတ်ထိန်းရသည့် အလုပ်ကတော့ အခက်ခဲဆုံး အလုပ်တစ်ခု ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လူက အိပ်ပျော်နေသော် လည်း စိတ်တွေ ကယောက် ကယက် ဖြစ်ရသည့်ည၊ စိတ်ချောက်ချားစရာ အိပ်မက် များနှင့် နပန်းလုံးရသည့် ညကို လွန်မြောက်ပြီး နောက် နေ့မနက် အိပ်ရာမှ နိုးသောအခါ ဧည့်ခန်းထဲရှိ ညောင် စောင်းလေးပေါ်တွင် သပ်သပ်ရပ်ရပ် ခေါက်ထားသည့် စောင်တစ်ထည်နှင့် အက်ဒ်၏ စာတိုလေး တစ်စောင်ကို တွေ့ရသည်။

'ညက သိပ်ညဉ့်နက်သွားတာနဲ့ မင်းကို အနှောင့် အယှက်မပေးတော့ဘဲ ဒီမှာပဲ အိပ်လိုက်တယ်၊ ခု အလုပ် အကိုင်ရှာဖို့ ထွက်သွားတယ်၊ ဒီညတော့ ကိုယ်ပြန်လာ ပါမယ်'

သည်တော့....

အပြောင်းအလဲက ဟုတ်တိပတ်တိ ဘာမှမဖြစ်၊ သူ ဘယ်နေရာကိုမှ ရောက်နေရောက်နေ (မောင့်ကို အရက် ဆိုင်ထဲမှာ တစ်ညလုံး ထိုင်နေသည်၊ ဒါမှမဟုတ် အညှာ လှယ်လှယ် ကောင်မလေးတစ်ယောက်ရဲ့ အခန်းထဲ ရောက် နေသည်လို့တော့ မထင်ရက်) သူသည် အသက်ရှင်နေဆဲ ဖြစ်၏။ မိမိ ဘဝတစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေ ဆဲ ဖြစ်၏။ မိမိပြုအနေမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်၏။

ဘက်ဗလီ ရောက်သွားတော့ ဆီလ်ဗီယာသည် သူ့ ရုံးခန်းလေးထဲမှာ ရောက်နှင့်နေပြီ။



'ဘာအဆင်မပြေဖြစ်တာလဲ'

ဘက်ဗလီ မျက်နှာကို ခပ်သွက်သွက် အကဲခတ်ကြည့် ပြီးသည်နှင့် ဆီလ်ဗီယာ ကောက်ကာငင်ကာ မေး၏။ ဘက်ဗလီ ခေါင်းခါပြသည်။ သည်ကောင်မလေးကို နောက်ထပ် မေးခွန်းတွေ ထုတ်မနေဆင့်ကြောင်း ဆီလ်ဗီ ယာ ကောင်းကောင်း သဘောပေါက်သည်။ သူက လှလှ ပပ ထုပ်ထားသည့် အထုပ်ကလေး တစ်ထုပ်ကို ဘက်ဗလီ ရှေ့သို့ တွန်းပို့လိုက်၏။

'ဟောဒီမှာ၊ မင်းအတွက် ရောက်နေတာ'

အာရုံပြောင်းစရာလေး တစ်ခု ရသဖြင့် ဘက်ဗလီ ဝမ်းသာသွားသည်။ အထုပ်ကလေးကို ဂရုစိုက် ဖြေ လိုက်၏။ အထုပ်ထဲမှ ပုလင်းလေးကို တွေ့လိုက်သည်နှင့် သည်ပစ္စည်းကို ဘယ်သူပို့လိုက်ကြောင်း၊ ပေးပို့သူ ကတ် ပြား ဘာကြောင့် မပါကြောင်း သိလိုက်၏။ သူ ထိုနေရာ မှာပင် ရပ်နေမိ၏။ မလှုပ်မယှက်၊ စဉ်းစား နေသည်၊ အာသာနှင့် ပါရီ အကြောင်း၊ မဖွင့်ဖြစ်သော ပုလင်းက လက်ထဲမှာ၊ သည်ရနံ့ကို အနံ့ခံကြည့်နေဖို့ မလိုပါ၊ ဘာ ရနံ့ဖြစ်မည်ကို သိနေသည်။

နောက်နေ့များတွင် အလုပ်တွေ လက်မလည်အောင် များနေသည်၊ ဘက်ဗလီက လူရောစိတ်ပါ အလုပ်ထဲ နှစ်မြုပ်ထားလိုက်၏၊ ခါတိုင်းလိုပင် အတွေးပြန့်ဖို့အချိန် မရလှ စိတ်ဆက်သာလေ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေတွင် အက်ဒဲ အိမ်ပြန်ရောက်နေ၏။ ညစာကို ချက်ပြုတ်ထားသည်။ စကားတွေ ပေပေဆာဆာ ပြောသည်။ ဘက်ဗာလီက သူနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးစားပြီး တွေ့ရာလေးပါး ပြောသည်။ တကယ်တော့ လေးလေးနက်နက် အကြောင်းအရာများကို မပြောလိုသေး။ သည်စကားမျိုးတွေ မပြောမီ ဆုံးဖြတ်ရမည့် အရေးတကြီး ကိစ္စများ သူတို့နှစ်ယောက်စလုံးမှာ ရှိနေသေးသည်လေ။

အဖလေးအနက် ကိစ္စအွေ့ စပြောဖြစ်ပြီ ဆိုလျှင်နှင့် သူတို့ နှစ်ဦးစလုံး ပြန်နှုတ်လို့မရသည့် စကားတွေ ပြောဖြစ်ကြတော့မည်။ ထိုစကားများသည် မိမိတို့၏ အိမ်ထောင်ရေး အကွဲအပြဲကို ထာဝရ ဖြစ်ပေါ်စေတော့မည်။ သည်အဖြစ်မျိုးကို မိမိကော အက်ဒ်ပါ ရင်ဆိုင်နိုင်လောက်အောင် အဆင်သင့်မဖြစ်သေး။ ဒါကို ဘက်ဗာလီ သိနေသည်။

သည်တော့....

ထိုစကားမျိုး ပြောမည့်အစား အက်ဒ်က သူတန်းစီထားသည့် လူတွေ့ အစစ်အဆေးခံ ပွဲတွေအကြောင်း ပြောပြသည်။ အိပ်ရာဝင်ချိန်ရောက်တော့ သူ အလုပ်နည်းနည်း လုပ်ချင်သေးကြောင်း ပြောသည်။ အလုပ်အကိုင် ရှာပုံတော်ဖွင့်ဖို့ လေ့လာ ဆန်းစစ်ချင်တာလေးတွေ ရှိသေးကြောင်း၊ ဘက်ဗာလီ အိပ်ရေးမပျက်အောင် ဧည့်



ခန်းထဲမှာပင် အဆင်ပြေအောင် အိပ်မည် ဖြစ်ကြောင်း ပြောသည်။

ဘက်ဗာလီ ခေါင်းညိတ်ပြပြီး အိပ်ခန်းထဲ ဝင်ခဲ့၏။ အိပ်ခန်းဆီသို့ အသွားတွင် အက်ဒ်အနားမှ ဖြတ်သွားရင်း သူ့ပခုံးကို အသာအယာ ကိုင်လိုက်၏။ သည်အပြုအမူက သူတို့နှစ်ယောက် အကြားတွင် အမျက်ဒေါသ မရှိကြောင်း ပေါ်လွင်ပါလိမ့်မည်ဟု မျှော်လင့်မိ၏။

နောက်နေ့ ညနေပိုင်းကျတော့ ကုန်တိုက်သို့ အက်ဒ်တယ်လီဖုန်းဆက်သည်။ ဂျိန်း၏အိမ်မှာ ဆုံကြဖို့ ချိန်းသည်။ ဘက်ဗာလီ သဘောတူလိုက်၏။ ကုန်တိုက်ပိတ်ပြီးချိန်တွင် မိတ်ဆွေ သင်္ဂဟများအား မိမိ၏ ပြည့်ပပြန်လက်ဆောင် ပဏ္ဏာများပေးရင်း အချိန် ဖြုန်းချင်သည်။

မိဘနှစ်ပါးဆီသို့ သုတ်သုတ်သွားပြီး သုတ်သုတ်ပြန်ဖို့ ဟန်ပြင်သည်။ အချိန်မရသည့် ကိစ္စကို ဖေဖေ့ကြောင့်တော့ အမြဲနားလည်မှုရှိသည်။ မေမေကတော့ ထုံးစံအတိုင်း တားမြဲ၊ ကန့်ကွက်မြဲ၊ ဘက်ဗာလီ ပါရီမှဝယ်လာသည့် လည်စီးပါပါသည့် ဘူးကလေးကိုကိုင်ရင်း ဘက်ဗာလီအား မေးခွန်းအပြည့်ပါသော မျက်လုံးများဖြင့် ကြည့်နေသည်။

နောက် ခရီးဘတ်ထောက်ကတော့ စိတ်ပင်ပန်းရသည်။ ရှယ်က သူ့ ခရီးစဉ်အကြောင်း အပြည့်အစုံ ကြားချင်သည်။ ဖိလစ်အား ကူညီဖေးမပုံရသည့် အက်ဒ်၏ ကြင်နာမှုအတွက် ကြည်နူးမဆုံး ဖြစ်နေသည်။ ဖိလစ် ဒေါ်လေး

www.burmeseclassic.com



ဘက်ဗာလီနှင့် အက်ဗ်ီ ပါမလာသဖြင့် ကျေနပ်ပုံမရ။ ဖိလစ် အခန်းထဲမှ ထွက်သွားတော့ ရှသ်က အက်ဗ်ီ အကြောင်း တွင်းတွင်းရှင်းရှင်း မေးသည်။

'သူ့အလုပ်မရှိတော့ပြန်ဘူးလေ'

'အို...ဘက်ဗာလီရယ်၊ ငါ စိတ်မကောင်းလိုက်တာ၊ နင်တို့ နှစ်ယောက်စလုံးအတွက်ပေါ့'

'ဒါကတော့ တစ်နေ့မဟုတ်တစ်နေ့ ဖြစ်မှာပဲ၊ အခုမခံ စားချုပ်တွေ လိုက်ရှောင်နေရတဲ့ အလုပ်မျိုးကို သူကလဲ သိပ်အားမသန်ပါဘူး၊ နောက်ပြီး တိတိကျကျ မြေရှင် သူ အလုပ်ဖြုတ်တာ မဟုတ်ဘူးတဲ့၊ သူက ထွက်ခဲ့တာ'

'သူ ရာထူး မတက်ဘူးလား'

'ကြည့်...ဒီကိစ္စ နင်တောင်သိနေပြီလား၊ ဟင့်အင်း၊ သူ့ထက် အဆက်အသွယ်ကောင်းတဲ့ တခြားတစ်ယောက်က ရသွားတယ်လေ၊ အဲဒီလို အဖွဲ့အစည်းမျိုးမှာ သူ ဆက်လုပ်မနေနိုင်တော့ဘူးတဲ့'

'သူ့မှာ မဒန ရှိတယ်ဟဲ့'

'သူ့မှာ မိန်းမ တစ်ယောက်လဲ ရှိသေးတယ်လေ၊ နောက်ပြီး အိမ်ထောင်စု တစ်ခုရဲ့ မျှော်မှန်းချက်တွေလဲ ရှိသေးတယ် မဟုတ်လား'

ကြွပ်ဆပ်နေသည့် သူ့အသံကြောင့် ရှသ် အံ့သြ တုန်လှုပ်သွားသည်ကို တွေ့လိုက်ရ၏။



'ငါ သူ့ကို ဒေါသထွက်နေတာ မဟုတ်ဘူး ရှသ်၊ တစ်ခုတော့ ရှိတာပေါ့ဟယ်၊ ဒီကိစ္စမျိုးဆိုတာ သူတို့ နှစ်ယောက် အတူ ပြန်လုပ်ရမယ့် ဆုံးဖြတ်ချက်လို့ ထင်တယ်လေ၊ ဒါပေမယ့် ငါ့အယူအဆ မှားချင်လဲ မှားနေမှာပေါ့'

'သူ တခြား အလုပ်တစ်ခုခုတော့ ရဦးမှာပေါ့ဟယ်'

'ငါလဲ ဒီအတိုင်းပဲ ထင်ပါတယ်လေ'

သူက စိတ်ပျက်စရာကောင်းလှသည့် အတိတ်ကာလများအကြောင်း၊ ပြန်တွေးနေမိ၏။ အလုပ်တွေရှာလိုက်၊ မျှော်လင့်တကြီးဖြင့် အားတက်သရော လုပ်လိုက်၊ အချိန်တန်တော့ ထုံးစံအတိုင်း အလုပ်ထွက်ခြင်းဖြင့် ဇာတ်လမ်းသိမ်း၏။

'တစ်ခုပဲရှိတယ်၊ နောက်တစ်ခါ အချိန်ယူဖို့၊ အလုပ်တစ်ခု တပ်ရဖို့ ဘယ်လောက်ကြာကြာ စောင့်ရဦးမလဲ၊ အက်ဗ်ီဟာ အသက် သုံးဆယ်ကျော်နေပြီ ရှသ်၊ သူ့ သက်တမ်းရှိတဲ့ ယောကျ်ား အများစုဟာ အခြေတကျ ဖြစ်နေကြပြီ၊ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုတော့ ရှိနေကြပြီ၊ ဘဝလှေကားမှာ တစ်ထစ်ပြီးတစ်ထစ် တက်နေကြပြီ၊ ကိုယ့်ဘဝကိုယ် ပုံဖော်နေကြပြီလေ'

'ဆိုကြပါစို့....'

'ပြောပါ'

'သူက ကလေး အရမ်းချစ်တတ်တယ် ဘက်ဗာလီ၊ သူဟာ ဖိလစ်နဲ့ ဆက်ဆံရာမှာလဲ အရမ်းအဆင်ချောတာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တို့၊ ဒါကို နင်သိပါတယ်၊ ဒါပေမယ့် ကလေးတွေက သူ့ကို တော်တော်ခင်ကြပုံရတယ်၊ တကယ်လို့များ သူ့ မိသားစုနဲ့သူ သိုက်သိုက်ဝန်းဝန်းဆိုရင်....'

'သူ ငါ တစ်ကိုယ်တည်းကိုတော့ ထောက်ပံ့နိုင်တာ မဟုတ်ဘူး ရှယ်၊ မိသားစု တစ်စုလုံးကို သူ ဘယ်လို လုပ်ပြီး ထောက်ပံ့နိုင်မှာလဲ၊ ငါ ဟာ ငွေကို ငန်းငန်းတက် လိုချင်နေတာ မဟုတ်ဘူးဆိုတာ ဘုရား သိပါတယ်၊ ဒါပေမယ့် ငါတို့ဟာ ခုထိ ငါ့အိမ်က ဆင်းလာပြီး နေခဲ့တဲ့ အခန်းကလေးမှာပဲ နေရတုန်း၊ အဲဒီ ဖင်မလှည့်သာ၊ ခေါင်းမလှည့်သာ အခန်းလေးထဲမှာ ဘယ်နေရာ သွားပြီး ပုခက်ထားမလဲ၊ မြင်ယောင်ကြည့်စမ်း၊ နေ့စက် ပြီး ငါကလဲ အလုပ်မရှိတော့ဘူးလေ၊

'အိမ်ခန်းငှားခက ပေးရမှာပဲ၊ အစားအသောက်က ဝယ်ရမှာပဲ၊ ကိုယ့် အိမ်ဦးနတ်ဆိုတဲ့ ပုဂ္ဂိုလ်က 'တခြား အလုပ်တစ်ခု' ကို တစ်ရှာတည်း ရှာနေရုံနဲ့ အဲဒီ အသုံးစရိတ်တွေကို ဘယ်လိုလုပ်ပြီး ရှာကြမလဲ'

ဘက်ဗာလီ နင်ပြောပုံကြီးက သိပ်ပြီး

'မာထန့်လွန်းတယ် ခွင့်လွှတ်နားလည်မှု မရှိဘူးလား၊ ငါ ဒီလိုမျိုးဖြစ်ချင်ပါဘူး ရှယ်၊ ငါ အက်ဒီကို ချစ်တယ်၊ ယုတ်စွအဆုံး ချစ်တယ်လို့ ထင်တယ်ကွယ်၊ ငါက ငါတို့ အိမ်ထောင်ရေးကို အဆင်ပြေစေချင်တယ်၊ အောင်မြင် စေချင်တယ်၊ ဒါပေမယ့် အဲဒီလို အောင်မြင်ဖို့ဆိုတာ ငါတစ်ယောက်တည်း မလုပ်နိုင်ဘူးလေ'



'နင် ကွာရှင်းဖို့အထိ စဉ်းစားနေတာတော့ မဟုတ် ပါဘူးနော်'

'မစဉ်းစားဖြစ်အောင် ကြိုးစားနေပါတယ်၊ ဒီအကျပ် အတည်းထဲက လွတ်မြောက်အောင် ဘယ်လို လုပ်ရမလဲ လို့ ကြိုးစားပြီး ထွက်ပေါက်ရှာနေတယ်၊ မတွေ့သေးတာ ခက်တယ်၊ အထူးသဖြင့် လူ ဘဝမှာ တခြားနေပုံထိုင်နည်း တွေ အများကြီး ရှိနေသေးတယ်ဆိုတာ မြင်တွေ့သိနေ တော့ ထွက်ပေါက်က လွယ်လွယ်နဲ့ ရှာလို့ မရဘူးလေ'

ရှယ်က ဘက်ဗာလီနှင့် ငယ်သူငယ်ချင်း၊ သိကျွမ်း ခင်မင်ခဲ့တာ ကြာလွန်းမှ ကြာနေပြီ၊ အညီတော့ ဘက်ဗာလီ ပြောနေသည့် စကားအဓိပ္ပာယ်ကို မဖမ်းမိ စရာ အကြောင်းမရှိ၊

'အဓိပ္ပာယ်က နင် နောက်တစ်ယောက် တွေ့နေပြီ လား'

'ဟင့်အင်း၊ တိတိကျကျ မဟုတ်ပါဘူး၊ ယုတ်စွအဆုံး လေ့လေ့ဆယ် မတွေ့သေးပါဘူး'

ဘက်ဗာလီ လက်ပတ်နာရီကို ကြည့်သည်၊ အက်ဒီနှင့် ချိန်းထားချိန်ထက် နာရီဝက်လောက် စောနေသေးသည်၊ အေးအေးဆေးဆေး ထိုင်ပြီး ရှယ် တိုက်သည့် လက်ဖက် ရည်ကို သောက်ပြီး ရှယ်ကို အသေအချာ အကြောင်း ပြောပြ ရလျှင် ကောင်းမလား၊ အဲ.... ဒါတွေကို ဘယ်အတိုင်း အတာထိ ပြောပြမလဲ ဆိုတာတော့ ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ခန့်ချော သော၊ ဩဇာတိက္ကမကြီးသော လူ တစ်ယောက် ဆိုတာရယ်၊ စိတ်ကူးယဉ် ကြည်နူးစရာ ညစာစားပွဲတွေရယ်၊ ရေမွှေးတစ်ပုလင်းရယ်....။ ဘက်ဗာလီ တစ်ကိုယ်တည်း ကြိတ်ပြုံးမိ၏။ မိမိနှင့် အသော အတူတူ ကြည့်ခဲ့ကြသည့် တော်တော် ပေါက်တတ်ကရနိုင်သည့် ပါရီမှ ပြပွဲ အကြောင်း ပြောပြလျှင် ရှယ် ဘယ်လိုတုံ့ပြန်မလဲ မသိ၊ ဆည်ကောင်မ အဲ့ဩ တုန်လှုပ်သွားလိမ့်မည်။ ဂျော့ကတော့ သူ မိန်းမအား သည်လိုပြပွဲမျိုးကို ခေါ်သွားလိမ့်မည် မဟုတ်၊ သူတို့ အိမ်ထောင်သက် နှစ်တစ်ရာ ရှိုင်မြဲနေသည့်တိုင် ခေါ်သွားမည် မထင်။

အဲဒါတို့နှစ်ယောက်ရဲ့ ခြားနားချက်ပဲဟု ဘက်ဗာလီ စဉ်းစားသည်၊ ပြန်ဖို့ ဆုံးဖြတ်ပြီး ထိုင်ရာမှ ထ သည်။ မိမိသည် ရှယ်လို ငယ်သူငယ်ချင်း တစ်ယောက်ကိုပင် မိမိ၏ အတွင်းရေးများကို တိုးတိုးတိတ်တိတ် ဖွင့်ဟ ပြောမပြနိုင်ပါ။

'ဟင်.... နင်က သွားတော့မလို့လား'

ရှယ်က ဘက်ဗာလီ၏ မျှဝေခံစားပြီး တတ်နိုင်လျှင် ကူညီဖေးမချင်စိတ် ရှိကြောင်း သိသာနေ၏။ ဂျော့ ကွယ်လွန်ပြီးနောက်ပိုင်း သူ့မှာ စကားပြောဖော်ဆိုလို့ လူကြီးသူကြီးထဲက မရှိ၊ အက်ဒ်နှင့် အပြင်ထွက်ပြီး ညစာ စားခဲ့သည့် တစ်ရက်ပဲရှိသည်။ ကိုယ့်မိသားစုတော့ ရှိတာပေါ့၊ သို့ပေမယ့် သူတို့က ကလေးတွေလေ၊ နောက်ပြီး သူက ဘက်ဗာလီကိုတော့ ခင်သည်၊ သံယောဇဉ်



ရှိသည်၊ ဘက်ဗာလီ၏ ဘဝ အသိုင်းအဝန်းတွင် မိမိ ဝင်ရောက်ခွင့် မရသည့် နေရာဒေသများ ရှိနေသည်ဆိုတာ မျိုး အဖြစ်မခံချင်၊

'စိတ်မရှိနဲ့နော် ရှယ်၊ ငါ တစ်ချိန်ချိန်ကျမှ အေးအေးဆေးဆေး လာခဲ့ပါဦးမယ်၊ ခုတော့ အက်ဒ်နဲ့ တွေ့ဖို့ သူ့ အမေအိမ်မှာ ချိန်းထားလို့၊ အဲဒီအိမ်ကလဲ မြို့ကို ထောင့် တန်းကြီး ဖြတ်သွားရမှာလေ၊ နင်လဲ သိသားနဲ့၊ ငါက သိပ် သွားချင်လှလို့မဟုတ်ပါဘူးဟယ်၊ ငါ ထင်နေတာက အက်ဒ်ဟာ သူ အလုပ်ထွက်ခဲ့တဲ့အကြောင်း သူ့အမေကို ကိုယ်တိုင် မပြောမပြချင်တာနဲ့ ငါ့ကို ကြားလူအဖြစ် ခေါ်တာနဲ့ တူပါတယ်တယ်'

BURMESE CLASSIC .com

* * *

အံ့ဩစရာ ကောင်းသည်မှာ ဘက်ဗာလီတွန့်ရှုံ့နေသော တွေ့ဆုံပွဲမှာ သူထင်ထားသလို မဟုတ်၊ အူပါရီမှ ပြန်လာပြီး နောက်ပိုင်း စိတ်ဆက်ဆာဆုံးရှာ အကောင်း ဆုံး တွေ့ဆုံပွဲလေး ဖြစ်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူရောက်သွားတော့ ဂျိန်းရောအက်ဒ်ပါ ပြုံးရွှင်ရယ်မော ဖြစ်နေကြသည်။ သူ ယောက္ခမကြီး ကတော့ ထိန်းလိန်းသိမ်းသိမ်း ရှိလှသည်ကို အက်မာလီ သတိထားမိ၏။

'ကိုယ် အလုပ်တစ်ခုရပြီကွ'

နှုတ်ဆက်စကားများ ဆိုပြီးသည်နှင့် အက်ဒ်က ဝမ်းသာအားရ သတင်းပါးသည်။

'ဟဲ... အက်ဒ် ရယ်၊ ခရီး ရောက်မ ဆိုက် ကြီး တယ် နေရာက်ပြီး မင်းဟာက သေချာသေးတာလဲ မဟုတ်ဘူး မဟုတ်လား'

ဂျိန်းသတိပေးသည်။

'အရင်က ရခဲ့ဖူးတဲ့ အလုပ်တွေ ထက်ကောင်း သေချာပါသေးတယ် မေမေရာ'

ထို့နောက် အက်ဒ်က ဘက်မာလီအား အကျိုး အကြောင်း အစုံအလင်ကို ခပ်သွက်သွက် ပြောပြသည်။ လေတပ်ထဲက သူနှင့် ခင်မင် ရင်းနှီးခဲ့သည့် မိတ်ဆွေဟောင်း တစ်ဦးနှင့် အဆက်အသွယ် ရကြောင်း၊ ထိုမိတ်ဆွေသည် ယခုအခါ စိန့်လူဝီတွင် နေထိုင်ကြောင်း၊ ထိုလူတွင် အလားအလာကောင်းသည့် လေကြောင်း ကုန်စည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခု ရှိကြောင်း၊ အက်ဒ်က တယ်လီဖုန်း ဆက်သဖြင့် ထိုလူ ဝမ်းသာနေကြောင်း၊ သူ လုပ်ငန်းကို တိုးချဲ့နေသဖြင့် နယူးယောက်တွင် ရုံးခွဲဖွင့်ဖို့ စီစဉ်နေကြောင်း၊ အဆိုပါရုံးခွဲကို ကြီး



ကြပ်ဖို့ လူတစ်ယောက် ရှာနေကြောင်း၊ သို့သော် တောသမားလူရိုးဖြစ်သည့် ထိုလူက နယူးယောက်မြို့သား လူလည်တွေကို မယုံသဖြင့် လူခန့်ဖို့ ကြန့်ကြာနေကြောင်း၊ အက်ဒ်ကိုတော့ နှစ်ရှည်ရင်းနှီးပြီး ဖြစ်သဖြင့် ယုံကြည်ကြောင်း၊ သူ ယုံကြည်မှုကို ပြသည့် အနေဖြင့် နက်ဖြန်မနက်တွင် စိန့်လူဝီသို့ လေယာဉ်ဖြင့် ခေါ်သွားပြီး ညှိနှိုင်းဆွေးနွေးကြဖို့ စီစဉ်ထားကြောင်း။

'ဒီအလုပ်ကိုတော့ မင်း ကြိုက်မှာပါ ဘက်မာလီ။ ဒီအလုပ်ကိုရရင် အာမခံကုမ္ပဏီမှာ ကိုယ်ရာထူး တိုးလို့ ရမယ့်ထက်တောင် လခပိုများဦးမှာကွ'

'တော်စမ်းပါ အက်ဒ်ရယ်၊ မင်းပြောနေပုံက ဘက်မာလီဟာ လောဘဇော တိုက်နေတဲ့သူ ကျနေတာပဲ'

အက်ဒ်သတင်းကို ဖောက်သည်ချနေခိုက် မှင်တက်မိနေသော ဘက်မာလီမျက်နှာကို ဂျိန်းက တွေ့မြင်နေရသည်။ သည်ကလေးမ ခုလိုရုတ်တရက်ကြီး ဖြစ်ပေါ် ပြောင်းလဲမှုတွေကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်သေးပါလား။ သြော်... သနားစရာ သမီးလေးရယ်ဟု ဂျိန်းတွေးမိ၏။ အက်ဒ်က ဘသားတစ်ယောက်တည်း ဆုံးဖြတ်ချက်တွေ ချသွားတာမျိုးကို ဘက်မာလီ ရင်ဆိုင်နိုင်သေး၊ ချွေးမလေးကို ရင်ထဲမှ စာနာ သနားလိုက်မိ၏။ ဘက်မာလီ စိတ်ထဲမှာ ရှိနေမည့်ခံစားချက်များကိုလည်း သိနေသည်။

နောက်ထပ် နာရီဝက်လောက် သုံးယောက်သား သည်သတင်းနှင့် ပတ်သက်ပြီး ပြောကြ ဆိုကြ ဆွေးနွေးကြ

www.burmeseclassic.com



သည်၊ မည်သို့ဖြစ်စေ ဘက်ဗာလီက အခြားသူနှစ်ယောက်လောက် မပျော်နိုင်။

ဂျိန်း ခန့်မှန်း တွက်ဆထားသည့်အတိုင်း သူသည် အက်ဒ်ဗ်ကို သားအမိနှင့် ပျော်နိုင်အောင် အား ထုတ်နေ၏၊ အားတက်သရော ဖြစ်နိုင်အောင် အားထုတ်နေ၏။ သို့သော် ခေါင်းထဲတွင်မူ အနေအထားသစ်ကို ဝေဖန်ဆန်းစစ်နေမိ၏။

သည်လုပ်ငန်း သစ်ကတော့ အက်ဒ်တစ်သက်လုံး မျှော်မှန်းတောင့်တ လာခဲ့သည့် အလုပ်မျိုး၊ သူတို့အိမ်ထောင်သက်အတွင်း အလုပ်သစ်ရလို့ အက်ဒ် သည်လောက်ပျော်ရွှင် တက်ကြွနေတာမျိုး တစ်ခါမျှ မတွေ့ မမြင်ဖူးခဲ့။

ဘက်ဗာလီ ပြန်စဉ်းစားကြည့်၏။ အက်ဒ်သည် သူ့အသက်သခင်လို့ ခေါ်နိုင်လောက်သူ၏ အမည်ကို မီမီအားပြောလိုက်သလား။ စကားတွေ ဆက် ပြော ရင်း တဖြည်းဖြည်း သတိထားမိလာသည်၊ ထိုလူ၏ အမည်ကို မီမီအား ပြောမပြခဲ့ဘူး။ ဂျိန်းကတော့ ထိုလူကိုသိနေပုံရသည်။

မီမီတို့အိမ်ထောင်သက်အတွင်း မီမီအား အက်ဒ်ပြောမပြခဲ့သည့် သည်လိုကိစ္စမျိုးတွေ ဘယ်လောက်များများ ရှိနေသလဲ။

နောက်ဆုံး ဂျိန်းအိမ်မှ ပြန်လာကြတော့ အက်ဒ်တစ်ယောက် တိတ်တိတ်ဆိတ်ဆိတ် မပြန်နိုင်၊ သူအိပ်ပျော်နေသည်။ သည်တော့ သူတို့ ရည်းစားဘဝက မကြာ



မကြာသွားခဲ့ကြသည့် အီတာလျံ စားသောက်ဆိုင်လေးသို့ သွားကြရအောင်ဟု အဆိုပြုသည်။ ဘက်ဗာလီက မီမီ၏ ခင်ပွန်းသည်နှင့် အတူ အတွဲညီညီ ဝမ်းသာအယ်လဲဖြစ်ဖို့ စိတ်ဆုံးဖြတ်ထားသည်။ သို့ဖြင့် နှစ်ယောက်အတူ အီတာလျံ စားသောက်ဆိုင်တွင် ညစာ စားကြသည်။ အက်ဒ် ဇွတ်တိုက်တွန်းသဖြင့် ဝိုင်တစ်ပုလင်း ကုန်အောင်လည်း ဖြိုပစ်လိုက်ကြသည်။

အခန်းသို့ ပြန်ရောက်သောအခါ အက်ဒ်တစ်ယောက်တည်း ဆိုဖာပေါ်မှာ အိပ်ရေး၊ မအိပ်ရေး ပြဿနာ မရှိတော့။ နက်ဖြန် နံနက် စိန့်လူဝီသို့ အက်ဒ် ခရီးထွက်ဖို့ နှစ်ယောက်အတူ အထုပ်အပိုး ပြင်ကြသည်။ အထုပ်အပိုးပြင်ပြီးတော့ တစ်မေး အိပ်ကြဖို့ အက်ဒ်က ပြောသည်။ ဘက်ဗာလီ မဆိုင်းမတွပင် သဘောတူလိုက်၏။

သောက်သုံးထားသည့် ယမကာ အရှိန်က ခေါင်းထဲတွင် ခိုတွယ်နေသည့် မေးခွန်းများကို ရပ်တန့်စေပါလိမ့်မည်။ နောက်ပြီး နွေးထွေးသော မေဇင့်ရင်ခွင်မှာ ပျော်ရွှင်စွာ ခိုဝင်မှေးစက်နိုင်ပါလိမ့်မည်။ မျှော်လင့်တောင့်တထားသည့်အတိုင်း လပေါင်းများစွာ အတွင်း မေဇင့်ရင်ခွင်မှာ မှေးစက်ရတာ ကြည်နူးမှုအပြည့်ရမိ၏။

ဘာပဲဖြစ်ဖြစ် အနာဂတ်အရေးတွေကို တွေးမနေတော့ပါဘူးလေ၊ အနာဂတ်ဘဝ အဆင်ပြေရေးအတွက် တစ်နည်းတစ်ဖုံ လက်တွဲ ဖြေရှင်းကြတာပေါ့။

* * *

www.burmeseclassic.com



နောက်နေ့ကျတော့ ဘက်ဇာလီက ဝမ်းသာစရာ သတင်းကို ဆီလ်ဗီယာအား ပြောပြသည်။ အတွေ့အကြုံ ရင့်နေပြီဖြစ်သည့် အမျိုးသမီးကြီးက ဘက်ဇာလီ၏ မျက်နှာကို တစ်ချက်ကြည့်ပြီးသည်နှင့် ရင်ထဲမှာ ဘုရားတ၏။

ဘက်ဇာလီ လိုလားတာ သည့်အနေအထားမျိုးဆို လျှင် ကောင်းပါသည်။ တစ်ခုမဲ့ရှိသည်။ သူတို့ အိမ်ထောင် သက်တမ်းတစ်လျှောက်အတွင်း ခုလို စိတ်လှုပ်ရှားမှုမျိုး တွေကို ဘယ်လောက်ဆက်ပြီး ခံနိုင်ရည်ရှိပါမလဲ။ အက်ဒ် သည် နှစ်ရက် သို့မဟုတ် သုံးရက်လောက် ခရီးထွက်ရမည် ဖြစ်ကြောင်း ဘက်ဇာလီ ရှင်းပြနေခိုက်မှာပင် ဆီလ်ဗီ ယာ့ စားပွဲပေါ်မှ တယ်လီဖုန်း ခေါင်းလောင်းသံ မြည် လာသည်။

'မစ္စက်ရှသက်ဇင်ဂျာပါ'

ဆီလ်ဗီယာ ဖြေ၏။ တယ်လီဖုန်းကို ခဏမျှ နားထောင်ပြီး ဘက်ဇာလီအား လှမ်းပေး၏။

'မင်းအတွက်'

ဘက်ဇာလီ ကြောင်ပြီး ကြည့်နေ၏။ ကိုယ်ရေးကိုယ် တာ ကိစ္စများပြောရန် ဝယ်လ်ဘီသို့ အလုပ်ချိန်အတွင်း တယ်လီဖုန်းမဆက်ကြဖို့ မိတ်ဆွေ အပေါင်းအသင်းများ ကိုတော့ မိသားစုကိုပါ တိတိလင်းလင်း ပြောမြထားပြီး သား။ ယခု ဘယ်သူများ ဆက်ပါလိမ့်။ စကားပြောခွက် ကို လှမ်းယူခိုက် ဆီလ်ဗီယာက လေသံမျှဖြင့် လှမ်းပြော သည်။



'အာသာပါဝါ'

အာသာ၊ သည့်လိုနေ့မျိုးတွင် မိမိထံ တယ်လီဖုန်း မဆက်စေချင်ဆုံးသူမှာ အာသာပါဝါ တစ်ယောက်ပဲရှိ သည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် သည်နေ့အဖို့ မိမိ စိတ်ထဲတွင် ပတ္တရားကျော့ပြန့်သော မယားကောင်း တစ် ယောက်လို ခံစားနေရသည်လေ။

ဆီလ်ဗီယာက မိမိအား အကဲခတ်ကြည့်နေမည်ကို သိသည်။ နောက်ပြီး မိမိပြောသမျှ စကားလုံးတိုင်းကို ကြားနေမည်ဆိုတာ သိသည်။ သို့ဖြင့် ဘက်ဇာလီ ချိုသာ ယဉ်ကျေးစွာပဲ နှုတ်ဆက်လိုက်၏။

'အာသာ၊ ခုလို တယ်လီဖုန်းဆက်တဲ့အတွက် ဝမ်းသာ ပါတယ်ရှင်၊ နောက်ပြီး ရေမွှေးပုလင်းလှလှလေးအတွက် လဲ ကျေးဇူးတင်ပါတယ်'

'မင်း အဲဒီစကားတွေပြောရလို့ ကုန်မယ့်အင်အားကို ချွေတာပြီး ဒီနေ့သယ် ကိုယ်နဲ့ နေ့လယ်စာလာစားပါ လား၊ တစ်နာရီဆို အဆင်ပြေလား'

အထက်တန်းကျပြီး ငွေကုန်ကြေးကျ များလှသည့် ပြင်သစ်စားသောက်ဆိုင်တွေထဲမှ ဆိုင်တစ်ဆိုင်၏ အမည် ကို ပြောသည်။ သည်ဆိုင်တာ ဖက်ရှင်လောကမှ လူတိုင်း လိုလို သည်ဆိုင်သို့ မရောက်ဖူးလျှင် ခေတ်မမီ ဟု ယူဆ ထားသည့် ဆိုင်။ သည်ဆိုင်၌ စားတ်နိုင်သလောက် ဝင်နိုင် ထွက်နိုင်အောင် ဂရုအစိုက်ခံရသည့် ဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



ထည့်ဆိုင်သို့ ဘက်ဗာလီ တစ်ကြိမ်မျှမရောက်ဖူးသေး။ နေ့ခင်းတစ်ချိန်တွင် မိမိ လုပ်ဖို့ စီစဉ်ထားသည့် အစီအစဉ်တွေထဲတွင် ထည့်ဆိုင်သို့ သွားဖို့ကိုစွလည်း တစ်ခု အပါအဝင်။ သို့ပေမယ့် ထည့်ဆိုင်ပတ်ဝန်းကျင်တွင် မိမိ၏ ပွဲဦးထွက် မျက်နှာပြပွဲ ကို အာသာ လို လူသိများ၊ ပြီးအရေးပါ အရာရောက်သူ တစ်ဦးနှင့် သွားရဖို့ မျှော်လင့်မထားခဲ့။

'ကျွန်.... ကျွန်မ မဖြစ်ဘူးထင်တယ် အာသာ၊ ဒီမှာကုန်တိုက်မှာ ရှင်းစရာအလုပ်တွေ တစ်ပုံကြီးဖြစ်နေတယ်၊ ကျွန်မတို့ ခရီးထွက်နေတဲ့ ရက်တွေက တော်တော် များတယ်လေ၊ ကျွန်မ ကုန်တိုက်မှာပဲ စားဖို့ စီစဉ်ထားပါတယ်'

ဆီလ်ဗီယာ က 'ဘယ်ဆိုင်မှာလဲ' ဟု နှုတ်ခမ်းလှုပ်ပြီး အသံတိတ် မေးသည်။ ဘက်ဗာလီက နာမည်ကြီးလှသည့် ဆိုင်နာမည် ကို လေသံမျှဖြင့် ပြန်ဖြေ၏။ သည်တော့ ဆီလ်ဗီယာ က 'သွား' ဟု ချက်ချင်း ပြောသည်။

'ဒါပေမယ့်လေ၊ ကျွန်မ ခဏတစ်ဖြုတ်တော့ ထွက်နိုင်မှာပါ'

'ကောင်းတယ်၊ မင်း အကြောင်းပြောစရာတွေအများကြီး ရှိတယ်၊ မင်းကို ပြောစရာတွေ တစ်ပုံကြီးပဲ၊ နောက်ပြီး အံ့အားသင့်စရာလေးတစ်ခုလဲ ရှိတယ်၊ မင်း မနက်မိုးလင်းထိ အတွေးနက်နေရမယ့် ကိစ္စလေးတစ်ခုပေါ့'



သူ့ အသံ မြူးကြွနေ၏။ ရွှင်ခနေ၏။ ပါရီမှာ ရှိနေစဉ်တုန်းကအတိုင်း၊ သူ့ ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေပုံပေါ်ဖြစ်နေပုံ။ လန်ဒန်မှာ နောက်ဆုံးတွေ့ခဲ့ရသည့် ချောက်ချားနေသော၊ စိတ်မချမ်းမသာ ဖြစ်နေသော လူထစ်ယောက် မဟုတ်တော့။

'မင်း ကိုယ်ဖို့လိုက်တဲ့ ရေမွှေးဆုတ်လာလိမ့်မယ်လို့ ကိုယ် မျှော်လင့်ထားမယ် နော်'

ဘက်ဗာလီ ဘာမှပြန်မဖြေနိုင်မီ တယ်လီဖုန်း ချသွားသည်။

'ဒီတော့ အက်ဒီ ဒီမြို့က ထွက်သွားတဲ့နေ့မှာပဲ အာသာ တယ်လီဖုန်းဆက်တယ်၊ ဒီလူ ခလေဆိပ်တွေမှာ သူ့လူတွေ လွှတ်ထားတာဖြစ်ရမယ်'

ဘက်ဗာလီ တယ်လီဖုန်းပြန်ချလိုက်တော့ ဆီလ်ဗီယာ မေး၏။

'နေ့လယ်စာ စားရုံသက်သက်ပါ မမရယ်၊ သူ ကျွန်မကို မခရီသင် အကြောင်း ပြောပြချင်လို့ဖြစ်မှာပေါ့'

'မမ အမြင်မှာတော့ ဒီလူဟာ အမှတ်တရလမ်းဟောင်းပေါ်မှာ ပြန်လျှောက် နေတတ်တဲ့ လူစားမျိုးမဟုတ်ဘူး၊ အခုငဲ့ဖြစ်ဖြစ်လေ၊ စိတ်ချမ်းသာလက်ချမ်းသာ သွား၊ မင်း အလုပ်တွေ ပေါ်လာရင် မမ ရှင်းထားလိုက်မယ်'

ဆီလ်ဗီယာ စေစေစပ်စပ်အတိုင်း ခပ်မြူးမြူး ပြော၏။

'ဆီလ်ဗီယာ၊ မမကတော့ သြချလောက်ပါပဲ ရှဲမမရယ်'

www.burmeseclassic.com



သို့သော် ဘက်ဗာလီ မျက်နှာပေါ်တွင် ထင်ဟပ်နေသည်မှာ အပြုံးရိပ် တစ်ရိပ်၊ ပါရီမှာတုန်းက အိုလ်ဗီယာ တစ်ခါမှ မမြင်ခဲ့ရသည့် အပြုံးမျိုး။

* * *

မွန်းလွဲတစ်နာရီထိုးသည်နှင့် နယူးယောက် ဖက်ရှင်လောကမှ ငွေကြေး ပြေလည်သူများနှင့် ရည်မှန်းချက်မြင့်မားသူများသည် သူတို့ ဘာပဲလုပ်နေနေ၊ လုပ်နေသမျှ အလုပ်ကိုရပ်ပြီး အာသာ ရွေးချယ်ထားသည့် စားသောက်ဆိုင်သို့ လာရောက် စုဝေးကြသည်သာ ဖြစ်၏။

ခြေခင်း လက်ဆာရှိသော ပန်းရောင် ကတ္တီပါခင်း စားပွဲကုလားထိုင်များတွင် အဖိုးတန် အဝတ်အစားများကို သပ်ရပ် သားနားစွာ ဝတ်ဆင်ထားသည့် မိန်းမ၊ ယောကျာ်းများဖြင့် ပြည့်ကျပ်နေလေ့ရှိ၏။ အခန်းထဲတွင် လတ်ဆတ်သော ပန်းရနံ့များ၊ နိုင်ငံခြားဖြစ် စီးကရက်နံ့များနှင့် အဖိုးထိုက် အဖိုးတန် ရေမွှေးနံ့များ ရောထွေးထုံသင်းနေတတ်သည်။ ပြီးတော့ အမျိုးပေါင်း ငါးဆယ်ရှိသော စကားပြောသံများဖြင့် ဆူညံနေမြဲ။



သူတို့ ပြောလေ့ရှိသည့် စကားများမှာ ဖက်ရှင်လောကမှာ ဘာတွေ ခေတ်စားနေသည်၊ ဘာတွေ ခေတ်စားလိမ့်မည် ဆိုသည့် အကြောင်းများသာ။

သူတို့က သူတို့နှင့် ဖက်ရှင်လောက၏ ထိပ်တန်းပုဂ္ဂိုလ်များ ကိုယ်တိုင်ကိုယ်ကျ ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ ထိုပုဂ္ဂိုလ်များ၏အခြေအနေများကို ကြုံလျှင်ကြုံသလို ထည့်ပြောတတ်ကြသည်သာ ဖြစ်၏။

စားပွဲထိုးချုပ်က ဘက်ဗာလီအား လူတွေ ပြည့်ကျပ်နေသည့် စားပွဲများကြားမှ ကွေ့ပတ် ခေါ်သွားသည်။ အာသာ ထိုင်နေသည့် အခန်းထောင့်ရှိ စားပွဲဆီသို့ လိုက်ပို့ပေးသည်။ အဆိုပါ ထောင့်စားပွဲတွင် နေရာရခြင်းမှာ အာသာပေါ်ပေါ်၏ အရှိန်အဝါနှင့် ဂုဏ်ဒြပ်ကို ဖော်ပြလိုက်ခြင်း ဖြစ်၏။ အခန်းထဲတွင် နေရာအများ ရှိသည့်အနက် မိမိစားပွဲတွင် ပြောသည့် စကားသံကို အခြားစားပွဲမှ မကြားရသည့်နေရာ အနည်းငယ်သာရှိ၏။ (ထိုသို့ အခြားစားပွဲမှ ကြားသွားပြီး နောက်နေ့ သတင်းစာများ၏ 'တီးတိုးသတင်း' ကဏ္ဍတွင် မိမိတို့ အကြောင်းများ ပါလာလေ့ရှိသည်။) ယခု အာသာ ရထားသည့် နေရာမှာ အဆိုပါ အနည်းငယ်မျှသော 'လွတ်လပ်ခွင့်ရသည့်' နေရာတွေထဲမှ တစ်နေရာ ဖြစ်၏။

ဘက်ဗာလီ လျှောက်လာသည်ကိုတွေ့သော် အာသာ မတ်တတ်ရပ်ပြီး ကြိုဆိုသည်။ လက်တစ်ဖက် ကမ်းပေးသည်။ သည်အခန်းထဲရှိ လူအားလုံးလိုလို သူ့ကို သိနေ

www.burmeseclassic.com



ကြကြောင်း၊ သူ၏ အချစ်ဇာတ်လမ်းများကို ကြားဖူးနေကြကြောင်း၊ ယခု ဘယ်သူမှန်း မသိရသေးသည့် မျက်နှာစိမ်း မိန်းမငယ်တစ်ယောက် သူ့ဆီလာသည်ကို တွေ့လျှင် စိတ်ရှုပ်စရာ စပ်စုကြလိမ့်မည်ဖြစ်ကြောင်း အာသာ ကောင်းကောင်း သိထားသည်၊ ဘည့်အခန်းထဲရှိ အခြား ဘယ်မိန်းမ မဆို သူနှင့်တွေ့မည်ဆိုလျှင် သူက ခါးကိုင်း ပြီး ထိုမိန်းမ၏ ပါးနှစ်ဖက်ကို နမ်းရှုပ် နှုတ်ဆက်မည် သာ။ သို့သော် သူက ဘက်ဗာလီကိုတော့ သည်လို မနှုတ် ဆက်၊

သူတို့ နေရာသကျ ပြန်ထိုင်မိပြီး အစား အသောက် များ မှာပြီးချိန်လောက်ဆိုလျှင် အခြားစားပွဲမှ လူများ ၏ အာရုံသည် နောက်ထပ် ရောက်လာမည့် လူသစ်များ ဆီသို့ ရွေ့ပြောင်း သွားတော့မည် ဖြစ်ကြောင်းလည်း သိနေသည်၊ သူက ဘက်ဗာလီနှင့် ပြန်သည်ဆုံတွေ့ခွင့် ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြောင်း ပြသချင် သည်၊ ပြောဆိုချင်သည်၊ သို့သော် သူက ဘေးလူများ အာရုံ လျှော့ပါးချိန်ထိ အောင့်အည်းနေလိုက်၏၊

သည်အမျိုးသမီး စားသောက်ခန်းကိုဖြတ်ပြီး မိမိ စားပွဲသို့ လာကတည်းက အာသာ စောင့်ကြည့်နေသည်၊ တကယ်တမ်း ဆိုရလျှင် သည်အမျိုးသမီးသည် အချော အလှကြီးထဲမှမဟုတ်၊ သို့ပေမယ့် သူ့မှာ တစ်စုံတစ်ခု တော့ရှိသည်၊ သည်တစ်စုံတစ်ခုက ရုပ်ရည်နှင့် မဆိုင်၊ ငယ်နုခြင်းနှင့်လည်း မပတ်သက်၊ သူ့ကြည့်ရတာ ကျက်



သရေရှိသည်၊ စိတ်ဓာတ် ခိုင်မာပြတ်သားပုံရသည်၊ သူ ဇာတ်စားဆင်ယင်ပုံနှင့် သွားလာ လှုပ်ရှားပုံအတိုင်း သူ့ အတွေးများတလည်း ရှင်းသည်၊ တိကျသည်၊

အကယ်၍ ပါရီဘွင် သည်အမျိုးသမီးနှင့် မိမိဖြစ်ပျက် ခဲ့သည့် အဖြစ်အပျက်မှာ ကြုံတုန်းကြိုက်တုန်း စိတ်ကစား တာ၊ နယူးယောက်သို့ ပြန်ရောက်လျှင် ခပ်လွယ်လွယ်နှင့် မေ့ပစ်လိုက်လို့ ရမှာပါဟု အတွေးဝင်ခဲ့သည်ဆိုလျှင် အဆို ပါအတွေးသည် အမျိုးသမီး မိမိစားပွဲသို့လျှောက်လာနေ သည့် အချိန်အတွင်း ပျောက်ကွယ်သွားပြီ ဖြစ်၏၊ ငါ သူ့ကိုလိုချင်တယ်ဟု အာသာ တွေးမိ၏၊ ငါ သူ့ကို ရအောင်ယူမယ်၊

ပထမပိုင်း မိနစ် အနည်းငယ်မှာ အစားအသောက် မှာခြင်း၊ အလာပ သလ္လာပ စကားပြောခြင်းဖြင့် ကုန် လွန်သွား၏၊ ထို့နောက် စားပွဲထိုးချုပ် စားပွဲနားမှ ခွာ သွားသည်နှင့် အာသာက ဘက်ဗာလီလက်ကို ဆုပ်ကိုင် လိုက်၏၊

'ကိုယ် မင်းကို သတိရနေတယ် ဘက်ဗာလီ'

သူ့အထိအတွေ့က ဘက်ဗာလီကို ကြက်သီးမွေးညင်း ထစေ၏၊ နောက်ပြီး ဘက်ဗာလီ၏ ခန္ဓာကိုယ်ကို နည်း မျိုးစုံဖြင့် ဖောက်ပြားစေ၏၊ သူက အက်ဒ်အကြောင်း စဉ်းစားဖို့ အသည်းအသန် အားထုတ် ကြည့်သည်၊ သို့သော် သူနှင့်အတူအာသာရှိနေလျှင် ဖြစ်နေကျအတိုင်း အက်ဒ်၏ ပုံရိပ်က ဝေဝါးနေစမြဲ၊

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလဲ ရှင့်ကို သတိရတာပေါ့ အစသာ'

အေးတင်းပြီး မိမိလက်ကို သူ့လက်ထဲမှ ရုတ်လိုက်၏။

'ဘာတွေဖြစ်နေလဲဆိုတာ ကျွန်မ ခဏခဏ စဉ်းစားမိတယ်၊ ရှင် ဘာဖြစ်နေလဲ၊ မာရီလင် ဘယ်လို နေလဲဆိုတာတွေလေ'

'သူ လုံးဝဥဿုံ ပြန်ကောင်းသွားမှာပါ၊ သူ ချစ်နေတဲ့ ဒါမှမဟုတ် သူ အဲဒီလိုပြောတဲ့ သူ့ရဲ့စိတ်ကုဆရာဝန် စကားအရဆိုရင် သိပ်ပြီး စိတ်ချောက်ချားသွားတာပါတဲ့၊ မျက်နှာမှာ တစ်သက်လုံး အမာရွတ်ကြီးတွေ ထင်နေမှာ၊ ဟိုလူက သူ့ကို မချစ်တော့မှာ၊ လောကအလယ်မှာ မယားစရိတ် မရ၊ ဘာမရနဲ့ အထီးကျန် ဖြစ်နေမှာကို သိပ်ပြီး စိုးရိမ် ထိတ်လန့်သွားတာပါတဲ့၊ လူကလဲ ရုပ်ပျက်ဆင်းပျက်ဖြစ်၊ အားကိုးစရာလဲ မရှိတဲ့ ဘဝမျိုး ဖြစ်သွားမှာကို ကြောက်တာလေ၊ အင်း... ခုတော့ သူက ကိုယ့်ကို အဖေတစ်ယောက်လို အားကိုး နေပြန်ပြီလေ'

သူ့အပြုံးမှာ မဆိုစလောက်ကလေး အဆင်ကူး နေသည်။

'သူက ကိုယ့်ကို ကွာရှင်းဖို့ကိစ္စကို ရပ်ထားဖို့တောင် စဉ်းစားခဲ့တာကိုး'

'ခုတော့ မစဉ်းစားတော့ဘူးလား'



'ဟင့်အင်း၊ သူ့ ဆရာဝန်က အမေရိကမှာ အကောင်းဆုံး ဆိုတဲ့ အသားထိုး သမားတော်တွေဆီ အပ်ပေးထားတယ်၊ သူ အရင်ကအတိုင်း ပြန်လှလာမှာပါ၊ ပိုပြီးတောင် လှချင်လှလာဦးမယ်၊ အဲဒီတော့က သူ ကိုယ့်ကို မလိုအပ်တော့ဘူး ဆိုတဲ့ အဓိပ္ပာယ်ပေါ့'

'ဒါဆို လေယာဉ်မှူးနဲ့ ကမန်းကတန်း ပြန်ပြေးခဲ့ရတာ အလကားပဲပေါ့'

'အဲဒီလို ပြောလို့တော့မရဘူး ဘက်ဗာလီ၊ လန်ဒန်မှာတုန်းက ကိုယ်ပြောခဲ့တယ် မဟုတ်လား၊ သူ့ကို ကိုယ် ပြတ် မပြတ် သိရအောင် သူ့ကို တစ်ခါလောက်တော့ သွားတွေ့ခဲ့သင့်တယ်လို့၊ ခုလို ခပ်စောစော ပြန်တွေ့ဖြစ်တော့လဲ ကိုယ့်စိတ်ကို ကိုယ် ဆုံးဖြတ်လို့ ရသွားတာပေါ့'

အစသာ ပြုံးလိုက်၏။ အမျိုးသမီး၏ မျက်လုံးများကို တည့်တည့် စိုက်ကြည့်၏။

'ဒီတော့ ကလေးမရေ၊ ကိုယ်လူလွတ်ဖြစ်နေပြီ၊ ဒါမှမဟုတ် စာချုပ်စာတမ်းတွေကို လက်မှတ်ထိုးပြီးတာနဲ့ လူလွတ်ဖြစ်ပြီ၊ နည်းပေါင်းစုံနဲ့ လွတ်သပ်သွားပြီလေ၊ မာရီလင်ဆိုတာက ကိုယ့်ဘဝ သက်တမ်းရဲ့ နှစ်နှစ်တာ ကာလကို ဝင်ရောက် စိုးမိုးခဲ့ပြီး ပြန်ထွက်သွားတဲ့ သူ တစ်ယောက်ပဲ ဖြစ်တော့တယ်၊ ထာဝရ ထွက်ခွာသွားတာလေ၊ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက်အကြား အတား မရှိကြဘူး'

www.burmeseclassic.com



'ရှင်တို့ နှစ်ယောက်စလုံးအတွက် ကျွန်မ ဝမ်းသာပါတယ်ရှင်'

သူ့ကို ဆေးရုံမှာ တွေ့လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးကို ဖြစ်သွားတယ်၊ ကိုယ်တို့ အိမ်ထောင်သက်အတွင်းမှာ သူနဲ့ ကိုယ်ဟာ မင်းနဲ့ကိုယ် ပါရီမှာ ရှိနေစဉ်ကလို တစ်ခါမှ တရင်းတနှီး မရှိခဲ့ဘူးဆိုတာ သဘောပေါက်သွားတယ်၊ ဒါတောင် မင်းနဲ့ ကိုယ်ဟာ 'ဆင်ဆင်ခြင်ခြင်' နေခဲ့ကြတာနော်၊ တိတိကျကျ ထပ်ပြောရရင် ကိုယ့်ဘက်က စိတ်မပါ လက်မပါနဲ့ ဆင်ခြင်ခဲ့ရတာပေါ့'

'ကျွန်မဘက်ကလဲ ဒီအတိုင်းပါပဲနော်'

မိမိ၏ ဖွင့်ဟဝန်ခံချက်ကို တစ်ဖက်က အခွင့်ကောင်းယူပြီး နင်းလိုက်မလာမီ ဘက်ဇာလီက မိမိနှင့် အက်ဒ် အကြား ဖြစ်ပျက်ခဲ့သမျှတွေကို အရင်းအတိုင်း ပြောချပစ်လိုက်၏။

'အဲဒီတော့ မင်း အနေအထားက ဘယ်လိုလဲ၊ ဆိုလိုတာက လက်ရှိ အနေအထားလေ'

'မပြောတတ်ဘူး အာသာ၊ တကယ်လို့ အက်ဒ် အဲဒီအလုပ်ကို ရသွားရင် ကျွန်မ သူ့ကို ကျောခိုင်း ထွက်မလာနိုင်ဘူး၊'

'ဘာဖြစ်လို့ ကျောမခိုင်းရမှာလဲ၊ သူ ဒီအလုပ် ရသွားရင် သူဟာ ဘဝသစ် စဖို့အတွက် အလုပ် မိနေ



တော့မှာပေါ့၊ နေ့စက်ပြီး သူ အမှီသဟဲပြုဖို့ မင်းကို မလိုအပ်တော့ဘူးလေ'

ဘက်ဇလီ တန့်ကွက်ဖို့ စောင့်၏၊ သို့သော် အာသာက တားထားသည်။

'လွန်ခဲ့တဲ့ နှစ်တွေအတွင်းမှာလဲ သူ ဒီလိုပဲ လုပ်ခဲ့တယ် မဟုတ်လား၊ ဒါဟာ သူ အမြဲလုပ်နေကျပဲ မဟုတ်လား၊ သူ့ အမေနဲ့တုန်းကလဲ ဒီလိုပဲ၊ နောက် မင်းနဲ့ကျတော့လဲ ဒီလိုပဲလေ'

ဘက်ဇာလီ မျက်နှာမှာ နီရဲသွားသည်၊ အာသာ ပြောတာတွေက အမှန်တရားနှင့် နီးစပ်လွန်းနေသည်၊ သို့ပေမယ့် သူ ပြောတာမှန်ကြောင်း ဝန်မခံချင်၊ ခုချိန်ရောက်နေသည့်တိုင် ဝန်မခံချင်။

'ကိုယ် ပြောမယ် ဘက်ဇာလီ၊ ကိုယ်ဟာ မင်း ကိုယ်ရေးကိုယ်တာတွေကို ဝင်ပြီး စပ်စုနေတာ မဟုတ်သလို မင်း ဘဝကို စီမံခန့်ခွဲဖို့ ကြိုးစားနေတာလဲ မဟုတ်ဘူး၊ ဒါပေမယ့် မင်းမှာ စိတ်ချမ်းသာမှု ရှိမနေဘူးဆိုတာ ပါရီမှာကတည်းက သိခဲ့တယ်၊ အဲဒီ စိတ်မချမ်းမသာမှုဟာ မင်းယောကျ်ား အလုပ်သစ်တစ်ခုရရုံနဲ့ ပျောက်သွားမှာ မဟုတ်ဘူးလို့ ထင်တယ်။

'သိတယ် မဟုတ်လား၊ လူ့ဘဝမှာ ကိုယ် ရခဲ့တဲ့ သင်ခန်းစာတွေထဲက တစ်ခုကို ပြောပြမယ်၊ ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ တစ်ခုခု ချုပ်ငြိမ်းသွားပြီ ပြီးဆုံးသွားပြီဆိုတဲ့ အခါမှာ အဲဒီ တစ်ခုခုနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်အောင် သာ အဆက်ဖြတ်ပစ်ပေတော့၊ ခု မင်းလဲ အက်ဒ်နဲ့ ပတ်သက်ပြီး အဲဒီလို လုပ်ရမယ့်အချိန် ရောက်နေပြီ ဘက်ဇာလီ

စားပွဲထိုးမျှ ရောက်လာပြီး အစားအသောက်တွေ ချပေးနေသဖြင့် ဘက်ဇာလီ အခွင့်ချောင်သွားသည်။ သူ့ စကားကို ဖြေဖို့ မလိုတော့။ ဖြေရမည်ဆိုလည်း ဘယ် လိုအဖြေမျိုး ပေးရမည် မသိ။

ကင်းအောင်ရှင်းရှင်း ဖြတ်ပစ်ရေး။

အာသာ ပြောလိုက်ပုံကတော့ ငှက်ပျောသီး အခွံနွာ စားရသလို လွယ်လှသည်။ သို့သော်မယ့် အက်ဒ်သည် မိမိ ဘဝ၏ အစိတ်အပိုင်းတစ်ခု မဟုတ်လား။ မိမိသည် အက်ဒ်ကို ဘဝတစ်ခုလုံးပုံပြီး ချစ်ခဲ့သည် မဟုတ်လား။ သည်လို လူတစ်ယောက်ကို မိမိက အာသာ ပြောသလို လွယ်လွယ်လေး သံယောဇဉ် ဖြတ်ပစ်လိုက်ရမလား။ မိမိ ကိုယ်တိုင်ကကော သံယောဇဉ် ဖြတ်ချင်စိတ် ရှိရဲ့လား။

ဘာကိုမြင်လို့ ဘာကိုမျှော်ကိုးပြီး အဆက် ဖြတ်ပစ်ရ မှာလဲ။

အာသာသည် မိမိအား အက်ဒ်နှင့် အဆက်ဖြတ်ပြီး သူ့ ဆီလာဖို့ အဆိုပြုနေခြင်း မဟုတ်။ ဒါကို ဘက်ဇာလီ အလိုလိုသိနေ၏။ အိမ်ထောင်သုံးဆက်၏ ခါးသီးသော



အတွေ့အကြုံများကြောင့် သူသည် နောက်ထပ် အိမ် ထောင်သစ် ထူထောင်ဖို့ စဉ်းစားလို့ပင် ရမည်မဟုတ်။

ဆိုပါစို့ ....။

နောင်တစ်ချိန်ချိန်တွင် သူက စဉ်းစားပြီး ထားပါဦး။ မိမိကတော့ သူ့ကို လင်သားတစ်ဦးအဖြစ် လက်ခံချင်ရဲ့ လား။ သူ့ အား လင်သားတစ်ဦးအဖြစ် လက်ခံလိုက်ခြင်း သည် မိမိ၏ ပုဂ္ဂလိက ရည်မှန်းချက် မှန်သမျှ စွန့်လွှတ် လိုက်ရခြင်းပင် ဖြစ်ပေမည်။ အာသာက သူ့ဇနီးသည်ကို ဘယ်တော့မှ အသက်မွေးဝမ်းကျောင်း အလုပ် တစ်ခုကို လုပ်ခွင့်ပေးမည် မဟုတ်။ ဒါတော့ မိမိ ကံသေကံမ ပြော နိုင်သည်။ ထိုသို့ အလုပ်လုပ်နေလျှင် သူ၏ဂုဏ်သိက္ခာနှင့် သူ၏ ယောကျ်ားပီသမှုကို စော်ကားရာ ရောက်သည်ဟု ယူဆပေလိမ့်မည်။

အာသာက ဆင်လ်ဗီယာ့ ယောကျ်ားလို မဟုတ်။ နောက်ပြီး အမှန်အတိုင်း ဝန်ခံရလျှင် အက်ဒ်နှင့်လည်း မတူ။ အက်ဒ်ဆိုသူက မိမိ၏ စွမ်းဆောင်ချက်များနှင့် အောင်မြင်မှုများကို ရိုးသားစွာ မျှဝေ ကြည့်နူးနိုင်စွမ်း ရှိသူဖြစ်၏။

'မင်းကြည့်ရတာ အရမ်း အတွေးနက်နေပုံပါလား'

နောက်ဆုံး အာသာ မှတ်ချက်ချ၏။

'ခုတလော တွေးစရာတွေ သိပ်များနေလို့ပါ၊ ကျွန်မ ရဲ့ အနေအထားဟာ ကဗျာတစ်ပုဒ်ထဲက ကလေးမလေး တစ်ယောက်လို ဖြစ်နေပြီထင်တယ်၊ အဲဒီ ကလေးမလေး

www.burmeseclassic.com

www.burmeseclassic.com



တာ အိမ်ထဲမှာနေကာ အိမ်ပြင်မှာပေါ်တစ်ပြိုင်တည်း နေချင်တယ်တဲ့လေ'

'မင်းဆိုလိုတာက လူတစ်ယောက်ဟာ အရာရာတိုင်းကို မရနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်လား၊ ဒါပေမယ့် လူတွေဟာ တကယ်တမ်းလိုအင်ဆန္ဒ ပြင်းထန်မှုယ်ဆိုရင် အရာရာတိုင်းကို ရနိုင်ပါတယ် ဘက်ဗာလီ၊ အဲဒါကို မင်းမယုံဘူးလား'

'ကဲ…ကိုယ်တို့ နေ့လယ်စာ လှေးလိုက်ကြရအောင်လား၊ ဘာဖြစ်လို့လဲဆိုတော့ မင်းအလုပ်ခွင်ကို မပြန်မီ အဲ့အာစးသင့်စရာလေးတစ်ခု ပြချင်လို့'

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
မှိုင်း

သူ ဘာကို ရည်ညွှန်းနေပါလိမ့်ဆိုတာ ဘက်ဗာလီ သိချင်သည်။ အာသာကလည်း မိမိကို သည်သို့ စိတ်ထဲ မရိုးမရွ ဖြစ်နေစေချင်ကြောင်း သိနေသည်။ သည်တော့ ဘက်ဗာလီ အမြော်အမြင်ကြီးစွာ ဆုံးဖြတ်လိုက်၏။ မေးမနေတော့၊ လျှို့ဝှက်သည်းဖိုလုပ်ရသည်ကို သူ့ဘာသာသူ အရသာခံ ကြည်နူးနေပါစေ၊ သူ ပြောပြဖို့ အသင့်ဖြစ်တဲ့ အခါ ပြောလိမ့်မပေါ့။

အစားအသောက်များက လျှာရင်းမြက်လှသည်။ သို့သော် မိမိအတွက် အာသာ ဘာတွေ မှာကျွေးခဲ့မှန်း မမှတ်မိ၊ မိမိ နံဘေးတွင် လူ ထိုင်နေတော့ စိတ်က သူ့ဆီပဲ ရောက်နေသည်။ သူ့ဆီမှ တရှိန်းရှိန်း ထွက်နေသည့် ကိုယ်ရှိန်ကိုယ်ဝါများသည် မိမိတို့ နှစ်ယောက်ကို ခြားနားထားသည့် အကွာအဝေးကို ဖြတ်သန်းလာသည်။ ပြီးတော့ ထို အရှိန်အဝါများက မိမိကိုယ်ကို ထိခတ်ဖူးဖြန်းနေသည်။ နေစက်ပြီး သူ၏ ညို့အားက ကောင်းလွန်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံး စားသောက်ပြီးကြတော့ အာသာက ခပ်သွက်သွက် ငွေချေပြီး ဘက်ဇာလီကို စားသောက်ဆိုင်ထဲမှ ခေါ်ထုတ်ခဲ့၏။ သူ့အား နှုတ်ဆက်ဖို့ ကြိုးစားကြသည့် ယောက်ျားတွေ၊ မိန်းမတွေကို ခေါင်းဆတ်ပြရုံမျှ အသိအမှတ်ပြုသည်။

အပြင်ဘက်တွင် ရောမ ဇိမ်ခံကားကြီးတစ်စီး စောင့်နေသည်။ ယာဉ်မောင်းသူက သူတို့ကို တွေ့သည်နှင့် ကားပေါ်မှ ခုန်ဆင်းပြီး သူတို့အတွက် နောက်ခန်းတံခါးကို ဖွင့်ပေးသည်။ သူတို့နှစ်ယောက် ကားထဲဝင်နေခိုက် အာသာ က....

'သူ့ကို မင်း လိပ်စာ ပြောပြမှဖြစ်မယ်၊ ကိုယ်မှ မသိဘဲ'

'ရှင်....၊ ကျွန်မ လိပ်စာ.... ဟုတ်လား'

အာသာ ပြုံးလိုက်ပြန်၏။

'ဘာမှ မဖွယ်မရာမဟုတ်ပါဘူးကွယ်၊ ကိုယ် အာမခံပါတယ်၊ ကိုယ် ပေးမယ့် အံ့အားသင့်စရာလေးက သယ်ရပြုရ ခက်လို့ပါ၊ မင်းလဲ အလုပ်က အပြန်မှာ ဘတ်(စ်)ကားနဲ့ သယ်ချင်မှာ မဟုတ်ဘူးလေ'

ဘက်ဇာလီ ပိုပြီး ဦးနှောက်စားသွားသည်။ ယာဉ်မောင်းအား မိမိ လိပ်စာ ပြောပြပြီး ကားကူရှင်ကို မှီထိုင်လိုက်၏။ ကားထဲတွင် အထုပ်အပိုးဆိုလို့ အရိပ်အယောင်ပင် မတွေ့ရ။ အာသာ လုပ်နေပုံက အတွေးရှုပ်ချင်စရာ။



မိမိအား သူ လုပ်နေပုံက မိမိ၏ မွေးနေ့ရက်များတွင် ဖေဖေ လုပ်တတ်သည့်အချိုးများအတိုင်း။ ထိုနေ့မျိုးတွင် မိမိအား အကောင်းဆုံးအဝတ်အစားများ ဆင်မြန်းပေးဖို့ ဖေဖေက မေမေ့ကို ညွှန်ကြားထားလေ့ရှိသည်။ ထို့နောက်– ဘာမှ ကြိုတင်အသိပေးမထားဘဲ 'အံ့အားသင့်စရာ' လေးတွေ လုပ်ပြတတ်၏။ တစ်ခါက ဆပ်ကပ်ပွဲသို့ ခေါ်သွားသည်။ နောက်တစ်ခါက တေးသရုပ်ဖော် ပြဇာတ်သို့ ခေါ်သွားသည်။ နောက်တစ်ခါကျတော့ 'ဘရွန့်' တိရစ္ဆာန်ဥယျာဉ်တစ်ခွင်တစ်ပြင်အနှံ့ လျှောက်ပြသည်။

တစ်ခုပဲရှိသည်။ အာသာက ဖေဖေမဟုတ်။ သူပေးမည့် အံ့အားသင့်စရာ ဆိုတာကလည်း ဖေဖေ့ လက်ဆောင်တွေလောက် သန့်စင်မှုရှိချင်မှ ရှိမည်။ ကားပေါ်တွင်လိုက်ပါလာရင်း ဘက်ဇာလီကိုယ့်ကိုကိုယ် သတိပေးနေမိ၏။

အိမ်ရှေ့ ရောက်တော့ အာသာက ဘက်ဇာလီကို အရင်တက်နှင့်ဖို့ ဇွတ်ပြောသည်။ ဘက်ဇာလီ အခန်းနံပါတ်ကိုပဲ မေးသွားလိုက်သည်။

ဘက်ဇာလီက အာသာကိုစောင့်ရင်း မိမိအခန်းလေးကို လှည့်ပတ်ကြည့်မိ၏။ ခါတိုင်းလည်း ခုလိုပဲ မှောင်မည်းနေတတ်တာပဲလား ဒါမှမဟုတ်ဆောင်းရိပ်ကြောင့်လား။

ရုတ်တရက်ဆိုသလို သူက အခန်းလေးကို အာသာ၏ အမြင်ဖြင့် မြင်ကြည့်မိ၏။ ကျဉ်းသည်၊ သည့်လောက်

www.burmeseclassic.com



နှစ်တွေအကြာကြီး နေလာခဲ့ပေမယ့် ကိုယ့်အခန်းရယ်လို့ တွယ်တာမှုမရှိ၊ သပ်သပ်ရပ်ရပ်ရှိသည်၊ သို့ပေမယ့်ကျက်သရေရှိမှုနှင့် လှပမှုအပိုင်းတွင် အားနည်းနေသည်၊ အာသာက ဒါမျိုးတွေကို အလွန်မတန် တန်ဖိုးထား မြတ်နိုးတတ်သူ မဟုတ်လား။

သူက အခန်းတံခါးပိတ်ပြီး အာသာကို ဓာတ်လှေကားထဲမှာပဲ တွေ့ဆုံလိုက်ဖို့ စိတ်ကူးမိသည်၊ ထိုအချိန်မှာပင် တံခါးခေါက်သံကို ကြားလိုက်ရ၏။

အပြင်ဘက်စင်္ကြံလမ်းတွင် ယာဉ်မောင်း ဖြစ်သူက အာသာ့နောက်တွင် ရပ်နေ၏၊ လက်အိပ်စွပ်ထားသည့် သူ့လက်ထဲတွင် အထုပ်ပြားပြားကြီး တစ်ခု၊ သူက အထုပ်ကို အခန်းထဲယူလာသည်၊ အာသာကို ခေါင်းညိတ်ပြသည်၊ ထို့နောက် စကားတစ်ခွန်းမှ မဟဘဲ အခန်းပြင်သို့ပြန်ထွက်သည်၊ တံခါးကို ပိတ်သွားသည်။

'အာသာ၊ အဲဒါတွေက ဘာလုပ်နေတာလဲ'

'အံ့အား သင့်စရာလေးလေ၊ အံ့အား သင့်စရာလေးတွေ တွေ့ရတာ သဘောမကျဘူးလား'

သူက အထုပ်ပေါ်မှ ကြိုးကိုဖြေနေ၏၊ ထို့နောက် ထုပ်ထားသည့် စက္ကူကို တစ်ချက်တည်း ဆွဲခွာလိုက်၏။ သူ ဘာကို ရည်ညွှန်းနေကြောင်း ဘက်ဗာလီ ခုမှသဘော ပေါက်လိုက်၏၊ လန်ဒန်မှာ တုန်းက မိမိအကြိုက်ဆုံးဟု ရွေးချယ်ခဲ့သည့် ချစ်ပန်းဒေးလ်၏ လက်ရာ ကြည့်မှန် လှလှလေး။



ဘက်ဗာလီ ကိုယ့် အာမေဋိတ်သံကို ကြားလိုက်ရ၏၊ ပြီးတော့ ရှေးဟောင်းအနုပညာ လက်ရာလေးကို အနီးကပ်ကြည့်နိုင်ရန် ကော်ဇောပေါ် ဒူးထောက်ထိုင်လိုက်မိ၏။

'အာသာ၊ ဒါ ကျွန်မဖို့လား ဟင်'

မှန်ဘောင်ပေါ်မှ နုရွသော တနုတ်ပန်းများကို ဖွဖွလေး တို့ကြည့်သည်။

'ကျွန်မ မှတ်မိတာထက်တောင် ပိုပြီးလှနေသေးတယ်'

မတ်တတ်ပြန်ရပ်သည်၊

'အေးလေ....ဒါပေမယ့် ဒီပစ္စည်းကို မယူနိုင်ပါဘူး'

'အို....ယူမှ ဖြစ်မှာပေါ့၊ လက်ဆောင်တစ်ခုကို ပြန်ပေးရင် ကံဆိုးမိုးမှောင် ကျတတ်တယ်၊ အထူးသဖြင့် ကြည့်မှန်ကို ပြန်မပေးရဘူး'

'ဒါ ရှင့်ကျမှ ထွင်ပြီးပြောတာ မဟုတ်လား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီစကား မမှန်ဘူးလို့ မပြောနိုင်ဘူးလေ'

သူ့စကားလုံးတွေထဲမှ တစ်စုံတစ်ခုက ဘက်ဗာလီအား အံ့အားသင့်သွားစေသည်။ အာသာသည် စောစောက အတိုင်းပင် အခန်းကိုလှည့်ပတ်ကြည့်နေ၏၊ ဒီစောစောက မိမိမြင်သလို သူလည်း မြင်နေပြီဆိုတာ ဘက်ဗာလီ သိလိုက်၏၊ ဘက်ဗာလီက ဒေါသမာန်ဖြင့် ကာခဲပြော ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ်အသော၊ ရှင် ခုလို စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ရှင်မြင်တဲ့အတိုင်းပဲလေ၊ ဒီပစ္စည်းနဲ့ ဒီအခန်းနဲ့ မတန်ပါဘူးရှင်'

'ဒီပစ္စည်းဟာ မင်းရှိတဲ့ နေရာတိုင်းနဲ့ ထိုက်တန်ပါတယ်ကွယ်၊ အဲ...ဒီအခန်းနဲ့ မထိုက်တန်တာက မင်းဆိုရင်တော့ ဟုတ်မယ်'

သူက ဘက်ဗာလီ အနီးသို့ တိုးကပ်လာခြင်း မပြု၊ သို့သော် သူ့စကားလုံးများနှင့် ပြောပုံ ဆိုဟန်များက ရင်းနှီးလွန်းနေ၏။

'ကျွန်မ ဒီမှာပဲနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာပဲ နေနိုင်တာကိုး၊ ကျွန်မယောကျ်ားနဲ့ ကျွန်မ ထတ်နိုင်တဲ့ နေရာမှာပဲ နေရတာပေါ့၊ ဒီတော့ရှင်–ရှင့်ရဲ့ကြည့်မှန်လှလှကလေးကို သူနဲ့ထိုက်တန်တဲ့ နေရာမှာချိတ်ဖို့ ပြန်ယူသွားပါရှင်၊ ကျွန်မလဲ ကုန်တိုက်ကိုပြန်ပြီး အလုပ် လုပ်ရဦးမှာယ်'

* * *



ပြောပြီးမှ သတိရသည်၊ အာသာသည် မိမိ မျှော်လင့်မထားသည့် အပြုအမူမျိုးပေါင်း တစ်ဒါဇင်လောက်ပြုလုပ်နိုင်သည်၊ မိမိ၏စကားကို လက်မခံဘဲ ဆင်ခြေတက်ချင်တက်မည်၊ ဒါမှမဟုတ် မိမိအား သူ့ရင်ခွင်ထဲဆွဲသွင်းဖို့ ကြိုးစားချင် ကြိုးစားမည်၊ ဒါမှမဟုတ် မိမိ၏မာနတရားကို ဟာသလုပ်ပစ်ချင် ပစ်မည်၊

သည်အပြုအမူတွေက သည်မြို့တော်ကြီးတွင် မိမိတို့နှစ်ယောက်သည် ဘယ်လောက် အဆင့်အတန်းကွာသည်၊ အသက်မွေး ဝမ်းကျောင်းမှုချင်း ဘယ်လောက် ခြားနားသည်ကို ပြက်ပြက်ထင်ထင် ညွှန်ပြဖို့သား ဖြစ်သွားပေမည်။

သို့သော်....

ထိုသို့ပြုလုပ်မည့်အစား အာသာက ကြည့်မှန်ကလေးကို ခပ်အေးအေး၊ ခပ်ပေါ့ပေါ့ပင် ကောက်ကိုင်လိုက်၏။ သူကိုင်ထားသည့် ပစ္စည်းကလေးသည် ဟုတ်တိပတ်တိ တန်ဖိုးမရှိသည့် မီးအုပ်ဆောင်းလေး တစ်ခုနှယ်၊ ထို့နောက် အောက်ထပ်တွင် စောင့်နေသည့် ကားရှိရာသို့ ဘက်ဗာလီနှင့်အတူ လိုက်လာသည်၊

သို့သော် ...

ကြည့်မှန်ကလေးကို သေသပ်ကျနစွာ ပြန်ထုတ်လျက် ကားထဲသိမ်းပြီး ဝယ်လ်ဘီ ကုန်တိုက်သို့ ကားဖြင့် ပြန်လာကြပြီ ဆိုသည်နှင့် အာသာက သူ့အား မေးခွန်းတွေ ဆင့်မေးတော့၏၊ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သည့်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေ၊ သို့ပေမယ့် သည်မေးခွန်းတွေကို သူက ရှေ့နေတစ်ယောက်လို လိမ်လိမ်မာမာနှင့် လှည့်ပတ်မေးသည်။

မိမိခံနေထိုင်နေသည့် အဆောက်အအုံကို သဘောကျရဲ့လား၊ သည်မှာနေတာ ဘယ်လောက်ကြာပြီလဲ၊ အိမ်ခန်းခ ဘယ်လောက် ထုတ်နိုင်သလဲ၊ ဒါကိုတော့ အက်ဒ်၏ ထောက်ပံ့မှု မပါဘဲ ဘယ်လောက် ပေးနိုင်သလဲဆိုတာ မေးမှန်း နှစ်ယောက်စလုံး သဘောပေါက် နားလည်ထားပြီးသား၊ မိမိ၏အိမ်ခန်းငှားခကို အက်ဒ်တစ်ယောက်မှလွဲပြီး ဘယ်သူမှ ကူညီထောက်ပံ့တာမျိုး မဖြစ်စေရဟု ဘက်ဗာလီ ကိုယ့်ကိုကိုယ် သတိပေး နှိုးဆော် နေမိသည်။

ကုန်တိုက်ရှေ့သို့ရောက်တော့ အာသာက ဘက်ဗာလီနှင့်အတူ လမ်းဘေး စင်္ကြံ လမ်းပေါ်တွင် ခဏ ရပ်နေ၏။

'ဘက်ဗာလီ၊ ကိုယ်က မင်းဘဝကို ပြန်ပြီး ပြုပြင်ပုံသွင်းနေတာ မဟုတ်ဘူးနော်'

သူ ဟက်ခနဲ တစ်ချက်ရယ်၏၊ ပြီးမှ....

'အင်း....အဲဒီလို လုပ်နေမိတာ ဖြစ်ချင်လဲ ဖြစ်မှာပဲ၊ ဒါပေမယ့် အဲဒီလို လုပ်နေတာကို လူမိမသွားစေချင်ဘူး၊ မင်းပေးနိုင်တဲ့ အိမ်ခန်း ငှားခလောက်နဲ့ ဒီထက်သာတဲ့ အခန်းတစ်ခန်းကို ကိုယ်ရှာပေးနိုင်လိမ့်မယ် ထင်တယ်၊ ကိုယ်ပေးတဲ့ ကြည့်မှန်ထားလေး လှလှပပ ချိတ်နိုင်လောက်တဲ့အခန်းမျိုးပေါ့'



('နောက်ပြီး အဲဒီအခန်းမျိုး ရနိုင်အောင် ငယ်ငယ်ရွယ်ရွယ် မိန်းမတစ်ယောက်က ဘာတွေ လုပ်ရဦးမှာလဲ')

'နှောင်ကြိုးတွေ မပါပါဘူးဘက်ဗာလီ၊ ကိုယ်တကယ်ပြောတာပါ၊ ကိုယ်ဟာ မင်းကို လှလှပပ ပစ္စည်းလေးတွေ အများကြီး ပေးချင်ပါတယ်၊ ဒါကို မင်းသိပါတယ်၊ ဒါပေမယ့် အဲဒီလို ပေးတာကို မင်း လက်ခံမှာမဟုတ်ဘူးဆိုတာ ကိုယ်ကလဲ သိနေတယ်လေ၊ လက်ဆောင်တွေရဲ့နောက်မှာ နှောင်ကြိုးတွေ ပါနေရင် လက်မခံဘူးဆိုတာ သိတယ်၊ ဒါပေမယ့် ကိုယ်တို့ မိတ်ဆွေအပေါင်းအသင်းတွေ အနေနဲ့ တစ်ယောက်ကို တစ်ယောက် ဘာမကူညီနိုင်စရာ အကြောင်းရှိလဲ၊ ကိုယ်တော့ စဉ်းစားလို့ မရဘူး'

'ကျွန်မကတော့ ရှင့်ကို မကူညီနိုင်ဘူး'

ဘက်ဗာလီ တုံးတိတိ ပြောပစ်လိုက်၏။

'မင်း ကူညီပြီးပါပြီ၊ မာရီလင် ကိုယ့်ဘဝထဲက ထွက်သွားအောင် မင်း လုပ်လိုက်နိုင်ပြီလေ၊ မင်းနဲ့သာ ကိုယ်မတွေ့ခဲ့ရင် အဲဒီလို ဖြစ်လာမယ်လို့ ကိုယ်မထင်ဘူး၊ အဲဒီအတွက် မင်းကျေးဇူးတွေ ကိုယ့်အပေါ်မှာ ရှိနေတယ်လေ၊ နောက်ပြီး တခြားကိစ္စတွေလဲ အများကြီးပေါ့၊ ကိုယ်က ကြွေးဆပ်တဲ့နေရာမှာ သိပ်တိကျချင်တဲ့ လူကွ'

ဘက်ဗာလီ သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

'အာသာ၊ ရှင်ဟာ သိပ်ကို ရင်ဖိုစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ကျွန်မအပေါ် အလွန်မတန်ကြင်နာပြီး

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာ ကောင်းလောက်အောင် တွယ်တာခဲ့တယ်၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် နောက်ထပ် မတွေ့ကြ တော့ရင် ကောင်းမယ်ထင်တယ်'

'အဲဒီစကားကို မင်းနှလုံးသားထဲက ပြောတယ်လို့ ကိုယ်ယူဆရင် မင်းပြောတဲ့အတိုင်း လက်ခံပါတယ် ဘက်ဗာလီ၊ ဒါပေမယ့် စိတ်မပူနဲ့၊ မင်းဆီက ကိုယ်လိုချင် တာရှိရင် ဘယ်တော့မှ လှည့်စားပြီး မယူဘူး စိတ်ချ၊ ကိုယ် ရိုးရိုးသားသားနဲ့ပွင့်ပွင့်လင်းလင်း တောင်းယူမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကလဲ ပေးချင်တဲ့ဆန္ဒ ရှိနေ တယ်ဆိုတာ ကိုယ် သိနေလို့ပေါ့'

အာသာ ထိုသို့ ပြောပြီးချိန်တွင် ဘက်ဗာလီ သူ့ကို ကျောခိုင်းထွက်ခဲ့၏။ နောက်ထပ် ဆက်ပြောမနေစုံ တော့။ ကိုယ့်ကိုကိုယ် မယုံ။ သည် ဇာတ်လမ်းကို ပြတ် အောင်ဖြတ်ဖို့ မိမိကြိုးစားခဲ့၏။ မိမိဘက်စွမ်းသလောက် အစွမ်းကုန် ကြိုးစားခဲ့၏။ သို့သော် သူပြောတာ မှန်နေ ကြောင်း သိလည်း သိနေပြန်သည်။ မိမိတို့ နှစ်ယောက် ကြားရှိနေသော ခံစားချက်များကို မိမိ လိုက်နာ ကျင့် သုံးခဲ့သည့် လူမှုစည်းကမ်းများဖြင့် ဖျက်၍ မပျက်နိုင်ပါ ကလား။



နောက်တစ်နေ့တွင် ဘယ်လီဖုန်း ခေါ်သံ ဝင်လာ တော့ ညနေစောင်းနေပြီ။ မိန်းမအသံ တစ်ခုက မစ္စစ် ရစ်ချ်မန်ကို ခေါ်ပေးဖို့ ချိုသာယဉ်ကျေးစွာ ပြောသည်။ ကံ အားလျော်စွာ ဘက်ဗာလီကလည်း ဆီလ်ဗီယာ့ အခန်းထဲတွင် တစ်ယောက်တည်းရှိခိုက်နှင့် ကြုံနေသည်။

'မစ္စစ် ရစ်ချ်မန်၊ ရှင် အခန်းသစ်တစ်ခန်း ရှာနေတယ် လို့ ကျွန်မ သိရပါတယ်၊ သောသောဆယ် ငှားချင်တဲ့ အခန်းတစ်ခန်း ကျွန်မတို့ အဖွဲ့ကိုလာပြီး ကမ်းလှမ်း ထားပါတယ်၊ ရှင့်ကို ခေါ်ပြောလို့ အကြီးအကျယ် ထောက်ခံချက်တစ်ခုက ရှိနေတော့ ဘာကယ်လို့ ရှင် အားလပ်မယ်ဆိုရင် ဒီညနေ လိုက်ပြလို့ ရနိုင်မလားရှင်'

အာသာသည် တစ်စက်ကလေးမှ အချိန်မဖြုန်းပါ ကလားဟု ဘက်ဗာလီ စဉ်းစားမိ၏။ သို့သော် သူက အခန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို မေး မြန်း စုံစမ်းနေမိသည်။ အခန်းတည်နေရာမှာ အရှေ့မြစ် ကို စီးမြင်နေရသည့် (၅၇) လမ်း အဆုံးမှာ ရှိကြောင်း နှင့် အခန်းငှားခမှာ မိမိ လက်ရှိပေးနေရသည့် လခထက် မဆိုစလောက်ကလေးပဲ ပိုများကြောင်း သိရသောအခါ ဘက်ဗာလီ လိုက်မကြည့်ဘဲ မနေနိုင်တော့။

အခန်းမှာ လူတိုင်းလိုချင်သည့် အခန်းမျိုး။ ကျယ်ဝန်း သော ဧည့်ခန်းထဲတွင် မီးလင်းဖိုတစ်ဖိုပါသည်။ (မီးလင်းဖို အပေါ်ဘက်တွင် ချစ်ပန်ဒေးလီ၏ လက်ရာ ကြည့်မှန် ကလေး ချိတ်ဖို့ ဆင့်တင့်လျောက်ပတ်သော နေရာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။) နေ့ကပြီး ခြေဆန့်လက်ဆန့် နေနိုင်သည့် အိပ်ခန်းတစ်ခန်း၊ ဘက်ဗာလီ၏ ရုံးခန်းထက် ကျယ်ဝန်းသော စားဖိုခန်းတစ်ခန်း၊ ထို့ပြင် ဒုတိယ အိပ်ခန်း တစ်ခန်းနှင့် ရေချိုးခန်းလည်း ပါသည်။

ဒုတိယ အိပ်ခန်းလေးကိုတော့ 'အိမ်ဖော်ရဲ့ အိပ်ခန်း ပေါ့'ဟု ပွဲစား မစ္စလော့လေ့က ပြောသည်။ ပွဲစား အမျိုးသမီးက ဘက်ဗာလီအား ဖုတ်ခနဲ လှမ်းကြည့်ပြီး ဘက်ဗာလီ၏ အသက်အရွယ်ကို ခန့်မှန်းမိသွားသည့် အလား စကားကို ပြင်ပြောသည်။

'ဒါမှမဟုတ် ကလေးထိန်းလဲ နေလို့ရပါတယ်'

ဘက်ဗာလီ အခန်းကို မြင်မြင်ချင်း ကြိုက်သွားသည်။ အခန်းမှာ ဟာလာဟင်းလင်း ဖြစ်နေ၏။ သို့သော် ပထမ အိမ်ငှားက ထူထဲသော ခန်းလုံးပြည့် ကော်ဇောကြီး တွေကို ထားပစ်ခဲ့သည်။ နေ့ကပြီး အခန်းနံရံများ ကလည်း မကြာသေးမီကမှ ဆေးသုတ်ထားသလို စိုပြည် လတ်ဆတ်နေဆဲ၊ ဘက်ဗာလီက သည်တိုက်ပိုင် ရှင်၏ အမည်ကို မသိမသာလှည့်ပတ်မေးကြည့်၏။ မစ္စလော့လေ က မိမိ မကြားဖူးသည့် နာမည်တစ်ခုကို ပြောပြတော့ စိတ်ဆက်သာရ ရသွားသည်။ သည်တိုက်ကို အာသာ ပိုင်တာတော့ မဖြစ်တန်ရာ၊ သို့သော် ချက်ချင်းပင် သဘော ပေါက်လိုက်သည်၊ အာသာပိုင်လည်းမပိုင်ကြောင်းပြောဖို့ ပြင်ဆင်ထားမှာပေါ့၊

နေ့နှင့်ကြီးမှဲ့ အကူအညီ ပါတဲ့လေ့၊



သည်အခန်းကိုယူဖို့ ချက်ချင်း အဆုံးအဖြတ် မပေး တော့ မစ္စလော့လေ့ အံ့အားတသင့်ဖြစ်သွားတာ သိလိုက် သည်၊ သည်လိုအခန်းမျိုးကို သည်လိုဈေးနှင့် ရဖို့ဆိုတာ ရတောင့်ရခဲ အခွင့်အရေး မဟုတ်လား၊ ဘယ်သူမဆို ဝမ်းသာအားရ ယူဖို့ ဆုံးဖြတ်ကြမည်သာ၊

သို့သော် ဘက်ဗာလီက နှစ်ဆယ့်လေးနာရီအတွင်း အဖြေပေးပါမည်ဟု မစ္စလော့လေအား ကတိပေးသည်။ ပြီးတော့ ကုန်တိုက်သို့ အသော့ ပြန်ပြေးခဲ့သည်။

အာသာ၏ ရုံးခန်းဖုန်းနံပါတ်ကို လှည့်နေမိသည်။ မိမိသည် လွန်ခဲ့သည် တစ်ရက်မပြည့်မီကမှ ပြောဆိုခဲ့သည့် ကတိစကားကို ဖောက်ဖျက်နေမိပါကလား ဆိုတာ ကိုယ့်ဘာသာ ကိုယ် သတိမထားမိ၊ ထိုသို့ တယ်လီဖုန်း နံပါတ်ကို လှည့်နေစဉ်မှာပင် စားပွဲမှ စာရွက်ပိုင်းအလေး တစ်ခုကို သတိထားမိသည်၊ မစ်ဂျီ၏ လက်ရေးဖြင့် ရေး ထားသည့် သတင်းပါး စာကလေး တစ်စောင်၊

'ဘက်ဗာလီ၊ မင်းယောကျာ်း တယ်လီဖုန်း ဆက် တယ်၊ သူ ဒီည အိမ်ပြန်ရောက်မယ်တဲ့၊ နေ့ကပြီး သူ့မှာ ဝမ်းသာစရာ သတင်းတွေ ပါလာတယ်တဲ့'

ဘက်ဗာလီ ဖိုက်ခွက်ပေါ်မှ နံပါတ်များကို ဆက် လှည့်မနေတော့၊ စကားပြောခွက်ကို ပြန်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ထိုနေ့ညနေမှာပင် ဆီလ်ဗီယာရှလက်ဇင်ဂျာသည် ကြုံ တောင့်ကြုံခဲ ခံစားချက် တစ်ခုကို ခံစားနေရ၏။ ယင်း ခံစားချက်ကား အပြစ်ကျူးလွန်မိသူ တစ်ယောက်လို လိပ်ပြာ မသန့်သည့် ခံစားချက်မျိုး၊

သူ့စားပွဲပေါ်ရှိ ညနေထုတ် သတင်းစာကို နောက် တစ်ကြိမ် လှမ်းကြည့် မိပြန်၏။ သူသည်ပါရီမှ အထည် အလိပ် ထုတ်လုပ်သူ တစ်ဦးနှင့် နေ့လယ်စာ စားပြီး ခါစပဲ ရှိသေးသည်။ ထိုသို့စိတ်ပင်ပန်းပြီးငွေ့ရောကောင်း သော ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ပြီးတိုင်း ညနေ ပိုင်း အလုပ်များကို ပြန်မစမီ သတင်း စာဖတ်လေ့ရှိ သည်မှာ သူ့အကျင့်၊

သတင်းစာ ထဲမှ တေလ်ဂါလဲင်၏ ဆောင်းပါးက ဆီလ်ဗီယာအား အာရုံစိုက်မိစေ၏။ ထိုဆောင်းပါးကို ဖတ်ရင်း ဆီလ်ဗီယာ့ပါးတွေ သွေးရောင် လျှမ်းလာ

သည်။ သူ့ အသက် အရွယ်မှာ ရှက်သွေး ဖြာရမည့် အရွယ်မဟုတ်။ ဒါကိုသူသိသည်။ သို့သော် ယခုပါးတွေ နီရဲလာခြင်းမှာ စိတ်ကသိ ကအောက် ဖြစ်လွန်းသော ကြောင့်သာ ဖြစ်သည်

အို… ဒုက္ခပဲ။ ငါဘာတွေ လျှောက်လုပ်ခဲ့မိပါလိမ့် ဒီလူ့ ရင်ခွင်ထဲ ရောက်အောင် ကောင်မလေးကို ငါ တွန်းပို့ လိုက်မိပါပကော၊ ကဲ…. ခုတော့ ကြည့်စမ်း။

သတင်းစာထဲမှ ဝါကျ အချို့ကို ပြန်ဖတ် မိပြန်သည်။

အထည်အလိပ် စီးပွားရေးလောကမှ သန်းကြွယ် သေဌေးမြာဘုရင်ကြီးတစ်ဦးဖြစ်ပြီး လောလောဆယ် မယားတွေ တစ်ယောက်ပြီး တစ်ယောက် ယူနေသူ အာသာပါဝါအား ယမန်နေ့က မျက်နှာ သစ်က လေး တစ်ယောက်နှင့် အတူ နေ့လည်စာ စားနေ သည်ကိုတွေ့ခဲ့ရသည်။ ဖက်ရှင်လောကမှ အတွင်းလူ များက အာသာပါဝါ၏အခေါ် ချောချော လှလှ လေးကို မသိဟု ဆိုကြသည်။ သို့သော် ငှက်တစ်ကလေး တစ်ကောင်က ကျွန်မ အနားကပ်ပြီး တီးတိုးစကား ဆိုသွားသည်၊ ယိလ်ဘီကုန်တိုက်သည် သူ၏အငယ် တန်း အငယ်တော်ကလေးတွေ ထဲမှာ တစ်ယောက် ကို နေ့လယ်စာစားချိန် ပို့ပြီးခွင့်ပြုထားသည်တဲ့၊ အာ သာရေ၊ လက်လီဝယ်ဖို့ ရွေးချယ်နေတာလား။ ဒါ မှမဟုတ် သူကလေးက မစ္စစ်ပါဝါ အသစ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဆီလ်ဗီယာအသံထွက် ညည်းညူလိုက်သည်။ အဲ့သည့် ထောလ်ဂါလင်ဆိုတဲ့ စုန်းမက ဘက်ဗာလီရဲ့ နာမည်ကို စာလုံး ပေါင်းမပြရုံ တစ်မယ်လောက် ရေးသွားတာပါ လာလား။

ပါရီမှာ တွေ့ကြသည်၊ တွဲကြသည်၊ ပျော်ကြသည်၊ ဘယ်သူမှနာကြည်းစရာ မဖြစ်၊ ဘက်ဗာလီနှင့် အာသာ၏ ဆက်ဆံရေးမှာ ဘက်ဗာလီပြောသလို ဘာမှလွန်လွန် ကျူးကျူးမဖြစ်ခဲ့။ ဒါကို မိမိသိနေသည်။

သို့ပေမယ့် ယခုဟာကတော့ .... အမေရိကန် တစ်ခွင် တစ်ပြင်လုံး လူဖတ်များလှသည့် သတင်းစာတစ်စောင်၏ အတင်း အဖျင်း ကဏ္ဍမှာ ပါလာသည် ဆိုတော့....။ ဘက်ဗာလီကို သိကျွမ်းနေသူ အား လုံး က သို့လော သို့လော ထင်ကြမည်၊ သည်သတင်းကို ဘက်ဗာလီ ဖတ်ပြီး ပါလော၊ မဖတ်ရသေးဟု ထင်သည်။

ရွှေရောင်စီးကရက် စွပ်ထဲတွင် စီးကရက်တစ်လိပ်ကို ထပ်မံတပ်ရင်း တယ်လီဖုန်း စကားပြောခွက်ကို လှမ်းကိုင် လိုက်၏။ တကယ်တော့ ဘက်ဗာလီ နေ့လယ်စာ ထွက်စား ဖြစ်အောင် မိမိက တွန်းလွှတ်ခဲ့သည် မဟုတ်လား။ သည် တော့ သည်သတင်းကို မိမိကပဲ ဘက်ဗာလီအား ဦးစွာ ဖောက်သည် ချရတော့မည်၊ ဖက်ရှင် လောကသားတွေ ကတော့ ခုလောက်ဆို အာသာပါဝါနှင့် ပါလာ သူ လာလေ၊ ဘယ်သူဆိုသည်ကို ခန့်မှန်းတွက်ချက်ပြီး လောက် ရော့မည်၊ နောက်ပြီး နေ့လယ်စာ ကျွေးသည့်အတွက်



အာသာပါဝါအာ အတုံ့အလှည့်အဖြစ် ဘာရခဲ့သလဲ ဆို တာကိုပါပေါ့။

* * *

'ဆီလ်ဗီယာ၊ ဒီလောက်တောင်လဲ စိတ်ညစ်မနေပါနဲ့'

ဘက်ဗာလီက သူ့အဘက် လူကြီးကို လှမ်းကြည့် သည်၊ သတင်းစာကို သူ့ပေါင်ပေါ်မှာ တင်ထားဆဲ။ သည်နေ့အဖို့ ဆီလ်ဗီယာက သူ့ရုံးခန်းသို့ ဆင့်ခေါ်လိမ့် မည်ဟု ထင်မထားခဲ့၊ ပြင်သစ်မှ ဝယ်လာသည့် အထည် အလိပ်များကို ပြန်လည်ရောင်းချဖို့ ပြင်ဆင်ရင်း နှစ် ယောက်စလုံး အလုပ်ရှုပ်နေကြသည်၊ အာသာပ သည့်ပ စကားတွေ ပြောနေဖို့ အချိန်မရှိ၊ ခုလို ပြုန်းစားကြီး ဆင့်ခေါ်လိုက်တော့ ဘက်ဗာလီ ဇဝေဇဝါ ဖြစ်သွား သည်၊ ကိုယ့်ဖို့ကိုယ်ပင် မယုံချင်၊ ဥရောပမှ ပြန်လာပြီး သည့်နောက်ပိုင်း အမှားအယွင်းတွေများ လုပ်ခဲ့မိလေ သလား၊ အပေါ်ထပ် အမှုဆောင်အရာရှိများ အခန်းသို့ တက်လှေကားဖြင့် တက်သာရင်း ခုရက်ပိုင်းများအတွင်း

www.burmeseclassic.com



မိမိလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို ပြန်လည် သုံးသပ်ကြည့်၏။

နောက်ဆုံး စိတ်နှလုံး တုံးတုံး ချလိုက်၏။ မိမိအား ပေးအပ်ခဲ့သည့် လုပ်ငန်း တာဝန်များကို ဆီလ်ဗီယာ လိုချင်သည့် ပုံစံအတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု။ အခန်းထဲရောက်သွားပြီး ခုလို ရုတ်တရက် ဆင့်ခေါ်ခြင်းမှာ သတင်းစာထဲမှ မျက်မှန်း မှန်းဆ သတင်းတစ်ပုဒ်ကြောင့်ဖြစ်ကြောင်း သိရမှပင် ဘက်ဗာလီ စိတ်သက်သာရာ ရသွား၏။

'ဘက်ဗာလီ၊ မမဟာ ငတုံး တစ်ကောင်ပဲ၊ မင်း အဲဒီ စားသောက်ဆိုင်ကို အာသာပါဝါနဲ့ အတူ သွားလို့ကတော့ သတင်းမကြီးဘဲ နေမှာ မဟုတ်ဘူးဆိုတာ မမ သိထားဖို့ ကောင်းတာပေါ့'

'သူတို့ ကျွန်မနာမည်ကို ထည့်ရေးမထားပါဘူး ဆီလ်ဗီယာ၊ ဒီမှာ ဝယ်လ်ဘီ ကုန်တိုက်မှာ အငယ်တန်း အဝယ်တော်တွေ အယောက် နှစ်ဆယ်လောက် ရှိတာပဲ မမရဲ့'

'သူတို့တစ်တွေက အာသာ မျက်စိ ကျလောက်တဲ့ မိန်းကလေးတွေ မဟုတ်ဘူးလေ'

'ကျွန်မလဲ အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး'

ဘက်ဗာလီ ပြုံးနေမိ၏။ ဆီလ်ဗီယာသည် အမှန်တကယ် စိုးရိမ်ပူပန်နေခြင်း ဖြစ်၏။ သို့သော် ဘက်ဗာလီ အတွက်တော့ အဓိပ္ပာယ်မဲ့သလို ဖြစ်မနေသည်။ သည်နေ့ အဖို့ သူ့မှာ အခြားစိုးရိမ်ပူပန်စရာတွေ တစ်ပုံကြီး။



'နေပါဦး ဆီလ်ဗီယာ၊ သူတို့က ကျွန်မ နာမည်ပါ ထည့်ရေးလိုက်တော့ကော ဘာဖြစ်သေးလဲ၊ ကျွန်မတို့ နေ့လယ်စာစားရင်း ပလူးနေကြတာ မဟုတ်ဘူး၊ စည်းနဲ့ ဟမ်းနဲ့ ကူဒြေသီကွာနဲ့ စားနေကြတာပါ'

'နောက်ပိုင်းကျတော့ကော၊ မင်း သုံးနာရီထိုးထိ ပြန်ရောက်မလာဘဲဟာ'

ဘက်ဗာလီ ရှက်သွေး ဖြာသွားသည်။ လွန်ခဲ့သည့် ရက်ပိုင်းများအတွင်းက သူတို့ နှစ်ယောက်စလုံး ဂျင်ခြေ ညည်အောင် အလုပ်များနေကြသဖြင့် ယခု ရက်ပိုင်းများ အတွင်း ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို မဆွေးနွေးဖြစ်။ မိမိက ငြင်းပယ်လိုက်ရသော အဖိုးထိုက် အဖိုးတန် လက်ဆောင် [illegible] တစ်ခု အကြောင်း၊ အာသာ၏ မေးခွန်းတွေ အကြောင်း၊ နောက်ပြီး အခန်းသစ်ငှားဖို့ ကမ်းလှမ်းလာသည့် အကြောင်း။

'ကောင်းပြီ ဆီလ်ဗီယာ၊ မမကို အစအဆုံး တစ်လုံး မကျန် ပြောပြထားတာပဲ ကောင်းလိမ့်မယ် ထင်တယ်'

အာသာနှင့် တွေ့ဆုံခဲ့ပုံ၊ အာသာ လက်ဆောင်ပေးပုံ၊ နောက်ပြီး အာသာပြောခဲ့သည့် စကားတွေ အကြောင်း ရှင်းတိုရှင်းဖြစ်အောင် ခပ်သွက်သွက် ပြောပြလိုက်၏။ ဆီလ်ဗီယာ မလှုပ်မရှက် နားထောင်နေသည်။ ဘက်ဗာလီ စကားဆုံးသည်အထိ ဝင်ရောက်မေးမြန်း ပြောဆိုခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



'မြတ်စွာဘုရား'

နေ့ကျော်ဆုံးကျမှ ရေရွတ်လိုက်၏။ သူ့အသံက ညည်းညူသံ ပေါက်နေ၏။

'မင်း ဒီလောက်ထိ နက်နက်နဲနဲ ဖြစ်သွားအောင် မမ လုပ်ခဲ့မိလိမ့်မယ် မထင်ဘူးကွယ်'

'ဆီလ်ဗီယာ၊ ကျွန်မ နက်နက်နဲနဲ ဖြစ်အောင် မမ ဘာမှ မလုပ်ခဲ့ပါဘူး၊ အခန်းသစ်ကလေးက အရမ်း သာနေတယ်၊ ကျွန်မ တတ်နိုင်တယ်၊ အဲ....အိမ်လခကို အက်ဒ်နဲ့ ကျွန်မ တတ်နိုင်ပါတယ်၊ အဲဒီတိုက်ကို အာသာ ပိုင်တာမဟုတ်ဘူး၊ ဒီကိစ္စထဲမှာ သူ ဘာမှ မပတ်သက်ဘူး၊ ကျွန်မက မတွေ့ချင်ရင် သူနဲ့ ထပ်တွေ့စရာ အကြောင်းကို မရှိဘူး'

'ဒီတော့ မင်းကတော့ သူနဲ့ ထပ်တွေ့ချင်သေးလား'

'အဲဒါတော့ ကျွန်မလဲ မပြောတတ်ဘူး'

ဘက်ဗာလီ ဂနာမငြိမ်စွာ မတ်တတ်ထ၏။ ပြီးတော့ ဆီလ်ဗီယာ၏ ရုံးခန်း ပြတင်းပေါက်ဆီသို့ သွားသည်။

ဝယ်လ်ဘီကုန်တိုက်သည် မိုးမျှော် တိုက်ကြီးတော့ မဟုတ်။ သို့သော် အပေါ်ဆုံးထပ်မှ မြင်ရသည့် မြင်ကွင်းသည် ရင်သပ် ရှုမောစဖွယ်၊ နယူးယောက် မြို့တော်ကြီးသည် မိမိရှေ့မှာ ဝပ်စင်းနေ၏။ လူတွေ ခြေချင်းလိမ်တမျှ စည်ကားသိုက်မြိုက်သော မြို့တော်၊ လူတွေ အင်ပြည့်အားပြည့် ပြေးလွှားလှုပ်ရှားနေသော မြို့တော်၊



တစ်နေ့တာ၏ အပြီးသတ် လုပ်ငန်းများကို ကျုံးလုပ်နေသည့် လူများဖြင့် ပြည့်လျှမ်းနေသည့် မြို့တော်၊

အရှေ့ခြမ်းတစ်လျှောက်ရှိ ခေတ်မီသားနားလှသော အိမ်ခန်းများတွင် မကြာမီအတွင်း လျှပ်စစ်မီးတွေ လင်းထိန်လာတော့မည်၊ ညစာခံပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ယဉ်ကျေးပျူငှာရှိသော စားသောက်ဆိုင်များ ပြည့်လျှမ်းသည့် ညသစ်တစ်ည ရောက်လာပြီ ဖြစ်ကြောင်း အဆိုပါ မီးရောင်များက အချက်ပြနေတော့မည်၊

ဒါဟာ အာသာ့ကမ္ဘာလေး၊ ငါ့ကမ္ဘာ မဟုတ်ဘူး ဘက်ဗာလီစဉ်းစား၏၊ ငါ့ကမ္ဘာကအိမ်ပြန်ရမည်၊ အက်ဒ်ကို စောင့်ရမည်၊ လုပ်ငန်းသစ်အကြောင်း နားထောင်ရမည်၊ သည်တစ်ခါတော့ ငါတို့ နှစ်ယောက်ကြားမှာ ဖြစ်ပေါ်နေသည့် အဖုအထစ် ပြဿနာများ ပြေလည်အောင် တော့မည်ဟု မျှော်လင့်ချက် အပြည့်ရှိဟန် ဆောင်ရမည်၊ စိတ်ဓာတ် တက်ကြွနေဟန် ဆောင်ရမည်။

'ကျွန်မ မပြောတတ်ဘူး ဆီလ်ဗီယာ'

ဘက်ဗာလီ ထပ်ပြော၏။

'ကျွန်မ အာသာကို ငြိနေမိတာတော့ အမှန်ပဲ၊ အဲဒါကို ကျွန်မ ဖုံးကွယ်ထားချင်ပေမယ့် မမကို လိမ်မပြောချင်ဘူး၊ သူက အားမာန်ရှိတယ်၊ ရင်ဖိုစရာကောင်းတယ်၊ ဆွဲဆောင်မှုရှိပြီး....ထားပါတော့၊ နည်းနည်း မက်စရာကောင်းတယ်၊ ကျွန်မ သူနဲ့တွဲနေရတာ ကြည်နူးတယ်၊ သူလဲ ကျွန်မနဲ့ တွဲရတာကို ကြည်နူးနေပုံပဲ၊

www.burmeseclassic.com



'ဒီတော့ ကျွန်မတို့နှစ်ယောက် ချစ်ဖော်တွေ ဘဝကို ရောက်မသွားဘဲ လက်ရှိ ဆက်ဆံရေးမျိုးနဲ့ ဘယ်လောက် ကြာကြာ ဆက်နေနိုင်မလဲဆိုတာ မပြောတတ်ဘူး။ ခု ကျွန်မတို့ တွဲနေတာဟာ စိတ်ကစားရုံ သက်သက်ပါ၊ စိတ်ကူးယဉ်ရုံ သက်သက်ပါလို့ ကျွန်မ လိမ်မပြောချင် ဘူး၊ ကိုယ့်ကိုကိုယ်လည်း မညာချင်ဘူး။

'သူ မာရီလင်နဲ့ပတ်သက်ပြီး ရခဲ့တဲ့ဒဏ်ရာတွေဖြေဖျော ခါစ၊ နာလံထ ခါစမှာ ကျွန်မနဲ့ တွေ့ခဲ့တာ၊ သူ့အတ္တ မာနစိတ်ဟာ ထိခိုက်ဒဏ်ရာ ရခဲ့တယ်၊ မာရီလင်ဆီ သူ့ ကို မလိုလားဘူး၊ သူနဲ့အတူ နေချင်စိတ်တော့ မရှိခဲ့ ဘူး၊ ဒါပေမယ့် မာရီလင် ဆိုတာက သိပ်ပြီး ထင်ပေါ် ကျော်ကြားမှု အပြည့်ရှိတဲ့ ငန်းမလေး တစ်ကောင်လေ၊ သူနဲ့ယှဉ်လိုက်တော့ ကျွန်မက ဘာဖြစ်သွားမလဲ၊ စာ ကလေး တစ်ကောင်လောက်ပဲ ရှိမှာပေါ့'

'ဟင့်အင်း....ဟင့်အင်းနဲ့ တစ်ပြိုင်တည်း ငြင်းနေတတ် တဲ့ စာကလေး တစ်ကောင်လေ'

ဆီလ်ဗီယာ ခြောက်ကပ်စွာ ပြောလိုက်၏။

'မမ ယုံချင်ယုံ၊ မယုံချင်နေ၊ လောလောဆယ် တော့ ကျွန်မ တစ်ချိန်လုံး ပြောနေခဲ့တာ အဲဒီစကားလုံး ပဲ၊ ခက်တာက ကျွန်မတို့ချင်း ဆက်တွေ့နေကြမယ်ဆိုရင် အဲဒီစကားကို ကျွန်မ ဘယ်လောက်ကြာကြာ ဆက်ပြော နေနိုင်မလဲ၊ ကျွန်မကိုယ် ကျွန်မလဲ မယုံဝံ့ဘူး'



'အဲဒီနေ့က ဘာဖြစ်မလဲ၊ တကယ်လို့ မင်းနဲ့အက်ဒ် နဲ့ ကွာရှင်း ပြတ်စဲလိုက်ရင် အာသာပါဝါက မင်းကို လက်ထပ်မှာလား၊ အဲဒါကော ဘယ်လိုထင်လဲ ဘက် ဗာလီ'

'ဘယ်သူ လက်ထပ်လိမ့်မလဲ ဆီလ်ဗီယာ'

သူ့လေသံ စိတ်မရှည်ဟန် ပေါက်သွားကြောင်း ဘက်ဗာလီ သတိပြုမိ၏။

'လက်ထပ်ဖို့အကြောင်း ကျွန်မတို့ တစ်ခါမှ မဆွေး နွေးခဲ့ဖူးဘူး၊ သူက အိမ်ထောင်မပြုချင်သလို ကျွန်မက လဲ မပြုချင်ဘူး'

'ဒီတော့ မင်းတို့ ဘာလုပ်နေကြတာလဲ ဘက်ဗာလီ၊ တစ်ခုတော့ ရှိတယ်နော်၊ မမ မင်းတို့ကိစ္စထဲမှာ ဝင်စွက် နေတာ မဟုတ်ဘူး၊ မမတို့ ယခင် အချစ်ဇာတ်လမ်း လေးတွေအကြောင်း ပြောခဲ့ကြတယ်၊ အဲဒါလေးတွေက အိမ်ထောင်ရေး တစ်ခုကို အသက်ဝင် လှုပ်ရှားသွားစေ တယ်၊ မှန်တယ်။

'ဒါပေမယ့် မမ ဖြစ်စေချင်တာက သိုသိပ်ရမယ်၊ မြို့ပြင်မှာ ဖြစ်ရမယ်၊ မြို့နဲ့ အလှမ်းဝေးတဲ့ နေရာမှာဆို ရင်တော့ ဘယ်သူမှ မထိခိုက်နိုင်ဘူး၊ ဇာတ်လမ်းဆုံး တာနဲ့ ဘာမှ မဖြစ်ခဲ့သလို ကိုယ့်ချည်တိုင်ကို ကိုယ်ပြန် လာလို့ရတယ်၊ မင်းနဲ့ အာသာနဲ့ နယူးယောက်မြို့ထဲမှာ ပဲ ချိန်းတွေ့ ချိန်းသွား လုပ်နေလို့ကတော့ မင်းတို့ ဘယ် လောက်ကြာကြာ ဖုံးဖိထားနိုင်မှာလဲ၊ တကယ်လို့ စာ

www.burmeseclassic.com

www.burmeseclassic.com



တလေးက ဟင့်အင်းလို့ ဆက်ပြီးငြင်းနေတဲ့ တိုင်အောင် ပေါ့'

'ဆီလ်ဗီယာ၊ ကျွန်မ အဲဒါတွေအားလုံး သိပါတယ်။ ကျွန်မ အသောကို ပြောပြီးပြီလေ၊ ကျွန်မတို့ ဘဝချင်း ဟပ်စပ်လို့ မရဘူးလို့၊ ကျွန်မက အိမ်ထောင်သည် တစ်ယောက်၊ ဒါကို ကျွန်မက အလေးအနက်ထားတယ်'

ဘက်ဗာလီ သက်ပြင်းချလိုက်၏၊ ပြီးမှ....

'ကျွန်မ ပြောနေတာက တကယ်လို့ ကျွန်မသာ အိမ်ထောင်သည် မဟုတ်ခဲ့ရင်၊ လွတ်လွတ်လပ်လပ် ရှိနေရင် ငါ ဒီည ဘာအဝတ်အစား လုပ်ရမလဲ၊ ညစာ စားဖို့ ဘယ်နေရာ သွားရမလဲ ဆိုတာလောက်ပဲ စဉ်းစားနေမှာ၊ ညစာ စားပြီးနောက်ပိုင်း ဘာတွေ ဆက်ဖြစ်ဦးမလဲဆိုတာ တွေးပြီး ရင်ဖိုနေမိမှာ'

'အဲဒီနောက်ပိုင်းရဲ့ နောက်ပိုင်း ကျတော့ကော၊ မမ ပြောတာကို နားထောင်ဦး ဘက်ဗာလီ၊ ဒီပြေးလမ်းမှာ မမ ပြေးခဲ့ဖူးပြီ၊ ပျော်ရွှင် မြူးကြွစရာကောင်းတဲ့ တိတ်တိတ်ပုန်း မဟာအချစ်ဇာတ်လမ်းကြီး၊ အနှောင်အဖွဲ့တွေ မရှိဘူး၊ ဘယ်သူမဆို ကိုယ်လုပ်ချင်တာ လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတယ်၊ သွားချင်ရာ သွားလို့ရတယ်'

'တစ်ခုပဲရှိတယ်၊ အချိန်နဲ့အမျှ ကိုယ့်အိမ်ကိုယ် ပြန်ရောက်ကြရမယ်၊ အဲဒီလို အိမ်ပြန်ရောက်တဲ့ အခါကျမှ အက်ဒ် မရှိတော့တာကို တွေ့ရလိမ့်မယ်၊ အဲဒီအခါကျမှ မင်း အထီးကျန် ဝေဒနာကို အရမ်းခံစားရလိမ့်မယ်'



'ကျွန်မသိတာပေါ့ ဆီလ်ဗီယာ၊ ဒါပေမယ့် တစ်ခါတလေကျတော့ အိမ်မှာ တစ်ကိုယ်တည်း ရှိနေတဲ့တိုင်အောင် အထီးကျန်ဝေဒနာကို ခံစားရတာပါပဲ'

'အဲဒီနှစ်ယောက်ဟာ အသွင်မတူရင်လို့ မင်း ဆိုလိုတာမဟုတ်လား၊ အင်း....အဲဒီအချက်ကိုတော့ မမ မငြင်းနိုင်ဘူး၊ မမဆို မမရဲ့ ဟာမန်နဲ့မတွေ့ခင်လင်နှစ်ယောက်နဲ့ တခြား ယောကျ်ား တော်တော် များများနဲ့ တွေ့ခဲ့ရသေးတာကိုး'

ဘက်ဗာလီပြုံးလိုက်၏။ သူ့အထက်လူကြီးသည် သူ့အတွက် တကယ်ပင် စိုးရိမ် ပူပန်နေကြောင်း သတိပြုမိသည်။

(ဘာပဲဖြစ်ဖြစ် မိမိမှာ အားကိုးအားထား ပြုလောက်သည့် မိတ်ဆွေကောင်း တစ်ယောက် ရှိနေကြောင်း သိရတော့ ဝမ်းသာရပါသည်။ အနာဂတ် ကာလမှာဘာတွေပဲ ကြုံရ၊ ကြုံရပေါ့။)

'ဆီလ်ဗီယာစိတ်မပူနေပါနဲ့၊ နက်ဖြန်ဆိုတီးတိုးသတင်းတစ္စမှာ အတင်းအဖျင်းသတင်းတွေ ပါလာမှာပါ၊ အဲဒီအခါကျ ကျွန်မ အကြောင်းကို မေ့သွားကြမှာပေါ့၊ အက်ဒ်က အိမ်ပြန်လာ လိမ့်မယ်၊ သူ့အလုပ်အသစ်တာ ထက်လမ်းကောင်းလိမ့်မယ်၊ ကျွန်မတို့ရဲ့အခန်းသစ်ကို သူ သဘောကျလိမ့်မယ်၊ နောက်ပြီး မစ္စတာ အဆေးပါဝါကိုလွဲ နောက် ကောင်မလေး တစ်ယောက်နဲ့ တွေ့ရလိမ့်

www.burmeseclassic.com



မယ်၊ အငြင်းပွားစရာရှိဘာနဲ့ အဲဒီ ကောင်မလေးဟာ ကျွန်မထက် ပိုပြီးချောမယ်၊ လှမယ်ဆိုတာပါပဲ’

‘တကယ်ပဲ အဲဒီလိုဖြစ်လာမယ်လို့ မင်း ယုံသလား၊ ဒါမှမဟုတ် မင်းဖြစ်စေချင်တဲ့ ဆန္ဒလား၊ ဒီမယ် ဘက်ဗာလီ၊ အဲဒီမရီကမှာ ရှိတဲ့ မိန်းမငယ်လေးတွေ ဘယ်လို အဝတ်အစားမျိုး ဝတ်ချင်လိမ့်မယ်လို့ ခန့်မှန်းတဲ့ အပိုင်းမှာတော့ မင်းသိပ်တော်ချင် တော်လိမ့်မယ်၊ တော်လဲ တော်ပါပေတယ်လေ၊ ဒါကြောင့်လဲ မင်းကိုမမက အထင်းတွန်းတင် နေတာပေါ့၊ မင်းက အလုပ်ကို သံယောဇဉ်ရှိတယ်လေ၊ မပါပေမယ့် ယောကျ်ားတွေနဲ့ ပတ်သက်လို့တော့ ဘောလိပ်ရောက်ခါစ အူတူတူ အထာ အနိုင်ဆုံး မိန်းကလေး တစ်ယောက်ထက်ပိုပြီး သိမယ်လို့မထင်ဘူး’

‘ကျွန်မမှာ အတွေ့အကြုံ လုံးဝ မရှိဘာမဟုတ်ပါဘူး’

ဖခင့်နှင့် အက်ဒ်တို့မျက်နှာများကို လိုသားမှုကင်းမဲ့စွာ ပြန်ပြီးမြင်ယောင်မိ၏။ နောက်ပြီး… အက်ဒ်ကြင်နာတတ်သော စိတ်ရှည်သည်းခံတတ်သော အက်ဒ်၊

သူ့အသံတွင် ကြွက်ခွဲမှုလေး စွက်နေသည်ကို ဆီလ်ဗီယာ ချက်ချင်းသတိထား လိုက်မိ၏၊

‘မင်းမှာ အချစ်ရေးပြဿနာတွေ မကြုံခဲ့ရဖူးလို့ မမ ပြောနေတာ မဟုတ်ပါဘူးကွယ်၊ မမ ပြောနေတာက ‘ကျွန်းသဘာဝ’ ကို မမလောက် မင်း မသိသေးဘူး ထင်တယ်လို့ ပြောတာပါ’

ဆီလ်ဗီယာ စိတ်ရှုက် အသစ်တစ်လိပ် မီးညှိ၏၊



‘ဒီမယ် ဘက်ဗာလီ၊ ပါရီမှာတုန်းက မင်းအာသာနဲ့ အတူနေလိုက်ရင် ကိစ္စပြတ်တယ်၊ ဘာပြဿနာမှမပေါ်ဘဲ ချောချောဆို သူ နောက်တစ်ယောက်နောက်ကို လိုက်နေလောက်ပြီဆိုတာ မမပြောရဲတယ်၊ ဒါပေမယ့် မင်းက ‘ဟွင့်အင်း’ လို့ ငြင်းခဲ့တယ်လို့ပြောတယ်’

ထို့နောက် ခေမန်းကတန်း ဖြည့်စွက်ကာ…

‘မင်းပြောတာကို မမ ယုံပါတယ်၊ မင်းက အဲဒီလို ငြင်းနေတဲ့အတွက် မင်းဟာ သူ မပိုင်ဆိုင်ရသေးတဲ့ အရာ တစ်ခု၊ သူ့စိတ်ကျေနပ်မှုမရသေးတဲ့ အရာတစ်ခု ဖြစ်လာတယ်၊ တကယ်လို့သူဟာ မာရီသင်ကို သူ့ ရင်ထဲက ဘုတ်ပစ်ဖို့ ကြိုးစားနေတယ် ဆိုရင် ‘ဟွင့်အင်း’ ဆိုတဲ့ စကားလုံးဟာ အာသာပါဝါရဲ့စိတ်ကို ဆွအပေးနိုင်ဆုံး စကားလုံးပဲ’

‘မင်းကို မရမချင်း မင်း နောက်ကို တစ်ကောက်ကောက် လိုက်နေတာမှာပဲ၊ မင်းကိုရဖို့အတွက် ဘာနဲ့ပဲ ရင်းရ၊ ရင်းရ၊ ရေမွှေးပုလင်းဘိုး၊ ကြည့်မှန်ဘိုး၊ အိမ်ခန်းသစ်ဘိုးပေါ့’

မထင်မှတ်ဘဲ ဆီလ်ဗီယာ ရယ်မောနေမိ၏၊

ဘက်ဗာလီ သူ့ကို ငေးကြည့်သည်၊ တစ်ဒင်္ဂမျှ အူကြောင်ကြောင် ဖြစ်နေသည်၊ သို့သော် အသွားကြီး ဆက်ပြီး ရယ်နေသည်ကိုတွေ့ရတော့ မိမိပါရောပြီး ရယ်မောမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပဲ ဘက်ဇာလီရေ၊ နောက် တစ်ခါဆို သူ တာနဲ့ထပ်ပြီး မြူဆွယ်ဦးမလဲမသိဘူး၊ မမ ဆိုလိုတာက လေ....ဘာများကျန်သေးလဲ၊ မင်း ကိုယ်ပိုင်ကုန်တိုက်ကြီး တစ်တိုက်လား'

'ဆီဗီလ်ယာရယ်....'

ခုအော့သူလည်း သူ့အထက်လူကြီးနှင့်အတူ အူလှိုက် သည်းလှိုက် ရယ်မောနေမိပြီး

'သူ နောက်ထပ် ဘာမှထပ်ပြီးထွင်လာမှာ မဟုတ်တော့ပါဘူး၊ တကယ်ပြောတာပါ၊ သူဟာခုချိန်ထိ ကျွန်မ သတ်မှတ်ထားတဲ့ စည်းကမ်း ဘောင်တွေကို လေးစား လိုက်နာပါတယ်၊ အဲဒီလောက်ဆို ကျွန်မတို့ ကျေနပ် လောက်ပြီပေါ့'

'အဲဒီလောက်ထိလဲ အပိုင်ကြီး တွက်မထားနဲ့ဦး လ'

ဆီလ်ဗီယာ အလေးအနက် ဖြစ်လာပြန်သည်။

'အာသာပါဝါလို လူစားမျိုးကို မင်း သိတာထက် မမအများကြီး ပိုသိထားတယ်နော်၊ တကယ်လို့များ သူဟာ မင်း အိမ်ထောင်ရေးကို တန်ဖိုးထားမယ်၊ ဒါမှ မဟုတ် အက်ဒ်ကို လေးစားမယ်၊ ဒါမှ မဟုတ် အတင်း အဖျင်း သတင်းတွေက မင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်အောင် ဘယ်လို လုပ်နိုင်သလဲ ဆိုတာ ထည့်တွက်လိမ့်မယ်လို့ မင်းထင်ထားရင်.... မင်းနောက်ထပ် စဉ်းစားခန်းလေး ဝင်လိုက်ပေဦး ကလေးမ။



'လောလောဆယ်မှာ မင်းဟာ သူ့ရဲ့ ပစ်မှတ်နော်။ မင်းကို အပိုင် ပစ်ပြီး သူပစ်တဲ့ ဆားကောင် စာရင်းထဲမှာ မင်းနာမည်ကို မသွင်းရသေးသရွေ့ သူ့မျက်စိထဲမှာ တခြား၊ မိန်းမတစ်ယောက်ကို မြင်ဖို့လွယ်ဘူး'

'အလိုလေး ဆီလီဗီယာ၊ ကျွန်မရဲ့အိမ်ထောင်ရေးကို ထိန်းထားချင်ရင် ကျွန်မကို ဆက်ပြီး အနှောင့်အယှက် ပေးမနေအောင် ကျွန်မက အာသာနဲ့ အတူအိပ်လိုက်သင့်တယ်လို့ ပြောနေတာလား ဟင်'

'ဒါဟာ မဖွယ်မရာ စကားလို့ ထင်ရမှန်း မမ သိတယ် ဒါပေမယ့်....'

'မဖွယ်မရာ ပါပဲ....။ နောက်ပြီး အကျိုးသိပ်ရှိမယ့်ပုံလဲ မပေါ်ဘူး'

ရုံးခန်းထဲသို့ ဝင်လာပြီးသည့် နောက်ပိုင်း ဘက်ဇာလီသည် အခြေအနေကို ထိန်းကွပ်နိုင်သူ အဖြစ် ပထမဆုံး အကြိမ် ခံစားလိုက်ရ၏။

'ကျွန်မဟာ မက်မောစရာ ကောင်းလောက်တဲ့ ချစ်ဖော် တစ်ယောက် ဖြစ်မယ်လို့ကော မမ ထင်နေလို့လား ဟင်၊ တကယ်လို့ အာသာက အဲဒါကိုပဲ မက်မက်မောမော ဖြစ်ပြီး ဖြတ်လို့ မရရင်ကော'

ဆီလ်ဗီယာ နုံးချိချိပြုံးလိုက်၏။

'မမ ဘာတွေပဲ အကြံပေးပေးပါလေ၊ မမ အကြံပေး လိုက်တာတွေက ဒုက္ခပိုရောက်ရောက်အောင် လုပ်သလို ဖြစ်ဖြစ်နေတယ်၊ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

ဘက်ဗာလီထံမှ သတင်းစာကို လှမ်းယူသည်။ အမှိုက်ခြင်းထဲသို့ သေသေချာချာ ပစ်ထည့်လိုက်၏။

'ကောင်းပြီ မစ္စစ်ရစ်ချ်မန်၊ မမ ကြက်သားအုပ်မကြီး လုပ်မနေတော့ဘူး၊ မင်းလဲ အရွယ်ရောက်ပြီးသား မိန်းမ တစ်ယောက်ပဲ၊ မင်းဘဝကို ဘယ်လို တည်ဆောက်ရမယ် ဆိုတာ မင်းက မမထက်ပိုပြီး သိမယ်ထင်ပါတယ်၊ ဂေလ် ဂါလှင်ဆိုတဲ့မိန်းမက မင်းကိုနာမည်ဖော်ပြီး လူသိရှင် ကြား မပုတ်ခတ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာဘဲ'

'မမက အစိုးရိမ် လွန်နေတာပါ မမရယ်၊ ကျွန်မ အကြောင်း အဲဒီလောက်ထိ ခေါင်းစားမယ့် လူ နယူး ယောက် တစ်မြို့လုံးမှာ တစ်ယောက်မှမရှိပါဘူး။ ဒါမှ မဟုတ်လဲ သူတို့လက်ထဲက သတင်းစာကို ချလိုက်တာနဲ့ ဒီအကြောင်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါ'

* * *

တကယ်တော့ ဘက်ဗာလီထွက်ကိုနိုး လွဲသွားခြင်းသာ ဖြစ်၏။



နယူးယောက်၏ ရပ်ကွက် အသီးသီးရှိ ဘက်ဗာလီနှင့် သိကျွမ်းသူ တော်တော် များများ သည်လည်း သတင်းစာကို ဖတ်မိကြသည်။ သတင်းစာထဲ ပါသူသည် ဘက်ဗာလီ ဖြစ်ကြောင်း ရိပ်မိကြရုံက ကိုယ့်အမြင်၊ ကိုယ့်အထင်နှင့် ကိုယ့်ကောက်ချက် အသီးသီး ဆွဲနေကြ၏။

ထိုအထဲတွင် မာရီယံလည်း အပါအဝင်။

သူ၏ သားနားသပ်ရပ်သော အဝတ်ဆိုင်ထဲတွင် ထိုင်ရင်း မာရီယံ သတင်းစာပေါ် တီးတိုး သတင်း ကဏ္ဍကို တစ်ခေါက်ပြီး တစ်ခေါက် ထပ်ခါ ထပ်ခါ ဖတ်သည်။ တစ်ခေါက် ဖတ်ပြီးတိုင်းလည်း တစ်ခါပိုပြီး စိတ်ဆိုးမိသည်။

အာသာပေါ်ဝါနှင့် အာသာ့ပေါ်ဝါ၏ ဂုဏ်သတင်းကို သူသိနေသည်။ ကြားဖူးနေသည်။ အာသာပေါ်ဝါ မိန်းမတွေ ထည်လဲတွဲနေသည်ကို သူနှင့် ဟိုဆေတို့ မကြာခဏ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ကြသည်။ သို့ကြုံတွေ့တိုင်းလည်း အာသာပေါ်ဝါနှင့် ယှဉ်တွဲလာသည့် အမျိုးသမီး၏ ဆက်ဆံရေး အနေအထားကို ဝေဖန် ဆန်းစစ်နေလေ့ မရှိ။ ဒွိဟစိတ် ကင်းစွာ တစ်မျိုးတည်းသော ကောက်ချက်ကို ချတတ်ခဲ့ကြ၏။

သည်လောက် ဟိုးလေး တစ်ကြော်ဖြစ်နေသည့် ဖိုးလွှကြီး၏ စက်ကွင်းထဲသို့ ဘက်ဗာလီ ဘယ်လိုဖြစ်ပြီး ရောက်သွားပါလိမ့်၊ မာရီယံသည် ဉာဏ် အမြော်အမြင်

www.burmeseclassic.com

www.burmeseclassic.com

ရှိသူဖြစ်၏။ ထို့ကြောင့် သူစိတ်ဆိုးနေသည်မှာ သူ့ယောင်းမဏာလေးကိုမဟုတ်၊ မိမိကိုယ်မိမိစိတ်ဆိုးနေခြင်းသာဖြစ်၏။

တကယ်တော့ မိမိသည် ရှေ့ဆောင်နွားလား။ မိမိသည် စံနမူနာပြခဲ့သူ၊ မိမိသည် ကိုယ့်ခြေပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘ၀ ကိုယ်ဖန်တီးခဲ့သူ၊ လွတ်လပ်ခြင်း၏ အရသာကို ခံစားနေသူ၊ ဒါတွေကို ဘက်ဗာလီ အတုယူမှားအောင် မိမိက ရှေ့မှ လုပ်ပြခဲ့မိသည် မဟုတ်လား။

နောက်ပြီး မာရီယံသည် မောင်ဖြစ်သူ အက်ဒ်အားလည်း ရင်ထဲ အသည်းထဲမှ နှင့်နှင့်နဲနဲ ခါးခါးသီးသီး ဒေါသထွက်မိသည်၊ မိမိ မောင်လေးအပေါ် သည်သို့ စိတ်ဆိုးမိသဖြင့် ကိုယ့်ကိုကိုယ်ပင် အံ့အားသင့်ရသည်။ အက်ဒ်တို့၏ အိမ်ထောင်ရေး အတွင်းရေးတွေကို သိသည် မဟုတ်၊ သို့ပေမယ့် မိမိ ကြိုတင် ဟောကိန်းထုတ်သလို တစ္စတွေ တကယ်ဖြစ်နေပြီ ဆိုတာတော့ သိနေသည်၊ ထိုသို့ အိမ်ထောင်ရေး အဆင်မပြေဖြစ်ရသည်မှာ အက်ဒ်ကြောင့်သာ ဖြစ်မည်ဆိုတာကိုသည်၊ သိနေသည်။

တီးတိုးသတင်းကဏ္ဍကို အိန်ဂျလာသိဆန့်သည်း ဖတ်မိသည်။

သတင်းထဲတွင် ဖော်ပြထားသူသည် ဘက်ဗာလီသာ ဖြစ်ကြောင်း အိန်ဂျလာ ယုံမှားသံသယ ဖြစ်မနေ။ တစ်ခုပဲရှိသည်၊ သည်အားသာပါ၀ါ ဆိုသူကိုတော့ ဘယ်သူ ဘယ်၀ါမှန်း မသိ၊ သည်လူသည် အထည်အလိပ် စီးပွား



ရေးလောကမှ လူဆိုလျှင်တော့ သူတို့နှစ်ယောက် နေ့လယ်စာ အတူစားခြင်းမှာ အလုပ်ကိစ္စသက်သက်ပဲ ဖြစ်ရမည်၊ ဘက်ဗာလီသည် အက်ဒ်လို လိမ္မာရေးခြားရှိသည့် ကောင်လေးကို လိမ်ညာ လှည့်စားလိမ့်မည် မဟုတ်။ အဲ...လိမ္မာရေးခြားရှိသည့် 'ငယ် ကျား' တစ်ယောက်ဟု အိန်ဂျလာ တိတ်ဆိတ်စွာ ဆန်းပြင်ရသည်။

မည်သို့ဖြစ်စေ၊ ဘက်ဗာလီ အဖေ့ကိုတော့ ထိတ်လန့်သွားကြေား မဖြစ်စေချင်၊ မဖြစ်စေရ၊ အိန်ဂျလာက စာမျက်နှာတစ်ခုလုံးကို ဖြတ်ထုတ်လိုက်သည်၊ လေးထောင့်စပ်စပ် သေသေသပ်သပ် ခေါက်သည်၊ပြီးတော့ အမှိုက်ပုံးထဲတွင် အောက်ခံအဖြစ် ခင်းလိုက်၏။

ဂျိန်းချစ်ချမ်းသည် အလုပ်မှအပြန် ဘတ်(စ်)ကားပေါ်တွင် ထိုသတင်းကို ဖတ်ရသည်။

စင်စစ် ဂျိန်းသည် ညနေပိုင်းထုတ် သတင်းစာများကို ဖတ်လေ့ဖတ်ထ မရှိ၊ သို့သော် သူ့နံဘေးတွင်ထိုင်နေသည့် အမျိုးသမီးသည် သတင်းစာကိုထားခဲ့ပြီး ကားပေါ်မှ ဆင်းသွားသည်။ မိမိ ဆက်စီးရမည့် ခရီးကလည်း ဝေးသေးသဖြင့် ဂျိန်းက ထိုသတင်းစာကို ကောက်ယူဖတ်ရှုခဲ့ခြင်း ဖြစ်၏။

သူ့သမီးဖြစ်သူ မာရီယံ ကဲ့သို့ပင် သတင်းစာထဲတွင် ရေးသားသူသည် ဘက်ဗာလီဖြစ်ရမည်ဟု ဂျိန်းကလည်း ဆောချာပေါက်တွက်သည်။ သည်တော့ ဂျိန်းစိတ်မကောင်းဖြစ်ရသည်၊ ဘုရား သိကြား မ လို့ ခြေလွန်လက်လွန်

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ကြပါစေနဲ့တဲ့ မြို့ပြင်သို့ ဘုတ်(စ်)ကား စီးလာရင်း အသံမဲ့ ဆုတောင်းမိ၏။ သည်ပြဿနာ ကြီးထွားမလာပါစေနဲ့။ သည်ပြဿနာသည် အလုပ်မရှိ အကိုင်မရှိ အတင်းအဖျင်း စကားအဆင့်ထက် မပိုပါစေနဲ့။ နောက်ပြီး အို... အဘဘုရားသခင်၊ သည်သတင်းကို အက်ဒ်မဖတ်မိပါစေနဲ့။ ဖတ်မိလျှင် သားလေးအက်ဒ်ခမျာ ရင်ကွဲပက်လက် ဖြစ်ရှာပါလိမ့်မည်။

အရှေ့ခြမ်းရပ်ကွက်တွင် နေထိုင်သူ နှစ်ဦး၏အမှု အဆိုပါသတင်းကို တစ်မျိုးစီ တုံ့ပြန်ကြသည်။

တီးတိုးသတင်းကလွှာအကြောင်းကို ရှာအယ်လီယာဆန်က နေ့လယ်စာစားရင်း ကြားသိခဲ့၏။ သူနှင့် ဘက်ဗာလီ၏ ကျောင်းနေဘက် သူငယ်ချင်း နှစ်ယောက်က အချိန်နီးမှ တပ်ပြီး နေ့လယ်စာ ထွက်စားဖို့ခေါ်သည်။ နေ့လယ်စာ စားနေကြတုန်း သူငယ်ချင်းနှစ်ယောက်က ရှာအား ဘက်ဗာလီနှင့်ပတ်သက်သည့် သတင်းများကို အမျိုးမျိုး အစ်အောက် လှည့်ပတ်မေးကြသည်။ ထိုအခါတွင်မှ သတင်းစာထဲ ပါလာသည့် 'သတင်း' အကြောင်းကို ရှာ သိရခြင်းဖြစ်၏။

ရှာသည် နေ့လယ်စာ စားနေစဉ် တစ်ချိန်လုံး ငိုင်နေသည်။ မအီမလည် ဖြစ်နေသည်။ သူငယ်ချင်းတွေက ဘက်ဗာလီအကြောင်း စကားစလာတိုင်း စကားလမ်းကြောင်းကို ပြောင်းပစ်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်။



သူက ဝယ်လ်ဘီကုန်တိုက်ရှိ ဘက်ဗာလီ၏ အလုပ်အကြောင်းကို မိမိဘာမှ မယိမ်းယိုင်ရ မသိကြောင်း၊ သူ့လုပ်ငန်းသည် အရေးပါ အရာရောက်သော သန်းကြွယ်သူဌေးများနှင့်နေ့လယ်စာ အတူ စားရလောက်အောင် အရေးကြီးခြင်း ရှိမရှိ မိမိ မသိကြောင်း၊ ထို့ပြင် အခါအခွင့်ကြုံတိုင်း အက်ဒ်သည် ဘယ်လောက် ချောမောကြောင်း၊ ဘက်ဗာလီတို့ အိမ်ထောင်ရေး ဘယ်လောက်ပျော်ရွှင် ချမ်းမြေ့စရာ ကောင်းကြောင်းလည်း ထည့်သည့်ပြော၏။

သို့သော်...

နေ့လယ်စာ စားပြီးသည်နှင့် ရှာသည် တတ်နိုင်သမျှအမြန်ဆုံး သူငယ်ချင်း နှစ်ယောက်ကို ခွာလိုက်၏။ ကားဖြင့် လိုက်ပို့မည်ဆိုသည်ကို ငြင်းလိုက်၏။ သစ်ကိုယ်တည်း လမ်းလျှောက်ပြန်ဖို့ စိတ်ဆုံးဖြတ်ထားသည်။

သူငယ်ချင်းနှစ်ယောက်၏ စူးစမ်းစပ်စုသော မျက်လုံးများနှင့် လွတ်ကင်းသည့် နေရာရောက်မှ ရှာ ကိုယ့်ကိုကိုယ် သတိထားမိသည်။ မိမိ၏ မျက်ဝန်းများဝယ် မျက်ရည်များ ရစ်တရစ် ပြည့်လျှံလာပါလားဟု။

အဲသာပါဝါတာ အဆတ်စဉ် ဆံသနေကျ အတိုင်းဆံပင် အညှပ်ခံနေစဉ် တီးတိုး သတင်းကလွှာကို ဖတ်ရသည်။

ယတင်းမှာ ဘာမှ အံ့အားသင့်စရာမရှိ။ အမြဲတမ်းစေ့စေ့စပ်စပ် ရှိသည့် ဆောင်းပါးရှင်သည် သတင်းမ

www.burmeseclassic.com

www.burmeseclassic.com



ရေးမီ မိမိထံ တိုက်ရိုက် တယ်လီဖုန်း ဆက်ခဲ့သည်၊ မိမိ၏ နေ့လယ်စာစားဖော် ဘယ်သူဘယ်ဝါ ဖြစ်သည်ကို စုံစမ်းမေးမြန်းခဲ့၏၊ အာသာက ဘက်ဗာလီ၏ အမည်ကို အတိအကျ ထုတ်ဖော် ပြောဆိုခြင်း မရှိဘဲ ဆောင်းပါးရှင် ဘောလ်ဂါလင် စိတ်ဝင်စား စပ်စုချင်လာအောင် အထိုက်အလျောက် ပြောပြခဲ့၏။

သည်သတင်း ပါလာမည်ကို သူသိထားသည်၊ မိမိ ရွေ့လိုက်သော ကျေးကွက်မှန်မည်ဟု တွက်ထားသည်။ နေစက်ထပ်ကျေးကွက်ရွှေ့ဖို့ အလှည့်ကျသူက ဘက်ဗာလီပဲ ဖြစ်မည်၊

အာသာပါဝါ တစ်ကိုယ်တည်း ပြုံးနေမိ၏၊

* * *

ဘက်ဗာလီ ပြန်ရောက်လို့မှ ငါးမိနစ် မပြည့်သေးမီ တယ်လီဖုန်း ခေါ်သံတွေ ဆက်တိုက် ဝင်လာတော့၏၊ ဦးစွာ ရှယ်ထံမှ၊ ထို့နောက် သူ့မေမေထံမှ။



ခုမှပဲ ဘက်ဗာလီရုတ်ချည်း သဘောပေါက် လက်ခံလိုက်ရ၏၊ တကယ်တော့ ဆီလ်ဗီယာသည် အစိုးရိမ်လွန်ကဲနေခြင်း မဟုတ်ပါလား၊

သူက အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင် ထိန်းပြီး ရှယ်နှင့် သူ့အမေကို ရှင်းပြခဲ့၏၊ သတင်းစာထဲတွင် အရေးခံရသည့် အမျိုးသမီးမှာ မိမိပင် ဖြစ်ကြောင်း၊ နေ့လယ်စာစားရင်း အလုပ်ကိစ္စသာ ဆွေးနွေးခဲ့ကြကြောင်း၊ ဒါကို ဘယ်သူကမျှ ဒီလောက် ရှိုင်းရိုင်း စိုင်းစိုင်း အဓိပ္ပာယ် ကောက်လွဲခဲ့သည်ကို မိမိမသိကြောင်း စသည်ဖြင့်၊

ဂျိန်းတယ်လီဖုန်း ဆက်သောအခါတွင်မှ ဘက်ဗာလီ၏ ခုခံ ချေပစကားတွေ မဆိုစဲလောက်ဘလေး အားပျော့သွားသည်၊

'သူဟာ သူ့ဘာရင်၊ လာရင်းသိခဲ့ရတဲ့ မိတ်ဆွေ တစ်ယောက်ပါ ဂျိန်း'

ဘက်ဗာလီ တယ်လီဖုန်းဖြင့် ရှင်းပြရင်း တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ အချိန်မှာ ည ခုနစ်နာရီကျော်နေပြီ၊ စောစောပိုင်းက မစ်ဂျီထံမှ ရသည့် အကြောင်းကြားစာထဲတွင် အက်ဒ် ဘယ်အချိန် ပြန်ရောက်မည်ကို ဖော်ပြမထား၊ အက်ဒ်၏ အခြေအနေ သတင်းအဖျင်း သတင်းအကြောင်း ရှင်းပြနေခိုက် အက်ဒ် ပြန်ရောက်လာမှာနှင့် ကြုံမနေစေချင်။

www.burmeseclassic.com

www.burmeseclassic.com



ညည်နေ့ နေ့လယ် စာကတော့ အပင်းအဆိပ် ဆိုရ သလိုပါပဲလားဟု ဘက်ဗာလီ တွေး၏။ ငါကလည်း ငါ ပါပဲ၊ နည်းနည်းလေးမှ အသုံးမကျ၊ ငါ ဘယ်လိုခံစား နေရတယ် ဆိုတာ ငါ့မျက်နှာမှာ ပေါ်နေမှာပေါ့၊ ငါ့ကို လူတိုင်းက မြင်တွေ့နေမှာပေါ့။

'ဆီလ်ဗီယာနဲ့ ကျွန်မ ဥရောပကိုသွားရင်း သူနဲ့ဆုံခဲ့ တာ၊ သူကသိပ်ပြီး အရေးပါ အရာရောက်တဲ့ အထည် အလိပ် ထုတ်လုပ်သူ တစ်ဦး၊ မေမေရဲ့'

'တကယ်တမ်းပြောရရင် အိမ်မြေ အရောင်းအဝယ် လောကဘက်မှာလဲ သူ့ အသိ အကျွမ်းတွေ တစ်ပုံကြီး မေမေရဲ့၊ သူကတောင် အက်ဒ်နဲ့ ကျွန်မအတွက် အိမ် ခန်းသစ် တစ်ခန်းရှာပေးထားတယ်၊ ကျွန်မတို့ တတ်နိုင်တဲ့ အိမ်ခန်း ငှားခမျိုးနဲ့ပေါ့၊ အထူးသဖြင့် အက်ဒ်ပြောနေတဲ့ အလုပ်သစ်ကို ရရင်ပိုပြီး အဆင်ပြေမယ်လေ၊ ကျွန်မတို့ ဒီအခန်းလေးမှာက နည်းနည်း ကျပ်လွန်းနေတယ် မဟုတ် လား'

'ဟုတ်တာပေါ့ကွယ်၊ မီနီးကလေး တစ်ယောက်တည်း နေဖို့အတွက်တော့ အခန်းလေးက ချစ်စရာပါ၊ ဒါပေ မယ့်အက်ဒ်နဲ့သမီးတို့ အနေနဲ့ကျတော့ ဒီထက် ကျယ်ကျယ် ပြန့်ပြန့်ရှိတဲ့ အခန်းမျိုးလိုတယ်လေ'

ဂျိန်း ခဏမျှ စကား ဆိုင်းလိုက်၏၊ ပြီးမှ....

'အက်ဒ် ဘယ်တော့ ပြန်ရောက်မလဲ'



'ဒီညရောက်လိမ့်မယ်၊ ဘယ်အချိန်ရောက်မလဲ ဆိုတာ တိတိကျကျမသိဘူး၊ ကျွန်မလဲ ညစာအတွက် ဘာမှခုထိ ပြင်ဆင်ရ သေးဘူး'

'အေးလေ၊ ဒါဆိုလုပ်စရာရှိတာ လုပ်ပါ၊ နောက်ပြီး တော့ ဘက်ဗာလီရေ... သတင်းကောင်းတွေ ကြားရ ပါစေလို့ မေမေ ဆုတောင်းပါတယ်ကွယ်'

'ကျေးဇူးပါ မေမေ၊ သတင်းကောင်းကြားရမှာ သေ ချာပါတယ်'

* * *

အက်ဒ်ရစ်ချ်မွန်၏ ဘဝသက်တမ်းတစ်လျှောက်တွင် ယခုထက် ပျော်ရွှင်ရသော အချိန်အခါမျိုး မရှိခဲ့ဖူး၊ မိမိအခန်းရှိရာသို့ လှေကားဖြင့် တက်လာရင်း မိမိ သည် ကြည်နူးနှစ်သိမ့်မှု အပြည့်ဖြင့် ပြုံးနေမိသည်မှန်း အသာ သိနေ၏။

နှစ်ရက်တည်းမျှသော ကာလတိုအတွင်း အဖြစ်အပျက် တွေက တစ်ပြုံတစ်ခေါင်းကြီး၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘဝသစ်တစ်ခုလုံးကိုမြင်တွေ့နေရသည် ဖြစ်၏။ ယင်းဘဝသစ်တွင် ဘက်ဗလီနှင့်မိမိတို့သည်သာယာ ချမ်းမြေ့သော အနာဂတ်ကို တည်ဆောက် နိုင်မည် မဟုတ်လား။

ကျေးဇူးနှင့် သူ့ဇနီးမာရီဂျိုးတို့က လိုက်လံပျူငှာ ရှိပါသည်။ ညွှန်ကြားပေးသည်ကို မပြောသေးပါ။

သူက လက်တင်ဖက်တွင် အဝတ်အစား သေတ္တာနှင့် ဘက်ဗလီအတွက် ဝယ်လာသော နှင်းဆီပန်းများ ပေါင်း ကိုင်ရင်း ကျွန် လက်တင်ဖက်က အခန်းသော့ကို ဖမ်းနေသည်။ သည်မြို့ကြီးတွေမှာ နေရတဲ့ပြဿနာ အဲဒါပဲ၊ အလုပ်က ရှုပ်ပါတီသနဲ့ဟု ညည်းသည်။

သူ အခန်းထဲဝင်သွားတော့ ဘက်ဗလီက ဝမ်းသာ အယ်လဲ ဆီးကြိုသည်။ သူ့လက်ထဲမှ နှင်းဆီပန်းတွေကို ကြည့်ပြီး ကြည်နူးနေသည်။ ဘက်ဗလီ နှင်းဆီပန်းတွေကို နေရာတကျ ပြင်ဆင်လှုပ်ရှားနေသည်ကို အက်ဒ်က ချစ်မြတ်နိုးစွာ လှမ်းကြည့်နေသည်။

သူပိန်သွားတယ်၊ သူ့မျက်လုံးတွေ မဆိုစလောက် ကလေး နွမ်းရိပ်ထင်နေတယ်။

မိမိလက်ထပ်သည့်နေ့က မျက်နှာသွယ်သွယ်၊ မျက်လုံး တောက်တောက်နှင့် ကောင်မလေးကို ပြန်လည် သတိရ နေမိ၏။

ခုတော့ ဘက်ဗလီ ပြောင်းလဲသွားပြီး သည်လို ပြောင်းလဲရခြင်း၏ အစိတ်အပိုင်းတစ်ရပ်မှာ မိမိ၊ ချွတ်



ယွင်း။ ချက်ပင်၊ ဒါကို အက်ဒ် သိနေပါသည်။ သို့သော် အဆိုပါ အတွေးကို ဖယ်ထုတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ခုတော့ အစစအရာရာအဆင်ပြေ ချော မွေ့ သွားတော့မှာပါ။

'ကဲ… ပြောပါဦး၊ ကျွန်မကို ပြောပြစမ်းပါဦး'

ဘက်ဗလီက အက်ဒ်နံဘေး ဆိုဖာပေါ်တွင် ကျုံ့ ကျုံ့ ကွေးကွေးထိုင်ရင်း မေး၏။

'ဒါမှမဟုတ် မောင် ဆာနေပြီလားဟင်၊ ကျွန်မလဲ ညစာအတွက် မည်မည်ရရ ချက်ပြုတ်ဖို့ အချိန်ကိုမရလိုက် ပါဘူး မောင်ရယ်'

'ကိစ္စမရှိပါဘူး၊ သူတို့ ကိုယ့်ကို လေယာဉ်ပျံပေါ်မှာ ကျွေးလိုက်ကြတယ်ကွ'

'နေ…ကျပြီး အလုပ်ကတော့၊ မောင် ရပြီလားဟင်'

'ရပြီ'

ဘက်ဗလီ၏ သွက်လက်သော အနမ်းကို အက်ဒ် ကျေနပ် ကြည်နူးစွာ ခံယူလိုက်၏။ အကယ်၍ ဘက်ဗလီ သာ ခပ်သွက်သွက် ပြန်ခွာမသွားလျှင် အလုပ်အကြောင်း ပြန်ပြောပြဖို့ ကြန့်ကြာတော့မည် မုချ။

'ကဲ… ပြောလေ ပြောပါ မောင်ရဲ့၊ အစအဆုံးပြော ပြ၊ ဘယ်တော့ အလုပ်ဝင်ရမှာလဲ၊ ရုံးခွဲသစ် တစ်ခုလုံးကို မောင်က ကြီးကြပ်ပြီး ဖွင့်ရမှာလားဟင်၊ ဒါမှမဟုတ် အဲဒီ မောင့်သူငယ်ချင်း ဆိုတဲ့သူက ရုံးဖွင့်ပြီးသွားပြီလား'

'ဟေး….နေစမ်းပါဦးဟ'

www.burmeseclassic.com

www.burmeseclassic.com



အင်ဒ် တစ်ဒဂ်မျှ နှုတ်ဆိတ်တိတ်နေသည်။ မိမိ ဘက်ဗာလီနှင့် ခွဲခွာ သွားပြီးနောက်ပိုင်း အဖြစ် အပျက် အပြောင်းအလဲတွေက အများကြီး။ မိမိ၏ စီမံကိန်းသစ်များအကြောင်း ဘက်ဗာလီ ဘာတစ်ခုမှ မသိသေးသည်ကို ခုမှ သတိရသည်။

'ဘက်ဗာလီ၊ ဒီလူ ကိုယ့်ကိုလုပ်စေချင်တယ်လို့ ကိုယ်တို့ထင်နေတဲ့ အလုပ်လေ သိတယ်မဟုတ်လား။ သူ့လေကြောင်း သယ်ယူပို့ဆောင်ရေး ကုမ္ပဏီအတွက် နယူးယောက် ရုံးခွဲဆိုတာလေ။

'အဲ...အဲဒီအကြောင်း ကိုယ်တို့ ထပ်ပြီးပြောဖြစ်ကြတယ်၊ သူ့ရဲ့ စာရင်းဇယားတွေကို ကိုယ် သူနဲ့အတူပြန်ပြီး လေ့လာကြည့်တယ်၊ သူက လုပ်ငန်းကို ချဲ့ချင်နေပေမယ့် လောလောဆယ် အချိန်မှာ အနောက် အလယ်ပိုင်းလမ်းတွေမှာပဲ ဆွဲနေတာ ပိုကောင်းတယ်လို့ ကိုယ်တို့ သုံးသပ်ကြတယ်'

ဘက်ဗာလီ မျက်လုံးတွေ ရုတ်တရက် လေးနက်စူးရှလာသည်။

'ဒါနဲ့ အလုပ်ကကော၊ မောင် အလုပ်ရပြီဆို'

'ရပါပြီ၊ ခုရတဲ့အလုပ်က ပိုတောင် ကောင်းသေးတယ်၊ ဂျော့က သူ့လေကြောင်း အစီအစဉ်တွေအားလုံး ကိုယ့်ကိုပြတယ်။ သူ့မှာ လေယာဉ် ခုနစ်စင်းတောင် ရှိတာကလား၊ နောက်နှစ်စင်း ထပ်မှာထားသေးတာဗျ၊ အခုက လေကြောင်း သယ်ယူပို့ဆောင်ရေး ကုမ္ပဏီကြီး



တွေ မရောက်နိုင်တဲ့ မြို့ကလေး ဆယ့်ငါးမြို့ကို ကုန်စည်တွေ သယ်ပို့ပေးနိုင်တယ်၊ နောက်ပြီး ဟိုမြို့ဒီမြို့ ကူးဖို့ သန်းဖို့ ခရီးသည်တင် လေယာဉ် နှစ်စင်းလဲ ရှိတယ်၊ သူ့လုပ်ငန်းက တဖြည်းဖြည်း အောင်မြင် တိုးတက်နေတာကို။ နောင်လဲ ချဲ့ထွင်ဦးမှာပဲ'

'ဒီတော့ မောင်က ဘာလုပ်ရမှာလဲဟင်'

'အဲ....ကောင်းခန်း ရောက်လာပြီ၊ ကိုယ်က သူ့ကို ရှင်းပြတယ်၊ ကိုယ့်မှာ ရင်းနှီးဖို့ ငွေကြေးမရှိတဲ့အကြောင်းပေါ့၊ ဒီတော့ သူ့လုပ်ငန်းမှာ ကိုယ် ရှယ်ယာဝင်ဖို့တို့ အဲဒီလောက်မြင့်မားတဲ့ အခွင့်အရေးမျိုးတို့ မတောင်းနိုင်ဘူးပေါ့၊ ယုတ်စွအဆုံး လောလောဆယ် ပြောလို့မဖြစ်ဘူးပေါ့ကွာ။

'ဒါပေမယ့် သူ့လုပ်ငန်းတွေကို ကြီးကြပ်ဖို့ တစ်ယောက်ယောက် လိုအပ်နေတယ်လေ၊ သူက ဖောက်သည်အသစ်တွေ ထပ်ရဖို့ လှုပ်ရှား ပြေးလွှားနေရမှာ၊ အဲဒီ ကြီးကြပ်ရေးမှူးက လေယာဉ်တွေ၊ လေယာဉ်မှူးတွေ သယ်ယူပို့ဆောင် လှုပ်ရှားနေတာကို နေ့စဉ်နဲ့အမျှ ကြီးကြပ်ကွပ်ကဲ ပေးရမှာ။

'ဘက်ဗာလီရေ၊ အဲဒီအလုပ်ကတော့ ကိုယ်နဲ့ အံကိုက်ပဲကွ၊ ကိုယ် လေ့လာခဲ့၊ သင်ကြားခဲ့တာတွေ၊ ကိုယ်သိတာတွေ၊ ကိုယ် ဝါသနာ ပါတာတွေကို ဒီတစ်ခါမှပဲ အသုံးချခွင့် ရတော့တယ်ကွာ၊ နောက်ပြီး လခကလဲ နိုပ်တယ်ကွ။

www.burmeseclassic.com

www.burmeseclassic.com





'အဲ...နယူးယောက် အဆင့်အတန်းနဲ့ယှဉ်ပြီး စဉ်းစားလို့တော့ မရဘူးပေါ့ကွ၊ ဒါပေမယ့် အဲဒီလောက် ငွေကြေးများများကို အဲဒီမှာ မလိုပါဘူး ဘက်ဗာလီရာ'

'အဲဒီမှာ...'

ဘက်ဗာလီ ထပ်ဆင့်၍ရွတ်၏။ သူသည် အေးစက်သော ကျောက်တုံး တစ်တုံးကို မျိုချမိသလို ခံစားလိုက်ရ၏။

'အလုပ်သစ်ကွ ဘက်ဗာလီ၊ မင်း ကြိုက်ကိုကြိုက်မှာ၊ သူတို့က ချက်စ်နပ်ဟောလ် ဆိုတဲ့ ရပ်ကွက်မှာ နေတယ်၊ အဲဒီရပ်ကွက်က စိန့်လူဝီရဲ့ တောင်ဘက် သုံးဆယ့်ငါးမိုင်အကွာလောက်မှာ၊ ဒီတော့ မင်း ဆန္ဒရှိရင် ဆန္ဒရှိတဲ့အချိန်မှာ မြို့ကြီးတစ်မြို့ရဲ့ သာယာမှုတွေကို ခံစားလို့ရတယ်၊ တစ်ချိန်တည်းမှာပဲ တောမြို့လေး တစ်မြို့ရဲ့ အရသာကိုလဲ ခံစားလို့ရတယ်'

အက်ဒ် သဲ့သဲ့ ပြုံးလိုက်၏။

'ဒါပေမယ့် အဲဒီမြို့ဟာ တောမြို့လေးအဆင့်နဲ့ ရေရှည်ဆက်နေမှာ မဟုတ်တော့ဘူး၊ ဂျော့ကတော့ ဟောကိန်းထုတ်ထားလေရဲ့၊ လာမယ့်ဆယ်နှစ်အတွင်း ဒီမြို့လေးဟာ မြို့တော်ရဲ့ ဆင်ခြေဖုံးမြို့လေး ဖြစ်လာမှာပဲတဲ့၊ သူဌေး ခုကတည်းက အိမ်ရာ ဆောက်လုပ်ရေးအတွက် စီမံကိန်းတွေ ဆွဲနေပြီ၊ အဲဒီမှာ မြေဈေးတွေက ပေါတုန်းပဲကွ၊ ကိုယ်လဲ မြေကွက်လေး ဘာလေး ဝင်ဆွဲထားလို့ရတာပဲ'

အက်ဒ်က ဇနီးဖြစ်သူအား လှိုက်လှိုက်လှဲလှဲ ပွေ့ဖက်လိုက်၏။

'အိုး...ဘက်ဗာလီရေ၊ အဲဒီမှာနေရတဲ့ ဘဝကတော့ ဒီမှာနေရတာနဲ့ လုံးဝကို ခြားနားသွားတာပဲကွ၊ ကိုယ်အရင်က တစ်ခါမှ သတိမထားမိခဲ့ဘူးကွ၊ သေတော့မှာပဲ၊ ကိုယ်ဟာ လေတပ်မှာပဲ အမှုထမ်းနေတဲ့ ကာလတွေက လွဲရင် နယူးယောက်မှာပဲ နေခဲ့ရတာကိုး၊ ဒီမှာရှိနေတဲ့ လူတွေ အားလုံးလိုပေါ့၊ ဒီမြို့တော်ကြီးသာ အရာရာတိုင်းရဲ့ အဓိက၊ အရာရာတိုင်းရဲ့ အချုပ်လို့ ထင်ခဲ့တယ်လေ။

'အကယ်တမ်းကျတော့ မဟုတ်ဘူး မိန်းမရေ၊ ဂျော့နဲ့ သူ့မိန်းမ မာရီဂျိုးတို့ ဘယ်လို နေထိုင်ကြလဲဆိုတာ မင်း မြင်စမ်းစေချင်ပါဘိကွာ၊ သူတို့မှာ ဝိတိုရိယ ခေတ်က ဆောက်ခဲ့တဲ့ ရှေးမ အိမ်အိုကြီးတစ်လုံး ရှိတယ်လေ၊ အဲဒါကို သူတို့ပြန်ပြီး ပြင်ဆင်နေကြတာပဲ'

အက်ဒ် ပြုံးလိုက်ပြန်၏။ ဘက်ဗာလီ၏ မျက်နှာရိပ်မျက်နှာကဲကို အာရုံမစိုက်မိ။

'သူတို့ အိမ်ကြီးကို တစ်နှစ် တစ်နှစ်မှာ မြတ်တဲ့ အမြတ်တွေနဲ့ တစ်ခန်းပြီး တစ်ခန်း ပြင်သွားမယ်လို့ မာရီဂျိုးက ပြောတယ်ကွ၊ မင်း သူ့ကိုတွေ့ရင် ချစ်သွားမှာပါ၊ သူတို့မှာ ကလေးနှစ်ယောက် ရှိနေပေမယ့်လို့ သူက ဝတ်တော့ စားတော့ အပျိုစားဗျာ၊ ခေတ်ပေါ် ဖက်ရှင်တွေကို မျက်ခြေပြတ်မခံဘူး၊ မဂ္ဂဇင်းတွေ အကုန်ဖတ်တာ။

www.burmeseclassic.com

www.burmeseclassic.com

‘သူက သူတို့နဲ့ နီးနားဝန်းကျင်မှာ အိမ်နှစ်လုံးကိုတောင် လိုက်ပြလိုက်သေးတယ်၊ ကိုယ်တို့ စျေးချောင်ချောင်နဲ့ ရနိုင်တဲ့ အိမ်တွေလေ’

သူ့မျက်နှာ လေးသေးနက်နက် ဖြစ်လာသည်။

‘ဘတ်ဗာလီ၊ ကိုယ် အဲဒီလိုရောက်သွားတာ ကိုယ် ရုတ်တရက်ကြီး ကိုယ့်အိမ်ကို ရောက်နေသလို ခံစားရတယ်ကွာ၊ ဒီလောက် နှစ်ကာလပေါင်းများစွာ အတည်တကျ မရှိဘဲ လှောက်လွင့်နေရာက ဒီနေရာကို တွေ့လိုက်ရတော့ ရုတ်တရက်ကြီး ကိုယ်နဲ့ အံဝင်ခွင်ကျ ဖြစ်မယ့်နေရာ....ကိုယ်တို့နှစ်ယောက်စလုံးနဲ့ အံဝင်ခွင်ကျဖြစ်မယ့်နေရာကို ရောက်ပြီလို့ ကိုယ် ခံစားလိုက်ရတယ်လေ’

‘အက်ဗ် ခဏနေပါဦး၊ မောင် ပြောနေတာက ကျွန်မတို့ နှစ်ယောက်စလုံး စိန့်လူစီနားသာ ရပ်ကွက်တစ်ခုကို ပြောင်းပြီးနေချင်တယ်လို့ ပြောနေတာလား၊ ဒီလိုလား’

ဘတ်ဗာလီ လက်ဖျောက်တီးပြသည်။ အက်ဗ် သူ့ကို ကြည့်နေ၏။ အူကြောင်ကြောင် ဖြစ်နေသည်။

‘အက်ဗ်၊ မောင် တကယ်ကော လေးလေးနက်နက် စဉ်းစားရဲ့လားဟင်’

‘အို.... စဉ်းစားပြီးလားကွာ၊ ကိုယ် ပြောမယ် ဘတ်ဗာလီ၊ ကိုယ်တို့ အိမ်ထောင်ရေး အဆင်မပြေတဲ့ အချက်တွေထဲမှာ ကိုယ့်အပြစ်တွေ အများကြီး ပါတယ်လေ၊ ကိုးဆယ့်ငါး ရာခိုင်နှုန်းလို့ ကိုယ် ပြောနိုင်တယ်၊ ဒီထက် မကတောင် ပိုချင်ပိုဦးမယ်။



‘မင်းဟာ မင်း လင်ယောကျ်ား ဖြစ်စေချင်တဲ့ လူတစ်ယောက်ကို လက်ထပ်ခဲ့တာ၊ အဲဒီ ယောကျ်ားဟာ မင်းကို ထောက်ပံ့ရမယ်၊ မင်းကို စောင့်ရှောက်ရမယ်၊ ပြီးတော့ မင်းနဲ့ လက်တွဲပြီး အိမ်ထောင်တစ်ခုကို ထူထောင်ရမယ်၊ အဲဒါတွေ အကောင်အထည် မဖော်နိုင်ဘူးလေ။

‘တစ်ခါတလေ မင်းရင်ထဲမှာ ဆက်မမြို သိပ်နိုင်တော့တဲ့ အခါ ဖွင့်မပြောခဲ့ဖူးတယ်လေ၊ ဒီလို ဖြစ်ရတာဟာ ရည်မှန်းချက် အားပျော့လို့တဲ့၊ မင်း ပြောခဲ့တာ မှန်မှာပါ၊ အဲဒါကို ဒီညနေလယ်ချဉ်ပျံ့နဲ့ ပြန်လာတုန်းမှာမှ ကိုယ် သဘောပေါက်လာတယ် ကိုယ်ဟာ ရည်မှန်းချက် မမြင့်မားရုံမဟုတ်ဘူး၊ အစွမ်းအစကို မရှိတာ၊ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့လဲ အစွမ်းအစ မပြနိုင်ခဲ့ဘူး’

စကား ရပ်ထားလိုက်၏၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း သူတို့နှစ်ယောက်စလုံး ပြောဆိုဆွေးနွေးခြင်း မပြုခဲ့သည့် အကြောင်းအရာတစ်ခုကို ပြောပြဖို့ ပြင်ဆင်သည်။

‘နောက်ပြီး ယောကျ်ားသားတစ်ယောက် အနေနဲ့လဲ အစွမ်းအစ မပြနိုင်ခဲ့ဘူး၊ ကိုယ်တို့ အိမ်ထောင်ကျစ နှစ်တွေတုန်းက ဘယ်လောက် ပျော်စရာ၊ ကြည်နူးစရာ ကောင်းခဲ့လဲ၊ ဒီနောက်ပိုင်း နှစ်တွေမှာတော့....ဒီတော့ ကိုယ်တို့ ဒီပြဿနာကို ရင်ဆိုင်ဖို့ အချိန်တန်နေပြီ မဟုတ်လား၊ ကိုယ်ဟာ ဒီဘက်မှာလဲ အစွမ်းအစ မရှိဖူးလေ’

www.burmeseclassic.com

www.burmeseclassic.com



'ဒီခေတ္တ စိန့်လူဝီကို ပြေးချင်းလိုက်ရင် ဒို့ပြဿနာ ပြေလည်သွားရောလား'

တိုးတိတိ မေးပစ်လိုက်၏။

'ပြေလည်နိုင်တယ် ဘက်ဗာလီ၊ အဲဒါက အားလုံးအရာရာကို တစ်ခါတည်း အသစ်ပြန်စမှာ၊ အဲဒီမှာဆို ကိုယ်ဟာ လူသားတစ်ယောက်လို ခံစားလို့ရတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ကိုယ် မခံစားရဖူးတဲ့ နည်းမျိုးနဲ့ အသက်ဝင် တက်ကြွလာတယ်။

'ဒီအလုပ်က ကိုယ် နိုင်နင်းကျွမ်းကျင်တဲ့ အလုပ်၊ ရော့ဂကလဲ ကိုယ်နဲ့ သဘောတူ ယုံကြည်စိတ်ချမှု အပြည့်ရှိတယ်၊ အဲဒီမှာ ကျောင်းကောင်းကောင်းတွေ ရှိတယ်၊ တစ်အိမ်နဲ့ တစ်အိမ်ကြားမှာ မြေနေရာတွေ အများကြီး ပိုတယ်၊ အဲဒီမှာ နွေဦးရောက်တော့မယ် ဘက်ဗာလီ၊ သစ်ပင်တွေပေါ်မှာ ပုရစ်ဖူးကလေးတွေ ဝေဝေဖြာနေပြီ။

'ကိုယ်တို့ ဥယျာဉ်တစ်ခု စိုက်ပျိုးနိုင်တယ်၊ နွေရာသီရောက်ရင် ကိုယ်တို့ ခြံထွက် သစ်သီးဝလံတွေနဲ့ ပန်းတွေ ရလာနိုင်တယ်၊ အဲဒါ.... အဲဒါ...'

စကားရပ်လိုက်၏။ စကားလုံး ရှာနေ၏။

'အဲဒါဟာ သွေးဆောင်ဖြားလျှော့လို့ ပြောပါ'

ဘက်ဗာလီ အေးစက်စွာ ဝင်ထောက်၏။ ဘက်ဗာလီ သူ့အနားမှ ခွာခဲ့သည်။ သူ စကားတစ်ခွန်း ထပ်ပြောလျှင် သူ့ဆံခြေဖြီးပြီး မျက်နှာကို ကုတ်ခြစ်ပစ်မိတော့မည်ဟု ထင်လိုက်၏။



'ဘာစကွ'

'ကျွန်မ ဘာ ဆိုလိုတယ်ဆိုတာ မောင် သိပါတယ်၊ နောက်ထပ် စိတ်ကူးယဉ် စီမံကိန်းတစ်ခု မဟုတ်လား'

'ဟာ...ဘက်ဗာလီ၊ မဟုတ်ပါဘူးကွ၊ ကိုယ်တို့ဟာ ကိုယ်တို့နိုင်ငံထဲမှာ ကိုယ့်လူမျိုးတွေနဲ့ပဲ ရှိနေမှာပါ၊ ကိုယ်တို့ ကလေးတွေလဲ အမေရိကန် ကျောင်းတွေမှာ တက်ရမှာပေါ့'

'မောင့်မှာ ရော့ဂနဲ့ ကန်ထရိုက်စာချုပ် ရှိလား'

အက်ဒ် အမျိုးသမီးကို ကြည့်လိုက်၏။ သူ့မျက်လုံးတွေမှာ နာကြည်းမှုအပြည့်။ ဘက်ဗာလီက သူ့ပါးကို ရိုက်လိုက်သည့်အလား။

'ဟင့်အင်း ...ဘယ်ရှိပါ့မလဲ'

'အဲဒီလို လုပ်မထားရင် သူ မောင့်ကို အချိန်မရွေး အလုပ် ဖြုတ်ပစ်နိုင်တာပေါ့၊ ဟုတ်တယ် မဟုတ်လား'

'ဘက်ဗာလီ၊ သူဟာ ကိုယ့်သူငယ်ချင်းပါကွ'

'အက်ဒ်ရယ်၊ ဘယ်လို သူငယ်ချင်းမျိုးလဲ၊ ငါးနှစ်တာကာလအတွင်း တစ်ခါမှ ပြန်မတွေ့ကြတဲ့ သူငယ်ချင်းဟုတ်လား၊ မောင် သူ့ဆီကို ခရစ္စမတ်ကတ်ပြားလေးပို့တာတောင် ကျွန်မ မတွေ့ဖူးဘူး၊ ကျွန်မတို့ မင်္ဂလာဆောင်တုန်းကလဲ သူ့ကို မဖိတ်ခဲ့ဖူးဘူးလေ'

အက်ဒ် စိတ်မသက်မသာဖြင့် နေရာရွှေ့လိုက်၏။

'ဘက်ဗာလီရယ်...ကိုယ်တို့ ယောကျ်ားတွေဆိုတာ မင်းတို့ မိန်းကလေးတွေလို အမြဲတမ်း အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com

လုပ်နေတာတ်ကြတာ မဟုတ်ဘူးကွာ၊ ဒါပေမယ့် ဒီလူက
လူကောင်းတစ်ယောက်ပါ၊ သူ့စကားကို သူပြန်ရုပ်မယ်
လူစားတစ်ယောက် မဟုတ်ပါဘူး၊ နေခက်ပြီး....'

သူ ဖေးဖေးမမ ဆက်ပြောသည်။

'သူ စိတ်ပြောင်းသွားစရာ အကြောင်း မရှိဘူးလေ
ဒီအလုပ်ကို ကိုယ်လုပ်နိုင်တာပဲ၊ လုပ်နိုင်တယ်ဆိုတာ ကိုယ်
သိပါတယ်၊ ဒီအလုပ်က ရုံးခန်းထဲမှာ တစ်နေ့လုံးအော
ပြီး ကိုယ် သည်းမခံနိုင်တဲ့ လူတွေကို မျက်နှာချို သွေး
တာမျိုး၊ စာရွက်ပုံကြီးကို ဟိုလှန် ဒီလှန်လုပ်၊ သူတို့
ဘာကောင်တွေမှန်း မသိ၊ ဘာလိုချင်မှန်းမသိနဲ့ ယော
ချာချာ လုပ်နေရတဲ့ အလုပ်မျိုး မဟုတ်ဘူးလေ၊ ကိုယ်
မကျင်လည်ချင်တဲ့ ဘဝမျိုးမှာ ကိုယ်ဘဝနဲ့ ကျန်ရှိ
သေးတဲ့ နှစ်ရှိပင်းတွေ နေ့ကုန်ထပ် ကုန်သွားပြန်ပါပေ
လားဆိုတဲ့ အသိကြီးနဲ့ နေရတဲ့ ဘဝမျိုးလေ

'ဘယ်အလုပ်မှာမဆို လုပ်ငန်းစဉ်ရှိတယ်မောင်၊ အဲဒ
ကို ကျွန်မ မသိဘူးမျှား မောင် ထင်နေလို့လား'

'ဟုတ်တယ်၊ ဒါပေမယ့် အဲဒီကိစ္စတွေက မင်းကို စိတ်
အနှောင့်အယှက် မပေးဘူး၊ ဒါပေမယ့် ကိုယ်တော
အဲဒါတွေကို သည်းမခံနိုင်ဘူး၊ ဘယ်တုန်းကမှ သည်းမ
နိုင်ခဲ့တာ၊ ကိုယ် ကြိုးစားကြည့်ခဲ့ပါတယ်၊ ဘာဖြစ်လို့
ဆိုတော့ အဲဒါတွေကို မင်းက တန်ဖိုးထားနေပုံ ရလို့
မင်းကို စိတ်ချမ်းသာစေချင်တယ်လေ၊ ဒါပေမယ့် မ
စိတ်ချမ်းသာအောင် ကိုယ် လုပ်မပေးနိုင်ခဲ့ဘူး၊ ဟု



တယ်မဟုတ်လား၊ အဲဒါကို ကိုယ်တို့ ရိုးရိုးသားသားဝန်ခံကြရအောင်လေ၊ ကိုယ် မင်းကို စိတ်ချမ်းသာအောင် ထားနိုင်ခဲ့လို့လား'

ဘက်ဗာလီ တိတ်ဆိတ်စွာ ခေါင်းခါပြလိုက်၏။

'ခု ကိုယ့်မှာ အခွင့်အရေးရပြီ ဘက်ဗာလီ၊ ကိုယ်တို့ တစ်ချိန်လုံး ပြောခဲ့ကြတာတွေ၊ စိတ်ကူးယဉ်ခဲ့ကြတာတွေ၊ ခု ဒါတွေအားလုံး ရနိုင်ပြီလေ၊ အိမ်တစ်လုံး၊ အနာဂတ်ဘဝတစ်ခု၊ နောက်ပြီး မိသားစု တစ်စု'

သူက ခြေနှစ်ချောင်းခပ်ကားကားရပ်ပြီး ဘက်ဗာလီနှင့် မျက်နှာချင်း ဆိုင်လိုက်၏။

'အဲဒါကို ကိုယ်လိုချင်တယ် ဘက်ဗာလီ၊ ကိုယ့် တစ်သက်လုံး ရှယ်ရဲ့ကလေးတွေ၊ ဒါမှမဟုတ် တခြားတစ်ယောက်ယောက်ရဲ့ ကလေးတွေရဲ့ ဦးလေး အကိုဒ်ဘဝနဲ့ နေမသွားချင်ဘူး၊ ကိုယ့် ရင်သွေးတွေကို လိုချင်တယ်၊ အဲဒီရင်သွေးတွေကိုလဲ မင်းနဲ့ပဲ လိုချင်တယ်'

'တကယ်လို့ မောင်က စိန့်လူဝီမှာ သွားနေပြီး ကျွန်မက နယူးယောက်မှာ သွားနေကြရင်တော့ အဲဒီလို ဖြစ်လာဖို့ နည်းနည်းလေး အခက်အခဲ တွေ့မှာပေါ့နော်'

တခဏမျှ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆိတ်စွာ စိုက်ကြည့်နေမိကြ၏၊ ဘက်ဗာလီ၏ အသံထဲမှ အေးစက်မှုကြောင့် နှစ်ယောက်စလုံး တုန်လှုပ်နေမိသည်။

'ဘက်ဗာလီ၊ မင်းကို ကိုယ်နဲ့အတူ ရှိနေစေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com

အက်ဒ် အသံကိုးတိုးတိတ်နေပြီး တည်ငြိမ်နေ၏။ သို့သော် သူ့ စကားလုံးတွေထဲတွင် တောင်းပန် တိုးလျှိုးမှု စိုးစဉ်းမျှမပါ။

ထိုစကားလုံးများကပင် ဘက်ဗာလီ၏ စိတ်ကို ဆောင်းနှင်းခဲဖြစ်အောင် ကလိပေးလိုက်သလို ဖြစ်သွား၏။ တနဦးပိုင်းတွင် ဘက်ဗာလီ စိတ်ဆိုးနေသည် အမှန်။ သို့သော် ထိုစကားလုံးများကို ကြားလိုက်ရတော့ စိတ်ဆိုးသည့် အဆင့်မှသည် ဒေါသအဆင့်သို့ ကူးပြောင်းသွားသည်။ မိမိမှာ သည်လိုဒေါသမျိုး ရှိနေလိမ့်မည်ပင် မထင်။

တကယ်တော့ မောင်သည် မိမိအား အတူလိုက်နေဖို့ 'မေး'နေခြင်း မဟုတ်၊ 'မပြော'နေခြင်း မဟုတ်လား။ ညှိနှိုင်းနေခြင်း မဟုတ်၊ စီစဉ်နေခြင်း မဟုတ်လား။

ကျွန်မကို မောင်နဲ့အတူ ရှိနေစေချင်တယ်၊ ကျွန်မကို မောင်နဲ့အတူ တစ်နယ်တစ်ကျေးကို မောင့်မျက်နှာ တစ်ခုတည်းပြီး လိုက်ခဲ့စေချင်တယ်၊ ဒီအတွက် ကျွန်မက အလုပ်ထွက်ရမယ်၊ ကျွန်မတို့နှစ်ယောက်သာ မဟုတ်ဘူး၊ မိသားစု တစ်စုလုံးကို မောင်က ရှာကျွေးမယ်ဆိုတာကို မှီခိုအားထားစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင် သံယောဇဉ်ကြီးလှတဲ့ လေယာဉ်ပျံတွေနဲ့ ပြန်ပြီး ပလူးပလဲ လုပ်ရအောင်၊ ဟုတ်လား၊ ဒီလိုလား။

'ကျွန်မတို့ လင်ရယ် မယားရယ်လို့ ဖြစ်ခဲ့ကြတာ လေးနှစ်လုံးလုံးရှိပြီ မောင်၊ ဒါတောင် မောင်က ဒီလို ဆုံးဖြတ်ချက်မျိုးကို မောင့်ဘာသာ မောင် ချခဲ့တယ်



ပေါ့၊ ကျွန်မကတော့ မောင် ဘယ်နေရာ သွားသွား၊ ကြိုက်တဲ့ဆီကိုသွားတဲ့အခါ ဒရွတ်တိုက် ဆွဲသွားလို့ရတဲ့ ကိုယ်လားတိုင်အိတ်လို၊ စားပွဲတစ်လုံး၊ ဒါမှမဟုတ် ငွေဝယ် ကျွန်တစ်ယောက်လို လိုက်ရမယ်ပေါ့၊ ဟုတ်လား)

'စိန့်လူဝီနဲ့ နယူးယောက်ကို ဆက်သွယ်ထားတဲ့ တယ်လီဖုန်းလိုင်းလေးတောင် မရှိတော့ဘူးလား၊ မောင် ကျွန်မကို တယ်လီဖုန်းလေးတောင် ဆက်ပြီး တိုင်ပင်ဖို့ မလိုတော့ဘူးလား'

ခုတော့ ဘက်ဗာလီ တစ်ကိုယ်လုံး ဒေါသကြောင့် နတ်ပူးသလို တုန်နေ၏။ အက်ဒ် ကြားဖြတ်ပြောသည့် စကားကိုပင် ကြားသည်ဆိုရုံမျှသာ ကြားမိ၏။

'ဘက်ဗာလီ၊ ဒီကိစ္စက မင်းကို တယ်လီဖုန်းထဲကနေ ပြောလို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူးလေ'

'ဪ...မဟုတ်ဘူးလား၊ ဒါပေမယ့် မောင့်ဘာသာ မောင်တော့ ဆုံးဖြတ်နိုင်တဲ့ ကိစ္စမျိုးပေါ့လေ၊ ဒီတော့ ကျွန်မက ဘယ်တော့ သွားရမလဲ'

သူက ခါးသီးစွာ ထပ်ဖြည့်ပြောသည်။

'မနက်ဖြန်လား၊ ဒီထက်ပိုတဲ့ အကုန်မှာလား၊ ကျွန်မထ ဝယ်လ်ဘီကနေ ဒီအတိုင်း ကျော့ကျော့ကလေး ထွက် လိုက်ခဲ့ရမှာလား၊ ကျွန်မ ကြိုးစားပမ်းစား ရအောင် လုပ်ထားတဲ့ ရာထူးနဲ့လေ၊ ကျွန်မ ထပ်ပြောလိုက်ဦးမယ်.... ရာထူးရှင့်၊ အဲဒီရာထူးက လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး မောင်

www.burmeseclassic.com



မပူမပင် မကြောင့်မကျ နေရအောင် ထောက်ပံ့ ကျွေးမွေးခဲ့တယ်လေ’

‘ဘက်ဗာလီ၊ တခြား အလုပ်တွေ ပြည့်လို့ပါ’

ဘက်ဗာလီ ဒေါသနှင့် တန်းညီလျှောက်သည့် ဒေါသများ သူ့ရင်ထဲမှာလည်း ကြွတက်လာပြီကို အက်ဒ် သိလိုက်၏။

‘အဲဒီမြို့မှာလဲ ကုန်တိုက်တစ်တိုက် ရှိပါတယ်ကွာ၊ မင်း အတွေ့အကြုံမျိုးနဲ့ အဲဒီ ကုန်တိုက်မှာ အလုပ်တစ်နေရာရဖို့ မာရီဂိုးက အာမခံပါတယ်၊ ဒါကလဲ ကိုယ့်တို့ကလေးတွေ ကျောင်းတက်တဲ့ အရွယ်မှာ မင်း အလုပ်လုပ်ချင်သေးသပါဆိုရင် ပြောတာပါ’

‘ဪ... မာရီဂိုးတဲ့လား၊ ကျွန်မ မမြင်ဖူးတဲ့ လူတစ်ယောက်ကို ကျွန်မ ဒီလောက် မုန်းမိလိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့ဘူး၊ မဟာ မာရီဂိုးကြီးပေါ့လေ၊ သူ့ပန်းဥယျာဉ်ကြီးနဲ့၊ ခေတ်နောက်ကျ မကျန် အောင် မဂ္ဂဇင်းစာအုပ်တွေနဲ့၊ ဪ... ဪ၊ သူက ကျွန်မကို အလုပ် ရှာပေးမယ်တဲ့လား၊ ဟုတ်လား၊ ဘာအလုပ်မျိုးလဲ၊ ဘာတွေ လုပ်ရမလဲ အရောင်းကောင်တာနောက်မှာ ရပ်ပြီး ခြေစွပ်တွေ ရောင်းရမှာလား’

မာနအပြည့်ဖြင့် ခေါင်းကို ပင့်တင်လိုက်၏။

‘ဒီမယ် အက်ဒ်၊ ကျွန်မတာ ဒီထက်မက တန်ဖိုးရှိတယ်၊ ကျွန်မဟာ ဒီထက်မက အဆင့်ရှိတယ်’

‘ဘက်ဗာလီ၊ ကိုယ် ဒီအလုပ်ကို လက်ခံလိုက်ပြီ’



သူ့ရင်ထဲမှ ဒေါသများ ပျောက်ကွယ်သွားပြီး သူက အချက်အလက်များကို ရိုးရိုး ရှင်းရှင်း ချပြနေ၏။ အက်ဒ် သည်လို တိတိကျကျ ပြောတာမျိုး ဘက်ဗာလီ တစ်ခါမှ မကြားခဲ့ဖူး။

‘မင်း ကိုယ်နဲ့ လိုက်ခဲ့စေချင်တယ်၊ ကိုယ့်မယားဟာ မင်းပဲ ဖြစ်စေချင်တယ်၊ မင်းကလွဲပြီး တခြား မိန်းမ တစ်ယောက်ကို ချစ်ဖို့ဆိုတာ ကိုယ့် စိတ်ကူးထဲတောင် ထည့်လို့ မရဘူး၊ ဒါပေမယ့် ဒီအလုပ်ကိုတော့ ကိုယ် လုပ်မှာပဲ’

‘ကျွန်မ လိုက်လိုက်၊ မလိုက်လိုက်ပေါ့လေ’

‘မတတ်နိုင်ဘူး ဘက်ဗာလီ၊ လုပ်ရမှာပဲ၊ ဒီအလုပ်ကတော့ ကိုယ့်ဘဝမှာ ထိုက်ထိုက်တန်တန် လုပ်သင့်တဲ့ အလုပ်မျိုးလို့ ယူဆသားတယ်၊ နောက်ပြီး ဒီအလုပ်မျိုးဖို့ ဒါဟာ ကိုယ့်အတွက် နောက်ဆုံး အခွင့်အရေးပဲလို့ စိတ်ထဲမှာ ထင်နေတယ်’

ယခု မိမိရှေ့တွင် မြင်တွေ့နေရသည့် အက်ဒ်ကား မိမိ ဘယ်တုန်းကမှ မမြင်မတွေ့ခဲ့ဖူးသည့် အက်ဒ် ဖြစ်နေ၏။ ရည်းစားဘဝမှာကော၊ လက်ထပ်ပြီး နောက်ပိုင်း လေကဇ်တာအားနှင့် ရင်ဆိုင်နပန်းလုံး နေရသည့် ကာလများမှာပါ အက်ဒ်ကို သည်လိုပုံစံမျိုးဖြင့် မတွေ့ခဲ့ရဖူး။

ယခု မြင်တွေ့နေရသူကား မိမိတစ်သက်လုံး မျှော်မှန်းတောင့်တခဲ့သူမျိုး။ အက်ဒ်ကို သည်လို ဖြစ်စေချင်ခဲ့တာ

www.burmeseclassic.com

ကြစပြီ၊ အက်ဒ် သည့်လို ဖြစ်လာပါစေဟု ဆုတောင်း ခဲ့ရတာ အကြိမ်ကြိမ်။

ဤ ခုနစ်ဆယ်ဆံ့ မိမိမျှော်မှန်း တောင့်တသည့် အတိုင်း ဖြစ်လာတော့ မိမိသည် ထိုလူနှင့် တစ်ခန်းတည်း အတူ ရှိနေသည်ကိုပင် သည်းမခံနိုင်တော့။

သည်အခါကား၊ မိမိ၏ ဘဝသက်တာတွင် စိတ် အဆင်းရဲဆုံး ဖြစ်ရသည့်သမယ၊ မိမိ၏ အတွက် မိမိပြန် မြင် လိုက်ရသည့် စိတ်ဆင်းရဲစရာ အကောင်းဆုံး အမှန် တရား။

သို့သော် မိမိကို ငယ်တုန်းကမှ စွန့်ခွာ သွားဖူးခြင်း မရှိသည့် သတ္တိသွေးဖြင့် အမှန်တရားကို ရဲရဲကြီးရင်ဆိုင် လိုက်၏။

'အက်ဒ်၊ ကျွန်မမေမေနဲ့အတူ စိန့်လူဝီကို မလိုက်နိုင် ဘူး'

ဘက်ဇလီ တိုးတိတ်စွာ ပြော၏။

'မောင်က ကျွန်မကို လိုက်ခဲ့စေချင်တယ်ဆိုတာ ကျွန်မ သိတယ်၊ အဲဒီဆန္ဒကို မောင့်မျက်နှာ ပေါ်မှာ မြင်နေရ တယ်၊ အဲဒီနေရာဟာ မောင့်အတွက် ဘူမိနက်သန် နေရာ မှန်ဖြစ်မယ်၊ မောင်ကျွန်မကို ခေါ်တာ မှန် နိုင် တယ်၊ ဒီအလုပ်ဟာ မောင့်တစ်ဘက်တာ ဆန္ဒတွေ ဖြည့်ဆည်း ပေးလိုက်တာပဲ ဆိုတဲ့ အဆင့်ထိ ကျွန်မ စဉ်းစားပါတယ်'



'အဲဒါက ဘာအဓိပ္ပာယ်လဲ ဘက်ဇလီ၊ ကိုယ်ဒီမှာပဲ နေရင်နေ၊ မနေရင် ကိုယ့်မှာ မယားမရှိတော့ဘူးလို့ ဆို လိုတာလား'

'မဟုတ်ဘူး၊ အဲဒီလိုပြောရင် မောင့်ကို ခြိမ်းခြောက် ရာ ရောက်သွားမှာပေါ့၊ ကျွန်မတို့ နှစ်ယောက်စလုံး အဲဒီ လို ခြိမ်းခြောက်တာမျိုးကို ခံချင်ကြမှာ မဟုတ်ဘူးလေ။ ကျွန်မ သိတာကတော့ တစ်ခုပဲရှိတယ် အက်ဒ်၊ ကျွန်မ လက်ရှိ ရောက်နေတဲ့အဆင့်ကို ရအောင် ကျွန်မ အသေ အလဲ ကြိုးစားခဲ့ရတယ်၊ ခုနစ်ဆယ်ပြီး အောင်မြင်မှု လှေ ကားမှာ ကျွန်မ တစ်ထစ်ပဲတက်ရ သေးတယ်၊ ကျွန်မအဲဒီ လှေကားကို ဆက်တက်ချင်တယ်၊ ကျွန်မ ထင်တယ်လေ.... ကျွန်မ ဒီထက်မက အမြင့်ကို တက်ချင်သေးတယ်လို့'

'မင်း စိန့်လူဝီမှာကော အလုပ်တစ်ခု မရှာနိုင်ဘူးလား ကွာ၊ စိန့်လူဝီဆိုတာ ဒီနေရာနဲ့ သုံးဆယ့် ငါးမိုင်ပဲဝေး တာပါ'

သူတို့နှစ်ယောက်သည် ခရီးအတူ ထွက်ဖို့ တိုင်ပင်နေ ကြသည့် သူစိမ်း နှစ်ယောက်လိုပါလားဟု ဘက်ဇလီ တွေးမိ၏။

ဖြစ်ပါတယ်၊ ရနိုင်ပါတယ်။ ကုမ္ပဏီကောင်း ထောက်ချင် ဒီလုပ်ငန်းမျိုးပဲ ရနိုင်ပါတယ်။ တစ်ခုပဲ ရှိတာက အဲဒီ စိန့်လူဝီမှာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဘူး ဆိုရင် ဘာ လုပ်ကြမလဲ။

www.burmeseclassic.com



'မောင် နေစက်ထပ် အဆက်အသွယ်ရတဲ့ မိတ်ဆွေ ဟောင်း နှစ်ယောက်က ဆီတယ်လ်မြို့က ဖြစ်နေရင်ကော ကျွန်မက အဲဒီကို လိုက်ပြောင်းပြီး ဘဝကို တတိယ အကြိမ်မြောက် တစ်ကနေ့ ပြန်စရမှာလား'

သူ့နှုတ်ခမ်းများ တင်းဘင်း စေ့သွားသည်။

'ဒီမယ်အက်ဒ်၊ ကျွန်မ အသက်လေးဆယ် ရောက်နေမှ အစရောင်းစာရေးမ အလုပ်မျိုးလုပ်ဖို့ စိတ်ကူးသဲ မထည့်ဘူး'

ခုတော့ အက်ဒ်၏ မျက်နှာပေါ်တွင် ကောင်လေး တစ်ယောက်၏ သွင်ပြင်မျိုး မရှိတော့၊ သူ့မျက်လုံးတွေ တည်ငြိမ်နေ၏၊ ထိန်းထိန်းသိမ်းသိမ်း ဖြစ်နေ၏၊ ပထမ ဦးဆုံး အကြိမ်အဖြစ် ဘက်ဗာလီ၏ စိတ်ခေတ်နှင့် နှလုံး သား ထဲသို့ ဝင်ကြည့်နေသည့်အလား။

'ဒါဆို မင်း မိခင် တစ်ယောက်ဘဝကို ခံယူဖို့ကော စိတ်ကူးသေးရဲ့လား၊ ဒါမှမဟုတ် မိသားစု တစ်စုရယ်လို့ ဖြစ်လာအောင် အချိန်ယူဖို့ အလုပ်က ထွက်ဖို့ကော စိတ်ကူးရဲ့လား'

အထိနာသွားသော ဘက်ဗာလီက ချက်ချင်း ပြန် ပက်၏။

'အက်ဒ်၊ မောင် ဒီလိုပြောတာ မတရားဘူး။ ဒီနေ့ပဲ ကျွန်မ အိမ်ခန်းသစ် တစ်ခန်း ကြည့်ခဲ့သေးတယ်၊ ပိုပြီး ကျယ်ကျယ် ပြန့်ပြန့်လဲ ရှိတယ်၊ အဲဒီမှာ ကလေးထိန်း တစ်ယောက်နေဖို့ အခန်းတစ်ခန်းတောင် ပါသေးတယ်။



အရှေ့မြစ်ကို စီးမြင်နေရတဲ့ မြင်ကွင်းကလဲ လှပါတယ် သနဲ့'

'ဘာလုပ်ရမှာလဲကွ၊ ဒီသောက်–အရှေ့မြင်ကွင်းကို၊ ကိုယ်လိုချင်တာ မယားတစ်ယောက်ကွ၊ ကဲ... ဒီတော့ ကိုယ် မယားတစ်ယောက် ရနိုင်မလား၊ မရနိုင်ဘူးလား'

ဘက်ဗာလီ အဖြေကို ဖွင့်မပြောနိုင်၊ အဖြေပေးနေဖို့ လိုတော့ကြောင်း အက်ဒ်သဘောပေါက်လိုက်၏၊ ရင်နှင့် နှုတ်ပိတ်နေခြင်းမျှဖြင့် လုံလောက်နေပြီ။

သူက အဝတ်သေတ္တာနှင့် ကုတ်အင်္ကျီကို ကောက် ကိုင်လိုက်၏။

'အထုပ်အပိုးတွေ မနေဖြစ်တာ တော်သေးတာပေါ့'

သူ့ကိုယ်သူ ပြောသလို တစ်ကိုယ်တည်း ပြော၏။

'တကယ်လို့ ဒီကိစ္စကို မင်းပြန်ပြီး စဉ်းစားချင်သေး သပါဆိုရင်၊ ဒါမှမဟုတ် ကိုယ်နဲ့ စကားပြောချင်သပါဆို ရင် ကိုယ် မေမေ့အိမ်မှာ ဒီတစ်ပတ်ကုန်အထိ ရှိနေမယ်၊ သတ်ခုပဲရှိတယ်၊ ကိုယ်တို့မှာ ပြောစရာစကား မကျန်တော့ ဘူး ထင်ပါရဲ့၊ ရှိသေးလို့လားဟင်၊ တကယ်တော့ ကိုယ် တို့မှာ ဘယ်တုန်းကမှ ပြောစရာစကား မရှိခဲ့တာလဲ ဖြစ် ချင် ဖြစ်နေမှာပါလေ'

ခဏမျှ ရှုံ့ဆိုင်းနေသည်၊ ချစ်သောသူ အနားသို့ တိုးကပ်သွားချင်သည်၊ ပြီးတော့ သွယ်နွဲ့သော ကိုယ်ခန္ဓာ လေးကို လှမ်းယူပွေ့ဖက် ထားလိုက်ချင်သည်၊ ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ထွေးပွေ့ထားလိုက်ချင်သည်။ သို့သော် သူ့ကိုယ်သူ ထိန်းလိုက်၏။

သည်တာဝန်၊ သည်သာမယား၊ သည်ကာလတိုကလေးကို အင်္ဂါလီ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ အောက်မေ့ လွမ်းဆွေးနေမိမည် ဖြစ်ပါသည်။

အက်ဒ်၏ ကျေနပ်ခြင်းနှင့်အတူ တံခါး ပိတ်သွားသည်။ ခေတ်လှေကား ဆင်းသွားသံကို ကြားရသည်။

ထို့နောက်ပိုင်း ကာလများစွာ ကြာရှည်သည်အထိ မေမောင်၏နေ့ဇက်ဆုံး ဝေဒနာကို မိမိ သတိရနေမိတော့မည် ဖြစ်ပါသည်။

*

( ၁၅ )

ထိုအကြောင်းကို နောင်တစ်ချိန်တွင် ပြန်စဉ်းစားကြည့်မိတော့ ထိုညက မိမိ ဘယ်ဒလောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြောင်း သတိရပြီး ကိုယ့်ကိုကိုယ် တော်တော်လေးအံ့သြမိသည်။

မိမိကြည့်ဖူး၊ ဖတ်ဖူးသည့် ရုပ်ရှင်တွေ၊ အချစ်ဝတ္ထုတွေ အရဆိုရင် မိမိသည် အခန်းထဲမှာ ဂနာမငြိမ်စွာ လူးလာခေါက်တုံ့ လျှောက်နေရမည်။ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျမလာအောင် ကြိုးစား ထိန်းနေရမည်။

ခုတော့ သည်လို မဟုတ်ခဲ့။

နောင် အချိန် တော်တော်ကြီးကြာမှ နယူးယောက်မြို့သူမြို့သားများထဲတွင် ခွဲခြမ်းစိတ်ဖြာခြင်း အတတ်ပညာကို လူသိများ လက်ခံလာချိန်၊ အရာရာတိုင်းကို လူတိုင်းက ညစာ စားပွဲတိုင်းတွင် ပွင့်ပွင့် လင်းလင်း

www.burmeseclassic.com

ဆွေးနွေး ညှိနှိုင်းလာချိန်ကျမှ ထိုညက မိမိ ဘယ်လိုဖြစ်သွားသည်ကို သဘောပေါက် နားလည်ခဲ့ရ၏။

ထိုညက မိမိသည် စိတ်နှလုံး တုံးတုံးချလိုက်သည် မဟုတ်လား။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိဘဝ တစ်လျှောက်တွင် ထိုသို့ ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချပြီးတိုင်း စိတ်ရော ကိုယ်ပါ လွတ်လပ်သွားတတ်သည်၊ စိတ်ရောကိုယ်ပါ ပေါ့ပါးသွားတတ်သည် မဟုတ်လား။

မိမိအား ချောင်ပိတ် ဖမ်းထားသော မိမိအား အနောက်သို့ အတင်းဆွဲချနေသော နှောင်ကြိုးများကို ဖြတ်တောက် ရုန်းထွက်လိုက်ရသလို ခံစားရသည်လေ။

နောက်ခန့်နံနက် ကုန်တိုက်သို့ ရောက်သည်နှင့် တည်ငြိမ်အေးချမ်းစွာပင် မစ္စလော့လေထံ တယ်လီဖုန်းဆက်သည်။ အရှေ့မြစ်ကမ်းပါးပေါ်မှ အခန်းကိုယူမည် ဖြစ်ကြောင်း အကြောင်းကြားသည်။

အခန်းခကို တစ်ယောက်တည်း ကျခံရမည်ဆိုတော့ နည်းနည်းတော့ တာဝန်ကြီးသည်။ သို့ပေမယ့် မနိုင်လောက်သည့် ဝန်တော့ မဟုတ်ပါ။ အနေသာက သည်အချက်ကို ထည့်တွက်ထားမှာပေါ့။

သူက အိမ်မြေပွဲစား အမျိုးသမီးကို အိမ်ငှားစာချုပ်တစ်စောင် ပြင်ဆင်ထားရန်နှင့် နေ့လယ်စာ စားချိန်တွင် မိမိလာရောက် လက်မှတ်ထိုးမည်ဖြစ်ကြောင်း ပြောလိုက်၏။ ထို့နောက် ဒုတိယ အတွေးတစ်မျိုး ပေါ်လာဟန်ဖြင့် သူက ထပ်ပြောသည်။



'ကြော်...မစ္စလော့လေး၊ အဲဒီ စာချုပ်ကို ကျွန်မ နာမည်နဲ့ပဲ ရေးထားနိုင်မလား၊ ဘက်ဗလီ ရစ်ချ်မန်ဆိုတဲ့ နာမည်နဲ့လေ၊ မစ္စတာနဲ့ မစ္စစ်အက်ဒဝပ်ရစ်ချ်မန်ဆိုတဲ့ နာမည်နဲ့ မချုပ်ချင်ဘူး'

'ရပါတယ် မစ္စစ်ရစ်ချ်မန်၊ ဒါပေမယ့်....'

'ကျွန်မ အမျိုးသားက ခဏတစ်ဖြုတ် ခရီးထွက်ရလိမ့်မယ်ရှင့်၊ နောက်ပြီး ကျွန်မထင်တယ်လေ၊ ကျွန်မတို့ရဲ့ အစီအစဉ်တွေ အခြေတကျ မဖြစ်မီ စာချုပ်ကို ကျွန်မ နာမည်နဲ့ပဲ ချုပ်ထားတာ ကောင်းမယ်ထင်တယ်'

'ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါတယ်'

မစ္စလော့လေ စကားပြောခွက်ကို ပြန်ချလိုက်၏။ နောက်ထပ်အိမ်ထောင်တစ်ခု ပြိုကွဲပြန်ပြီပေါ့ဟု စဉ်းစားသည်။

သည်ခေတ်မိန်းမငယ်လေးတွေ ဘာဖြစ်နေကြတာလဲ။

မစ္စတာရစ်ချ်မန်ဆိုသူက တစ်ခါမှ မဆုံဖူး၊ မတွေ့ဖူးပါဘဲ မစ္စလော့လေက ထိုလူဘက်မှ ဘက်လိုက်နေမိ၏။

အသက် သုံးဆယ့်ခုနစ်နှစ် ရှိပြီဖြစ်နေသော မစ္စလော့လေက သည်ခေတ်တွင် လင်ကောင်း သားကောင်း ရဖို့ဆိုတာ မလွယ်ကြောင်း အတွေ့အကြုံများအရ သိနေသည်။ မိမိဆိုလျှင် မိမိ၏ အချိန်ကောင်း အခါကောင်းများသည် စီးပွားပျက် ကပ်ကြီးထဲတွင် အလဟဿဖြစ်ခဲ့ရသည်။ မိမိ ချစ်မြတ်နိုးသော၊ မိမိ စိတ်ဝင်စားသော သကောင့်သားများမှာ မယားတစ်ယောက်ကို ထောက်ပံ့

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးမွေးနိုင်လောက်အောင် မတတ်နိုင်ကြ။ ထို့နောက် မှာတော့ စစ်ကြီးဖြစ်လာပြီး သူတို့အားလုံး စစ်ထဲလိုက် သွားကြရသည်။

ဘာပဲဖြစ်ဖြစ် ခုတော့ မိမိသည် ဂုဏ်ရှိရှိ ကိုယ့်ဘဝ ကိုယ် ထူထောင်နေနိုင်ပြီဖြစ်၏။ သို့သော် မိန်းကလေး မိတ်ဆွေများနှင့် ညစာ အတူစားရသော ညများထက် ခြောက်ကပ် ပျင်းရိစရာကောင်းသော ညများကိုသည်း ကြုံရပါသည်။

သူက ဘက်ဗာလီအတွက် အိမ်ငှားစာချုပ်ကို စတင် လက်နှိပ်စက်ရိုက်သည်။ ထို့နောက် ငါးမိနစ် အတွင်း ဘက်ဗာလီကို မေ့သွားတော့၏။ ဪ...သည်ကောင်မ လေးက ချစ်စရာကောင်းရဲ့သားနဲ့။

ညနေပိုင်း တစ်ပိုင်းလုံး ဈေးလပတ် လည်အောင် အလုပ်များနေသဖြင့် ဘက်ဗာလီသည် ကုန်တိုက်ကိစ္စမှ လွဲ၍ ဘာဆိုဘာမှ မစဉ်းစားနိုင်အား။

ဖက်ရှင်မဂ္ဂဇင်းများမှ ပထမ အကြမ်းရိုက်ချက်များ ရောက်လာသည်။ နောက်သစ်ပတ် ထုတ်ဝေမည့် ဖက်ရှင် မဂ္ဂဇင်းများတွင် မိမိတို့ ရွေးချယ်ခဲ့သည့် ဈေးကြီး ကိုယ် ဟန်ပြမယ်များ၏ ပုံများကို ထည့်သွင်း ဖော်ပြထား သည်။ မျက်နှာပြည့်ပုံတွေ၊ အားလုံးနီးပါး ရောင်စုံပုံတွေ ချည်း။

သည်ပုံတွေကို တွေ့ကြတော့ ဆီလ်ဗီယာရော ဘက်ဗာလီပါ ကြည်နူးပီတိ ဖြစ်ကြရသည်။ ဒါတွေဟာ



သူတို့နှစ်ယောက်၏ အောင်မြင်မှု သင်္ကေတများ မဟုတ် လား။ ဆီလ်ဗီယာသည် ပထမဦးဆုံးအကြိမ် အဖြစ် မိမိ ဘဝအကြောင်း မစဉ်းစားမိ၊ ဘက်ဗာလီ၏ ဘဝ အကြောင်းလည်း မတွေးမိ၊ သူက ဖက်ရှင် မဂ္ဂဇင်းများ၏ အကြမ်း ရိုက်ချက်များကို ယူပြီး ဝယ်လ်ဘီ ကုန်တိုက် ဥက္ကဋ္ဌဆီသို့ သုတ်ခြေတင်တော့၏။

'ဘက်ဗာလီ၊ ဒါတွေဟာ တို့နှစ်ယောက်လုံး ရာထူး တိုးတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ'

တံခါးဝမှ ထွက်ရင်း ပြော၏။ သူ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်လျက်။

'ဒါမှမဟုတ် ရာထူးတိုးသလိုလိုမျိုး တစ်ခုခုပေါ့'

အဲဒါဆိုလည်း အခက်အခဲတစ်ခု ပြေလည်သွားတာ ပေါ့လို့ ဘက်ဗာလီ တွေး၏။ ပြီးတော့ မိမိ၏ လက်ကိုင် အိတ်ကို ကောက်ယူပြီး အိမ်မြေ ရောင်းဝယ်ရေး ကိုယ်စားလှယ် ရုံးခန်းသို့ ထွက်ခဲ့၏။

စာချုပ်အသစ်ကို မိမိကိုယ်တိုင် လက်မှတ်ထိုးပြီးမှပဲ မိမိ စိတ်ချ လက်ချ ရင်အေးနိုင်မည် ဆိုတာ ဘာသာ သိနေ၏။

ကိုယ်စားလှယ် ရုံးခန်းထဲမှ ပြန်လာတော့ သွားရင်း လာရင်း အသားညှပ်ပေါင်မုန့် တစ်လုံး စားခဲ့သည်။ လက်ကိုင်အိတ်ထဲမှာ သော့အသစ်များနှင့် အိမ်ငှား စာချုပ် ကြွပ်ကြွပ်ရွရွ တစ်စောင်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းသို့ ပြန်ရောက်တော့ ဂျိန်း၊ တယ်လီဖုန်း ဆ
ကြောင်း အသိပေး ခရေးမှတ်ထားသည့် စာတွေ့ တွေ့ရ
ဂျိန်း၏ ကုန်တိုက်သို့ တယ်လီဖုန်း ပြန်မဆက်မိ သက်ပြ
တင်ချက် ရှူသွင်းမိ၏။

'ထည်ကိစ္စကိုတော့ ရှင်းပစ်ရမည်၊ ရှင်းပစ်ရမည်ဆို
သူ သိနေသည်။ မိမိ မလုပ်ချင်သည့် ကိစ္စမျာ
မလွဲမသွေ လုပ်ရတော့မည်ဆိုလျှင် ပြုလုပ်နေကျအတိုင်
သူက အချိန်ဆိုင်းမနေ၊ ချက်ချင်း လက်ငင်း ရင်ဆိုင်
လိုက်၏။

'ဂျိန်းလား၊ အလုပ်တိုက်ကို လှမ်းဆက်ရတာ အားန
ပါတယ်၊ ဒါပေမယ့် မေမေ တယ်လီဖုန်းဆက်တယ်ဆို

'အေးကွယ် မေမေ ဒီညထိ စောင့်လိုက်ဖို့ ကော
တာ၊ သမီး အိမ်ပြန်ရောက်မယ့် အချိန်ကိုလေ'

အဘွားကြီး၏ အသံမှာ အားတုံ့အားနာ ဖြစ်
သည်၊ ကြေကွဲသံ မဟုတ်၊ စိတ်ဆိုးသံ မဟုတ်၊ သို့သေ
မိမိတို့၏ အနေအထားကို စိတ်ပျက် လက်လျှော့ထား
နာကြည်း ကြေကွဲရာများကို လွန်ခဲ့သည့် ကာလများစွ
ကတည်းက ခံစားခဲ့ရပြီးတာလည်း ဖြစ်နိုင်သည်။

'သမီးတို့ ဘာတွေဖြစ်ကြတယ်ဆိုတာ အက်ဒ် ပြော
တယ်'

'ကျွန်မ စိတ်မကောင်းပါဘူး ဂျိန်း၊ ဒီကိစ္စက ကျွန်
တို့ တယ်လီဖုန်းထဲမှာ ပြောလို့မကောင်းဘူး ထင်
တယ်၊ ဒီအချိန်က အလုပ်ချိန် ဆိုတော့ ဘယ်သူမ



ဖြန့်စားကြီး ဝင်လာနိုင်တယ်လေ၊ နောက်ပြီး ကျွန်မတို့ ကိစ္စကို လောလောဆယ် ဘယ်သူ့ကိုမှ အသိမပေးချင်သေးဘူး'

'ဒါဆို သမီး ဘာမှ အလောသုံးဆယ်.... မစီစဉ်သေးဘူးပေါ့'

တဒင်္ဂအားဖြင့် ဘက်ဗာလီ တယ်လီဖုန်းကို ကြောင်ကြည့်နေ၏။ သူ့ယောက္ခမ ဆိုလိုတာက ဘာပါလိမ့်ဟု စဉ်းစားသည်။

'မေမေ ဆိုလိုတာ.... ကွာရှင်းဖို့ ကိစ္စမျိုးလား'

နောက်ဆုံး စမ်းချလိုက်၏။

'မေမေ မေးလိုက်တာရွဲ့ အဲဒီ အဓိပ္ပာယ်ပဲ ထင်ပါရဲ့'

ဂျိန်း၏ အသံသည် သွေးတိုးစမ်းသည့် သဘောလေး စွက်လာသည်။

'အက်ဒ်ကတော့ သူ့အလုပ်သစ်အတွက် စိန့်လူဝီကို ပြန်သွားဖို့ ခိုင်ခိုင်မာမာ စိတ်ဆုံးဖြတ်ထားပုံ ရတယ်၊ မေမေက သမီး ဘယ်လို ခံစားရတယ် ဆိုတာလဲ သိနေတယ်လေ'

'ဂျိန်း၊ ကျွန်မ နေ့လယ်စာ စားချိန်ကပဲ အိမ်ခန်းသစ် တစ်ခန်းငှားဖို့ စာချုပ်မှာ လက်မှတ်ထိုးခဲ့တယ်၊ အခန်းက ကျွန်မတို့ရဲ့ လက်ရှိအခန်းထက် ပိုကျယ်တယ်၊ အက်ဒ်ကတော့ စိတ်ပြန်ပြောင်းမယ် မထင်ပါဘူး၊ ဒါပေမယ့် သူ စိတ်ပြောင်းလာရင်တောင် ကျွန်မတို့နှစ်ယောက် နေဖို့ အဲဒီအခန်းက ကျယ်နေသေးတယ်'

www.burmeseclassic.com



'သမီးတို့ အိမ်ထောင်ရေးက တကယ်ပဲ ဆုံးခန်းတိုင် သွားပြီးလားကွယ်'

'အဲဒါကို ကျွန်မ မပြောချင်ပါဘူး မေမေ၊ ဒါပေမယ့် ခုတိုင်းဆိုရင်တော့ အဲဒီအတိုင်းပဲ ဖြစ်လိမ့်မယ်ထင်တယ်၊ ဒါပေမယ့် ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှ မစိုးရိမ်ပါဘူး၊ လောလောဆယ် မစိုးရိမ်သေးဘူးပေါ့လေ၊ ခုလို ဖြစ်ရတာဟာ ကျွန်မတို့ နှစ်ယောက်စလုံး ရှုံးမိုက်ရာ ကျတယ်လို့ ထင်တယ်'

'သမီး နောက်တစ်ယောက် တွေ့နေတာတော့ မဟုတ် ပါဘူးနော်'

ဘက်ဗာလီ မဲ့ပြုံးသဲ့သဲ့ ပြုံးလိုက်မိ၏။ ဆီလ်ဗီယာ ပြောခဲ့တာ မှန်နေပါပေါ့လား၊ သတင်းတွေက ပြန့်နေပြီ ပေါ့။

'မေမေဆိုလိုတာ 'အထည်အလိပ်လောကရဲ့ မြှားဘုရင် စန်းကြွယ် သေဋ္ဌေးကြီး' လို့ ဟာမျိုးလား၊ မရှိပါဘူး ဂျိန်း၊ ဘယ်သူမှ မရှိသေးပါဘူး၊ ကျွန်မနဲ့ အက်ဒ် ဖြစ်ရ တာဟာ အဲဒီကိစ္စကြောင့် မဟုတ်ပါဘူး၊ ဒါကို မေမေ ကော ကျွန်မပါ သိပါတယ်၊ အက်ဒ်လဲ ကျွန်မတို့လိုပဲ သိပါစေလို့ ဆုတောင်းပါတယ်'

'သူကတော့ သူ့ ဆုံးဖြတ်ချက်ကို ယမီးမပါဘဲ တစ် ယောက်တည်း ဆုံးဖြတ်ခဲ့တာ အရမ်းမိုက်မဲ့ရာ ရောက် တယ်ဆိုတာပဲ သိထားပါတယ်၊ အဲဒီအတွက် သူနာကြည်း နေတယ်၊ သူ တကယ်ကို ဝမ်းနည်းပက်လက် ဖြစ်နေတာ



ပါ၊ မနေ့ညက မေမေတို့သားအမိ အကြာကြီး စကား ပြောဖြစ်ကြတယ်လေ၊ ဒါပေမယ့် သူ့ အနေနဲ့လဲ ဒီအလုပ် ကို လုပ်ကိုလုပ်ရတော့မယ်လို့ ဆုံးကြည်နေတာ မေမေ သိတယ်'

'ဟုတ်ကဲ့၊ ကျွန်မလဲ သိပါတယ် မေမေ၊ ဒါပေမယ့် သူလျှောက်မယ့် လမ်းကို ကျွန်မက ရှေ့က ကာဆီး ကာဆီး လုပ်မနေချင်ဘူးလေ'

'တစ်ခုရှိတာက သမီးလျှောက်မယ့် လမ်းမှာလဲ သူ ကို ကာဆီးကာဆီး လုပ်ခွင့်မပေးဘူး မဟုတ်လား၊ မေမေ ပြောတာ မှန်ရဲ့လား'

'ဂျိန်း၊ ကျွန်မ ဆက်ပြောနေလို့ မဖြစ်တော့ဘူး၊ အက်ဒ်ကို ပြောပေးပါ၊ သူ ကံကောင်းပါစေလို့ ကျွန်မ ဆုတောင်းတဲ့အကြောင်း၊ ကျွန်မ ဘာမှ လုပ်ဖို့စိတ်ကူး ထားတာ မရှိသေးတဲ့အကြောင်း၊ တရားရုံး ကိစ္စတွေ ကို ပြောတာပါ'

ရုတ်တရက်အားဖြင့် ဘက်ဗာလီ သူ့မိဘ နှစ်ပါး၏ မျက်နှာများကို မြင်ယောင်မိ၏၊ ဖေဖေ့ မျက်လုံးတွေထဲ တွင် ထင်ဟပ်နေမည့် ကြေကွဲရိပ်များ၊ 'ကွာရှင်းမှု'ဆို သည့် စကားလုံးကို ကြားရသည်နှင့် ထိတ်လန့်တကြား ရေရွတ်မည့် မေမေ၏ အာမေဍိတ်သံများ၊

'နောက် ခြောက်လလောက် ကြာရင်တော့ အဆင်ပြေ ရော၊ ကျွန်မပါ တစ်ယောက်အပေါ် တစ်ယောက် ဘယ် လို သဘောထားကြတယ်ဆိုတာ သိလာ၊ နားလည်လာ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ၊ တကယ်လို့ ဆုံးဖြတ်စရာ တစ်ခုခု ဖြစ်ပေါ်လာရင် အဲဒီခါကျ သူနဲ့ ကျွန်မနဲ့ စကား ပြောကြတာပေါ့'

'အဲဒီအကြောင်း မေမေ သူ့ကို ပြောပြလိုက်ပါ့မယ် ဘက်ဗာလီ၊ ဒါဆို သူ စိတ်ပြေသွားပါလိမ့်မယ် ထင်တယ်၊ သူ ဒီသုပ်ခန်းသစ်ကို စဖို့ ကြိုးစားနေတုန်း သူ့ကို နည်းနည်းလေး မျှော်လင့်ချက် ပေးပါကွယ်'

မခန့်သာ အက်စ် ထွက်သွားပြီး နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ဘက်ဗာလီ မျက်ဝန်းများတွင် မျက်ရည်တွေ အိုင်ထွန်းလာသည်၊

သူ ဂျိန်းကိုချစ်သည်။ ဂျိန်းက ကြင်နာတတ်သည်။ အမြော်အမြင်ရှိသည်။ ကိုယ့်အရေးထက်ပင် စာနာနားလည်မှုရှိသည်။

'ဂျိန်းရေ....ကျွန်မတို့ချင်း ဖြစ်ရတဲ့ကိစ္စကြောင့် ဂျိန်းနဲ့ကျွန်မ မတွေ့တော့ဘူးလို့ မယူဆပါနဲ့နော်၊ ကျွန်မလေ ယောက္ခမတစ်ယောက် အနေနဲ့တော့၊ နေရက်ပြီး မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ပါ သတိရနေမှာပါ'

'ဘာမှ စိတ်မကောင်း မဖြစ်နဲ့ ဘက်ဗာလီ၊ သမီး လိုအပ်တဲ့ အချိန်တိုင်း မေမေ ဒီမှာ အမြဲအဆင်သင့် ရှိနေမှာပါကွယ်'

ထိုစကားပြောပြီး စကားပြောခွက်ကို ချလိုက်၏။

ကံကောင်းသည်။ ညနေခင်း တစ်ခင်းလုံး အချိန်ရှိသေးသည်။ သည်တော့ သားတော်နှင့်ခင်ကို ပြောပြဖို့ သင့်တော်သော စကားလုံးများရွေးရန် အချိန်ရသည်။



...ားတော်မောင်၏ အလုပ်သစ်ကိုသော၊ သူ ချစ်သော ...ီးသည်ကိုပါ ထိန်းသိမ်းထားနိုင်ဖို့ မျှော်လင့်ချက်ပေး ...ည့်စကားများ။

အက်ဒ်အား သင့်မြတ်မှန်ကန်သော စကားလုံးများ ...ဖြင့် အားပေးနိုင်မှာပါ။ ယခင်ကသည်၊ သင့်မြတ်မှန်ကန် ...သော စကားလုံးများကို အမြဲတမ်း ပြောနိုင်ခဲ့သည်ပဲ။

* *

ထိုညက ဘက်ဗာလီ ကုန်တိုက်မှ ပြန်လာသောအခါ ကိုယ့်အခန်းသို့ ကိုယ်မပြန်။ အိမ်ခန်းသစ်ကို သွားကြည့် ...ီးမည်ဟု ဆုံးဖြတ်ထားအရ ဘက်သို့ချိုးပြီး ၅၇ လမ်း အတိုင်း လမ်းလျှောက်လာသည်၊

အကယ်၍ သူသာ အဘွားနက်သူ တစ်ဦးဖြစ်လျှင် သူ လှမ်းနေသည့် ခြေလှမ်းတိုင်းသည် အနာဂတ်ဘဝဆီသို့ လှမ်းနေသည့် ခြေလှမ်းများဟု စဉ်းစားမိမည် ဖြစ်၏။ အကယ်တော့ သည်ခြေလှမ်းများသည် ဘက်ဗာလီ၏ယ... ...ည့် ဖြစ်လာအောင် ဖန်တီးပေးခဲ့သည့် ကမ္ဘာနှင့် လူမှု

www.burmeseclassic.com



စည်းကမ်းများကို စွန့်ခွာ လျှောက်လှမ်းနေသည့် ခြေလှမ်းများ မဟုတ်လော။

သို့သော် သူ့ခေါင်းထဲတွင် စဉ်းစား နေသည်မှာ လက်တွေ့ကျသော အချက်များသာ ဖြစ်၏။ နဂိုက သိပ်များများစားစား မရှိသည့် ဘဏ်စာရင်းတွင် ငွေ ဘယ်လောက် ကျန်သေးသလဲ။ မိမိတို့၏အဝယ်ခရီး အောင်မြင်မှုအတွက် လခ ဘယ်လောက်တိုးနိုင်မလဲ။

ပထမ အခန်းဟောင်းတွင် မိမိ နှစ်ပေါင်းများစွာ မြတ်မြတ်နိုးနိုး သုံးစွဲခဲ့သည့် အိမ်ထောင် ပရိဘောဂတွေထဲမှာ ဘယ်ဟာတွေကို အခန်းသစ်သို့ သယ်လာမလဲ။ သိပ်တော့ များများစားစား မရှိဟုတွေးသည်။

လန်ဒန်မှာတုန်းက အဓသာပြောခဲ့သည့် စကားတစ်ခွန်း ရှိသည်လေ။ လူတွေ နေထိုင် သေလွန်ပြီးသည့်တိုင် သူတို့အမြတ်တနိုးသုံးစွဲခဲ့သည့် ပရိဘောဂများတွင် ထိုသူများ၏ ခံစားချက် ဝေဒနာများ တွယ်ငြိနေနိုင်သည်တဲ့။

ထိုစဉ်က အဓသာ၏အတွေးကို မိမိ သိပ်မကြိုက်ခဲ့။ ခုလည်း သည်အတွေးကို ပိုပြီး ကြိုက်မလာသေးပါ၊ မိမိလိုချင်သည်မှာ ပတ်ဝန်းကျင်အသစ်နှင့် ဘဝသစ်သာ ဖြစ်၏။

အရောင်နှင့် ပုံစံကို ကြည့်တတ်မြင်တတ် ခံစားတတ်သော သူ့မျက်လုံးများက ထုံးစံအတိုင်း လမ်းကျယ်ကြီး တစ်လျှောက်ရှိ ဆိုင်ပြတင်းပေါက်များကို ငေးမောကြည့်လျှာသည်။



နှစ်ပေါင်းများစွာ တိုက်ချွတ် လာသဖြင့် ပါလစ်ရောင် ဖိတ်ဖိတ်တောက်နေသည့် အဖိုးတန် ရှေးဟောင်း ပရိဘောဂများ၊ အရောင်မျိုးစုံ စင်းလက် ပြိုးပျက်နေသည့် ပိုး ခန်းဆီးစများ၊ ထူထဲ အိညက်သော ကော်ဇော်များ။

ဒါတွေပဲပေါ့ဟု သူ စဉ်းစားမိ၏။ မိမိလိုချင်သည်မှာ ဒါတွေပါပဲ။ မိမိ၏ကမ္ဘာကို ဒါတွေဖြင့် ဝန်းရံခြယ်သထားချင်သည်။ သည်အတွေးကို တွေးမိတော့ တစ်ကိုယ်တည်းဘာသာ ပြုံးမိ၏။ မိမိမှာရှိနေသည့် မဖြစ်စလောက် ငွေစကလေးဖြင့် သည်ဆိုင်တွေထဲမှ ဆေးလိပ်ပြာခံ ခွက်တစ်ခွက်ကိုပင် ဝယ်နိုင်မည် မဟုတ်။

သို့သော်....

ဘာပဲဖြစ်ဖြစ် သည်ပစ္စည်းမျိုးတွေ ငါဝယ်နိုင်ရမည်။ သိပ်မဝေးလှသော တစ်နေ့နေ့ တစ်ချိန်ချိန်မှာပေါ့။

အတွေးတစ်ခု ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။ ခုလို အကင်ဒ်ကို ထောက်ပံ့ ကျွေးမွေး နေရတာမလိုတော့။ သူ့အတွက် ကုန်ကျစရိတ်တွေ အများကြီး သက်သာသွားမည်။ သို့ဆိုလျှင် ခြောက်သမည်သော ကာလအတွင်း မိမိ တော်တော်လေး စုဆောင်းလို့ ရနိုင်မည်။

လောလောဆယ်မှာတော့ ဖြစ်သလိုပဲပေါ့။ ကုန်တိုက်မှ အိမ်ခန်း အလှပြင် သမားတွေဆီက တစ်ပေါက်က ကူညီပါလိမ့်မည်။ ဆိုင်ပြခန်းတွေကို အလှပြင်ပေးနေသည့် ကောင်လေးတွေထဲမှ တချို့က တော်တော် ရည်

www.burmeseclassic.com



မှန်းချက် ကြီးကြသည်။ ဒါကို မိမိသိနေသည်။ မိမိနှင့် သူတို့ကတော့ လုံးလား၊ သွေးလားပါပဲ။ ဆက်ဆံရတာ အဆင်ပြေသည်။ မိမိက ငယ်ရွယ်နုပျိုပြီး နွဲ့လျနေလို့လည်း ဖြစ်ချင်ဖြစ်မည်။

သို့ပေမယ့် မိမိနားသို့ ပြန်ရောက်ပြီး မကြာစေချင်သော်လည်း ကြားနေရသည့် တီးတိုးသတင်းတွေလည်း ရှိသည်။ သည်ကောင်လေးတွေက မိမိကို မိန်းမသား တစ်ယောက် အနေနှင့် စိတ်ဝင်စားတာ ဟုတ်ချင်မှလည်း ဟုတ်မည်။ ဘာပဲဖြစ်ဖြစ်ပါ၊ မိမိ အတွက်ကတော့ ဒါတွေက အကြောင်းမဟုတ်၊ ဂရုလည်းမစိုက်။ လောလော ဆယ်မှာ မိမိ လုပ်ချင်ဆုံး အလုပ်မှာ ယောက်ျားတွေ နှင့် ချိန်း၊ အပြင်ထွက်သည် စသည့် အလုပ်များပင်ဖြစ်၏။

သည်အကြောင်း စဉ်းစားမိတော့ အာသာကို သတိရမိသည်။ လမ်းလျှောက် ရပ်လိုက်၏။ ပထမ ရိပ်သာလမ်းကို ဖြတ်ကူးဖို့ ယာဉ်ဆိမ်း မီးအစိမ်းကို စောင့်နေသည်။ မိမိကိုယ်မိမိ ဝန်ခံရမည်။ သည်တစ်ချီတော့ မိမိ သွေးကြောင်သွားသည်။ တကယ်ဆို အာသာကို ချက်ချင်း တယ်လီဖုန်း ဆက်သင့်သည်။ မနေ့က အိမ်ခန်းသစ်ကို ကြည့်ပြီးချိန်မှာ ဆက်သင့်သည်။ သည်နေ့ စာချုပ်စာတမ်းတွေ လက်မှတ်ထိုးပြီးချိန်မှာ ဆက်သင့်သည်။

သို့သော် မဆက်ခဲ့။ သို့တယ်လီဖုန်း ဆက်မိလျှင် မိမိ နှုတ်ဖျားမှ ဘာစကားပဲပြောပြော သူ့ကို ဖိတ်ခေါ်ရာ



ရောက်မည်။ မိမိသူ့ကို မဖိတ်ခေါ်ချင်သေး။ အခြေအနေ အရပ်ရပ်ကို ရင်ဆိုင်ဖို့ မိမိ အဆင်သင့် မဖြစ်သေး။

တစ်ခုတော့ရှိသည်။ ကိုယ်တော်မြတ်က သိချင်သိနေမှာပေါ့။ အိမ်ခန်းကို မိမိ ငှားဖြစ်ကြောင်း မစ္စသော့လေက အိမ်ရှင်ကို အကြောင်းကြားမှာပေါ့။ အာသာ၏ မိတ်ဆွေ ဖြစ်နေဖို့ အလားအလာများသော အိမ်ရှင်က အာသာထံ တယ်လီဖုန်း ဆက်ချင် ဆက်ပြောမှာပေါ့။

အေးလေ၊ မနက်ဖြန်ကျမှပဲ ရုံးခန်းက ဆက်လိုက်တော့မည်။ မိမိ လက်ထဲသို့ အိမ်ခန်းသော့တွေ ရောက်မလာမချင်း ဘာမှ မပြောချင်သေးလို့ပါဟု တောင်းပန်လိုက်မည်။

လမ်းမကြီး၏ အဆုံးပိုင်းဆီသို့ ခပ်မှန်မှန် လျှောက်လာရင်း အတွေးကို ဆက်ပြန်သည်။

ဟုတ်သည်။ အလုပ်ချိန်ကြီး ဆိုတော့ သူ မိမိကို အကြောင်းမေးနေဖို့ သိပ် အချိန်ရမည်မဟုတ်။ သည်တော့ မာကြောင်း၊ သာကြောင်းလောက်ပဲ ပြောလိုမည်။ ကိုယ့်ရေး ကိုယ်တာ မစွက်သည့် စကားလောက်ပဲ ပြောမည်။

မိမိ စိတ်ထဲမှာ ခိုင်မာမြဲမြံစွာ သန္နိဋ္ဌာန် ချထားတာ တစ်ခုတော့ ရှိသည်။ သည်အိမ်ခန်းသည် အာသာ၏ ဒုတိယ အိမ်မျိုးမဖြစ်စေရ။ သူက ဘယ်လောက်ကြီးပဲ အန[illegible]င်းပြုနေနေ၊ သည်ဘဝမျိုးကို မိမိ ကြုံခဲ့ဖူးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပရင့်နှင့် မှုံးမှုံးမှိုက်မှိုက် ဖြစ်နေသည့်ကာလများ၊ နေ့ရက်ပြီး အက်ဒ်နှင့် နှစ်ပေါင်းများစွာ၊

(သည်အိမ်ခန်းသည် မိမိ၏ 'အိမ်'ပဲ ဖြစ်ရမည်၊ ဘယ်သူ့အိမ်မှ မဖြစ်စေရ၊ တဆယ်လို့ သည်အခန်းမှာ အခြားသူများ၊ ရောက်နေသည်ဆိုလျှင် ထိုသို့ လာရောက်အောင် မိမိက သီးသီး သန့်သန့် ဖိတ်ကြားသောကြောင့်သာ ဖြစ်ရမည်၊ သည်အခန်းမှာ သူတို့လည်း နေပိုင်ခွင့် ရှိသည်ဟု သူတို့က ယူဆသောကြောင့် မဖြစ်စေရ၊)

သူက အိမ်အဝင်ဘက်သို့ ချိုးကွေ့လိုက်၏၊ ဆံပင်ဖြူဖြူနှင့် တံခါးမှူးဝတ်စုံ ဝတ်ထားသည့် အဘိုးကြီးတစ်ယောက်က အပြုံးဖြင့် ကြိုဆိုသည်၊ တံခါးဖွင့်ပေးသည်။ သူက ပြန်ပြုံးပြသည်၊ မိမိသည် အိမ်ငှားအသစ်တစ်ယောက်ဖြစ်ကြောင်း မိတ်ဆက်စကား ဆိုသည်၊ အဘိုးကြီး၏ အပြုံး ပိုပြီး ပွင့်လာသည်၊ သူ့ကို ဓာတ်လှေကားထိ လိုက်ပို့သည်၊ သည်တိုက်နှင့် ပတ်သက်ပြီး သိထားသင့်သည့် အချက်များ ပြောပြသည်၊ အကူအညီလိုလျှင် အချိန်မရွေး ခေါ်နိုင်ကြောင်းလည်း ပြောသည်၊

ပွဲဦးထွက်တော့ ကောင်းတယ်ဟု ဓာတ်လှေကားဖြင့် တက်လာရင်း တစ်ကိုယ်တည်း တွေးသည်၊ မိမိ အပြန်တွင် အဘိုးကြီးကို ဘောက်ဆူးပေးဖို့မှ ပိုက်ဆံအိတ်ထဲမှာ ပါပါလေစေဟုလည်း စဉ်းစားမိ၏၊ ခရီးအစကို ခြေလှမ်းအမှားကြီးဖြင့် မစချင်၊



အခန်းမှာ မိမိ မှတ်မိသည်ထက်ပင် ပိုပြီး လှနေသည်၊ အခန်းတွေထဲ ဖြည်းဖြည်းချင်း လျှောက်ကြည့်သည်၊ စိတ်ကူးဖြင့် အလှဆင်နေသည်၊ သည်လို ကျယ်ကျယ်ဝန်းဝန်း အခန်းမျိုးမှာ နေရတာ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်သလဲ၊ နံရံဘပ် အဝတ်ဗီရိုကြီးတွေက ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့်၊ တစ်ကိုယ်တည်း ပိတိဖြစ်နေသည်၊

ဆိုဖာရှည်ကြီး ဝယ်နိုင်သည့် တိုင် သည်ဆိုဖာကြီးထားဖို့နေရာ လုံလုံလောက်လောက်မှရှိပါ့မလားဟု စိတ်ပူနေရတာမျိုးပေါ်ပေါက်လာစရာအကြောင်းမရှိ၊ ရာသီအလိုက် ဆင်မြန်းမည့် မိမိ၏ အကျီအဝတ်အစားများကို နံရံကပ်ဗီရိုကြီးတွေထဲတွင် အကန့်လိုက် သီးခြားထားသည့်တိုင် အခြား အသုံးအဆောင် ပစ္စည်းတွေထားဖို့နေရာတွေ အများကြီး ပိုနေသေးသည်၊ အင်း၊ ငါ့မှာ လောလောဆယ် မရှိသေးတဲ့ ပစ္စည်းတွေ ထားဖို့ ဆိုပါတော့လေဟု နေ့ရက်ဆက်တွဲ စဉ်းစားသည်၊ တကယ်တော့ လွန်ခဲ့သည့် နှစ်များအတွင်းက မိမိသည် အခန်းကျဉ်းလေးထဲတွင် ဘဝ ကျဉ်းကျဉ်းလေးဖြင့် ရောင့်ရဲတင်းတိမ်နေခဲ့ရသည် မဟုတ်လား၊

နေ့ရက်ဆုံး ဧည့်ခန်းထဲ ပြန်ဝင်ခဲ့သည်၊ ဧည့်ခန်းမှ တစ်ဆင့် ထွက်လိုက်လျှင် အရှေ့မြစ်မြင်ကွင်းကို စီးမိုးမြင်နေရသည့် ပြတင်းပေါက်သို့ ရောက်သည်ဖြစ်၏၊ သည်

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲရောက်မှပင် သတိထားမိသည်။ ခန်းလုံးပြည့် ကော်ဇောကြီးသည် အသစ်နီးပါး ရှိသေးသည်။

စင်စစ် သည်အခန်းထဲမှာ တစ်ယောက်တည်း ရှိနေသဖြင့် အထီးကျန်ဝေဒနာမျိုး ရင်မှာ ပေါ်ပေါက်သင့်သည်။ ဒါမှမဟုတ် စိုးရိမ်ထိတ်လန့်မှုမျိုးတော့ ဖြစ်သင့်သည်။ သို့သော် မနေ့က သည်အခန်းကို ဦးနှာမြင်ပြီးသည်နှင့် စိတ်လက် ပေါ့ပါးနေသည်။ ကိုယ့်အိမ် ကိုယ်ရောက်နေသလို ခံစားရသည်။

တံခါးခေါင်းလောင်းသံ မြည်လာတော့လည်း အံ့သြခြင်း မဖြစ်မိ။ အောက်ထပ်မှ တံခါးမှူးကြီး အကြံတောင်း ညာက်ကောင်းတွေ လာပေးတာ ဖြစ်မည်။ ဒါမှမဟုတ် မစ္စလေ့လေ ဖြစ်မည်။ ဒါမှမဟုတ် အခန်းနီးနားချင်း တစ်ယောက်က လာရောက်လည်ပတ် မိတ်ဆက်တာ ဖြစ်မည်။

သို့သော် တံခါးဖွင့်လိုက်သောအခါ သူ မျက်နှာချင်းဆိုင်လိုက်ရသည်မှာ အာသာပါပဲ။

'ကိုယ် အထဲဝင်ရမလား'

'အာသာ... ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ၊ ရတာပေါ့... ရပါတယ်၊ ရှင် ဝင်ချင်ဝင်ပါ'

ဘေးဖယ်ပေးပြီး သူ့ကို ဝင်ခွင့်ပြုလိုက်၏။ တခဏ အားဖြစ်တော့ ရင်ထဲမှာ ထောင်းခနဲ ဒေါသ ဖြစ်သွားသည်။ သည်လူ ပိုင်စိုးပိုင်နင်း နိုင်လှချည်လား။ စောစောကလေးတမှ သည်အိမ်သည် မိမိအိမ်ပဲ ဖြစ်ရမည်။ မိမိ



ဖိတ်ခေါ်သူမှ တစ်ပါး ဘယ်သူမှ လာရောက်ခွင့်မရှိဟု စဉ်းစားဆုံးဖြတ်ခဲ့သည်။ ကဲ၊ ခုတော့ ကိုယ်တော်မြတ်က မခေါ်မပင့်ပါဘဲ ပြောင်ပြောင်တင်းတင်းကြီး ရောက်လာလေပြီ။

သို့သော် သူ့ကို နှင်ထုတ်လို့မဖြစ်။ နှင်ထုတ်စရာမလို။ သူက မိတ်ဆွေကောင်း တစ်ယောက်ပဲ။ နောက်ပြီး မိမိတို့ချင်း တွေ့ဆုံရာမှာလည်း သူက သူ့နည်းသူ့ဟန်ဖြင့် ရိုးသားစွာ ဆက်ဆံခဲ့သည်။ စည်းစောင့်ခဲ့သည်။ နောက်ပြီး မိမိဘက်ကလည်း သူ့ကို လက်တစ်ကမ်းအကွာမှာထားပြီး ခပ်ရှောင်ရှောင်လုပ်မနေနိုင်တော့။ သို့ပေမယ့် လက်တစ်ကမ်းအကွာမှာပဲ ဆက်ဆံတာ ကောင်းပါတယ်လေဟု တံခါး ပြန်ပိတ်ရင်း စဉ်းစားသည်။ သည်အခန်းနှင့်အတူ ကျွန်မလည်း ရှင့်ရင်ခွင်ထဲ ပြုံကျလာပြီလို့ ထင်ထားလျှင်တော့ မှားသွားမှာပေါ့ အာသာ။

မိမိ အတွေးများကို ကြားသွားသည့်အလား အာသာ ရှက်ပြုံး ပြုံးလိုက်၏။

'ကိုယ် အိမ်အပြန် ဒီအခန်းရှေ့က ဖြတ်သွားရင်း မီးတွေလင်းနေတာ တွေ့တာနဲ့၊ ဒီအခန်းကို ဘယ်သူများ ငှားလိုက်ပါလိမ့်လို့ စဉ်းစားနေတာ၊ ကိုယ်က မင်းပဲ့ငှားစေချင်တာ'

'ရှင့်အိမ်ကို ပြန်ရင်း၊ ဟုတ်လား'

ဘာကိုဗစလို မယုံမကြည်ဖြင့် မျက်ခုံးတစ်ဖက် ပင့်ထင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဘာ အရှေ့မြစ်ထဲမှာ လှေအိမ်ဆောက်ထားလို့လား၊ ဒီလမ်းအတိုင်း ဆက်လျှောက်သွားရင် အဲဒီမြစ်ပဲ ရှိတော့တယ်လေ'

အန္တသာ ရယ်မောလိုက်၏။

'ထားလိုက်ပါတော့၊ ကိုယ်လိမ်ပြောတာပါ၊ မင်း အိမ်ငှားစာချုပ်ကို လက်မှတ်ထိုးလိုက်ပြီဆိုတာ ကိုယ်သိတယ်လေ၊ နောက်ပြီး ဒီအကြောင်း ကိုယ့်ကို မပြောချင်လို့ ရှောင်နေတယ်လို့ ထင်တယ်၊ ဒီတော့ အိုးကာ ပူတော့လဲ စလောင်းက ပူရတော့တာပေါ့'

သည်တစ်ချီ မနေတတ်မထိုင်တတ် ဖြစ်သွားရသည်က မိမိ၊ အာသာသည် ထုံးစံအတိုင်း မိမိ၏ နှုတ်ဆိတ်နေမှုနှင့် နှုတ်ဆိတ် နေရခြင်း အကြောင်းရင်းများကို ထိုးဖောက် သိမြင်နေသည်လေ။

'လာလေ၊ အခန်းကို လျှောက်ကြည့် ပါဦးလား၊ တော်တော်လေး သားနားတယ်ရှင့်၊ ဒါမှမဟုတ်လဲ အချိန်တန်ရင် သားနားလာလိမ့်မယ်ပေါ့'

'ဒီအခန်းကို မင်းအမျိုးသား တွေ့ပြီးပြီလား'

ဦးထုပ်နှင့် လက်ထဲမှာ ပါလာသည့် အထုပ်တစ်ထုပ်ကို ပြတင်းပေါက်ပေါ်တွင် တင်ရင်း ခပ်ထိန်းထိန်း မေး၏။

'ဟင့်အင်း....လာပါ၊ လာကြည့်ပါဦး၊ အိမ်ခန်း တစ်ခန်းနဲ့ နံရံကပ် ဗီရိုတွေ အများကြီးကိုပါတာ၊ စားဖို



ဆောင် စစ်စစ်ရယ်၊ အိမ်ဖော် အခန်းတစ်ခန်းရယ်၊ ရေချိုးခန်းရယ်'

'ဒီအခန်းအကြောင်းကို ကိုယ်သိပါတယ်'

အာသာ နေရာမှမရွေ့။ သူ့လက်ထဲမှ ပစ္စည်းတွေ ပြတင်းပေါက်ပေါ်တင်ပြီး နောက်ပိုင်း သူ့မျက်လုံးတွေကို ဘက်ဗာလီထံမှ ဖယ်ခွာခြင်းမပြု။

'ဒီမှာနေသွားတဲ့ မိန်းမကို ကိုယ်သိတယ်လေ'

ဩော်...ဒီလိုကိုး၊ သည်မိန်းမက ဘယ်သူပါလိမ့်ဟု တစ်ဖြုတ်မျှ အတွေးကွန့်လိုက်မိသည်၊ မိတ်ဆွေ တစ်ယောက်လား၊ ဒါမှမဟုတ် အပျော်မယား တစ်ယောက်လား၊ သည်အိမ်ခန်းနှင့် အိမ်ခန်းရှင်၏ ဂုဏ်သိက္ခာပိုင်းကို သည်လူ ထင်ယောင်မြင်မှား ဖြစ်မနေအောင် ခပ်ရှင်းရှင်း ပြောပြဖို့ အချိန်တန်ပြီ၊

'သူက ကိုယ့်နှမဝမ်းကွဲ တစ်ယောက်ပါ'

ဘက်ဗာလီ မျက်လုံးထဲတွင် ထင်ဟပ်နေသည့် အတွေးရိပ်များကိုကြည့်ပြီးပြုံးသည်၊ ဘက်ဗာလီထံသို့ ချဉ်းကပ်လာသည်၊

'မဟုတ်ပါဘူး ဘက်ဗာလီ၊ ဒီအခန်းထဲမှာ ကိုယ်နဲ့ ပတ်သက်တဲ့ အချစ်ဇာတ်သမ်းဟောင်းတွေ မရှိခဲ့ပါဘူး၊ မင်း အဲဒီလိုထင်နေရင် ပြောတာလေ'

'ကျွန်မက အဲဒီလိုပဲ ထင်လိုက်တာ၊ အားနာပါတယ်ရှင်၊ ရှင့်ကို ဘာမှ သွေ့ဝတ်ပြုရလာမရှိ'

'ကိုယ်မှာ ပါပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူယူလာသည့်အထုပ်ကို ဖြေလိုက်၏။ အထဲမှ ရေခဲစိမ် ရှန်ပိန်တစ်ပုလင်းနှင့် သေသပ်လှပစွာ ထုပ်ထားသည့် ဖန်ခွက်နှစ်လုံးကို ထုတ်ယူသည်။ ဖန်ခွက်များကို ထုပ်ထားသည့် စက္ကူတွင် 'တီဖန်နီ' ကုန်တိုက် အမှတ်တံဆိပ်ပါကြောင်း ဘက်ဗာလီ သတိထားမိသည်။ သည်ကုန်တိုက်ကြီးက သည်လမ်းမကြီးပေါ်မှာ ရှိတာပဲတဲ့ ခပ်မြုံးမြုံး တွေးမိ၏။ သည်ကုန်တိုက်ကြီးတ ငါနဲ့ အိမ်နားနီးချင်း ကုန်တိုက်ကြီးပေါ့။

'အိမ်တက်မင်္ဂလာ လက်ဆောင်လေးတစ်ခု လိုမယ်လို့ ကိုယ် စဉ်းစားမိတာနဲ့'

ဘက်ဗာလီ၏ သဘောတူညီချက်ကို စောင့်မနေဘဲ ရှန်ပိန်ပုလင်းကို ဖွင့်သည်။ ရိုးတံရှည် ဖန်ခွက်နှစ်ခွက်ထဲသို့ ရှန်ပိန်ငှဲ့ထည့်သည်။

'ပေးစရာလက်ဆောင်တွေ အများကြီးထဲက ပထမဆုံး လက်ဆောင်ပေါ့၊ ထားတယ်လို့ မင်းက ခွင့်ပြုမယ်ဆိုရင်ပေါ့လေ'

'အသာ၊ ကျွန်မတို့ ခုကတည်းက ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောထားကြမှ ဖြစ်မယ်ထင်တယ်'

'နေပါဦးကွယ်၊ လောလောဆယ်ကြီး မပြောပါနဲ့ဦး၊ ပထမဦးဆုံး ကိုယ်တို့ ဒီအခန်းအတွက် အမှတ်တရ သောက်ကြရအောင်ပါ'

ထို့နောက် လေးမြတ်စွာဖြင့် ဘက်ဗာလီကို ဖန်ခွက်တစ်လုံး လှမ်းပေးသည်။ သူ့ ဖန်ခွက်ကို မြှောက်လိုက်သည်။



'မင်းရဲ့ ဘဝသစ်အတွက် ဘက်ဗာလီ၊ မင်းရဲ့ အိမ်သစ်အတွက်၊ နောက်ပြီး မင်းရဲ့ ပျော်ရွှင် ချမ်းမြေ့မှုအတွက်'

သူက ဘက်ဗာလီ ဖန်ခွက်နှင့် ထိခတ်လိုက်၏။ ပြီးတော့ ရှန်ပိန်ကို တစ်ခေါ့ကြီး မော့ချသည်။ ဘက်ဗာလီလည်း သူ့ လိုပင် လိုက်မော့သည်။ ဘက်ဗာလီသည် အာသာနှင့် နောက်ဆုံးအကြိမ် နေ့လယ်စာအတူ စားခဲ့သည့်နောက်ပိုင်း ရှန်ပိန်နှင့် ဝေးနေသည်။ သည့်အရင်ကတော့ ပါရီမှာ သောက်ခဲ့ရသည်။ အာသာနှင့်ပဲပေါ့။

ရှန်ပိန်ကို တမြုံ့မြုံ့ စုပ်ယူရင်း အမှတ်တရ ဖြစ်ရပ်တွေ ခေါင်းထဲ ပြန်ပေါ်လာသည်။ သူက အာသာကို တည့်တည့်ကြီး စိုက်ကြည့်နေမိ၏။ အာသာ၏ အဇ္ဈတ္တကို တွေ့မြင်နေရ၏။ မိမိအနားမှာ သူ ရှိနေလျှင် မိမိရင်ထဲတွင် ရမ္မက်ဆန္ဒနှင့် လိပ်ပြာမသန့်မှုများ ရောထွေးယှက်တင် ပေါက်ဖွားလာလေ့ရှိသည့် ဩဇာတိက္ကမ ကြီးလှသော သန်းကြွယ် သေဌေးကြီးတစ်ဦးလို မမြင်မိတော့။

ယခု မိမိ မြင်တွေ့နေရသည့် အာသာမှာ တခြားလူတစ်ဦး ဖြစ်နေသည်။

မိမိအား ချစ်ကြင် မြတ်နိုးသော ခန့်ခန့် ချောချော လူတစ်ယောက်၊ မိမိ၏ အကျိုးကို ဆောင်ရွက်ပေးဖို့ အစဉ်စဉ် နှလုံးသွင်းထားသူ၊ မိမိအား လေးစား တန်ဖိုးထားသူ၊ မိမိအား လိုချင် တပ်မက်နေသူ၊ သို့တိုင် မိမိ ချမှတ်ထားသည့် စည်းကမ်းဘောင်များကို ကျူးကျော် ချိုးဖောက်ဖို့ အားမထုတ်ခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



ယခု မီမီရှေ့မှာ ရပ်နေသူကား ညစဉ်တစ်နပ် ဝယ်ကျွေးပြီး ရင်းစားကြေးအဖြစ် အခမဲ့ အနမ်းများ နမ်းဖို့ ကြိုးစားနေသည့် ကောင်လေး တစ်ယောက် မဟုတ်။ သည်လူကား မီမီအား မြတ်နိုး ကိုးကွယ်ပြီး နေ့စက်ဆုံးကျတော့ ကိုယ်စိတ်ချမ်းသာရေး တစ်ခုတည်း ကိုငဲ့ပြီး ဆုံးဖြတ်ချက်များ ချသွားသော အက်ဒ်လိုလူစား ပင် မဟုတ်။

ကြည့်စမ်း၊ မှောင်ရိပ်ဖျိုးဖျ ညနေခင်းမှာ မီမီရှေ့တွင် ရပ်နေသည့် အာသာ၊ သည်လိုလူစားမျိုးကို မီမီတစ်ကြိမ် တစ်ခါမှ မကြုံတွေ့ခဲ့ဖူး။ သည်လိုလူမျိုး နောက်ထပ် တွေ့ကြုံရဖို့ မလွယ်လှကြောင်းလည်း ဘက်ဗာလီ ကောင်းကောင်း သိသည်။

ခပ်ရှမ်းရှမ်း ခပ်တေတေ လူစားလား။

ဟုတ်သည်၊ ဘယ်သူသေသေ ငါတော့မာလျှင် ပြီးရော ဆိုသည့် လူစားမျိုး။

ဒါကို ဘက်ဗာလီ တစ်ချက်တလေးမျှ သံသယမရှိခဲ့။

သို့သော် ဘက်ဗာလီ အတော့ပေါက်သည်။ အက်ဒ် နှင့်အာသာက ထော်တော်ကြီးကို အသွင်တူသည်။ နှစ်ယောက်လုံး ဒါဆိုဒါမှ ဆိုသည့် လူစားတွေ။ သူတို့ နှစ်ယောက်စလုံး သူတို့နှင့် ဆက်ဆံသူများအပေါ် ညှာတာတတ်သည်၊ ကြင်နာတတ်သည်၊ သို့သော် သူတို့နှစ်ယောက်စလုံးပင် သူတို့ လိုချင်တာကို ရအောင် ယူတတ်ကြသည်။ တရားတာ မတရားတာ ထည့်မတွက်။



နေ့စက်ဆုံးတော့ အရှိတရားကို ရင်ဆိုင်ရတော့မည်။ ဒါကို ဘက်ဗာလီ သိနေသည်။ သူက မီးလင်းဖိုတောင် ပေါ် တင်ထားသည့် သူ့ပိုက်ဆံအိတ် ရှိရာသို့ လျှောက် သွားသည်။

'ရှင် ဖန်ခွက်နှစ်လုံးတည်းပဲ ယူလာခဲ့တယ်နော်'

သူတို့ နှစ်ယောက်ကြားမှာရှိသည့် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

'ဒါဘယ်လို ဂျွန်မနဲ့အတူ အက်ဒ်ပါ ရှိနေရင် ရှင် လုပ်ပုံက ခွကျမနေဘူးလား'

'မကျပါဘူး၊ ကိုယ်က မင်းတို့ နှစ်ယောက်ကို လက်ဆောင် ပေးလိုက်မှာပေါ့၊ ပြီးတော့ တံခါးပေါက်က အကျော့သား ပြန်ထွက်သွားမှာပေါ့'

'အပြီးအပိုင် ထွက်သွားမှာလား'

'ဘယ်ဟုတ်လိမ့်မလဲ၊ မင်းလွှတ်လပ်တဲ့ အချိန်အထိ ပေါ့၊ ခုလဲ မင်းလွှတ်လပ်နေပြီ မဟုတ်လား'

ဘက်ဗာလီ သူ့ကို ကျောပေးထား၏။ မီမီတစ်နေ့လုံး ခံစားနေရသည့် ခံစားချက်ကို သူက စကားတစ်ခွန်း တည်းဖြင့် ဖော်ထုတ်လိုက်ပြီ။ သည်စကားလုံးကို မီမီ သုံးဖို့ ဝန်လေး နေခဲ့သည်လေ။

'ဟုတ်တယ်၊ ဂျွန်မ လွှတ်လပ်နေတယ်၊ အက်ဒ် စိန့်လူစီကိုသွားတယ်၊ အလုပ်က အဲဒီမှာမှ ရှိတယ်လေ'

'မင်းကတော့ ဒီမှာနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက မေးခွန်းမဟုတ်၊ ကြော်ငြာချက်တစ်ခု၊

'ဟုတ်တယ်၊ ကျွန်မတို့ကွာရှင်းတာ ဘာညာ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ မဟုတ်သေးဘူး၊ ကျွန်မတို့ရဲ့ ရှေ့ရေး အစီအစဉ်တွေက ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာ မသိနိုင်သေးဘူးလေ၊ သူ့အလုပ်က တည်မြဲမှု ရှိမရှိ ခဏတစ်ဖြုတ်တော့ စောင့်ကြည့်ကြရမှာပေါ့'

ဪ...ငါနှယ် ဒီလိုပဲ ပြောရသလား၊ တော်တော်ချာတူးသန့်တဲ့ ငါပါလား၊ အိမ်ငှား စာချုပ်မှာ သုံးနှစ်ငှားဖို့ လက်မှတ်ထိုးထားတာကို သူမသိဘဲ နေပါ့မလား၊

'အဲဒီတော့ မင်းအနေအထားက ဘယ်လိုလဲ၊ တစ်ယောက်ကိုတစ်ယောက် ကြိုးရှည်ရှည်နဲ့ လံထားကြတာလား၊ ဒါမှမဟုတ် မင်းတကယ်ပဲ နှောင်ကြိုးမဲ့ သွားပြီလား'

ဘက်ဗာလီ ကိုယ့် လက်သူကြွယ်ပေါ်မှ လက်စွပ်ကလေးကို ငုံ့ကြည့်လိုက်သည်၊ လွန်ခဲ့သည့် လေးနှစ်က အက်ဒ် စွပ်ပေးခဲ့သည့် လက်စွပ်ကလေး၊ အာသာအား ကျောပေးထားလျက်ကပင် လက်စွပ်ကလေးကို အသာအယာ ချွတ်သည်၊ ပြီးတော့ ပိုက်ဆံအိတ်ထဲ ပစ်ထည့်လိုက်၏၊

'မိမိသည် မိမိဘဝကို အသစ်စတော့မည်ဆိုလျှင် မိမိ စွန့်ပစ်ရမည်မှာ အိမ်သူ (ရိုဘော့ဂမျှသာမက ပါကလား၊



'ကျွန်မကတော့ နှောင်ကြိုးပြတ်သွားပြီ ထင်တာပဲ အာသာ၊ အပြီးအပိုင် ပြတ်သွားတာ'

အာသာ့ဘက် လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်၏၊ လက်ထဲမှ ဖန်ခွက်ကို ကမ်းပေးသည်၊

'အရသာရှိလှတဲ့ အဲဒီ ရှန့်ပိန်ကလေး နည်းနည်း သပ်ရနိုင်ဦးမလားဟင်'

အာသာ ငှဲ့ထည့်ပေး၏၊ ပြီးတော့ သူ့ဖန်ခွက်နှင့် ပုလင်းကို သေသေချာချာ အောက်ချပြီး ဘက်ဗာလီ၏ ပခုံးနှစ်ဖက်ကို ကိုင်လိုက်၏၊

'မကြောက်ပါနဲ့ကွယ်'

သူ့အသံ နူးညံ့နေ၏၊

'ဒီလို ဖြစ်သွားတဲ့အတွက် အနေအထားတွေ ပြောင်းသွားနိုင်ပါဘူး၊ မင်းက ပြောင်းချင်တဲ့ ဆန္ဒမရှိဘဲ ပြောင်းနိုင်ပါဘူး'

'ဒါပေမယ့် ကျွန်မက ပြောင်းလဲချင်တာ'

ဘက်ဗာလီ သူ့မျက်လုံးများကို စိုက်ကြည့်ဝံ့လာသည်၊ သူ့မျက်လုံးတွေ မိမိ မြင်ဖူးသည်ထက် ပိုပြီး နက်မှောင်နေသည်၊ နောက်ပြီး မိမိကိုယ်ခန္ဓာနှင့် တင်းတင်းကျပ်ကျပ် ပူးကပ်ထားသည့် သူ့ခန္ဓာကိုယ်က သန်မာကျစ်လျစ်နေသည်၊ ရမ္မက်ဆန္ဒများဖြင့် ကြွနေသည်၊

'မင်းကို လိုချင်တယ်'

လေသံမျှော့ကလေးဖြင့် ပြော၏၊

'မင်းကို ခုပဲ လိုချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ နှုတ်ခမ်းကို မွှတ်သိပ်စွာ နမ်းလိုက်၏။ အမျိုးသမီး၏ ကိုယ်ခန္ဓာကို အားသာ ဆန္ဒပြင်းပြစွာဖြင့် ထွေးယူ ပွေ့ဖက်ထားသည်။

သည်လို ဖြစ်လာလိမ့်မည်ဆိုတာကို ဘက်ဗားလီ ကြိုပြီး သိနေသည်။ သည်အခန်းကို ယူဖို့ ဆုံးဖြတ်လိုက်ကတည်းက တစ်ချိန်မဟုတ် တစ်ချိန် သည်လို ဖြစ်လာလိမ့်မည် ဆိုတာ ဘက်ဗားလီ တွက်ဆထားသည်။ သို့သော် ခုလောက် မြန်မြန် ဆန်ဆန်ကြီးတော့ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။

ခုတော့ မိမိသည်လည်း အသက်ရှူခြင်း အမှုကို ရပ်တန့်ခြင်း မပြုနိုင်သလို သူ့ဆန္ဒကို ငြင်းဆန်နိုင်စွမ်း မရှိတော့။ စင်စစ် မိမိကိုယ်တိုင်ကလည်း ငြင်းဆန်ခြင်း မပြုလိုတာပါလေ။

* * *

မြောက်ဘက် တစ်မိုင်လောက်ကွာသော နေရာတွင်မူ ရှယ်က သူ့အခန်းရှိရာသို့ ဝင်လာသည်။ ရှယ်မှာ တစ်နေ့လုံး တစ်ချက်ကလေးမျှ မအားရ။ ဆေးရုံတွင် လူမှု



ဝန်ထမ်း အလုပ်တစ်ခုကို စိတ်မပါ လက်မပါ လုပ်နေခဲ့ရသည်။ သူသည် စာအုပ်တွေထောင်ထားသည့် လက်တွန်းလှည်းကို တွန်းပြီး လူနာတွေဆီသို့ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်သွားနေခဲ့ရသည်။ သို့သော် စိတ်က အလုပ်ထဲမှာ မရှိ။

သူ စဉ်းစားနေသည်မှာ ဘက်ဗားလီ အကြောင်း။ ဘက်ဗားလီ၏ အနာဂတ်ဘဝ ဘယ်လိုလဲဆိုတာ အတွေးကြွယ်နေမိ၏။ တစ်နေ့က တယ်လီဖုန်းဖြင့် ခဏလေး စကားပြောပြီးကတည်းက ပြဿနာတစ်ခုတော့ အကြီးအကျယ် ပေါ်နေပြီဆိုတာ ရှယ် သိခဲ့သည်။

ဘက်ဗားလီထံ ထပ်ပြီး တယ်လီဖုန်းဆက်ရေး မဆက်ရေးကို ချီတုံချတုံ ဖြစ်နေသည်။ သို့သော် ခုလောက်ဆို အက်ဒ်သည် ခရီးသွားရာမှ ပြန်ရောက်နေလောက်ပြီ။ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် နေချင်ကြပေလိမ့်မည်။

မိမိနှင့် ဂျော့ဖရီတုန်းကလည်း သည်လိုပဲ မဟုတ်လား ဟု ကြေကွဲစွာ တွေးမိ၏။ ဂျော့ဖရီက ဖခင်ကောင်း တစ်ယောက်ဖြစ်သည့်တိုင် ခရီးထွက်ရာမှ ပြန်လာလျှင် မိမိနှင့် နှစ်ကိုယ်တည်း အချိန်ယူလိုသည့် ဆန္ဒရှိခဲ့သည်။ သည်အချိန်မျိုးကို မိမိတို့ နှစ်ယောက်စလုံး လိုအပ်ခဲ့သည် မဟုတ်လား။ သည်လို နေထိုင်ရခြင်းသည် မိမိတို့၏ အိမ်ထောင်ရေးကို ပိုမို ခိုင်မြဲစေသည်။ တစ်ယောက်ကို တစ်ယောက် ပိုပြီး ချစ်ကြိုက် ယုယခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဪ.... ခုတော့ မိမိတို့ နှစ်ယောက်အတွက် သည်အချိန် ဆည်းသမယမျိုးတွေ ဘယ်သောအခါမှ ပြန်ရနိုင်တော့မည် မဟုတ်ပါတကား။

မိမိ မျှော်လင့်ထားသလို အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေရမည့်အစား ဧည့်ခန်းထဲမှ ကြည်နူး မြူးပျော်စွာ ရယ်မောသံများကို ကြားလိုက်ရ၏။ ဂျော့ဖရီအသက် ထင်ရှား ရှိနေစဉ်တုန်းကလိုပါပဲလား။

ရှယ် စင်္ကြံလမ်းမှ ဧည့်ခန်းဆီသို့ ခပ်သုတ်သုတ်လျှောက်သွားလိုက်၏။ ကြမ်းပေါ်တွင် လူးလိမ့်နေသည်မှာ သူ့သားသုံးယောက်နပမ်းလုံးနေကြသလို သူတို့နှင့်အတူ လုံးထွေးနေသူမှာ အက်ဒီ။ လေးယောက်စလုံး မျက်နှာတွေ နီမြန်းလျက်၊ တဟားဟား ရယ်မောလျက်။

သားတော်မောင်တွေ သည်လို ရယ်မောရွှင်ပျ ဖြစ်နေတာကို မမြင်ရတာ ကြာခဲ့ပြီ။ သူသည် ဧည့်ခန်းထဲသို့ပင် မဝင်ဝံ့။ တွန့်ဆုတ်နေသည်။ မိမိ ဝင်သွားလျှင် သူတို့၏ ရယ်ပွဲကြီး ပျက်စီးသွားမည်လား စိုးရိမ်နေသည်။

လုံးထွေးနေရာမှ မော့ကြည့်လိုက်သော ဖိလစ်က တံခါးဝတွင် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသော သူ့ကို မြင်သွားသည်။

'ဟော.... မေမေ၊ ဒီမှာကြည့်စမ်း၊ ဦးလေး အက်ဒီ ရောက်နေတယ် မေမေရဲ့'

အော်ဟစ်ပြီး အုပ်စုထဲမှ ရုန်းထွက်ကာ ရှယ်ကို ပြေးဖက်သည်။



'နောက်ပြီး ဦးလေးအက်ဒီ ရတဲ့ အလုပ်က နည်းတဲ့ အလုပ်ကြီး မဟုတ်ဘူးတဲ့ မေမေရ၊ သူက စိန့်လူစီဆိုတဲ့ နေရာကိုသွားပြီး လေယာဉ်ပျံကြီး တွေနဲ့ လုပ်ရမှာတဲ့'

ရှယ်က အသံဗလံတွေ ပွက်ပွက်ညံနေသည့် ကြားမှ အက်ဒီကို ကျေးဇူးတင်စွာ လှမ်းကြည့်သည်။ မိမိ၏ သားလေးများအပေါ် ကြင်နာခဲ့သည့် အက်ဒီ။ အထူးသဖြင့် ဖိလစ်ကို မှုမှန်ဘဝ ပြန်ရောက်အောင် လုပ်ပေးခဲ့သည့် အက်။ သည်ကျေးဇူးကို မိမိ ဘယ်တော့မှမမေ့။ သူ့ကျေးဇူးကို ဆပ်နိုင်စရာ လမ်းပင်မရှိ။

သူသည် ဖခင်သေဆုံးမှုအတွက် စိတ်ခြောက်ချားနေသော၊ လေယာဉ်ပျံတွေကို ကြောက်လန့်နေသော ကလေးငယ် တစ်ယောက်အား၊ သည်လေယာဉ်ပျံတွေ အကြောင်း ရယ်မော ရွှင်ပျပြောဆိုကာ ဦးလေးအက်ဒီ၏ အလုပ်ကိုပင် မနာလို အားကျသယောင် ပြောဆိုနိုင်အောင် ပြုပြင် ပေးခဲ့သည် မဟုတ်လား။ သို့သော် သူ့အလုပ်က နယူးယောက်မှာ ဖြစ်သင့်သည် မဟုတ်လား။ နယူးယောက်မှာဆို ဘယ်လောက် ကောင်းလိုက်မလဲ။

ရှယ်၏ မျက်နှာပေါ်မှ တစ်စုံတစ်ရာက အက်ဒီအား တည်ငြိမ်သွားစေ၏။ သူက ရှယ်၏ သားတွေနှင့် ဆုတ်ဆိုင်းဆိုင်း လူချင်းခွဲလိုက်သည်။ ပြီးတော့ မတ်တတ်ထရပ်သည်။

'ကဲ.... အပေါင်းအသင်းတို့၊ မင်းတို့ ညနေစာ စားချိန် ရောက်ပြီထင်တယ် ကွ'

www.burmeseclassic.com

www.burmeseclassic.com



သူ့ ကြေငြာချက်တွေကို ချာတိတ်တွေက စောဒက တက်ကြသည်။ ထို့နောက် သူက ချာတိတ်သုံးယောက်ကို တံခါးဝမှာ ရပ်စောင့်နေသည့် အိမ်ဖော် အမျိုးသမီး အယ်လ်မာ၏ လက်ထဲ အပ်လိုက်သည်။

'လာကြ လာကြ မင်းတို့ အယ်လ်မာလို မိန်းမလှလေး တစ်ယောက်ကို ဒီလို ရပ်စောင့်ခိုင်း မနေသင့်ဘူးကွ'

အယ်လ်မာ ရှက်သွေး ဖြာသွားသည်။ သူက အက်ဒ် ရောက်နေလျှင် ရှက်ကိုးရှက်ကန်း ဖြစ်နေကျ။ ရှက်တတ်သော အယ်လ်မာကို ယော့ဇဗေ ရွာမှာ မွေးခဲ့သည်။

'ဦးမပြန်ခင် မင်းတို့ကို လာနှုတ်ဆက်ဦး မှာပကွ'

ဆတ်ကန် ဆတ်ကန် လုပ်နေသည့် ချာတိတ် သုံးယောက်ကို အက်ဒ်က ကတိ ပေးလိုက်သည်။

'အက်ဒ်၊ ရှင်ပြောတာလား.... စိန့်လူစီမှာ အလုပ်သွားလုပ်ရမယ်ဆိုတာ'

အက်ဒ် ခေါင်းညိတ်လိုက်သည်။

'အစီအစဉ်တွေက တစ်မျိုးပြောင်းကုန်ပြီရှယ်၊ အဲဒီကုမ္ပဏီအတွက် ကျွန်တော် ဒီမှာ ဘာမှ လုပ်စရာမရှိဘူး။ အဲဒီမှာဆိုရင် ကျွန်တော် လုပ်ပေးနိုင်တာတွေ အများကြီး'

'အဲဒါကို ဘက်ဗာလီက ဘယ်လို သဘောထားသလဲ'

အက်ဒ် စကား ဆွံ့နေ၏။

'ရှယ်.... ကျွန်တော်တို့ နှစ်ယောက် ရေစက် ကုန်ပြီထင်တာပဲ'

'အို၊ ဘယ်ဟုတ်မလဲ'



ရှယ်အသံတိုးတိတ်လွန်းသဖြင့် အက်ဒ် ကြားပုံပေါ်မရ။

'လုံးဝ ပြန်ပေါင်းလို့ မရအောင် ဖြစ်ချင်မှလဲ ဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်က အဲဒီလို မျှော်လင့်ထားတယ်၊ ဒါပေမယ့်.... ပြောရရင်... ဆယ်ရေး တစ်ရေး ကိုးရေးဆစ်ရာပါ၊ ဒီအလုပ် ချောချောမွေ့မွေ့ လည်ပတ်နိုင်အောင် ကျွန်တော် ကြိုးစားဖို့ လိုအပ်လာပြီလေ။

'ဆိုပါစို့၊ နောက် ခြောက်လလောက် အကြာမှာ အဲဒီကိုသူလာဖို့ ခေါ်နိုင်လိမ့်မယ် ထင်တယ်၊ အဲဒီမှာ အခြေချမယ်ဆိုရင် ကျွန်တော်တို့ ဘဝ ဘယ်လိုနေမလဲ ဆိုတာ သူလေ့လာ အကဲခတ် နိုင်အောင်ပေါ့'

အက်ဒ် လေးလံစွာ သက်ပြင်းချလိုက်၏။

'သူက ရှင်နဲ့မလိုက်နိုင်ဘူးလို့ ငြင်းလို့လားဟင်'

'အင်း၊ ကျွန်တော်လဲ ဒီကိစ္စကို ကျွန်တော် အောင်ပွဲ အလီလီရလာခဲ့တဲ့ ယောကျ်ားမာယာ မျိုးစုံသုံးပြီး စည်းရုံးခဲ့တာပါ၊ သူ့ကိုကြိုပြီးတောင် အသိမပေးခဲ့ဘူး၊ သူ့ကို မေးမနေဘူး၊ သူ့ကိုပြင်ဆင်ခွင့်မပေးဘူး၊ သွားကြရမယ်ဆိုတဲ့ ရာဇသံမျိုးပဲပေးခဲ့တယ်၊ ဒါပေမယ့် ရှယ်ရေ.... ဘက်ဗာလီက ဒီလိုပြောလိုက်ရုံနဲ့ ရတဲ့မိန်းမလေး မျိုးမှ မဟုတ်တာ'

အို....ဟုတ်ပါတယ်အက်ဒ်ရယ်ဟု ရှယ်တွေး၏။ သူဟာ ရှင့်ကို အားမနာ အပြည့် ရှိစေချင်ခဲ့ပါတယ်၊ ဆုံးဖြတ်ချက်တွေကို ဦးဆောင်ပြီး ချစေချင်ခဲ့ပါတယ်၊ သူလိုလား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ အဲ့ဒါပါ၊ သူလိုအပ်နေတာ အဲဒါပါ၊ ရှင်နဲ့ အိမ်ထောင်စကျကတည်းကပါ၊

'ရှင်ဘယ်တော့ သွားရမှာလဲ ဟင်၊ တကယ်လို့များ သူ့ကို အချိန် နည်းနည်းပေး လိုက်ရင်....'

ရှသ်၏စကားကို အက်ဒ်က ပြုံးစားကြီး ဖြတ်ပြော လိုက်၏။

'ကျွန်တော် ဒီညပဲသွားမှာ၊ ကျွန်တော် သူ့ကို ဒီတစ်ပတ်ကုန်မှ သွားမယ်လို့ ပြောထားတယ်၊ ဒါပေမယ့် ရှသ်၊ ကျွန်တော် ခင်ဗျားကို အမှန်အတိုင်း ဝန်ခံတော့မယ်၊ ကျွန်တော် အဲဒီလောက်ကြာကြာကြီး စောင့်နေရင် အဲဒီအကြောင်းစဉ်းစားနေရင်၊ သူပြောကိုယ်ပြောစကားတွေ နားထောင်နေမယ်ဆိုရင်၊ အဲဒီမှာ ခင်ဗျားကော၊ မေခမကော၊ အင်း....ကျွန်တော် စည်းရုံးနိုင်လို့ ဘက်ဗာလီနဲ့ပါ စကားပြောဖြစ်မယ်ဆိုရင် ကျွန်တော် တင်းထားတဲ့ စိတ်တွေ ပြန်ပြီး ဗုန်းဗုန်းလဲ ပြိုကျသွားမှာ ကြောက်နေမိတယ်၊ အဆင်ပြေတာလုပ်၊ ဒီမှာနေ၊ အလုပ်တစ်ခုခု ကြိုးစားရှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို ကျွန်တော် ချစ်တာကိုး၊ ကျွန်တော့်ရင်ထဲကတော့ သူ့ကို ထာဝစဉ် ချစ်နေမှာပါ'

ရှသ် ထိုင်နေသည့် ညောင်စောင်းပေါ် ဝင်ထိုင် လိုက်၏။

'တစ်ခုပဲရှိတယ်၊ ဒီတစ်ခါတော့ ကျွန်တော် အဲဒီလို အဖြစ်မခံနိုင်တော့ဘူး ရှသ်၊ အဲဒါကို လက်ခံလိုက်မယ်



ဆိုရင် ကျွန်တော် ဘာဖြစ်သွားမယ်ဆိုတာကို ကျွန်တော် သိနေတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ဒါမျိုး ဖြစ်တာတွေ ကြုံခဲ့ရပြီလေ၊ အဲဒီလိုထပ်ဖြစ်မှာ ကျွန်တော် ကြောက်နေတယ်'

'အက်ဒ်၊ ရှင်ကလေ...ကြောက်နေတယ် တုတ်လှား'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော် သိတယ်၊ ပျော်ပျော်နေ သေခဲ့ အက်ဒ်လေး၊ ဘယ်သူမှ ဘဝတစ်လျှောက်လုံး အဲဒီလို မနေနိုင်တာပဲ ရှိတယ်၊ စိတ်မချမ်းမသာ ဖြစ်ရတာ ဘယ်လိုနေလဲဆိုတာ ခင်ဗျားကို ကျွန်တော် စာဖွဲ့ပြနေဖို့ မလိုဘူး ရှသ်၊ ခင်ဗျားဆို ထိုက်သင့်တာထက် ပိုပြီး ခံစားခဲ့ရတဲ့ သူ၊ အဲ....ကျွန်တော်လဲ အဲဒီဘဝမျိုးကို ရောက်နေပြီ၊ ကျွန်တော် ဒီမှာ ကြာကြာ ဆက်နေရင် နေမြင့်လေ အရှုံးရင့်လေ ဖြစ်မှာ ကြောက်နေတယ်ဗျာ'

မတ်တတ် ရပ်လိုက်၏။ စိတ်ကို အစိုးမရစွာ အခန်းထဲ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။

'ကျွန်တော်နဲ့ ဒီမြို့တော်ကြီးနဲ့ မအပ်စပ်ဘူး၊ ကျွန်တော် သိတယ်၊ တခြားသူတွေ ထိပ်တန်းတင် အလေးထားတဲ့ အရာတွေကို ကျွန်တော်က စာရင်းထဲမထည့်ဘူး၊ ကျွန်တော်က သူတို့လို မနေချင်ဘူး၊ သူတို့လိုမပြောချင်ဘူး၊ သူတို့နဲ့လဲ အတူမနေချင်ဘူးလေ။

'ကျွန်တော်က ဒီထက်ရိုးစင်းတဲ့ ဘဝမျိုးကို လိုချင်တယ်၊ ကျွန်တော့်အတွက်၊ ကျွန်တော့် မိသားစုအတွက် အချိန်ပေးနိုင်ရမယ်၊ တိမ်ထုထဲမှာ ကြွတက်နေတဲ့ ဗိမ်ာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းကြီးနဲ့ နေရတာမျိုး၊ ကော်ပိုရေးရှင်းကြီးတစ်ခုမှာ ဥက္ကဋ္ဌရာထူး ရတာမျိုး၊ မြို့ထဲမှာ ရှိရှိသမျှ ဟိုတယ်တွေက စားပွဲထိုးချုပ်တွေက နေရာထိုင်ခင်း အကောင်းဆုံး စားပွဲကို လိုက်ပို့ပေး ခံရတာမျိုးတွေကို ကျွန်တော် တပ်မက်စရာတွေလို့ မထင်ဘူးလေ'

'ဂျော့ဖရီလဲ ဒီသဘောမျိုး ရှိခဲ့တာပဲ'

'ဒါပေမယ့် အဲဒါတွေရအောင် သူ အသည်းအသန် ကြိုးစားခဲ့တယ်လေ'

'တလေးတွေအတွက်၊ ကျွန်မအတွက်ပါ၊ သူက ကျွန်မတို့ စိတ်ချမ်းသာစေချင်တယ်၊ ဘဝ အာမခံချက် ရှိစေချင်တယ်'

'တကယ်လို့ ကျွန်တော့်မှာ သူ့မိသားစုလို မိသားစုမျိုး ရှိခဲ့ရင် ကျွန်တော်လဲ သူ့လို အတွေးဝင်မိမှာပါပဲ'

စကားရပ်လိုက်၏၊ နှုတ်ခမ်းများ တင်းတင်းစေ့ပြီး မဲ့ပြုံး ပြုံးနေသည်။

'မဟုတ်သေးဘူး၊ ဒါက ကိုယ့်ကိုကိုယ် သနားပြီး တအီအီ ငိုနေတာမျိုး၊ ဒါကို အကြောင်းပြုပြီး ကိုယ့်ကိုကိုယ်လျှောက်လွဲချက် ထုတ်မနေတော့ဘူး၊ ကျွန်တော် ဒီညမသွားမဖြစ် သွားကို သွားရမယ့် အကြောင်း အရင်းတွေထဲက အကြောင်းတစ်ခုကတော့ ကျွန်တော် ဒီမှာထပ်ပြီး ထောင်ချောက်မိနေမှာ ကြောက်တာပဲ ရှယ်။'

'ကျွန်တော်ဟာ ကိုယ့်အကြောင်းကိုယ် သိပ်သိလွန်းနေတာလဲ ဖြစ်မယ်၊ တစ်ခါ တစ်ခါများဆို အသက်ရှူ



ခရသလို မွန်းကျပ်နေမိတယ်၊ လူတိုင်းက ကျွန်တော့်အပေါ် ညှာတာလွန်း၊ အကြင်နာ ပိုလွန်းနေတာကြောင့်လဲ ဖြစ်နိုင်တယ်၊ အဲဒီဘဝမျိုးမှာ နေရတာ ဘာနဲ့တူလဲဆိုတော့ ဝါဂွမ်းပုံကြီးထဲမှာ မြုပ်နေသလိုပဲ'

'အက်ဒ်၊ ရှင်တို့ ရေခက်ကုန်သွားပြီ ဆိုတာတော့ ကျွန်မ လက်မခံနိုင်ဘူး၊ ရှင့်ကို တက်ဗာလီ တယ်လောက်ချစ်တယ်ဆိုတာ ကျွန်မ သိတာပေါ့၊ ပိုပြီး အရေးကြီးတာက သူ့ဘဝမှာ ရှင်မရှိလို့ မဖြစ်ဘူး၊ သူ့ဘာသာသူ သိထားတာထက်ကို ရှင့်ကို သူ လိုအပ်နေတယ်ဆိုတာ ကျွန်မသိနေတယ်၊ ရှင်ကယဉ်ကျေးတဲ့၊ ဖြောင့်မတ်တဲ့ လူကောင်းတစ်ယောက်ပဲ'

ရှယ်က မိမိ ဖတ်ထားရသည့် သတင်းစာထဲမှ အသင်းအဖျင်း သတင်းအကြောင်း တစ်ဖြုတ်မျှ စဉ်းစားမိ၏၊ အက်ဒ်ဟာ သည်သတင်းကိုတွေ့ပြီး နေပြီလားဟု စေစကြောမိသည်။

'နယူးယောက် တစ်မြို့လုံးမှာ ရှင်လိုလူစား များများစားစား သူရှာတွေ့မှာ မဟုတ်ပါဘူး'

'ကျေးဇူးတင်ပါတယ် ရှယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ကရုဏာစကားတွေ အမြဲခံထိုက်တဲ့လူ မဟုတ်ပါဘူး'

ရှယ် ကြားဖြတ် မပြောဖြစ်အောင် လက်ကာပြသည်။

'မပြောနဲ့၊ နားထောင်ဦး၊ ကျွန်တော်ဟာ ၈ လပိုင်းရေ ၁၃ ကတည်းက တက်ဗာလီကို လိမ်ခဲ့တယ်ဆိုတာ ခင်ဗျား

www.burmeseclassic.com



သိလား၊ ကျွန်တော် လေကြောင်း ကုမ္ပဏီ တစ်ခုမှာ အရာရှိတစ်ဦးအဖြစ် အမှုထမ်းနေတယ်လို့ ကျွန်တော် ပြောခဲ့တယ်၊ ဒါပေမယ့် မဟုတ်ဘူး၊ ကျွန်တော်က လေယာဉ်မောင်း လုပ်နေတာလေ။

ဒီတော့ ခင်ဗျား ဘာသိလဲ ရှယ်၊ လေယာဉ်မောင်း လုပ်နေရတာကို ကျွန်တော်က ပျော်နေတာ၊ အဲဒီလို လူစားတစ်ယောက်ကို ဘက်ဗာလီဘယ်နည်းနဲ့မှ ချစ်မိမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေတယ်လေ၊ ဒီတော့ သူ့ရဲ့ ပထမဦးဆုံးအကြိမ် စ တွေ့တွေ့ချင်းပဲ ကျွန်တော် လိမ်ပြောခဲ့တယ်’

သည်လို ဖွင့်ဟဝန်ခံချက်မျိုး ပြောဖို့ သူ တွယ်လောက်များ နာကြည်း ရှက်ရွံ့လိုက်မလဲနော်ဟု ရှယ် တွေး၏။

‘ဘက်ဗာလီက ဆည်လောက်ကို သိပ် ဂရုစိုက်မှာ မဟုတ်ပါဘူး’

သို့သော် သည်စကားကို ပြောလိုက်ရသည့်တိုင် မိမိ မှုသားပြောနေမိမှန်း ဘာသာသိသည်၊ မိမိ မုသားသုံး နေတာကို အက်ဒ်လည်း သိနေကြောင်း ရိပ်စားမိသည်။

‘သူနဲ့ ချိန်းတွေ့ရုံ တွေ့တဲ့ လူတစ်ယောက်ဆိုရင် ဟုတ်ချင်ဟုတ်မယ်၊စိတ်ကစားပြီး ခဏတစ်ဖြုတ် ချစ်မိတဲ့ လူတစ်ယောက်ဆိုရင် တုတ်ချင် ဟုတ်မယ်၊ ဒါပေမယ့် အိမ်ထောင်ဖက်အဖြစ် ရွေးတဲ့အဆင့်ထိလေးတစ်ဆက်လုံး စဉ်းစားမှာ မဟုတ်ဘူး။



‘ဘက်ဗာလီနဲ့ အပ်စပ်တာက တခြား တမ္ဘာတစ်ခု ရှယ်၊ သူနဲ့ ဒီမြို့တော်ကြီးနဲ့ အပ်စပ်တယ်၊ ဒီရာစုနှစ် တစ်လျှောက်မှာ သီးသီးခြားခြား ဒီခေတ်၊ ဒီအချိန်နဲ့ သူနဲ့ အပ်စပ်တယ်၊ ကျွန်တော်နဲ့ မအပ်စပ်ဘူး၊ နေ့စက်ပြီး ကျွန်တော်တို့ချင်း ညှိလို့ မရတာတော ကျွန်တော်က အဲဒီလို အပ်စပ်ချင်စိတ်ကို မရှိခဲ့ဘူး။

‘ဒီတော့.... ကျွန်တော် ဝေးရာကို ပြေးတော့မယ်၊ ...နေက အထုပ်အပိုးပြင်ပြီး အထုပ်အပိုးတွေကို စလွယ်ဆိပ် ...ထားခဲ့တယ်၊ ခု ဒီကိုလာတာ နှုတ်ဆက်စကား ပြော...၊ ခင်ဗျားတို့ မိသားစုကို နှုတ်မဆက်ခဲ့ဘဲနဲ့ ကျွန်တော် ...သွားနိုင်ဘူးလေ’

‘ဒါဆို ဘက်ဗာလီ မသိသေးဘူးပေါ့’

‘စာလေးတစ်စောင် ရေးပေးခဲ့တယ်’

အက်ဒ် ရှေ့တိုးလာသည်။ သူ့ မျက်လုံးများက ရှယ်၏ ...ျက်လုံးများကို စိုက်ကြည့်လျက်။

‘ရှယ်၊ တဆိတ်လောက် ကျွန်တော့်ကိုယ်စား သူ့ကို ...ဂရုစိုက်ပေးပါလားဟင်၊ ခင်ဗျားဟာ သူ့ရဲ့ အရင်း...ဆုံးနဲ့ အကြာဆုံး တွဲလာတဲ့ သူငယ်ချင်းကောင်း ...ယောက်ပဲ၊ ခင်ဗျားစကားကို သူ နားထောင်မှာပါ၊ ...မပိုင်းမှာတော့ နည်းနည်းပါးပါး ကြေကွဲ...ဝမ်းနည်း...မှာ...၊ ဒါပေမယ့် သူ နားထောင်မှာပါ’

သူ့မျက်လုံးတွေ ကြေကွဲရိပ် ထင်နေပြီ...

www.burmeseclassic.com

www.burmeseclassic.com



(‘သူ့ကို အသည်းမာနေတဲ့ အသက်မွေးဝမ်းကျောင်း ပညာရှင် မိန်းမတစ်ယောက် ဘဝမျိုးနဲ့ အရိုး မထုတ် စေချင်ဘူး၊ ကျွန်တော့်အစ်မ မာရီယံလို အချိန်စို ယောကျ်ားတစ်ယောက်နဲ့ တွဲနေရတဲ့ ဘဝမျိုး မရောက် စေချင်ဘူး၊ ဘယ်သူမှ အဲဒီဘဝမျိုးနဲ့ မနေထိုက်ပါဘူး ဘက်ဗလီက လမ်းသွားရင်တောင် ခလုတ်တိုက်တတ် မိန်းကလေးမျိုး မဟုတ်ဘူး၊ တကယ်လို့ သူ့ခေါင်းထဲမှာ သူ့အလုပ်ရယ်၊ အဆင့်အတန်း မြင့်မြင့် နေနိုင်ရေးရယ် ဆိုတာတွေထက် အရေးကြီးတာတွေ ရှိပါသေးကလား လို့ တွေးတော လက်ခံမလာရင်.... သူ အနေနဲ့အမြဲ ခလုတ်တိုက်ပြီး ခြေမ ကွဲနေတော့မယ်)

ရှယ် ပြုံးဖို့ အားထုတ်၏၊ သို့သော် ထိုသို့ ပြုံး အောင် အားထုတ်ရတာ ဘယ်လောက် စိတ်ပင်ပန်း သည်ကို အက်ဒ် မြင်သာနေကြောင်း သူ သိသည်၊

‘အက်ဒ်၊ ရှင့်ဟာက နည်းနည်းလေး.... ဆန့် လွန်းရာ မရောက်ဘူးလား၊ ရှင်တို့နှစ်ယောက် ယောက်ကို တစ်ယောက် ချစ်ကြတယ်ဆိုရင်၊ နေ့ ရှင့် အလုပ်သစ်ကလဲ အောင်မြင်တယ်ဆိုရင်.... နေ ခြေကျလလေလက်ဆို အခြေအနေတွေ ပြောင်းကုန် ပါတယ်၊ အဲဒီအခါကျ ကုန်တိုက်နဲ့ ပတ်သက်တဲ့၊ နှ ယောက်နဲ့ ပတ်သက်တဲ့ သူ့အမြင်တွေ ပြောင်း ပြောင်းကုန်မှာပေါ့၊ သူက မိသားစုတစ်စု လိုချင်တာ

သူ လိုချင်တယ်ဆိုတာ ကျွန်မ သိတာပေါ့၊ မိန်းမသားတိုင်း လိုချင်ကြတာပဲရှင်’

‘မရမနေ့မဟုတ်ကြဘူး ရှယ်၊ မိန်းမတိုင်းတွေ ခင်ဗျားနဲ့ တူဘူးလေ’

အက်ဒ် ရပ်နေသည့်မှာ ရှယ်နှင့် အနီးဘေး၊ သူ့ကို သိမ်းကိုင် ထွေးပွေ့ထားလို့ရအောင် နီးကပ်သည်၊ မိမိ ကြာ မကြာ ဂျော့ဖရီကို ထွေးပွေ့ နှစ်သိမ့်ခဲ့သလိုပေါ့၊ ဂျော့ဖရီ ပြင်ပကမ္ဘာတွင် လုပ်ငန်းကိုင်ငန်း အဆင်မပြေ ဖြစ်လာသည့်အခါမျိုး၊ သူ ဦးတည် ချမှတ် ထားသည့် ညီမှန်းချက်ပန်းတိုင်များသို့ မရောက်နိုင် သေးသလို ဖြစ်လာသည့်အခါမျိုး.... သည်လို အခါမျိုးတွေတွင် မိမိ သည် ဂျော့ဖရီကို ရင်ခွင်ထဲသွင်းပြီး ပိုက်ဖြား ယုယ ထားပေးခဲ့သည် မဟုတ်လား။

ယခုလည်း အက်ဒ်ကို သည်သို့ပင် ပိုက်ထွေး ယုယ ထိုက်ချင်သည်၊ သို့သော် မိမိ သူ့ကို မတို့နိုင်၊ မထိနိုင်၊ ဘယ်သောအခါမှ ပွေ့ဖက်မည် မဟုတ်၊ ဘယ်သော အခါမှ ထွေးပိုက်မည် မဟုတ်၊ ကြင်နာမှုကို ပြသသည့် အနေဖြင့်ပင် ပွေ့ဖက်လိမ့်မည် မဟုတ်၊ ဘာကြောင့်ဆို သူ့ကို ပိုင်ဆိုင်သူမှာ ဘက်ဗလီ မဟုတ်လား။

‘သားတို့ကတော့ ရှင့်ကို လွမ်းနေကြတော့မှာပဲ အက်ဒ် အဘွားသဖြင့် ဖိလစ်သေ၊ နေ့ရက်ပြီး....ကျွန်မပြော

ဤကား မိမိရင်ထဲမှ ခံစားချက်ကို အနီးစပ်ဆုံး ဖြစ် အောင် စွန့်စားဝံ့သလောက် စွန့်စားပြီး ပြောလိုက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဪ.... အက်ဒ်တစ်ယောက် စိတ်ဆင်းရဲပြီး စိတ်ခေတ်ကျနေပါကလား ဆိုတာလောက်ကလွဲပြီး မိမိ ဘာမ ဝင်မခံစားနိုင်ဟု ရှည် ကိုယ့်ကိုကိုယ် မခမခ ထန်ထ သတိပေးနေရသည်။ မိမိ၏ နှစ်ပေါင်းများစွာ အတွေ့အကြုံများအရ သည်လို ကိစ္စမျိုးတွင် ယောကျ်ားတွေက မိန်းကလေးတွေထက် ပိုပြီး နာကြည်း ကြေကွဲတတ်ကြ သည်ကို သိထားသည်လေ။

'ကျွန်တော်လဲ ခင်ဗျားတို့ကို သတိရနေမှာပါ ရှည် ဂျော့ဟာ ကျွန်တော် အရင်းအနှီးဆုံး သူငယ်ချင်းပါ ပြောရမှာ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ဒါပေမယ့် ကျွန်တော့် ရင်ထဲမှာ ခင်ဗျားကိုတော့ ဘက်ဗစလီကိုပ စွန့်ပစ်သွားရသလို ခံစားနေရတယ်'

'ကျွန်မတို့ နှစ်ယောက်စလုံးက ရှင့်ကို စိတ်ချမ်းသာ စေချင်ပါတယ် အက်ဒ်'

ရှည် သတိထားပြီး ပြောသည်။

'အဲဒါတော့ ကျွန်မသိတယ်၊ တကယ်လို့ ဒီလိုလုပ် ရှင် စိတ်ချမ်းသာမယ်ဆိုရင် ရှင့်အတွက် ကျွန်မတို့က ဒါကို လိုလားရမှာပေါ့'

'ကျေးဇူးတင်ပါတယ် ရှည်ရယ်'

ခါးကိုင်းပြီးရှည်ပါးတစ်ဖက်ကိုညင်သာစွာနမ်းသည်

'ကိုယ့်ကိုကိုယ် ဂရုစိုက်နော်၊ ကဲ.... ချာတိတ်တွေက သွားနှုတ်ဆက်ဦးမှ ထင်တယ်၊ ကျွန်တော့် လေယာဉ်က ခုနစ်နာရီခွဲ ထွက်မှာ'



အခန်းထဲမှ လှစ်ခနဲ ထွက်သွားသည်။ ရှည် သူ့နောက်မှ လိုက်သွားဖို့ အားမထုတ်၊ မလှုပ်၊

ရှင် ပြန်လာမှာ မဟုတ်တော့ပါဘူး၊ ခုတော့ အားလုံး တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ကြပြီ၊ ဒါကို မိမိကလည်း ဘာမှ ဝင်ထိန်းမပေးနိုင်၊ ဘာမှ မတတ်နိုင်၊

ထိုနေရာမှာပင် တောင့်တောင့်ကြီး ရပ်နေမိ၏၊ မလှုပ်မယှက်၊

မိနစ်ပေါင်း တော်တော် ကြာသွားသည်၊ တံခါးပိတ်သံကိုတော့ မကြားလိုက်ရ၊ သို့သော် မိမိ သိလိုက်ပါသည်၊ သူ အခန်းထဲမှ ထွက်သွားပြီဖြစ်ကြောင်း။

* * *

ဘက်ဗစလီ ကိုယ့်အခန်းကို ကိုယ် ပြန်ရောက်တော့ ညခုနစ်နာရီ ထိုးခါနီးနေပြီ၊ အာသာက သူ့ကို ကားဖြင့် လိုက်ပို့သည်၊ လမ်းတစ်လျှောက်လုံး နှုတ်ဆိတ်စွာ လိုက်ပါလာကြသည်။ ရှေ့ခန်းမှရှိနေသည့် ယာဉ်မောင်း ရှေ့တွင် စကားမပြောချင်ကြ၊ ယာဉ်မောင်းနှင့် သူတို့ကြားမှာ မှန်ချပ်ကြီး ကာထားသည့်တိုင် ပြောချင်စိတ်မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ကားစီးလာစဉ် အတွင်း အာသာက ဘက်ဗာလီ လက်ကို ဆုပ်ကိုင် ထားသည်၊ သို့ပေမယ့် လမ်းဖြတ် အနည်းငယ် ကျော်လာသောအခါ ဘက်ဗာလီက ပိုက်ဆံ အိတ်ထဲမှ သော့ကို ရှာယောင်ပြုကာ အသာအယာရုန်း ထွက်လိုက်သည်။

အာသာက နောက်ထပ် ထပ်ကိုင်ဖို့ မကြိုးစား၊ ဘက် ဗာလီ မျက်နှာကိုသာ ခဏမျှ စူးစမ်းစွာ ကြည့်သည်။

ဘက်ဗာလီ အိမ်ရှေ့ရောက်တော့ အာသာ ကားထဲမှ မဆင်း။ ယာဉ်မောင်းဖြစ်သူကိုသာ ဘက်ဗာလီ အတွက် တံခါး ဖွင့်ပေးစေသည်။

'ဒီည ညစာ ထွက်စားမလား'

'ကျေးဇူးပဲ၊ ကောင်းသားပဲ'

'ကိုယ် လာခေါ်ရမလား'

'လာမခေါ်တာ ကောင်းပါတယ်'

'ဒါဆို ငှက်ကြီးဝန်ပို ကလပ်ကိုလာခဲ့လေ၊ ရှစ်နာရီ ပေါ့'

'သိပ် ကောင်းတာပေါ့'

ဘက်ဗာလီ သူ့လက်ကို စိတ်နေစက်ကိုယ်ပါ လှမ်း ကိုင်လိုက်၏၊ စောစောက အိမ်ခန်းသစ်မှာတုန်း ကလိုပင် သူ့လက်သည် နွေးထွေးဆဲ၊ သန်မာဆဲ၊ တစ်ခုပဲရှိသည်။ သူ့ကြည့်ရတာ စိမ်းနေသယောင်၊ ဧည့်ခံပွဲမှာ တွေ့ဆုံ သိကျွမ်းရသည့် သူစိမ်း တစ်ယောက်လို အကြင်နာထား ပြီး ကားဖြင့် အိမ်လိုက်ပို့သည့် ပုံစံမျိုး။ မိမိ အတွေး



တွေ မျက်နှာပေါ်တွင် အရိပ်ထင်သွားမှာ စိုးရိမ်စိတ် ဖြင့် ဘက်ဗာလီ ကားပေါ်မှ တာမန်း [illegible] ဆင်းသည်၊ ပြီးတော့ အိမ်ထဲသို့ ခပ်သွက်သွက် ဝင်ခဲ့သည်။

အပေါ်ထပ်သို့တက်ရင်း စောစောက အခန်းသစ်မှာ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကို ပြန်စဉ်းစားကြည့် သည်။

သည်လူကား မိမိလိုလား တောင့်တသမျှ အရာရာ ပြည့်စုံသူ၊ သန်မာသည်၊ ရမ္မက်ကြီးသည်၊ စိတ်ရှည်သည်၊ နောက်ပိုင်းကျမှသာ ခပ်ခွာခွာ ဖြစ်သွားပုံရသည်၊ မိမိ သည် အက်ဒ်နှင့်တစ်ခါမှသည်လို ခပ်ခွာခွာ မဖြစ်ခဲ့ဖူး။

အခန်းထဲဝင်လိုက်တော့ တဒင်္ဂအားဖြင့် အံ့အားသင့် သွားသည်၊ အခန်းမှာ မှောင်နှင့်မဲမဲ၊ တာလာဟင်းလင်း စားပွဲပေါ်တင်ထားသည့်စာအိတ်ကလေးကို မတွေ့သေး ဘဲ ဟောင်းလောင်း ဖြစ်နေသည့် နံရံကပ် ဗီရိုများကို ကြည့်ပြီး အက်ဒ် ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိလိုက် ၏။

ညနေခင်းတစ်ချိန်က သူ့ပစ္စည်းများကို လာသိမ်း သွားတာဖြစ်မည်၊ ဘာဆိုဘာမှ ချန်မထားခဲ့၊ သုံးလက်စ မှတ်ဆိတ်ရိတ် ဆပ်ပြာရည်ဘူး တစ်ဝက် တစ်ပြက်ကိုပင် မထားခဲ့။

ဘက်ဗာလီ စာအိတ် ကလေးကို ကောက်ယူပြီး ဖွင့် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့ ဘက်ဗဒလီ၊

ကိုယ် ဒီတစ်ပတ်ကုန်ထိ ရှိနေဦးမယ်လို့ ပြောထားတာ ကိုယ်သိပါတယ်။ ဒါပေမယ့် အားမထားလောက်တဲ့ ကိုယ့် ချွတ်ယွင်းချက်တွေထဲမှာ စကားမတည်တဲ့ ပြစ်ချက်တစ်ချက်သာ ထပ်ဖြည့် လိုက်ပါတော့ ကလေးရေ။ တကယ်လို့ မင်း ကိုယ်နဲ့ ဆက်သွယ်ဖို့ လိုအပ်တယ်ဆိုရင် ကိုယ် အလုပ်လုပ်နေတဲ့ နေရာရဲ့ လိပ်စာ မေမေ့မှာရှိတယ်။ ကိုယ်တို့ချင်း ဒီလို ပုံစံမျိုးကြီးနဲ့ ခွဲခွာ မသွားချင်ပါဘူးကွယ်။ ဒါပေမယ့် ကိုယ်တို့မှာလည်း နောက်ထပ် ပြောစရာတွေ မရှိတော့ဘူး ထင်လို့ပါ။ ယုတ်စွအဆုံး၊ ခုချိန်မှာမရှိသေးဘူး ထင်ပါတယ်။ တကယ်လို့များ ပြောစရာရှိနေရင်လည်း ကိုယ် စိန့်လူဝီကို သွားမယ့် အမေရိကန်လေကြောင်းခရီးစဉ်ကို စီးမှာ ခုနစ်နာရီခွဲမှာ လေယာဉ်ထွက်မယ်။ မင်းကိုယ့်ကို လေဆိပ်မှာ အော်ခေါ်နိုင်းလို့ ရတာပဲပေါ့။

ဒါပေမယ့် မင်းဆက်သွယ်မယ် မထင်ပါဘူး။ မင်းဆက်သွယ်ဖို့ ကောင်းတယ်လို့တောင် ကိုယ် အတွေးမဝင်သင့်ဘူးလေ။ အချိန်တန်လို့ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပါပြီ ဆိုတဲ့အကြောင်း သက်သေထူပြနိုင်တဲ့ အခါကျရင်သာ မင်းဆီကို ပြန်ပြေးလာခွင့်ပေးပါ။ မင်းကို ရင်ခွင်ထဲ သွင်းပြီး ကိုယ်တို့ နှစ်



ယောက်မျှဝ ခံစားနိုင်မယ့် ဘဝတစ်ခုကို ထူထောင်ပြီ ခေါ်သွားခွင့်ပြုပါကွယ်။

အဲဒီအချိန် မရောက်သေးမီတော့...အချစ်များစွာနဲ့ပဲ ခွဲခွာခွင့်ပေးပါ မောင့် ရွှေမင်းသမီးလေးရယ်။

ထာဝရ

အက်ဒီ

ဘက်ဗာလီ အလိုအလျောက် ဆိုသလို တိုင်ကပ်နာရီကို မော့ကြည့်လိုက်မိ၏။

မိမိအိမ်ကို စောစော ပြန်ရောက်လိမ့်မည်ဟု မေမေ မျှော်လင့်ထားပုံရသည်။ ကုန်တိုက် ပိတ်ပြီး ချိန်မှာပေါ့။ မိမိသာ အိမ်ခန်းသစ်ရှိရာသို့ မသွားခဲ့လျှင် မောင် မျှော်လင့်ထားသလို စောစော ပြန်ရောက်လာမည်သာ။

မေမေ့ဆီ တယ်လီဖုန်း လှမ်းဆက်မည်ဆို ခုနေဆက်လို့ရသေးသည်၊ အချိန်မီသေးသည်။ သို့ပေမယ့် မေမေ ပြောတာ မှန်သည်၊ မိမိဆက်မည်မဟုတ်။

မေမေ့စာကို ဒုတိယ တစ်ခေါက် ထပ်ဖတ်သည်။

မိမိ မျက်လုံးတွေမှာ မျက်ရည်တွေ ရှိနေထင့်တာပေါ့။ မိမိတို့ နှစ်ယောက်ကြားမှာ ရှိနေသည့် သံယောဇဉ်တွေအတွက် မျက်ရည်တွေလေ။ မိမိတို့ သတ္တိ[illegible]မြောက်စွာ၊ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝသစ်တစ်ခုကို ထူထောင်ခဲ့ကြပြီး နောက်ဆုံး သည်ဘဝသည် မိမိလက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ စာရွက်ပိုင်းကလေးဘဝသို့ လျှောကျခဲ့ရသည့် အဘွက် မျက်ရည်တွေလေ။

သို့သော် မိမိ မျက်ဝန်းများမှာ မျက်ရည်မရှိ၊ မျက်ရည်ကျလာသည်ကို ခံစားရ၊ သည်စာကလေးကို ဖွင့်ပစ်နိုင်အောင် အားသုတ်ရမည်၊ ခုတော့ မပစ်ရက်သေး။ သည်ည မပစ်ချင်သေး၊ စာရွက်ကလေးကို အဝတ်ဗီရို အံဆွဲထဲတွင် တရိုတသေ သိမ်းထားလိုက်၏။ မိမိ၏ လက်ကိုင်ပဝါများ အောက်မှာ၊

အားတင်းပြီး ယက်ပြင်းတစ်ချက် ရှိုက်ရှိုက်၏၊ ပြီးတော့ နာရီကို မော့ကြည့် လိုက်ပြန်သည်၊

ခု ချိန်လောက်ဆို မောင့် လေယာဉ် ထွက်သွားလောက်ပြီ၊

အာသာနှင့် ချိန်းထားသည့်အတိုင်း အချိန် တိတိကျကျ ရောက်ချင်လျှင် မိမိ မြန်မြန်ထက်ထက် သွားမှဖြစ်မည်၊

## (၁၆)

အက်ဒ်ုံထံမှ ထပ်မံသတင်းကြားရတော့ ရှစ်လကြာသွားပြီ။ သူပြောထားသလို ခြောက်လ မဟုတ်။ ကြားရတော့လည်း သူ့ မေဓမမှ တစ်ဆင့်။

ဒီဇင်ဘာလ၏ စနေနေ့ နံနက်ခင်းတစ်ခုတွင် ဂျိန်၊ တယ်လီဖုန်းဆက်သည်၊ ဘက်ဗာလီထံ လာရောက်တွေ့ဆုံလိုကြောင်း မပြောသည်၊ ဘက်ဗာလီက သဘောတူလိုက်သည်၊ ကုန်လွန်သွားသည့် ရက်ပိုင်းများအတွင်း သူတို့နှစ်ယောက် စကား မပြောဖြစ်ကြ။ ယခု စကားပြောခွက်ကို ပြန်ချပြီးသောအခါ ဘက်ဗာလီ ရင်ထဲ မအီမလည် ဖြစ်နေသည်၊

ခင်စစ် သူက ဂျိန်းနှင့် အဆက်အသွယ် မပြတ်နေဖို့ ရည်ရွယ်ထားသည်။ သို့သော် ခုအချိန်တွင် သူတို့နှစ်ယောက်စလုံး ဘာစကားပြောပြော ရှုးမည်မဟုတ်ဆိုတာ သိနေကြသည်၊ အက်ဒ်ဆီကတော့ ဘာသံမှ မကြားခဲ့ရ၊

www.burmeseclassic.com



ထိုနေ့က ဘက်ဗာလီသည် အခန်းထဲတွင် သွက်သွက်လက်လက် လုပ်ရှားနေသည်။ အခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်သည်။ ဖန်ပန်းအိုးတွေထဲ ပန်းများစိုက်သည်။ ဒီဇင်ဘာလဆိုတော့ ပန်းတွေက ဈေးကြီးသည်။ သို့သော် အခန်းကို မိမိမြင်စေချင်သလို ခယကွမကြီး မြင်စေချင်သည်။

ဘက်ဗာလီအခန်းကို ကူညီ အလှပြင်ပေးသူ ဝယ်လ်ဘီကုန်တိုက်တွင် ပြခန်း အလှပြင်သူ ဂယ်ရီဒလော်ဆန်က အမေရိကတွင် ခေတ်စားစ ပြုနေသည့် ဈေးပေါပေါ ရှေးဟောင်း လက်ရာ အတုများကို မသုံးဖို့ တိုက်တွန်းခဲ့သည်။

'ပစ္စည်း အကောင်းစားတွေကိုသာသုံး၊ လောလော ဆယ် မဝယ်နိုင်သေးရင် စောင့်နေလိုက်၊ ရေရှည်ကျ အဲဒါတွေ ဈေးကျလာလိမ့်မယ်'

အခန်း ပြင်ဆင်ရေးအတွက် အာသာကလည်း အကူအညီပေးဖို့ ကမ်းလှမ်းသည်။ ထိုမျှမက ငွေကြေးနှင့် ကူညီခွင့်ပေးဖို့ကိုပါ ပြောသည်။ သို့သော် ဘက်ဗာလီက တင်းတင်းမာမာ ငြင်းသည်။ သူ့အတွက် လန်ဒန်မှ ဝယ်လာခဲ့သည့် ရှေးဟောင်း ကြည့်မှန်လှလှလေးကိုပဲ အိမ်တက်မင်္ဂလာ လက်ဆောင်အဖြစ် လက်သင့်ခံခဲ့၏။ အနုပညာ လက်ရာမြောက်လှသည့် အဆိုပါ ကြည့်မှန်ကလေးကတော့ ဧည့်ခန်း တစ်ခန်းလုံးတွင် အလှပဆုံး၊ အဖိုးတန်ဆုံး ဖြစ်နေသည်။ မီးလင်းဖို ဘေးနံပေါ်မှာ အခန့်သား။



ထည့်နေရာ၊ သည်အခန်းအတွက် တမင် ပုံစံထုတ်ထားသည့်အလား။

အခန်းကို အရောင်လွင်လွင်များဖြင့် ချယ်သထားသည်။ ပြတင်းပေါက်များကို ခန်းဆီးများ အပြည့်တပ်ထားသည်။ သည်တော့ တစ်ခန်းလုံးကို ခြုံကြည့်လျှင် ထင်လွင်နေ၏၊ ကျက်သရေရှိနေ၏။ ဘက်ဗာလီ လောလောဆယ် မဝယ်နိုင်သေးသည့် ပရိဘောဂများ ထားရမည့် နေရာလွတ်များတွင် ဂယ်ရီက သစ်ရွက် လှလှ၊ အပင်လှလှများ စိုက်ထားသည့် ပန်းအိုးများဖြင့် ဖြည့်ပေးထားသည်။

'အခန်းက ကျယ်သင့်သလောက် ကျယ်တယ်ဗျ၊ ဒီတော့ ဒီအပင်တွေ ရှိနေတဲ့အတွက် ခင်ဗျား တောကြီးမျက်မည်းထဲ ရောက်နေသလို မခံစားရဘူး၊ နောက်ပိုင်း ပရိဘောဂတွေ ဝယ်နိုင်တဲ့အခါ ကျတော့လဲ ဒီသစ်ပင်တွေကို ဖယ်ထုတ်ပစ်ရလို့ ခင်ဗျား နှမြောစိတ် မပေါ်တော့ဘူးပေါ့'

ဘက်ဗာလီ အသစ်ကျပ်ချွတ် ဝယ်လိုက်သည့် တစ်ခုတည်းသော ပစ္စည်းမှာ ခုတင်နှင့် မွေ့ရာတစ်စုံ၊ ကျယ်ပြန့်သော ခုတင်၊ သက်တောင့် သက်သာ ရှိသော ခုတင်၊ အမှတ်တရ တမ်းတစရာများကောင်းစွာ အိပ်စက်နိုင်သည့် ခုတင်၊

ဂျိန်းကိုစောင့်မျှော်ရင်း တစ်ကိုယ်တည်း နေမိ၏၊ မိမိဘဝ၏ အပြောင်းအလဲများ၊ ကုန်လွန်ခဲ့သည့်

www.burmeseclassic.com



လပိုင်းများအတွင်း သည်အကြောင်းကိုခုမှ ပထမဦးဆုံး အကြိမ် တွေးမိသည် ထင်သည်။

မိမိ၏ မျက်နှာသွင်ပြင်ကို မီးလင်းဖို ဘေးစင်ပေါ်ရှိ ကြည့်မှန်ကလေးထဲတွင် ဆန်းစစ်ကြည့်သည်။

မိမိ အသွင်ပြောင်းနေပြီလား။

သည်အချက်နှင့် ပတ်သက်ပြီး ဘယ်သူကမှ ထူးထူးခြားခြား မဝေဖန်။ ထင်မြင်ချက်မပေး။ အထူးသဖြင့် မိမိ နေ့စဉ်လို မြင်တွေ့နေရသည့်ရှယ်၊ မိမိ၏မိဘနှစ်ပါး၊ ဆီလ်ဗီယာနှင့် အခြားမိတ်ဆွေများက ဘာမှ မပြောကြ။ မိမိ ချစ်စရာကောင်းသည် ဆိုတာတော့ အစသာအ အမြဲပြောသည်။ နဂိုက ပိန်ပိန်သွယ်သွယ် ဖြစ်သည့် သူ့ခန္ဓာကိုယ်သည် ပေါင်ချိန် အနည်းငယ် ကျသွားသည်။ သို့ကြောင့်လည်း မျက်နှာကျက ပိုပြီး တိတိကျကျဖြစ်လာ၍ ပိုပြီး ထင်းသာခြင်း ဖြစ်မည်။ ဒါမှမဟုတ် မိမိမြင်တွေ့နေရသည့် မျက်နှာသည် ကောင်မလေးတစ်ယောက်၏ မျက်နှာ မဟုတ်တော့ဘဲ အရွယ်ရောက်ပြီး ဖြစ်သည့် အမျိုးသမီးစင်စစ်၏ မျက်နှာ ဖြစ်နေတာကြောင့်လည်း ဖြစ်နိုင်သည်။

သည်နှစ်ကတော့ တက်ကြွလှုပ်ရှားရသော နှစ်။

ဘက်ဗာလီ ဂနာမငြိမ်နိုင်ဘဲ အခန်းထဲတွင် လှည့်ပတ်လှုပ်ရှားရင်း တွေး၏။

မိမိ၏ ပထမဦးဆုံး ပါရီခရီးသည် အကြီးအကျယ် အောင်မြင်ခဲ့သည်။ ယင်းသို့ အောင်မြင်ခြင်းတွင် ဘက်



ဗာလီ၏ စွမ်းဆောင်မှု အပိုင်းကဏ္ဍ အများကြီးပါသည် ဆိုသည်ကို ဆီလ်ဗီယာကော ဘက်ဗာလီပါ သိရှိနားလည်ထားသည်။

'ဝယ်လ်ဘီ' ဆိုသည်မှာ အလွန်မတန် ခမ်းနားဝေဆာပြီး အလွန်မတန် အသက်တန်းကျသည့် ကုန်တိုက်ကြီးအဖြစ် ဂုဏ်သတင်းကြီးသည်။ သက်လတ်ပိုင်း အရွယ်ရှိ အမျိုးသမီးထုကို အားသားသည်။ ဝယ်လ်ဘီသို့ တော်ရုံတန်ရုံ ပိုက်ဆံရှိရုံဖြင့် မချဉ်းကပ်နိုင်။

သို့သော် ဘက်ဗာလီနှင့် ၁၉၅၀ ပြည့်လွန်ခေတ်ဖ ဈေးကွက်သစ်ကို ဖွင့်ခဲ့လိုက်ပြီ။

လူငယ် ဈေးကွက်။

ဟန်၊ အရောင်အသွေးနှင့် အပြောင်းအလဲကို စိတ်ဝင်စားသော ဈေးကွက်။ ဘက်ဗာလီ ကောင်းကောင်းကြီး အထစ်ပေါက်သည့် ဈေးကွက်ဖြစ်၏။

ယခုအခါ ဝယ်လ်ဘီသို့ ဈေးဝယ်လာကြသည့် မိန်းမအများစုမှာ ဘက်ဗာလီနှင့် သက်တူရွယ်တူတွေ။ သူတို့သည် သူတို့မိခင်များက နှစ်စဉ်နှစ်တိုင်း မြတ်မြတ်နိုးနိုး ဝယ်ပေးလေ့ရှိသည့် 'အကောင်းစား ပွဲတော်ဝတ်စုံ' များနှင့်သာ ရောင့်ရဲ မနေနိုင်ကြတော့။ ယခု သူတို့ ဆောင့်တနေသည့် အဝတ်အစားများမှာ သူတို့ ကိုယ်ပေါ်တွင် ချပ်ချပ်ရပ်ရပ် ရှိရမည်။ သူတို့ဝတ်ဆင်သည့် အဝတ်အစားများသည် မိန်းမတစ်ယောက်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို လုံခြုံအောင် ဖုံးကွယ်ပေးရန်သာ မဟုတ်တော့။

www.burmeseclassic.com



သူတို့ ကိုယ်ခန္ဓာပေါ်မှ သဘာဝအလှများကို ပေါ်လွင်လာအောင် ပုံစံထုတ်ထားသည့် အဝတ်အစားများ ဖြစ်ရမည်။

သူတို့သည် အိမ်ထောင်သားမွေးပြုချိန်ကို စောင့်ရင်း အချိန်ဖြုန်းနေသူများ မဟုတ်ကြတော့။ သူတို့က အလုပ်လုပ်နေသူတွေ၊ ဘာကြောင့်ဆို သူတို့မှာ ဦးနှောက်ရှိသည်၊ စွမ်းအင်ရှိသည်၊ ပါရမီရှိသည်၊ သည်အချိန်ကား အမေရိကတွင် လူငယ်ယဉ်ကျေးမှု ခေတ်ဦးဖြစ်၏။ သည်အချက်ကို ဘက်ဗာလီ၏ မသိစိတ်က အလိုအလျောက် သဘောပေါက်နေသည်။ ဖက်ရှင်လောကတွင် ကျင်လည်နေသူ အားလုံးထက်ပင် ပို၍ နားလည် သဘောပေါက်နေခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ဆီလ်ဗီယာနှင့် သူ ပါရီသို့ ဒုတိယအခေါက် သွားခဲ့သည့် နွေရာသီ အဝယ်ခရီးမှာ ဘက်ဗာလီ အတွက် ထပ်ဆင့် အောင်ပွဲရသည့် ခရီး ဖြစ်၏။ သူ ရွေးချယ်ခဲ့သည့်၊ အင်္ကျီများ ဝတ်စုံများကို အမေရိကနိုင်ငံ တစ်ဝန်းလုံးတွင် ပုံတူပွားပြီး ဝတ်ဆင်ကြသည်၊ သို့အတွက် မူရင်း ဒီဇိုင်းများကို ဝယ်ဝတ်သူများက မိမိတို့ နစ်နာသည်ဟု ဆန့်ကျင် ကန့်ကွက်ကြသည်အထိ ဖြစ်ရသည်။

ဂါဝန်ရှည်ကြီးများမှာ ခေတ်မတိမ်သေး၊ လူကြိုက်များဆဲ ရှိသေးသည်။ သို့ဖြစ်သဖြင့် အာသာတို့လို အထည်အလိပ်နှင့် ဒီဇိုင်းထုတ်လုပ်သူများမှာ ချမ်းသာသည်ထက် ပို၍ ချမ်းသာလာခဲ့သည်။



အာသာ။

အာသာကတော့ မိမိကို ဘယ်လိုမြင်သလဲ။ ယခု မှုန်ထဲတွင် ထင်ဟပ်နေသည့် မိမိ၏ ပုံရိပ်သည် အာသာ့ အမြင်မှာ ဘယ်လောက် အခြေအနေအလွဲရှိသည် ထင်သလဲ။

လွန်ခဲ့သည့် ရှစ်လသော ကာလကတော့ မိမိ တစ်သက်တာတွင် ရင်ခုန် လှိုက်မောစရာ အကောင်းဆုံး၊ တက်ကြွလှုပ်ရှားဆုံး၊ နေ့ရက်ပြီး အမှန်အတိုင်း ပြောနိုင်ရလျှင် ပျော်ရွှင်ရဆုံး ကာလများဖြစ်၏။

အာသာဆိုသည့် လူက ဝိုင်အရက်မှသည် အိပ်ရာထဲထိ အရာရာကို နားလည်ကျွမ်းကျင်သူ ဖြစ်၏။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ သမီးရည်းစား ဆက်ဆံရေးမျိုး မဟုတ်။ ထို့အတူ အက်ဒီ၏အစ်မ မာရီယံနှင့် ဟိုဆေတို့၏ ဆက်ဆံရေးမျိုးလည်း မဟုတ်၊ သူတို့နှစ်ဦး၏ ဆက်ဆံရေးတွင် အတည်တကျဆိုတာ မရှိ၊ ပုံသေနည်းဆိုဘာမှမရှိ၊ သတ်မှတ်ချက်ဆိုတာ မရှိ၊ တစ်ပတ်လုံးလုံး တစ်ယောက်နှင့်တစ်ယောက် ထယ်လီဖုန်း ဆက်ဖြစ်ချင်မှ ဆက်ဖြစ်သည်။ ထို့နောက် တစ်ပတ်တွင် လေးညကိုက် တွေ့ဖြစ်ချင် တွေ့ဖြစ်နေသည်။ နှစ်ယောက်အတူ တွဲပြီး ရုပ်ရှင် ကြည့်ကြသည်၊ ပြဇာတ် ကြည့်ကြသည်။ အကောင်းဆုံး စားသောက်ဆိုင်များသို့ သွားကြသည်။ သူတို့ သည်လို တတွဲတွဲ လုပ်နေသည်ကို သတင်းစာဆရာများက စိတ်မဝင်စားတော့

www.burmeseclassic.com

 www.burmeseclassic.com

တော ကြာပြီ၊ သူတို့နှစ်ယောက်အကြောင်း ဆိုတာက 'သတင်းဟောင်း' ဖြစ်နေပြီ မဟုတ်လား။

မိမိထံ မလာသည့်ညများတွင် အာသာသည် အခြား မိန်းမများနှင့် ရှိကောင်း ရှိနေမည်ကို ဘက်ဗာလီ သိသယ် ပုံမို၏။ သို့သော် အံ့သြစရာကောင်းသည်မှာ မိမိ စိတ် ထဲတွင် ဘယ်လိုမှ သဝန်တိုစိတ် မပေါ်ခြင်းပင်။ ထိုသို့ သဝန်တိုစိတ် ကင်းသောကြောင့်လည်း အာသာနှင့် မိမိ အကြိမ်ကြိမ် ရန်ဖြစ်သည့်တိုင် အာသာ မိမိထံ လာမြဲ လာနေခြင်းလည်း ဖြစ်နိုင်သည်။

'လူတိုင်း လူတိုင်းဟာ အပန်းဖြေ အနားယူခွင့် ရှိသင့်တယ်လေ၊ ဒီတော့ မင်း ခွင့်တစ်ပတ်ယူပြီး ဘာမြူဒါ ကို ကိုယ်နဲ့လိုက်ခဲ့ ဒါမှမဟုတ် ဆန်ဖရန့်စစ္စကို ဖြစ်ဖြစ်၊ အိပ်အငူမှာ ရှိတဲ့ စိတ်ဝင်စားစရာ အိမ်လေးကို ဖြစ်ဖြစ် လိုက်ခဲ့ကွာ'

ထိုအခါမျိုးတွင် ဘက်ဗာလီက ဆင်ခြေ အမျိုးမျိုး ပေးပြီး ငြင်းတတ်သည်။ ကုန်တိုက်မှာ အလုပ်တွေ ကျနေ လို့ ဆိုတာက တစ်မျိုး၊ မိမိ၏ မိဘနှစ်ပါး စိတ်ဆင်းရဲ လိမ့်မည်ဆိုတာက တစ်မျိုး၊ မိမိသည် တရားဝင် လင်ရှိ မယား ဘဝမှာပဲ ရှိသေးသည်ဆိုတာက တစ်မျိုး။ ထိုသို့ သော အခါမျိုးတွင် အာသာက တံခါးကို ဝုန်းခနဲ ဒိုင်းခနဲ ပိတ်ပြီး အခန်းထဲမှ ဒေါနှင့် မောနှင့် ထွက်သွား တတ်သည်။ သည်လူ စိတ်မြန်ခြင်း၊ သည်းမခံတတ်ခြင်းကို သည်လူနှင့် စတွေ့ကတည်းက ဘက်ဗာလီ ရိပ်စားမိသည်။



သို့သော် ခုတော့ ဘက်ဗာလီ ဒါတွေကို မမှုတော့။ ရိုးသွားပြီ။

အာသာ ထိုသို့ ဝုန်းဒိုင်း ဝုန်းဒိုင်း ဒေါကြီးမောကြီး ထွက်သွားလျှင် ဘက်ဗာလီ 'အရသာ ရှိလိုက်တာ' ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း ပြုံးပြီး ကျန်ခဲ့တတ်သည်။ သည်သို့ ဖြစ်ရခြင်းမှာ အာသာကို မချစ်လို့ မဟုတ်၊ အာသာကို မတပ်မက်လို့ မဟုတ်၊ သို့သော် အက်ဒ်၏ ခွဲခွာသွားခြင်းက သူ၏ စိတ်လှုပ်ရှားမှုများကို မြုံနေ စေ၏။ ထို့ကြောင့်ပင် မိမိအား ဘယ်ယောကျ်ားကမျှ နှကြည်းအောင် လုပ်နိုင်စွမ်း မရှိတော့ရဟု ဆုံးဖြတ်ထား သည်၊ ဘယ်ယောကျ်ားမျှ မိမိဘဝတွင် မရှိမဖြစ် အဆင့် သို့ မရောက်စေရ၊ ဘယ်ယောကျ်ားမျှ မိမိနှင့် တစ်သား တည်း ဖြစ်ဖို့မလို၊ ဘယ်ယောကျ်ားမျှ အရေးမကြီး။

ထိုအခါ ...

လူငယ်သားတစ်ဦးနှင့် ရင်သွေးများအပေါ် ထားရှိရ မည့် အချစ်များသည် ကုန်တိုက်ဘက်သို့ လှည့်သွား သည်။ အလုပ်လုပ်နေရတာ ပျော်ပြီးပျော်စရာ၊ တက်ကြွစရာ ကောင်းလာသည်။ လုပ်ငန်းခွင်အပေါ် ထားသည့် မိမိ၏ သံယောဇဉ်ကြီးသည် အာသာနှင့် မိမိတို့ကြား တည်ရှိ နေသည့် သံယောဇဉ် ကြီးထက် ပိုပြီး ခိုင်မာကြောင်း သည်း ကိုယ့်ဘာသာကိုယ် သိနေသည်။

အာသာ့ဘက်မှ ကြည့်လျှင်တော့ သူ့ ဘဝသက်တွင် တည်တစ်ခါပဲ ဘက်ဗာလီလို မိန်းမမျိုး တွေ့ဖူးသည်။

www.burmeseclassic.com



သည်မိန်းမက လုပ်ငန်းကိုင်ငန်းအကြောင်း၊ ဆွေးနွေး
ရသည်။ စီးပွားရေးနှင့် ပတ်သက်သလျှင် မိမိကို ဘာ
လို ဆွေးနွေးမျိုး မေးရမည်ဆိုတာ နားလည်သည်။ မိမိ
မေးလျှင်လည်း မိမိပင် မစဉ်းစားမိသော အဖြေမျိုးေ
ပေးတတ်သည်။

အခြားအခြားသော မိန်းမတွေက သူတို့၏ ကိုယ်
ဟောန်းများ၊ သူတို့၏ မျက်နှာများ အကြောင်းလော
သာ စိတ်ဝင်စားတတ် ကြသည်။ သူတို့ ဘယ်သူ
သိသည်၊ သူတို့မိတ်ဆွေတွေ ဘာတွေ လုပ်ကြသည်
တာလောက်ပဲ ပြောတတ်ကြသည်။ ဘက်ဗာလီကတော
အခြားမိန်းမတွေလို ညစာစားဝိုင်းတွင် မိမိတို့ ကလေ
များအကြောင်း ပြောမဆုံးပေါင် တောသုံးထောင် လု
မနေတတ်၊ ဘက်ဗာလီနှင့် ညစာစားရသည်မှာ စိတ်
စားရ ကောင်းသည်၊ ပျော်စရာကောင်းသည်၊ တစ်ခ
တစ်ခါ ရန်ဖြစ်တတ်သည်။ ထို့ကြောင့်လည်း အာသာ
ဘက်ဗာလီကို မဖြတ်နိုင်ခြင်းဖြစ်၏။

ကဲ…ခုတော့ မိမိထံ ဂျိန်း ရောက်လာတော့မည်
ပြောစရာရှိသည်ဟု ဆိုသည်၊ အက်ဒ်ပြောလိုသည့် စကာ
တွေပေါ့။

* * *



'ဟော… အရမ်းလှနေတာပါပဲလား'

'ကျေးဇူးပါ ဂျိန်း'

အဘွားကြီး၏ ကုတ်အင်္ကျီကို လှမ်းယူရင်း ကိုယ့်ကို
ကိုယ် ထိန်းဖို့ အချိန်ယူလိုက်၏၊ ဂျိန်းကိုကြည့်ရတာ မိမိ
မှတ်မိသည်ထက်ပိုပြီး အိုစာသွားသည့်သင်၏၊ သူ့ မျက်
နှာပေါ်တွင် ယခင်က မိမိ မမြင်ခဲ့တွေ့ရသည့် ဇရာ၏
အရေးအကြောင်းများ ထင်ဟပ်နေပြီ။

'သမီးအခန်းက မြင်ကွင်း သိပ်လှပါကလား'

ဂျိန်းက ပြတင်းပေါက်နားမှ ခုံတွင် သွားထိုင်သည်၊
သည်အခန်းသို့ ပထမဦးဆုံးအကြိမ် ရောက်လာသည့်
နည့်သည်တိုင်း သည်နေရာမှာ ထိုင်လေ့ ရှိကြသည်၊

'သမီးရဲ့ အချင်းအခန်းထက် အများကြီး ပိုပြီးနေပျော်
တာပဲ'

'ဟုတ်တယ်ဖေဖေ အိမ်ပြန်လာရတာ စိတ်ချမ်းသာ
စရာကောင်းတာပေါ့'

လက်ဖက်ရည် ခွက်များဖြင့် အလုပ် ရှုပ်နေလိုက်၏၊
မျက်နှာကို ယောက်ျားကြီးထံမှ လွှဲထား၏၊

ပြီး သူ့ကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည်၊
သူ့ အသံတွင် အထီးကျန်ခံရခြင်းနာကလေး စွက်နေမလား
ဟု နားစွင့်သည်၊ သို့သော် သူ့ အသံကို အကဲဖမ်းလို့မရ၊
ဘက်ဗာလီသည် ခုဘဲ့လာ အာသာပါ နှင့် တွေ့
များနေကြောင်း မာရီယံထံမှ ကြားသိရသည်၊ သည်
တော့ သည်လူအကြောင်း ပိုသိရအောင် တတ်နိုင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ် စုံစမ်းကြည့်ခဲ့သည်။ သူတို့နှစ်ဦး တွဲနေသော်လည်း အိမ်ထောင်ပြုသည့် အဆင့်သို့ မရောက်နိုင်ဟု ဂျိန်း ကောက်ချက်ချသည်။ သည်အချက်ကို ဘက်ဗာလီ သိမြင်ပါလေစဟုလည်း တွေးမိသည်။

'မေမေ... အက်ဗ်ဆီက စာတစ်စောင်ရတယ်'

နေသားတကျ ထိုင်ပြီးကြသည်နှင့် ဂျိန်း ထိန်းထိန်းသိမ်းသိမ်း စကားစသည်။

'အဲဒီစာကိုဖတ်ပြီးတော့ မေမေ သူ့ဆီ တယ်လီဖုန်းဆက်လိုက်တယ်၊ သူက မင်းဆီ မေမေသွားပြီး စကားပြောစေချင်တယ်လေ'

'သူ နေကောင်းရဲ့လား'

'ကောင်းမှာပါ၊ သူ စိန့်လူစီမှာ မရှိတော့ဘူးလေ၊ စန်ဒီယေးဂိုးမှာ ရောက်နေတယ်'

ဘက်ဗာလီ သူ့ကို ကြည့်လိုက်၏။

'သူ့အလုပ်က အဆင်မပြေဘူးလား'

'ပြေပါတယ်၊ အဆင်ပြေတာ သိသာပါတယ်၊ ဒါပေမယ့် သမီးရေ...သမီး သိတဲ့အတိုင်း သူက စစ်မှုထမ်းအရန် စာရင်းထဲမှာ ပါနေတယ်လေ၊ ဒီ ကိုးရီးယားပြဿနာ ပေါ်လာတော့ သူ့ကို စစ်မှုထမ်းဖို့ ပြန်ပြီး ဆင့်ခေါ်ကြတယ်လေ'

'ဒါဆို သူ စစ်ထဲ ပြန်ရောက်နေပြီပေါ့'

ဂျိန်း ခေါင်းညိတ်သည်။ မိမိအား အက်ဗ်ပြောပြစဉ်တုန်းကလိုပင် ရင်ထဲ နာလာသည်။ မိမိ၏ သားတစ်



ယောက် ဘစ်သက်တွင် စစ်ထဲ နှစ်ခါ ပြန်ဝင်ရသည့်အတွက် ပူပန်သောက ဖြစ်ရသည်မှာ ရင်နှင့် မမျှပါတကား။

'နေပါဦး၊ သူ့ကို ပင်လယ်ရပ်ခြား လွှတ်ကြဦးမှာလားဟင်'

သည်နေ့တွင် စတင် ပေါ်ပေါက်ခဲ့သည့် ကိုးရီးယားပြဿနာသည် မိမိနှင့် မိုင်ပေါင်း သန်းပေါင်းများစွာ ဝေးကွာသည်ဟုထင်ရသည်။ သည်ပြဿနာကို အက်ဗ်နှင့် ဆက်စပ်ပြီး တစ်ခါမျှ မတွေးခဲ့၊ သည်ပြဿနာသည် မိမိဘဝနှင့် ပတ်သက်နေသူ တစ်ဦးတစ်ယောက်ကိုမှ ထိခိုက်ခြင်း မဖြစ်စေခဲ့။

ယခု ဒီဇင်ဘာ ညနေခင်း တစ်ခုတွင်မှ အိပ်ရာမှ လန့်နိုးလာသူတစ်ဦးပမာ သိလိုက်ကြ၊လိုက်ရသည်မှာ မိမိသည် ကောလိပ်ကျောင်းသား လူငယ်ကလေးများအား စစ်မှုထမ်းဖို့ ဆင့်ခေါ်နေခြင်းကို သတိမထားနိုင်လောက်အောင် အသက်အရွယ် ကြီးရင့်နေပါပကော။ နောက်ပြီး မိမိဘဝနှင့် ဆက်နွယ်နေသည့် အသားနှင့် ရုပ်၏ အပေါင်းအသင်းများမှာ အိမ်ထောင်ရှင်များ ဖြစ်နေသဖြင့် လည်းကောင်း၊ စစ်မှုထမ်းရန် အသက် ကြီးလွန်းနေသဖြင့် လည်းကောင်း ပြန်၍သည် ဆင့်ခေါ်ခြင်း ခံရခြင်းမှ ကင်းလွတ်ခွင့် ရခဲ့ကြသည်ကို မိမိ မသိခဲ့။

'သူ့ကို ဘယ်ပို့မယ်ဆိုတာ သူလည်း မသိသေးဘူး၊ လောလောဆယ်မှာတော့ လေကြောင်း အချက်ပြသမား

www.burmeseclassic.com

www.burmeseclassic.com



တွေ နည်းနေလို့ အနေခက်ခက် ကမ်းခြေ အခြေစိုက်စခန်းမှာ သင်တန်းပေးနေတယ်၊ ဒါပေမယ့် နောက် နှစ်လအတွင်း ဘာဖြစ်မယ်ဆိုတာ ရေရေရာရာ မပြောနိုင်သေးဘူးတဲ့၊ ဒါကြောင့် သူက မေခုမှကို သမီးနဲ့ တွေ့စေချင်တာ’

ဂျိန်း သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

‘သမီးတို့နှစ်ယောက် တရားဝင် ကွာရှင်းလိုက်ကြရင် ကောင်းလိမ့်မယ်လို့ သူ ထင်တယ်လေ’

ဂျိန်း တယ်လီဖုန်းဆက်ကတည်းက သည်စကားကို ကြားရလိမ့်မည်ဆိုတာ မျှော်လင့်ထားပြီးသား။ သို့သော် ဂျိန်းအား စောင့်နေသည့် နာရီပိုင်းများအတွင်း ထိုအတွေးကို ခေါင်းထဲမှ ဖျောက်ထားခဲ့၏။ ခုလိုပြတ်ပြတ်စဲစဲကြီး ဖြစ်သွားသည့်အတွက် ရင်ထဲမှာ ဖြစ်ထွန်းလာသည့် ခံစားချက်များကို အလ.လ. ဆန်းစစ် ကြည့်မနေချင်။

‘သူ တခြား တစ်ယောက် တွေ့နေပြီလား’

ဂျိန်း ပြုံးလိုက်၏။

‘ပြောရတာတော့ ခက်တယ်၊ သူ တွေ့နေတာက မေမေလေ၊ သူက သူ့အသက်အရွယ်ခံစားခွင့်ကို မေမေ ရစေချင်တယ် ဒီမှာ ကျင့်သုံးနေတဲ့ ကြိုးနီစနစ်အရ သူ့ သမီးနဲ့ တရားဝင် လင်မယား ဖြစ်နေသရွေ့ ကာလပတ်လုံး အဲဒီခံစားခွင့်ကို သမီးပဲ အလိုအလျောက် ရနေမှာလေ၊ သမီးကတော့ ကိုယ့်ကိုကိုယ် တာဝန် ယူနိုင်



အနေအထား ရှိတယ်လို့ သူက ပြောတယ်၊ ဒါပေမယ့် သူ စိတ်မဖြောင့်တာက မေမေ့ရဲ့အနာဂတ်ဘဝ အရေးပဲတဲ့’

သဲ့သဲ့မျှ ပြုံးလိုက်၏။

‘မေမေဟာ အသက်အရွယ် သိပ်မငယ်တော့ဘူးလို့ သူ ရုတ်တရက် အတွေးပေါ်လာတယ် ထင်ပါရဲ့ကွယ်’

လက်ကိုင်အိတ်ကို လှမ်းယူသည်။

‘သူ စာချုပ်စာတန်းတွေ ပို့ပေးလိုက်တယ်၊ သမီး အနေနဲ့ လက်မှတ် ထိုးပေးလိုက်ရုံပဲတဲ့ ကွာရှင်းခွင့်ကို သူ ဘာသာသူ တယ်လီဖိုးနီးယားမှာ လျှောက်ယူမယ်တဲ့’

ကြွင်ကြွပ်ရွရွ စာရွက်များကို ဘက်ဗာလီ အကြာကြီး ကိုင်ထားမိ၏။ နောက်ဆုံးတွင်မှ....

‘ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ ကြိုတွက်ထားဖို့ ကောင်းသား’

‘ဘက်ဗာလီ၊ ကွာရှင်းပြတ်စဲတဲ့အထိ သမီး မလိုလားရင် အက်ဒ်က အတင်းအကျပ် တောင်းဆိုမှာ မဟုတ်ပါဘူးကွယ်၊ ဒီ အခမခံကိုစွဲ ရှိနေတာတောင် ပြောမှာ မဟုတ်ပါဘူး သူစဉ်းစားတာက တကယ်လို့ သူ ပင်လယ်ပေါ်ခြားကို သွားရလို့ တစ်ခုခုဖြစ်သွားခဲ့ရင်....မေမေဆိုလို့ တမကလေး၊ သမီးအပေါ်မှာ သူ စိတ်ပြောင်းသွားလို့ မဟုတ်ဘူး၊ သူ စိတ်မပြောင်းပါဘူး၊ တယ်လီဖုန်းထဲက သူ့အသံကို ကြားရတာနဲ့ကို မေမေ တပ်အပ် ပြောနိုင်တယ်’

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးမေမေ၊ ဒီလိုလုပ်တာ လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စပါ'

ကလောင်တံတစ်ချောင်းယူပြီး စာမျက်နှာများပေါ်တွင် မိမိ၏အမည်ကိုရေးချသည်။ စာချုပ်တွေကို ငဲ့စောင်းလို့ပင် မကြည့်၊ မိမိ လက်မှတ်ထိုးရမည့် ကွက်လပ်များကို ခဲတံဖြင့် ဂရုတစိုက် ကြက်ခြေခတ် အမှတ်အသားများ ပြပေးထားသည်။

'သူ…သူကော အဆင်ပြေရဲ့လား၊ မေမေ့ကို ပြောပြသေးလား'

'သူ ပျော်နေပုံရပါတယ် ဘက်ဗာလီ၊ သူ့အလုပ်ကို သူကြိုက်တယ် အဲဒီမှာ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ သိုက်သိုက်ဝန်းဝန်း ဖြစ်နေပုံရတယ်၊ သူ ယူနီဖောင်း ချွတ်ခွင့်ရတာနဲ့ သူ အဲဒီကို ပြန်သွားဖို့ စီစဉ်ထားတယ်၊ ဒါပေမယ့် အဲဒီမှာ သူ့အဖို့ တစ်နေရာ ရှိနေဦးမလား၊ မရှိတော့ဘူးလားဆိုတာတော့မပြောတတ်ဘူးပေါ့ကွယ်'

ရုတ်ချည်းဆိုသလို ဂျိန်း ဣန္ဒြေပျက်သွားသည်။ စိတ်ကို ဆက်တင်းမထားနိုင်တော့၊ ဘက်ဗာလီ မော့ကြည့်လိုက်တော့ ဂျိန်း၏ ပါးပြင်ပေါ်သို့ လိမ့်ဆင်းနေသည့် မျက်ရည်ဥကြီးများကို တွေ့လိုက်ရသည်။

ဩော်….ဂျိန်း၊ ဘယ်တုန်းကမှ မျက်ရည်မကျခဲ့သည့် ဂျိန်း။

'အို…. ဘက်ဗာလီ သမီးရယ်၊ မေမေ ဖြစ်စေချင်တာ ဒါမျိုး မဟုတ်ပါဘူးကွယ်၊ ဒီအဖြစ်မျိုး လုံးဝ မဖြစ်စေ



ချင်ခဲ့ပါဘူး၊ မေမေ ဖြစ်စေချင်တာက သမီးတို့ နှစ်ယောက် ပျော်ရွှင်ချမ်းမြေ့စေချင်တယ်၊ လက်တွဲမဖြုတ်စေချင်ဘူး၊ မိသားစုတစ်စုကို သိုက်သိုက်ဝန်းဝန်း ထူထောင်ကြစေချင်တယ်၊ ခုတော့ ဘယ်တော့မှ ဒီလိုဖြစ်သာမှာ မဟုတ်တော့ဘူး၊ မေမေ ဒီတစ်သက်မှာ မြေး ချီခွင့်ရတော့မှာ မဟုတ်ဘူး'

ဘက်ဗာလီ ဂျိန်း၏ ပခုံးကို သိုင်းဖက်ထားလိုက်၏။ ဂျိန်း၏ ပခုံးလေးတွေ ဦးစွာ ဘယ်လောက်ပိန်နေသည်ကို သတိထားလိုက်မိ၏။ ဩော် … သူ အကျပိုင်းကို ရောက်နေပြီပဲဟု တွေးမိ၏။ သူ့အတွက် အက်ဒ် နောက်ဆံတင်းတယ်ဆိုတာ မှန်တာပေါ့၊ နောက်ဆံတင်းသင့်တာ ပေါ့။

ဂျိန်း တစစ အငိုတိတ်သွားသည်၊ သို့သော် ပွေ့ဖက်ထားသည့် ဘက်ဗာလီ လက်ထဲမှ ခွာထွက်ဖို့အားထုတ် လှုပ်ရှားခြင်း မပြု။

'စိတ်မကောင်းပါဘူး သမီးရယ်၊ မေမေ ဒီလို စိတ် မထိန်းနိုင်လောက်အောင် ဖြစ်သွားလိမ့်မယ် မထင်ဘူး၊ တစ်ခုပဲ ရှိတယ်၊ ဒီကွာရှင်းမှု ကိစ္စကြီးက ပြန်ဆုံဖို့ မဖြစ်နိုင်လောက်အောင် အပြီးအပြတ် သဘောမျိုး ဖြစ်နေလို့ပါကွယ်၊ မေမေလည်း မိခင်တစ်ယောက် အနေနဲ့ ဘာမှ မထိန်းကျောင်းနိုင်ခဲ့ဘူးနော်၊ အက်ဒ်ဆို အသက် သုံးဆယ်တွင်းမှာ၊ အိမ်ထောင်ပျက်ပြီး စစ်ထဲ တန်းခေါက် အပ်ဝင်၊ စစ်ထဲက ထွက်လာလို့မှ ဝမ်းသာအားရ ပြေး-

www.burmeseclassic.com

www.burmeseclassic.com



စားရမယ့်လူ မရှိဘူး၊ မာရီယံဆိုလဲ အိမ်ထောင်ပျက်ပြီးတော့ ဟို အော့နှလုံးနာရော လူနဲ့ ဆက်ရှုပ်နေ…'

ဂိုနီးတစ်ယောက် မိမိသမီးနှင့် ဤဟိုဆေတို့ ကြာမြင့် ကြာရှည် တွဲနေတာကို သိနေပါလားဟု ဘက်ဗာလီ ခုမှ သိလိုက်ရ၏။ သည်ကိစ္စကို မိမိတို့နှစ်ယောက် တစ်ခါမှ မဆွေးနွေးခဲ့ကြဖူး။

'ဒီလူက သူ့ကို လက်ထပ်မှာလဲ မဟုတ်ဘူး၊ သူ့ လွတ်လွတ်လပ်လပ်ရှိနေတောင် လက်မထပ်ပါဘူး၊ ဒါကို မာရီယံက ကိုယ့် အနာဂတ် ဘဝအတွက် စီမံကိန်းချပြီး အားယူ ထူထောင်ရမယ့်အစား အချိန်တွေ အလဟဿ ဖြစ်အောင် ဖြုန်းပစ်နေတယ်လေ'

'သူ့ကြည့်ရတာ ပျော်နေပုံပဲ မေမေရဲ့၊ သူ့မှာ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း ရှိတယ်၊ သူ့ဘဝကို သူ့နည်း သူ့ဟန်နဲ့ လျှောက်နေတယ်'

ပြောသာ ပြောရသည်၊ မိမိ၏ စကားများကို အနှစ်သာရ မဲ့နေသည်ဟု ဘက်ဗာလီ ခံစားရ၏။

'လေးလေးဆယ်မှာတော့ ကောင်းပါတယ်၊ မေမေ ဘယ်တုန်းကမှ အကဲခတ်တာမျိုးတွေ မလုပ်ခဲ့ပါဘူး၊ ဒါပေမယ့် နောက် ငါးနှစ်ကြာသွားတဲ့အခါ ဘာဖြစ်မလဲ၊ ဒါမှမဟုတ် ဆယ်နှစ်ဆိုရင်ကော၊ ဟိုဆေဆိုတဲ့ လူဟာ သူ့အနားမှာ ရှိတော့မှာ မဟုတ်ပါဘူး၊ ဒီလူဟာ သူ့မိန်းမ အပေါ်တောင် သစ္စာမရှိတဲ့နောက် မာရီယံ အပေါ်လဲ သစ္စာရှိလိမ့်မယ်လို့ မယုံမှတ်နိုင်ဘူး၊ မာရီယံ



ထက် ငယ်ရွယ်နုပျိုတဲ့ ကောင်မလေးတွေဆီ သွားမှာပေါ့၊ အဲဒီအခါကျ မာရီယံရဲ့ အညွန့်တက်ဆုံး အချိန်တွေ ကုန်သွားပြီ၊ ဒီကာလတွေကိုလဲ ပြန်မရနိုင်တော့ဘူး မဟုတ်လား'

'မေမေ စိတ်သောက ရောက်နေတယ်ဆိုတာ ကျွန်မ သိပါတယ်မေမေ၊ နောက်ပြီး အက်ဒ်ရဲ့ သတင်းကို ကြားရတော့လဲ တုန်လှုပ်မိတယ်၊ ကျွန်… ကျွန်မ… အဲဒီ အနေအထားတွေ ပြောင်းပစ်နိုင်မယ့် စကားမျိုး ပြောချင်ပါတယ်'

'ဘက်ဗာလီ၊ သမီးတို့နှစ်ယောက် သံယောဇဉ် ပြတ်သွားကြပြီလားဟင်၊ သမီးရဲ့ နှလုံးသားထဲမှာ အဲဒီလိုပဲ ခံစားရလို့လား၊ ဘာဖြစ်လို့လဲဆိုတော့ သမီး ကိုယ့်စိတ်ကိုယ် မနိုင်သေးဘူးဆိုရင် သမီး အက်ဒ်နဲ့ သွားတွေ့လိုက်ပါလားကွယ်၊ အဲဒါဆို အနေအထားတွေ အားလုံး ပြောင်းသွားနိုင်မယ်လို့ မေမေ ထင်လို့ပါ'

'ကျွန်မ မသွားနိုင်ဘူး မေမေ'

သူ အားသာအကြောင်း စဉ်းစားမိသည်၊ နောက် တစ်နာရီလောက်ဆို ရှယ်၏ အရက်ဆိုင်ပါတီသို့ သွားဖို့ မိမိအား လာခေါ်လိမ့်မည်၊ ဂျော့ ကွယ်လွန်ပြီး နောက်ပိုင်း ပထမဆုံးအကြိမ် ပြုလုပ်သော ရှယ်၏ ဧည့်ခံပွဲ သို့သော် ခုလို ငြင်းပယ်လိုက်ခြင်းမှာ အားသာကြောင့် မဟုတ်၊ အက်ဒ်ထံ သွားဖို့ အချိန် လုံလုံလောက်လောက် ရှိအောင် မစီစဉ်နိုင်အောင်လည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒဏ်ရာတွေက ကျက်စပဲ ရှိသေးတယ်ဂျိန်း၊ ယုတ်စွာ အဆုံး ကျွန်မအတွက်ပေါ့လေ၊ အက်ဒ်အတွက်လဲ ဒီလို ဖြစ်လိမ့်မယ် ထင်ပါတယ်၊ ကျွန်မ ထင်တာယ်လေ၊ ကျွန်မ သူ့ကို ထာဝစဉ် ချစ်နေမှာပါ၊ တစ်နည်းတစ်ဖုံ အားဖြင့်ပေါ့၊ ဒါပေမယ့် ကျွန်မတို့ရဲ့ ဘဝဟောင်း ကိုတော့ ပြန်မသွားချင်တော့ဘူး၊ နောက်ပြီး ကိုယ့် အနာဂတ်က ဘာဖြစ်လို့ ဘာဖြစ်မယ်မှန်း မသိရတဲ့ဘဝမှာ နောက်ဆုံး တင်းစရာ မိန်းမတစ်ယောက် ရှိနေဦးမယ်ဆိုရင် အက်ဒ် အပေါ် မတရားလွန်းရာ ကျနေမှာပေါ့'

'သမီးပြောတာ မှန်မှာပါကွယ်'

ဂျိန်း မတ်သာဘသည်၊ စာရွက်စာတမ်းများကို ပိုက်ဆံအိတ်ထဲ ပြန်ထည့်သည်။

'အဲဒါကို မေမေ ဒီမလာခင်ကတည်းက သိနေပါတယ်၊ သမီးတို့ နောက်တစ်ကြိမ်လာရင် ထပ်ကြိုးစား ကြည့်ကြဖို့ မေမေ မပြောရ မနေနိုင်လွန်းလို့သာ ပြောလိုက်မိတယ် ထင်တာပဲ၊ သမီးကိုယ်စား အက်ဒ်ကို မေမေ ဘာပြောရဦးမလဲဟင်'

'အသာအရာရာ အောင်မြင်ပါစေလို့ ကျွန်မက ဆုတောင်းတဲ့ အကြောင်း ပြောပေးပါ။ အစစ အဆင်ပြေလိမ့်မယ်လို့ ယုံကြည် စိတ်ချနေတဲ့ အကြောင်းလဲ ပြောပေးပါ။ ဒီ ကိုရီးယားပြဿနာဟာ တစ်သက်လုံး ဖြစ်နေမှာ မဟုတ်ပါဘူး၊ သူ့ကို ပင်လယ်ရပ်ခြားကို ပို့ချင်မှလဲ ပို့ကြမှာပါ။ ပို့တဲ့တိုင်အောင် သူဘေးမသီရန်မခ ပြန်လာအောင် ကျွန်မ ဆုတောင်းပေး နေမယ့် အကြောင်း ပြောပေးပါ'

'မေမေ ပြောလိုက်ပါမယ်၊ နောက်ပြီး ဘက်ဇာလီ... မေမေတို့ချင်း မကြာမကြာ ဆက်သွယ် နေကြရအောင် ပါနော်'

* *



နေ့ရက် တစ်နာရီ အကြာတွင် ဘက်ဇာလီနှင့် အစ[illegible]တို့ အကြီးအကျယ် စကားများ ရန်ဖြစ်နေကြ၏။ [illegible]တို့နှစ်ယောက် သည်လောက် ကြီးကြီးကျယ်ကျယ် တစ်[illegible] ရန်မဖြစ်ခဲ့ဖူး။

သူတို့ နှစ်ယောက်ကြား ကြမ်းပေါ်တွင် ရှည်မျော[illegible]ကတ်ထူဘူး တစ်ဘူး၊ ဘူးထဲမှ တစ်ပိုင်း တစ်စ[illegible]ကျ နေသည်မှာ စက္ကူပေါ့ဖြင့် ထုပ်ထားသည့် [illegible]နွေးသည့် တစ်ထည်၊ တန်ဖိုးကြီးလှသော ဖျော်မွေးအနွေး[illegible]ည်း အရောင်က အနက်ရောင်၊ ထူထဲသည်၊ တင်မက်[illegible]ကောင်းသည်၊ အသားက သည်အနွေးထည်ဘူးကို

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗလီအား လှမ်းပေးရင်း 'အကြို ခရုစွမ်တ် လ
ဆောင်' ဟုပြောခဲ့သည်။

'သောက်ကျိုးနည်း ဘက်ဗလီ၊ မှတ်းစမ်းပါနဲ့၊ မ
ဟာ ကလေး ပေါက်စလေး မဟုတ်ဘူးကွ၊ သည်အ
ထည် ဖိုးလောက်ကို ကိုယ် ထုတ်နိုင်တယ်ဆိုတာ မင်း
တယ်၊ ဒီတော့ ကိုယ်တမင်းကို ဖူးမွှေးအနွေးထည် ထ
ထည်ပေးချင်တဲ့ ဆန္ဒရှိလို့ ဝယ်ပေးတယ်၊ အဲဒါဘာ
လဲ။ ဘာကိုစွဲ မပေးရမှာလဲ'

သည်တစ်ချီတော့ ဘက်ဗလီ၏ ထိန်းချုပ် နိုင်
တွေ သူ့ထံမှ ထွက်ပြေးသွားပြီး ဂျိန်းနှင့်ပြောခဲ့ရသ
စကားများကြောင့်လား။ ဒါမှမဟုတ် မိမိဘာသည် မ
ယံ ဘဝလို့ တွယ်ရာမဲ့ ဖြစ်လာမည့်အရေးကို တ
ကြောက်နေလို့လား။ မည်သို့ဖြစ်စေ သူ၏ လိမ္မာရေးခြ
ရှိမှုနှင့် စီရိယကြွယ်မှုတွေ သူ့ကို စွန့်ခွာ ထွက်ပြေးသွ
ကုန်ပြီ။

အာသာက သူ့ကို တစ်ခါမျှ မမြင်ဖူး သည့်မိန်
တစ်ယောက်လို ကြောင်ကြည့်နေ၏။ မိမိသည် ဓ
တွင်းသူ လူရိုင်းမှ တစ်ယောက်လို ဖြစ်နေလိမ့်မည်
ဘက်ဗလီ စဉ်းစားမိ၏။ ဘာကြောင့်ဆို မိန်းမ
တိုင်း မက်မောပြီး ဒေါလာထောင်နှင့်ချီ တန်သည့်
မွေး အနွေးထည်ကို မိမိက ငြင်းပယ်နေသည် မဟုတ်လ
ဘက်ဗလီ ကိုယ့်စိတ်ကိုယ် ထိန်းဖို့အသည်းအဆန် အ



ထုတ်သည်။ သို့သော် မိမိ၏ အားထုတ်မှု မအောင်မြင်
မှန်းလည်း သိနေသည်။

'ဒီမယ်အာသာ၊ အဲဒီ လက်ဆောင်မျိုးကို ကျွန်မ
မယူနိုင်ဘူး။ ကျွန်မတို့ဟာ မိတ်ဆွေတွေ.... ထားပါ...
ချစ်ဖော်တွေ၊ ဘာပဲဖြစ်ဖြစ် အချိန်ပိုင်း ချစ်ဖော်တွေ
ပေါ့'

'မင်းစကားက ဘာအဓိပ္ပာယ်လဲဘွ'

သူ့မျက်နှာ အေးစက်နေ၏။

'ဘာအဓိပ္ပာယ်လဲဆိုတာ ရှင်ဧကောင်းကောင်းကြီး သိ
ပါတယ်။ ကျွန်မတို့ လက်ထပ်ထားတာ မဟုတ်ဘူး။ ကျွန်မ
တို့ လက်ထပ်ဖို့လဲ အကြောင်းမရှိဘူး....'

'ကြော်...မင်းလိုချင်တာလား၊ လက်ထပ်ခွင့် တောင်း
စေချင်တာလား။ မင်း ကွာရှင်းပြတ်စဲတဲ့ စာရွက် စာ
တမ်းတွေကို လက်မှတ်ထိုးလိုက်တဲ့ နေ့မှာပဲလေ'

အာသာရောက်လာတော့ မိမိထံ ဂျိန်းလာရောက်တွေ့
ဆုံသည့် အကြောင်း ပြန်ပြောခဲ့၏။ အာသာက သတင်း
ကို အင်းမလုပ် အဲမလုပ် နားထောင်သည်။ မိမိသည်လို
ပြောလိုက်ခြင်းသည် အာသာ နှင့် မိမိ၏ ဆက်ဆံရေး
အနေအထားကို တစ်မျိုးထစ်သည် ဖြစ်အောင် မိမိက
သူ့အား ကျုံးသွင်းသလို ဖြစ်သွားကြောင်း ဘက်ဗလီ
ခုမှစဉ်းစားမိ၏။ ထိုသို့ မိမိ ပြောပြပြီးသည့် နောက်
အာသာက အမှုမဲ့ အမှတ်မဲ့ပင် အနွေးထည်ပေးသည်။
ထိုအခါတွင်မှ နှစ်ယောက်စလုံး၏ ရှင်ထဲတွင် တင်းကျပ်

www.burmeseclassic.com

နေသည့် ခံစားမှုများ ပေါက်ကွဲ ထွက်ကုန် တော့သည်။ ခြောက်သယောင်း နေသည့် သစ်ပင်များ ပေါ်သို့ မိုးကြိုး ပစ်ချ လိုက်သည့်နှယ် ဟုန်းခနဲ မီး ထတောက်တော့၏။

'အမယ်လေး၊ ရှင့်ဆီက လက်ထပ်ခွင့် တောင်းတဲ့ စကားကိုလဲ ကျွန်မ မကြားချင်ပါဘူး အာသာ၊ အဲဒီ စကားကို ကြားရဖို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ကြားလဲမကြားချင်ဘူး၊ ကျွန်မတို့ နှစ်ယောက် တွဲနေတဲ့ အဆင့်ထက် တစ်ဆင့်တက်ဖို့ ဘယ်တုန်းကမှ မလိုလားခဲ့ဖူး။ ကျွန်မတို့ နှစ်ယောက်စလုံး အဆင်ပြေတဲ့အခါ၊ တစ်ယောက်ကို တစ်ယောက် လိုချင်တပ်မက်ရှိတဲ့ အခါ.... နေလိုက်ရုံပဲ၊ ဒါပဲ မဟုတ်လား။ ကျွန်မ လိုချင် တာ ဒီလောက်ပဲ။ ဒီတော့ ကျွန်မက စွတ်တွတ်မြောက် အာသာပါဝါ အတော်ဖြစ်ဖို့များ ကြိုးစားနေတယ်လို့များ ရှင့် စိတ်ထဲမှာ ထင်နေရင် အဲဒီ အထင်ကို လုံးဝမေ့ ပစ်လိုက်၊ အပြီးအပိုင်မေ့ပစ်လိုက်။ ထာဝရမေ့ပစ်လိုက်'

အာသာကနည်းပရိယာယ်ကိုချက်ချင်း ပြောင်းလိုက်သည်။ ရှေ့ဘက်သို့ ခါးကိုင်းပြီး အသံကို နှိမ့်လိုက်၏။ မျက်လုံးများက နွေးထွေးကြင်နာစွာ....

'ဒါဆို မင်း ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ၊ မင်းကို ကိုယ်ပေးချင်တဲ့ လက်ဆောင်တွေကို ဘာဖြစ်လို့ ပေးခွင့် မပြုတာလဲ'

ဒေါသတရားတွေ ဘက်ဗလီ့ရင်ထဲ ရုတ်ချည်း ဝင်ရောက်ခဲ့သလို ခုလည်း ရုတ်ချည်း ပြန်ပျောက် သွားသည်



'အဲဒါဟာ အဓိကပြဿနာပေါ့ အာသာ၊ ဒီလက်ဆောင်ပေးတဲ့ အလုပ်တွေ လုပ်ချင်တာက ရှင်၊ ကျွန်မ မဟုတ်ဘူး၊ ဒီအနွေးထည်ကို ရှင်ပေးတာက ဆောင်းတွင်းမှာ ကျွန်မနွေးနွေးထွေးထွေး ရှိစေချင်လို့ မဟုတ်ဘူး။ နေ့စက်ပြီး ကျွန်မကို အိပ်ရာထဲ ခေါ် နိုင်ဖို့ အတွက်လဲ မဟုတ်ဘူး'

သည့်စကား ကြားတော့ အာသာ ကုလားထိုင်ပေါ်က လက်လန် ကျတော့မတတ် ဖြစ်သွားသည်ကို ဘက်ဗလီအူမြူးစွာ တွေ့လိုက်ရ၏။

'ရှင်နဲ့နေရတာကို ကျွန်မ သဘောကျပါတယ်၊ ဒါကိုလဲ ရှင်သိပါတယ်၊ အဲဒါကတော့ ကျွန်မတို့ နှစ်ယောက် အတူနေသရွေ့ ကာလပတ်လုံး ရေရှည် ဆက်ဖြစ်နေဦးမှာပါ။

'ဒါပေမယ့် ဒီအနွေးထည်ကိစ္စကျတော့ မတူဘူးလေ၊ ကျောက်ခေတ် လူသားတစ်ယောက် တောလည် ထွက်သွားပြီး သူရလာတဲ့ သားကောင်ကို ဒယဉ်ဆွဲလာသလိုပေါ့၊ နေဦး၊ ဖြတ်မပြောနဲ့ဦး၊ ရှင်က ကျွန်မကို ဒီအနွေးထည် ဝတ်စေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ကြည့်လိုက်ရင် ရှင်ဟာ ချမ်းသာရတဲ့လူ၊ အဖိုးထိုက်အဖိုးတန် အဝတ်အစားတွေ ဝတ်တဲ့လူတွေနဲ့ တွဲနေတာပဲ တွေ့စေ မြင်စေချင်တယ်လေ၊ ရှင်နဲ့တွဲတဲ့ မိန်းမတိုင်းမှာ သားမွေး အနွေးထည် တစ်ထည်တော့ အနည်းဆုံး ရှိလို့

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

မယ်ထင်တယ်၊ ဒီတော့ ရှင်က ကျွန်မကိုလဲ ဖျဲမွေးအနေ… …သူကမျှ လုပ်လို့မရ။ ဘယ်သူ့ကိုမျှ လည်း လုပ်ခွင့်
ထည်တစ်ထည်တော့ ဝတ်စေချင်တယ်၊ ဘာဖြစ်လို့လဲ… …ညီ မဟုတ်။
ဆိုတော့ ရှင်ထိန်းထားတဲ့ ရှင့်ဂုဏ်သတင်း ပျက်ပြား… ‘ကျွန်မဟာ အပိုင်သိမ်းလို့ရတဲ့ ပစ္စည်းတစ်ခု မဟုတ်
မသွားအောင်လို့’ …အသား၊ ဒါကို မဆွကတည်းက ကျွန်မတို့ နှစ်

‘ဘက်ဗလီရယ်၊ အဓိပ္ပာယ် မရှိတာတွေကွယ်၊ ဒုက်… …က်စလုံး နားလည်ခဲ့ကြမယ် ထင်ပါသယ်၊ ကျွန်မက
ပါပဲကွာ၊ ဘယ်လိုဖြစ်ပြီး ဒီခရစ္စမတ် လက်ဆောင်ပေါ… …ပိုင်းရပ်ကွက်မှာ ရှိနေတဲ့ အမျိုးကောင်းသမီးတွေ
မှာ ပြုံးသနာ ရှုပ်နေရပါလိမ့်’ …ဘူးလေ၊ ဒီအမျိုးသမီးတွေကတော့ သူတို့ကို နှစ်

‘နောက်ပြီး ကျွန်မက ရှင့်ကို အတုံ့အပြန်အဖြစ် ဘာ… …သဘောရှုတဲ့ အမျိုးကောင်းသားတွေရဲ့ တစ်ရာ
ပေးရမလဲ၊ ရှင့်ရဲ့ နောက်ဆုံးပိုင်ဆိုင်မှု စာရင်းဝင်အဖြစ်… …နှစ်ရာသီ အသုံးချခံ ပစ္စည်းတွေအဖြစ် ခံကြဘယ်
ကျွန်မက နေပြရမှာလား၊ မထင်လိုက်လေနဲ့ အာသ… …အဲဒီစာရင်းထဲမှာ ကျွန်မ အပါမခံနိုင်ဘူး။
ရေ၊ ကျွန်မဟာ ဘယ်သူပိုင် ပစ္စည်းမှ မဟုတ်ဘူး’ ‘ကျွန်မ ဖျဲမွေး အနွေးထည် လိုချင်ရင် အလုပ်ကို

မာရီယံနှင့် ဟိုဆေတို့စကားကို တွေ့ရတိမ်း ဟိုဆေ… …အားလုပ်ပြီး ဝယ်မယ်၊ အဲဒီအနွေးထည်ဟာ ကျွန်မ
ပေးထားသည့် သက်သေတာန်ဆာများကို တာပြောင်းပြော… …ဖြစ်မယ်လေ’
တလက်လက် ဆင်မြန်းထားသည့် မာရီယံကို မြင်ယောင်… …အမျိုးသမီး၏ အမှီအခို ကင်းချွန်ထွန်းသော စိတ်
မိ၏၊ သို့သော်ငြား အသိပါ အဆင်တန်ဆာများကို မာရီယံ… …ကို အာသာ ရယ်ချင်ပက်ကျိ ဖြစ်သွား၏၊ သို့ဘိုင်
၏ နားရွက်မှာ၊ ခေါင်းခပ်မှာ၊ အကျီပေါ်မှာ သာရှိ၏… …တင်တင်ဖြင့်ပင် အသိအမှတ် ပြုလိုက်ရသည်၊
(သူ့ လက်သူကြွယ်ပေါ်မှာ မရှိ။) သည်တော့ ဂျိန်းပြော… ‘ကျေးဇူး ခေတ် မိန်းမ တစ် ယောက် က သူ လဲ
သွားသည့် စကားကို ကြားယောင်မိသည်။ မာရီယံ… …ကျိုးတစ်ယောက်နဲ့ ထန်းတူ သားကောင်ကို ဖမ်း
လက်သူကြွယ်ပေါ် သို့ ဘယ်သောအခါမျှ ဟိုဆေပေ… …ဘယ်ဆိုတာ ပြတဲ့သဘောလား’
သည့် လက်စွပ် ရောက်လာမည် မဟုတ်။

သည်တော့….

မိမိဘဝမှာ ဘာတွေပဲဖြစ်ဖြစ်၊ ဖြစ်ချင်တာ ဖြစ်ပါ… ဘက်ဗလီ ရယ်လိုက်၏၊ နောက်ဆုံးတော့လဲ ဒါပါ
စေ၊ သို့သော်ငြား မာရီယံလို မဖြစ်အောင်တော့ မိမိအား… …သား၊ မိမိတို့ ပြန်လည် ဆုံမြဲသွားကြမှာပါ။
‘အဲလိုမျိုးပဲ ဆိုပါတော့ ကိုယ်တော်မြတ်ရယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဒီအနွေးထည်ကို ပြန်ယူသွားရင် ကိုယ်အရှုံးကြီး ဖြစ်နေမှာပေါ့'

အဘောသာ ညည်း၏၊

'အရောင်းစာရေးမကို ပြောပေါ့၊ ကျွန်မက မြေ မွေး အနွေးထည်ကို လိုချင်တယ်လို့ ပူဆာနေတယ် အဲဒါဆို ရှင်လဲ သိကျွဲကျော့၊ သူ့လဲ ကျေနပ်မ ကဲ.... ရှင် အနေနဲ့အယုတ် မဖြစ်ဘူးဆိုရင် ကျွန် ဆောင်းရာသီဝတ် အနွေးထည်လေး ယူပေးစမ်းပ ကျွန်မတို့ ရှယ်ရဲ့ ညနေခင်းပွဲကိုသွားဖို့ နေ့စက်တော်ဝ နေပြီ'

* * *

ရှယ်တစ်ယောက် တစ်နေ့လုံး စိတ်လက် မအီမ ဖြစ်နေသည်။

ရော့ ကွယ်လွန်ခဲ့သည်မှာ တနှစ်တင်းတင်း တော့မည်။ မိမိသည် မှန်မှိုင်း ခြောက်ကပ်သော မြ ကမ္ဘာကျဉ်းလေးထဲမှ ပြင်ပကမ္ဘာသို့ ထိုးထွက်ချိန် နေပြီဖြစ်ကြောင်း သိသည်။ သည်လပိုင်းများအတွင်း



ဘဝ နှစ်မြှုပ်ထားသည့် ပရိဒေဝ ကမ္ဘာထဲမှ အချိန်မီ ပြန်မထွက်နိုင်လျှင် မိမိ၏သားတွေ ခရွဲမတ်ပွဲတော်ကို ထာဝရ စိတ်ပျက်သွားပေတော့မည်။

တက်ကြွ ပျော်ရွှင်ရာ ကောင်းသော အိမ်တစ်အိမ်း သည်လို အိမ်မျိုး ဖြစ်သောအခါ 'အားထုတ်ဖို့ မေမေ ဟာ အကြံပေးခဲ့သည်၊ မေမေ အကြံပေးလိုက်တော့လည်း ရိုးရိုးလေးပင်။ ခရစ္စမတ် သစ်ပင်တစ်ပင် ပြုလုပ်ပေးပေါ တဲ့၊ ခရစ္စမတ် လက်ဆောင်တွေ ရတော့မည် ဟူသော ပျော်လင့်ချက်ဖြင့် မိမိ၏ ခင်သွေးငယ်များ တက်ကြွပျော် ရွှင်ကြပါစေတဲ့။ သည်အကြံအစည်ကို ရော့နှင့် သုပ်ဖော် ကိုင်ဖက်ဖြစ်သူ အေမရီဖြဲ လိပ်ကပင် ထောက်ခံသည်။

အိပ်ခန်းထဲရှိ မှန်တင်ခုံရှေ့တွင် ဆံပင်ဖြီးရင်း ရှယ် တစ်ကိုယ်တည်း အတွေး ကြွယ်နေသည်။

မိမိသည် အေမရီ၏ အကူအညီကိုသာ မရခဲ့လျှင် လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း မိမိဘာတွေ ဖြစ် ကုန်မည် မသိ။ အေမရီက မိမိလိုမဟုတ်။ သူက မိမိ ထက်ပိုပြီး ဘဝကို လေးလေးနက်နက် ထိတွေ့ခံစားတတ် သူ။ တကယ်တော့ သွားလေသူ ရော့ကို ထူးခြားနေစေ သည့် စွမ်းအားမျိုးတွေ အေမရီမှာ မရှိ။ နောက်ပြီး သေး ငယ် ဖိလစ်ကို အများကြီး အထောက်အကူ ပေးခဲ့သည့် အက်ဒ်၏ သဘာဝ နွေးထွေးမှုမျိုးလည်း အေမရီမှာမရှိ။

မိမိသည် အက်ဒ်ကို ဆတိရသင့်သည်ထက် ပိုပြီးသတိ ရနေမိ၏။ လွမ်းသင့်သည်ထက် ပိုပြီးလွမ်းနေမိ၏။ ကုန်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် လများအတွင်း အက်ဒ်နှင့်သာ မကြာမကြာ ဆိုသလို တွေ့ခွင့်ရနေလျှင် မိမိဘဝသည် ယခုထက်ပို၍ စိုစိုပြည်ပြည် ရှိလိမ့်မည် ထင်၏။

လွန်ခဲ့သည့် နွေဦးတုန်းကတော့ မိမိသတိထားခဲ့တာ တစ်ခုရှိသည်။ မိမိ၏ အရင်းနှီးဆုံး မိတ်ဆွေ အပေါင်းအသင်းများသည်ပင် မိမိ၏ ပူဆွေးသောကာ ကမ္ဘာထဲမှ တစ်စတစ်စ ပြန်ဆုတ်သွားကြပြီဖြစ်၏။

ထိုအခါ သူက လူမှုရေး လုပ်ငန်းတစ်ခုကို လုပ်ခဲ့၏။ စိတ်ဝင်စားလွန်း၍တော့ မဟုတ်။ သို့သော် နေ့လယ် နေ့ခင်းဆို ကလေးတွေက ကျောင်းမှာ၊ မိမိက အိမ်မှာ တစ်ကိုယ်တည်း နေ့လယ်စာ အငြင်ထွက်စားရုံ၊ ဈေး ထွက်ဝယ်ရုံဖြင့်သည်း မလိုလေးကျက်းကည့်တော့ တစ်ခုခု လှုပ်ရှားရင်း အချိန်ဖြုန်းဖို့ ဆေးရုံတစ်ရုံတွင် လုပ်အား ပေး အလုပ်တစ်ခု လုပ်ခဲ့၏။ အသက်မွေး ဝမ်းကျောင်း အလုပ်တစ်ခုဝင်လုပ်ဖို့ ကိစ္စကိုတော့ မိဘနှစ်ပါးကကော ဂျော့၏ မိဘနှစ်ပါးကပါ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ ကြသည်။ ဂျော့သာ သက်ရှိထင်ရှား ရှိနေလျှင်လည်း မိမိ အား အလုပ်လုပ်စေချင်မည် မဟုတ်ဟု သူတို့အားလုံးက ပြောသည်။ ပို၍ဆိုးသည်မှာ ဂျော့သည် မိမိတို့ မိသားစု အတွက် ဘာမျှ စုစုဆောင်းဆောင်း လုပ်ပေးမသွားနိုင် ဟု ထင်စရာဖြစ်နေမည်။ တကယ်တော့ ဂျော့သည် မိမိတို့ မိသားစု တင့်တောင့်တင့်တယ် နေနိုင်အောင် စုဆောင်း ပေးနိုင်ခဲ့သည်လေ။



ထို့ကြောင့်ပင် ရှယ်သည့် လုပ်ငန်းခွင် လောကထဲသို့ ခြေမချဖြစ်ခဲ့။ တကယ်တော့ ရှယ်၏ ဘဝသည် ကူညီ စောင့်ရှောက်သူများ၊ မြတ်နိုးဖေးမသူများနှင့်သာ စခန်း သွား ကျင်လည်ခဲ့ရ၏။ သူသည် ကလေးငယ်တစ်ယောက် လို ဖြစ်ခဲ့ရ၏။ သူ့အတွက် ဆုံးဖြတ်ချက်များကို ကနဦး ပိုင်းတွင် ဂျော့က ဆုံးဖြတ်ပေးခဲ့၏။ ထို့နောက် နှစ်ဖက် မိဘများက ဆုံးဖြတ်ပေးခဲ့၏။ ယခုနောက်ပိုင်း အေဒရီ က ဂျော့ ထားရစ်ခဲ့သည့် အိမ်မြေကိစ္စများ၊ ငွေရေး ကြေးရေး ကိစ္စများကို ကူညီ ဆောင်ရွက် ပေးနေခဲ့၏။

သို့ ဆောင်ရွက်ပေးတိုင်း ရှယ်နှင့် အေဒရီ အတွေ့ များခဲ့သည်။ ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးညှိ နှိုင်း ဆောင်ရွက်ခဲ့ကြ၏။ သို့သော် လွန်ခဲ့သည့် နွေရာသီ တွင်မူ အေဒရီ၏ စိတ်ထားတွေ ပြောင်းလာသည်ကို ရှယ် သတိထားမိသည်။ အေဒရီက သူ့အား ညစာစားဖို့ ဖိတ် ခေါ် ကမ်းလှမ်းသည်။ ရှယ်ကလည်း လူကြီးအဖော် တစ်ယောက်နှင့် အပြင်ထွက် ညစာစားရင်း စကား ပြည့် ပြောရမည့် အခွင့်အရေးကို ကျေးဇူးတင် ဝမ်း မြောက်စွာ လက်ခံခဲ့၏။

သို့တိုင်....

တစ်ခါတစ်ရံကျတော့လည်း အေဒရီနှင့်အတူ ညစာ စားနေရသည့် အချိန်များသည် ကုန်နိုင်ခဲလှသည် ထင် မိ၏။ အေဒရီက ဖွယ်ဖွယ်ရာရာ စကားပြောတတ်သူ မဟုတ်။ သူ စိတ်ဝင်စားသည့် အကြောင်းအရာများက

www.burmeseclassic.com

www.burmeseclassic.com



ခွင်ကျဉ်းလှသည်။ ဇာတ်ပွဲသွားဖို့၊ ဂီတဖျော်ဖြေပွဲ သွားဖို့ ဆိုတာတွေသည် သူ့အယူအဆအရ အချိန်ဖြုန်းတီးခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ တွေ့ကရာအရ မလွှဲသာ မရှောင်သာ၍ သွားကောင်းသွားမည်။ သို့သော် ထိုသို့ သွားခြင်းသည် ဘုရားကျောင်းသို့ သွားသလိုသာ ဖြစ်၏။ အနုပညာ အရသာကို ခံစားပီတိဖြစ်ဖို့ မဟုတ်။ သူဖတ်သည့် စာအုပ်များမှာ ဥပဒေရေးရာ စာအုပ်များမှလွဲ၍ အခြားမရှိ။

သို့တိုင်....

အေမရီသည် ရုပ်အချောကြီး မဟုတ်သည့်တိုင် ကြည့်ပျော်ရှုပျော် ရှိသည်။ စိတ်ဓာတ် ခိုင်မာသည်၊ ရှယ်ကို တွယ်တာနေတာလည်း သိသာသည်။ ဒါကို ရှယ်၏ မိဘများကပင် ရိပ်စားမိသဖြင့် သွယ်ဝိုက်ပြီးနားသွင်းကြသည်။

အေမရီနှင့်ပတ်သက်ပြီး ရှယ် စိတ်အနေနှင့်အယှက် ဖြစ်နေတာ တစ်ခုပဲရှိသည်။ အေမရီသည် မိမိ၏သားများ နှင့် အကြောင်းအခေါင်းမသင့်၊ အားအားရှိလျှင် ခုန် ပေါက်မြူးတူးပြီး မခမာတမ်း မပန်းတမ်း ဆော့တတ် သည့် ညီအစ်ကိုတွေသည် အခန်းထဲသို့ အေမရီ ရောက် လာသည်နှင့် ငြိမ်ကုပ်ကုန်ကြတော့၏။

ယခင်ကဆို အက်ဒ်ရောက်လာလျှင် သူတို့လေးတွေ တွယ်လေကက် ဝမ်းသာအယ်လဲ ကြိုဆိုကြသလဲ။ အက်ဒ် နှင့် လုံးထွေးသတ်ပုတ်ပြီး ဘယ်လောက် ကြည်နူးပျော်ရွှင် ခဲ့ကြသလဲ။ အက်ဒ်ကလည်း သူတို့လေးတွေကို ချစ် သည်လေ။



သို့သော် အေမရီပြောသလို သားတို့ကိုကကဲလွန်းတာ လည်း ဖြစ်နိုင်ပါသည်။ သည်အကြောင်း တွေးမိတော့ ရှယ် သက်ပြင်းချမိ၏၊ ထိုအခိုက်မှာပင် လူခေါ်ခေါင်း လောင်းသံ မြည်လာသဖြင့် ဧည့်ခန်းကို ဖြတ်လျှောက်ခဲ့ ၏။ ပထမဦးဆုံး ဧည့်သည်ရောက်လာပြီ ထင်သည်။

ဘာပဲဖြစ်ဖြစ် အေမရီနှင့် ပတ်သက်တာကိုတော့ လောလောဆယ် ဆုံးဖြတ်လို့ မဖြစ်သေး။ ယုတ်စွအဆုံး သည်ညတော့ မဆုံးဖြတ်သေး။

ခုနစ်နာရီထိုးတော့ ဧည့်ခန်းထဲမှာ လူတွေ ပြည့်လျှံ နေပြီ၊ သို့တိုင် ဧည့်သည်များက တဖွဲဖွဲ ထပ်လာနေဆဲ၊ တချို့ကလက်ဆောင်ပစ္စည်းထုပ်များယူလာပြီး ခရစ္စမတ် သစ်ပင်အောက်တွင် ချထားကြသည်၊ အထုပ်တွေပေါ် တွင် သူတို့မိသားစု၏ နာမည်များကို သေသေသပ်သပ် ရေးထားကြသည်။

www.burmeseclassic.com



ဒါကို ရှယ်၏သားသုံးယောက် ပါးစပ် အဟောင်းသား၊ မျက်လုံးအပြူးသားဖြင့် ကြည့်နေကြသည်။ အံ့သြဝမ်းသာ နေကြသည်။

အေမရိကတော့ ကျောင်းပိတ်ရက် ကုန်ဆုံးသည်နှင့် ကလေးတွေ အကျင့်ပျက် ဆိုးတော့ ကုန်တော့မည်ဟု မှတ်ချက်ချသည်။ သို့သော် ရှယ်က လက်မခံ။ မိမိ၏သားများကို သူတို့ဖခင် ရှိတုန်းကလိုပင် ပျော်ရွှင် စေချင်သည်။ မိမိတို့ အပေါင်းအသင်းများနှင့် သိုက်သိုက်ဝန်းဝန်း နေစေချင်သည်။

အာသာနှင့်အတူ ဘက်ဗာလီ ရောက်လာသည်ကို တွေ့ရတော့ ရှယ် အထူးတလည် ဝမ်းသာမိ၏။ နွေဦးပေါက်တုန်းက သူတို့နှစ်စုံတွဲ ညစာ အတူစားခဲ့ဖူးသည်။ သို့သော် သူတို့ ထမင်းစားပွဲမှာ အောင်မြင် ဆင့်သလောက် မအောင်မြင်၊ စိတ်ညစ်စရာ ဖြစ်ရာတွေနှင့် ကြုံတွေ့ခဲ့ရသည်။ ဘာကြောင့်ဆို အေမရိက အာသာကို လိုလိုလားလား မရှိခဲ့၊ ထို့အတူ အာသာကလည်း အေမရိကို စာခြောက်ရုပ် အင်္ကျီ စွပ်ပေးထားသည်နှင့် တူသည်ဟု ယူဆခဲ့၏။ မည်သို့ဖြစ်စေ ယခုတော့ တောက်ပဝင်းလက်သော ခရစ္စမတ် သစ်ပင်နံဘေးတွင် ယဉ်ကျေးပျူငှာ စကားဆိုနေကြသည်။ သည်တော့ ရှယ် ဝမ်းသာရသည်။ မကြာမီလာ ကာလအတွင်း သူတို့နှစ်ယောက် မိတ်ဆွေ အပေါင်း အသင်းတွေ ဖြစ်သွားပါစေဟု ဆုတောင်းမိ၏။



မိမိအနေဖြင့်တော့ အာသာ့အကြောင်း ဘာမှမယ်မယ်ရရ မသိ။ ကောလာဟလ သတင်းတွေ ကိုတော့ အမျိုးနည်းတူ ကြားရပါသည်။ ထိုအထဲတွင် အိမ်ထောင် သုံးဆက် ပျက်ခဲ့သည့် အကြောင်းလည်း ပါသည်ပေါ့။ သည်အတိုင်း မှန်လျှင်တော့ ဘက်ဗာလီအတွက် သိပ်မကောင်းလှ။ ထို့ကြောင့် ဘက်ဗာလီနှင့် နေ့လယ်စာ အတူစားခိုက် တီးခေါက်ကြည့်တော့ ရှယ်၏ စကားကို ဘက်ဗာလီက ရယ်မောပစ်ခဲ့သည်။

'ရှယ်၊ ငါ အာသာကို လက်ထပ်ဖို့ စိတ်မကူးဘူး။ အဲ....လက်ထပ်ဖို့နဲ့ ပတ်သက်လို့တော့ ငါ ဘယ်သူ့ကိုမှ စိတ်မကူးပါဘူးဟယ်'

ထိုသို့ပြောပြီး စကားလမ်းကြောင်းကို ပြောင်းပစ်ခဲ့၏။

သို့သော် သူ့စကားကို ရှယ် အယုံအကြည်မရှိ။ ဘက်ဗာလီသည် အသက် သုံးဆယ်ခွဲ ကျော်လှပြီ။ သည်တော့ သူလည်း သားတွေ၊ သမီးတွေနှင့် ခိုင်ခံ့တည်ငြိမ်သော အိမ်ထောင်ရေးဘဝကို လိုချင် လာလေလိမ့်မည်။ ဒါက မိန်းမသားတိုင်းရဲ့ ဆန္ဒပဲ။ အကယ်လို့ သူ့ အချိန်ဆိုင်းနေလျှင်၊ အဲ... သူ့ဘဝထဲ အက်ဖ် ပြန်လည် ဝင်ရောက်လာမည့် အခွင့်အလမ်းတော့ ရှိနေဦးသည်။

'ရှယ်၊ မင်း ညစာစားပွဲက အောင်မြင်ပါတယ်ကွယ်'

ဘက်ဗာလီက ရှယ့်အနားကပ်ပြီး ပြော၏။ ထို့နောက် ဘေးနားသို့ အာသာဆွဲသွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



'တို့နှစ်ယောက် တစ်မိနစ်လောက် စကားပြောကြရအောင်လား၊ နင့်ကို အကျိုးအကြောင်း ပြောစရာရှိလို့'

ရှယ် ခေါင်းညိတ်ပြပြီး နှစ်ယောက်သား လူကြားထဲမှ လျှို့ထွက်လာ အိပ်ခန်းထဲ ဝင်ခဲ့ကြသည်၊ သို့သော် သူတို့နှစ်ယောက် သတိမထားလိုက်မိဘာ တစ်ခုရှိသည်။ သူတို့နှစ်ယောက် မြင်ကွင်းထဲမှ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် အာသာနှင့် အေရီတို့သည် နှုတ်မှ ဖွင့်ပြောစရာ မလိုဘဲ ကျေနပ်စွာ တစ်ဦးကိုတစ်ဦး ကျောခိုင်းလိုက်ကြ၏။ အောက်တန်းကျတဲ့ လူ့ပေါက်ပန်းဈေးဟု အေမရိက ကောင်မလေးတစ်ယောက် အနားသို့ ကပ်သွားရင်း တွေး၏၊ အာသာကတော့ အဝတ်အစား လုံလုံလဲလဲ မရှိသည့် ခပ်ဘောင့်ဘောင့် အမျိုးသမီး တစ်ယောက်ထံ ချဉ်းကပ်သွားရင်း အသူကား၊ လူတော မတိုးတဲ့ ယောက်တုံးဟု စိတ်ထဲမှ မှတ်ချက်ချသည်။

'ဘာတွေ သတင်းထူးလို့လဲဟဲ့၊ အက်ဒ် နေကောင်းရဲ့လား၊ သူ စိန့်လူဝီမှာပဲလားဟင်'

'ရှယ်၊ ငါပြောရတာ စိတ်မကောင်းပါဘူး၊ နောက်မှ ပြောပြရကောင်းသား၊ ပြောရမယ့် သတင်းက ဝမ်းသာစရာ မဟုတ်ဘူးဟဲ့၊ ဒါပေမယ့် နင်ကော ကလေးတွေပါ သူ့ကို ခင်မင်ကြမှန်း ငါ သိနေလို့၊ သူ့ကို စစ်မှုထမ်းဖို့ ထပ်ခေါ်သွားကြပြန်ပြီတဲ့ဟဲ့၊ ဟို... ကိုရီးယား အရှုပ်တော်ပုံကြောင့်ပေါ့၊ နင်တို့လဲ သိချင်မှာပဲလို့ ငါ တွေးမိတာနဲ့'



'ဒါပေမယ့် သူ့လုပ်ငန်းက တော်တော်ကြီးကို ...င်မြင်နေတာ မဟုတ်လား'

...သည် တစ်ကြိမ် အံ့အားသင့်ရသူမှာ ဘက်ဗာလီ၊

'နင် သူ့ဆီက စာရလို့လားဟင်'

'အမြဲတမ်းကြီးတော့ မဟုတ်ပါဘူး၊ တိတိကျကျ ...ရရင် ငါ့ဆီ စာရေးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ...တို့ဆီကိုတော့ ပို့စကတ်တွေ ပို့ပို့နေတယ်လေ၊ ...တို့က သူ့ကို သူရဲကောင်းတစ်ယောက်လို ကိုးကွယ်...တာ မဟုတ်လား၊ အထူးသဖြင့် ဖီလစ်ပေါ့၊ သူ ...တဲ့အထဲမှာ သူ ငှားထားတဲ့ အိမ်ကြီးပုံ၊ သူ့အလုပ်...တဲ့ လေယာဉ်ကွင်းပုံတွေ ပါတယ်လေ၊ ပုံပန်းကြည့်... သူ့လုပ်ငန်းက တော်တော်ကြီးကို အောင်မြင်...ပဲဟဲ့'

...ကားဆိုင်းလိုက်၏။ တစ်ခါတလေကျ ဘက်ဗာလီကို ...ိုယ့်ရေးကိုယ်တာ အကြောင်းတွေ ပြောရတာ သိပ်...က်လှ၊

...ါတလေ...ဆုတောင်းနေတာဟဲ့...ခုချိန်က အလုပ်...တဲ့ ရာသီမဟုတ်လား၊ အက်ဒ်များ နယူးယောက်ကို ...း နင်တို့ နေ့စဉ်ရေးအတွက် ဆွေးနွေးကြမလားလို့'

...ါတို့မှာ နေ့စဉ်ရေး ဆိုတာ မရှိတော့ဘူး ရှယ်၊ ...ပဲ ငါ့ဆီ ကျိန်းလာတယ်၊ အက်ဒ်က ကွာရှင်းချင်...တဲ့၊ တကယ်လို့ သူ့ကို ပင်လယ်ရပ်ခြား ပို့လိုက်ကြ... ဆိုရင် ငါတို့နှစ်ယောက်စလုံး အနေခက်တွေ့ ကင်း

www.burmeseclassic.com



နေတာ ကောင်းမယ်လို့ သူက ဆဲတော့ထွေး တ
နေကြပြီး သူ့အာမခံကိစ္စလဲ ရှိသေးတယ် မဟုတ်လ
မတော်တဆ သူများ တစ်ခုခုဖြစ်သွားရင်.... အကျ
စားခွင့်ကို ငါကလဲ ဂျိန်းပြဲ ခံစားခွင့်ရစေချင်တယ်....

'ဘက်ဗာလီရယ်၊ ငါ စိတ်မကောင်းလိုက်တာဟ
ငါကတော့ စိတ်ကူးတွေ ယဉ်လို့၊ ငါက ဆုတောင်
တာ....'

သူ့ စကား မဆက်နိုင်မီ သူ့ နံမတားရှိ စားပွဲပုဂ
ပေါ်မှ တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသ
သူက ဘက်ဗာလီကို အားနာစကားပြောပြီး တယ်လီ
သွားဖြေသည်၊ ထို့နောက် ချက်ချင်းပင် ဘက်ဗာ
ဆက်ခေါ်ပြန်ကြည့်၏၊ သူ့မျက်နှာ ဖြူရော်နေ၏၊
နှုတ်ခမ်းများ ထိတ်လန့်တကြား ပွင့်ဟနေ၏။

'ဘက်ဗာလီ၊ နင့်ကိုခေါ်တာ၊ နင့်မေမေ ဆက
တာ'

'ဩော်... ဒီည ငါ ဒီမှာရှိတယ်ဆိုတာ မေမေ
ပြောထားတယ်တဲ့'

သို့ဆော် ရှယ်၏ မျက်နှာသွင်ပြင်ကို ကြည့်ပြီး
ဗာလီ ကြောက်သွားသည်း

'ဘာဖြစ်လဲ၊ ဘာပြောချင်လို့တဲ့လဲဟင်'

အဖြေကို စောင့်မနေဘဲ ရှယ်လက်ထဲမှ တယ်
ခွက်ကို လှမ်းယူလိုက်၏။

'မေမေလား၊ ဘာဖြစ်လို့လဲဟင်'



အိန်ဂျလာ၌ အသံသည် မိုင်ပေါင်း ကုဋေလောက်
ကွာလှမ်းနေသည် ထင်ရ၏၊

'မေမေ ဆေးရုံကပြောနေတာ၊ လွန်ခဲ့တဲ့ တစ်နာရီ
လောက်က သမီးဖေဖေ ခုနမကောင်း ဖြစ်လာတာနဲ့၊
မေမေ ဆရာဝန်ကို ခေါ်လိုက်တော့ သူ့ကို လူနာတင်
ကားနဲ့ လာခေါ်ကြတယ်၊ ဆရာဝန်ကတော့ သမီးဖေဖေ
နှလုံးရောဂါ ဖောက်တယ်လို့ထင်တယ်၊ အို... ဘက်ဗာလီ၊
သမီး လာနိုင်မလားဟင်၊ တဆိတ်လောက်ကွယ်၊ သမီး
ခုချက်ချင်း လိုက်လာနိုင်မလား'

စိုးရိမ် ထိတ်လန့်ခြင်းကြီးစွာနှင့် သူ့မေမေ လမ်းညွှန်
သည်ကို အမြန်ဆုံး နားထောင်သည်၊ နာမည်ရင်းပင်
အခန်းသည်ကို လှမ်းယူသည်၊

'ဟုတ်ပြီ မေမေ၊ သမီး ခုချက်ချင်း လာခဲ့မယ်'

စကားပြောခွက်ကို ချ၏၊

'ဒီမယ် ရှယ်၊ ငါ သွားရလိမ့်မယ်၊ ရောဂါအခြေအနေ
ဆိုးချင်မှ ဆိုးမှာပါ၊ ဒါပေမယ့် ငါ ပစ်ထားနိုင်
ဘူး၊ အဓိပ္ပာယ်ကား အပြင်မှာ ရှိတယ်၊ ဘယ်သူ့ကိုမှ
လျှောက်ပြောမနေနဲ့လေ၊ နင့် ညစာခံပွဲ ပျက်မသွားစေချင်
ဘူး'

ဘက်ဗာလီ အခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွား
သည်။ ရှယ် အချိန်အတော်ကြာသည့်တိုင် နေရာမှ မလှုပ်
နိုင်၊ မလှုပ်မိ၊ ဩော်... လွန်ခဲ့တဲ့နှစ်က အဖြစ်အပျက်နဲ့
လွန်းလှပေ၊ ကျော့ စီးလာသည့် လေယာဉ်ပျံ ပျက်ကျ

www.burmeseclassic.com



သွားကြောင်း တယ်လီဖုန်းသတင်း၊ သည်ခရစ္စမတ်တော့ လာ၊ ဟု နာကြည်းစွာ တွေးမိ၏၊ လူတစ်ယောက်သည် ပျော်ရွှင်ကြည်နူး နေရမည့် အချိန်၊ ချစ်ကြင်သူများ၏ ရင်ခွင်တွင် လုံခြုံနွေးထွေးစွာ ရှိနေရမည့် အချိန်မျိုးတွင် ဒီလို အနိဋ္ဌာရုံ ဖြစ်ရပ်တွေ ပေါ်ပေါက် လာတော့ အနားယူ အပန်းဖြေ ရက်တွေဆိုတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ။

လွန်ခဲ့သည့်နှစ် သည်အချိန်တုန်းက မိမိမှာသာ အားကိုးမှီခိုစရာ မိစုံဖစုံ မရှိပါလျှင် မိမိ ဘယ်လိုနေမလဲ၊ သို့တိုင် ဖေဖေနှင့် မေမေသည်လည်း ဘက်ဖလီ၏ မိဘ နှစ်ပါးထက် ပိုပြီး ငယ်ရွယ်သည် မဟုတ်။ သူတို့သည် မိမိကို ထာဝစဉ် ကူညီစောင့်ရှောက် နေနိုင်ကြမည် မဟုတ်။

ဆံပင်များကို ဂရုတစိုက် သပ်လိုက်၏၊ မိမိတို့၏ နောင်ရေးကိစ္စကို အေမရီ အပေါ်ပုံ လွှဲထားလိုက်တော့မည်။ သူကမှ အခြားဧည့်သည်တွေ ပြန်ကုန်သည် အထိ စောင့်ပြီး မိမိအား နောက်တစ်ကြိမ် လက်ထပ်ခွင့်တောင်း ဆိုလာလျှင် လက်ခံလိုက်တော့မည်။

* * *

(၁၇)

ဆေးရုံအသွား၊ လမ်းတစ်လျှောက်လုံး ဘက်ဖလီ နှုတ်ဆိတ်စွာ လိုက်လာသည်။ ဆေးရုံရှေ့သို့ ရောက်သည်နှင့် အာသာကို ဆေးရုံပေါ် လိုက်မလာဖို့ ပြတ်ပြတ်တောင်းတောင်း ပြောသည်။ အကူအညီ လိုလျှင် တယ်လီဖုန်း ဆက်မည်ဟု ဆိုသည်၊ ထို့နောက် အာသာ၏ အဖြေကို စောင့်မနေဘဲ ကားပေါ်မှ ခုန်ဆင်းပြီး ဆေးရုံထဲ ပြေးဝင်သွားသည်။

အာသာ ကားကူရှင်နောက်မှီကို မှီချလိုက်သည်၊ ဘက်ဖလီ၏ နောက်ပိုင်းတွင် ဆင်နှားရွက် တံခါးလေး ပိတ်သွားသည်ကို ကြည့်နေမိ၏။

နှင်းတွေ တဖွဲဖွဲ ကျစပြုလာသည်၊ ကားထဲတွင် ထိုင်နေလျက်ကပင် ဒီဇင်ဘာလ၏ အေးစိမ့်မှုကို ခံစားလို့ ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားမလို့လဲ ဆရာ'

'မပြောတတ်တော့ပါဘူး လက်နက်ရှာ ခဏခဏ

နေဦးကွာ'

ဆည်ညာ၊ စနေနေ့ညကျွင် သူသည် ဘက်ဗာလီ နှင့် အတူ ညစာစားဖို့ အစီအစဉ်ဆွဲထားသည်။ '၂' ... တယ်မှာသီးသန့် ဇနှရာ မှာထားသည်၊ ဘက်ဗာလီသည် ... ညှော်ခံပွဲတွင် ဖျော်ဖြေမှုအစီအစဉ်တစ်ခု ပြီးပွဲတိုးလိမ့်မည် ... ဆည်ညာနေ့ခင်း ကတော့ မိမိတို့ နှစ်ဦးအတွက် အသ... ယာဆုံး ဖြစ်လိမ့်မည်ဟု တွက်ဆထားခဲ့သည်။ သို့သော် ... ခုတော့ အခြေအနေ ထင်သလို ဖြစ်မလာခဲ့။ အမှန် ... ထည်နှင့် ပတ်သက်ပြီး ဘက်ဗာလီ ပြောတာ မှန်သ... သလောက် မှန်သည်ဟု မိမိဝန်ခံရမည်။ မိမိက မိမိနှ... တွဲပေသည့် မိန်းမများကို ကျော့မော့လှပ ဇနေ ... သည်။ သားသား နားနား ဝတ်စား ထားချင်သည် ...

သည်သို့ လက်ဆောင် ပဏ္ဏာပေးကမ်းနေခြင်းမှာ မိမိ... အတ္တစိတ်ကြောင့် ဖြစ်ကြောင်း ထိုးဖောက် သိမြင်နိုင် ... သူမှာ ဘက်ဗာလီ တစ်ယောက်ပဲ ရှိသေးသည်။

ဆေးရုံပေါ်သို့ မိမိပါ လိုက်လာခဲ့ဖို့ ဘက်ဗာလီ ... မခေါ်တာ တော်သေးသည်။ မိမိက သူ့တစ်ပါး နာဖျား ... မကျန်းဖြစ်တာကို မကြည့်ချင်သလို မိမိကိုယ်တိုင် နာဖျား ... မကျန်း ဖြစ်ရမှာလည်း ကြောက်သည်။ နာဖျားမကျန်း ... ဖြစ်ခြင်းကို ရှုတ်ယှက်ချက် တစ်ခုဟု သူကသာတော့ထား ... သည်။ ထို့ကြောင့် ဆည်အကြောင်းကို စဉ်းစားလေ ...



... သည်လို ဖြစ်နေသည်ကိုလည်း မျက်ကွယ်ပြုထား ... တော်သည်။

သို့တိုင် ဒါဇွက သည်ညနေ သူ့ အစီအစဉ်နှင့် ... မှုဆိုင်။ ယဉ်ကျေးမှုအခြား လက်နက်က ရှေ့ဆက် ... သို့မှန်ထဲမှ တစ်ဆင့် သူ့ အား စောင့်ကြည့် အဆဲခတ် ... သည်ကို သတိထားမိသည်။ သူသည် ညှော်ခံပွဲသို့ ပြန် ... ချင်လျှင် သွားလို့ရသည်။ သို့သော် သူသွားရောက် ... ပြောခဲ့သည့် ခပ်ဆောင့်ဆောင့် အမျိုးသမီး၏ ... လိဖုန်း နံပါတ်ကို ရှာပြီးပဲ ဘက်ဗာလီ၏ အချစ် ... သူငယ်ချင်းက ပြုလုပ်သည့် ညှော်ခံပွဲသို့ ပြန်သွား ... ခုမှ သိကျွမ်းရသည့် မိန်းမတစ်ယောက်ကို မထုတ် ... မှုကြောင်းတော်။ မိမိ ထိုသို့ လုပ်လိုက်လျှင် ဂရုအ... ဆိုသည့် တော်းက ဘယ်လောက် အဆင်း ပြောလိုက် ...

... ဘာပဲဖြစ်ဖြစ် မိမိနှင့်အတူ ညစာထွက်စားဖို့ ခေါ် ... သည့် မိန်းကလေးတွေ တစ်ပုံကြီးပါ။ ဘယ်လောက်ပဲ ... က်ကျနေနေ၊ သားနားရည်မွန်သော တစ်ခုလပ် တစ် ... ကွာမှုသည် ပိုရှယ်သော၊ ပိုရှင်ရှားသော ... ငြှယ်များ အထိ ခေါ်လို့ရသည်။ သို့သော် သည်လို ... မလုပ်ချင်။ သူတို့ကို တကူး တကကြီး ပင့်ဖိတ် ... ချင်။

'ငါကို အိမ်မှာပဲ ပြန်ပို့ကွာ ပြီးရင် မင်း နားတော့၊ သောဖော်ပဲ အိပ်တော့မယ်'

www.burmeseclassic.com



ဆေးရုံဝင်းထဲမှ ကား ထွက်လာတော့ အာသ
အတွေး ကြွယ်မိ၏။ တကယ်လို့ ဘက်ဗာလီ တစ်
ဖြစ်သွားလျှင် မိမိတို့နှစ်ယောက်၏ ဆက်ဆံရေး အ
အထားကို ဘယ်လို ထိခိုက်နိုင်မလဲ။ ဖျံမွေး၊ အနွေးထ
နှင့် ပတ်သက်ပြီး မိမိတို့ ရန်ဖြစ်ရသည့် အကြောင်း
မှာ ဘက်ဗာလီက သူ့အဖေကို ငဲ့နေသောကြောင့်
နိုင်သည်။ တကယ်တော့ အာသာက သူ့ အဖေကိုလ
စာရင်းထဲ ထည့်တွက်နေသည် မဟုတ်။ သူ့အဖေလို
မျိုး တစ်ယောက်ကို အကြိမ်တစ်ရာလောက် လက်
ဏမ်း ရောင်းစားပစ်လိုက် နိုင်သည်။ ဘာမျှ မှုနေ
မလို။

ထိုညအိပ်ရာထဲဝင်ပြီး စားပွဲတင်မီးကို မှိတ်လိုက်ပြ
နေစက်ထပ် အတွေးတစ်ခု ဖျတ်ခနဲပေါ်လာသည်။ ဘ
ဗာလီ မိမိအား ဆေးရုံပေါ်သို့ လိုက်မလာစေခြင်း
မိမိနှင့် ပတ်သက်နေရသည်ကို ရှက်လို့လား။ သို့သေ
သည်အတွေးကို ချက်ချင်းပင် ခေါင်းထဲမှ မောင်းထု
ပစ်လိုက်သည်။

တစ်ခုပဲရှိသည်၊ သည်ညအဖို့ အိပ်ပျော်အောင် လုပ်
ကို မရတော့။

* * *



'ဖေဖေ၊ သမီးလေး ကြားရနဲ့လား'

ဟယ်ရီ ဖြည်းဖြည်းချင်း မျက်လုံးတွေ ဖွင့်ကြည့်သည်။ ဖျူဖွေးသောအိပ်ရာပေါ်တွင် သူသည် ကြုံလှီ ချိနဲ့နေ၏။ ဘက်ဗာလီသည် ညနေကတွေ့ခဲ့သည့် ဂျိန်း အကြောင်း သတိ ရလိုက်မိသည်။ မိမိ အားထားခဲ့သည့် မှီခိုခဲ့သည့် ပုဂ္ဂိုလ်နှစ်ယောက်ကို တစ်နေ့တည်း ရှေ့ဆင့်နောက်ဆင့် တွေ့လိုက်ရသည်။ သူတို့ကို ကြည့်ရတာ အရမ်းအိုမင်း ရင့်ရော်နေပြီး ကိုးကွယ်ရာမဲ့လွန်းပုံပေါက်နေသည်။ သူတို့က တစ်ဖန်ပြန်ပြီး မှီခိုအားကိုးဖို့ မိမိကို လိုအပ်နေပုံ ပေါက်သည်။

သည် အနေအထားမျိုးကို ရင်ဆိုင်ဖို့ မိမိအဆင်သင့် မဖြစ်သေးပါလားဟု သူ့ဖေဖေ၏ လူနာခုတင်ဘေးတွင် ထိုင်ရင်း စဉ်းစားမိ၏။ တကယ်တော့ သူသည်လည်း ရှည်ရင်ဆိုင်ရသည့် အခြေအနေမျိုးနှင့် ရင်ဆိုင် နေရ ကြောင်း ဘာသာမသိ။ တကယ်တော့ သည်ပြဿနာမျိုး မှာ အသက်ရှည်သော မိဘများနှင့် နေထိုင်ရသူတိုင်း ရင်ဆိုင် ရတတ်သည့် ပြဿနာမျိုးသာ ဖြစ်၏။ လူတစ် ယောက်သည်မိဘနှစ်ပါးနှင့် ဘယ်လောက်ပဲခွဲခွာနေသည် ဖြစ်စေ၊ မိမိ မှီခို အားထားရမည့်သူ နှစ်ဦးသည် မိမိကို ထာဝစဉ် စောင့်ရှောက် ထိန်းသိမ်းပြီး ဘဝ၏ အနက် အဓိပ္ပာယ်ကို ဖော်ပေးနိုင်စွမ်း မရှိပါကလားဆိုတာ သိ လိုက်ရသည့် ထခဏ်တွင် အနည်းနှင့် အများတုန်လှုပ်တတ် ကြသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီနှင့် အိန်ဂျလာတို့၏သမီး၊ တစ်ချိန်က မိမိ၏ အဝံ၊ ထို့နောက် အက်ဒ်၏ဇနီး၊ ခုတော့...ခုချိန်မှ စပြီး မိမိသည် ဘက်ဗာလီရစ်ချ်မာန်ပဲ ဖြစ်တော့မည်ဟု အားယော်စွာ တွေးမိ၏။

ဟယ်ရီ၏ အခြေအနေမှာ ဆိုးကြောင်း ဆရာဝန်က သတိပေးထားသည်။ လူနာအခြေအနေဆိုးသဖြင့် တရှုပ်ရှုပ် ငိုနေသော အိန်ဂျလာကို လူနာအားဆောင် အစွန်ရှိ နာလန်ထများ အခန်းသို့ ပို့ထားခဲ့သည်။ ဘက်ဗာလီ ရောက်လာတော့ အိန်ဂျလာကို ထိုနေရာမှာ တွေ့ရခြင်း ဖြစ်၏။ နှင်းတွေ တဖွေးဖွေးကျနေသည်ကို ကြောင်တောင် ကြည့်နေသော အိန်ဂျလာ၊ မျက်ရည်ရွှဲပြီး ရဲရဲနီနေသော မျက်လုံးများနှင့် အိန်ဂျလာ၊ သို့သော် ဘက်ဗာလီမှာမူ ထိန်းသိမ်းနိုင်စွမ်း ရှိနေကြောင်း တွေ့ရသဖြင့် ဆရာဝန်က သူ့ကိုတော့ လူနာနှင့်တွေ့ခွင့်ပြုခဲ့သည်။

ဟယ်ရီသီဆန်သည် အိပ်ရာပေါ်မှာ လဲလျောင်းနေ၏။ လှုပ်မယှက်၊ တိတ်တိတ်ဆိတ်ဆိတ်၊ လက်မောင်းမှာ ရှပ်တွေး ဆန့်ပြူစေသော ပိုက်တွေ တန်းလန်းဖြင့်၊ သူ့ကိုယ်ပေါ်တွင် ဆေးရုံဝတ်ရုံ ခြုံလွှမ်းလျက်၊ သူ့ မျက်ခွံတွေ ဆတ်ခနဲလှုပ်လာတော့ ဘက်ဗာလီ ရှေ့တိုးခါးကိုင်း လိုက်သည်။ ဖခင်ဖြစ်သူ၏ လက်ကို အသာအယာ ဆုပ်ကိုင် ထားသည်။

'ဖေဖေ၊ သမီး ဘက်ဗာလီပါ၊ ဖေဖေအခုနေရ ဆိုးနေသလား....ဟင်'



ဟယ်ရီ ပြုံးဖို့အားယူသည်၊ သို့သော် အားထုတ်ရတာ ပင်ပန်း လွန်းလှသည်။

'စိတ်မပူနဲ့သမီး၊ ဖေဖေ နေကောင်းသွားမှာပါ'

တံတွေးမြိုဖို့ ကြိုးစားသည်၊ သို့သော် လည်ချောင်း တွေ ခြောက်လွန်းနေသည်၊ ဘက်ဗာလီက စားပွဲပေါ်မှ ရေဖန်ခွက်ကိုယူသည်၊ ဖခင်ဖြစ်သူ၏ခေါင်းကို ထူမပေးပြီး ပိုက်တံကို ပါးစပ်မှ တပ်ပေးလိုက်သည်။ ရေဝင်သွားတော့ လန်းသွားပုံရသည်။

'စိတ်မကောင်းပါဘူး သမီးရယ်၊ သမီးတို့ ဖေဖေ့ အတွက် အလုပ်ရှုပ်ကြရတာပေါ့'

ခေါင်းအုံးပေါ်တွင် ပြန်မှီလိုက်၏။

'ကိစ္စမရှိပါဘူး ဖေဖေ၊ သမီးဒီရောက်နေပြီပဲ'

'ခုဖြစ်တာ ဖေဖေ နှလုံးပဲ မဟုတ်လား၊ ဒေါက်တာ ဝက်စတားကတော့ ပြောထားသားကြာလှပြီ၊ ဒါပေမယ့် ဖေဖေ မထင်ဘူးလေ'

သူ့အသံ ခါသဲ့သည်၊ သူ့မျက်လုံးတွေက ဘက်ဗာလီ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်၊ ဘက်ဗာလီငယ်ငယ် တုန်းက သူ့သမီး စိတ်မချမ်းသာစရာ တစ်ခုခု ဖြစ်လာပြီဟု သံသယ ဖြစ်သည့်အခါ ကြည့်လေ့ရှိသည့် အကြည့်မျိုး။

'သမီး နေကောင်းရဲ့လား'

'နေကောင်းပါတယ် ဖေဖေ'

'အက်ဒ်ကော၊ ဘယ်ရောက်နေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အက်ဒ်ဟာ အိမ်မှာမရှိဘူးဖေဖေ၊ ဖေဖေတို့ကို သမီး ပြောထားသားပဲ၊ သူ လုပ်ငန်းအသစ် စနေတယ်လေ'

နွေဦးတုန်းကတော့ အက်ဒ်အကြောင်း ပြောပြထား ခဲ့သည်၊ သို့သော်အသေးစိတ်ပြောမပြခဲ့၊ နောက်ပြီး သူ့ အဆံ့ဏ သည့်ထက် အသေးစိတ် မေးမြန်း စုံစမ်းမလာ အောင် ဟန့်တားခဲ့သည်၊

'ဒီကောင်လေးဟာ လူကောင်း လေးကွယ့်၊ သမီး အတွက်တော့ ဟုတ်ချင်မှဟုတ်မယ်၊ ဒါပေမယ့်လူကောင်း ကလေးပါ'

ဘက်ဗာလီ ခေါင်းညိတ်လိုက်၏၊ စကား မပြောဝံ့ ကိုယ့်ကိုကိုယ်မယုံ၊

'ဒါပေမယ့် သူ့ ခမျာ သမီးကိုတော့ စိတ်ချမ်းသာ အောင် မထားနိုင်ရှာဘူး၊ မဟုတ်လား၊ ဟုတ်တယ်မဟုတ် လား'

ဤသို့ မိမိအိမ်ထောင်ရေးနှင့် ပတ်သတ်ပြီး ဖခင် ဖြစ်သူက ပထမဦးဆုံးအကြိမ် မိမိအား တိုက်ရိုက်ပြောဖူး ခြင်း၊ နောက်ပြီး တိတ်ဆိတ် ငြိမ်သက်နေသည့် ဆေးရုံ အခန်းထဲမှာ၊ သည်အခန်းသည် သူ့ တစ်သက်တွင် နောက် ဆုံး နေသွားရသည့် အခန်းသည်၊ ဖြစ်ချင်ဖြစ်မည်၊ သူ့ မျက်လုံးတွေက ဘက်ဗာလီ မျက်လုံးတွေကို စိုက်ကြည့် နေသည်၊ ဘက်ဗာလီသဘောပေါက်လိုက်ပါသည်၊ ဖေဖေ တို့ ဆက်ပြီး လိမ်ညာပြောနေသို့ မဖြစ်တော့ကြောင်း။



'အမြဲတမ်းတော့ မဟုတ်ပါဘူး ဖေဖေ၊ လူ့ဘဝမှာ ဘာတွေ အရေးကြီးဆုံးလဲ ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မ တို့ စိတ်ကူးချင်း မတိုက်ဆိုင်ကြဘူးလေ'

'ဖေဖေ မှန်းမိပါတယ်'

သက်ပြင်းရှည်ကြီးတစ်ချက်ကို ပင်ပန်းကြီးစွာ မှုတ် ထုတ်လိုက်၏၊

'သဘာဝရဲ့ လှည့်စားချက်တစ်ခုပဲ ဆိုပါတော့ကွယ်၊ လူတစ်ယောက်ဟာ ကိုယ်နဲ့အသွင်မတူ ဆန့်ကျင်တာကို မှ နှစ်သက် မက်မောမိတယ်၊ ဒါပေမယ့် အဲဒီ ဆန့်ကျင် ဘက် အရာကို တာရှည်မက်မော မနေနိုင်တော့ဘူးဆိုတာ အနှေးနဲ့အမြန် သိမြင်လာတယ်လေ'

'မေမေနဲ့ ဖေဖေကျတော့ ဒီလို မဖြစ်ခဲ့ဘူးနော်၊ ဟုတ် တယ်မဟုတ်လား'

'မဖြစ်ခဲ့ဘူး'

သူ့အသံ တိုးတိမ်လာ၏၊ သည်တော့ အသံကို ကြား သာအောင် ဘက်ဗာလီ ခါးကိုင်းပြီး နားထောင်ရသည်၊

'ဒါပေမယ့်....ဖေဖေ အိမ်ထောင် မပြုခင်.... ဟိုတုန်း တပေါ့ကွယ်၊ တခြား မိန်းကလေးတစ်ယောက် ရှိခဲ့တယ်၊ ဖေဖေ သူ့ကို ချစ်ခဲ့တယ် သမီး၊ ခုနေမှ ဒီအကြောင်း တွေ ပြန်ပြောလို့ ထိခိုက်စရာ မရှိတော့ပါဘူးလေ၊ ဖေဖေ ဟာ ဖေဖေ့ တစ်သက်မှာ သူ့ကို ချစ်သလိုမျိုး ရင်ထဲနင့် နေအောင် ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး၊ အဲ....ဆန်းတယ်လို့ ပေါ့ကွယ်၊ ဒါပေမယ့် သူနဲ့ အဆင်မပြေနိုင်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသိတယ်၊ တစ်သက်တာ လက်တွဲဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ'

မိမိလက်ကို ဆုပ်ကိုင်ထားသော သူ့လက် ပို၍တင်းကျပ်လာသည်ကို ဘက်ဗာလီ ခံစား သိရှိလိုက်ရ၏။ ကြော်... ဒါဆိုတော့ မိမိအတွက် အသစ်အဆန်း တစ်ခုပါကလား။ မိမိဘဝများ၏ ဘဝတွေထဲတွင် အခြားသူများ ရှိခဲ့နိုင်ပါကလား ဆိုတာကို မိမိတစ်ခါမျှ မစဉ်းစားခဲ့မိပါကလား။ မေမေနှင့် ဖေဖေ့ကိုကြည့်ရတာ တစ်သားတည်းကျလွန်းသည်၊ အတွဲညီလွန်းသည်၊ ဖေဖေနှင့်မေမေတို့ကို ကိုယ်ပိုင်လိုအပ်ချက်များ၊ ကိုယ်ပိုင်ဆန္ဒများ၊ ကိုယ်ပိုင်အပ်နှံမှုများ ရှိနေသည့် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်အဖြစ် မမြင်ခဲ့၊ သူတို့ မွေးဖွားလာသည်မှာ မိမိ၏ မိဘများဖြစ်ဖို့၊ မိမိကို ကာကွယ် စောင့်ရှောက်ဖို့ပဲ ဖြစ်သည်ဟု ယူဆခဲ့၏။ တယ်လွယ်ကတ် မိုက်မဲလိုက်သည့် မိမိပါလား။

'ဒီမိန်းကလေးအကြောင်း မေမေ လုံးဝ မသိဘူးလားဟင်'

'ဟင့်အင်း...သူ ရိုပ်မိရင်တော့ ရိပ်မိမှာပေါ့၊ ရီတာကို သူတိုင်းက ချစ်ကြတာကလား၊ အင်း...ရီတာ၊ အဲဒါ သူ့နာမည်ပေါ့၊ သူဟာ ယဉ်ကျေးတယ်၊ ချစ်စရာကောင်းတယ်၊ ဟန်ဆောင်မှုကင်းတယ်၊ ဒါပေမယ့် သူနဲ့ ရာသက်ပန် မခွဲနိုင်ဘူးဆိုတာ ဖေဖေသိတယ်၊ ဒီတော့ ဖေဖေ သူ့ကိုအဆက်ဖြတ်ပြီး သမီးမေမေနဲ့ လက်ထပ်ခဲ့တာယ်၊



ဒီလိုလုပ်ရတာ မလွယ်ဘူး၊ တော်တော် စိတ်တင်းရတယ်၊ ဒါပေမယ့် ဒီလိုလုပ်တာ မှန်တယ်'

'ဒီတော့ သမီးလဲ အက်ဒီနဲ့ လက်မထပ်ခင် ကတည်းက အဆက်ဖြတ်ခဲ့သင့်တယ်လို့ ဆိုလိုတာလားဟင်'

'အဲဒါကိုတော့ သမီးပဲ ဖြေနိုင်လိမ့်မယ်သမီး၊ ဒါပေမယ့် တကယ်လို့ အဆက်ဖြတ်မှ ဖြစ်တော့မယ်ဆိုရင် ခုမှ ပဲ ဖြတ်ဖြတ်ပေါ့၊ အဲ... အနာဂတ်ဘဝဆိုတာ ရှိနေသေးတယ်လေ'

'မိမိဘဝထဲတွင်အာသာဆိုသူ တစ်ယောက် တည်ရှိနေသေးကြောင်း ဖေဖေများ ရိပ်မိနေသလားဟု ဘက်ဗာလီ ရုတ်တရက် တွေးလိုက်မိ၏၊ သို့သော် ဖေဖေ့ကို မမေးဝံ့၊ မမေးချင်၊ ထိုညသည် မေးလို့မဖြစ်၊ နောင် တစ်သက်လုံးလည်း မေးဖြစ်ချင်မှ မေးဖြစ်ပေလိမ့်မည်၊

'ဘက်ဗာလီ'

မိမိလက်ကို ဆုပ်ကိုင်ထားသည့် သူ့လက်သည် အားပျော့လာ၏၊ နေ့ကပြီး စကားတစ်ခွန်းပြောဖို့ အရှိန်အားထုတ်နေကြောင်း မြင်တွေ့နေရသည်၊

'ဖေဖေရယ်...နည်းနည်း နားလိုက်ပါဦးလား'

'ဟင့်အင်း...ဖေဖေ စကားပြောပါရစေ၊ ဖေဖေဟာ သမီးကိုလှလှမ်းလှမ်းတောက်တောက်အခြေအနေကောင်းတဲ့ဘဝမျိုးကို ပေးချင်တယ်၊ သမီးကို မြင့်နိုင်သမျှ အမြင့်ဆုံးနဲ့ ဝေးနိုင်သမျှ အဝေးဆုံး ပျံစေချင်တယ်၊ အဲဒီလို ပျံသန်းဖို့ အခက်အခဲကို မဖြတ်နိုင်ဘူးဆိုရင် ရဲရဲရင်ဆိုင်ပစ်လိုက်၊ သမီးကိုယ်သမီး

www.burmeseclassic.com

www.burmeseclassic.com



ပိုင်တယ်၊ သမီးဘဝကို သမီးပဲ ဖန်တီးရမယ်၊ အဲဒီလို ဖန်တီးဖို့ ဘဝကို တစ်ကိုယ်တော် ရင်ဆိုင်ရမယ်ဆိုလဲ ရင်ဆိုင်ရဲတဲ့သတ္တိတွေ သမီးမှာ ရလာလိမ့်မယ်'

'နုနော့ ဘာမှ တိတိကျကျ မဆုံးဖြတ်ရသေးပါဘူး ဖေဖေ'

ဘတ်ဗာလီ လိမ်ပြောလိုက်၏၊ မိမိ မျက်နှာထား အလိမ်ပေါ်မနေပါစေနှင့် ဆုတောင်းရသည်။

'ကဲ....ဖေဖေ စကားတွေ သိပ်ပြောနေလို့ မဖြစ်ဘူး' ဆရာဝန်က ကြိုက်မှာ မဟုတ်ဘူး'

'ဖေဖေ သမီးကို သိသွားစေချင်တဲ့ အချက်က ဖေဖေ ရီတာကို စွန့်ခွာခဲ့တဲ့အတွက် ဘယ်တုန်းကမှ နောင်တမရဘူး ဆိုတာပဲ'

ခဏမျှ မျက်လုံးတွေကို ပင်ပန်းနွမ်းနယ်စွာ ပိတ်လိုက်၏၊ ထို့နောက် စကားဆက်ပြောသောအခါ သူ့အသံသည် သက်ပြင်းရှူသံ သာသာမျှသာ၊

'ဖေဖေသာ ရီတာနဲ့ လက်ထပ်ခဲ့ရင် သမီးကို ဘယ်ရမလဲ၊ သမီးက ဖေဖေ့ဘဝကို အသည်းနှလုံး တပ်ဆင်ပေးလိုက်တာပဲ ဘက်ဗာလီ'

ပြုံးဖို့ အားထုတ်၏၊

'သမီးတပ်ပေးခဲ့တဲ့ အသည်းနှလုံးဟာ လူ့ခန္ဓာကိုယ်တွေထဲမှာ တပ်ဆင်ထားတဲ့ အသည်းနှလုံးထက်ပိုပြီး ခိုင်မာတယ်၊ ပိုပြီး အဓိပ္ပာယ်ရှိတယ်လို့ ဖေဖေထင်တယ်လေ'



'ဖေဖေရယ်... ဖေဖေ့ကို သမီး မြတ်နိုး ကိုးကွယ်ပါတယ်'

'ဖေဖေလဲသမီးကို ချစ်ပါတယ်၊ ဒါပေမယ့် အားကိုးအားထားအဖြစ် လက်ကိုင်ထားရမှာက သမီးရဲ့ကိုယ်ပိုင်အတ္တ၊ သမီးရဲ့ကိုယ်ပိုင် သတ္တိပဲဆိုတာ အခုနေ့နဲ့အမြန် သမီး သိမြင်လာလိမ့်မယ်၊ သမီးရဲ့ဘဝမှာ အရှုံးပွဲနဲ့ ဂိတ်မသိမ်းရအောင် ကယ်နိုင်တာ အဲဒါပဲရှိတယ်၊ မှတ်ထားနော် သမီး'

'စိတ်ချပါဖေဖေ၊ သမီးမှတ်ထားပါ့မယ်'

* * *

ထိုညမှာပင် ဟယ်ရီ ကွယ်လွန်သွားသည်။ ပထမ မေ့မျောနေသည်၊ သူ့လက်တစ်ဖက်က ဘက်ဗာလီ လက်ကို ကိုင်ထားဆဲ၊ သို့သော် နောက်တစ်နာရီလောက် အကြာမှာတော့ ဘဝတစ်ဇာတ် သိမ်းသွားပြီ ဖြစ်ကြောင်း ဘက်ဗာလီ သိလိုက်ရသည်။

ဖခင် ကွယ်လွန်ပြီးနောက်ပိုင်း ရက်သတ္တပတ်များ အတွင်းမှာတော့ ဖေဖေ မကွယ်လွန်မီ မိမိအား ပေး

www.burmeseclassic.com

www.burmeseclassic.com





သွားသည့် နောက်ဆုံး လက်ဆောင်မွန်ကြောင့် ဘက်...းသွားသည်။ တစ်ညတွင် ညစာအတူ စားနေရင်း
ဗာလီ ကျေနပ်မိသည်။ ကျေးဇူးတင်မိသည်။ တကယ်တော့ ...ညီမဝမ်းကွဲတော်သူထံ စိတ်ပြေလက်ပျောက် သွား
ဖေဖေတာ မိမိကို ခွန်အားတွေ ပေးသွားခြင်းမဟုတ်လား ...မည် ဖြစ်ကြောင်း၊ ဘက်ဗာလီကို ပြောသည်။
ကြွားရှင်းပြတာမှုကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်စေမည့် ခွန်အား... 'အဲဒီအကြံ ကောင်းပါတယ် မေမေ၊ ဘာပဲဖြစ်ဖြစ်
များ၊ နောက်ပြီး မိမိဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော...င်းပြီး နေကြည့်ပေါ့၊ သမီးဘဝကတော့ ကုန်တိုက်မှာ
ဖေဖေ ဆမီး ဘဝသည် အချိန်ကာလများနှင့်အတူ လုံး...ယ်လို့ရှိတယ်ဆိုတာ မေမေ အသိပဲလေ၊ သမီး၊ နောက်
ချုပ်ငြိမ်း ပျောက်ကွယ်သွားပြီဟူသော အသိတရား ...င်ဆင့် ရာထူးတက်တော့မယ်လို့ ဆီလ်ဗီယာက ပြော
သူက တတ်နိုင်သလောက် အချိန်ယူပြီး မိခင်ဖြစ်သူ...ယ်၊ အဝယ်တော်ရာထူးကို အပြည့်အဝ ရတော့မယ့်
အနားတွင် နေပေး၏။ သို့သော် ရက်တွေကြာလာတော့... အခိပ္ပာယ်ကတော့ ခုထက်ကို အလုပ်များတော့
မိမိတို့နှစ်ယောက်တွင် ပြောစရာ စကား တော်တော်...း ကိုယ်ပိုင်အချိန် နည်းတော့မယ်'
ရှားပါးလာပါတာလား ဆိုတာ သိလာရသည်။ 'မေမေ သိပါတယ်ကွယ်၊ သမီးရဲ့ အောင်မြင်မှုအတွက်
ခါတိုင်းကတော့ မိမိသည် ဖေဖေ့ကိုသာ အခိ...း ဖေဖေကဆို အရမ်းဂုဏ်ယူတာကလား၊ ခုလောက်
ထားပြီး ပြောခဲ့သည်။ ဖေဖေ့ကိုသာ အားထားခဲ့သည်။ ...ောင်မြင်မှုရရင် သမီး စိတ်ချမ်းသာလောက်ပြီလို့ မေမေ
ဖေဖေက မိမိအား စကားတည်းက အားပေး အားမြှောက်...ာ်လင့်ပါတယ်ကွယ်'
ပြုခဲ့သူ မဟုတ်လား။ မိမိ စိတ်ဓာတ် ကြံ့ခိုင်အောင်...
အမှီခိုကင်းစွာ နေတတ်အောင်၊ လောကကြီးကို ရင်ဆိုင်...
ရဲအောင် ပြုစုပျိုးထောင်ပေးခဲ့သူ မဟုတ်လား။ မေမေ...
ကတော့ ထုံးစံအတိုင်း အဆင်ခြင်ကြီးသူ။ ငိုးရိမ်သောက... * *
များသူ။ ပြီးတော့ အဆိုးတကာ့ အဆိုးများကို မျှော်လင့်...
ထားတတ်သူ။

ယခုအခါ မေမေက မိမိနှင့်အတူ လာနေချင်သည်... 
သိသော် မိမိ မဖိတ်ခေါ်နိုင်၊ သည့်တော့ ဖိတ်ခေါ်ဖို့က... ...က်ဗာလီအားမိခင်ဖြစ်သူကပါထာဝရခွဲခွာသွားချိန်
အချိန်ဆွဲနေသည်။ နောက်ဆုံး မေမေက သူ လမ်း၊ သူ... မေလှသို့ ရောက်နေပြီး၊ သည့်တော့ ဘက်ဗာလီသည်

www.burmeseclassic.com



အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားသော သူ့ဘဝအပိုင်း
အစများကို အချိန်ယူ မနန်တင်းပြီး ပြန်လည် ဆက်
ပျိုးထောင် ရတော့၏။

အသုဘချပြီး နောက်ပိုင်း ရက်သတ္တပတ်များအတွ
အာဃာတ သူ့ဆီ ဖုန်းဆက်သည်။ သို့သော် တွေ့
သော ဆန္ဒထက် တာဝန်အရ ဆက်ခြင်းဖြစ်ကြော
ဘက်ဗာလီ ရိပ်စားမိ၏။ သူတို့နှစ်ယောက် ညစာအ
စားဖြစ်ကြသည်။ သို့သော်မယ့် အမြဲတစေ မဟုတ်။ တစ်
တစ်ရံမျှသာ။

ဘက်ဗာလီသည် ဖခင်အဆုံးပြီးကတည်းက အာသာ
ဆက်ဆံရာတွင် ယခင်ကထက် ပိုပြီး ထိန်းချုပ်လာသ
ယခင်ကလို သိပ် လိုက်လိုက်လျောလျောကြီး မဆက်
ဖြစ်၊ ယခုအခါ အာသာနှင့် တွဲနေမိခြင်းကို အက်
တရားဝင် ဇနီးဘဝမှာ တုန်းကထက် ပိုပြီး လိပ်ပြာမ
ဖြစ်နေမိ၏။ အာသာ့ဘက်ကလည်း ဝတ်ကျေတန်း
သဘောမျိုး ဖြစ်လာသည်ကို သတိထားမိသည်။ တ
တွင် အာသာက တောင်ပိုင်းရှိ စက်ရုံများကို စစ်ဆေး
တစ်လလောက် ခရီးထွက်ရမည်ဟု ပြောလာတော့
ဗာလီ စိတ်ထဲ ခပေါ့ပေါ့သွားမိ၏။

အခြား၊ အချိန်မျိုး ဆိုလျှင်တော့ မိမိ စိတ်ထဲ
တစ်မျိုးတစ်မည် ခံစားရချင် ခံစားရဦးမည်။ သို့
မိမိ နှစ်ရှည်လများ မျှော်လင့်တောင့်တခဲ့သည့် အ
တော် ရာထူးကို တိုးမြှင့်ခံစားခွင့် ရလိုက်တော့ အ



ပ်ငန်းခွင်ဘက် ပိုရောက်သွားသည်။ သူသည် အခြား
ယ်တန်း အဝယ်တော်နှစ်ယောက်နှင့် အတူ တွဲထိုင်ရ
ည့် ရုံးခန်းကလေးမှ ထွက်ခဲ့ရသည်။ သူတို့ အမှုဆောင်
ရှိများ၏ ရုံးခန်းများရှိသည့် အထပ်သို့ တင်ပေး
က်သည်။ သူ့ရုံးခန်းက ဆီလ်ဗီယာ့ ရုံးခန်းနှင့် ကပ်
က်၊ အခန်း အလှပြင်သမား ဂယ်ရီက သူ့ရုံးခန်းကို
စ်လွင်တောက်ပသော အရောင်များဖြင့် အလှဆင်ပေး
ည်။ သည်တော့ မိမိ ရုံးခန်းလေးမှာ ပြတင်းပေါက်
သည်ကိုပင် သတိမထားမိလောက်အောင် လှပ သွား
းသွားသည်။

'ကဲ.... ချာတိတ်၊ နောက်ဆုံးတော့ ဒီအထပ်ကို
ာက်လာပြီပေါ့'

ဆီလ်ဗီယာက လက်ဆောင် အဖြစ် ယူလာသည့်
းပွည်းကို ခေတ်မီလှပသော စားပွဲပေါ် တင်ပေးရင်း
ပြော၏။

'ဂယ်လိဘီ ကုန်တိုက်သက်တမ်းမှာ အသက် အငယ်
း အဝယ်တော်ကြီးရာထူးကို မှင်း ပထမဆုံး ရတာပဲ၊
ထဲမှာ ဘယ်လိုနေလဲ'

'အမေ့မ်း ဝမ်းသာတာပေါ့ မမရယ်'

ဘက်ဗာလီ ရိုးရိုးသားသား ဝန်ခံ၏။

'ဒီဆောင်းတွင်းကတော့ ကျွန်မကို ဘယ်လိုမှ ပြန်
ွက်နိုင်တော့တဲ့ ဥမင်လိုဏ်ခေါင်းရှည်ကြီးထဲ ဝင်နေရ

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ၊ ခုမှပဲ မြို့ထဲမှာ နေ့ဦးကျလာပြီလို့ ခံစားသ…
တော့တယ်’

‘နေဦး ကျ မှကျ ဆောချာကြည့်ချင်သပါ ဆိုရင် မမ…
ခန်းထဲက ပြတင်းပေါက်ကနေ လာကြည့်လေကွ…
နေကြပြီး နေ့ရောင် ပြပွဲတွေကိုသွားဖို့ မမတို့အတွ…
လက်မှတ်တွေ ရထားပြီ၊ မင်း ပီတိဖြစ်စရာ သတင်းတ…
ဟာ တို့နှစ်ယောက်ကို ဝယ်လ်ဘီက အခမ်း မြေ့ကျ…
နေပြီကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်ခါ တို့နှစ်ယော…
လေယာဉ်ပျံနဲ့ သွားရမယ်၊ ပြီးတော့ ‘ရစ်ဇ်’ ဟိုတယ်…
ကိုယ့်အခန်းနဲ့ကိုယ် တည်းခွင့်ပြုလိုက်တယ်ရှင့်’

‘ရစ်ဇ် ဟိုတယ်မှာ….’

‘ဟုတ်ပါ့ရှင်၊ မာဒ် ခွေးဇွာယ်ရှယ်နယ်နဲ့ မျက်နှာချ…
ဆိုင် လမ်းတစ်ဘက်ခြမ်းမှာပေါ့၊ အဲဒီတော့ မင်းကြို…
သလိုသာ ကောက်ချက်ဆွဲပေတော့’

‘ဒါပေမယ့် …. ရစ်ဇ်ဟိုတယ်မှာ၊ ဟုတ်လား ဆီ…
ယာ သူတို့ ဘယ်တုန်းကမှ အဲဒီလောက် အကုန်အ…
မခံဖူးတာ’

‘မမ သိပါတယ်၊ နောက်ပြီး ဘာဖြစ်လာဦးမယ်…
လဲ၊ မင်းအခန်းဟာ မင်းအဘိုးကြီးအခန်းနဲ့ ကပ်လျက်…
ချင် ဖြစ်နေဦးမှာ၊ အဲသာပါဝါလဲ့ အဲဒီအချိန်လော…
မှာ ပါရီကိုသွားမယ်လို့ မမ သတင်းကြားတယ်၊ သူ…
ရစ်ဇ်မှာပဲ အမြဲတည်းတဲ့လူ မဟုတ်လား’



ဘက်ဇာလီအား လက်တစ်ဖက် ဝှေ့ယမ်းပြပြီး ဆီလ်…ဗီယာသည် ရုံးခန်းထဲ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွား၏။

* * *

ခရီးမထွက်မီ ရက်သတ္တပတ်များအတွင်း ဘက်ဇာလီသည် အာသာထံ တယ်လီဖုန်းဆက်ရေး၊ မဆက်ရေးကို ချီတုံချတုံ ဖြစ်နေသည်၊ မိမိတို့ နှစ်ဦး၏ ဆက်ဆံရေးသည် ယခင်အတိုင်း ရှိသေးသလား၊ မရှိတော့ဘူးလားဆိုတာကို အတိအကျ မပြောနိုင်။ အာသာကို အခြားမိန်းမများနှင့် တွေ့တွေ့နေကြောင်း သတင်းစကားတွေ ကြားရသည်၊ တစ်ခါတစ်ရံ သူနှင့် ပတ်သက်နေသည့် သတင်းတွေ သတင်းစာထဲ ပါလာတတ်၏။ ထိုသတင်းမျိုး ပါလာလျှင် ‘မိတ်ဆွေဘောင်း’ တစ်ယောက်က သေချာချာ မင်နီတားပြီး မိမိစားပွဲပေါ် လာတင်ထားလေ့ရှိသည်၊ ထိုသို့ ဝတ္တရားမပျက် လာတင်နေသူမှာ ကာရင်လန်ဒါဆိုသည့် အမျိုးသမီး ဖြစ်မည်ကို ဘက်ဇာလီ သံသယဖြစ်မိ၏။ ကာရင်လန်ဒါက မိမိနှင့် လုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းခွင်ပြိုင်ဖက်တစ်ဦး၊ မိမိသည်လေးကော် ရာထူးအတက် မြန်သည်ကို မနာလို ဖြစ်နေသူ တစ်ဦး၊

မိမိအားခင်မင်နှစ်လိုသော မစ်ဂျိကတော့ အိမ်ထောင်ကျပြီး ကိုယ်ဝန် ထင်ပေါ်လာသည်နှင့် အလုပ်မှထွက် သွားပြီ။

သို့သော် ပါရီသို့ သွားရဖို့ ရက်နီးလာတော့ တာပဲ ဖြစ်ဖြစ် အာသာအား မိတ်ဆွေတစ်ယောက် အနေဖြင့် တော့ အသိပေးသင့်သည်ဟု ဘက်ဗာလီ ဆုံးဖြတ်လိုက် သည်၊ သို့ဖြင့် အာသာ့ထံသုံးလေးကြိမ် တယ်လီဖုန်းဆက် သည်၊ သို့သော် အာသာတစ်ခါမှ သူ့ရုံးခန်းမှာ မရှိသည် တော့ ပရိယာယ်ကြွယ်စွာဖြင့် စာတစ်စောင် ရေးပို့လိုက် သည်၊ စာထဲတွင် မိမိ ပါရီသို့ သွားမည်ဖြစ်ကြောင်းနှင့် တည်းခိုမည့်နေရာ၊ ရှိနေမည့်ရက်များကို ဖော်ပြလိုက် သည်၊ သည့်ထက်ပိုလို့တော့ မကောင်း၊ သည့်ထက်ပိုရေး လိုက်လျှင် သူ့နောက်ကို မင်းမင်းတက် လိုက်သလို ဖြစ် သွားနိုင်သည်၊ ထိုသို့ဖြစ်သွားလျှင် မိမိကို နှစ်ယောက် ပိုပြီး အလှမ်းကွာသွားနိုင်သည်လေ၊

ခုတော့ အာသာ မိမိကို တွေ့ချင်သေးသည်ဆိုလျှင် အာသာ့အပေါ်မှာပဲ မူတည်တော့သည်။

ခုဆို မြို့တော်အတွင်းရှိ မိမိ၏ ဝန်းကျင်တစ်ခွင်တွင် နွေဦးရာသီ ဖူးပွင့်လာပြီ၊ မိမိသည်လည်း ယခင်တလို ပြန်လည် အဆက်ဝင် လှုပ်ရှားနေပြီ၊ သို့သော် ရိုးသား ဖြောင့်မတ်စွာ ဝန်ခံရလျှင် မိမိဘဝ၏ အရေးကြီးသော

www.burmeseclassic.com



အစိတ်အပိုင်းတစ်ခုမှာ အာသာနှင့် ဆက်နွယ် ပတ်သက် နေမှုပင် ဖြစ်၏၊ တကယ်လို့ အာသာနှင့် ဆက်နွယ်ပတ် သက်မှု ရှိနေသေးသည်ဆိုလျှင်ပေါ့လေ၊

* * *

ပါရီသို့ လေယာဉ်ခရီးမှာ ချောချောမောမောပင်။ ရစ်ဇ်ဟိုတယ်တွင် သူနှင့် ဆီလ်ဗီယာရသည့် အခန်းမှာ သက်တောင့်သက်သာ နေနိုင်လောက်အောင် ကျယ်ဝန်း၏၊ သို့သော် ကုန်တိုက်မှ သတ်မှတ်ပေးလိုက်သည့် အသုံး စရိတ်မှ ဗန်ဒုံး စံအိမ်တော်ကြီးကို မြင်နေရသည့်ဘက်ရှိ အခန်းများတွင် တည်းခိုနိုင်လောက်အောင် မရ။

သည်တော့ သူတို့နှစ်ယောက်သည် ရှယ်နယ်အရောင်း ဆိုင်ကြီးရှိသည့် လမ်းကျဉ်းကလေးကိုသာ ငုံ့ကြည့်ကြရ သည်၊ ဆီလ်ဗီယာက ဘက်ဗာလီအား ထူးခြားထင်ရှား လှသည့် မာဒမ် မွာဇယ်ရှယ်နယ်၏ဘဝဇာတ်ကြောင်းများ ကို ပြောပြ၏၊ ယခုအခါ အသိုပါ အမျိုးသမီးကြီးသည် ငင်းပိုင်ဆိုင်ထားခဲ့သည့် ပြင်သစ် ဖက်ရှင် လောက၏ ခေါင်းဆောင်အဆင့်ကို ပြန်လည်ရယူ သိမ်းပိုက်ထား

www.burmeseclassic.com



ပြန်ပြီဖြစ်၏။ ဘက်ဗာလီကတော့ အဆိုပါပြင်သစ်အမျိုးသမီးကြီးနှင့် ဆုံတွေ့ချင်စိတ် ပြင်းပြနေသည်။

သို့သော်...မာဒမ် မွာ ဇယ် ရှယ် နယ် ၏ ပြပွဲများမှာ အမျိုးသမီး များဖြင့် ကျပ်ညပ်နေသည်။ အခန်းထဲတွင် ပြင်သစ် စီးကရက်နံ့ များဖြင့် မွန်နေသည်။ နောက်ပြီး မိမိပိုင် ဖက်ရှင် အင်ပါယာကြီးကို မိမိကသာ ဖန်ဆင်းခဲ့သော ဆေးသေးညှက်ညှက် အမျိုးသမီးကြီးက မျက်နှာဆစ်များနှင့် တွေ့ဆုံမည် ဆိုလျှင်လည်း အခြားအမျိုးသမီးများနှင့်သာ တွေ့ဆုံပေလိမ့်မည်၊ ဘာကြောင့်ဆို သူတို့က ဝယ်လ်ဘီကုန်တိုက်မှ ဝယ်နိုင်သော အဝယ်တော်လေးထက် အဆရေးပါ အရာရောက်သူများ ဖြစ်နေသောကြောင့်ပင်။

ပြပွဲပြီးသွားတော့ မိမိကြိုက်နှစ်သက်သော ဖက်ရှင်ပုံစံများကို ရေးမှတ်ထားသည့် မှတ်စုစာအုပ်ကလေးကို ကိုင်လျက် ဘက်ဗာလီ အခန်းအပြင်ဘက်သို့ လွင့်ထွက်လာသည်။

ဆိုင်ခန်းနှင့် မျက်နှာချင်းဆိုင်ရှိ ကားရပ်သည့်နေရာတွင် မတ်တတ်ရပ်နေသူမှာ အာလစ်။

'မင်းကြည့်ရတာ ခြေကုန်လက်ပန်းကျနေပုံပဲ၊ လာ.... ယစ်ရွှေရည်လေး တစ်ခွက် တစ်ဖလားလောက် သောက်လိုက်ကြရအောင်လား၊ ဒါမှ မဟုတ် သိပ် စောနေသေးလား'



အာလစ်က နှုတ်ဆက်စကားပင် မဆိုဘဲ ဆီးပြော၏။

ဘက်ဗာလီက ယမကာသောက်ဖို့ သဘောတူလိုက်သည်၊ သည်တော့ သူက ပိုင်စိုးပိုင်နင်းပင် ဘက်ဗာလီ့လက်ကို ဆွဲချိတ်ပြီး ရစ်ဇ် ဟိုတယ်ထဲဝင်ခဲ့၏၊ သူ့အတွက် သီးသန့် သတ်မှတ်ထားပုံရသည့် ထောင့်စားပွဲတစ်လုံးတွင် ဝင်ထိုင်သည်။ အရက်ကောင်တာမှ ဂျော့က သူဝင်လာသည်ကို မြင်သည်နှင့် သူတို့အတွက် ယမကာကို ရောစပ်နေပြီဖြစ်၏၊ သူတို့စားပွဲတွင် လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း မထိုင်ရမီအထိ ဘက်ဗာလီသည် အာသာ့ မျက်နှာကို ကြည့်ရှု အကဲခတ်ခွင့် မရသေး။

သူ့ကြည့်ရတာ ပါရီမှာ ပထမဦးဆုံးအကြိမ် တွေ့ရတုန်းက အတိုင်းပင်၊ သည်တော့ ဘက်ဗာလီ ရင်ထဲ လှိုင်းကြက်ခွပ်များ တသိမ့်သိမ့် လူးလွန့်လာသည်၊ ယခင်အခါ ပါရီမှာ ပျော်ခဲ့ရသည့် နေ့ရက်တွေတုန်းကအတိုင်း ရမ္မက်ဆန္ဒများ ရုတ်ချည်းကြွထလာသည်၊ တို့နှစ်ယောက် အမြဲတမ်း ပါရီမှာ တွေ့သင့်သည်ဟု စဉ်းစားပြီး တစ်ကိုယ်တည်း သဲ့သဲ့ပြုံးမိသည်။

'အေး....ဒီလိုမှာပေါ့၊ အပြင်မှာတုန်းက မင်း ကြည့်ရတာ ညှိုးမှိုင်းနေတာပဲ'

'ပြပွဲ မွန်းသိပ်နေတာ၊ နောက်ပြီး ဆောင်းတွင်းကာလဲ ဆိုင်းမှိုင်းပါတီသနဲ့'

'သိတယ်၊ ကိုယ် မင်းကို လွမ်းနေတာ ဘက်ဗာလီ'

www.burmeseclassic.com



'ကျွန်မလဲ ရှင့်ကို လွမ်းတာပါပဲ အဖေသာ'

စားပွဲပေါ် တင်ထားသည့် အမျိုးသမီး၏ လက်ကို ဆုပ်ကိုင်လိုက်၏၊ သူ့လက်ချောင်းများနှင့် သူ့ ကိုယ်ခန္ဓာတွင်းမှ လျှပ်စစ်ဓာတ်များကို ကူးယူခံစားလိုက်ရပြန်၏။ ဘက်ဗာလီသည် အဖေသာနှင့် နောက်ဆုံး တစ်ကြိမ် တွေ့ပြီး နောက်ပိုင်း အခြား ဘယ်ယောကျ်ားနှင့်မှ မတွဲခဲ့၊ တွဲလည်း မတွဲချင်၊ တွဲဖို့ကိုလည်း သတိမရခဲ့၊

ကုန်တိုက် အလုပ်များနှင့် အိန်ဂျလာ့ နေရေးထိုင်ရေး ကိစ္စများကို စီစဉ်နေရသဖြင့် ဘက်ဗာလီမှာ မိမိ၏ ပျော်ရွှင်ရေးကို စိတ်ကူးချိန် မရခဲ့၊ မိမိ၏ အင်အားများကို အသုံးပြုခွင့် မရခဲ့၊

ကဲ.... ခုတော့ မိမိဘဝထဲ အဖေသာ ပြန်ရောက်လာပြီ။ ထုံးစံအတိုင်း မြူးကြွစွာ၊ ဂနာမငြိမ်စရာ၊ စွဲမက်ချင်စရာ၊ တစ်ခုပဲရှိသည်၊ မိမိက အရင်တစ်ခေါက် ပါရီကို လာတုန်းက ဘက်ဗာလီ မဟုတ်တော့၊ ကိုယ့်စိတ်ကို ထိန်းချုပ်ထားသော၊ လူမှုရေး စည်းကမ်း ဘောင်တွေဖြင့် အချုပ်ချယ်ခံနေရသော မိန်းမငယ်လေး မဟုတ်တော့၊ ယခု ဘက်ဗာလီသည် အဖေသာကို လက်တစ်ကမ်း အကွာမှာ ထားနေဖို့ မလိုအပ်တော့သူ၊ မိမိ၏ သင်ယောကျ်ား အပေါ် သစ္စာထားနေစရာ အကြောင်း မရှိတော့သူ၊ မိမိ၏ လုပ်ရပ်အတွက် ကိုယ့်မိသားစု အရှက်ရမှာကို ငဲ့နေစရာ မလိုတော့သူ၊



တခါက်လောက်တော့ ရင်ထဲ ထိတ် ဖို သွားသည်။ ကြောက်လန့်သွားသည်၊ မိမိဘဝမှာ ရင်ဆိုင်စရာတွေ.... စိန်ခေါ်စရာတွေ.... အများကြီးရှိပါသေးကလား၊

ဘာပဲဖြစ်ဖြစ် မိမိ ငယ်ဘဝက စောင့်ထိန်းလိုက်နာခဲ့ရသည့် လူမှုရေး စည်းမျဉ်း စည်းကမ်းဟောင်းများ၊ မိမိဘဝတွင် လှောင်အိမ်သံတိုင်များလို ထီးထီး မားမား၊ ဟန့်တားကာဆီးထားသည့် လူ့စည်းကမ်းများက မိမိဘဝကို လုံခြုံစိတ်ချရအောင် ဖန်တီးပေးနိုင်ခဲ့ပါသည်၊ သည်နေ့၊ သည်ရက်၊ သည်ခေတ်မှာတော့ အဆိုပါ လူ့စည်းကမ်းများကို ဘယ်သူမှ အလေးထား လိုက်နာခြင်း မရှိတော့၊ ထို့အတူ လူတစ်ယောက်၏ ဘဝ လုံခြုံရေး အတွက်လည်း အာမခံနိုင်ခြင်း မရှိတော့၊

အသက် ဆယ့်ရှစ်နှစ်တွင် မိမိ လူသားမြောက်ပြီဟု ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချစွာ ခံယူထားသည့် မိန်းကလေး တစ်ယောက်အနေဖြင့် နောက် ဆယ်နှစ်လောက် အကြာ ယခုအခါတွင်မှ အားကိုးရာမဲ့ ကလေး တစ်ယောက်လို ခံစားနေရ၏။

'ဘက်ဗာလီ၊ မင်း စိတ်တွေ အဝေးကြီးကို လွင့်နေသလိုပဲ'

'မဟုတ်ပါဘူး'

အဖေသာ့လက်ကို အသာအယာ ဖျစ်ညှစ်လိုက်၏။ ထို့နောက် ယမကာခွက်ကို လှမ်းယူမည်ဟန်ဖြင့် လက်ကို ရုပ်လိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ဒီမှာ နေစက်ထပ် နှစ်ပတ်တိတိ ရှိနေဦးမယ်။ ကိုယ်တို့ချင်း မကြာမကြာ ဆုံတွေ့နေခွင့်ရမှာပါနော်'

'ရမှာပါ'

'ဒီည ညစာအတူ စားမယ်လေ၊ တူဝါဒါးဂျင့် ဟိုတယ်မှာ ကိုယ့်ဖို့ သီးသန့်စားပွဲ မှာထားတယ်၊ ကိုးနာရီပေါ့'

'ကောင်းသားပဲ'

သည်ဟိုတယ်အကြောင်း ဘက်ဗာလီ ကြားဖူးနေတာ ကြာပြီ။ နာမည်ကြီးလှသည့် သည်ဟိုတယ် စားသောက်ခန်းမှ လှမ်းကြည့်လျှင် ထိန်ထိန် ညီးနေ သည့် ပါရီမြင်ကွင်းကို မြင်ရမည်၊ လှပ ငြိမ့်ညောင်းသော စိန်းမြစ်ကို မြင်ရမည်၊ သည်ဟိုတယ်က ဘဲနှင့် ပတ်သက်သည့် အစားအသောက်မှာ နာမည်ကြီး။ စုံတွဲ လာရောက် စားသောက်သူများ အတွက် ကြည်နူးစရာ အကောင်းဆုံး နေရာ။

မိမိ ရောက်ဖူးအောင် သွားရမည်ဟု တေးမှတ်ထားသည့် နေရာများထဲတွင် သည်ဟိုတယ်လည်း တစ်နေရာ အပါအဝင်၊ သည်ဟိုတယ်သို့ မိမိနှင့်ဆီလီဗီယာ သွားလျှင်လည်း ရသည်၊ သို့ပေမယ့် မိမိတို့ မိန်းမသား နှစ်ယောက်တည်း သွားလျှင် လူတွေ ကျပ်ညပ်နေသည့် စားသောက်ခန်းထဲတွင် အဆိုးဆုံး စားပွဲတွင် နေရာချပေးကြမည် မုချ။



သည်နေရာမျိုးသို့ အသာနှင့် သွားလျှင်တော့ တစ်မျိုး။ စားပွဲထိုးအုပ်စုခေါင်းဆောင်များက ပြုံးရယ်ရွှင်ပျ နှုတ်ခွန်းဆက်ကြလိမ့်မည်၊ စားပွဲထိုးများက ဦးညွှတ် ကြိုဆိုကြလိမ့်မည်၊ နောက်ပြီး လိုခလေးသေးမရှိ ပြုစု စောင့်ခံကြလိမ့်မည်။ ဘာကြောင့်ဆို မိမိနှင့် ပါလာသည့် အမျိုးသားမှာ သြဇာတိက္ကမကြီးသူ၊ ချမ်းသာကြွယ်ဝသူ၊ အရာရာကို စီမံ ခန့်ခွဲနိုင်သူ ဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် ရှယ်တစ်ယောက် အေမရီလို လူမျိုးနှင့် အိမ်ထောင်ပြုဖို့ ဆန္ဒရှိသည်ကို ဘက်ဗာလီ စာနာ နားလည်နိုင်ပါသည်။ ရှယ်လို ရိုးသားပြီး မိန်းမသားဆန်သူ တစ်ဦး အနေဖြင့် အိမ်ဦးနတ်သခင်၏ နောက်နားမှာ ဆင်လျက်ဖဝါး ထပ်ချပ်မကွာ လိုက်ချင်မည်မှာ ဓမ္မတာ။

စားသောက်ခန်း၏ တစ်ဘက်တွင် လူတစ်ယောက်ကို လှမ်းမြင်လိုက်ရ၏၊ မြင်ဖူး တွေ့ဖူး နေသည့် မျက်နှာ။ သူက အသာ လက်မောင်းကို တို့လိုက်၏။

'အသာ၊ ဟိုမှာကြည့်စမ်း၊ အဲဒါ ဟိုဆေ မဟုတ်လား'

ကုန်လွန်ခဲ့သည့် ဆောင်း ကာလအတွင်း သူသည် သူ၏ ယောင်းမဟောင်းနှင့်တော့ ယောင်းမဟောင်း၏ ချစ်သူနှင့်ပါ မတွေ့ဖြစ်၊ မဆုံဖြစ်ခဲ့၊ သို့ပေမယ့် မာရီယံ ချစ်ဖော် ဟိုဆေကို မိမိ ကောင်းကောင်း မှတ်မိပါသည်။

ဟိုဆေက ထိုင်နေရာမှ ဖင်ကြွကာ အရပ်ရှည်ပြီး တော်တော်ကြီး၊ ပိန်သည့် ဆံနီ အမျိုးသမီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆီးကြို နှုတ်ဆက်သည်။ ယည်အမျိုးသမီးကို လွန်ခဲ့သည့် တစ်နာရီခန့်လောက်ကပင် ဘက်ဗာလီ တွေ့ခဲ့သော သည်။ ရှယ်နယ်၏ ပြပွဲတွင် အင်္ကျီပုံဆန်းများကို ဝတ်ဆင်ပြသခဲ့သည့် ကိုယ်ဟန်ပြမယ်ကလေး၊ သူတို့နှစ်ယောက်စလုံး ဘက်ဗာလီနှင့် အာသာကို ကျော်ပေးလျက်၊ သို့သော် ကောင်မလေး၏ ပခုံးကို ဟိုဆေ ကိုင်လိုက်ပုံက ပိုင်စိုးပိုင်နင်းဖြစ်နေသည်မှာ သိသာလှသည်။

'အဲဒါ ဟိုဆေပေါ့'

အာသာ တိုးတိုးတုတ်တုတ် ပြောရင်း ငွေချေဖို့ လက်မှတ်ထိုးသည်။

'အဲဒါ သူ့မိန်းမ မဟုတ်ပါဘူးနော်'

ဘက်ဗာလီ သိသိကြီးနှင့် မေးလိုက်၏။

'မဟုတ်ဘူး၊ သူ့မိန်းမ မဟုတ်သလို မာရီယံ လဲ မဟုတ်ဘူး။ ဒါပေမယ့် မင်းကဒီလူကို သစ္စာတရားကြီးမားတဲ့ လူလို့များ ထင်နေလို့လား'

'အဲဒီလို ထင်ချင် ကျွန်မ အရူးလွန်းရာ ကျမှာပေါ့။ မဟုတ်ဘူးလား'

ဟိုတစ်ညနေက မိမိအခန်းမှာ စိုးရိမ်ပူပန်စွာ ပြောသွားသည့် ဂျိန်း၏ စကားများကို သတိရမိ၏။ ဪ... တော်တော် အမြော်အမြင်ရှိသည့် အမျိုးသမီးကြီး ပါလား။ သည်တော့ မိမိကကော၊ မိမိနှင့် အာသာ၏ နေစဉ်ရေးသည်လည်း သည့်လိုပဲ ဖြစ်မှာလားဟု စိတ်ဓာတ်ကျစွာ တွေးမိ၏။ မိမိကော သည်လိုပဲ အာသာနှင့်



ဒတွဲတွဲ လုပ်နေမှာလား၊ မိမိအတွက် အာသာ စီမံပေးသည့် အစီအမံများကို နာခံ လိုက်လျောနေမှာလား။ လောက်ပြီးအချိန်တန်တော့ ယခု မာရီယံကို ဟိုဆေစွန့်ပစ်သလို အာသာက မိမိအားစွန့်ပစ် သွားတာခံမှာလား။

သည်အဖြစ်မျိုးတော့ အဖြစ်မခံနိုင်။ ဒါဆိုသည်သည အာသာနှင့် ညစာစားဖို့ အစီအစဉ်ကို ဖျက် လိုက် ရကောင်းမလား။ သို့သော် သူ့ဘာမှ မပြောနိုင်မီ အာသာက သူ့နား အနီးကပ်ပြီး တိုးတိုးလေး ပြောသည်။

'ကိုယ့်အခန်းကို ခဏတစ်ဖြုတ်လိုက်ခဲ့ပါလား၊ အချိန်တွေ အစောကြီးရှိသေးတယ်၊ ကိုယ်တို့ ညစာထွက်စားဖို့ သတ်အစားမလဲခင် ရှန်ပိန် နည်းနည်းပါးပါး သောက်ဖို့ အချိန်ရပါသေးတယ်'

ခုနေ မိမိငြင်းပယ်လိုက်လျှင် မိမိတို့၏ဇာတ်လမ်းသည် သည် နေရာမှာတွင် အဆုံးသတ် သွားတော့မည် ဆိုတာ ဘက်ဗာလီ သိနေသည်။ အာသာသည် နားလည်သိတတ်သူ ပြုံးနေလိမ့်မည်၊ ညဘက်မှာလည်း မိမိအား အတူခေါ်ပြီး ညစာ ကောင်းကောင်း စားမည်။ သို့သော် မိမိတို့ နှစ်ယောက်ကြားမှာ ရှိနေသည့် ဆက်ဆံရေးသည်ကား ကပွတ် အဆုံးသတ်သွားဖို့ သေချာသည်။ ထာဝရ အဆုံးသတ် သွားမှာ မုချ။

တကယ်တော့ မိမိသူ့ကို မငြင်းပယ်ချင်။ ဒါကို မိမိ အာသာ သိနေသည်။ မိမိသည်လည်း သွေးနှင့်သားနှင့်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ သူ့အတွေ့၊ သူ့အထိ၊ သူ့ရင်ခွင်မှာ ဆာ
မိန်းမောချင်ပါသည်။

သို့တိုင် မိမိကိုယ်ကို မာရီယံ နောက် တစ်ယောက်
ဒါမှမဟုတ် ရှင် နောက်တစ်ယောက် အဖြစ် မခံနိုင်
မိမိမှာ ဘဝ အတွေ့အကြုံတွေ စုံခဲ့ပြီပဲ။ သင်ခန်းစာ
တွေလည်း ရခဲ့ပြီပဲ။ (မိမိမှာ အားကိုးစရာဆိုလို့ ကို
ကိုကိုယ်ပဲရှိသည်လေ။ ကိုယ့်စိတ်ဓာတ်၊ ကိုယ့်ရွေးချယ်
ကိုယ့်လွတ်လပ်မှု၊ ဒါတွေပဲ ရှိသည်မဟုတ်လား။ တစ်
တော့ရှိသည်။ ဒါတွေအကုန်လုံး အရယူပြီး တစ်ချိန်တည်း
တွင် အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ဖို့ဆိုတာမလွယ်
အသည်းမာသော၊ စိတ်ဓာတ် ကြံ့ခိုင်သော စီးပွားရေး
လုပ်ငန်းရှင် တစ်ယောက်အဖြစ် ခံယူပြီး၊ တစ်ချိန်တည်း
တွင် ကိုယ့်ကိုကိုယ် စပျစ်နွယ်လေးလို သဘောထား
မှီတွယ် ခိုနွဲ့စရာ အတွယ်အတာကို ရှာဖွေနေလို့ ရ
မည် မဟုတ်။ )

သို့ပေမယ့် ဘာပဲဖြစ်ဖြစ် မိမိနှင့်တကွ မိမိတို့ခေ
အမျိုးသမီးများ အခုနဖြင့် နှစ်မျိုးစလုံးကို ရယူပိုင်
နိုင်သည့် ဖော်နည်းကားများကို ကြိုးစား ရှာဖွေရ
သာ။ သည်တော့ သူ့ရင်ထဲ တက်ကြွကြည်နူးလာအော
ဟုတ်သည်၊ သည်လိုဖြစ်လာအောင် မိမိကိုင်တွယ် ထိ
သိမ်းနိုင်ရမည်။ သည် အတွေးဝင်လာတော့ အုတ်
အထုကြီး ဟောင်းလောင်းပေါက်ကြီး ပေါက်သွားသ
အလွှာ လေဟာကြီးကို အရှိအတိုင်း သိမြင်လိုက်ရသည်



နောက်ပြီး သည်ခေတ်ကြီးကို မိမိ ပိုင်ဆိုင်ရမည် ဆိုတာလည်း သိလိုက်သည်။ ဟုတ်သည်၊ မိမိ၏ ကမ္ဘာ၊ မိမိမှာ လုံလောက်သော သတ္တိရှိလျှင်ပေါ့။

'မဆိုးပါဘူး၊ ရှုပ်ပိန် နည်းနည်းပါးပါး၊ သောက် လိုက်ရရင် ကောင်းတာပေါ့ အာသာ'

အာသာက သူ့လက်မောင်းကို ကိုင်ပြီး တံခါးဝ ဆီသို့ သွားသည်။

သူတို့နှစ်ယောက် နံဘေးမှ ဖြတ်သွား သော်လည်း ဂိုဆေတ မော့မကြည့်။

* *

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

သူ့အတွက် ပထမဆုံး ဖုံခမွှ အနွေးထည်ကို နောင်နှစ် တော်တော်ကြာမှ ဝယ်ဖြစ်သည်။ သူသည် ကုန်တိုက်တွင် တန်ဖိုးဝတ္ထုရားများ ကြီးလေးလှသလို ဝင်ငွေပိုင်းက လည်း နေ့ချင်းညချင်း တိုးတက်လာသည်။ ထို့ကြောင့် သည်အနွေးထည်ကိုဝယ်မည်ဆိုလျှင် အခေါကြီးကတည်း က ဝယ်နိုင်သည်။ သို့သော်လည်း သူက မိမိ လိုချင်တပ်မက်သည့် ပစ္စည်းများ စာရင်းတွင် ဖုံခမွှ အနွေးထည်ကို အောက်ဆုံးသို့ ပို့ထားခဲ့သည်။

သူက သူ့ဝင်ငွေ မှန်သရွေ့ကို သူ့အခန်း ခြယ်သ ရေးအတွက်ပဲ အသုံးပြုခဲ့သည်။ ဥရောပသို့ ခရီးထွက်ခွင့် ကြုံတိုင်း ရသမျှ အချိန်ကိုလုပြီး ရှေးဟောင်းပစ္စည်း အရောင်းဆိုင်များသို့ သွားခဲ့သည်။ အာသာ၏ ရှေ့ဘာစိုက် အကြံပေးချက်၊ ကုန်တိုက်မှထွက်ပြီး အိမ်ခန်း အလှပြင်



လုပ်ငန်းကို ကိုယ်ပိုင် တည်ထောင်ထားသည့် ဂယ်ရီ၏ အကြံပေးချက်များကို နားထောင်ပြီး ပစ္စည်းများဝယ် ဆည်း စောဒစဉ်ပိုင်းက သူ့အခန်းထဲတွင် ယာယီနေရာ ယူထားသည့် သစ်ပင်တွေ ယခုမရှိတော့၊ ထိုနေရာများ တွင် သားနား အဖိုးတန်သော အိမ်ထောင် ပရိဘောဂ များက နေရာယူထားပြီ။

ထို့ပြင် သူ၏ စိတ်ဝင်စားမှုနယ်ပယ်လည်း ခွင်ကျယ် လာသည်။ အာသာနှင့်ပတ်သက်ပြီး လာဇလိုဗသဲ့ဒ်တို့ လင်မယားနှင့် တွေ့ဆုံသိကျွမ်းခဲ့ရသည်။ လာဇလို၏ ဇနီး ဟန်ဆီမှာ ပုပုဝဝနှင့် ချစ်စရာကောင်းသည့် အမျိုးသမီး တစ်ဦး။ လာဇလိုသည် မက်ဒီဆန် ရိပ်သာ လမ်းမပေါ် တွင် လျှမ်းလျှမ်းတောက် အောင်မြင်သော အနုပညာ ပစ္စည်း အရောင်းဆိုင် ဖွင့်ထားသူ ဖြစ်၏။

စစ်ကြီးအပြီးတွင် နယူးယောက်သို့ ခြူးတစ်ပြားမှ မရှိဘဲ ရောက်လာခဲ့သည့် လာဇလိုမှာ တစ်ခေါင်းလုံး ငွေရောင်ဆံပင်တွေ လွှမ်းနေ၏။ လိမ္မာ ပါးနပ်သော ဥရောပသား ရုပ်ရည်မျိုး ရှိ၏။ အသက် ငါးဆယ်ခန့်ရှိပြီး ယဉ်ကျေး ဖော်ရွေသော လာဇလိုက ပွင့်လင်းသည်။ ရိုးသားသည်။ သစ္စာရှိသည်။ ပျော်ပျော်နေတတ်သည်။

စင်စစ် ဇလာ့ဗ်ချက် ဇနီးမောင်နှံနှင့် ခုတွေ့၊ ခုခင်မင် သွားသည်မဟုတ်။ အချိန်အတော်ကြာ တပူးတွဲတွဲ သွားကြ လာကြ၊ စားကြသောက်ကြ လုပ်ပြီးမှ ခင်မင်ရင်းနှီးသွား ခြင်း ဖြစ်၏။ သူတို့ ဇနီးမောင်နှံနှင့် ခင်မင် ရင်းနှီးခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရသောကြောင့် ဘက်ဗာလီရသည့် အကျိုး အမြတ်မှာ နယူးယောက်၏ ပန်းချီလောကကို သိမြင် ဝင်ထွက်ခွင့် ရလာခြင်းပင်၊

အဲဒီဆိုပါ အနုပညာရှင်များ လောကကို ဘက်ဗာလီက သဘောကျသည်၊ မိမိနှင့် အပေးအယူ တည့်သည်၊ သူတို့နှင့် ဆက်ဆံရတာ မိမိအတွက် တိုင်းချုပ်ထားသည့် အကျီတစ်ထည်ကို ဝတ်ရသလို အံဝင်ခွင်ကျ ရှိသည်၊ ဆက်ဆောင့်သက်သာ ရှိသည်၊ သို့သော် အသောကျတော့ သည်လို မခံစားရ၊

တစ်ခုတော့ရှိသည်၊ သည်လောကသားတွေက ကိုယ့် ခံယူချက်နှင့်ကိုယ် နေသူတွေ၊ လောကမှာ ငွေချည်း ဆက်သက် ရှိသူများကို နေရာပေး လေးစားတတ်သူများ မဟုတ်၊ အသာလို လူမျိုးတွေမှာ သူ့နေရာနှင့်သူ အသုံး ကျပါသည်။ ပြပွဲတစ်ပွဲကျင်းပဖို့ အဆိုတော်သစ်၊ သို့မဟုတ် တက်သစ်စ ကခြေသည်တစ်ဦး ပညာဆက် ဆည်းပူးခွင့် ရအောင် ရံပုံငွေ ထည့်ဖို့ ဆိုသည့် ကိစ္စတွေမှာ အသုံး တည့်ပါသည်၊ သို့သော် သည်လူတွေကို ဦးစားပေး ရှေ့ တန်းတင်ရလောက်အောင် အရေးမထား။ အရေးကြီးသူ များတော့ မသတ်မှတ်၊ သည်လောကသားတွေက ဇိမ်ခံ ကားကြီး စာစီးသည့် မြေအောက်မီးရထားကို တိုးခွေ စီးရတာထက် အဆင်ပြေ ဇိမ်ရှိတာကိုလက်ခံသည်၊ သို့ပေ မယ့် မီးရထားက ပိုမြန်ပြီး ကိုယ်သွားချင်သည့် ခရီးကို



ရောက်အောင်ပို့ပေးနိုင်သည်ဆိုလျှင် မီးရထား တိုးခွေ စီးရတာကော ဘာဖြစ်သေးလဲဆိုသည့် လူစားတွေ၊

* *

ယခုအခါ ဝယ်လ်ဘီ ကုန်တိုက်ဘွင် အနွေးထည် အရောင်းဌာနသစ် ဖွင့်ထားပြီး ဘက်ဗာလီသည် ကုန် တိုက်ရှိ ဌာနတိုင်းကို နှံ့နှံ့စပ်စပ် ရေ လာသိရှိထားသည်၊ သို့သော် အနွေးထည်အရောင်းဌာနကိုတော့ သွားမကြည့် မိအောင် စိတ်ချုပ်ထားသည် သွားကြည့်လျှင် ဝယ်ချင် စိတ် ပေါက်လာမည်၊ သို့သော် မဝယ်ချင်သေး၊ သားမွေး အနွေးထည်ကို ခြုံလိုက်ပြီဆိုသည်နှင့် အမျိုးသမီး တစ် ယောက်သည် အိမ်ထောင်ရှင် သက်သတ်ပိုင်၊ အရွယ် ရောက် အလိုလိုက် သတ်မှတ်ပြီးသား ဖြစ်သွားတတ် သည်လေ၊

သို့သော်....

ဝယ်လ်ဘီကုန်တိုက်ဘွင် တစ်ဦးတည်းသော အမျိုး သမီး ဒုတိယဥက္ကဋ္ဌဖြစ်နေသူ ဆီလ်ဗီယာက ဖျံမွေးအနွေး ထည်ကို အကြော့သား ဝတ်လာသည်ကို တွေ့လိုက်ရ

www.burmeseclassic.com



တော့ ဘက်ဗလီပါးစင်အဖော်အသစ် ဖြစ်သွားသည်ကို သဘောလည်း ကျသွားသည်။

'သိတယ်...သိတယ်၊ အစကတော့ ဒါမျိုးဘယ်တော့မှ မတွေ့ဘူးလို့ သစ္စာဆိုထားတာ'

ဆီလ်ဗီယာ ပြောရင်း အနွေးထည်ကို ဆွဲဖြန့်သည်။ ရှုံးခန်းထဲတွင် ဟိုဘက်သည်ဘက် လှန်ကြည့်ပြီး ဟန်ရေးပြသည်။

'ဒါပေမယ့် ဒီနှစ်ဆောင်းက အရမ်း အေးမယ်လို့ ဟောကိန်းထုတ်နေကြတယ်ကွယ်၊ ဒီတော့ ဘာဖြစ်သေးလဲကွယ်၊ ဒုတိယ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကုန်တိုက်ထဲ သူဝင်လာပြီဆိုတာ သိသာအောင် လက်ဆွဲအိတ်ပြုလေးထုတ်ပို့ပြီး ထိုးရောက်တာလေး တစ်ခုတော့ ရှိရဦးမှာပေါ့'

'မမ အဲဒီလောက် စျေးကြီးတာကြီး ယူလိုက်တော့ ဟာမန်က ဘာမှ မပြောဘူးလားတင်'

သဲ့သဲ့ပြုံးပြီး မေးသည်။ သည်အနွေးထည် ဝတ်ရုံ ဟာမန်၏ပိုက်ဆံ တစ်ပြားမျှပါမည်မဟုတ်ဆိုတာ သိသိကြီးနှင့် မေးလိုက်သည်။

'တစ်ခွန်းဆို တစ်ခွန်းမှမပြောပါဘူးရှင်၊ အထူးသဖြင့် သူ့မိုးတာအသစ်မှာ နမြူပါမွေး အတွင်းခံတွေ လိုက်တပ်ပေးထားတော့ ဘယ်ပြောတော့မလဲ၊ အဲ့ဒါချုပ်ရတာ ဒီဆက်ကျိုဖိုးထက်တောင် ပိုကုန်ဦးမယ်၊ အေးကွယ်...



တို့ကုန်တိုက်မှာ အမျိုးသား အသုံးအဆောင် အရောင်းဌာနမရှိတာ ဆိုးတယ်နော်'

ဤကား ကုန်တိုက်နှင့်ပတ်သက်ပြီး ဆီလ်ဗီယာထံမှ ကြုံတောင့်ကြုံခဲ ကြားရသော အပြစ်တင်ချက်။

'ဒါထက်နော်... မင်း တတိယထပ်ကိုဆင်းပြီး သားမွေး အနွေးထည်ဌာနမှာ ဘာတွေ တင်ထားတယ်ဆိုတာ လောက်တော့ ကြည့်ရှုလေ့လာထားဖို့လိုပြီ ဘက်ဗလီ'

'အမယ်လေး၊ ကျွန်မ သိပါတယ်၊ ပါစတယ် ဖျော့မွေးတု တွေနဲ့ ပါးရှား သိုးမွေးအင်္ကျီတွေ ရောင်းနေတာပါ၊ နေပါစေ၊ မကြည့်တော့ပါဘူး'

'အမယ်... ဒီလောက် မကပါဘူးနော်၊ နောက်တစ်ခု ရှိတာက မင်းကို မင်း ထင်မရှား ကောင်မလေး တစ်ယောက် ပုံစံမျိုး ချုံမခနဲ့တော့၊ မမ ကြားထားရသလောက်ဆို သူတို့မှာ ရောမ စီမံကိန်းကြီးတွေ ရှိနေတယ်၊ ဒီတော့ အောင်မြင်မှု လှေကားမှာ တစ်ထစ်တက်ချင်တဲ့ မိန်းကလေးဆိုရင် အောင်မြင်မှုရနေတဲ့ သူနဲ့ တူအောင် နေရတော့မယ်လေ၊ မင်းက ကိုယ်တိုင်း သေးတော့ တော်သေးတာပေါ့၊ မမလောက် သားမွေးကုန်မှာ မတွေ့တာပါဘူး'

ဘက်ဗလီက သားမွေးအင်္ကျီတွေ အကြောင်းထက် ဆီလ်ဗီယာ အရိပ်အမြွက်ပြောသည့် သတင်းအကြောင်း ပိုပြီး စိတ်ဝင်စားသည်။ သို့ပေမယ့် သည်သို့နေအဖို့တော့

www.burmeseclassic.com



ဆီလ်ဗီယာက သည့်အကြောင်း ထက် အခန္တးထည့် အရောင်းဌာနကို ပို၍ စိတ်ဝင်စားနေသည်။

'ကောင်းပါပြီ ဆီလ်ဗီယာ၊ ကျွန်မ သွားကြည့်လိုက်ပါ့မယ်၊ ဒါပေမယ့် အဆင့်အတန်းပြ သင်္ကေတတွေအတွက် ငွေကုန်ခံရမှာ ကျွန်မ နှမြောတယ်'

'ဒီမယ် မရွှေချော၊ အဆင့်အတန်းပြ သင်္ကေတတွေကို မပုတ်ခတ်လေနဲ့၊ မိန်းမသားတွေ အနေနဲ့ လူတချို့ရဲ့ အထင်ကြီး လေးစားမှုကို ခံရဖို့ဆိုတာ ဒီနည်းပဲ ရှိတယ်ကွယ့်၊ သိပ်မကြာတော့တဲ့ အနာဂတ်ကာလမှာ တို့နှစ်ယောက် ဆက်ဆံရတော့မယ့် လူတွေရဲ့ အထင်ကြီး လေးစားမှုကို ရယူနိုင်ဖို့ လိုအပ်လာပြီလေ၊ မမ ပြောတဲ့အထဲမှာ 'တို့နှစ်ယောက်' လို့ ပြောသွားတယ်'

ဆီလ်ဗီယာ့ စကား ကြားရတော့ ဘက်ဗာလီ ရင်ထဲ ပို၍ ကသိကအောက် ဖြစ်လာသည်၊ ထိုညနေတွင် 'ဆန်းဒေး တိုင်း' သတင်းစာတွင် ထည့်မည့် ကြော်ငြာ များကို စစ်ဆေး အတည်ပြုပြီးသည်နှင့် တက္ကသိုလ်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်းခဲ့၏၊ နောက် မိနစ်လေးဆယ် ကြာသွားသောအခါ သူသည် အာသာ၏ 'အမျိုးသမီးများ' စာရင်းဝင်ဖို့ ခြေလှမ်းသစ်သစ်လှမ်း လှမ်းပြီး ဖြစ်နေတော့၏၊ သူက မိမိအား အာသာ သဘောကျဖို့ ချိန်းထားသည့်နေ့တွင် အခန္တးထည့် အဆင်သင့် ဖြစ်နေအောင် စီစဉ်ခဲ့သည်၊ အာသာထံသို့လည်း တယ်လီဖုန်း ဆက်ပြီး



စားသောက်ခန်းသို့ မိမိဘာသာ လာခဲ့မည်ဖြစ်ကြောင်း အကြောင်းကြားလိုက်၏။

ထိုညတွင် လေးလေးဆယ် နှယ္မားယောက်မှ နာမည် ကျော်ကြားနေသည့် ဟိုတယ် စားသောက်ခန်းထဲသို့ သူ ဝင်သွားတော့ အာသာကို အချက်ကောင်းတော ရှေ့တွင် ရပ်နေသည်ကို တွေ့ရ၏၊ သူက ခြေလှမ်းကို တုံ့ဆိုင်း လိုက်၏၊ အာသာ မိမိအား အလျှင်မြင်အောင် စောင့် လိုက်၏၊ မိမိကို မြင်တွေ့လျှင် သူ့မျက်နှာ ဘယ်လိုနေမလဲ သိချင်သည်။

အာသာ သူ့ကို စိုက်ကြည့်နေ၏၊ ထို့နောက် ဖြည်းဖြည်း ပြုံးလာသည်၊

'ဟေး.... ကိုယ့်ထက် ချမ်းသာပြီး ကိုယ့်ထက် စည်း ရုံးရေး ကောင်းတဲ့ လူတစ်ယောက်ယောက်က နေရာ ဝင်ယူသွားပြီလား၊ ဒါမှမဟုတ် ကိုယ့် ဘက်ဗာလီလေး ဟာ ဂုဏ်ပကာသန အသိုင်းအဝန်းထဲ ဝင်လာတာလား ကွင်'

'အဲဒီလောက်ကြီး သေချာပေါက် မပြောနဲ့လေ၊ အခန္တးထည့်ကို ချွတ်လိုက်ရင် အောက်မှာ ရှာက ဆက်ရက်တည်း ဘလောက်စ်အကျႌ ဝတ်ချင် ဝတ်ထား မှာပေါ့၊ အနာရာမှာ အချိုးအစားမျှအောင် သွတ်တဲ့ အဘောနဲ့လေ'

'လှတယ်ကွ'

ခါးကိုင်းပြီး အမျိုးသမီး၏ ပါးကို နမ်းလိုက်၏။ စင်စစ် အာသာ သည်လို လုပ်ခဲ့လှ လုပ်ထ မရှိ။ သူက နမ်းပြီဆိုလျှင် ဆိတ်ကွယ်ရာမှာပဲ နမ်းလေ့ရှိသည်။ နှုတ်ခမ်းကိုပဲ နမ်းသည်။ လူကြား သူကြားထဲမှာ လူအများ ဖက်ရှင်ထွင်နေသလို ပါးကလေးကိုပင် မနမ်းတတ်။ သူက ခြေတစ်လှမ်း နောက်ဆုတ်ပြီး ကျေနပ်အားရ ကြည့်သည်။

'ကဲ.... နောက်ဆုံးကျ မင်း၊ ခုလို ခြေလှမ်းကျယ်ကြီး လှမ်းချင်လာအောင် ဘယ်သူကများ စည်းရုံး သိမ်းသွင်းလိုက်တာလဲဟင်'

'အို၊ တော်စမ်းပါ အာသာရယ်၊ ရှင် ပြောနေပုံက ကျွန်မကို ကျပန်းအလုပ် လျှောက်လုပ်နေရတဲ့ အလုပ်ကြမ်းသမ ကျနေတာပဲ'

'မင်းဟာ အသက်မွေးဝမ်းကျောင်းမှုအတွက် အလုပ်လုပ်နေတဲ့ မိန်းမချောလေး ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် မင်းက ခုတော့ အလုပ်ခန့်မယ်၊ အလုပ်ဖြုတ်မယ် ဆိုတဲ့ လူတန်းစားနဲ့ တူလာပြီ၊ ဒီလိုဖြစ်လာရတဲ့ အထဲမှာ ကုန်တိုက်လဲ တစ်နည်းတစ်ဖုံ ပတ်သက်နေမယ် ဆိုတာ ကိုယ် ပြောရဲတယ်၊ ကဲ၊ ဒီကိစ္စကို ကိုယ်တို့စားပွဲနောက်မှ ဆက်ဆွေးနွေးရအောင်လား'

စားပွဲထိုးချုပ်ရှိရာသို့ သူတို့နှစ်ယောက် လျှောက်သွားမှ သတိထားမိသည်။ စားပွဲထိုးချုပ်မှာ စုံတွဲ တစ်တွဲ၏ ရန်တွေ့ခြင်းကို အကြီးအကျယ် ခံနေရသည်။



သည့်စားသောက်ဆိုင်ကြီးများသို့ မိမိ စတင် ဝင်ထွက် သွားလာခဲ့သည့် နှစ်ပေါင်းများစွာအတွင်း ဘက်ဇလီ သည်လို ရန်ပွဲများကို မကြာမကြာ တွေ့ရတတ်သည်။ ပမာဆိုရလျှင် မြို့ပြင်မှ စုံတွဲတစ်တွဲသည် တစ်ပတ်လောက် ကြိုတင်ပြီး စားပွဲတစ်နေရာကို သီးသန့် ကြိုတင် မှာကြားထား၏။ သို့သော် သူတို့ ပြောထားသည့်ညတွင် ရောက်လာသောအခါ သူတို့စားပွဲ မအားတော့။ ဟိုတယ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းများက ဟိုဘယ်သို့ ပုံနှန် ရောက်လာတတ်သည့် ဖောက်သည်များအား နေရာ ပေးထားသည်ကို တွေ့ရ၏။ ထို အဖြစ်မျိုးနှင့် ကြုံရတော့ ဘက်ဇလီရင်ထဲ အားတုံ့အားနာ ဖြစ်ရသည်။ အာသာ ကတော့ ဒါမျိုးတွေ ရိုးနေပြီ။ ဂရုပင်စိုက်ဖော်မရ။ သူ ရောက်လာသည်နှင့် အကောင်းဆုံးနေရာကို ရမည်ဆိုတာ သိထားပြီးသား။

သည်ညတော့ ခါတိုင်းကြုံတွေ့ဖူးသည့် ပွဲများထက် ပို၍ကြမ်းနေသည်။ အကြိတ်အနယ် စကား ပြောနေကြ၍ ဘက်ဇလီတို့ပင် ဝင်လို့မရအောင် လမ်းပိတ်နေသည်။ အကြီးအကျယ် ဒေါပွနေသည့် အမျိုးသမီး တစ်ယောက်ကို ဟိုတယ် မန်နေဂျာက လေအေးအေးဖြင့် တောင်းပန်ဖျောင်းဖျ နေသည်။ အမျိုးသမီး၏ ခင်ပွန်း ဖြစ်သူက နောက်နားတွင် ခပ်လျှိုလျှို ရပ်နေသည်။

'ဒါကတော့ ရှင်တို့ စည်းကမ်း မဲ့တာပဲ၊ ကျွန်မတို့ ဒီရောက်တဲ့ နေ့ကတည်းက ကျွန်မတို့ ဟိုတယ်က ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com

စားပွဲတစ်လုံး ကြိုတင် မှာပေး ထားတာပဲဟာ။ ဘယ်ဟိုတယ်ကမှ ဒီ လိုစည်းကမ်းမဲ့တာမျိုး ကျွန်မ မကြားဖူးဘူး။ ဘာကိုစွဲ ကျွန်မက ပြန်ရမှာလဲ....'

ဒေါသအမျက် ချောင်းချောင်းထွက် နေရာမှ သူ့ခင်ပွန်းကို လှည့်ကြည့်ကာ....

'ဖရင့်၊ ရှင်ဒီလိုပဲ ရပ်မနေနဲ့လေ၊ ဒီလူကို တစ်ခုခုတော့ ပြောဦးမှပေါ့'

လွန်ခဲ့သည့် နှစ်ပေါင်း များစွာက အကြိမ်ပေါင်း များစွာ ကြားခဲ့ရပြီး နားယဉ်နေသည့် နာမည်ကြောင့်လား မသိ၊ အဆိုပါ စုံတွဲကို ဘက်ဗာလီ စေ့စေ့ စပ်စပ် ကြည့်လိုက်၏။ အာသာကို ခဏရှင်ဖို့ လက်မောင်းကို တို့လိုက်၏။

သူတို့ ရှေ့မှလူသည် စိတ်မသက်မသာ ဖြစ်နေပုံရသည်။ သူ့ ဆံပင်မှာ ပါးပါးပဲ့ရှိတော့သည်၊ သူ့ ဝတ်စုံမှာ သူ ခပ်ပိန်ပိန်ဘဝက ဝတ်ခဲ့သည့် ဝတ်စုံဖြစ်မည်၊ ဗိုက်ရှေ့ တည့်တည့်မှ ကြယ်သီးမှာ စူထွက်နေသည့် ဗိုက်ကို ထိန်းမထားနိုင်တော့။

'ဆယ်လီရယ်၊ တို့များ ဆူဆူညံညံ လုပ်မနေကြပါစို့နဲ့ကွယ်။ တခြား ဟိုတယ် တစ်ခုခုကို သွားကြရအောင်ပါ'

'ကျွန်မ တခြား ဟိုတယ်ကိုမှ မသွားချင်ဘူး။ ကျွန်မတို့ ဒီမှာ ညစာစားမယ် ဆိုတာ မြို့က ကောင်မတွေအားလုံးကို ပြောပြထားခဲ့တာ။ ဘာမဟုတ်တဲ့ အီတာလျံ စားသောက်ဆိုင် တစ်ခုက ကျွန်မတို့ကို နေရာမပေးဖို့ ပြန်



လှည့်ခဲ့ရတယ်လို့ ကျွန်မ အပေါင်း အသင်းတွေကို မပြောနိုင်ဘူးရှင့်'

ဘက်ဗာလီ သိလိုက်သည်၊ ချက်ချင်းပင် သိလိုက်သည်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကျော်က မြင်တွေ့ ရင်းနှီးခဲ့ရသည့် သည်မျက်နှာကို ကောင်းကောင်းကြီး မှတ်မိလိုက်၏။ သူက စိတ်ခနဲ့ဟက်ကိုယ်ပါ ရှေ့တစ်လှမ်း တိုးလိုက်ကာ....

'ဖရင့်။ ဖရင့်ဘားရီး မဟုတ်လား'

ဖရင့် သူ့ကို ကြည့်သည်၊ တုန်လှုပ်မသွားတော့ ဖြစ်သွားသည်၊ သူ့ မိန်းမ စကားပြောရပ်သွားသည်၊ မျက်လုံးများမှေးကျဉ်းပြီး ဘက်ဗာလီကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်သည်။ ဘက်ဗာလီ ရှေ့ဆက်တိုးသွားသည်။ မိမိအား စောင့်ကြည့် အကဲခတ်နေသည့် အာသာကိုတော့ စာပွဲထိုးချုပ်ကိုပါ အမှုမထားမိ။

'ရှင် ဖရင့် မဟုတ်လား၊ ဖရင့်ဘားရီးလေ၊ ကျွန်မ ဘက်ဗာလီချစ်ချမန်ပါ၊ အဲ....'

သူက ဖရင့် ဇနီးကို ပြုံးပြလိုက်ကာ....

'ဖရင့်ကတော့ ကျွန်မကို ဘက်ဗာလီ သီဆန်လို့ပဲ သိထားတယ်လေ'

'အလို ....ဘက်ဗာလီပါလား'

ဖရင့် မအီ မလှည့်ကြီး လှုပ်ရှားလိုက်၏။ လက်ဆွဲနှုတ်ဆက်ရမလိုလို၊ ဒါမှမဟုတ် ရိုးရိုးလေး ဦးညွှတ်နှုတ်ဆက်ရမလိုလို၊

www.burmeseclassic.com



'ဟာ၊…. ခင်ဗျားကြည့်ရတာ ကျန်းကျန်းမာမာ လှလှပပ ပဲနော်'

ဘက်ဗာလီ လက်ကမ်းပြီး ဖရင့်လက်ကို ဆွဲကိုင်လိုက်၏။ မိမိဘယ်သူ ဘယ်ဝါဆိုတာ ခန့်မှန်း တွက်ချက်နေပုံရသည့် ဖရင့်ကတော်၏ အကြည့်ကို သတိထားမိသည်၊ ဖရင့်သည် မိမိတို့ အကြောင်း သူ့ဇနီးအား ပြန်ပြော မပြထားတာ ထင်ရှားသည်၊ သူ့ မိန်းမ၏ မျက်ဝန်းတွင် ထင်ဟပ်နေသည့် မနာလိုရိပ်များမှာ ကြည့်မှန်တစ်ချပ်ကို ကြည့်ရသည့်ထက်ပင် ပိုပြီး ထင်ရှားစွာ အရိပ်ထင်နေသည်၊

ကျေးဇူးတင်ပါတယ် ဆီလ်ဗီယာရယ်ဟု ဘက်ဗာလီ ပီတိ ဖြစ်စွာ ပြော၏၊ ကျေးဇူး တင်ပါတယ် သားမွေး အမွေးထည် အနွေးနွေးနေရယ်၊ နောက်ပြီး ဖရင့်လက် သားနားနေသော သီးသန့်စားပွဲရအောင် ယူထားနိုင်သော အာသာကိုလည်း ကျေးဇူးတင်ပါတယ်၊ နောက်ပြီး သည်ည မိမိဆံပင်ကို အလှပြင်ပေးလိုက်သည့် ယွန်း ပီယာကိုလည်း ကျေးဇူးတင်ပါတယ်၊

'အာသာရေ …'

ချိုကြည်သော အပြုံးဖြင့် မော့ကြည့်လိုက်၏။ မိမိမှာ ပေါင်းဖော်စီး သင်းဟောင်း တစ်ယောက်နှင့် ပြန်သည့် ဆုံဆည်းသဖြင့် ဝမ်းသာ အယ်လဲ နှုတ်ဆက်သည်ထက် ပိုသည့် ရည်ရွယ်ချက်ရှိသည်ကို အာသာ သိနေကြောင်း ဘက်ဗာလီ သဘောပေါက်ပြီးသား၊ သူ့မေးစရာ ရှိသည့်



မေးခွန်းတွေ တစ်ပုံကြီးကို နောက်မှ မေးလိမ့်မည် ဆိုတာလည်း သိနေပြီးသား၊ မည်သို့ဖြစ်စေ ဘက်ဗာလီ ဂရုမစိုက်၊ နောက် နှစ်နာရီလောက် အတွင်း မှာတော့ ကမ္ဘာပေါ်မှာ အမြိန်ဆုံး ဟင်း တစ်ခွက်ကို အရသာခံ စားသောက် ရပေတော့မည်၊ သည် ဟင်းက လက်စားချေခြင်း၊

'ကျွန်မတို့ လူကြီးလူကောင်း စားပွဲထိုးချုပ်ကို ကျွန်မတို့ လေးယောက်စလုံး ထိုင်နိုင်မယ့် စားပွဲတစ်လုံး လောက် စီစဉ်ခိုင်းရရင် မခက်ခဲဘူးလားဟင်၊ ဖရင့်နဲ့ ကျွန်မ မဆုံကြရတာ နှစ်ပေါင်းများစွာ ကြာပြီလေ၊ နောက်ပြီး သူ့ အမျိုးသမီးနဲ့လဲ တစ်ခါမှမဆုံဖူးသေးဘူး'

သည်လူကို တစ်ခါက ဘက်ဗာလီ ချစ်ခဲ့ဘူးဖြစ်မည်ဟု အာသာက အစီအစဉ်လုပ်ရင်း တွေး၏။ ငါ့ကို ချစ်တာထက်ကို ချစ်ခဲ့ဘူး ဖြစ်မည်၊ ဘက်ဗာလီ မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်နေသည်။ ဟိုငနဲ၏ မိန်းမနှင့် ယှဉ်လျက် ဝင်ထိုင်လိုက်သည့် ဘက်ဗာလီ့ ဟန်ပန်က အောင်မြင်မှုသရုပ် ဆောင်နေသလိုမျိုး။

အင်း….သည်ညကတော့ စိတ်ဝင်စားစရာ ညတစ်ညပဲဟု အာသာ စဉ်းစားရင်း ဘက်ဗာလီ့ မြတ်နိုးသော အထူးရှန်ပိန် ပုလင်းကို မှာလိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



'တလေး နှစ်ယောက်ရပြီ၊ ယောကျ်ားလေး တစ်ယောက်၊ မိန်းကလေး တစ်ယောက်'

'ဩော်...ဟုတ်လား၊ ဘယ်နှစ်နှစ်တွေ ရှိကုန်ပြီလဲ'

'ဆယ့်သုံးနှစ်နဲ့ ဆယ့်နှစ်နှစ်'

ဆယ်လီ ကြားဖြတ်ပြောသည်။ မိမိ နံဘေးတွင်ထိုင်နေသည့် အထက်တန်းကျကျ သားသားနားနား မိန်းမနှင့် ဖရင့်၏ ဆက်ဆံရေး ဘယ်လိုရှိခဲ့သည်ကို သူမသိ။ သို့ပေမယ့် သည်အကြောင်းကိုတော့ ပေါ်အောင် စစ်ရမည်။ သည်ထမင်းစားပွဲမှာ မခပါသည့်တိုင် နောက်ပိုင်းမှာတော့ သေချာပေါက်ပေါ်ရမည်။ သူက သူ၏စကတ်ကို လက်ဖြင့်သပ်ပြီး ပြန့်အောင်ဖြန့်သည်။ သို့သော် စကတ်က ကျုပ်လွန်းနေသည်။ ပန်းရောင်သည် သူနှင့် အလိုက်ဖက်ဆုံးနှင့် သူအကြိုက်ဆုံး အရောင်ဖြစ်သည်။ သို့ပေမယ့် အခန်းထဲမှာ ရှိကြသည့် ဘက်ဗာလီနှင့် အခြား မိန်းမများသည် အနက်ရောင်ရိုးရိုးကိုပဲ ဝတ်ထားသည်ကို တွေ့ရ၏။ နယူးယောက် မြို့သူတွေရဲ့ ဆင်ယင် ထုံးဖွဲ့မှုပေ လေ။ ဘာပဲဖြစ်ဖြစ် မိမိ၏လည်ဆွဲ ကျောက်သံပတ္တမြားတွေကတော့ အကောင်းစားတွေပါ။ သည်လည်ဆွဲအဘွားဘွား၏လည်ဆွဲ။ သည်လည်ဆွဲကို ကြည့်ရုံမျှဖြင့် ဘယ်လောက်ကောင်းသည့် ကျောက်တွေဆိုတာ လူတိုင်းပြောနိုင်ကြပါသည်။ သည်တော့ မိမိ၏လည်ဆွဲက သည်အခန်းထဲရှိ မိန်းမတိုင်းလို ဆင်မြန်းထားသည့် ပုလဲကြိုးတွေထက်တော့ သာပါသည်။ ပုလဲဆိုတာက နှစ်ပြားတစ်ပဲဖြင့် ဘယ်သူမဆို ဝယ်နိုင်သည် မဟုတ်လား။ သို့တွေးရင်း ရှေ့မှာထောင်ထားသည့် ဟင်းလျာ စာရင်းကတ်ပြားကြီးကို ဘေးဖယ်ပြီး သူ့ယောကျ်ားနှင့် ဘက်ဗာလီကို အကဲခတ်ကြည့်ဖို့ကြိုးစားနေသည်။

'အို...ရှင်တို့ အိမ်ထောင်ကျခဲ့တာ ဒီလောက်တောင် ကြာပြီလား ဆယ်လီ'

'ဘယ် ဒီလောက်ကြာမလဲ၊ ကျွန်မတို့ အိမ်ထောင်ကျပြီး ပထမ နှစ်နှစ်လုံးလုံး ကလေး မရခဲ့ဘူးလေ'

ဘက်ဗာလီ ကြိုးစားပြီး ပြုံးလိုက်၏။ 'အမြော်အမြင်ကြီးလိုက်တာနော်' ဟုလည်း ရွှတ်သည်။ ကဲ...ကိုရွှေဖရင့် တစ်ယောက် ထောင်အဖမ်းခံလိုက်ရတာ သေချာပြီပေါ့။ ကုန်လွန်ခဲ့သည့် နှစ်များအတွင်း ဘက်ဗာလီသည်အကြောင်းကို အကြိမ်ကြိမ်စဉ်းစားမိသည်။ အဆိုပါ ဒဏ်ရာဒဏ်ချက်သည် ယခုတိုင် ဖရင့်၏ရင်ထဲမှာ အကောင်းမသေသေးကြောင်း သူ့မျက်နှာကိုကြည့်ပြီး ဘက်ဗာလီ ပြောနိုင်ပါသည်။ အား...ဖရင့်၊ ရှင်ဟာ အရူးပဲ၊ ရှင့်မှာတော့ ပြောလိုက်ရတဲ့ ဖြောင့်မတ်မှုတရား၊ ရိုးသားမှုတရား၊ သစ္စာရှိမှု တရားတွေ၊ နောက်ဆုံးကျတော့ ကမ္ဘာပေါ်မှာ အဟောင်းဆုံးနဲ့ အရိုးဆုံး မိန်းမ မာယာ ထောင်ချောက်ထဲ ရှင်ဝင်ခဲ့ရတာပဲ မဟုတ်လား၊ ဒါမှမဟုတ် မုသားစကားကို ပြောခဲ့တာ အမျိုးသမီးမဟုတ်ဘဲ ရှင်များ ဖြစ်နေသလား။

'ခင်ဗျားက ဘာအလုပ် လုပ်ပါသလဲ ဖရင့်'

www.burmeseclassic.com



ဘက်ဗာလီ အဖြေတွေ သိချင်နေမှတော့ ဘေးလူတစ်ယောက်က ဝင်မေးပေးတာ ကောင်းမှည်ဟု အာသာဆုံးဖြတ်ပြီး မေးလိုက်၏။

'ဖရင့်က ဖေဖေ လုပ်ငန်းမှာ ဝင်လုပ်နေတယ်လေ'

သူ့ယောက်ျားကို စကားပြောခွင့် မပေးဘဲ ဆယ်လီ တမန်းတတန်း ဝင်ပြောသည်။

'အစပိုင်းကတော့ သူက ဥပဒေ ပညာရှင် လုပ်ဖို့ ကြိုးစားတာပဲ၊ ဒီလို ဖြစ်လာဖို့တော့ စိတ်ကူးယဉ်ခဲ့တာ၊ ဒါပေမယ့် ဖေဖေနဲ့ ကျွန်မက တားလားတယ်လေ၊ ကျွန်မ ဆိုလိုတာက ဖေဖေ့မှာ အိမ်ထောင်ပရိဘောဂ လုပ်ငန်းကြီး ရှိပြီးသား၊ ဒီလုပ်ငန်း လုပ်ခဲ့တာ နှစ်ပေါင်း မနည်းတော့ဘူး၊ ဒီတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သည်လုပ်ငန်းကို လွှဲပြောင်းယူရမယ့်လူ လိုအပ်တယ်ဆိုတာ ဖေဖေကသိတယ်၊ နောက်ပြီး ဖေဖေနဲ့မေမေမှာ သားတစ်ယောက်မှ မရှိဘူးလေ၊ ဒီတော့ ဒီလုပ်ငန်းကို ဖရင့်ပဲ ဝင်လုပ်ဖို့ ကျွန်မက နားချရတော့တာပေါ့'

'တကယ်တော့ ဆယ်လီ့ အဖေက ဒီနေ့ထိအောင် အငြိမ်းစား မယူသေးပါဘူးဗျာ၊ သူက ခေါင်ခေါင် မြည် ကျန်းမာနေတဲ့ အဘိုးကြီးပဲ၊ ဒီလုပ်ငန်းမှာ သူက ထာဝစဉ် ရှိနေမယ့်ပုံပဲ'

သည်အကြောင်းကို ဝမ်းသာအားရ ပြောနေခြင်း မဟုတ်ကြောင်း ဆယ်လီကလွဲပြီး အာသာကော ဘက်ဗာလီပါ နားလည်လိုက်ကြ၏။



'ကျွန်မကလည်း ဒီလိုပဲ ဖြစ်စေချင်တာ၊ ဖေဖေ့ လုပ်ငန်းမျိုးကို လုပ်ကိုင်နိုင်ဖို့ မြေနေရာတွေကော တကယ်ဦးစီး လုပ်နိုင်မယ့် လူမျိုးကော လိုတာရှင့်၊ ဗာဂျီးနီးယားမှာဆိုတော့ မြေကျယ်ကျယ်ဝန်းဝန်းနဲ့ လှူးသာ လွန်းလှတယ်လေ၊ နောက်ပြီး ဘယ်သူတယ်ဝါ အရေးပါ အရာရောက်တယ်ဆိုတာ လူတိုင်းက သိနေကြတယ်၊ ဒီမှာလို မဟုတ်ဘူး၊ နယူးယောက် မြို့သူ မြို့သားတွေကတော့ တစ်ခါတလေ လောကကြီးကို တိုက်လွန်းတယ် ရှင့်၊ ချက်ချင်းပဲ ဟမ္ဘာမြေကြီးကို ပိုင်တော့မလိုဘဲ'

'ဟုတ်တယ်၊ တော်တော် များများကတော့ ဒီလို ထင်ကြတယ်၊ ယုတ်စွအဆုံး အဖိုးတန်တဲ့ မြေနေရာတွေ ဆိုတော့လဲ မက်ကြတာပေါ့ဗျာ၊ ဖရင့်၊ ခင်ဗျား နောက်တစ်ခွက်သောက်ဖို့ အဆင်သင့်ဖြစ်နေပြီ ထင်ပါ့နော်'

ဘားရိုး ဇနီးမောင်နှံကို သူတို့တည်းသည့်ဟိုတယ်သို့ လိုက်ပို့ပေးပြီးနောက် ဘက်ဗာလီအခန်းသို့ လိုက်ပို့တော့ အာသာအလိုက်သိစွာဖြင့် အပေါ်ထပ်ထိ မတက်တော့။ ရှင့်အကြောင်း ပြောစရာတွေ ရှိနေလျှင် နောက်မှပဲ ပြောပါတော့။ တစ်ညနေလုံး ဘက်ဗာလီ မျှော်လင့်ထားသည့် အောင်ပွဲ အမြိမ်းအနားသည် မအောင်မြင်ခဲ့။ ဆယ်လီက တစ်ချိန်လုံးစကားကို မရပ်မနား ပြောသည်။ အစားအသောက်ညံ့ကြောင်းနှင့် စားပွဲထိုးတွေ ညံ့ဝတ်နေကြကြောင်းလည်း ကြားဖြတ်ညည်းတွားသေးသည်။

www.burmeseclassic.com



နေခဲ့ကြပြီး နယူးယောက် အကြောင်းနှင့် နယူးယောက် မြို့သူမြို့သားများ အကြောင်းကို တဲ့တိုးမေးခွန်းတွေဖြင့် မေးသည်၊

'စောစောက ရှင်ပြောလိုက်တာ မစ္စစ် ရစ်ချ်မန်နော်၊ ဒီတော့ မစ္စတာရစ်ချ်မန် ဘယ်ရောက်နေလဲ'

'ကျွန်မတို့ ကွာရှင်းထားကြတယ်၊ သူ ကိုစစ်မှုထမ်းဖို့ ပြန်ခေါ်သွားကြတယ်လေ၊ ခုတော့ သူ ပြန်ရောက်နေ ပါတယ်၊ အရှေ့အလယ်ပိုင်းမှာ'

မိမိထံ တယ်လီဖုန်းဆက် သတင်းပေးသည့် ဂျိန်း၏ ကြည်နူး ကျေနပ်နေသံကို ကြားယောင်မိသည်၊ နှစ်တွေ ဘယ်လောက်ကြာကြာ၊ ကာလတွေဘယ်လောက်ပြောင်း ပြောင်း ဂျိန်းမျက်စိထဲမှာတော့ အက်ဒ်သည် သားငယ် တစ်ယောက်မျှသာ၊ ယခု သူ့သားငယ်လေး ဘေးကင်း ရန်ကင်း ပြန်လာနိုင်မည်ဆိုတော့ ဝမ်းသာရှာမည်ပေ။

ယခုအခါ ကွာရှင်းခွင့် စာချုပ်စာတမ်းများသည် ဘက်ဗာလီ၏ မှီးခံသေတ္တာထဲတွင် လုံလုံခြုံခြုံရှိနေသည် တစ်လတစ်ခါလောက် ဂျိန်းထံ ဖုန်းဆက် စကားပြော သည်မှအပ မိမိ၏ အိမ်ထောင်ရေး နှစ်များ အကြောင်း မစဉ်းစားမိအောင် ဘက်ဗာလီကြိုးစားခဲ့သောအောင်မြ သင့်သလောက်အောင်မြင်နေပြီ၊ သို့သော်ယခုအခါကျ အရှိုင်းအစိုင်းမက မိမိ၏ အမှတ်ရရှုတ်များကို ပြန်လည် တူးဆွနေပြန်သည်၊ သည်အမှတ်ရှုတ်တွေ ပျောက်သွာ သည်မှာ ကြာပြီဟု မိမိထင်မှတ် ထားခဲ့သည်မှာဟုတ်လား



'ဟုတ်လား၊ အို…အဲဒါရှက်စရာပဲကွယ်၊ ကျွန်မတို့ နယ်မှာတော့ အိမ်ထောင် ပျက်တယ်ဆိုတာ မိန်းမသား တစ်ယောက်အတွက် အဆိုးဆုံးအကုသိုလ်မှုကြီးလို့ ယူဆ ထားကြတုန်းရှင့်၊ ဒါပေမယ့်ကျွန်မတို့က ရှေးဆန်နေတာ ဖြစ်မှာပေါ့၊ နေခဲ့ကြပြီး မိန်းမ တစ်ယောက်ဟာ အရွယ် လေး တော်တော်ထောက်လာရင် နေခဲ့ကြတဲ့ယောကျ်ား တစ်ယောက်ရှာတွေ့ဖို့ မလွယ်တော့ဘူး ဆိုတာ ကျွန်မ သိတယ်လေ'

'အို၊ …သူ့မှာ တွေ့ဘားပြီးသားဗျ၊ ကျွန်တော်သူ့ကို လက်ထပ်ခွင့် တစ်ခါတောင်းထဲ တောင်းနေရာ အကြိမ် ပေါင်းမရေမတွက်နိုင်တော့ဘူး၊ အဲဒါကို သူကလဲ ပယ် ချပြီးရင်း ပယ်ချနေတာဗျ'

ကဲ…ဘက်ဗာလီ၊ မင်း ဒီဘာစ်ချက်ခဲဘာ ကိုယ့်ကို ကျေးဇူးတင်လိုက်ပေတော့၊

'ဩော်….ဒီလိုလား'

ယာယီအားဖြင့် ဆယ်လီငြိမ်သွားသည်၊

'ဒီခေတ် အသက်အမွှးဝမ်းကျောင်း ပညာရှင် အမျိုး သမီးတွေ ဘယ်လိုစိတ်ကူးတွေများဝင်နေကြတယ်ဆိုတာ ကျွန်မဖြင့် မသိနိုင် လောက်အောင်ပဲရှင်'

သူကပြောမျဉ်းဆိုရင်း သူ့ ယောကျ်ားဘက်သို့ စွေ ကြည့်သည်၊ ဖရင့်က တည်ငြိမ်မှု မရှိသော လက်ညှိုးဖြင့် စားပွဲထိုးကို ခေါက်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ဖရင့်...ရှင်လေးခွက်မြောက် မေတိနီကို မသောက်တော့ဘူး မဟုတ်လား၊ သောက်ဦးလေ့လေ့ ဟင်'

* * *

အခန်းတံခါးကို ပိတ်လိုက်၏၊ အခန်းသည် အကျိုးအသစ်ကို သောင်စောင်းပေါ် ချွတ်ချလိုက်သည်၊ ပြတင်းပေါက်ခန်းဆီးတွေ ဆွဲမချရသေး၊ ထို့ကြောင့် အောက်ဘက် လမ်းမပေါ်မှ မီးရောင်များ အရှိန်ဖြင့် အခန်း၏ အထားအသိုများကို ဝေဝေးရေးမြင်နေသည်။

သည်ညကတော့ ဘယ်လောက်စိတ်ပျက်စရာကောင်းလိုက်သည့်ညပါလဲ၊ တခါက စားထဲမှာဖတ်ဖူးသလားကြားဖူးသလားမသိ၊ ခုံကောင်းတစ်ခုရှိသည်၊ လက်စားချေခြင်းဆိုသည့် ဟင်းလျာသည် အေးလေ့ ခံတွင်းတွေ့လေ့တဲ့၊ မဟုတ်ပါ၊ မှားပါသည်၊ ဘယ်သူများ သည်လိုတွေးခဲ့မှါလိမ့်၊ လက်စားချေမှုဆိုသည်မှာ မိမိနာကြည်းနေရစဉ်၊ ဒေါသဖြစ်နေရစဉ်၊ လူသတ်ချင်လောက်အောင် စိတ်ဆိုး ဒေါသထွက်နေစဉ်မှာပဲ ပြုလုပ်လို့ ကောင်းပါသည်၊ ခုလိုနှစ်ပေါင်းရှည်ကြာမှ လက်စား



ချေရတာ အရသာမရှိပါ၊ ထိုအချိန်တွင် မိမိအလိုလားဆုံး ဆန္ဒကို ပြောပါဆိုလျှင် ဖရင့်နှင့် နောက်ထပ် မဆုံတွေ့လိုခြင်းပင်ဖြစ်၏။

ယခင်ကဆို အနည်းဆုံး သတိရ လွမ်းဆွတ်တာတွေ ရှိခဲ့သည်၊ နာကြည်းစွာ သတိရ တာတွေ၊ နောက်ပြီး ကြည်နူးစွာ သတိ ရတာတွေလည်း ရှိသည်၊ တစ်ချိန်က ရင်မှာ ပွေ့ပိုက်ခဲ့သည့် မျှော်လင့်ချက်တွေ၊ စိတ်ကူးယဉ် အိပ်မက်တွေ၊ အိမ်နှင့်ယာနှင့်၊ ချစ်သင်နှင့် သားတွေ သမီးတွေနှင့် မိသားစုကြီးတစ်စု ထူထောင်ဖို့လေ၊

ထူးဆန်းသည်၊ မိမိသည် ဖရင့်ကို လုံးဝ သတိမရခဲ့။ သူ့အကြောင်း မစဉ်းစားမိတာ တော်တော်ကြာခဲ့ပြီး အင်္ဂဒ်နှင့် အိမ်ထောင်ကျပြီး ဝေဘောပိုင်းကာလများ တုန်းကတော့ ဖရင့်ကိုသတိပေးသေးသည်၊ အင်္ဂဒ်နှင့်ယှဉ်ပြီး ချိန်ဆိုး ကြည့်ခဲ့တာပေါ့လေ၊ နောက်ပိုင်း အင်္ဂဒ်ရှိတော့မှ ဘယ့်လဲ မိမိ၏ ညှိမှန်းချက်ပန်းတိုင်ကို မစွန့်လွှတ်သေး၊ တစ်နေ့နေ့ တစ်ချိန်ချိန် မိမိမျှော်မှန်းထားသလို အသက်မွေးဝမ်းကျောင်း ပညာရှင် တစ်ဦးဘဝကို ရယူပြီးသည့် နောက်ပိုင်း သာယာ ချမ်းမြေ့သော အိမ်ထောင်တစ်ခုကို ထူထောင်မည်ဟူသော စိတ်ကူး၊

မည်သို့ဖြစ်စေ အာသာနှင့် လက်ထပ်လိုက်လိုကတော့ မိမိ၏ အိပ်မက်များ အကောင်အထည် ပေါ်လာမည် မဟုတ်ဆိုတာ ကောင်းကောင်းသိသည်၊ သည်တော့ မိမိနှင့် သက်တူရွယ်တူ ခေတ်ပြိုင် မိန်းကလေးများ ကြုံတွေ့

www.burmeseclassic.com



နုရသလိုပင် မျှော်လင့်ချက် အဟောင်းများက လှလှ ရောက် ချောက်လှန့်သည်။ အိပ်ရာပေါ်တွင် လူးကာ၊ လွန့်ကာ၊ မှောက်ကာလှန်ကာ ခေါင်းကာဖြင့် အိပ်မပျော်သော ညပေါင်း များစွာကို ကျော်ဖြတ် ရသည်။ အတွေးပေါင်း သောင်းခြောက်ထောင်က ခေါင်းထဲမှာ မိမိဘဝ ဘယ်လမ်းကို ဦးတည်နေပြီလဲ။ မိမိရွေးချယ်ခဲ့တာတွေ မှန်ရဲ့လား။ နောက်ထပ် ရွေးချယ် စရာတွေ ကျန်သေးရဲ့လား....။

ဘက်ဇာလီ မှော်ဇီနှင့်မဲ့ဆဲမှာ ထိုင်နေသည်။ တစ်ကိုယ်တည်း။

သို့ထိုင်ရင်း၊ ခွေးချင်း သခေသာပေါက် သိုက်တာ တစ်ခု ရှိသည်။ မိမိ ပြောင်းလဲသွားပြီ။ ယခင်ကနှင့် မတူတော့။ မတူဆို ညစာမစားမီက ဘက်ဇာလီနှင့် ယခု ဘက်ဇာလီပင် မတူတော့။ မိမိရင်ထဲမှ အစိတ်အပိုင်းလေး တစ်ခုသည် ညနေကပင် သေဆုံးသွားပြီး သို့ သေဆုံးခြင်းကို ဘက်ဇာလီ လွမ်းဆွေးခြင်းကင်းစွာ ရင်ဆိုင်လိုက်၏။ မိမိသည် ဘယ်သောအခါမှ ကိုယ်ပိုင် အိမ်ထောင် တစ်ခုကို ထူထောင်ခွင့်ရမည် မဟုတ်တော့။ မိမိ၏ စိတ်ကူးယဉ် အိပ်မက်တွေထဲမှ ချစ်စရာ အိမ်ဖြူကလေး နားလည်သိတတ်သော ခင်ပွန်းသည်၊ မိမိ ရင်သွေးများ ကြီးပြင်းလာအောင် ပြုစုပျိုးထောင်ပေးရမည့် နှစ်ကာလများ....။ ဒါတွေ ဖြစ်ပေါ်လာမည် မဟုတ်တော့။



ကြည့်လေ။ မိမိဘဝကိုပဲ ပြန်ပြောင်း စေ့စေ့ငဲ့ကြည့်။

ကမ္ဘာစစ်ကြီး အပြီးမှာ ငယ်ရွယ်သော၊ သွယ်ကျစ်သော၊ ယုယတတ်သော ဖရင့်နှင့် တွေ့ခဲ့သည်။ ဖရင့်က ရှုံ့ခွာသွားတော့ ကိုယ့်ကိုကိုယ် ဒဏ်ခတ်သည့်အနေဖြင့် နီးလ်နှင့် တွဲခဲ့သည်။ သည်ဂီတသမားတတော့ ဘယ် သောင် ဘယ်ကမ်း ဆိုက်နေမှန်းပင် မသိ၊ သူ့ဘဝ ကြမ်းပုံမျိုးနှင့်ဆို သေများ သေပြီလား။ ဒါလည်း အကြောင်းမဟုတ်။ သို့သော် နီးလ်ကြောင့်ပင် အက်ဒီနှင့် လက်ထပ်ဖြစ်ခဲ့သည်တော့ အမှန်။ ရည်မွန်သော၊ ချစ်တတ်သော၊ နားလည်မှုရှိသော အက်ဒီနှင့်ပေါ့။ သို့ပေမယ့် အက်ဒီသည်လည်း မိမိနှင့် အတွဲမညီသည်ကို တွေ့ရခဲ့ပြန် သည်။

ကဲ.... ခုတော့ အရသာရှိသည်။ အာသဇာ ညို့အား ကောင်းသည်။ တစ်ကိုယ်ကောင်း ဆန်သည်။ တစ်ခါ တစ်ရံ ရိုင်းသည်။ သူ ဆန္ဒရှိလျှင် သူ့အချိန်ကိုကော ငွေ ကိုပါ ရက်ရက်ရောရော သုံးတတ်သူ။ သို့ပေမယ့် သူ့ နှလုံးသားကို သော့ခတ် တံခါးပိတ်ထားသူလည်း ဖြစ် နေသည်။

သည်တော့....

ဘယ်မှာလဲ ယောကျ်ားတွေ၊ ယောကျ်ားတွေ ဘယ် ရောက်ကုန်ကြပြီလဲ။ ညကြီးမင်းကြီး မှောင်ကြီးမည်းကြီး ထဲ တစ်ယောက်တည်း အသံကုန် အော်ဟစ် မေးလိုက် ချင်သည်။ မိမိနှင့် သက်တမ်းတူ မိန်းကလေးတွေကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



မေမေ့တွေက ရှာဖွေပေးမည်ဟု ကတိကဝတ် ပြုခဲ့သည့် ယောကျ်ားတွေလေ၊ မိမိတို့ ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသော၊ ဝတ္ထုတွေထဲမှာ ဖတ်ဖူးသော ယောကျ်ားတွေလေ၊ ကျားကျားလျားလျား ရှိသော၊ ကြင်နာတတ်သော၊ ယဉ်ကျေးရည်မွန်သော၊ နောက်ပြီး လူကြီးစိတ် ရှိသော ယောကျ်ားတွေ....၊ ရှိမှ ရှိကြသေးရဲ့လား၊ ဘယ်ကမ္ဘာ ရောက်ကုန်ပြီလဲ။

နက်ဖြန်ဆို မိမိဆီ တယ်လီဖုန်း ဆက်လိမ့်မည်၊ ဖရင့် ဆက်လိမ့်မည်။ သေချာသည်၊ သူ့ဟိုတယ်ခန်းထဲမှ ဆက်ဝံ့မည် မဟုတ်၊ အများသုံး တယ်လီဖုန်းမှ လာဆက်ဖို့ များသည်၊ နောက်ပြီး မိမိနှင့် တွေ့ပါရစေဟု ခွင့်တောင်း လိမ့်မည်၊ ဝန်ချတောင်းပန်စရာတွေကို ဝန်ချတောင်းပန် လိမ့်မည်၊ နောက်ပြီး.... နောက်ပြီး မိမိနှင့် ပြန်ဆက်ဖို့ အားထုတ်လိမ့်မည်၊ ဗာဂျီးနီးယားမှ အလုပ်ကိစ္စဖြင့် နယူးယောက်သို့ တက်လာတိုင်း မိမိနှင့် 'ဇာတ်လမ်း' ပြန်စဖို့ ကြံစည်လိမ့်မည်၊ ဒါကို ဘက်ဗာလီ သိနေသည်။ ဘာကြောင့်ဆို ညစာ စားနေကြတုန်း ဖရင့်၏ ပေါင်က မိမိ၏ ပေါင်နှင့် လာကပ်သည်၊ တစ်ခါမဟုတ် နှစ်ခါ မဟုတ်၊ မတော်တဆ မဟုတ်၊ သည်တော့ တခြား မိန်းမ တွေလည်း မိမိလိုပဲ တွေ့ကြုံနေကြရသလားဟု ဘက် ဗာလီ အတွေးကြွယ်မိ၏။



ဘာ့ပဲဖြစ်ဖြစ် မိမိကတော့ သည်လို မိန်းမမျိုးတွေထဲ မှာ မိမိ အပါမခံနိုင်၊ ဖရင့်ဆိုသူ ဖုန်းဆက်လာလျှင် မိမိ မရှိကြောင်း ပြောလိုက်ဖို့ ညော်ကြီး စာရေးမလေးကို မှာထားလိုက်ရုံပါ၊ မိမိ ဖရင့်ကို စိတ်နာခင်စေး။

မိမိ စိတ်ဝင်စားသည်မှာ ညနေပိုင်းက ဆီလ်ဗီယာ အရိပ်အမြွက် ပြောခဲ့သည့် ကုန်တိုက်၏ အနာဂတ် အရေး သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ကုန်တိုက်ကို ရောင်းပစ်တော့မည်။

တီးတိုး သတင်း တွေကို ဆီလ်ဗီယာ ကြားခဲ့တာ တော်တော်ကြာပြီ၊ သည်တော့ တိုးတိုး တိတ်တိတ် မေးကြည့်သည်။ စုံစမ်းကြည့်သည်။ ကိုယ်တိုင် ကိုယ်ကျ တီးခေါက် ကြည့် သည်။ သည်တော့ သည့်အစီအစဉ်ကို တရားဝင် မကြေညာမီကပင် ဆီလ်ဗီယာ သိနှင့်နေသည်။

သည်သတင်း တရားဝင်ထွက်လာတော့ အားလုံး တုန်လှုပ်သွားသည်၊ ကြွက်စီကြွက်စီ ဖြစ်ကုန်သည်၊ အချို့ ငယ်ရွယ်သော အမှုထမ်းများက မိမိတို့တော့ လမ်းသေး ချေးသည်ဘာဝ ရောက်တော့မှာပဲ ဆိုသည့် အဆင့်ထိ ကြိုတင် မျှော်လင့်ထားကြသည်။ ဝယ်လ်ဘီ၏ ဖောက် သည်များကလည်း နယူးယောက်တိုင်း သတင်းစာထဲမှပင် လှမ်းအော် တန့်ကွက်ကြသည်။



ထိုအခါ ပိုင်ရှင်သစ်ဖြစ်သည့် 'ရေးလ်ဖွဲ့'က ကြေညာ ချက်များ ကမန်းကတန်း ထုတ်ပြန်ရသည်။ မိမိတို့သည် ဝယ်လ်ဘီ၏ ရောင်းကုန်အရည်အသွေးကိုရော ဝန်ထမ်း များကိုပါ ပြောင်းလဲပစ်ဖို့ ရည်ရွယ်ကြောင်း၊ သို့သော် ဆီလ်ဗီယာနှင့် ဘက်ဗာလီကတော့ သူတို့၏ ကြေညာ ချက်ကို မယုံ၊ အယုံအကြည် မရှိ။

'ကနဦးပိုင်းမှာတော့ အပြောင်းအလဲက မသိမသာ ကလေးပဲ ရှိမယ်၊ ဒါပေမယ့် သူတို့ဝယ်တာ ကုန်တိုက်ရဲ့ နာမည်လေ၊ အရည်အသွေးကို ထိန်းလာတဲ့ အစဉ်အလာ ကြီးတဲ့ နာမည်ကို ဝယ်ယူတာပဲ၊ သူတို့ ဒီကုန်တိုက်ကို လျှော့ဈေးနဲ့ရောင်းတဲ့ အဟောင်းတည်ဆိုင်ကြီး အဖြစ် တော့ ပြောင်းလဲ မပစ်ဘူးပေါ့'

သတင်းကြေညာပြီး တစ်ညနေတွင် ဆီလ်ဗီယာက ဘက်ဗာလီအား ရှင်းပြသည်။

'အဆောက်အအုံကြီးကိုကော ဘယ်လို လုပ်ကြမလဲ မသိဘူး'

ဘက်ဗာလီ မေး၏၊ သူတို့ကုန်တိုက် ပတ်လည်တွင် တစ်နေ့တခြား မိုးထိ တိုက်ကြီးတွေ တစ်လုံးပြီး တစ်လုံး တိုးတက် နေ သည်။ ဝယ်လ်ဘီကုန်တိုက် တစ်တိုက်သာ ပုပုပြတ်ပြတ်ကလေး ကျန်နေတော့သည်။

'ဒါကို သူတို့ ဆက်ထိန်းထားမှာပါ၊ နောင် အနှစ် နှစ်ဆယ်လောက်ထိ မမတို့ ဒီမှာပဲ ဆက်ရှိနေဦးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



တော့ မဆိုလိုဘူးနော်၊ ဒါပေမယ့် လောလောဆယ်မှာ
တော့ အဆင့်မြင့်ဖက်ရှင်ဈေးကွက်ကို သူတို့ ဆက်ထိန်းဖို့
ကြိုးစားတဲ့ နေရာမှာ မမတို့ ကုန်တိုက်က ရှေ့ဆောင်
လမ်းပြ သတော်တစ်စီးအဖြစ် ရှိနေဦးပါမှာပါ။

'သူတို့ အသည်အသိပ် ကုမ္ပဏီ နှစ်ခုလောက်နဲ့တောင်
အပေးအယူ လုပ်နေပြီး အဲဒီထဲမှာ အာသာရဲ့ ကုမ္ပဏီလည်း
တစ်ခု အပါအဝင် ဖြစ်နေမယ်ဆိုရင် မမ မအံ့သြဘူး
နောက်ပြီး သိပ်မနေအောင်မြင်တဲ့ ဖက်ရှင်မဂ္ဂဇင်းတွေကိုလည်း
စနည်းနာဖို့ လူတွေ လွှတ်ထားသေးရဲ့၊ သူတို့ ကိုယ်ပိုင်
အသုံးကုန်တွေ ထုတ်မယ်လို့ ကောင်းသတင်းထွက်နေတယ်
နည်းနည်းနောနော စီမံကိန်းကြီးတွေ မဟုတ်ဘူး ဘာ
ဗမလီ'

'ဒီတော့ ကျွန်မတို့ကကော၊ ကျွန်မတို့က ဘယ်နေရာ
က ဝင်ကရမှာလဲ'

'အဲဒါ စိတ်ဝင်စားစရာ ကောင်းတဲ့ မေးခွန်းပေါ့
အဲဒါကို အဖြေရှာကြရမှာပဲ'

စီးကရက်ဗူးထဲမှ စီးကရက် အသစ်တစ်လိပ် ထုတ်
တတ်သည်။

'သူက မမတို့ကို လိုအပ်မှာပါ၊ အပျိုစား ဝတ်စုံတွေ
ဝတ်ထားတဲ့ စာရင်းကိုင်တွေ တပ်ရင်း တစ်ရင်းစာ
လောက်အ နေဒင် တစ်နှစ်လောက်အကြာမှာ အမေ
ကန် အမျိုးသမီးထု ဘာဖတ္တ ဝတ်ချင်စားချင် လိမ့်မယ်

[illegible]ဟာကို ကြိုတင်ခန့်မှန်း တွက်ချက်ကြမယ် ဆိုရင်တော့
[illegible]တို့ အံ့အားသင့်စရာကြီးတွေနဲ့ တိုးသွားမှာပေါ့'



* *

နောက် လပိုင်းများမှာ ဘက်ဗာလီသည် ကုန်တိုက်
အရောင်းဆောင်ရေး ဘာဝဖြင့် စပြီး အလုပ် လုပ်ခဲ့
သည်းက ဦးနှောက် အခြောက်ရဆုံး ကာလများပင်
ဖြစ်၏။

အမှုဆောင် အရာရှိသစ်များ ရောက်လာလိုက်၊ နေ့
[illegible]ညချင်း ပြန်ပျောက်သွားလိုက်၊ ဝယ်လ်ဘီကို စတင်
[illegible]ထောင်ခဲ့သည့် အမှုဆောင် အရာရှိကြီးများမှာ ရုပ်ပြ
[illegible]ကပ်ပဲ ဖြစ်နေသည်၊ ဘာဟာဝန်မှ မယ်ယ်ရရ ပေး
[illegible]ခြင်း မခံရ၊ ချီကာဂိုရှိ ဗဟိုဌာနချုပ်မှ တယ်လီဖုန်း
[illegible]သံကို နားစွင့်နေကြရသည်၊ သည်မဟာအဖွဲ့အစည်း
[illegible]ကို ဘယ်သူပိုင်သည်၊ ဘယ်သူကြိုးကိုင် လှုပ်ရှားနေ
[illegible]ကို ဘယ်သူမှ မသိ၊ ဆိုလ်ဗီယာနှင့် ဘက်ဗာလီ
[illegible]သည်း ကြိုးစား ဆက်ပေါ်ကြည့်သည်၊ သို့သော် သဲလွန်စ
[illegible]လို့ မရ။

www.burmeseclassic.com



ခေတ်ကာလ ပြောင်းပြနေပြီ။ စီးပွားရေးလုပ် မျှား တိုးချဲ့ကြသည်။ အပိုင်စီးကြသည်။ ယခင်တာမိသ ပိုင် လုပ်ငန်းများအဖြစ် ရောင့်ရဲကျေနပ်စွာ လုပ် လာသည့် လုပ်ငန်းများကို ငွေရှင်ကြေးရှင်များက မျိုလာသည်။ သုံးမကုန် ဖြုန်းမကုန် နိုင်လောက်အော ရလာသည့် နေ့နံ့အမြတ်ငွေများဖြင့် ကုန်ပဒေသာ ကြီးတွေ၊ ဖက်ရှင်ဆိုင်ကြီးတွေ ဖွင့်ကြသည်။ ယခ လူလှည့်မကြည့်သည့် မြို့တော် ဆင်ခြေဖုံးများတွင် ကြီး ,တနစ်ကြီးတွေ မှိုလိုပေါက်လာသည်။

ဘက်ဗာလီ၊ ဆီလ်ဗီယာနှင့် အခြား အမှုထော အရာရှိများကတော့ ခေတ် ရေစီးကြောင်း ပေါ အသာလေး မျောလိုက် သွားကြသည်၊ ပထမ ပိုင်ရှင်သစ်များက တိုင်ပင်နှီးနှောခြင်းမပြုဘဲ လွှတ်လ လပ်လပ် ဆုံးဖြတ်ချက်များ ချခဲ့ကြသည်။ သို တစ်ချိန်နှစ်ချိန် အမှားကြီး မှားပြီးသောအခါ ဖက်ရှင် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ဖို့ အ အကြံ့ သူမှာရင့်သူများထံ ပြန်လည် အပ်နှံကြရသ ပထမနှစ်အကုန်တွင် ဆီလ်ဗီယာကို ဘုတ်အဖွဲ့ဝင် ဒုတိ ဥက္ကဋ္ဌ ရာထူးသို့ တိုးမြှင့်ပေးသည်၊ စင်စစ် ဥက္ကဋ္ဌ တာဝန်များလို ဆောင်ရွက် နေရသည်သာ။ သို ဥက္ကဋ္ဌဆိုသည့် နာမည်ကိုတော့ တပ်ခွင့်မပေး။

'ဒါပေါ့လေ၊ မမကို ဥက္ကဋ္ဌရာထူး တပ်ခွင့်ဘယ် မဖြဲ၊ ယောကျ်ား တစ်ယောက်ယောက်ကို ပေးကြ



ပေါ့၊ ဒါပေမယ့် သူတို့ဝယ်လိုက်တဲ့ ဂုန်နီအိတ် အင်္ကျီ တွေနဲ့ နေရှုး ကုတ်အင်္ကျီတွေကတော့ သင်ခန်းစာ ရသွား လောက်ပါပြီ၊ ကိုယ်မပိုင်တဲ့ ကိစ္စတွေမှာ ဝင်ပြီး လေ မကျယ်ဖို့ ဆိုတာလေ'

လူသစ်တွေက သူတို့ဆုံးဖြတ်ချက်ဖြင့် သူတို့ ဖက်ရှင် အင်္ကျီ နှစ်မျိုးကို ဝယ်ယူခဲ့သည်၊ သို့သော် ဝယ်သူမရှိ သဖြင့် သောက်ဆောက်လဲ ရှုံးသည်။ ဒါကို အရှုံး ထက်သာစေရန် ဘက်ဗာလီက ဝင်ကယ်ခဲ့သည်။ သူက လူမကြိုက်သည့် အင်္ကျီပုံစံကြီးတွေကို လူကြိုက်လာ အောင် ခါးပတ်တွေ ထပ်တပ်ဆင်စေသည်၊ သည်တော့ အမေရိကန်မှတွေ ဂုဏ်ယူဘတ်သည့် ခါးသိမ်သိမ်ကလေး တွေ ပေါ်လွင်လာပြီး အဆိုပါအင်္ကျီများ ချက်ချင်း လူကြိုက်များလာသည်။

'သူတို့ ဘာအချိုး ချိုးလိုက်ကြတာလဲ ဆီလ်ဗီယာ'

၁၉၆၀ ပြည့်လွန် ဆေးစောပိုင်းတွင် ဆီလ်ဗီယာ ရှုံးခန်းထဲ၌ လက်ဖက်ရည် အဘူသောက်ရင်း ဘက်ဗာလီ မေး၏၊ နေ့လယ်ခင်းကတော့ သူတို့ နှစ်ယောက်စလုံး နေ့လယ်စာ စားပွဲတစ်ခုသို့ မသွားချင်ဘဲ သွားခဲ့ရသည်။ အငယ်တန်း ဒုတိယဥက္ကဋ္ဌ တစ်ယောက်ကို ပြည်နယ် မန်နေဂျာအဖြစ် ခန့်ပြီးကျော်လွှား ရာထူးတိုးပေးလိုက် ခြင်းအတွက် ဂုဏ်ပြုကျင်းပသည့် နေ့လယ်စာ စားပွဲ။

'အလုပ်အကြောင်း နကန်းတစ်လုံးမှောင် မသိတဲ့ အင်ဒီထရက်ဘလက်ကိုမှ ဘာကိစ္စ ရာထူးတိုးပေးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ သူ့ကို ကုမ္ပဏီဆိုတဲ့ နာရီတစ်လုံး တိုးပေးအောင် ဘယ်လို သော့ပေးရမှန်း နားမလည်တဲ့လူကိုများ’

‘သူက ယောကျ်ားလေ၊ နားထောင် ဘက်တာလီ တို့များ ကိုယ့်ကိုကိုယ် လှည့်စားမနေဘဲ အမှန်ကို ရင်ဆိုင်ကြည့်ကြရအောင်၊ အခုမရိုကန် စီးပွားရေးလောကက မိန်းမသားတွေကို မကြိုက်ဘူး၊ ထိပ်တန်း ရာထူးတွေ မပေးချင်ကြဘူးလေ၊ ဒီနေ့တွေကြောက်နေကြတာကွ၊ ဟင်း....သူတို့က ပြောတယ်၊ သူတို့မှာ တခြားအကြောင်းပြစရာတွေ အများကြီးလို့

‘တို့ မိန်းမသားတွေက စိတ်မချရဘူး၊ တစ်လမှာ ငါးရက်လောက် ခြေလက်မသယ်ချင် ဖြစ်နေမယ်၊ တို့တွေ အိမ်ထောင်ပြုမယ်၊ ဒါမှမဟုတ် ကိုယ်ဝန် ရှိလာမယ်၊ ဒါမှမဟုတ် ငိုကြီးချက်မ လုပ်ချင်လုပ်မယ် ဆိုတာတွေပေါ့၊ ဒါပေမယ့် အဓိကအကြောင်းရင်းကတော့ သူတို့ ထိတ်လန့်တုန်လှုပ်နေလို့ပဲ၊ သူတို့က ကမ္ဘာကြီးကို ရာစုနှစ်ပေါင်းများစွာ ကြိုးကိုင် အုပ်ချုပ်လာတဲ့ လူတွေလေ၊ သူတို့ကြောင့် ကမ္ဘာကြီး ဘယ်လောက် ကသောင်းကနင်းတွေ ဖြစ်ခဲ့ရသလဲဆိုတာ သူတို့လဲအသိ၊ တို့လဲအသိ၊ ဒီတော့ သူတို့ကလဲ သူတို့လွင့်ထားတဲ့ တံခွန်ကို လောဘသက်ချင်းတွေနဲ့ အင်အားရှိသလောက် ဆက်ပြီးဆုပ်ကိုင်ထားတာပေါ့လေ’



‘ဒီထက်မက အကြောင်းရှိရမယ် မမ၊ ကျွန်မဆိုရင် လွတ်လပ်သူတစ်ယောက်၊ ကျွန်မ ခရီး သွားနိုင်တယ်၊ ဖက်ရှင်ကမ္ဘာရဲ့ မျက်နှာစာတိုင်းနဲ့ သိတယ်၊ နောက်ပြီး ကျွန်မ သိရသလောက်ဆို ကျွန်မ တစ်ခါမှ ယောကျ်ားတွေရဲ့ အတ္တမာနကို မစော်ကားခဲ့ဘူး၊ ဒီရာထူးကို ကျွန်မ ရသင့်တာ၊ ဒီရာထူးအတွက် ကျွန်မ လေ့ကျင့်ပြီးသား၊ အတွေ့အကြုံရှိပြီးသား၊ ဒီတာဝန်ကို ကျွန်မယူနိုင်တယ်၊ ဒီတော့ ဒီတာဝန် ကျွန်မကို မပေးတဲ့အတွက် အကြီးအကျယ် ဒေါသဖြစ်မိတယ်ဆိုတာ ပြောဖို့ဝန်မလေးဘူး’

‘အင်း....ဒီစကား ဒီမှာသာပြောတာလေးရေ၊ အပြင်မှာ မပြောနဲ့၊ မင်းအတွက် ဖြေဖျောက်စရာ ဖြစ်မယ်ဆိုရင် မမပြောမယ်၊ မင်းနဲ့မမ တစ်သဘောတည်းရှိတယ်၊ ဒီရာထူးဟာ မင်းရာထူး ဖြစ်ရမယ်၊ မမ အတွက်တော့ အကြောင်း မဟုတ်ဘူး၊ လုပ်မနေနဲ့၊ မမက မမ လိုချင်တာ ရထားပြီး ဥက္ကဋ္ဌ ရာထူးကိုရရင်တော့ အတိုင်းထက်အလွန်ပေါ့၊ ဒါပေမယ့် မရလဲ ပြေသာတယ်’

‘မမ ဒီထက် တစ်ဆင့်မတက်ချင်တော့ဘူး၊ ဟာမန်ကလဲ မလိုသွားဘူးလေ၊ သူ့ကျန်းမာရေးက ထင်တိုင်းမပေါက်ဘူး၊ နောက်ပြီး မမတို့ရဲ့ မဝေးလှတော့တဲ့ အနာဂတ်ကာလကို မမတို့ ကြိုတွက်ထားပြီး၊ ဖလော်ရီဒါ ကမ်းခြေမှာ အိမ်ပိုင်လေးတစ်လုံးနဲ့ နေနိုင်ပြီဆိုတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီကနေ ငါးနာရီထိ ကျုံးရှန်းနေရတဲ့ အလုပ်ကို တော့တာပဲ’

‘မမ တကယ်ပဲ့ အနားယူနိုင်လို့လား ဟင်’

ဘက်ဗာလီ တကယ်ပင် အံ့ဩတကြီး ကြည့်လိုက်၏။ သူသည် ဆီလီဗီယာအား တစ်ခါမျှ အချိန် ကာလနှင့် အသက်နှင့်ယှဉ်ပြီး မကြည့်ခဲ့၊ သို့သော် ဆီလီဗီယာသည် အနားယူရမည့် သက်တမ်းနား ကပ်နေပြီ ဆိုတာတော့ သဘောပေါက်သည်။ တကယ်တော့ မိမိသည်ပင် လွန်ခဲ့သည့် ဇွန်လက အသက်လေးဆယ် ပြည့်ခဲ့ပြီပဲ။

‘မမ အလုပ်မလုပ်ဘဲ နေရတဲ့ဘ၀ကို သည်းခံနိုင်လို့လား’

ပို၍ တိတိကျကျ မေးလိုက်၏။

ဆီလီဗီယာ သက်ပြင်းချသည်။

‘တကယ်တမ်း ပြောရရင် မမ အနားမယူချင်သေးဘူး၊ ဒါပေမယ့် မမ ဟာမန်ကို ညှာရတော့မယ်၊ သူ နောက်ထပ် ဘယ်နှစ်နှစ် နေရတော့မလဲ၊ မမတို့ နှစ်ယောက် ဘယ်လောက် ကြာကြာ နေရတော့မလဲ ဆိုတာ မသိဘူးလေ၊ ဟာမန်က ဘယ်တုန်းကမှ ညည်းညူ အပြစ်တင်တတ်တဲ့သူ မဟုတ်ဘူး၊ ဒါပေမယ့် နယူးယောက် ဆောင်းတွင်းကို သူ အရမ်း မုန်းတယ်ဆိုတာ မမသိနေတယ်၊ အဲဒီ ချောင်းဆိုးရောဂါဟာ နို၀င်ဘာ တစ်ရက်နေ့က စဝင်လိုက်တာ မေလထိ ပြန်မထွက်တော့ဘူး’



‘မမရဲ့ ဘ၀မှာ သူ့ကို လိုအပ်တယ် ဘက်ဗာလီ၊ သူ့ ကျန်းမာ စေချင်တယ်၊ စိတ်ချမ်းသာ စေချင်တယ်၊ ဒီလို ဖြစ်ဖို့အတွက် မမရဲ့ ရာထူးဌာနန္တရကို စွန့်ရမယ် ဆို စွန့်ဖို့ ဆုံးဖြတ်ရမှာပဲ’

ဘက်ဗာလီ မျက်နှာပေါ်က သောကရိပ်ကို ကြည့်ပြီး လိုက်ကာ....

‘ဟော....မျက်ခုံမှောင်ကြီး မကြုတ်စမ်းနဲ့၊ အသေးအဖွဲ တွန့်ထောက်တယ်၊ ကဲ၊ မင်းအကြောင်း ပြန်ပြောကြ အောင်၊ မမ အနားယူခဲ့ရင် မမနေရာကို မင်း အလို လျောက် တက်လာမယ်ဆိုတဲ့ စကားကို ပြီးခဲ့တဲ့အပတ် ဆိုရင် ပြောဝံ့တယ်၊ ဒါပေမယ့် ခု သရက်ဘာသက် းတိုးပုံကို ကြည့်ပြီး မပြောဝံ့တော့ဘူး’

‘တို့ဆရာကြီးတွေရဲ့ ခေါင်းထဲမှာ မိန်းမသား ဆန့် ရေး အစွဲသက်ပိုတဲ့ ပြဿနာတွေ ရှိကောင်းရှိနေလိမ့် ဘာတွေ ဖြစ်နေလဲ ဆိုတာ နည်းနည်းတော့ တီး က် ထောက်လှမ်းကြည့်ရမှာပဲ၊ လောလောဆယ်မှာ နေရာမှာ မမသာဆိုရင်တော့ တခြား ကုမ္ပဏီတွေကို နည်း ပါးပါး တီးခေါက် ကမ်းလှမ်း ထားမှာပဲ၊ တာတဆ....မပြောနိုင်ဘူးလေ’

ဆီလီဗီယာ ဘာကိုဆိုလိုသည်ကို ဘက်ဗာလီ ကောင်း င်း နားလည်လိုက်သည်။ သည်အဖြစ်မျိုးတွေ မြင်ဖူး ဖူးနေပြီး ထက်မြက်ကျွမ်းကျင်သော အရာရှိတွေကို ပိတ်နေသည့် အဖြစ်မျိုး။ ဒါကို ခေါင်းငုံ့ ခံနေလိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် နေ့စက်တစ်ဆင့်အဖြစ် သူတို့ အလုပ်ဖြုတ် ခံ သာမှတ်။

ဟုတ်သည်။ သည်လိုတော့ မဖြစ်သင့်။ သည် အ အစည်းမှာ မိမိသည် အခြား သူတွေထက် ကြိုးစား သည်။ ဝယ်လ်ဘီ ကုန်တိုက်တွင် ဘာပစ္စည်း၊ တင်လျှ ရောင်းရမည်၊ ဘာပစ္စည်းက ရောင်းရမည်မဟုတ်ဆိုတာ သိခဲ့သည်။ သို့သော် ဝယ်လ်ဘီမှာ အလုပ်မလုပ်လို့ ပျက်သွားတာမှ မဟုတ်ဘဲ၊ သည်နေရာမှာ မိမိတက်လှမ်း မရှိလျှင် တက်လမ်းရှိသည့် နေရာသို့ ပြောင်းဖို့အချိန်တ နေပြီ။ သည့်ထက်ကောင်းသည့် အလုပ်တစ်ခု ရနိုင်သ ဆိုတာကို တစ်စက်ကလေးမျှ သံသယမဖြစ်၊ ရှည်လျ စွာသော လုပ်သက်နှစ်များအတွင်း မိမိသည် ဖက်ရှ ကမ္ဘာမှ အရေးပါ အရာရောက်သော လူများပေါင်းစုံ တွေ့ဆုံ သိကျွမ်းခွင့် ရခဲ့သည်ပဲ။

သည်အတွေးက အာသာကို သတိရစေသည်၊ ခဲ့သည့် နှစ်နှစ်အတွင်း မိမိတို့ နှစ်ယောက် သိပ်မ ဖြစ်ကြ။ ကင်းကင်း ရှင်းရှင်းကြီး ပြတ်သွားသည်တော့ လည်းမဟုတ်။ နှစ်ယောက်လုံး အလုပ်ပိနေကြသ တစ်နည်းတစ်ဖုံအားဖြင့် သူတို့သည် သီခြားကမ္ဘာထ စီတွင် ကျင်လည်နေကြရသည်။ သို့သော် ဝယ်လ်ဘီ ဘားကြီးပဲ ဖြစ်နေဖြစ်ခဲ့ အာသာကို မပြောချင်။ ထ ပေါ်တွင် မိမိအလိုလားဆုံး အရာမှာ မိမိအလုပ်၊ ဒ



မဟုတ် မိမိဘဝ တိုးတက်ရေး အတွက် အာသာ၏အရှိန်အဝါကို အသုံးချရေးပင်။

* * *

နောက်တစ်ပတ်လောက် အကြာတွင်မှ ဆီလ်ဗီယာက ဘက်ပါလီအား သူ့ရုံးခန်းထဲ ခေါ်သည်။ နှစ်ကိုယ်ကြား စကားဝိုင်းလေး လုပ်သည်။

'မမ ပြောမယ့်စကားကို မင်း ကြိုက်မှာ မဟုတ်ဘူး၊ မမပြောတာ မှားချင်လဲ မှားလိမ့်မယ်၊ ဒါပေမယ့် မမှားဘူးလို့ ထင်တယ်၊ မမ ကြားလာတဲ့သတင်းက မတူတဲ့ နေရာနှစ်ခုက ကြားလာခဲ့တာ၊ မမတို့နှစ်ယောက်က မိတ်ဆွေတွေမှန်း သိတော့ သွယ်ဝိုက်ကာပဲ ပြောကြတယ်၊ ဒါပေမယ့် မမ ပုံဖော်လို့ရတယ်၊ အဲ... ပေါ်လာတဲ့ ပုံကို မကြိုက်ဘူး'

'ကျွန်မမှာ ရန်သူမရှိဘဲနဲ့ ဒီလောက်ထိ ပြင်းပြင်းထန်ထန် ဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး ဆီလ်ဗီယာ၊ သူတို့က ဘာတွေပြောနေလို့လဲ၊ ကျွန်မက ရေမွှေးတွေကို ရောရောနေသတဲ့လား၊ ဒါမှမဟုတ် ဒီဇိုင်း ဝည

www.burmeseclassic.com

www.burmeseclassic.com



ရှပ်တွေဆီက ကော်မရှင် ယူနေသဘဲ့သလား၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ တာဝန်ပေးသမျှ လုပ်ငန်းတိုင်းကို ကျွန်မက နိုင်နိုင်နင်းနင်း ဦးစီးပြီး လုပ်နေလို့လေ'

'ဒါလို သူတို့သိဘယ်၊ မဟုတ်ဘူး၊ အဲဒါထက်ကို စိတ်ပဲ့သေးတယ်၊ မင်း ကာရင်လင်ဒါကို မှတ်မိလား'

မိမိနှင့် ပြိုင်တူ အလုပ်ဝင်ခဲ့သည့် ကောင်မလေးတွေ အကြောင်း စဉ်းစားမိ၏၊ ဝယ်လ်ဘီဘွင် ခုထိ အလုပ်ဆက်လုပ်နေသူမှာ မိမိနှင့် ကာရင်ပဲ ရှိတော့သည်၊ ကာရင်က ဖြည်းဖြည်းချင်း ရာထူးတက်လာသူ၊ သို့ပေမယ့် လက်ထောက်အဝယ်တော် ရာထူးထက် ပို၍ ကြီးလေးသော တာဝန်ကို အပေးမခံရ၊ အိမ်ထောင်နှစ်ဆက် ရှိသည်၊ နှစ်ကြိမ်စလုံး အိမ်ထောင်ပျက်သည်၊ အိမ်ထောင်ပျက်တိုင်း ဝယ်လ်ဘီကို စွန့်သွားပြီး အခြား ကုမ္ပဏီများမှာ သွားလုပ်သည်၊ နောက် ဝယ်လ်ဘီသို့ ပြန်လာသည်၊ မိမိထက် အသက်ကြီးသည်၊ မိမိအကြောင်း သွားပုပ်လေလွင့် ပြောပြီဆိုလျှင် ကာရင်လင်ဒါက စသည်ချည်း ဆိုတာ ဘက်ဗာလီ သိထားသည်။

'သူက ဘာတွေ လျှောက်ပြောနေပြန်ပြီလဲ'

'သူက ရေးလ်ရုံးချုပ် ကနေဘာစ်ကောင်နဲ့ ရှုပ်နေတယ်လေ၊ ချာလီဆိုလား ဘာလား၊ တစ်လ တစ်ခါ ဒီကို လာတယ်၊ အိမ်ထောင်နဲ့၊ ဟို... ကိုးရိုး ကားယား ပိုးဝတ်စုံတွေ ဝတ်ဘတ်တယ်၊ ပေါင်နှစ် ဆယ် လောက် အလေးချိန်ပိုတဲ့ အတ္တဘောကြီးနဲ့လေ'



'မမ ပြောနေတဲ့လူကို ကျွန်မ သိပါတယ်၊ အဲဒါနဲ့ ...န်မနဲ့ ဘာဆိုင်လို့လဲ'

'ကာရင်က သူ့ကို နားသွင်းနေတာပေါ့၊ ဘာပဲဖြစ် ကာရင်က ပြောတယ်၊ သူက နားထောင်ဘယ်၊ သူ ...းရသနွေ့ကို ချီကာဂိုက ဆရာကြီးတွေဆီ သံတော် ...တင်တယ်'

'ကဲ၊ ဇွဲ့သည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့ မမရယ်၊ ...ရင်က ကျွန်မအကြောင်း ဘာတွေ ပြောနေလို့လဲ'

ဆီလီဗီယာ ပြောရမှာ တွန့်နေသည်၊ မိမိ၏ စကား ...ကြားလျှင် ဘက်ဗာလီ နားကြည်း ခံခက် ဖြစ်ပေလိမ့် ...

'ရေးလ်အဖွဲ့က အာသာ့ရဲ့ ကုမ္ပဏီကို ဝယ်ဖို့ ကြိုးစား ...ဘာ မင်း သိလား၊ အာသာက မရောင်းဘူးဆိုဘာ ...'

'အဲဒါနဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ'

'...ဝယ်လ်ဘီက အစုရှယ်ယာ တော်တော်များများကို ...သာ ပိုင်တယ်ဆိုတာကော၊ ဒီတော့ ဝယ်လ်ဘီကို ...လ်အဖွဲ့က ဝယ်လိုက်တော့ အာသာ ကောင်းကောင်း ...တ်ထွက်သွားတယ် ဆိုတာကော'

'...ဟင့်အင်း၊ မသိဘူး'

...အာသာနှင့် စကားပြောခဲ့ဖူးတာတွေ ပြန်စဉ်းစား ...၏၊ အာသာ အကြံပေးသဖြင့် ဝယ်လ်ဘီ၏ အစု ...သာ အချို့ကို မိမိသည်း ဝယ်ခဲ့သည်၊ အလုပ်ဖြစ်

www.burmeseclassic.com



သည်၊ သို့သော် ဝယ်လ်ဘီ၏ အစုရှယ်ယာများကို သူ ဝယ်ထားသည်ဟု အာသာ တစ်ခါမျှ ပြောမပြခဲ့၊

'ကောလာဟလ ဖြစ်နေတာက ရေးလ်ရဲ့ ကမ်းလှမ်းချက်ကို အာသာ ပယ်ချနေတာက အတွင်း လူ တစ်ယောက်က သတင်းပေးနေလို့တဲ့၊ သူ ဒီလို ငြင်းနေရင် ရေးလ်ဘက်က ဈေးတိုး ပေးလာမယ်ပေါ့ကွယ်'

'ဒီတော့.... အတွင်းလူဆိုတာ ကျွန်မပေါ့လေ'

'ဒါတွင် မကသေးဘူး၊ ချီကာဂို ဆရာကြီးတွေရဲ့ ထက်မြက်တဲ့ ခေါင်းထဲထင်နေတာက မင်း ဒီလောက် ရာထူးတက်လာတာဟာ အာသာ့ကြောင့်ပဲ၊ အာသာ သာ တွန်းမတင်ခဲ့ရင် မင်းဟာ အရောင်းစာရေးမှ ဘ မှာပဲ ရှိနေဦးမယ်လို့ ထင်နေကြတယ်'

ဘက်ဗာလီ သက်ပြင်းတစ်ချက် ရှိုက်၏၊ အသံကို ထိန်းထား၏၊

'ဒါဟာ ကျွန်မတို့ မိတ်ဆွေ ကာရင်ရဲ့ လက်ချက် ဖြစ်မယ်'

'ဘာပဲဖြစ်ဖြစ် ရေးလ် အုပ်စုက ရှေးဆန်တဲ့လူတွေ ဒီတော့ သူတို့ခေါင်းထဲမှာ မင်းဟာ ယုံကြည်စိတ်ချရ တစ်ယောက် မဟုတ်ဘူးလို့ စွဲနေပြီ'

'ဒီလောက်တောင်မှ စုတ်ပဲ့ရသလား ဆီလ်ဗီယာရယ်'

'နေဦး၊ ပိုဆိုးတာ ပြောဦးမယ်၊ သိသာတာ တစ်ခု ရေးလ်အဖွဲ့ထဲက တစ်ယောက်ဟာ ဒီအကြောင်း အာသာကို မေးကြည့်တယ်၊ မမ အပ်ချုပ်ချတော့



မပြောနိုင်ဘူး၊ ဒါပေမယ့် အရိပ်လက္ခဏာတွေ ပြနေတာက အဲဒီကိစ္စကို အာသာက လုံးလုံးလျားလျား မငြင်းခဲ့ဘူး။

'အဲဒါတော့ ကျွန်မ မယုံဘူး၊ အာသာဟာ ဒီလို လူစားမျိုး မဟုတ်....'

တုံ့ခနဲ့ စကား ရပ်လိုက်၏၊ အာသာသည် အချို့ အမျိုးမျိုး ချီးနိုင်သည်၊ မိမိအား သူ ကစေချင်သလို ကြိုးဆွဲလို့ရအောင်ပေါ့၊ မိမိက နေရာတကာတွင် အလုပ်ကို ဦးစားပေးခဲ့သည်လေ၊ သူ လိုလားသည့် ညများ၊ သူ မိတ်ခေါ်သည့် ခရီးများကို မိမိက အလုပ် အကြောင်းပြပြီး ငြင်းခဲ့ဖူးသည်၊ သူဆက်သည့် တယ်လီဖုန်းကို ပြန်ဆက်ဖို့ မေ့လျော့ခဲ့ဖူးသည်၊

သို့သော်...

သည်လောက်တောင်မှလား၊ သည်လုပ်ရပ်တာ ရန်သူ တစ်ယောက်ရဲ့ လုပ်ရပ်ပဲ၊ အာသာသည် မိမိအား သည်လောက် မုန်းသွားအောင် ချစ်ခဲ့သူမှမဟုတ်ဘဲ၊

'ခေါင်းနောက်သွားပြီလား ဘက်ဗာလီ'

'ဟင့်အင်း၊ ကျွန်မ....ကျွန်မ မယုံနိုင်လောက်အောင် အံ့အားသင့်နေတာပါ၊ ဒီတော့ ဒီကိစ္စကို ကျွန်မဘယ်လို ရင်ဆိုင်ရမလဲ ဆီလ်ဗီယာ၊ သူတို့ကိုအမြတ်ငွေ ရှင်းတမ်းတွေ ထုတ်ပြရမလား၊ ကျွန်မဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေ ယူသွားပြရမလား၊ ဒါမှမဟုတ် အာသာကို အမှန်အတိုင်း ထုတ်ပြောဖို့ အကျပ်ကိုင်ရမလား'

www.burmeseclassic.com

www.burmeseclassic.com



'နေဦးဘက်ဗာလီ၊ ဒီကိစ္စမှာ အာသာတိတိကျကျပါ တယ်လို့ တို့မပြောနိုင်ဘူး၊ မမအနေနဲ့ ဒီလူကို သိပ်ဘဝ ကျလှတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းကိစ္စကို တမင် ရည်ရွယ်ချက်နဲ့ လိမ်နေတယ်လို့လဲ မစွပ်စွဲနိုင်ဘ လေ၊ ခက်တာက တီးတိုး သတင်းဆိုတာ စထွက်လ ပြီးရင် မရှင်းနိုင်တော့ဘူးကွယ့်'

'အို....ရပ်နိုင်ပါတယ် ဆီလ်ဗီယာ၊ ကျွန်မအာသား ပတ်သက်ခဲ့တာကိုက အမှားကြီး မှားခဲ့တာပါ၊ ပါရီမှာ တုန်းက သူနဲ့အဆက်ဖြတ်ဖို့ဆုံးဖြတ်ခဲ့ပြီးသားပါ၊ ဒါပေမယ ကျွန်မ ဆတိနည်းသွားတယ်လေ၊ ကျွန်မသူ့ဆီက ဘ တစ်ခုမှ အခွင့်အရေး မယူခဲ့ဘူးဆိုတာ မမ သိပါတယ ကျွန်မကိုယ်ကျွန်မ သူပိုင်တဲ့ပစ္စည်းဘဝကို ဘယ်တုန်းက အရောက်မခံခဲ့ဘူး'

'သိတယ်လေ၊ ဖျော်မွှေး အနွေးသည်တော်စင် မ ဘာသာ မင်း ဝယ်ခဲ့တာပဲဟာ'

ဆီလ်ဗီယာ ခြောက်ကပ်စွာ မှတ်ချက်ချ၏၊ မိမိသေ သည့် သတင်းကို ဘက်ဗာလီ တုံ့ပြန်ခံစားပုံကို ကြို သည်၊ သည်လိုဖြစ်မည်ဆိုတာ မိမိကြိုတင် တွက်ဆထ သင့်သား၊ ဘက်ဗာလီသည် စိတ်ဓာတ်ကြံ့ခိုင်သူ ယောက် ဆိုတာ မိမိသိထားသည်ပဲ၊ သို့ပေမယ့် မုသ စကားတွေကို ကြားရဖန် များလာတော့ ဘယ်သူမဆ ယာယီကျတော့ ယုံသွားတတ်ကြတာ မမှတ



အာသာသည် ကောလာဟလတွေကို ထုတ်လွှင့်လိမ့်မည် မဟုတ်ဟု ဘက်ဗာလီ ယုံကောင်းယုံနေနိုင်သည်။

တစ်ဘက်မှ ပြန်ကြည့်တော့ အာသာသည် အိုမင်းလာပြီ၊ သူ့အတွက်သြဇာအာဏာဆိုတာအရေးကြီးသည်၊ သူ့ အပေါင်းအဖော်တွေအပေါ် သြဇာအာဏာ ရှိဖို့ အာသာ ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်မထားနိုင်သူဆိုလို့ ဘက်ဗာလီ တစ်ယောက်ပဲ ရှိသည် မဟုတ်လား။

ဘက်ဗာလီ မတ်တတ် ရပ်လိုက်၏၊ မျက်နှာထား တင်းနေသည်။

'ကောင်းပြီ၊ အာသာ့ အကြောင်း မပြောနဲ့တော့၊ ကျွန်မ တခြား ဘာလုပ်သင့်တယ် ဆိုတာ အကြံပေးစရာ ရှိသေးလား၊ ဆီလ်ဗီယာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စကို ကျွန်မပြန်တိုက်မယ်၊ ပြင်းပြင်းထန်ထန်ကို ပြန်တိုက်မှာ မို့လို့ပဲ'

'မင်း တန့်လန့်ကာ ရှေ့ထွက်ပြဖို့ အချိန်တန်ပြီ ထင်တာပဲ၊ မင်းရဲ့ တိုးတက်မှုနဲ့ အောင်မြင်မှု အကြောင်း ဆောင်းပါး နှစ်ပုဒ်လောက် ဖက်ရှင် မဂ္ဂဇင်းတွေထဲမှာ ပါလာအောင် မစီစဉ်လိုက်ဦးမယ်၊ မင်းပုံတွေ၊ မင်း ရုံးခန်း၊ မင်း နေပုံထိုင်ပုံနဲ့ မင်း အိမ်ခန်းရဲ့ ဓာတ်ပုံတွေ ပါပေါ့'

'ကျွန်မအခန်းကို ပြန်ပြီး ဖြယ်သပြီးမှပဲ လုပ်ပါ ဆီလ်ဗီယာ'

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗာလီသည် နဂိုကတည်းက ခန့်လုံးပြည့် ကော်ဇောကြီးကို ဖယ်ပစ်ဖို့ ရည်ရွယ်ထားပြီးသား၊ သို့သော် ထည်ကော်ဇောပေါ်မှာပဲ သူနှင့်အာသာ စတင်နယ်ကျွံခဲ့ကြသည်လေ။ ထည်တော့ သည်ကော်ဇောကြီးကို သံယောဇဉ်ထားနေခဲ့မိ၏။

ကဲ....ခုတော့ သည်ကော်ဇောကြီးကို ဖယ်ရှားပစ်ဖို့ အချိန်ကျပြီ။

* * *

ထိုည ညစာ စားပြီးသောအခါ ဆီလ်ဗီယာအာ ဟာမန်အား ဘက်ဗာလီ အကြောင်း ပြောပြသည်။ ဟာမန်က ထုံးစံအတိုင်း စိတ်ဝင်တစားနားထောင်သည်။

'အဲဒါကတော့ တော်တော့်ကို မတရားတာပဲ မောင်' ဟု ဆီလ်ဗီယာ အဆုံးသတ်စကား ဆိုသည်။

'ဒီကလေးမဟာ စိတ်မာတဲ့ကလေးမပဲ ဆီလ်ဗီယာ၊ ဒီလောက်ကိုတော့ ကြံ့ကြံ့ခံနိုင်မှာပါ'

'ကြံ့ကြံ့ခံနိုင်တာနဲ့ ဘဝကို အဓိပ္ပာယ်ရှိရှိ နေနိုင်တာ မတူဘူးလေ၊ တကယ်တမ်းပြောရရင် သူ့ဘဝမှာ ဒီအလုပ်ကလွဲပြီး တခြားတွယ်တာစရာ ဘာရှိသို့လဲ'



တကယ် နားကြည်းစရာ ကောင်းသည်မှာ ဒါပဲဖြစ်သည်။ ဘက်ဗာလီသည် ကိုယ့်လမ်းကိုယ် ရွေးချယ်ခဲ့သည်။ သည်ညမှာတော့ သူ့ဘဝမှာ ပထမဦးဆုံး အကြိမ်ဖြစ် သတေစပေါက် နားလည် လာပေလိမ့်မည်။ သူသည် လုပ်ငန်းပိုင်းတွင် အောင်မြင်မှုများ ရခဲ့သည့်တိုင် သူ့ဘဝမှာ အသက်ရှင် နေထိုင်ရခြင်းနှင့် ပတ်သက်၍မူ တစ်ဝက်မျှသာ အဓိပ္ပာယ် ရှိနေသောကြောင်း။

သို့သော် ထိုညနေက ဘက်ဗာလီ နေ့ခင်းတတရား ဖြင့် ကြေကွဲ အားငယ်နေခြင်း မရှိ။ သူက ရုံးခန်း ဝါတိုင်းလို နောက်ကျမှနေ၊ ညနေ ငါးနာရီဘိတိ ကိုယ့်အခန်း ကိုယ်ပြန်လာသည်၊ စာစေ့ပိုင်း ရှည် တယ်လီဖုန်းဆက်ထားသည်။ မိမိနှင့် ဆွေးနွေး ရှိလို့ဟု ဆိုသည်၊ သည်တော့ ရှည် ရောက်လာမှီ ယ့်အခန်းကိုယ် သပ်သပ်ရပ်ရပ် ဖြစ်နေစေချင်သည်။ ကျပြီး ကိုယ့်ဘာသာကိုယ် စဉ်းစားစရာလေးတွေ ရှိနေသည်။

www.burmeseclassic.com



သူသည် အာသာနှင့် အဆက် ဖြတ်လိုက်ရလို့ စိ
ထိခိုက်စရာ အကြောင်းမရှိ။ နေ့လယ်က ဆီလ်ဗီယာပြော
သွားတာတွေသည် အမှန်များ ဖြစ်မည်ဆိုတာ မိမိ နည်း
နည်းလေးမှ သံသယမဝင်၊ မိမိသည် အာသာ
မိတ်ဆွေတစ်ယောက် အနေဖြင့်ကော၊ ချစ်ဖော်
ယောက်အနေဖြင့်ပါ ခင်မင် နှစ်လိုခဲ့ပါသည်။ သို့ပေမယ့်
မိမိ၏ ဘဝနှင့် မိမိ၏အလုပ်ကို ထိခိုက်မည် ဆိုလျှင်တော့
အာသာနှင့် ထာဝရ အဆက်ဖြတ်ပစ်ဖို့ တစ်စက်မျှ လ
တွန့်နေမည် မဟုတ်။

ပြဿနာ တစ်ခုပဲ ရှိသည်။ ဘယ်ပုံ ဘယ်နည်းန
အဆက်ဖြတ်မလဲ။

မိမိ အာသာနှင့် မတွေ့တော့ဆိုတာ လူသိရမည်။
သည် တစ်သက်လုံး ကိုယ့်အား ကိုယ်ကိုးခဲ့ပြီး ကိုယ့်
ကိုယ်သာ ပိုင်စိုးသူအဖြစ် ရပ်တည်နေကြောင်း ဖက်
လောက ကျဉ်းကျဉ်းကလေးက သိသွားစေရမည်။

ရွေးစရာ လမ်းရယ်လို့ သိပ်များများစားစား မ
မိမိ အာသာနှင့် အဆက် ဖြတ်လိုက်ပြီဆိုတာ ဖက်
မဂ္ဂဇင်းထဲ ထည့်ကြော်ငြာလို့ မဖြစ်။ ကောလာဟလ
ကောလာဟလဖြင့် တုံ့ပြန် တိုက်ခိုက်ခြင်းမှာ ကိုး
အပြစ်ကို ကာကွယ်နေရသလို ဖြစ်သည်။ အကောင်း
နည်းကတော့ တစ်နည်းပဲရှိသည်။ အာသာ၏ နေရာ
လူစားထိုးလိုက်။ ထိုလူနှင့်အတူ လူတောသူတော တို



ကြော်....အက်ဒ်ရယ်၊ ခုနေများ မောင်ရှိလျှင် ဘယ်လောက် ကောင်းလိုက်မလဲ။ စီးပွားရေးအရ မအောင်မြင်သည့် တိုက်ပွဲတက် ယောကျ်ားတစ်ယောက်ရှိပြီး မိမိတို့က ဧည့်ခံပြုလုပ်မည့် ဧည့်ခံပွဲများတွင် အိမ်ရှင်အဖြစ် ကြိုဆိုပေးမည့်သူ တစ်ယောက်ရှိနေလျှင် မိမိလွတ်လပ်စွာ ရပ်တည်နိုင်ကြောင်းကို ကြော်ငြာပြီးသား ဖြစ်နေပေလိမ့်မည်။ သို့သော် မိမိသည် ကျိန်းနှင့်တော မာရီယံနှင့်ပါ အဆက်အသွယ်ပြတ်နေတာ ကြာပြီ။

မဟုတ်သေး။ သည်နယူးယောက်မှာပင် တစ်ယောက်ယောက်နှင့် တွဲခုတ်ပြဖို့လိုသည်၊ သည်တော့ မိမိ၏ မှတ်စုစာအုပ်ကလေးကို လှန်သည်။ သင့်တင့်လျောက်ပတ်မည့်သူရဲကောင်းကို ရွေးသည်၊ ကုန်လွန်ခဲ့သည့် နှစ်များအတွင်း မိမိတွဲခဲ့ဖူးသည့် ယောကျ်ားတွေ အကြောင်းပြန်လှန်သုံးသပ်ကြည့်သည်၊ တကယ်တော့ မိမိတွဲခဲ့ဖူးသူ သိပ်များများစားစား မရှိလှ။ တချို့ သုံးလေးကြိမ်ချိန်းတွေ့ဖူးသည်။ တချို့နှင့်ကျတော့ အိပ်ရာထဲထိ ရောက်ဖူးသည်။

သည်အထဲမှ ရာဖ်ပီးယားစ်ကို စိတ်ဝင်စားသည်။ လွန်ခဲ့သည့်နှစ်ကမှ သိကျွမ်းခဲ့သူ၊ မိမိ၏ ငွေရေးကြေးရေး ကိစ္စများကို တာဝန်ယူ ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းရှင်တစ်ဦး။ ရာဖ်မှာအိမ်ထောင်ရှိသည်၊ သို့သော် သူ့မိန်းမက နှစ်စဉ်နှစ်တိုင်း အရက်ဖြတ်ဆေးရုံသို့ အိမ်ဦးနှင့် ကြမ်းပြင်လို ဝင်ထွက်နေရသူ။ မည်သို့ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ရာဇ်ဖ်က သူ့မိန်းမအကြောင်းတစ်ခါမှ မကောင်းမပြော၊ ကိုယ့်ကိုကိုယ်လည်း သနားစရာ ဆတ္တဝါ တစ်ယောက် ဖြစ်အောင် ညည်းမပြတတ်၊ ရာဇ်ဖ်ကို မိမိလေးစားသည်၊ သူကလည်း မိမိကို စိတ်ဝင်စားတာ သေချာသည်၊

သို့သော်....

ရာဇ်ဖ်၏ အဆင့်အတန်းက မိမိ၏ လိုအပ်ချက်များနှင့် မကိုက်ညီ၊ မိမိလိုအပ်နေသည်မှာ အောင်မြင်သော ဘဏ် လုပ်ငန်းရှင်တစ်ဦးမဟုတ်၊ မိမိသည် ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်တည်နေကြောင်း ကမ္ဘာကို ကြော်ငြာဖို့ ဆည်သိုလူမျိုးနှင့် တွဲသို့မဖြစ်၊

အင်း....မိမိနှင့် သင့်လျော်မည့် လွတ်လွတ်လပ်လပ် လူတစ်ယောက်ကို ရှသ်က ညွှန်းနိုင်ချင် ညွှန်းနိုင်မှာ ပေါ့လေ၊

* * *

သူတို့နှစ်ယောက် မတွေ့ကြတာ ကြာပြီ၊ ရှသ်၏ရုပ် သွင်ကို ဦးစွာ တွေ့မြင်လိုက်ရတော့ အံ့သြ တုန်လှုပ်သွား သည်၊ သူငယ်ချင်း၏ နူးညံ့ဖော့င်းအိသော အရာတလေ၊



တွေ မရှိတော့ပါတလား၊ သူ့မျက်လုံးတွေဟာ ဂနာမ ငြိမ်၊ နောက်ပြီး မျက်ကွင်းတွေ ညိုနေသည်၊

'အေမရီကော၊ နေကောင်းရဲ့လား'

'သူလား.... နေကောင်းပါတယ်၊ အင်း.... ပြောရမှာ တော့ ခက်သား၊ ဒါပေမယ့် ငါရောက်လာတာ သူ့ ကိစ္စ ပြောဖို့ပဲ၊ ငါတို့ တောပိုင်းမှာသွားနေဖို့ သူ့ဆုံး ဖြတ်ပြီးကတည်းက ပြဿနာတွေက ခါတိုင်းထက် ပိုများ လာတာလား'

ရှသ်တို့၏ အိမ်ထောင်စုံ ပြဿနာများကို ဘက်စာလီ ချက်ချင်း ရိပ်စားမိလိုက်၏၊ လွန်ခဲ့သည့်နှစ်က ကော်နယ် တီကတ် ပြည်နယ်တွင် အိမ်ကြီး တစ်ဆောင် ဝယ်ပြီး ပြောင်းရွှေ့ နေထိုင်ဖို့ အေမရီက ဆုံးဖြတ် ခဲ့သည်၊ အကြောင်း ပြချက်မှာ ရှသ်၏ သားသုံးယောက်သည် မြို့ ပေါ်မှာ နေထိုင်လျှင် ပျက်စီးသွားမည်၊ အေးချမ်းမြိုး ရိုးစင်းသည့်တောမှာနေသင့်သည် ဆို၏၊ နောက်တစ်ချက် က တောမှာဆိုလျှင် နေရာ ကျယ်ကျယ်ဝန်းဝန်း ရှိသည်း သည်တော့ တလေးတွေနှင့် ပတ်သက်ပြီး သူမျက်စိမ နောက်တော့၊ ဦးနှောက် မခြောက်တော့၊

သို့သော် ပြောင်းရွှေ့ပြီးသည်နှင့် တလေးသုံးယောက် ကို ကျောင်းအိပ် ကျောင်းစား ပို့ထားလိုက်သည်၊ သည် တော့ ရှသ်မှာ တစ်နေ့လုံးလိုလို အဖော်မဲ့ ဖြစ်နေရသည်၊ အေမရီ၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ရှသ် တစ်

www.burmeseclassic.com

www.burmeseclassic.com



ခါမှမသာန့်ကွက်ခဲ့၊ ပထမပိုင်းတွင် အကျိုးနှင့်အကြောင်း နှင့် ဖျောင်းဖျ ပြောဆိုသေးသည်၊ သို့သော် ရှယ် ထိုသို့ ပြောလာလျှင် အမေရိက အေးစက်မကျောစွာ ပယ်ချ လေ့ရှိသည်၊ ပို၍ဆိုးသည်မှာ ရှယ်ကို စကားမပြောဘဲ နေတတ်သည်၊ တစ်ခါတစ်ရံ တစ်ပတ်လုံးလုံး စကားမ ပြောဘဲ နေသည်၊ နောက်တစ်ခုက အိမ်ထောင်သက် နှစ်နှစ်ရပြီး နောက်ပိုင်းတွင် အမေရိက အိပ်ခန်းတစ် ခန်းစီ ခွဲပြီး အိပ်ခဲ့သည်။

ရှယ်သည် သားသုံးယောက်ကို ရင်နှင့်အမျှ ချစ်သည်၊ လွမ်းလည်းလွမ်းသည်၊ သို့သော် သူတို့ ပတွေ့ရှိနေသည့် အခန်းထဲမှာ တစ်မိနစ်ပင် အတူမနေချင်၊ ဘာကြောင့် ဆို ပတွေ့နှင့်သားများ အိမ်မိုးတစ်မိုးတည်း အောက်မှာ အတူနေလျှင် ကလေးတွေ စိတ်ဆင်းရဲရသလို ပတွေ့ တလည်း စိတ်ညစ်နေတတ်သည်လေ၊ ရှယ်သည် အမေရိ နှင့် နေရတာ မပျော်တော့၊ သို့သော် မိမိကိုကော က လေးတွေကိုပါ ကျွေးမွေး စောင့်ရှောက် ထားသူမှာ အမေ မရိပဲ မဟုတ်လား၊ သည်တော့ အောင့်အည်း သည်းခံ နေရသည်၊

ယခု နောက်ဆုံး ပြဿနာမှာ ဂျော့ကွယ်လွန်ကတည်း က အိမ်မှာ လာနေသည့် အိမ်ဖော်မလေး အယ်လ်မာ၏ ပြဿနာ၊ အမေရိက အယ်လ်မာကို တစ်မျိုးမဟုတ် တစ် မျိုး အပြစ်ရှာနေသည်၊ အယ်လ်မာ့နေရာတွင် ဂျာမြွေရ လူကြီး လင်မယား၊ နှစ်ယောက်နှင့် အစားထိုးချင်သည်



စားပွဲ သောက်ပွဲတွင် အရက်ငှဲ့ပေးဖို့ ကိစ္စမျိုး ကျတော့ အယ်လ်မာလို ငယ်ရွယ်သူများနှင့် အံမကျဟု အကြောင်း ပြသည်။

'အယ်လ်မာ အလုပ်ထွက်မသွားတာကို ငါအံ့သြနေ တာ'

'ထွက်ချင်တာပေါ့ ဘက်ဗာလီ၊ ဒါပေမယ့် သူငါနဲ့ ငါ့သားတွေနဲ့အတူ နေလာတာ သူဆယ့်ကိုးနှစ်ကတည်း က မဟုတ်လား၊ နောက်ပြီး အပြင် လောက ကိုလဲ ကြောက်တယ်လေ'

'နင် အယ်လ်မာအတွက် စိတ်ညစ် နေတယ်ဆိုရင် အယ်လ်မာကို ခေါ်မယ့် အိမ်ထောင်စုပေါင်း တစ်ဒါ ဇင်လောက် ငါရှာပေးနိုင်ပါတယ်'

'သူက တစိမ်းလူတွေနဲ့ အသစ်ဆက်ဆံရမှာကိုလဲ ရှုံ့ နေပုံရတယ်၊ သူကပြောတယ်၊ သူ့အလုပ်လုပ်ချင်းလုပ်ချင် ရင် နင့်ဆီမှာ လုပ်ချင်တယ်တဲ့၊ နင့်ကိုတော့ သူက ချစ်လဲ ချစ်၊ အားလဲကျတယ် ဆိုတာ နင်အသိပဲ မဟုတ်လား၊ ဆို နင်တ အောင်မြင်နေပြီး အခန်းကြီးကလည်းအကျယ် ကြီး၊ ဒီတော့ နင့်ဖို့ ကူဖော်လှောင်ဖက် တစ်ယောက် လောက် လိုအပ်မနေဘူးလား'

ဘက်ဗာလီချိန်ဆနေ၏၊ ဝယ်လ်ဘီအလုပ်မှာ ခုတိုင် ဆိုနေ့ခင်ရေး အာမခံချက်မရှိတော့၊ မိမိအနေဖြင့် နှုတ် ထွက်စာတင်ဆင့် တင်ရမည်၊ နောက်ထပ် ဆင့်ကျော်သည့် အလုပ်တစ်ခု ရဖို့ဆိုတာ လပေါင်းများစွာ ကြာချင်ကြာ

www.burmeseclassic.com

www.burmeseclassic.com



သွားမည်၊ သည်သော့ အယ်လ်မှာကို လခပေးပြီး ခေါ်ထားဖို့ ဆိုတာ....။

သို့ပေမယ့် ဘက်ဗာလီ တို့ နေ့ခြင်းမရှိ၊ ယုတ်စွအဆုံး အယ်လ်မာကို ခေါ်လိုက်လျှင် ရှယ်၏ မျက်လုံးတွေထဲမှ စိတ်ဆင်းရဲမှု အရိပ်များကို ဖယ်ရှားပစ်လိုက်နိုင်မည်လေ။

'ကောင်းပြီလေ၊ ငါ အယ်လ်မာကို အလုပ်ပေးပါမယ်၊ နောက်ပြီး သူ့ကို ခေါ်ရတဲ့အတွက် ငါအရမ်းဝမ်းသာပါတယ်၊ သူလာချင်တဲ့ အချိန်မှာ လာခဲ့လို့ပြောလိုက်ပါ၊ ငါလဲဒီအခန်းကို ပြန်ပြီးပြင်ဆင်ဦးမှာ ဆိုတော့ သူ့ကိုမေးလိုက်ခမ်းပါဟယ်၊ သူ့အခန်းကို ဘာအရောင် သုတ်ချင်သလဲလို့'

* * *

(၂၀)

ဘက်တွင် ရာ့ဖ်နှင့် တွေ့ဆုံ စကားပြောပြီးနောက် ဘက်ဗာလီ တော်တော်လေး စိတ်ပေါ့ပါးသွားသည်၊ ဘက်ဗာလီ ရှုံးနိမ့်မြှုပ်နှံသွားသည့် ငွေကြေး ကိစ္စများကို ရာ့ဖ်က ဂရုတစိုက် ထိန်းသိမ်း ကြည့်ရှုထားသည်၊ ယခု လက်ရှိအခြေအနေအရ ဘက်ဗာလီသည် ချမ်းသာကြွယ်ဝသူ တစ်ယောက် မဖြစ်သေး၊ သို့သော် အခန်းကို ပြန်လည် ပြင်ဆင်ဖို့၊ အယ်လ်မာအား လခပေးဖို့နှင့် အရိုးနာစွဲရှိ မိခင်ကြီးအား လစဉ် ထောက်ပံ့ဖို့ လောက်တော့ ငွေကြေး လုံလုံလောက်လောက် ရှိကြောင်း သိရသည်၊ ဝယ်လ်ဘီတွင် မိမိမြှုပ်နှံသရွေ့ စိတ်မပူရဟု ဘက်ဗာလီ တွေး၏၊ သို့သော် ဝယ်လ်ဘီမှ လခ မရတော့သည်တိုင် မိမိသည် လက်ရှိနေထိုင်မှု အဆင့်အတန်း နှစ်နှစ်လောက် ဆက်နေနိုင်သေးကြောင်းလည်း သိလာရသည်၊

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်မာက တန်ဖိုး မဖြတ်နိုင် လောက်အောင် အကူအညီရသည့် မိန်းကလေးဖြစ်၏၊ ရောက်စကတော့ ခပ်ငိုင်ငိုင် ခပ်တွေတွေ ဖြစ်နေသည်၊ သို့သော် ရက်သတ္တပတ် အနည်းငယ်အတွင်း ဘက်ဗာလီ အချိန်အများကြီး ယူရမည့် ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့် အခန်းပြုပြင်ရေး ကိစ္စများကို အယ်လ်မာက ဦးစီး တာဝန်ယူလိုက်၏။ အခန်းကိစ္စကို ဂယ်ရီနှင့် အယ်လ်မာက တာဝန်ယူထားသဖြင့် ဘက်ဗာလီသည် ကိုယ့်အလုပ်ကိစ္စကို ပိုမို အာရုံစူးစိုက်ချိန် ရလာသည်၊

သို့သော် ကုန်တိုက်တွင်မူ ဘက်ဗာလီ၏ လုပ်ပိုင်ခွင့်များကို တစ်စစပြန်လည်ရုပ်သိမ်းခြင်းခံနေရသည်၊ လွန်ခဲ့သည့် ရက်သတ္တပတ်များ အတွင်းက သူ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များကို ပယ်ဖျက်ပစ်ကြသည်။ အစီရင်ခံစာများကို သူ့စားပွဲသို့ မပို့တော့ဘဲ အခြား မန်နေဂျာများဆီသို့ တင်ပြစေသည်၊ ဆီလ်ဗီယာက ဘက်ဗာလီကို အပြည့်အဝ ကျောထောက်နောက်ခံ ပေးထားသည့်တိုင် ဘက်ဗာလီ စိုးရိမ်သောကစိတ်တွေ ဝင်လာသည်။ မိမိ စိုးရိမ်ကြောက်ရွံ့နေတာတွေ တကယ် ဖြစ်လာတော့မလားဟု ရင်ပူလာသည်၊

ငါကတော့ မထွက်ဘူးဟု ကိုယ့်ကိုကိုယ် အကြိမ်ကြိမ် အားပေးရသည်၊ သူတို့ ငါ့ကို ဖြုတ်ချင်ဖြုတ်ပါစေ။ ငါ သူတို့ဆီက လျော်ကြေး တနင့်တပိုးရပြီးမှ ထွက်မယ် ဟု ဆုံးဖြတ်ထားသည်၊ လေးလေးဆယ်တွင်မူ ကုန်တိုက်မှ



ဂိုလ်များနှင့် သင့်မြတ်အောင် ပေါင်းသည်၊ စိတ်ရှည်သည်းခံသည်၊ တစ်ခါတစ်ရံ ဟုတ်တိပတ်တိ အလုပ်မရှိဘဲ အချိန်ပို ခေါ်ထားတာသည်ကိုလည်း အပြုံးမပျက် ရင်ဆိုင်သည်။ တစ်ခါတလေ ညနေ ရုံးဆင်းခါနီးမှ အချိန်ကပ်ပြီး အချိန်ပိုလုပ်ခိုင်းသဖြင့် မိမိကြိုတင် ချိန်းဆိုထားတာတွေ ပြန်ဖျက်ရသည်၊ တောင်းပန်ရသည်၊ ရုပ်ရှင်လက်မှတ်တွေ၊ ပြဇာတ်လက်မှတ်တွေ ဆုံးကုန်သည်၊ သို့သော် ဘက်ဗာလီ ကိုယ့်စိတ်ကိုယ် ထိန်းထားသည်။

တစ်ညနေမှာတော့ ဘက်ဗာလီ ငြင်းပစ်လိုက်သည်၊ ရေးလ်ကော်ပိုရေးရှင်းမှ ဒုတိယ ဥက္ကဋ္ဌတစ်ယောက်က ရုံးချိန်နောက်ပိုင်း သူ့ရုံးခန်းသို့ လာတွေ့ဖို့ ခေါ်သည်၊ ဒါကိုတော့ ဘက်ဗာလီ လက်မခံ၊ နောက်ပြီး သည်လူက မိန်းမရှုပ်သည့်ဘက်တွင် နာမည်ကြီးသူတစ်ဦး။ သည်လိုလူစားမျိုး၏ ရုံးခန်းသို့ ဘယ်သူမှ မရှိတော့သည့် ရုံးချိန်နောက်ပိုင်း အချိန်မှာ မသွားချင်၊ နောက်ပြီး မာရီယံနှင့် တွေ့ဆုံဖို့ ချိန်းထားသည်။

မာရီယံနှင့် မတွေ့ဖြစ်တာကြာပြီ။ မတွေ့တာကြာတော့ တွေ့ချင်တာ တစ်မျိုး၊ နောက်ပြီး မာရီယံက ဖက်ရှင် လောကအကြောင်း သတင်းစုံ သိတတ်သူဖြစ်သဖြင့် တွေ့ချင်တာလည်း ပါသည်၊ ဘယ်သူ အလုပ်ပြုတ်သည်၊ ဘယ်နေရာမှာ အလုပ်လိုနေသည်၊ ဘယ်လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ကာ အောင်မြင်နေသည်။ ဘယ်ကုမ္ပဏီက ရှုံးနေသည် စသည်ဖြင့်ပေါ့။

မာရီယံ၏ ဆိုင်ရှေ့ ရောက်သွားတော့ ဘက်ဗာလီ အံ့အားကြီးသင့်နေသည်။ ဆိုင်မှ ပြတင်းပေါက်တွင် ချိတ်ထားသည့် စာတန်းမှာ 'ရောင်းရန်၊ လုပ်ငန်း ဖျက်သိမ်းထားသည်'။

'ဘက်ဗာလီ လှလှပပလို့ပါလား၊ လာ...အထဲဝင်'

ဆိုင်ထဲ ခေါ်သွားသည်။ မီးတချို့ ဖွင့်သည်။

'တစ်ဆိုင်လုံးတော့ ရှုပ်ပွနေတာပဲ ဘက်ဗာလီရေ၊ လုပ်ငန်းတစ်ခု ဖျက်သိမ်းရတဲ့ အလုပ်ဟာ ဘယ်တော့မှ မပြီးနိုင် မစီးနိုင်တော့သလိုပဲ၊ လာ....တို့ အေးအေးဆေးဆေး စကားပြောလို့ရအောင် မမ ရုံးခန်းထဲ သွားကြစို့'

မာရီယံနောက်မှ လိုက်သွားရင်း ယောင်းမဟောင်း၏ ပြောင်းလဲမှုများကို စူးစမ်း အကဲခတ် ကြည့်သည်။ အသက်ကလေးတော့ ထောက်လာပြီ။ မာရီယံသာမဟုတ်ပါဘူးလေ၊ မိမိတို့အားလုံး အရွယ်တွေ ထောက်လာကြပြီပဲ။ ခါတိုင်းဆို မာရီယံသည် ကြော့မော့နေ၏။ အဝတ်အစား၊ ဆံပင်၊ မိတ်ကပ်တို့ကို လှလှပပ ပြင်ဆင်ဝတ်စားလေ့ရှိသည်။ သည်နေ့တော့ မာရီယံ ခပ်မှိန်မှိန် ဖြစ်နေသည်။ သာမန် ရွက်ကြမ်းရေကျို ဝတ်ဆင်ထားသည်။



မာရီယံကိုကြည့်ရသည်မှာ ဂျိန်းကို မိမိ ပထမဆုံး စတင်မြင် ူးစဉ်ကနှင့် တူလိုက်တာနော်ဟု တွေးမိ၏။

'မာရီယံ၊ ကျွန်မလွတ်သွားတဲ့ ကွက်လပ်တွေ ပြန်ဖြည့်ပေးပါဦး၊ မမရဲ့ဆိုင်ကို ရောင်းပစ်တော့မယ်ဆိုတာ ကျွန်မ မသိဘူး'

'ရုတ်တရက်ကြီး ဆုံးဖြတ်လိုက်ရတာပါကွယ်'

'ဘာဖြစ်လို့လဲဟင်၊ မမရဲ့ လုပ်ငန်းက တော်တော် အောင်မြင်နေတာပဲဟာ'

'မမ အိမ်ထောင်ပြုတော့မလို့'

မာရီယံ တိုးတိုးပြော၏။

'ဟယ်.... မှုတ်လား၊ ဝမ်းသာလိုက်တာ မမရယ်'

ဘက်ဗာလီ တကယ်ပင် ပီတိဖြစ်သွားသည်။ သို့သော် မာရီယံ မျက်နှာသွင်ပြင်ကြောင့် တွေသွားသည်။ မာရီယံ၏ မျက်လုံးများမှာကော၊ အသံမှာပါ ပျော်ရွှင်မှု အရိပ်အယောင်ကို ရှာလို့မရ။

'ဟိုဆာနဲ့လား'

'မဟုတ်ဘူး၊ ဘက်ဗာလီ၊ ဟိုဆေး မမ ဘဝထဲက ပျောက်သွားတာ တော်တော်ကြာနေပြီ'

'ကျွန်.... ကျွန်မ မသိဘူး'

'မမလဲ စောစောပိုင်းက မသိခဲ့ပါဘူး၊ ဒီဇာတ်လမ်းမျိုးဟာ ရေရှည် မခိုင်မြဲနိုင်ဘူးဆိုတာ မမ သိခဲ့သင့်တယ်လေ၊ ဒါပေမယ့် လူဆိုတာဟာလဲ ကိုယ့်စိတ် ကိုယ် လှည့်စားတတ်တာမျိုး၊ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'သူ့မိန်းမနဲ့သူ ပြန်ပေါင်းနေတာလား'

'သူ့မိန်းမကို ဘယ်တုန်းကမှ ပစ်ခဲ့တာမှ မဟုတ်တာ မဟုတ်ဘူး၊ ခု သူတွဲနေတာက ရုပ်ရှင်မင်းသမီး ပေါက် တစ်ယောက်၊ အရမ်းလှတယ်၊ အသက်က နှစ်ဆယ့်နှစ်နှ ရော၊ ဆိုဒင်သူ တစ်ယောက်ပဲ'

ပါရီမှာ ဟိုဆေးတွဲလာသည့် အမျိုးသမီးကို သတိရ သည်၊ နောက်ပြီး ဟိုးတစ်ချိန်က ဂျိန်း ပြောခဲ့သည့် စကားကိုလည်း သတိရမိသည်၊ တစ်နေ့ သည်လိုပဲ ဇာ သိမ်းမည်ဆိုသော ဂျိန်းက ကြိုတင် ဟောကိန်း ထုတ် သည် မဟုတ်လား။

မာရီယံက ယခု သူလက်ထပ်တော့မည့်သူ၏ အမည် ကို ပြောသည်။ နာမည်ကြီး ဒီဇိုင်းဆရာ တစ်ယောက် တက်ပဗလီ မျက်နှာပျက်မသွားအောင် ကြိုးစား ဟန် ဆောင်နေလိုက်ရသည်၊ သည်လူက မိန်းမပွေသူတော မဟုတ်၊ သို့သော် သည်လူက ယောကျ်ားချင်း ရုပ်သည် နာမည်ကြီးနေသူ။

'ကလော့ဒ်က အနောက်ဘက်ဆမ်းမှာပဲ အလု သွားလုပ်နေမှာဆိုတော့ မမလဲ ဆိုင်ပိတ်ပြီး သူ့နော လိုက်သွားတာ အေးသိမ့်မယ်လို့ တွေးတယ်လေ'

'ဒါပေမယ့် မာရီယံ.... ကျွန်မ....'

'သူ သတင်းကြီးနေတဲ့အကြောင်း ပြောမလို့ မဟု လား၊ မမလဲ သိပါတယ်၊ ဒီကိစ္စကို မမတို့ ပွင့်ပွင့် လ လင်း ဆွေးနွေးပြီးပြီလေ၊ သူကလဲ ဝန်ခံပါတယ်၊ ဒါ



မယ့် သတင်း တော်တော်များများကတော့ ပုံကြီးချဲ့ ထားတာ များပါတယ်'

ထို့နောက် မာရီယံက သူသည် အသက် ငါးဆယ် ကျော်နေပြီ ဖြစ်ကြောင်း၊ လင်စံရွေးနေဖို့ သိပ် အချိန် မရှိတော့ကြောင်း၊ ဆားမှတ်မှတ် မယားမှတ်မှတ် ပေါင်း မည့်သူမျိုး တွေ့တုန်း ယူရမည် သာ ဖြစ် ကြောင်း၊ ကလော့ဒ်မှာ စီးပွားရေးအရ အောင်မြင်သူ ဖြစ်သဖြင့် မာရီယံအနေဖြင့် ဂျိန်းကို တစ်ကျော့ပြန် စောင့်ရှောက် နိုင်ကြောင်း၊ ဂျိန်းမှာ အသက်ကြီးလာပြီ ဖြစ်သဖြင့် အလုပ် ဆက်မလုပ် စေချင်တော့ကြောင်း မာရီယံက ရှင်းပြသည်။

'မမတို့ နှစ်ယောက်စလုံး ကံဇာတာကောင်းထောက်မပါစေ မမရယ်'

'ကျေးဇူးပဲ ညီမရေ၊ ဒါပေမယ့် မမ ကံကောင်းဖို့ မလိုတော့ဘူးလေ၊ ကလော့ဒ်နဲ့ လက်ထပ်လိုက်တဲ့ အတွက် ပြဿနာတွေအားလုံး ပြေလည်သွားနိုင်ပါတယ်၊ မမ ဒီမြို့မှာ မနေချင်တော့ဘူးကွယ်၊ နယူးယောက်ဟာ လူတွေကို တစ်စုံတစ်ခု လုပ်ပေးနိုင်တာတော့ အမှန်ပဲ၊ ဘာလုပ်ပေးနိုင်တယ် ဆိုတာ မမ မသိဘူး၊ ယောကျ်ား တွေ အတွက်တော့ ဟုတ်ချင် ဟုတ်မယ်၊ ဒါပေမယ့် မိန်းမသားတွေကျ နယူးယောက်က တဖြည်းဖြည်း ကိုက်ဖဲ့ ဝါးမျိုပစ်တာပဲ၊ မမ ဆိုလိုတာ မမ တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်။ မမ ကြားဘဲ့ သတင်းမှန်ရင် မင်းရဲ့ ဒီအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပြီ မဟုတ်လား'

'ဝယ်လ်ဘီကို ရေးလ်က ဝယ်လိုက်တာတည်းက.... အနေအထားတွေ နည်းနည်းလေး... ထူးခြားနေတယ်၊ ဒါကို ကျွန်မ မငြင်းပါဘူး'

'မမ ကြားသလောက်ဆိုရင် တစ်ယောက်ယောက်က မင်းကို ကိုင်းခုတ်ဓားနဲ့ အသေ လိုက်ပိုင်းနေတယ် ပြောတယ်'

'ကျွန်မလဲ ကြားပါတယ်. ဒါကြောင့် လုပ်ငန်းကိုင်ငန်းလေးတွေ နည်းနည်းဖို့ ထွက်လာတာ၊ တာရယ်လို့ တိတိကျကျ မဟုတ်ပါဘူး၊ တကယ်လို့ အခွင့်အလမ်း ကြုံလဲ ငြင်းမနေတော့ဘူးလို့ စိတ်ကူးတယ်လေ'

'နောက်ဆုံးကျတော့ ဒီလိုပဲ နိဂုံးချုပ်ရပြီပေါ့လေ၊ ဒီကုန်တိုက် အကျိုးအတွက် မင်း အများကြီး လုပ်ပေးခဲ့တာပဲ၊ မင်း လုပ်ငန်းမှာ မင်း ကျွမ်းကျင်အောင်လဲ အသေအလဲ ကြိုးစားခဲ့ရတယ် မဟုတ်လား'

'ဒါပေမယ့် ကျွန်မ လမ်းပေါ်ရောက်မနေသေးပါဘူး မမရယ်'

'မရောက်ပါဘူး၊ ဒါပေမယ့် မင်း ပျော်လဲ မပျော်ဘူး မဟုတ်လား၊ မင်း အကြောင်း မမေးတော့ဘူး လား၊ သူ့အကြောင်း တစ်ခါမှ မစဉ်းစားမိဘူးလား ဟင်'



'တစ်ခါ တစ်ခါတော့ သတိရပါတယ်၊ သူတော့ အဆင်ပြေရဲ့လား၊ သူ ကိုရီးယားကနေ ကောင်းကောင်း မွန်မွန် ပြန်ရောက်လာပြီလို့ ကျိန်း ပြောတယ်၊ သူ စိန့်လူဝီကိုပဲ ပြန်သွားလား'

'ဟုတ်တယ်.ခုတော့ စိန့်လူဝီဟာ သူ့ အိမ် သူ့ ဇာတိ ဖြစ်နေပြီ၊ သူ အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီကတော့ သူ အဝေးရောက်နေတုန်း အခြား ကုမ္ပဏီကြီး တစ်ခုက ဝယ်သွားပြီ. ဒါပေမယ့် အိမ်ခြံမြေ အရောင်းအဝယ် အလုပ်နဲ့ သူ အလုပ်ဖြစ်နေပုံရတယ်၊

'သူ့ ဆီက နောက်ဆုံးရတဲ့ စာအရဆိုရင် သူ့ ဘဝမှာ သူတစ်ခုခုတော့ ဖြစ်လာတော့မှာပါ၊ အဲဒီမှာပဲပေါ့၊ သူ့ရဲ့လေ့လာ့ရက်တွေ ကုန်ဆုံးသွားပြီ ထင်တာပဲ'

'သူ အဆင်ပြေတယ် ကြားရတာ ဝမ်းသာပါတယ် မမရယ်'

'ဒါတွင် မကသေးဘူး၊ သူနောက်ထပ် အိမ်ထောင် ပြုဖို့ စဉ်းစားနေတယ်လို့ သူ့ စာထဲမှာ ပါတယ်၊ ဂျော့ မိန်းမရဲ့ ညီမနဲ့တဲ့၊ သိတယ်မဟုတ်လား၊ သူသွားအလုပ် လုပ်တဲ့လူလေ'

မာရီဂိုး နှစ်ခေါင်း ဘယ်လောက် ကြာသွားပြီလဲ၊ ထိုညက ဂျော့၏မိန်းမနှင့်ပတ်သက်ပြီး မိမိအဖြင်းအထန် ဝေဖန် ပြောကြားခဲ့သည်လေ၊ သည်နာမည်ကို ယခုတိုင် မှတ်မိနေဆဲပါကလား။

www.burmeseclassic.com



ထို့နောက် အက်ဒ်ကိုသတိရသည်။ မိမိတို့အိမ်ထောင်ဦး ဘဝက ချင်ခင်ကြင်နာခဲ့ပုံများ၊ ချစ်တတ်သော၊ယုယတတ်သော အက်ဒ်၊ သူနောက်ဆုံး ရေးခဲ့သည့် စာထဲ၌ နောက်ဆုံးစာကြောင်းကလေး။ မိမိအားထာဝစဉ် ချစ်နေမည်ဟူသော စာကြောင်းကလေး။ သည် အကြောင်း ဘယ်သူ့ကိုမှ ပြောမပြခဲ့။ သို့သော် မိမိတို့ တရားဝင် ကွာရှင်း ပြတ်စဲခဲ့ ပြီးသည့်တိုင် ထိုစာကလေးကို သိမ်း ထားခဲ့သည်။ မိမိ၏ မီးခံသေတ္တာထဲမှာ၊ 'ကျွန်မ သေဆုံး သည့်နေ့တွင် ဤစာကိုမဖွင့်ဘဲ မီးရှို့ဖျက်ဆီးပစ်ပါ' ဟု မှာတမ်းရေးထားသည့် စာအိတ်ထဲထည့်ပြီး ချိတ် ပိတ် ထားခဲ့သည်။

မနက်ဖြန်ဆိုလျှင်တော့ ဘက်သို့ သွားရမည်။ သည် စာကလေးကို မိမိကိုယ်တိုင်ပဲ ဖျက်ဆီး ပစ်ရတော့မည်။ ချိပ်ပိတ် ထားတဲ့အတိုင်းပေါ့။ စာအိတ်ကို ဖောက်မဖတ်ဘဲပေါ့။ ဖောက်ဖတ်နေဖို့မလိုဘူးလေ။ အထဲမှ စာသား တွေကို အလွတ်ရနေတာပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မိမိအား လာခေါ်မည်လို့ မှာရေးထားခဲ့သည်ကို မိမိ ဘယ်တော့မှ မမေ့။

သူ့ မျက်လုံးတွေ ရုတ်တရက် ကျိန်းစပ် လာသည်။ သို့သော် သူကမာန်တင်းကာခေါင်းမော့လိုက်၏။တကယ် တော့ မိမိငိုနေစရာ အကြောင်း မရှိတော့ကြောင်း ဆင်ခြင်တုံတရားက သူ့ကိုသတိပေးနေသည်။ တကယ်တော့



မိမိနှင့် မောင့်ရဲ့ဇာတ်လမ်းက ပြီးဆုံးခဲ့တာ ကြာခဲ့ပြီ.... ကြာတောင့်ကြာရှည် ရှိခဲ့ပြီ....။

'ဘက်ဗာလီ၊ မင်း ခုခနမှ သူ့ဆီပြန်သွားရင်တောင် အဲဒီကောင်မလေးကို သူမေ့ပစ်လိုက်မယ်လို့မထင်တယ်'

'ပေါက်ကရတွေ မစရိယံရယ်၊ နှစ်တွေ ဘယ်လောက် ကြာခဲ့ပြီလဲ၊ ကျွန်မပုံပန်း ဘယ်လိုနေတယ်ဆိုတာတောင် သူသတိရနေတော့မှာ မဟုတ်ပါဘူး'

'ကိုယ့်ကိုကိုယ် မလှည့်စားနဲ့ဘက်ဗာလီ၊ မမဆီကို သူ စာရေးတိုင်း၊ ဖုန်းဆက်တိုင်း၊ မင်းအကြောင်း မမေးဘာ တစ်ခါမှ မရှိဘူး၊ မေမေနဲ့ဆက်သွယ်ရင်လဲ ဒီအတိုင်းပဲ။ ဘက်ဗာလီ....ကိုယ့်စိတ်ကို မှန်မှန်ကန်ကန်သုံးဆပ်၊ ကိုယ့် ကိုကိုယ် မညာနဲ့၊ မင်းကိုဘယ်တုန်းကမှမမေ့ဘူး၊ ဘယ် တော့မှလဲ မေ့နိုင်လိမ့်မယ် မထင်ဘူး။

'သေချာတာပေါ့၊ ခုဆို သူအထီးကျန် ဖြစ်နေမှာပဲ၊ အချိန်တွေ တရွေ့ရွေ့ ကုန်နေတာကို ခံစားနေရမှာပဲ၊ ဒါပေမယ့် ဒီလောက်နှစ်တွေ ကြာလာတဲ့တိုင် သူ နောက် အိမ်ထောင်မပြုခဲ့ဘူးလေ၊ မိသားစုတစ်စု ထူထောင်ဖို့ သူ ဘယ်လောက်ဆန္ဒ ပြင်းပြတယ်ဆိုတာ မင်းလဲအသိ၊ မမလဲ အသိပဲလေ၊ မမ ထင်တယ်လေ၊ ဒါဟာ သူ့ရဲ့ နောက်ဆုံးအခွင့်အရေးပဲလို့ သူစဉ်းစား တော့မှာပေါ့၊ မင်း ဘာဖြစ်လို့ သူနဲ့ သွားမတွေ့တာလဲ ဘက်ဗာလီ၊ မင်းတို့ နှစ်ယောက်ကြားမှာ သံယောဇဉ်တို့ အချစ်တို့ ဆိုတာ ကျန်သေးသလားဆိုတာ ဆန်းစစ်ကြည့်ပေါ့၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဝယ်လ်ဘီမှာ ပေါ်နေတဲ့ပြဿနာကို တိုက်ရိုက် ဖြေရှင်းပြီးသားလဲ ဖြစ်သွားမယ်လေ'

မောင့်ဆီပြန်သွားဖို့ ဖြစ်ပါသည်။ မိမိ ပြန်သွားနိုင်ပါ သည်။ မောင့်ကိုလည်းပြန်လည်ရယူနိုင်ပါသည်။ မိမိသည် စိုးရိမ်ကြောက်လန့် စိတ်များဖြင့် မောင့်ဆီပြန်ပြေး လာ သည် ဆိုသည်ကိုပင် မောင်သိမည်မဟုတ်ပါ။

ဟုတ်သည်။ စိုးရိမ် ကြောက်လန့်စရာတွေ။ မာရီယံ ပြောပြခဲ့သည့် စိုးရိမ်စရာတွေပေါ့။ ဇရာနှင့်အထီးကျန် ဘဝ။ နောက်ပြီး မာရီယံပြောသလို ကိုယ့်ကိုကိုယ်မညာ စတမ်း ပြောရလျှင် မိမိဝယ်ရှယ်ဇဉ်ဏ ရင်ခုန် လှုပ်ရှား ခဲ့ရသော လုပ်ငန်းခွင်သည် ယခုမိမိမပိုင်တော့။ မိမိ ထိန်း ချုပ်ထားလို့ မရတော့။

သို့သော်...မိမိ မောင့်ဆီ ပြန်မသွားနိုင်ပါ။ မာန တရားလို့ပေါ့ချင်ပေါ့။ သန္နိဋ္ဌာန်ချမှတ်ချက်လို့ပေါ့ချင် ပေါ့။ မိမိသည် ဘယ်သူ့ကိုမှ ခယပ်သွား ဒူးထောက် တောင်းပန်လိမ့်မည် မဟုတ်။ သည်လို တောင်းပန်နေ ကြောင်း သိရှိသူမှာ မိမိ တစ်ယောက်တည်းပဲ ဖြစ်ချင် ဖြစ်နေပါစေ၊ သည်အလုပ်မျိုး ဘက်ဓာလိမ်မလုပ်။

'မာရီယံ၊ မမ ဏဘော့ အညှစ်ရေးရှုပ်ရှင်တွေ တော် တော် များများ ကြည့်ထားပြီ ထင်တယ်။ လူတွေဏ ဒီလောက်နှစ်တွေ အကြာကြီး ကွဲနေပြီးမှ ပြန်ပေါင်း ထုတ်လို့ မရကြဘူးမမရဲ့။ တစ်ခုရှိတာက ဘယ်သူတွေ ဘာကြီးပဲ ပြောနေ–ပြောနေ ကျွန်မဟာ အထင်ကရ



ကုန်တိုက်ကြီးတစ်ခုရဲ့ ဒုတိယဥက္ကဋ္ဌ ဘဝမှာပဲ ရှိပါသေး တယ်။ အဲ...ဒီကုန်တိုက်ကလဲ ဒီမှာပဲ၊ နယူးယောက် မှာပဲရှိနေတယ်လေ။ ဒီတော့...ကျွန်မတို့ဘဝတွေ ဘာမှ မပြောင်းလဲသေးဘူး။

'အက်ဒီအနေနဲ့ လက်ထပ်ရမယ့် တစ်ယောက်ယောက် ကို တွေ့သွားတာ ဝမ်းသာပါတယ်၊ ကျွန်မက ဆုမွန် တောင်း တောင်းတဲ့အကြောင်း ပြောပေးပါ၊ သူ ချမ်း မြေ့ ပျော်ရွှင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်၊ ကျွန်မခင်ထဲမှာ သူ စိတ်ချမ်းသာစေချင်တဲ့ဆန္ဒ အမြဲရှိ ပါတယ်၊ နောက်ပြီး မမတို့အတွက်လဲ ကျွန်မ အဲဒီ အတိုင်း ဆုတောင်းပါတယ်၊ တကယ်တော့ အခွင့်ကြုံမယ် ဆိုရင် မမနဲ့ ဘလော့ဒ်တို့ အနာဂတ်ကမ်းကို မကူးမီ ကျွန်မ ညေ့ခံပွဲတစ်ပွဲ လုပ်ပါဦးမယ်၊ သူတို့ ကျွန်မအခန်း ကို ပြန်ပြင်နေတာ တစ်ပတ် နှစ်ပတ်အတွင်း ပြီးမှာပါ၊ ကျွန်မကလဲ ကျွန်မ အခန်းကို ကြွေးချင် နေတာနဲ့ အတော်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆီလ်ဗီယာ သူ့ကတိ တည်ပါသည်။ သူက လိမ္မာ ကျွမ်းကျင်စွာဖြင့် ဟိုနား စကားတစ်ခွန်း၊ သည်နား သတင်းတစ်စကို တိုးတိုးတစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ ပြော သည်။ သတင်းဖြန့်သည်။ ထို့နောက် မိမိကိုင်ထားသည့် ကြိုးအားလုံးကိုကိုင်ပြီး ဘက်ဗာလီအား ဖက်ရှင်လောကအ တွင် နေရာမှန်ရောက်အောင် 'တင်' ပေးလိုက်သည်။

မာရီယံနှင့် ကလော့ဒ်အတွက် ပြုလုပ်ခဲ့သည့် ဧည့်ခံ ပွဲအကြောင်းကို သတင်းစာတိုင်းက တီးတိုးသတင်းကဏ္ဍ တွင် ဖော်ပြကြသည်။ ဘက်ဗာလီ၏ ခမ်းနားထည်ဝါ သော အခန်းပုံစံကို အမေရိကတွင် အထက်တန်းအကျ ဆုံး ဗိုဂ်း မဂ္ဂဇင်း တစ်စောင်တွင် မျက်နှာဖုံး အဖြစ် ဖော်ပြခဲ့သည်။ သဘင်း မဂ္ဂဇင်းတစ်စောင်က နှစ်စဉ်ပြု လုပ်နေကျဖြစ်သည့် 'အမေရိက၏ အနေပါ အရာရောက် ဆုံးအမျိုးသမီးများ' စာရင်းတွင် မိမိနာမည်အစား ဘက် ဗာလီ၏ နာမည်ကို ထည့်ပေးအောင် ဆီလ်ဗီယာက တိုက်တွန်းသည်။ နားချသည်။ လိုအပ်လျှင် မသိမသာ ခြိမ်းခြောက်သည်။

သို့သော် ဆီလ်ဗီယာ၏ အကြီးမားဆုံး အောင်မြင်မှု မှာ ဘက်ဗာလီအား 'တစ်နှစ်အတွင်း အအောင်မြင်ဆုံး ဖက်ရှင်ခေါင်းဆောင်' ဘွဲ့ထူးရအောင် စွမ်းဆောင်လိုက် နိုင်ခြင်းပင်။ ထိုဘွဲ့ထူးကို ဆီလ်ဗီယာက နှစ်ကြိမ်တိုင် တိုင် ရပြီးသား။ ထို့ကြောင့် လည်းနှစ်တော့ သည်ဘွဲ့ကို သူ့တပည့်ကျော် ရအောင်လုပ်ဖို့ စိတ်ဆုံးဖြတ်ထားသည်။



သို့သော် သည်ကိစ္စကို ဆောင်ရွက်ရသည်မှာ သူ့အင် ားသလောက် အခက်အခဲ မရှိလှ။ ဘက်ဗာလီ ဖက်ရှင် လောကတွင် ကျင်လည်ခဲ့သည့် နှစ်များအတွင်း သူသည် တ်ဆွေ အပေါင်းအသင်းများစွာ ရခဲ့၏။ ဘက်ဗာလီ ပတ်သက်သည့် ကောလာဟလ သတင်းများမှာ က်ရှင်လောကတွင် အောင်မြင်လာသူတိုင်း ကြုံတွေ့ ကျ အဖြစ်မျိုး၊ မိမိတို့လည်း တစ်နေ့မဟုတ် တစ်နေ့ တွေ့နိုင်သည်ဆိုတာ သိထားကြသည်။ သည်တော့ က်ရှင် လောကသားချင်း ရိုင်းပင်းကြသည်။ ဖက်ရှင် ကသားများ ကျောချင်းကပ်ပြီး ဘက်ဗာလီကို ိုင်းဝန်း ကာကွယ်ကြသည်။

ဆုပေးပွဲ မပြုလုပ်မီ တစ်ပတ်အလိုတွင် အာသာ ယ်လီဖုန်းဆက်သည်။ သူက ဆုပေးပွဲတွင် ဘက်ဗာလီ ယောကျ်ားဖော်အဖြစ် တက်ရောက်လိုကြောင်း သိ သည်။ ဘက်ဗာလီကတော့ သူတို့ နှစ်ယောက်၏ ဆံရေးကို ညင်ညင်သာသာကလေး ဖြတ်လိုက်ဖို့ မှန်းထားသည်။ သို့သော် အာသာက ဖုန်းဆက် ပြီဆိုတော့ မိမိ မျှော်မှန်းထားသလို မဖြစ်နိုင်တော့ ကြောင်း ဘက်ဗာလီ သိလိုက်၏။

ဆုပေးပွဲ အခမ်းအနားသို့ အာသာနှင့်အတူ သွား ဆီလ်ဗီယာနှင့် မိမိတို့ ဂရုတစိုက် စီစဉ်ထားသည့် လာဟလတိုက်ဖျက်ရေးအစီအစဉ်တွေ သဲထဲရေသွန် နိုမည်။ ဘက်ဗာလီက အာသာအား အဖော်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဝှေ့လည်ကြောင်ပတ် လုပ်နေသောအခါ အာသာ ဒေါပွလာသည်။ အာသာက ညစာထွက်စားဖို့ ဖိတ်သည်ကို ဘက်ဇာလီ ငြင်းလိုက်သည်။ မိမိအခန်းမှာ ယမကာ လေးသောက်ပါဟု ဖိတ်ကြားလိုက်သည်။ အာသာနှင့် မျက်နှာချင်းမဆိုင်လို့ ဖြစ်တော့ဆိုတာ သိနေသည်။ တော်ရသေးသည်။ မိမိအခန်းမှာ အယ်လ်မာ အဖော်ရှိ နေပေလို့။

'ဘာ ရှမ်းသွားနေတာလဲ၊ ဒါပေမယ့် ကိုယ်ကတော့ ခန်းလုံးပြည့် ကော်ဇောကြီးကို သတိရနေတယ်'

အာသာ အခန်းကို လှည့်ပတ်ကြည့်ရင်း အပြုံးသဲ့သဲ့ဖြင့် ပြော၏။

'ခေတ် မရှိတော့ဘူးလေ'

ယမကာခွက်ကို လှမ်းပေးရင်း ဘက်ဇာလီပြော၏။ အတွင်းခန်းမှ အယ်လ်မာ ထွက်လာပြီး အာသာ့ ကုတ် အင်္ကျီကို သိမ်းဖို့လှမ်းယူသည်။ အိမ်ဖော် အမျိုးသမီးက တွေ့သည့် အတွက် အာသာ အံ့အားသင့်သော်လည်း အံ့အားသင့်မှုကို မပြ။

'ကိုယ်ဓာတ်ပုံတွေ တွေ့ပါတယ်၊ မာရီယံနဲ့ ကလေး အတွက် လုပ်တဲ့ ညေ့ခံပွဲက ပုံတွေလေ၊ တိတိကျကျပြော ရရင် ကိုယ့်ကို မဖိတ်လို့ အံ့သြနေတာ'

ဘက်ဇာလီသည် အာသာ့ကို ဘယ်လို ပြောရမလဲဟု နည်းမျိုးစုံ စဉ်းစားခဲ့၏။ နောက်ဆုံး အဝတ်အစားလဲ ရင်း တခုပဲဖြစ်ဖြစ် ပြောစရာရှိတာတော့ ပြောရမည်



အချိန်တန်လျှင် အသင့်လျော်ဆုံး စကားလုံးများ ရွေး ပြောရမှာပဲဟု ဆုံးဖြတ်ထားသည်။ ကဲ....ခုတော့ အာသာ စကားစလာပြီ။

'ကျွန်မ ရှင့်ကို မဖိတ်နိုင်ဘူး အာသာ၊ ဘာကြောင့် လဲဆိုတာ ရှင်သိလိမ့်မယ် ထင်ပါတယ်၊ ကျွန်မတို့ အကြောင်း ကောလာဟလ သတင်းတွေ အရမ်းထွက်နေ တယ်လေ'

'အဲဒါ အဆန်းမှ မဟုတ်တော့တာ'

'ခုဖြစ်နေတဲ့ ကောလာဟလက တစ်မျိုးလေ၊ ကျွန်မရဲ့ ဝမ်းကျောင်းမှု အလုပ်ဟာ ရှင့်အပေါ်မှာပဲ အားပြုထားတယ်၊ ရှင့်အကူအညီသာ မပါရင် ကျွန်မ ဟာ အရောင်းစာရေးမတာဝန်မှာပဲ ရှိနေမယ်ဆိုတဲ့ စကား မျိုးတွေရှင့်၊ ကောလာဟလ သတင်းပီပီ မှိုချိုးမျှစ်ချိုး ပြောနေကြတာ'

'မင်း ဒီအဆင့်ကို ကျော်သွားနိုင်မှာပေါ့'

'ကျော်လွှားဖို့ ရည်ရွယ်ထားပါတယ်၊ ဒါတော့ ဆိုလို တဲ့ အဓိပ္ပာယ်က ကျွန်မ ရှင်နဲ့ ဆက်တွဲ နေလို့ မဖြစ်တော့ ဘူး၊ အနည်းဆုံး ကာလ တော်တော်ကြာတဲ့အထိအောင် ပေါ့၊ ကျွန်မတို့ ကုန်တိုက်မှာ ရှင် ရှုပ်သဲသဲ ဖြစ်နေတာ လဲ ရှင် အသိပဲ၊ နောက်ထပ် မဟုတ်တမ်းတရားတွေ ရေးလ်ရိုးချုပ်ကို နောက်ထပ် မရောက်စေချင်တော့ဘူး လေ'

'အလွှကား ဖွတ်ကျား အဆေးစားတွေ'

www.burmeseclassic.com

www.burmeseclassic.com



'သိပ် အသေးစားလေးတွေ မဟုတ်ဘူးလေ၊ ရှင့်ကုမ္ပဏီကိုတောင် ဝယ်ဖို့ ကမ်းလှမ်းနေကြတာ မဟုတ်လား၊ အဲဒီ ကမ်းလှမ်းချက်ကို ရှင် ငြင်းပယ်ခဲ့တယ်လေ၊ ခု ထွက်နေတဲ့ ကောလာဟလ သတင်းက သူတို့ ဈေးပိုပေးလာလိမ့်မယ်၊ မရောင်းနဲ့ဦးလို့ ကျွန်မက ရှင့်ကို နှပြောထားတယ်တဲ့လေ'

'သူတို့ ခုလဲ ဈေးတိုးပေးနေတာပဲ၊ ဒီထက်လဲ တိုးပေးဦးမှာပဲ၊ အဓိက အကြောင်းရင်းက ကိုယ်က ရောင်းဖို့ စိတ်ကူး မရှိလို့ပဲ'

'ရှင့် ဆုံးဖြတ်ချက်က အမြော်အမြင်ရှိရာ ရောက်ပါတယ်၊ ရှင်က အနားယူလောက်အောင် အသက်ကြီးသေးတာမှ မဟုတ်တာ'

တကယ်တော့ သူ့စကား မမှန်၊ ခုဆို အာသာ့အသက်က ခြောက်ဆယ်နား ကပ်နေပြီ၊ သို့သော် အရွယ်တင်သည်။

'ဒါပေမယ့် ကျွန်မ ရှင်နဲ့ ဆက်တွဲနေရင် ရေးလ်အဖွဲ့က လူတွေကြားထဲမှာ ကျွန်မ မျက်နှာငယ်ရလိမ့်မယ်ဆိုတာ ရှင် သိနိုင်ပါတယ်'

'ဒီတော့ ဒီကောင်တွေအတွက်.... ကိုယ်တို့ ဆက်ဆံရေးကို စွန့်လွှတ်မယ်ပေါ့လေ'

ဘက်ဗာလီအသံကို တည်ငြိမ်အောင် ထိန်းထားသည်။

'အာသာ၊ ကျွန်မတို့ဟာ မိတ်ဆွေတွေပါ၊ ချစ်ဖော်တွေဆိုလဲ ဟုတ်တယ်၊ ကျွန်မ ရှင်နဲ့ ဆက်ဆံရတာ ကျေနပ်



တယ်၊ ဒါပေမယ့် ကျွန်မ အရှိတရားကို ရင်ဆိုင်ဖို့ အချိန်တန်ပြီလေ၊ ကျွန်မ ခုလို အောင်မြင်မှုရဖို့အတွက် သေအလဲ ကြိုးစားခဲ့ရတယ်၊ အဲဒီ အောင်မြင်မှုကို ...တ်အဖွဲ့ရုံးခန်း ဟာသအဖြစ် အပြောခံရမှာမျိုး ကျွန်မ ...ဖြစ် မခံနိုင်ဘူး။

'ခု ပြောဆိုနေကြတဲ့ ကောလာဟလ သတင်းတွေထဲ တစ်ခုကို ရှင်က မဟုတ်ဘူးလို့ မငြင်းခဲ့ဘူးလေ၊ ...ပမယ့် ရှင့်ဆီက ကျွန်မ ဘာမှ မယူခဲ့ဘူး၊ ရှင့် ဩဇာ ...ကာသုံးဖို့ မပြောနဲ့၊ ရှင့်ဆီက ငွေတို့ အခွင့်ထူးတို့ ...ောင် မယူခဲ့ဘူးဆိုတာ ရှင် အသိပဲ၊ ဒါပေမယ့် အဲဒါ ...လူအများ သိသွားအောင် လုပ်ဖို့ ကျွန်မ ရည်ရွယ် ...၊ အဲဒီလို ဖြစ်ဖို့အတွက် ရှင့်ကို ခွဲခွာ နှုတ်ဆက်စကား ...ရမယ်ဆိုလဲ ပြောဖို့ ပြင်ဆင်ထားတယ်'

'ဘုရားရေ.... မင်း ဒီလောက် သွေးအေးပြီး ခေါင်း...ိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မထင်ခဲ့ဘူး'

'ကျွန်မ အကျိုးသင့် အကြောင်းသင့် နေတတ် ပြော...ပါတယ် အာသာ၊ အဲဒါကို ကျွန်မ သိသလို ရှင်လဲ ...တယ်'

အာသာ သူ့ကို အကြာကြီး စိုက်ကြည့်နေ၏။ ...ကျသော မျက်လုံးများဖြင့်၊

...ယ်လ်ဘီက လွဲပြီး အလုပ်လုပ်ရမယ့် နေရာတွေ ...မှာ တစ်ပုံကြီးပါ၊ ရေးလ်အဖွဲ့က လွဲပြီး ကြော်ငြာ ...တွေလဲ အများကြီးရှိတယ်၊ မင်း အသက် မွေးဝမ်း

www.burmeseclassic.com



ကျောင်း ပညာရှင် ဖြစ်ချင်တယ် မဟုတ်လား၊ ကိုယ့်ဆီမှာ လာပြီး လုပ်စမ်းပါ၊ မနက်ဖြန် လာမလား၊ မင်းကို ဒုတိယ ဥက္ကဋ္ဌ ရာထူး တန်းပေးမယ်။

‘ကိုယ့်လုပ်ငန်းထဲကို ကိုယ့်သားတွေ ဝင်လာလိမ့်မယ်လို့ မျှော်လင့်ထားခဲ့တယ်၊ ဒါပေမယ့် ဒီကောင်တွေ သူ့အမေဆီက ရတဲ့ ဝေစုကို လုနေကြတာနဲ့ အလုပ်ရှုပ်နေကြတာ၊ ဒီတော့ မင်း လုပ်ရကိုင်ရ အဆင်ပြေမယ် ထင်ပါတယ်’

‘အာသာ၊ ကျွန်မပြောတဲ့ စကားတွေကို ရှင် တစ်ခွန်းမှ မကြားလိုက်ဘူးလား၊ ရှင် ခုလို ရက်ရက်ရောရော ပေးတဲ့ အတွက် ကျေးဇူးတင်ထိုက်ပါတယ်၊ ဒါပေမယ့် ကျွန်မ ကျေးဇူးမတင်ဘူး၊ ကျွန်မ ရှင့်ရဲ့ အမြှောင်မယား၊ ဒါမှ မဟုတ် ပျော်တော်ဆက်၊ ဒါမှမဟုတ် ရှင်ပိုင် ပစ္စည်း တစ်ခု အဖြစ်မခံနိုင်ဘူး၊ ကျွန်မ ကိုယ့်ဘဝ ကိုယ် ထူထောင်ခဲ့တယ်၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ဆုံးဖြတ်ခဲ့တယ် အဲဒီအတိုင်း ဆက်နေသွားဖို့လဲ ရည်ရွယ်တယ်’

‘မင်း ကြိုက်တဲ့ ပုံစံနဲ့ပေါ့လေ၊ ဘယ်တော့မှဆို မင်း ကြိုက်တဲ့ပုံစံနဲ့ ဖြစ်ရမယ် မဟုတ်လား’

‘ကျွန်မ ရှင့်အပေါ် မတွန့်တိုခဲ့ပါဘူး အာသာ၊ တွန့်တိုဖို့လဲ ဆန္ဒမရှိခဲ့ဖူး၊ ဒါပေမယ့် ရှင် ကျွန်မဘက်ကရော ကြည့်သင့်တယ်’

အံကို တင်းတင်းကြိတ်လိုက်မိ၏။



‘ကျွန်မသာ ယောကျ်ားတစ်ယောက်ဆိုရင် ရှင် အဲဒီလို စာနာကြည့်မှာ သေချာတာပေါ့’

‘မင်းသာ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ရင် ဒီအခြေထိလဲ ရောက်မလာပါဘူးလေ’

အရွှန်းလေး ဖောက်သည်၊ သို့သော် ပြောသူကော နားထောင်သူပါ မပြုံးမိ၊ မပြုံးနိုင်။

‘ကောင်းပြီလေ’

အာသာ မတ်တတ်ရပ်၏။ ဘက်ဗလီကို ငုံ့ကြည့်၏။ မျက်နှာမပျက်အောင် ဣန္ဒြေဆည်ထား၏။ သို့သော် သူ အကြီးအကျယ် စိတ်ဆိုးနေမှန်း ဘက်ဗလီ သိသည်။ သည်လိုဖြစ်လာအောင် ကောလဟာလတွေ ဖန်တီးနေတာ သူများလားဟု ဘက်ဗလီ ဖျတ်ခနဲ စဉ်းစားမိ၏။

‘ဒီဆုံးဖြတ်ချက်အတွက် မင်း ဘယ်တော့မှ နောင်တ မရပါစေနဲ့လို့ ကိုယ် ဆုတောင်းပါတယ်’

‘အာသာ၊ တဆိတ်လောက်ကွယ်၊ ကျွန်မတို့ ရန်သူတွေ စာဝနဲ့ လွှမ်းမခွဲကြရအောင်ပါ’

‘ဒီမယ် ဘက်ဗလီ၊ တချို့ကိစ္စတွေကျတော့ မင်းတောင်မှ ထိန်းသိမ်းချုပ်ကိုင်လို့ မရဘူးကွ’

* *

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ဖော်လ်ကင်ဘတ် မြို့စားကတော် အီလီယာနာသည် သူ့ လက်ချောင်းများကို ကြည့်နေသည်။ သူ့ ပုတိုတို လက်ချောင်းကလေးများကို ရှေးဟောင်း စားပွဲပေါ်တွင် ဖြန့်တင်ထားသည်။ နောက်ပြီး ဘေးနားရှိစားပွဲတင် နာရီကို မကြာမကြာ စောင်းငဲ့ကြည့်ရင်း လက်သည်း ဆိုးဆေးများ ခြောက်မည့်အချိန်ကို မှတ်သား နေသည်။ လက်သည်း တစ်ခုကို ဆေးရောင်တစ်မျိုး၊ သို့မဟုတ် အရောင်တူအသွေး ဆွဲဆိုးထားသည်။ ဆေးများမှာ သူ့ ကုမ္ပဏီ ထုတ်လုပ်သည့် ဆေးများနှင့် ပြိုင်ဘက်ကုမ္ပဏီများ ထုတ်လုပ်ထားသည့် ဆေးများဖြစ်၏။ သူက သည်နှစ်ခွေ တွင် ဘယ်အရောင်ကို ဈေးကွက်တင်ရမည်ကို ရွေးချယ်နေခြင်း။

ဘယ်ဘက် လက်ချောင်းများ ပေါ်တွင် ဆိုးထားသည့် ဆေးရောင်များမှာ မိမိကုမ္ပဏီမှထုတ်လုပ်ထားသည့် ဆေးများ။ ထိုအထဲမှ မည်သည့် အရောင်ကို ဈေးကွက်တင်ရမလဲ ဆိုတာ သည်ညနေ အဆုံးအဖြတ်ပေးရမည်။

ဘယ်ဘက် လက်ချောင်းများပေါ်မှ ဆေးတွေ အရင်ခြောက်သွားသည်။ သည်တော့ ရက်ချိန်းစာအုပ်ကို လှန်လှော ကြည့်နိုင်အောင်လွတ်လပ်သွားသည်။ အီလီယာနာ မိမိ၏ ရုပ်သွင် နုပျိုနေရေးကို အလေးအနက်ထား ဂရုစိုက်တတ်သူ။ သည်တော့ မျက်စိမှုန်နေသည့်တိုင် မျက်မှန်မတပ်။ မျက်မှန်တပ်ထားလျှင် ကိုယ့် အသက်အရွယ်ကို သတိပေးနေသလို ဖြစ်သည်။ သူ့ အတွင်းရေးမှူး ဖြစ်သူ မစ္စတင်က အလိုက်သိစွာဖြင့် ရက်ချိန်းစာအုပ်ထဲတွင် မင်လုံးကြီးကြီး၊ စာလုံးကြီးကြီးဖြင့် ရေးမှတ် ပေးလေ့ရှိ၏။

နေ့စက်ထပ် တွေ့ဆုံဖို့ ချိန်းထားသူမှာ ဘက်ဗာလီ ရစ်ချ်မန်း။

အီလီယာနာက နာရီကို ကြည့်လိုက်ပြန်၏။ နောက်ပြီး ပလ္လင်ပုံစံ ကုလားထိုင်တွင် ကျောမှီ ထိုင်လိုက်၏။ ခုလေးတင်ဆို မစ္စစ်ရစ်ချ်မန် အပြင်မှာ ရောက်နေလောက်ပြီ။ သို့ပေမယ့် ချိန်းထားချိန် မတိုင်မီ စောင့်ဆိုင်းရသည်ကို လူတွေ စိတ်မခုတတ်ကြပါ။

မိမိနှင့်တွေ့ရမည့် အမျိုးသမီးအကြောင်း သတင်းစုဆောင်းလို့ ရသမျှကို ပြန်လည် ဆန်းစစ် ကြည့်သည်။ သည် အမျိုးသမီးက ဝယ်လ်ဘီ ကုန်တိုက်မှာ ဒုတိယဥက္ကဋ္ဌ။ ဝယ်လ်ဘီ ကုန်တိုက်ဆိုတာ အရမ်းစည်းကမ်းကြီးသည့် ကုန်တိုက်၊ မိမိ၏ အလှကုန် ပစ္စည်းများကိုပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖက်များ၏ ပစ္စည်းများထက် နေရာကောင်းမှာ ပြသထားပေးဖို့ မိမိနှစ်ပေါင်းများစွာ အရေးဆို တိုက်ခိုက်ခဲ့၏။ သို့သော် အနိုင်ရခဲ့။ မည်သို့ဖြစ်စေ မိမိကတော့ ဆက်သွယ်ကြိုးစား နေသည်သာ။

ဘက်ဗာလီကို ဧည့်ခံပွဲများတွင် ဆုံခဲ့ကြခဲ့ဖူးသည်။ လွန်ခဲ့သည့် သုံးလေးပတ်ကတော့ 'အစ်နှစ် အာဘွင်း အောင်မြင်မှု အရဆုံး ဖယ်ရှင် ခေါင်းဆောင်' ဘွဲ့ကို ဘက်ဗာလီ ဆွတ်ခူးသွားသည်။ တစ်ချိန်က မိမိနှင့်ငြိခဲ့ဖူးသော လာဇလိုဗလာ့ဒ်ချက်က ဘက်ဗာလီ အကြောင်း ပြောလာမှ သည့်အမျိုးသမီး အကြောင်း၊ အာရုံစိုက်လေ့လာခဲ့သည်သည်။ ခုတော့ သည်အမျိုးသမီး အကြောင်း တော်တော် စေ့စေ့စုံစုံ သိထားရပြီဖြစ်၏။

* * *

'ခုလို ပြန်ဆုံခွင့်ရတာ ဝမ်းသာပါတယ် ထိပ်ထား ရှင့်'

ဘက်ဗာလီက သည်းသည်းတွေ့ဆုံပွဲအတွက်အစစ အာရုံ ရှုပြင်ဆင်ထားပြီးသား။ သည့်အဘွားကြီး အကြောင်း



ကို လာဇလိုနှင့် ဟန်ဆီထံမှ ရနိုင်သမျှ သတင်းနှိုက် စုံမ်းသည်။ ပြည်သူ့စာကြည့်တိုက်သို့ သွားပြီး တစ်ညနေ အကုန်ခံပြီး အဘွားကြီးနှင့် အဘွားကြီး၏ မျိုးရိုး အကြောင်း ဖတ်ရှုလေ့လာ ထားသည်။ ယုတ်စွအဆုံး ယ်ဘက်လက်ချောင်းများပေါ်တွင် သူ့ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆေးများ ဆိုးထားသော ရှိသည်ကိုပင် ဘက်ဗလီ သိထားသည်။ လာဇလိုအား ကျေးဇူးတင်ပါသည်။

ဘက်ဗာလီ ရုံးခန်းထဲ ဝင်လာ ကတည်းက အိုလီဗာနာ့ မျက်လုံးများသည် အမျိုးသမီးလေးထံမှ တစ်ချက် မခွာသေး။ ဪ... အသားပါလား စိတ်တိုင်းကျ ယ်လှယ်လို့မရသည့် မိန်းကလေးဆိုတာ သူပါလား။ မိမိ ဆောင်းရှိသည့် သတင်းများအရ သည်မိန်းကလေးနှင့် တ်ဆက်သည့် ကောလဟာလသတင်းများ အခြေအမြစ် ရှိကြောင်းကို သိထားသည်။ ဝယ်လ်ဘီ ကုန်တိုက်တွင် ဘက်ဗာလီ တစ်ယောက်တည်း ပြုလုပ်ခဲ့သည့် ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များ အကြောင်းလည်း သိထားသည်။ အရေးကြီးသည်မှာ မိမိ၏ စူးစမ်းလေ့လာသော မျက်စိများ ရှေ့တွင် တည်ငြိမ် အေးချမ်းစွာ ဟန်မပျက် ထိုင်နေသည့် ချစ်စရာ အမျိုးသမီး လေးကို မိမိဘယ်လို သုံးချရမလဲ ဆိုသည့်ကိစ္စ။

'မင်း အလုပ်တစ်ခုရှာနေတယ်လို့ မမသိထားရတယ်'

'ဟုတ်ပါတယ် ထိပ်ထား'

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်၏ ပထမဆုံး မေးခွန်းမှာ ဒါပဲဖြစ်လိမ့်မည်ဟု ဘက်ဗလီတွက်ဆထားပြီးသား၊ သည်မေးခွန်းကို ဝေ့လည်ကြောင်ပတ် ဖြေနေခြင်းသည် အချိန်ဖြုန်းရာ ရောက်မည်၊ အသွားကြီး စိတ် ကသိကအောက် ဖြစ်ရသာရှိမည်ဆိုတာ သဘောပေါက် ထားသည်။

'မင်းက ဝယ်လ်ဘီမှာ ဒုတိယ ဥက္ကဋ္ဌ တစ်ယောက် မဟုတ်လား၊ မမဆီမှာ မင်းကို အဲဒီလောက် များများ ပေးနိုင်တဲ့ ရာထူးမျိုးမရှိဘူးကွယ့်'

'အနောက်အလယ်ပိုင်း အုပ်စုက ပုဂ္ဂိုလ်တွေ အနေနဲ့ ထိပ်ထားရဲ့ဆန္ဒကို လွန်ဆန်နိုင်တဲ့ အနေအထားမျိုး မရှိဘူး ဆိုတာလဲ ကျွန်မ သိထားရပါတယ်ရှင်'

အီလီယာနော ခိုးခိုးခစ်ခစ် ရယ်လိုက်၏။

'ကောင်းပါလေ့ကွယ်၊ ဒီတော့ မမတို့ နှစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ ရပြီပေါ့'

လက်ချောင်းကလေးများကို ရှေ့မှ ဖြန့်ပြလိုက်၏။

'လုပ်ငန်း အကြောင်း ပြောပြမယ် ဆိုတော့ မင်း ဘယ်အရောင် ကြိုက်လဲ'

'ကျွန်မအနေနဲ့ ဘယ်ဘက် လက်ပေါ်က အရောင်တွေကို ကြိုက်တယ်လို့ ပြောရမှာပေါ့၊ မဟုတ်ဘူးလားရှင်၊ အဲဒါတွေက ဖော်ကင်ဘတ် ကုမ္ပဏီက ထုတ်လုပ်တဲ့ ဆေးတွေလို့ ကျွန်မသိထားရပါတယ်'

'အင်း....ပွင့်လင်းပါပေတယ်၊ လာဇလိုက မင်းကို ပြောထားမှာပေါ့၊ အဲဒါကို မင်းဘာဖြစ်လို့ ဖွင့်ပြောတာလဲ၊ မင်းအဲဒီလိုမပြောလိုက်ရင် မမ မင်းကိုအထင်ကြီးသွားမှာပေါ့'



'ဘာဖြစ်လို့လဲဆိုတော့ လာဇလိုက ကျွန်မကို ကြိုတင် ညွှန်ကြားထားမယ်ဆိုတာ ထိပ်ထား သိနေမှာ မို့လို့ပါ။ နောက်ပြီး ထိပ်ထားလို အမျိုးသမီးတစ်ယောက်ကို လှည့်စားလို့မရဘူး၊ လှည့်စားတာကို သိသွားရင်လဲ သဘောကျမှာ မဟုတ်ဘူးလို့ ကျွန်မထင်ထားလို့ပါ'

ဘက်ဗလီကိုယ်ကိုရှေ့သို့ကိုင်းလိုက်၏၊ လက်ချောင်းလေးတွေကို စူးစူးစိုက်စိုက် ကြည့်၏။

'လက်သူကြွယ် ပေါ်က နှင်းဆီရောင်ဟာ အကြည့်ဆုံးပဲ၊ ဒါပေမယ့် ဟိုဘက် လက်သန်းပေါ်က အရောင်တောက်တာလေးကို ပိုကြိုက်တယ်'

'မမလဲကြိုက်တယ်'

လက်ချောင်း တွေကို ဆတ်ခနဲ ပြန်ကွေး လိုက်၏။ သည်အမျိုးသမီးကား ဉာဏ်ရည်ထက်မြက်သူ၊ သူ့အရည်အချင်းကို နောက်ထပ် စမ်းသပ်နေဖို့ မလိုတော့။

'မမရဲ့ အရောင်သစ်ကို အဲဒီလို တောက်ပလာအောင် မလုပ်နိုင်သေးသရွေ့ ဈေးကွက် မတင်သေးဘဲ ဆိုင်းထားရမှာပဲ'

'ကျွန်မဆိုရင်တော့ အဲဒီလို မလုပ်ဘူး ထိပ်ထား၊ ဒီနွေဦးမှာ တာစမယ့် အရောင်ဟာ နှင်းဆီရောင်ပဲ၊ ဒါပေမယ့် ဆောင်းဦးကျော်တဲ့အထိ ဆက်ပြီး လူကြိုက် များနေမယ် မထင်ဘူး၊ အရောင်တောက် ဆေးထည့်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့ ပတ်သက်လို့ ကျွန်မတို့ ကုန်တိုက်ကလဲ လက်ခံတွေ့ စမ်းသပ်မှုတွေ လုပ်နေပါတယ်၊ ဒါပေမယ့် နည်းလမ်း မတွေ့သေးပါဘူး၊ အနည်းဆုံး တစ်နှစ်လောက်တော့ အချိန်ယူရဦးမယ်ဆိုတာ ကျွန်မ ပြောရဲပါတယ်၊ အဲဒီတော့ ထိပ်ထားရဲ့ ကုမ္ပဏီက နောက် ထပ်ထုတ်မယ့် အရောင်တွေမှာ အရောင်တောက်ဆေးထည့်လို့ရလောက်အောင် အရောင်ရှိပါသေးတယ်'

'ကျေးဇူးပါပဲကွယ်'

သည်စကားစုကို မြို့စားကတော်၏ နှုတ်မှထုတ်ဖော်ပြောခဲ့သည်။ ထိုသို့ ပြောလိုက်မိသည်ကို အီလီယာနောပင် ကိုယ့်ဘာသာကိုယ် အံ့သြသွားမိ၏။

'ကဲ....မင်းကိစ္စ ပြောကြရအောင်၊ ဝယ်လ်ဘီမှာ မင်း အနေအထားက ဘယ်လိုရှိလဲ၊ စာချုပ် ချုပ်ထားလား'

'မချုပ်ပါဘူး၊ စာချုပ်ချုပ်ဖို့ ဝယ်လ်ဘီမှ မဟုတ်ဘူးလေ၊ ခု ရေးလ်အဖွဲ့က လွှဲပြောင်း ယူနိုင်တော့လဲ စာချုပ်မယ် မထင်ပါဘူး'

'အဲဒါ အမြော်အမြင်ကြီးရာ ရောက်ပါတယ်၊ တချို့ လူတွေဟာ တော်တော် မိုက်မဲကြတယ်၊ စာချုပ်ချုပ်ပြီး ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် အချည်ခံမလဲ၊ မင်းနဲ့မမ တစ်ယောက်အကြောင်းတစ်ယောက် ပိုသိလာရင် မင်း သတိထားမိလာမှာပါ၊ လက်တွေ့မကျတဲ့ ခပ်တုံးတုံးခပ်ညံ့ညံ့ လူတွေကို မမ သည်းခံပြီး မဆက်ဆံဘူး၊ ပြစ်မှုကျူး



လွန်တဲ့ လူတစ်ယောက်ဟာ အံ့ဝေဂရနိုင်တယ်၊ မိုက်မဲ တဲ့လူကျတော့ တစ်ဆက်လုံး ပြင်မရတော့ဘူး'

'ကျွန်မ မမိုက်မဲပါဘူး'

'ဒါကို မမ သိတယ်လေ၊ ဒါပေမယ့် မင်း အာသာ ပါဝါနဲ့ ရှုပ်ရှုပ်ယှက်ယှက် သွားလုပ်တာတော့ သိပ် အမြော်အမြင်ကြီးရာ မကျဘူး၊ ဒီလူဟာ ပြဿနာအိုးကြီး လို့ မမ ကြားထားတယ်လေ'

'ကျွန်မလဲ ကြားပါတယ်၊ ဘာပဲဖြစ်ဖြစ် ထိပ်ထား ပြောသလို ကျွန်မ သူနဲ့ ရှုပ်ရှုပ်ယှက်ယှက် မရှိတော့ပါ ဘူး၊ ခုထွက်နေတဲ့ ကောလာဟလသတင်းတွေနဲ့ ပြောင်းပြန် ဖြစ်နေပါတယ်၊ ကျွန်မ သူနဲ့ မပတ်သက်ခဲ့တာ တော်တော်ကို ကြာခဲ့ပါပြီ'

'ကောလာဟလသတင်းတွေ၊ အဲဒါမျိုးတွေကို လူရူး လူမိုက်တွေကပဲ ပြောနေတာပါ၊ သူတို့ဟာ ဒီထက် ထက် မြက်တဲ့ စကားမျိုးမှ မပြောနိုင်ကြဘဲ၊ မမကတော့ ဒီ သတင်းတွေနဲ့ ပတ်သက်ပြီး နားအညောင်း မခံဘူး၊ ကဲ....မစ္စစ် ရစ်ချ်မန်၊ မင်းကို မမ ဘယ်လို ကူညီနိုင်မလဲ လို့ စဉ်းစားရခက်နေတယ်'

'ထိပ်ထားရဲ့ ကုမ္ပဏီက ဖက်ရှင် ပစ္စည်းမျိုးစုံ ထုတ် နေတဲ့ အဓိကရ ကုမ္ပဏီကြီး တစ်ခုပါ၊ ကျွန်မတော့ ဖက်ရှင်လောကရဲ့ မျက်နှာပေါင်းစုံမှာ အတွေ့အကြုံ ရှိထားပါတယ်၊ ဘယ်ဓာတ်ပုံဆရာ တော်တော်က စပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာ အသားအသို၊ ဘူးခွံအပြင်အဆင်၊ ဈေးကွက်ဆင်တာ၊ ဖြန့်ချိတာ ဘက်စုံ ကျွမ်းကျင်ပါတယ်၊ ဒီကိစ္စတွေ အားလုံးကို ဝယ်လ်ဘီမှာ နှစ်ပေါင်းများစွာ လုပ်လာခဲ့တာပဲ'

'ရေးလုံအဖွဲ့ကလူတွေ မှားတာပဲ၊ မင်းလို အမှုထမ်းတစ်ယောက်ကို သူတို့ စာချုပ်နဲ့ ထိန်းထားရမှာ၊ မင်းခရီးကော ထွက်နိုင်ရဲ့လား၊ မမရဲ့ ကုန်ပစ္စည်းတွေဟာ အမေရိကာမှာတင် ကုန်တိုက်ပေါင်း တစ်ထောင်ကျော်မှာ တင်ထားတာ၊ အဲဒါတွေကို မပြတ် လိုက်ကြည့်နေဖို့လိုတယ်၊ တစ်ခါတလေကျ မမရဲ့ ပစ္စည်းတွေဟာ ဈေးဝယ်ပရိသတ် မြင်သာတဲ့ နေရာမှာ ရှိမနေဘူးလေ'

'ဝယ်လ်ဘီမှာတော့ မဟုတ်ပါဘူး ထိပ်ထား၊ လွန်ခဲ့တဲ့ နှစ်အတွင်း ထိပ်ထားရဲ့ အလှကုန်တွေ ဝယ်လ်ဘီမှာ ဘယ်လောက် အရောင်းတက်လာတယ်ဆိုတာ ထိပ်ထားသိမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မမရဲ့ ကုန်ပစ္စည်းတွေကို အလှယ် လမ်းမကြီးမှာ တင်ထားတာကိုး'

'မင်းရဲ့ ဆုံးဖြတ်ချက်နဲ့လား၊ မစ္စစ်ရစ်ချ်မန်'

'လူတွေက ထိပ်ထားရဲ့ ပစ္စည်းတွေကို ကြိုက်ကြတယ်လေ၊ ဒီတော့ အဝယ်လိုက်တဲ့ပစ္စည်းကို လူအများမြင်သာတဲ့နေရာမှာ ပေးထားတာ ရိုးရိုးလေးပါ၊ ခရီးထွက်ဖို့ ကိစ္စနဲ့ပတ်သက်လို့တော့ ကျွန်မ ဘယ်နေရာကိုမဆို အချိန်မရွေး သွားနိုင်ပါတယ်'

'မစ္စတာ ရစ်ချ်မန်ဆိုတာ မရှိဘူးလား'



'ကျွန်မတို့ ကွာရှင်း ထားတယ်ဆိုတာ ထိပ်ထားကိုလာဇလို ပြောပြပြီး ဖြစ်မှာပါ'

'မင်းဘဝထဲမှာ တခြား ဘယ်ယောကျ်ားမှ မရှိသေးဘူးလား'

'မရှိသေးပါဘူး ထိပ်ထား'

'အဲဒါ မင်းရဲ့ ဟာကွက်ပဲ၊ မင်းလို ကောလာဟလသတင်းတွေ ပြန့်နေပုံနဲ့ဆို မင်း နေ့ကိုတစ်ယောက်နဲ့တွဲနေဆင့်တယ်၊ မင်းထက် ငယ်ရမယ်၊ ချောရမယ်၊ အဲဒါဆို အဲဒီ အော့နာ့မုံ့နာစရာ မစ္စတာ ပါပါကြီး ပိုပြီးဒေါသတွေ ထွက်လာလိမ့်မယ်၊ ပိုပြီး အရေးကြီးတာကအဲဒီလူကြီး ပိုပြီးသက်ကြားအိုဘဝ ရောက်ပြီး ပိုပြီး ရူးကြောင်ကြောင် နိုင်သွားမယ်၊ အဲဒါဆို ကောလာဟလတွေ ရပ်သွားလိမ့်မယ်၊ တစ်ခု သတိထားဖို့က မင်းတွဲတဲ့ လူသစ်ဟာ လုံးဝ အရေးမပါ အရာမရောက်တဲ့သူဖြစ်ရမယ်၊ ပါရမီလေးရှိမယ်၊ ဒါပေမယ့် မအောင်မြင်သေးတဲ့လူ ဖြစ်ရမယ်၊ ဒီတော့ ဒီလူကို မင်းက ကူညီ မြှင့်တင်မြှောက်ပေးနေတဲ့ ပုံစံမျိုး ပေါ်လာမယ်၊ အဲဒီအကြောင်းကို လူတွေ တီးတိုးတီးတိုး ပြောလာတဲ့အခါကျတော့ မင်းဟာ အလိုလိုနေရင်း အရှိန်အဝါ သိပ်ကြီးတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်လာတာပေါ့'

'သိပ်ကောင်းတဲ့ အကြံဉာဏ်ပါ ထိပ်ထား'

မိမိလည်း ထိုအတိုင်းပင် စဉ်းစားထားကြောင်း ထုတ်ဖော်မ ပြောမနေတော့။

www.burmeseclassic.com

www.burmeseclassic.com



'ယောကျ်ားတွေဟာ စိတ်ပျက်စရာ သတ္တဝါတွေပါ ဒါပေမယ့် သူတို့ကို အသုံးချလို့ရတဲ့ အခါတွေလဲ ရှိတယ် နောက်တစ်ပတ်ကျ မမရဲ့ ရုံးခန်းမှာပဲ လာပြီး နေ့လယ်စာ စားဦးလေ၊ တိုတိုကျကျ ပြောရရင် မမတို့ တစ်ပတ် တစ်ကြိမ် မှန်မှန် နေ့လယ်စာ အတူစားတဲ့အကျင့် လုပ်ကြရအောင်'

စာရေးစားပွဲ အံဆွဲကို ဖွင့်ပြီး အထဲကို မွှေနှောက် ရှာဖွေသည်၊ နောက်ဆုံး အထဲမှ ဇာပန်းထိုးထားသည့် ပဝါစ တစ်ထည်ကို ထုတ်ယူသည်၊

'ဒီမှာ... ဒီပဝါစကလေးကို မင်း ယူစေချင်တယ်'

ဘက်ဗာလီ ငြင်းဖို့စိတ်ကူးသည်၊ သို့သော် အီလီယာနာက ဂရုမစိုက်၊

'လက်ဆောင်ပေးတာ တစ်ခုက မိတ်ဆွေတစ်ယောက် တိုးစေနိုင်တယ်ကွယ်'

သူတို့နှစ်ယောက် တွေ့ဆုံနေသည့် ကာလအတွင်း ပထမဦးဆုံးအကြိမ် အဖြစ် ဘက်ဗာလီ ဘာပြောရမှန်း မသိ ဖြစ်သွားသည်၊ လက်ဆောင်ပေးခြင်းမှာ ခင်မင်ရင်းနှီးလိုခြင်း၏ လက္ခဏာ၊ သို့သော် ခေါ်ကားသည့် လက္ခဏာဟု ယူလျှင်လည်း ရသည်၊ မည်သို့ဖြစ်စေ တ[...]ဖက်က ပေးနေသည့် လက်ဆောင်ကို ငြင်းပယ်လိုက်လျှ[င်] ပို၍ ရိုင်းရာကျသွားမည်၊

'ကျေးဇူးတင်ပါတယ် ထိပ်ထား၊ ကျွန်မရဲ့ အိမ်ဖေ[ာ်] အမျိုးသမီးတလဲ ကျွန်မရဲ့ ပဝါစတွေဟာ သိပ်ရိုးလွန်း



တယ်လို့ ပြောနေတာ ကြာပါပြီ၊ ဒီပဝါစကလေးကို မြင်ရင် သူ အမြတ်တနိုး ထားမှာပါ'

'အပြောအဆို လိမ္မာရေးခြား ရှိလှပါတယ်ကွယ်၊ ကဲ၊ မင်းအခုနဲ့ မမရဲ့ လက်သည်းဆိုးဆေး အသစ်ကို ဝယ်လိုက်ဘိမှာ ပိုပြီး ထိရောက်ထင်ရှားတဲ့ နေရာမျိုးမှာ တင်ပေးထားနိုင်မလား'

'မဖြစ်နိုင်တာ မရှိပါဘူး ထိပ်ထား၊ ကျွန်မတို့ ထိပ်ထားရဲ့ ခေါင်းဦး အလှကုန်တွေ ဘယ်လောက် အရောင်းတက်မယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့'

အဘွားကြီး သက်ပြင်းချသည်၊

'အဲ... မင်းကို မမ ပဝါစတစ်ထည်နဲ့ လာဘ်ထိုးဖို့ မရည်ရွယ်ပါဘူးနော်၊ နောက်ဗုဒ္ဓဟူးမှာ ဒီမှာပဲ နေ့လယ်စာ စားကြရအောင်လား'

ဘက်ဗာလီ ခေါင်းညိတ်ပြပြီး တံခါးပေါက်ဆီသို့ ထွက်သွားတော့ အီလီယာနာ နောက်မှ လှမ်းခေါ်သည်၊

'ခပ်ချောချော လူငယ်တစ်ယောက်နဲ့ တွဲဖြစ်အောင် တွဲနော်၊ သူတို့နဲ့ တွဲရတာ နည်းနည်းတော့ ဒုက္ခရောက်ချင် ရောက်မယ်၊ ဒါပေမယ့် လူမြင်ကောင်းတာပေါ့ကွယ်'

ဘက်ဗာလီ ပြုံးပြပြီး အပြင်ထွက်သွားတော့ တစ်တိုင်း တစ်ပြည်လုံးရှိ မိမိ၏ မန်နေဂျာများ စာရင်းကို အီလီယာနာ ပြန်လှန်ကြည့်သည်၊ လောလောဆယ်မှာတော့ လူစားထိုးစရာ နေရာမရှိသေး၊ သို့ပေမယ့် သည်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို မေးသားသင့်သည်။ ရေးလ်အဖွဲ့သည် မိမိ၏ ကုမ္ပဏီကိုလည်း ဝယ်ယူဖို့ ခြေလှမ်းပြင်နေသည်ကို ဘက်ဗာလီ သိချင်မှ သိမည်။ နောက်တစ်ကြိမ်တွေ့ဆုံမှ မေးကြည့်ရဦးမည်။

* * *

နေ့စက်ပိုင်းလများအတွင်း မြို့စားကတော်နှင့် ဘက်ဗာလီတို့ အကြိမ်ကြိမ် တွေ့ဖြစ်ကြသည်။ ထုံးစံအတိုင်း နေ့လယ်စာ စားရင်း အလုပ်အကိုင်ကိစ္စများ ဆွေးနွေး တိုင်ပင်ကြသည်။

သူတို့နှစ်ယောက် မိတ်ဆွေဖြစ်နေကြောင်း သတင်း ပြန့်သွားတော့ ဘက်ဗာလီ၏ အနေအထားမှာ စိတ်ဝင်စားစရာ ကောင်းလာသည်။ သည်သတင်းကို ရေးလ်အဖွဲ့ကလည်း ချက်ချင်းလိုပင် ကြားသိသွားသည်။ ဘယ်ပုံ ဘယ်နည်း သိသွားသည်ကို ဘက်ဗာလီ မပြောတတ်။ သို့သော် သည်သတင်းကို ကာရင် သိသွားအောင် ဆီလ်ဗီယာ တခင် တိုးတိုး ဖြန့်ပေးလိုက်သည် ထင်၏။ ရေးလ်အဖွဲ့ ချုပ်မှ ပုဂ္ဂိုလ်ကြီးများ ဘက်ဗာလီအပေါ် ထား



သည့် သဘောထားများ တစ်စ တစ်စ ပြောင်းလဲလာ သည်ကို တွေ့ရ၏။ အဘွားကြီး၏ ကုမ္ပဏီကို ဝယ်ယူဖို့ ကမ်းလှမ်းနေသော ရေးလ်အဖွဲ့သည် ဘက်ဗာလီကို အသုံးချလို့ရမှန်း သိမြင်လာဟန် တူ၏။

စင်စစ် သည်အကြောင်းကို အီလီယာနာနှင့် ဘက် ဗာလီ တစ်ခါမျှ မဆွေးနွေးခဲ့ဖူး။ အီလီယာနာက တော့ ဘက်ဗာလီနှင့် တစ်ကြိမ် တွေ့ဆုံပြီးတိုင်း လက်ဆောင် တစ်မျိုး ပေးနေကျ။

'လက်ဆောင်ပဏ္ဏာ တစ်ခုသည် မိတ်ဆွေတစ်ယောက် တိုးစေနိုင်၏' ဆိုသောစကားကို ဘက်ဗာလီ သတိရနေ၏။

* * *

အီလီယာနာ အကြံပြုထားပြီး မိမိကိုယ်တိုင်လည်း ဆုံးဖြတ်ထားသည့် ကိစ္စ တစ်ခုကတော့ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့သည်။

ထိုနှစ် နွေဦးတွင် ဘင်အဲလစ်သည် ဘက်ဗာလီ ထံသို့ ဝင်ရောက်လာ၏။ ဘင်အဲလစ်က ဘက်ဗာလီရုံးခန်းသို့ ရည်ရွယ်ချက်နှစ်ခုဖြင့် ရောက်လာသည်။ တစ်ခုမှာ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မြင် တိုးတက်စပြုနေသည့် နှစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာတွင် ဝယ်လ်ဘီ ကုန်တိုက်၏ ကြော်ငြာပါရှိရေး၊ နောက်တစ်ခုမှာ နောက်ထပ်ပတ်ထုတ် သတင်းစာတွင် ဘက်ဗာလီနှင့် တွေ့ဆုံမေးမြန်းခန်းကို ဖော်ပြပါရှိရေး။ ’

ဝယ်လ်ဘီ ကုန်တိုက်၏ ကြော်ငြာကို နောက်နှစ်လကြာမှ ထည့်ခွင့်ရသည်၊ သို့သော် တွေ့ဆုံမေးမြန်းခန်းမှာ အတွင်းရေးကျပြီး အသေးစိတ် နိုင်လွန်းသဖြင့် သူတို့နှစ်ယောက် အလုပ်ချိန် ပြင်ပတိုင်အောင် ဆွေးနွေးကြသည်၊ စားသောက်ဆိုင်တွင် ညစာအတူစားရင်း ဆွေးနွေးကြသည်၊ နောက်ဆုံး ဘင်အဲလစ်နှင့် ဘက်ဗာလီ ငြိတွယ် သွားသည်အထိ။

ဘင်အဲလစ်က ခေတ်လူငယ်တစ်ဦး၊ ပျော်ပျော်နေတတ်သည်၊ သူ့အလုပ်မှလွဲ၍ ဘာကိုမှ အလေးအနက် မထား။ ဘက်ဗာလီကလည်း သူနှင့်တွဲရသည်ကို ကျေနပ်သည်၊ ပျော်သည်။ သူတို့နှစ်ယောက်၏ ဇာတ်လမ်းသည် တာရှည်ခံမည် မဟုတ်ဆိုတာ သိထားသည်၊ သို့သော် ဘာဖြစ်သေးလဲ။ ဘင်က မိမိအား အသုံးချနေသလို မိမိကလည်း ဘင်အား တစ်နည်းတစ်ဖုံ အသုံးချနေသည်ပဲ။

အာသာနှင့် မိမိအကြောင်း၊ ဆောလာဟလ သတင်းတွေ စုပ်စမြုပ်စ ပျောက်ကွယ်သွားပြီ၊ သည်လို ပျောက်ကွယ်သွားအောင် ထိုနှစ်နွေဦးနှင့် နွေကာလများအတွင်း



အာသာ ဥရောပသို့ ရောက်နေသည့် အချက်ကလည်း အထောက်အပံ့ ပေးသည်၊

ဘက်ဗာလီသည် အီလီယာနာနှင့် နေ့လယ်စာအတူ စားရင်း ရေးလီအဖွဲ့၏ နောက်ဆုံး ခြေလှမ်းများကို တိုင်ပင်နှီးနှောသည်၊

နောက်တစ်ပတ် ချီကာဂိုတွင် ပြုလုပ်မည့် အုပ်ချုပ်ရေး အဖွဲ့အစည်းသို့ တက်ရောက်ရန် ဆီလ်ဗီယာနှင့် ဘက်ဗာလီကို ဖိတ်ကြားထားသည်၊ ယခင်ကလည်း သူတို့နှစ်ယောက် ချီကာဂိုရုံးချုပ်သို့သွားခဲ့ရဖူးသည်၊ သို့သော် ယခု တစ်ခေါက်ကတော့ ထိပ်တန်းအစည်းအဝေး တက်ဖို့ ဖြစ်သည်၊ မိမိတို့နှစ်ယောက်ကို ရေးလီအဖွဲ့၏ အတွင်းစည်းသို့ ဝင်ခွင့်ပေးပြီဟု ဆီလ်ဗီယာက ကောက်ချက်ချသည်၊ အီလီယာနာကလည်း ထိုနည်းတူ ယူဆသည်၊

‘သူတို့ မမကို တော်တော်ကြီး စိတ်ပါလာအောင် ကမ်းလှမ်းနေတယ် ဘက်ဗာလီရေ၊ ဒီတစ်ခါတော့ မမ မငြင်းနိုင်တော့ဘူး ထင်တာပဲ၊ ကိုယ့်ကုမ္ပဏီကို ကိုယ်ပဲ အုပ်ချုပ်ခွင့်ရမယ်၊ ကိုယ်ကြိုက်တဲ့လူ ကိုယ်ရွေးခွင့်ရမယ်၊ သူတို့က မမရဲ့ဓာတ်ခွဲခန်းတွေ၊ လက်တွေ့ စမ်းသပ်ခန်းတွေ၊ ဆုံးရှုံးမှုတွေ အားလုံးကို ကျခံဖို့ ငွေကြေးစိုက်ထုတ်ပေးမယ်၊ စိတ်ဝင်စားစရာ မကောင်းဘူးလားကွယ်’

‘ဝယ်လ်ဘီမှာလဲ ဒီအတိုင်းဖြစ်သွားတာပါပဲ၊ ထိပ်ဆုံး၊ တစ်နှစ်လောက်လဲ ကြာရော မူလ မိသားစုဟာ လုံးဝ အာဏာမဲ့ ဖြစ်သွားကြတယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ကို ထိန်းချုပ်ခွင့်ပေးလောက်အောင် မိုက်မဲကြတာကိုး၊ မမက အစုရှယ်ယာအားလုံးရဲ့ ခုနစ်ဆယ် ရာခိုင်နှုန်းကို ထိန်းထားမှာ၊ ဒီတော့ သူတို့တာမ်းလှမ်းချက်က မဆိုးပါဘူး၊ မမလက်ခံဖို့စဉ်းစားတယ်'

'သူတို့ အဖွဲ့နဲ့ မမကြားမှာ ဆက်သွယ်ဖို့ လူတစ်ယောက် သူတို့ရွေးလိမ့်မယ်၊ အဲဒီလူကို ကြိုက်မကြိုက် မမရဲ့ အတည်ပြုချက်လိုမယ်၊ ဒီတော့ သူတို့မင်းကို ရွေးတာ ကောင်းမယ်လို့ ဆုံးဖြတ်ကြမှာပေါ့'

သည်ကိစ္စ ဘက်ဗာလီ ခေါင်းထဲ ရောက်နေတာကြာပြီ၊ သို့ပေမယ့် အဘွားကြီးကို ဖွင့်မေးလိုက်လျှင် မှားမည်ဆိုတာ သိနေသဖြင့် မမေးခဲ့၊ ယခု သူ့နှုတ်မှဦးစွာဖွင့်ပြောလာတော့ အဆင်ပြေသွားတာပေါ့။

'ဒီတော့ ကျွန်မက ကုန်တိုက်ကို စွန့်ခွာရမှာပေါ့နော်'

တွေးတွေး ဆဆ မေး၏။

'မင်းသိပ်ပြီး အရေးပါ အရာရောက်တဲ့ အမှုဆောင်အရာရှိ တစ်ယောက် ဖြစ်လာမယ်လေ၊ လခအများကြီးရမယ်၊ အစုရှယ်ယာ ဝယ်ခွင့်တွေရမယ်၊ မမရဲ့စီးပွားရေးကိစ္စတွေကို ထိန်းချုပ်ခွင့် ရရုံမဟုတ်ဘူး၊ သူတို့ရဲ့ ကုမ္ပဏီအသီးသီး အတွက်လဲ မင်းဟာ တန်ဖိုးမဖြတ် နိုင်လောက်အောင် အရေးပါတဲ့ မိန်းမတစ်ယောက် ဖြစ်လာမယ်၊ ရာထူးတပ်ခွင့်တော့ မတောင်းနဲ့ပေါ့ကွယ်၊ မင်းလဲ ခုချိန်



ထိ ရာထူး တပ်ခွင့်မတောင်းသေးပါဘူး၊ ကဲ၊ ဟောဒီမှာ မင်းကို မမ ပေးလိုက်မယ့် လက်ဆောင်'

မြို့စား ကတော်ဘ သူ့ လက်သန်းကလေး ပေါ်မှ ဥသဖယား ကျောက်နှစ်လုံးတပ် လက်စွပ်ကို ချွတ်သည်။ လက်စွပ်ပေါ်တွင် မြို့စားမျိုးရိုး၏ အမှတ်တံဆိပ်လည်း ပါသည်။

'ထိပ်ထားရှင့်.... အဲဒါကိုတော့ ကျွန်မ... ဒီပစ္စည်းက ထင်သက်စာ့ စည်းစိမ်လောက် တန်ဖိုးကြီးလွန်းပါတယ်'

'ပေါက်ကရကွယ်၊ ဒီနှစ်ပိုင်းတွေမှာ မမသိပ်တန်ဖိုးမကြီးတာတွေပဲ ဝတ်နေပါတယ်၊ နောက်တစ်ခုက ဒီလက်စွပ်ဟာ အမှတ်သင်္ကေတ တစ်ခုဖြစ်သွားလိမ့်မယ်၊ ရဟန်းမင်းကြီးတွေ သူတို့ရဲ့ လက်စွပ်တွေဝတ်ထားတဲ့ သူ့ကိုယ်စားလှယ်တွေကို လွှတ်သလိုပေါ့၊ မင်းဒီလက်စွပ်ကိုစွပ်ပြီး အစည်းအဝေးတက်ပါ၊ နေ့စက်ပိုင်းလဲ ဆက်ဝတ်နေပါ၊ ဒါဆို မမနဲ့ရွေးတဲ့ လူဟာ မင်းပဲဆိုတာ ရေးလ်အဖွဲ့က လူတွေ အလိုအလျောက် သိသွားလိမ့်မယ်၊ နောက်ပြီး ဒီလက ဩဂုတ်လဆိုတော့ ပူလွန်းတယ်၊ မင်းအနေနဲ့ ဖျံမွေး အနွေးထည် ဝယ်သွားလို့ မဖြစ်ဘူး၊ ဒီတော့ မင်းဟာ အောင်မြင်နေတဲ့ အမျိုးသမီး တစ်ယောက်ဆိုတာ ပြဖို့ ဒီပစ္စည်းမျိုး ဆင်သွားရမယ့်လေ၊ ဒါမှ ဟိုက ယောကျ်ားတွေ မင်းကို လေးစားကြမှာပေါ့'

'ကျေးဇူးကြီးလှပါပေတယ် ထိပ်ထား၊ ထိပ်ထားဟာ ကျွန်မအတွက် မိတ်ဆွေကောင်း ပီသလှပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းလဲ မမအတွက် မိတ်ဆွေကောင်း ဖြစ်လာမှာပါ ကွယ်၊ သူတို့ မမရဲ့ရှယ်ယာတွေကို ဝယ်ဖို့ လေလာ ဆယ် ပေးဖို့ ရည်ရွယ်ထားတဲ့ ဈေးထက် နှစ်ဆပိုရအောင် လုပ်ဖို့ မမရည်ရွယ်ထားတယ်၊ ဒီတော့ အဲဒီလိုရအောင် လုပ်ဖို့ မင်းပြင်ဆင်ထားပေတော့ ဘက်ဗာလီ'

* * *

'လမ်းပေါ်ရောက်လာတော့ ဘက်ဗာလီသည် ဩဂုတ်လ၏ နေဒဏ်ကိုပင် မမှုတော့၊ ခံနိုင်ရည် ရှိလာသည်။ သည်နေ့ကား စနေနေ့၊ သူ့ အပေါင်းအသင်းတွေ မှန်သမျှ မြို့ပြင်သို့ ရောက်ကုန်ကြပြီ၊ ဒါတိုင်းဆိုလျှင်တော့ ဘင်နှင့် မိမိသည်လည်း မြို့ပြင်သို့ ထွက်နေကျ၊ သို့သော် အီသီဟာနှင့်က တွေ့ဆုံဖို့ ချိန်းထားသည်ဆိုတော့ ဘက်ဗာလီ မြို့ပြင်ထွက်သို့မဖြစ်၊ သည်တော့ ဘင်က သူလည်း မြို့ထဲမှာပဲ နေမည်ဟုဆိုသည်၊ ညကျမှ ညစာစားဖို့ လာခေါ်မည်ဟု ချိန်းထားသည်၊

သို့သော် ဘက်ဗာလီ ညရောက်အောင် စောင့်မနေနိုင်၊ သတင်းထူးကို ပြောပြချင်သည်၊ ဘင်၏ နေ့စက်တစ်



ပတ်ထုတ် သတင်းစာတွင် သည်အကြောင်း ပါစေချင် သည်၊ သို့ဆိုလျှင် မိမိအကြောင်း သတင်းစာထဲ ပါလာ သည်ကို မိမိနှင့် တွေ့ဆုံမည့် ပုဂ္ဂိုလ်များ ဂရုတစိုက် ဖတ်မိကြလိမ့်မည်၊

သူက စိတ်နောက်ကိုယ်ပါပင် အငှားကားတစ်စီးကို တားလိုက်၏၊ နောက်ပြီး ဘင်၏လိပ်စာကို ပြောလိုက် သည်။

မိမိပြောသည့် သတင်းကို ကြားရလျှင် ဘင် ဘယ် သို့ တုံ့ပြန်မလဲဟု လှေကားမှတက်လာရင်း စဉ်းစား၏၊ ဘာပဲဖြစ်ဖြစ် ပျော်ပျော် နေတတ်သည့် ဘင်လည်း ဝမ်း သာသွားမှာ ကျိန်း၊ မိမိကို အားရဝမ်းသာ ပွေ့ဖက် နမ်းရှုပ်ပြီးနောက်....

ဘင် ပေးထားသော သော့ဖြင့် အခန်းတံခါးကိုဖွင့် သည်၊ ပြတင်းပေါက် ခန်းဆီးများကို ဆွဲချပြီး နေပူ ဒဏ်ကို ကာကွယ်ထားသည်၊ နေပူထဲမှ ဝင်လာရသဖြင့် ခပ်မှောင်မှောင်ဖြစ်နေသည့် အခန်းထဲဝင်မိ မျက်စိ ကျင့်သားရသွားအောင် ခဏရပ်နေသည်၊ ထိုအခိုက်မှာ ပင် အသံတွေ ကြားလိုက်ရခြင်း ဖြစ်၏၊

အသံထွက်လာသည့် အခန်း၏ နေရာ အစိတ်အပိုင်း ကို ဘက်ဗာလီ ကောင်းကောင်းသိနေ၏၊ အိပ်ခန်းထဲမှ၊ ဘင်၏အသံသာတော့ မှားမိလွယ်သည်၊ သို့သော် မိန်း ကလေး အသံကိုတော့ ခန့်မှန်းရခက်နေသည် ခြော်....

www.burmeseclassic.com

www.burmeseclassic.com



ပနက်ဆာရဲ့ အသံပဲ၊ ဘင်၏ ကိုယ်ရေး လက်ထောက်၊ ထောင်ထောင်မောင်းမောင်း အမျိုးသမီး။

ဘက်ဗာလီ တံခါးဝမှာပင် ဆက်ရပ်နေသည်၊ တိတ်ဆိတ်စွာ၊ လှုပ်ရှားမှုကင်းမဲ့စွာ။ ထို့နောက် ဘင် ကြိုက်တတ်သဖြင့် မိမိ လမ်းမှ ဝယ်လာသော အသားလွတ် ပေါင်မုန့် နှစ်လုံးကို ကြမ်းပေါ်မှာပင် သေသေသပ်သပ် ယှဉ်ပြီး ချထားလိုက်၏။

အပြင်တံခါးကိုပိတ်ပြီး လှေကားမှ ပြန်ဆင်းခဲ့၏။ လက်တစ်ဖက်က နံရံကို စမ်းကိုင်ပြီးဆင်းသည်။ မိမိကိုယ် မိမိ ပြိုလဲမသွားအောင် ထိန်းထားသည့်ပမာ။ သည်ည ဗလာဒ်ချက်တို့ ဇနီးမောင်နှံထံ သွားလည်မည်။ သူတို့နှင့် မတွေ့ရတာ ကြာပြီ။ မိမိကို တွေ့လျှင် ဝမ်းသာကြလိမ့်မည်။

တံခါးဝတွင်မိမိထားခဲ့သည့် အရာနှစ်ခု၏ အဓိပ္ပာယ်ကို နားလည် သဘောပေါက် လောက်အောင် ဘင် လိမ္မာပါးနပ်မှု မရှိဘူးဆိုလျှင်လည်း ကိစ္စမရှိ။ ညစာ [illegible]မိမိအခန်းသို့ လာခေါ်လျှင် မိမိ မြို့ပြင်ရောက်နေကြောင်း အယ်လ်မာက ပြောပြလိုက်လိမ့်မည်။

လမ်းမပေါ် တုတ်တုတ်ထိရောက်မှပဲ နေကာမျက်မှန် တပ်ဖို့ကို သတိရသည်။ မိမိလောက် အသက်အရွယ်ရနေပြီဖြစ်သည့် မိန်းမတစ်ယောက်သည် လူတော သူတော ထဲမှာ လမ်းလျှောက်ရင်း ငိုနေလို့ ဖြစ်ပါ့မလား။

* * *

(၂၂)

ချီကာဂိုတွင် ကျင်းပ ပြုလုပ်သည့် အစည်းအဝေးမှာ မြို့စားအတော်ကြီးတင် ဟောကိန်း ထုတ်ထားသည့် အတိုင်း ကွက်တိဖြစ်လာသည်။ ဘက်ဗာလီနှင့် ဆီလ်ဗီယာက အကောင်းဆုံးနှင့် ခေတ်အမီဆုံး ဟိုတယ်ကြီး တွင် တစ်ခန်းစီ နေရာချထားပေးသည်။ နှစ်ခန်းစလုံး တွင် ရေးလ်အဖွဲ့နှင့် ဟိုတယ်မှ ပေးပို့ထားသည့်ပန်း စည်းများ၊ သစ်သီးဝလံများဖြင့် ထုံသင်းနေသည်။

'အခြေအနေကြည့်ရတာ ချီကာဂိုက ကောင်လေးတွေ တစ်နည်းနည်းတော့ ဒုက္ခ ရောက်နေပြီကွယ့်'

ဆီလ်ဗီယာ တောက်ချက်ချသည်။ ထုံးစံအတိုင်း၊ သူ့ ထင်မြင်ချက် မှန်နေလေသည်။

နောက်တစ်နေ့ ဒါရိုက်တာများဘုတ်အဖွဲ့ အစည်း အဝေးတွင် သူတို့နှစ်ဦးယောက်ကို ဘာကြောင့် ဂုဏ်ပြု

www.burmeseclassic.com

www.burmeseclassic.com





ဧည့်သည် များလို တခမ်းတနား ဧည့်ခံ အရေးပေးနေကြောင်း အမျိုးသမီး နှစ်ယောက်စလုံး သိမြင် သဘောပေါက်ခဲ့ရ၏။ ရေးလ် အဖွဲ့ကြီး၏ နှစ်ပတ်သည် အစီရင်ခံစာကို ဖလှလာသောအခါ အဖွဲ့ပိုင် လုပ်ငန်း အသီးသီး ရှိသည့်အနက် ဖက်ရှင်လုပ်ငန်း တစ်မျိုးတည်းသာ အမြတ်ထွက်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။

အစည်းအဝေး ပြုလုပ်သည့် သုံးရက်တာ ကာလအတွင်း ဆွေးနွေး ညှိနှိုင်းကြသည်။ အပေးအယူလုပ်ကြသည်။ နောက်ဆုံး အမျိုးသမီး နှစ်ယောက်သည် သူတို့၏ လိုလားချက်များအတိုင်း လိုက်လျောမှုများကို ပွေ့ပိုက်ပြီး အစည်းအဝေးခန်းမှ ထွက်လာကြသည်။ ဆီလ်ဗီးယားက ဝယ်လ်ဘီ ကုန်တိုက်၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ဘက်ဗာလီက ရေးလ်အဖွဲ့၏ ဘုတ်အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ သူ့တာဝန်မှာ ရေးလ်အဖွဲ့ပိုင် ဖက်ရှင်ကုမ္ပဏီအားလုံးနှင့် ဖက်ရှင်လုပ်ငန်း အားလုံးကို တာဝန်ယူ ကြီးကြပ်ရမည်ဖြစ်၏။ ထိုအထဲတွင် လောလောလတ်လတ် ဝယ်ယူလိုက်သည့် အရေးအကြီးဆုံး ကုမ္ပဏီမှာ ပွန်ဖော်လ်ဟောင်ဘုတ် အလှကုန်ထုတ်လုပ်ရေး ကုမ္ပဏီကြီး ဖြစ်၏။

ဘက်ဗာလီအား နေရာထား အရေးပေး ခံရခြင်းကို ပြသနိုင်သည့် နောက်သာဓက တစ်ခုမှာ ရေးလ်အဖွဲ့က သူနှင့် စာချုပ်ချုပ်ဆိုဖို့ ကမ်းလှမ်းလိုက်ခြင်းပင်။ နယူးယောက်သို့ အပြန်ခရီးတွင် ဘက်ဗာလီ၏ အိတ်ထဲ တန်ထရိုက် စာချုပ်တစ်ခု ပါလာသည်။ ဘက်ဗာလီအ လက်မှတ်မထိုးသေး။ မိမိ၏ ဥပဒေအကြံပေး ပုဂ္ဂိုလ်နှင့် တိုင်ပင်ဦးမည်ဟု အကြောင်းပြခဲ့သည်။ စင်စစ် ဥပဒေအကြံပေးပုဂ္ဂိုလ်သာမဟုတ်။ ဆီလ်ဗီးယားနှင့် မြို့စားဘာတော်တို့ကိုပါ တိုင်ပင်ချင်သေးသည်။ ချီကာဂိုမှ ဆရာကြီးတွေ နည်းနည်းပါးပါး စိတ်မဆက်မသာ ဖြစ်နေကြပါစေဦး။ မိမိ စိတ်မချမ်းသာအောင် သူတို့ လုပ်ခဲ့ကြပြီးပြီပဲ။ တစ်ပြန်တစ်လှည့်တော့ ခံကြပေဦးပေါ့။

'ကဲ.... ဒီတော့ တို့ဆန္ဒတွေ ပြည့်ခဲ့ပြီပေါ့'

လေယာဉ်၏ အထက်တန်း ခရီးသည်အခန်းတွင် မာတီနီသောက်ရင်း ဆီလ်ဗီးယားက ပြောသည်။

'နောက်ဆုံး တစ်နေ့မှာ မကေ မမလိုချင်တဲ့ ရာထူးကို ရခဲ့ပြီ၊ နောက်ပြီး မင်းကော၊ မင်း အဲဒီကန်ထရိုက် စာချုပ်ကို လက်မှတ်ထိုးလိုက်တာနဲ့ နှစ်ပေါင်းများစွာ တည်တံ့ လာတဲ့ သူတို့ရဲ့ အဖိုးထိုက် အဖိုးတန် ဒါရိုက်တာ ဘုတ်အဖွဲ့ကြီးမှာ မင်းဟာ ပထမဆုံး အမျိုးသမီး ဘုတ်အဖွဲ့ဝင် ဖြစ်သွားပြီလေ။ ဒါကို သဘောပေါက်ရဲ့လား'

'ကျွန်မ လက်မှတ်ထိုးရင်ပေါ့လေ'

ဘက်ဗာလီ အာရုံမဲ့စွာ ပြော၏။ ဆီလ်ဗီးယား သူ့ကို ကြည့်သည်။ သည်မိန်းကလေး အပြန်ခရီး တစ်လျှောက်လုံး နှုတ်ဆိတ်လာသည်။

'စာချုပ် ချုပ်တာက ဘာဖြစ်လို့လဲ၊ စာချုပ်လိုက်တဲ့အတွက် မင်း ချမ်းသာလာမယ်၊ အမေရိကရဲ့ ထိပ်တန်း

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး အရာရှိတွေထဲမှာ တစ်ယောက် အပါအဝင် ဖြစ်လာမယ်၊ မင်းလိုချင်တာ ဒါပဲ မဟုတ်လား'

'အင်း'

သို့သော် သည်တစ်ခွန်းတည်းသော စကားမှာ သက်ပြင်းချသံလို ဖြစ်နေသည်ဟု ဆီလ်ဗီယာ ထင်လိုက်၏။

'မစ္စတာ အဲလစ်ဆိုတဲ့ ချာတိတ်ကို သတိရနေတာတော့ မဟုတ်ပါဘူးနော်'

ဘက်ဗလီ ဖြစ်ကြောင်းရယ်ကုန်စင်ကို ဆီလ်ဗီယာအား ပြောပြထားသည်။ ပြုသနာဖြစ်သည့် ဝနေ့နေ့ ညနေနှင့် ဘက်ဗာလီတို့ ချိတ်ဂိုသို့ မလာမီရက်များ အတွင်း ဘင်အဲလစ် အကြိမ်ကြိမ် ဖုန်းဆက်ခဲ့၏။ သို့သော် ဘက်ဗလီက သူနှင့် တွေ့ဖို့ကို ချိုသာ ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သည်။

'မဟုတ်ပါဘူး'

တကယ်လည်း သတိရမနေပါ၊ ဖြစ်စကတော့ ရင်မှာ နာကြည်းရသည်ပေါ့။ သို့ပေမယ့် နေ့ကပိုင်းတွင် ဘင်အဲလစ်အကြောင်း ခေါင်းထဲပင် မထည့်မိတော့။ (ရင်စစ်စီမီ ရရှိလိုက်သည့် ဒဏ်ရာ ဒဏ်ချက်သည် နှလုံးသားထဲမှ မဟုတ်ဘဲ မိမိ၏ မာနတရားမျှသာ ဖြစ်ကြောင်းလည်း သိသည်။)

'ကောင်းပါတယ်၊ ဒီကောင်းလေးဟာ မင်းနဲ့ မကိုက်ပါဘူး၊ သူက ရှုတ်ရှုတ်သဲသဲ နိုင်လွန်းတယ်၊ မင်းလို ယောကျ်ားတွေနဲ့ ပတ်သက်လာရင် ကံမကောင်းဘူး



ခနော်၊ ဟိုလူသားစား ငါးမန်းကြီး အာသာပါဝါ၊ နေ့က ဖရင့် ဘယ်သူပါလိမ့်၊ နေ့က.... အက်ဒ်....'

'အက်ဒ်ဆီက ချည်ဆီ စာလာတဲ့အကြောင်း ကျွန်မ ပြောပြပြီးပြီးလား၊ သူ နေ့ကအိမ်ထောင် ပြုလိုက်ပြီလေ၊ ကလေးတောင် ရတော့မယ်'

'အဲဒါကို မင်း စိတ်ထိခိုက်နေလား'

'ဟင့်အင်း၊ မထိခိုက်ပါဘူး'

လေယာဉ်ကို စိုင်းရုံနေသည့် တိမ်စိုင်တိမ်ခဲဖြူဖြူများကို လှမ်းကြည့်နေမိ၏။

'တစ်ခါ တစ်ခါကျတော့လဲ ကျွန်မ အံ့သြမိတယ်....'

'နေ့ကကြောင်းကို ပြန်ကြည့်မနေနဲ့ ကလေးရေ၊ မင်းအာနေနဲ့ ပန်းတိုင်နားကို တစ်နည်းတစ်ဖုံတော့ နီးကပ်လာမယ်ပဲ၊ အဲဒါ တော့စ်ဘော ကစားသမားကြီးတွေရဲ့ လက်သုံးစကားပေါ့၊ ဘာပဲဖြစ်ဖြစ် အဲဒါဟာ ဘို့အားလုံးအတွက် ကောင်းတဲ့ အကြံပေးချက် တစ်ခုပဲ မဟုတ်လား'

* * *

www.burmeseclassic.com

www.burmeseclassic.com



သည်အကြံပေးချက်ကို ဘက်ဗလီ လက်ခံ ကျင့်သုံးသည်။ နေ့စက်ပိုင်းနှစ်များမှာ သူ့ သက်တမ်းတစ်လျှောက်တွင် အလုပ်အများဆုံး နှစ်များဖြစ်၏။ သူ့ လက်မှတ်ထိုး သဘောတူလိုက်သည့် ကန်ထရိုက်စာချုပ်က သူ့အား ခံစားခွင့်များစွာ ရလာစေ၏။ သို့သော် ရေးလ်အဖွဲ့၏ ထိပ်တန်း ပုဂ္ဂိုလ်များက သူ့အား စေတနာ ထားလွန်းသည့် အတွက် ထိုသို့ အခွင့်အရေးတွေ ပုံအော ပေးထားခြင်း မဟုတ်။ သူနှင့် သူ့ လုပ်ရည်ကိုင်ရည်ကို အပြည့်အဝ အသုံးချချင်သောကြောင့် စာချုပ် ချုပ်ခဲ့ခြင်း ဖြစ်၏။ သူကလည်း သူ့ အရည်အချင်း၊ သူ့ အတွေ့အကြုံနှင့် တစ်ကိုယ်တော်ဘဝတွင် ပိုလျှံနေသည့် သူ့ အချိန်များကို အပြည့်အဝပေးပြီး အားသွန်ခွန်စိုက် လုပ်ခဲ့၏။

သူသည် တစ်လလျှင် တစ်ကြိမ် အနည်းဆုံး ပြည်ပသို့ ခရီးထွက်ရသည်။ ဖက်ရှင်ပြပွဲများ ကြည့်ဖို့ ဥရောပသို့ သွားသည်။ ပိုးထည်များနှင့် ကျွမ်းကျင်သော အလုပ်သမားများ ရှာဖို့ ဟောင်ကောင်သို့ သွားသည်။ ဈေးကွက်သစ် ဖွင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု အသစ်များ ပြုလုပ်ရန် တောင်အမေရိကသို့ သွားသည်။ ပြည်တွင်းမှာ ရှိနေသည့် ရက်သတ္တပတ်များတွင် ချီကာဂိုမှာ ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ တက်ရသည်။

ရေးလ်အဖွဲ့၏ စီးပွားရေး လုပ်ငန်းမျိုးစုံထဲတွင် ဖက်ရှင်လုပ်ငန်းကတော့ ပုံမှန် တိုးတက် အောင်မြင်နေသည်။ ထို့အတွက် ဘက်ဗလီ ဂုဏ်ယူသည်။



(ဘုတ်အဖွဲ့ကို ထိန်းချုပ် ကြိုးကိုင်ထားသည့် ပုဂ္ဂိုလ်ကြီးများသည် သူတို့နှင့် တန်းတူ အောင်မြင်နေသော အမျိုးသမီး တစ်ဦးကို လေးလေးစားစား အသိအမှတ်ပြု ဆက်ဆံသည့် နည်းအတိုင်း ဘက်ဗလီ့အားလည်း ဆက်ဆံလာရတော့၏။)

* * *

'ငါ အခု ဘာလုပ်ရမလဲ ဘက်ဗလီ၊ ငါ လူ့လောကမှာနေရတာ ကြောင်စီစီကြီး ဖြစ်နေတယ်၊ ဦးတည်ရာမဲ့ပြီး လမ်းပျောက်သလို ဖြစ်နေတယ်'

တစ်ညနေတွင် ဘက်ဗလီ့ အခန်းသို့လာပြီး ရှယ်လည်း ညည်းတွားသည်။ သူ့ ခင်ပွန်းဖြစ်သူ အမေရိက နေ့စက်အိမ်ထောင်ပြုနိုင်ရန် သူ့အား ကွာရှင်းခွင့် တောင်းကြောင်းကို ဇာတ်ကြောင်း ပြန်ပြသည်။

ရှယ်သည် ပထမ ခင်ပွန်းဖြစ်သူ ကျော့ ထားခဲ့သော အမွေများ၊ ယခု အမေရိက ကွာရှင်းခွင့်အတွက် ပေးရသော လျော်ကြေးငွေများဖြင့် ငွေကြေးကုံလုံ ကြွယ်ဝသော မိန်းမတစ်ယောက် ဖြစ်နေ၏။ သို့သော် သူသည်

www.burmeseclassic.com

လောကအလယ်တွင် ယောင်ချာချာဖြစ် နေသည်။ သူ့မှာ ယောကျ်ားမရှိ၊ အလုပ်မရှိ၊ လူလားမြောက်ပြီး အတောင်စုံနေပြီဖြစ်သည့် သားသုံးယောက်မှလွဲပြီး သူ့မှာ တွယ်တာစရာမရှိ။

ဘက်ဗာလီက မိမိ၏ တိုက်ခန်းနှင့် ကပ်နေသည့် အခန်းတစ်ခန်းကို ဝယ်ပြီးလာနေဖို့ တိုက်တွန်းသည်။ မိမိ ဟောင်ကောင်သို့ ခရီးထွက်ရန်ရှိသဖြင့် စိတ်ပြေလက်ပျောက် လိုက်ခဲ့ဖို့ခေါ်သည်။ သို့သော် ရှယ်က လက်မခံ။

'နေပါစေ ဘက်ဗာလီ၊ ငါတစ်ယောက်တည်း ငါ့ခြေထောက်ပေါ် ငါရပ်ပြီး နေလိုက်ချင် သေးတယ်၊ ဘယ်သူ့ကိုမှ အမှီမပြုဘဲ၊ ဘယ်သူ့အင်အားကိုမှ အားမကိုးဘဲ ငါ့ဘဝရှေ့ရေးကို ငါစဉ်းစားဦးမယ်၊ ဆုံးဖြတ်ဦးမယ်၊ ဆိုတယ်မဟုတ်လား၊ ငါ့ဘဝမှာ တစ်ခါမှ ဒီလို မလုပ်ဖူးဘူးလေ၊ ငါ့ရဲ့အတ္တကို ငါပြန်ရှာဦးမယ်၊ ရှယ် ဆိုတာ ရှိသေးရဲ့လား၊ ရှိသေးရင် ဘယ်လိုမိန်းမစားလဲ၊ နောက်ပြီး သူ့ဘဝမှာ ဘာတွေ ဆက်လုပ်မလဲဆိုတာ တွေပေါ့ဟယ်'

* * *



နောက်တစ်ပတ်တွင် ရှယ် ခရီးထွက်သွားသည်။ ခရီးမထွက်မီ ဘက်ဗာလီနှင့် လာရောက်တွေ့ဆုံခြင်း မပြု။ မိမိအတွက် စိတ်မပူဖို့ စာတစ်စောင်ပဲ ရေးပေးသွားသည်။ ဆန်ဖရန်စစ္စကိုမှာ လပေါင်း တော်တော်ကြာကြာ နေမည်ဟု စာထဲမှာ ဖော်ပြထားသည်။

နောက်ဆုံး ရှယ် ပြန်ရောက်လာသည်။ သူငယ်ချင်းဖြစ်သူ အားမာန်အပြည့်ဖြင့် တက်ကြွ လန်းဆန်းလာသည်ကို တွေ့ရတော့ ဘက်ဗာလီ ကြည်နူး ဝမ်းသာမိသည်။

ရှယ်က ဘက်ဗာလီ တိုက်ခန်းနှင့် မလှမ်းမကမ်း တစ်နေရာတွင် အခန်းတစ်ခန်း ဝယ်ပြီးနေသည်။ အယ်လ်မာက မိမိလာရောက်နေထိုင် ကူညီရမလားဟု ကမ်းလှမ်းသည်ကိုပင် လက်မခံ။

ခုတော့ ရှယ်သည် လောကဓံတရား၏ ရိုက်ခတ်မှု ဒဏ်များကို ခံနိုင်ရည် ရှိနေပြီ။ ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင်ကုန်လွန်စေမည့် လမ်းကြောင်းကိုလည်း တွေ့ထားပြီ၊ သူသည် သူ့ဘဝ၏ ကျန်ရှိနေသေးသောအချိန်ကာလများကို ကုသိုလ်ဖြစ် လုပ်ငန်းထဲတွင် မြှုပ်နှံထား၏။ မိမိပိုင် ငွေကြေးကိုသာ၊ အချိန်ကိုပါ ကုသိုလ်ဖြစ် လုပ်ငန်းတွေမှာ ပုံအောသုံးနေတော့၏။

တစ်ချိန်တွင် ဘက်ဗာလီ အကြီးအကျယ် ဒေါသူပုန် ထနေသည်။ မိမိကိုယ်တိုင် တီထွင်ကြံဆပြီး တင်ပြထားသည့် အဆိုပြုချက် တစ်ချက်ကို ဘုတ်အဖွဲ့ဝင်တစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကြံဆချက်လိုလုပ်ပြီး ကွက်ကျော် ရိုက်သွားသောကြောင့် ဖြစ်၏။ ထိုအကြောင်း ကြားရတော့ ရှယ်က ရင့်ကျက်သော အပြုံးကိုပြုံးပြီး ဘက်ဗာလီကို ကြည့်နေသည်။

"အကယ်လို့ လူတွေကသာ ဒါ ငါလုပ်တာပဲဟု ဆိုတဲ့ နာမည်ကောင်း လက်မှတ်ကို မမက်မောကြဘူးဆိုရင် ဒီကမ္ဘာပေါ်မှာ လူသားတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်နိုင်တာတွေ အများကြီး ရှိတယ်ဆိုတာ နင်တစ်နေ့ သိလာလိမ့်မယ် ဘက်ဗာလီ"

* * *

သို့သော် ဘက်ဗာလီကတော့ နာမည်ကောင်းလက်မှတ်ကို ဂရုစိုက်သည်၊ အလေးထားသည်။ နောက်နှစ်နှစ်ကြာသည့်တိုင် မိမိဘဝသည် ပြည့်စုံခြင်း မရှိသေးဟု ခံစားနေရသူမှာ ရှယ်မဟုတ်တော့ဘဲ မိမိကိုယ်တိုင်ဖြစ်နေသည်။

မြို့စားကတော်ကြီး ကွယ်လွန်သွားသည်။ ရေးလ်ဖွဲ့ဟာ မြို့စားကတော်ကြီး၏ လုပ်ငန်းအားလုံးကို ဝယ်



ယူထိန်းသိမ်းလိုက်သည်။ ဘက်ဗာလီကိုလည်း လုပ်ပိုင်ခွင့်တွေ၊ ဆုံးဖြတ်ခွင့်တွေ ပိုပေးသည်။ သူ့ဘဝမှာ အလုပ်များနှင့်သာ ပျော်မွေ့လည်းနေ၏၊ စိတ်လှုပ်ရှား တက်ကြွရသည်။ ကောင်း၏။

သူ့ရာထူးက မက်မောစရာ၊ လုပ်ပိုင်ခွင့်တွေအလည်း အများကြီး၊ သည်တော့ သူ့ကို မျက်စိကျသည့် ပုရိသ ယောကျ်ားတွေ အများကြီး။ သို့သော် သူက ဘင်အဲလစ်နှင့် ဖြစ်ခဲ့သည့် အတွေ့အကြုံကို သင်ခန်းစာ ယူထားသည်။ ဘယ်ယောကျ်ားကိုမှ သူ့ဘဝထဲ အဝင်မခံ၊ အချုဦးကပ်မခံ။

ဆောင်းတွင်းတစ်နေ့တွင် ဆီလ်ဗီယာနှင့် ချိန်းထားသဖြင့် ဝယ်လ်ဘီကုန်တိုက်သို့လာခဲ့သည်။ ယခင်ကလည်း ဝင်လိုက်ထွက်လိုက်ပင်၊ သို့သော် လုပ်ငန်းကိစ္စဖြင့်သာ ဝင်ထွက် သွားလာခဲ့သည်။ ယခု ဓာတ်လှေကားဖြင့် တက်လာရင်း မိမိ အလုပ်ဝင်စက ခံစားချက်များနှင့် အမှုဆောင်အရာရှိများ အထပ်သို့ တက်ခဲ့တိုင်း ပေါ်ပေါက်ခဲ့သည့် ခံစားချက်များကို အမှတ်ရမိသည်။ ခုတော့ ကုန်တိုက်ကြီး တစ်ခုလုံးသည် မိမိအတွက် နွေးထွေးနေသည်၊ ကျွမ်းဝင်ရင်းနှီးနေသည်။ မိမိ ထွက်ခွာသွားသည့်နေ့ကပ်ပိုင်းမှာလည်း သည်အတိုင်းပင်၊ အပြောင်းအလဲမရှိ။ ပြောင်းလဲသည်မှာ ဈေးဝယ်ပရိသတ်အား မြူဆွဲနိုင်စွမ်းသည့် အပြင်အဆင်၊ အခင်းအကျင်း မျှသာ ဖြစ်၏။

www.burmeseclassic.com



'ဆီလ်ဗီယာ၊ ကျန်းကျန်းမာမာပဲနော်၊ ကုန်တိုက်ကတော့ အလုပ်များနေပုံပဲ'

'အလုပ်များတာမှန်တယ်၊ တိုးတက်မှုတော့ မပြောတတ်ဘူး၊ တန်းမြင့် ကုန်သွယ်ရေးဟာ ကျဆုံးသွားပြီ၊ ပြီးခဲ့တဲ့ ကုန်သွယ်မှု စနစ်အပြောင်းမှာ မခတို့ အထိနာခဲ့တယ်၊ တို့လုပ်ခဲ့တာ အမှားတွေကို ထေမိတန်သလောက် ထေမိအောင် အဝတ်အထည်တွေကို လျှော့ဈေးနဲ့ ရောင်းပစ်ခဲ့ရတယ်လေ'

'ဝယ်လ်ဘီဟာ ဒီအခက်အခဲမျိုးကို အရင်ကလဲ ကျော်လွှားနိုင်ခဲ့ပါတယ်၊ ခုလဲ ကျော်လွှားနိုင်မှာပါ'

'ဖြစ်နိုင်ပါတယ်၊ ကဲ...မင်းကော ဘယ်လိုလဲ၊ မင်းကြည့်ရတာ ပင်ပန်းနေပုံပဲလို့ မိတ်ဆွေဟောင်း တစ်ယောက်က ပြောတာကိုတော့ စိတ်မဆိုးတန်ကောင်းပါဘူးနော်'

'ဟောင်ကောင်မှာ ခြောက်ပတ်လေ၊ ဒီမနက် လော့စ် အိန်ဂျလိစ်ကနေ အထူးလေယာဉ်နဲ့ ပြန်လာတယ်၊ သိတဲ့အတိုင်း ကျွန်မကလဲ လေယာဉ်ပေါ်မှာ မအိပ်တတ်တော့ ရုံးကိုသာ တန်းလာခဲ့ရတယ်၊ တမှေးမှ မအိပ်ရသေးဘူး၊ ဒီတစ်ပတ်ကုန်ရင် ရောမကို ပြေးရလိမ့်ဦးမယ်'

'ပျော်စရာကြီးပေါ့၊ ခရီးထွက်ရတာ ကြည်နူးတုန်းပဲလား'



'အသက် ငါးဆယ့်ငါးနှစ် ရောက်မှတော့ မကြည်နူးနိုင်တော့ဘူး မမရေ'

ဘက်ဗာလီသည် မိမိ၏ အသက်အမှန်ကို ဆီလ်ဗီယာ တစ်ယောက်ပဲ အသိပေးသည်။ အဓိပ္ပာယ်မဲ့ ကြွားချင်သောကြောင့် မဟုတ်၊ စီးပွားရေးလောကတွင် မိမိ နေရာကို မှန်းပြီး စောင့်နေသော ငယ်ရွယ်သူတွေ အများကြီး ရှိသည် မဟုတ်လား။

'ပြောရဦးမယ် ဆီလ်ဗီယာ၊ ကျွန်မ ညဘက် အိပ်ရာဝင်ခါနီးရင် နှိုးစက်ပေးထားတဲ့ နာရီဘေးမှာ ဟိုတယ်သုံး ပစ္စည်းတစ်ခုခု ချထားရတယ်၊ ဒါမှ အိပ်ရာက နိုးနိုးချင်း ကိုယ် ဘယ်မြို့ကို ရောက်နေပါလေလား ဆိုတာ ချက်ချင်း သတိရအောင်လေ'

'ကာလီဖိုးယားမှာတော့ အနားမယူခဲ့ရဘူးလား'

'မာရီယံရယ်၊ ကလော့ဒ်ရယ်၊ ဂျိန်းရယ်နဲ့ တစ်ညနေတော့ စကားဝမြည် ပြောခွင့်ရခဲ့တယ်၊ ဂျိန်းက အရမ်းပိန်သွားတာပဲ၊ သူ့ကြည့်ပြီး ကျွန်မ စိတ်ပူလာတယ်'

ဆီလ်ဗီယာ စီးကရက်တစ်လိပ် မီးထင်ညှိသည်။

'သူတို့ဆီရောက်တော့ အက်ဒ်အကြောင်း သတင်းလေး ဘာလေး မကြားခဲ့ရဘူးလား'

'ကြားပါတယ်၊ သူက စိန့်လူစီ ဆင်ခြေဖုံးမှာရှိတဲ့ စက်ရုံတစ်ခုမှာ လုပ်နေတယ်တဲ့၊ စက်ရုံ မန်နေဂျာပေါ့'

'သူ နောက်အိမ်ထောင်ပြုမယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ပြုတယ်လေ၊ သမီးလေးတစ်ယောက်အောင် ရပြီတဲ့'

ဆည်စကားပြောရတာ ရင်ထဲ စစ်ခနဲ နာကျင်သွားသည်။ ဘာကြောင့်ရယ်တော့ မသိ။

'ဟာ့မန်ကော၊ နေကောင်းရဲ့လား'

ဆီလ်ဗီယာ စီးကရက်အဆစ်ကို တစ်ဖွာ ဖွာသည်။ ထို့နောက် ပြာခံခွက်ထဲ ထိုးချေပစ်လိုက်သည်။

'မကောင်းဘူး၊ နိုဝင်ဘာလဆို သူ့ ချောင်းဆိုး ရောဂါက အမြဲတမ်း ပြန်ပေါ်နေကျပဲ၊ တိတိ ကျကျ ပြောရရင် မင်းနဲ့ စကားပြောဖို့ခေါ်တာ သူ့ ကိစ္စကြောင့်ပဲ၊ မင်း ဟောင်ကောင်ကို ရောက်နေတုန်း အကြောင်းအရာ နှစ်ခုပေါ်လာတယ်၊ အဲဒီအကြောင်းကို ရေးလ်အဖွဲ့က ငနဲဘွ မသိခင် မင်းကို အသိပေးချင် လို့ပဲ၊ ဒါထက် ပထမဦးဆုံး မေးရမှာက ဒီကုန်တိုက်ကြီး ပိတ်ထားရတော့မယ်ဆိုတာ မင်း သိပြီးပြီလား'

'တစ်ခါတည်း အပြီးပိတ်လိုက်မှာလား၊ သတင်းတွေ သို့သိုးသန့်သန့်တော့ ကြားတယ်၊ ဒါပေမယ့်...'

'ဒါဆို မင်း တချို့တစ်ဝက်တော့ ကြားထားရပြီ အမြဲတမ်း ပိတ်ပစ်မှာတော့ မဟုတ်ပါဘူး၊ လောလော ဆယ်မှာတော့ စီစဉ်နေတုန်းပေါ့၊ ဒါပေမယ့် ဒီမြေနေရာ က ခြောက်ထပ်တိုက်တစ်လုံးလောက်နဲ့တင်းတိမ်နေချင် လောက်အောင် အကွက်အကွင်း ကောင်းနေတယ်လေ၊ ဒီတော့ ဒီတိုက်ကြီးကို ဖြိုချပြီး အထပ်သုံးဆယ်ပါတဲ့ မိုးမျှော်တိုက်ကြီး ဆောက်ဖို့ ဆုံးဖြတ် လိုက်ကြတယ်၊



ကုန်တိုက်ကို ဒီအဆောက်အအုံမှာပဲ ဆက်ထားမှာပေါ့၊ ဒါပေမယ့် အပြင်လူတွေကို အထပ်လိုက် ငှားပစ်တာ ထက် ဒီကုန်တိုက်က ငွေပိုရတယ်ဆိုမှ ကုန်တိုက်ကို ဆက် ထားမှာ၊ ဒီတော့ သူတို့ ဒီကုန်တိုက်ကို မပိတ်ခင် ဒီနှစ် မှာ မမတို့က အမြတ် များများရအောင် ရှာပြနိုင်ဖို့ အရေးကြီးနေပြီ'

ကုလားထိုင် နောက်မှီကို မှီချလိုက်၏။ ဆီလ်ဗီယာ ခုလို နှုတ်နည်းပြီး တွေးတွေးဆဆ ဖြစ်နေမည်ကို ဘက် ဗာလီ မမြင်ခဲ့စဖူး။

'ဘက်ဗာလီ၊ မမ ဒီကုန်တိုက်ကြီးကို ချစ်တယ်၊ မကြောင်ဘူးသွားဟင်၊ မင်ဟတ်တန် ရပ်ကွက်က ဆူညံ ဆူညံ ရှိနေတဲ့ ခြောက်ထပ်တိုက်ကြီးလေ၊ ဒါပေမယ့် မမ ဘဝသက်တမ်းရဲ့ နှစ်ကာလ အများစုကို ဒီကုန်တိုက်ကြီး မှာပဲ မြှုပ်နှံခဲ့တယ်လေ၊ ဒီကုန်တိုက်ကြီးကို ဖျက်ဆီးရေး သမား တစ်ခုက အစတုံး ဖျောက်ဖျက်ပစ်တော့မယ် ဆိုတာကို မမ မကြည့်ရက်ဘူး၊ ဒီတော့ မမ ဆုံးဖြတ်ချက် တစ်ခု ချမှတ်လိုက်တယ်၊ အဲဒီမှာ မင်း အကူအညီကို လိုလာတာပဲ'

ရှေ့သို့ ကိုင်းလိုက်၏။

'ခု လာမယ့်နှစ်မှာ ဝယ်လ်ဘီရဲ့ ဥက္ကဋ္ဌအဖြစ် မင်း တာဝန်ယူစေချင်တယ် ဘက်ဗာလီ ဒီကုန်တိုက်က အမြတ် အစွန်း ထွက်အောင် လုပ်နိုင်တဲ့ လူတစ်ယောက် ရှိတယ် ဆိုရင် အဲဒီလူဟာ မင်းတစ်ယောက်ပဲ ရှိတယ်'

www.burmeseclassic.com



‘ဆီလ်ဗီယာ၊ အခုပြောမယ်က.... မမ အလုပ်ထွက်တော့မှာလား’

‘အချိန်တန်နေပြီ ဘက်ဗာလီ၊ အချိန်တောင် လွန်ကောင်း လွန်နေပြီ၊ ဟာမန်ဘာ အသက် ခုနစ်ဆယ်ကျော်ပြီ၊ အပွင့်လင်းဆုံး ပြောရရင် မမလဲ သူနဲ့ အသက် သိပ်ကွာလှတာ မဟုတ်ဘူး၊ ဒီကုန်တိုက်မှာ အင်နဲ့ အားနဲ့ တက်တက်ကြွကြွ လုပ်နိုင်တဲ့ လူတစ်ယောက် လိုနေပြီ၊ မမ အဲဒီလောက် မလုပ်နိုင်တော့ဘူး ထင်တယ်’

ဘက်ဗာလီ ပါးစပ် အဟောင်းသားဖြစ်နေသည်။ မိမိ၏ လုပ်သက် တစ်လျှောက်လုံးတွင် မိမိသည် ဆီလ်ဗီယာကို အင်အား၏ အမှတ်လက္ခဏာ တစ်ခုအဖြစ် သဘောထားခဲ့သည်။ ထိုမျှမက သည်ကုန်တိုက်ကြီး၏ အမှတ်လက္ခဏာ အဖြစ်လည်း သဘောထားခဲ့သည်။

‘ဒီမယ် ဘက်ဗာလီ၊ ဒီကိစ္စကို မမ ဘယ်သူ့မှ မပြောရသေးဘူး၊ ဟာမန်ပဲသိသေးတယ်၊ ဟာမန်က အလိုက်သိလွန်းလှတယ်ကွယ်။ သူ့ မမကို အလုပ် ထွက်စေချင်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ ဒါပေမယ့် ဒီအလုပ်ကို မမ ဘယ်လောက် တန်ဖိုးထားတယ် ဆိုတာ သိတော့ ဘာ တစ်ခွန်းမှ မပြောခဲ့ရှာဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ရေးလ်တာ နဲ့တွေ မသိသေးဘူး။ လောလောဆယ် မသိသေးဘူး ပေါ့လေ’

‘မင်းအနေနဲ့ အဖွဲ့တစ်ဖွဲ့လုံးကို ကိုင်နိုင်တဲ့ ဒုတိယ ဥက္ကဋ္ဌအဆင့်ကနေ ကုန်တိုက်တစ်ခုတည်းကို လာကိုင်ရ



မယ် ဆိုတော့ တစ်ဆင့် နိမ့်သွားသလို ဖြစ်နေတာ မမ သိတယ်၊ နေ့ကပြီး မမ့ကိုယ်စား ဝင်ပြီး ခေါင်းနဲ့ ရင်းရသလိုလဲ ဖြစ်မယ်၊ ကုန်တိုက်မပိတ်မီ ကာလ အတွင်း အမြတ်အစွန်း များများထွက်အောင် မလုပ်နိုင်ရင် မင်းရဲ့ အရည်အချင်းမှတ်တမ်းမှာ အမှတ်လျော့ သွားလိမ့်မယ်’

‘အဲဒါကို ကျွန်မ ဂရုမစိုက်ပါဘူး ဆီလ်ဗီယာ၊ တကယ်တမ်းပြောရရင် အဲဒီလို စိန်ခေါ်ရတာကို ကျွန်မ ရင်ဆိုင်ဝံ့ပါတယ်၊ ကိုယ့်အိပ်ရာထဲမှာ ကိုယ်ညစဉ် မအိပ်ရတာလောက်ကိုတော့ စကားထဲ ထည့်ပြောမနေနဲ့၊ ဒီလို စိန်ခေါ်မှုမျိုး ကျွန်မ တစ်ခါမှ မကြုံခဲ့ရလို့ နောင်မကြာခင် ကြုံလာရမှာပဲ’

‘ဒါဆို မင်းသဘောတူပြီလား၊ ဒီအတိုင်းစီစဉ်ဖို့ မင်းကော မမကော ကောင်းဆိုရင် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတွေ မငြင်းဆန်တော့ပါဘူး’

‘ကျွန်မ ဘယ်တော့လောက် လွှဲပြောင်းယူစေချင်လဲ’

‘မြန်နိုင်သမျှ အမြန်ဆုံးပေါ့၊ ဒီဇင်ဘာလ တရက် မတိုင်မီ ဟာမန်ကို ဖလော်ရီဒါ ကမ်းခြေ ခေါ်သွားချင်တယ်၊ ဒါဟာမင်းကို ချောက်တွန်းတာ မဟုတ်ဘူးနော်၊ ဒီကုန်တိုက်အကြောင်းကို မမ သိသလို မင်းလဲသိပါတယ်၊ မမထက်တောင် သိချင်သိဦးမယ်’

‘ဆီလ်ဗီယာ၊ တစ်ခုလောက် ကျွန်မကို အမှန်အတိုင်း ပြောမလားဟင်၊ ဟာမန်အတွက် မမစိတ်ပူနေတယ် ဆိုတာ ကျွန်မသိတယ်။ ကျွန်မတို့လို့ ဘယ်သူမှ အသက်

www.burmeseclassic.com

www.burmeseclassic.com



မငယ်ကြွေတော့ဘူး၊ ဒါပေမယ့် မမရဲ့ အောင်မြင်မှုရနေတဲ့ ပညာရပ်တစ်ခုကို ဒီလိုပဲ အထုပ်အပိုး သိမ်းပြီး စွန့်ခွာသွားနိုင်မယ်လို့ မမတကယ်ပဲ ယုံသလားဟင်၊ နောက်တစ်လုံးဝ အလုပ် မလုပ်တော့ဘဲ နေဖို့လေ’

‘မမတကယ်ကို မပြောတတ်ဘူး ဘက်ဗာလီ’

ဆီလ်ဗီယာ ထိုင်ရာမှထပြီး ပြတင်းပေါက်ဆီ လျှောက်သွားသည်၊ ဟိုး....အောက်မှ ရိပ်သာ လမ်းကျယ်ကြီးကို ငုံ့ကြည့်နေသည်။

‘ဒါပေမယ့် ဒါဟာ အသက်မွေး ဝမ်းကျောင်းပညာရပ် ဖြစ်နေလို့လဲ ဖြစ်မယ်၊ ဒီအလုပ်က ကိုယ်မျှော်မှန်းထားတဲ့ အကျိုးကျေးဇူးရောက်မှုတွေ ပေါ်ပေါက်လာစေမယ့် ပင်နီစလင်ဆေး တီထွင်တာမျိုး၊ ဒါမှမဟုတ် မိုနာလီဇာ ပန်းချီကားဆွဲတာမျိုး မှုနဲ့ မတူဘူးလေ၊ လူတစ်ယောက်ဟာ အဆင့်တစ်ခုကို ရောက်သွားတဲ့အခါ နောက်နှစ် အတွင်း ချုပ်မယ့် အင်္ကျီရင်ဖုံးတွေ ဘယ်ဖုံးမလား ညာဖုံးမလား၊ ဒါမှမဟုတ် ခပ်စောင်းစောင်း ဖုံးမလား ဆိုတာတွေကို ဂရုမစိုက်ချင်တော့တဲ့ အနေအထားမျိုး ဖြစ်သွားတယ်လေ’

‘ကျွန်မတော့ အဲဒါကိုမယုံနိုင်ဘူး မမရယ်’

ဆီလ်ဗီယာ ပြုံးလိုက်၏။

‘မင်းဟာအမြဲလို မမရဲ့ အတွေးတွေကို ထိုးဖောက်မြင်နိုင်စွမ်းတာပဲ ဘက်ဗာလီ၊ ကုန်ခဲ့တဲ့ နှစ်တွေအတွင်း မမ အလုပ်မထွက်ခဲ့တာဟာ မမကြောက်နေလို့ ဖြစ်နိုင်တယ်၊



ဟာမန်နဲ့ အချိန်ပြည့် အတူနေရတာကို ပြောတာမဟုတ်ဘူး၊ မမ အသက်အရွယ် နှစ်ဆယ်ကတည်းက ဖင်နဲ့ကြမ်းနဲ့ မကွာထိုင်နေခဲ့လို့ သူကတော့ မမကို ချစ်နေမှာပဲလို့ ထင်တယ်လေ၊ ဒါပေမယ့် မမကို မမနားမလည်တာ၊ တကယ်လို့ မမဟာ ကုန်တိုက်နဲ့၊ ဒါမှမဟုတ် အလုပ်နဲ့ ဆက်စပ် ပတ်သက်မနေရင် ‘မမ’ ဆိုတာ ရှိမှရှိပါ့မလား မသိဘူး၊ ခုတော့ ဉာဏ်မြူမပျက် ထွက်သွားပြီး ကိုယ့်အတ္တကို ကိုယ်ပြန်ရှာဖို့ အချိန်တန်နေပြီလေ’

သည် စကားလုံးလေးများကို နားယဉ် နေပါသည်၊ သည်စကားလုံးများ အတိုင်း ထပ်တူ နီးပါးပြောခဲ့သည့် ရှယ်၏ အသံကို ကြားယောင် မိသည်၊ ဘာပဲ ဖြစ်ဖြစ် ရှယ်ကတော့ ဘဝအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိသွားပြီ၊

ရုံးခန်းထဲတွင် ငွေးတွေးနေသည်၊ သို့တိုင် ဘက်ဗာလီ ကျောထဲစိမ့်ပြီး ဆတ်ခနဲတုန်သွားသည်၊

‘ဘာဖြစ်တာလဲ ဘက်ဗာလီ’

‘အဲဒီလို ဆုံးဖြတ်ချက်မျိုး ချဖို့ကြုံလာတဲ့အခါ ကျွန်မ ဘာလုပ်ရမလဲ ဆိုတာ စဉ်းစားမိလို့ပါ’

‘အဲဒီအခါကျ အဖြေကို တွေ့လိမ့်မှာပေါ့ ကလေးရယ်၊ အဲဒီအဖြေဟာ မင်းလိုလားတဲ့ အဖြေ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် မင်းရင်ဆိုင် ကျော်လွှားနိုင်မှာပါ’

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၂၃)

နေ့ရက် ရက်သတ္တပတ် သုံးပတ်အကြာတွင် ဘက်ဗာလီသည် ဝယ်လ်ဘီကုန်တိုက်၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ အချိန်မှာ ခရစ္စမတ် ပွဲအတွက် ပြင်ဆင်လှုပ်ရှားဖို့ နှောင်းနေပြီ။ ကုန်တိုက်ကြီးကို ထုံးစံအတိုင်း ရှေးမူမပျက် ခန့်ခန့်ညားညားပင် ပြင်ဆင် ခြယ်မှုန်းထားကြသည်။ သို့သော် ဘက်ဗာလီက နှစ်ဦးမှစပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဖို့ စီမံကိန်းများ ဆွဲထား၏။ ဆီလ်ဗီယာ ကိုင်တွယ်ခဲ့ပုံမှာ ယွင်းနေသောကြောင့် မဟုတ်၊ ဆန်းသစ် မနေခြင်းသာ ဖြစ်၏။ ဆီလ်ဗီယာဆုံးဖြတ်ခဲ့တာ မှန်ကန်တိကျပါသည်။ ကုန်တိုက်ကြီးတစ်ခုလုံး ပြုပြင် ပြောင်းလဲမှုများ လုပ်ပြီး လမ်းကြောင်းသစ်ပေါ်မှာ လျှောက်ဖို့ လိုအပ်နေပြီ။ ဘက်ဗာလီက စီမံကိန်းဆွဲခြင်းကို အချိန်များစွာပေးပြီး ဆောင်ရွက်ခဲ့၏။



သူ၏ ပထမခြေလှမ်းမှာ ကုန်တိုက်ကို လူများအာရုံစိုက် စိတ်ဝင်စားလာအောင် ပြုလုပ်ခြင်း ဖြစ်၏။ လာဗလိုနှင့် ဟန်ဆီ၏ အကူအညီဖြင့် လူငယ်ဂီတသမားများအတွက် ရန်ပုံငွေရှာပွဲတစ်ပွဲ ကျင်းပဖို့ စီစဉ်သည်။ ကုန်တိုက်သမိုင်းကြောင်းတွင် ပထမဦးဆုံး အကြိမ် အဖြစ် ကုန်တိုက်အဆောက်အအုံကို အသုံးပြုသည်။ ကုန်တိုက် အပေါ်ဆုံးထပ်၏ အောက်ထပ်ကို အခမ်းအနား ပြင်ဆင်သည်။ အခန်း အလှပြုပြင်ရေးသမား ဂယ်ရီနှင့်အဖွဲ့ကို အခန်းအလှချယ်ဖို့ တာဝန်ပေးသည်။

ဒီဇင်ဘာ တစ်လလုံး မိမိအား ကူညီနိုင်သူများကို နယူးယောက် မြို့တွင်းမှာကော မြို့ပြင်မှာပါ ရှာဖွေ ဆက်သွယ်သည်။ ယခုအခါ လူမှုရေးအရ ခင်ခင်မင်မင် ဆက်ဆံနေပြီဖြစ်သော ဘင်အဲလစ်၏ အကူအညီကို ပြန်ယူသည်။ ဘင်အဲလစ်မှာ အိမ်ထောင် ကျနေပြီး သူ့ယောက္ခမမှာ သတင်းစာပေါင်း မြောက်မြားစွာကို ပိုင်ဆိုင်ထုတ်ဝေနေသူတစ်ဦး။ သည်တော့ ဘင်အဲလစ်၏ သတင်းစာသည်လည်း သြဇာအာဏာကြီးပြီး အောင်မြင်နေသည်။ ဘင်အဲလစ်က ဘက်ဗာလီအား လိုလိုလားလား ကူညီသည်။

သို့ဖြင့် သည်ပွဲတော်ကို ဇန်နဝါရီလ၏ အမှတ်တရ ဖက်ရှင်ပွဲတော်ကြီး ဖြစ်လာမည်ဟု လူတိုင်းက မျှော်လင့်ထားကြသည်။ ခရစ္စမတ် ပွဲတော်အချိန်တွင် အဆမတန်

www.burmeseclassic.com



ဈေးကြီး မေဝယ်ရသည့် စားပွဲနေရာ အစားလုံးနီးပါး ရောင်းချပြီးသွားပြီ ဖြစ်၏။

တစ်ချိန်တည်းတွင် ဘက်ဗာလီက မိမိ မိတ်ဆွေဖွဲ့ထားသည့် ဧရးလ်အဖွဲ့ ထိပ်တန်း အရာရှိများ၏ ဇနီးများအား သည်အခမ်းအနားသို့ လာဖြစ်အောင်လာဖို့ တိုက်တွန်းသည်။ ဗွန်ဖော်လ်ကင်ဘတ် အလှကုန်ထုတ်လုပ်ရေးကုမ္ပဏီ၏ အကူအညီဖြင့် အခမ်းအနား တက်ရောက်လာသူ အမျိုးသမီး၊ အမျိုးသားများကို လက်ဆောင်တစ်မျိုးစီ ကမ်းဖို့ စီစဉ်သည်။

ဘက်ဗာလီ ဆက်သွယ်ဖို့ တွန့်နေသူမှာ တစ်ယောက်ပဲရှိသည်။ အာသာပါဝါ၊ လာဇာလိုနှင့်ဟန်ဆီဘ အာသာကို ဖိတ်ကြားဖို့ အကြိမ်ကြိမ် တိုက်တွန်းသည်။ သို့သော် ဘက်ဗာလီ တိတိကျကျ အဖြေမပေး၊ အဆုံးအဖြတ်ပေးဖို့ ဝန်လေးနေသည်။ နောက်ထပ် ကောလာဟလသတင်းတွေ ထွက်မလာစေချင်၊

နောက်ဆုံး အာသာပါဝါ ကိုယ်တိုင် လာဇာလိုက တာဝန် ယူလွှားသည်။ သူ့ဘာသာ ဖိတ်ကြားသည်။ အာသာပါဝါသည် လာဇာလိုတို့ ဇနီးမောင်နှံ ယူထားသည့် စားပွဲမှာ ထိုင်မည်ဟု အစီအစဉ် ပြုလုပ်ကြသည်။

သည်တော့ ဘက်ဗာလီ တစ်ပူ အေးရသည်ပေါ့။

* * *



အခမ်းအနားမှာ အကြီးအကျယ် အောင်မြင်သည်။ လင်းထိန်နေအောင် မီးမောင်းကြီးများ ထိုးထားသည့် ကုန်တိုက် အဝင်ဝတွင် သတင်းစာတိုက် ပေါင်းစုံမှ ဓာတ်ပုံဆရာတွေ ရောက်နေ၏။ ကားကြီး ကားငယ် အသွယ်သွယ်ဖြင့် ရောက်လာသည့် မင်းပွဲစိုးဝင် ဧည့်သည်တော်များ၏ ပုံများကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ကြသည်။

ဘက်ဗာလီ အားထုတ် ကြိုးပမ်းရကျိုး နပ်ပါသည်။

လူငယ် ဂီတသမား များ၏ တေးဂီတ ဧည့်ခံဖျော်ဖြေပွဲနှင့် ညစာ စားပွဲမှာ အလွမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသော မင်း ပရိသတ် စုံညီစွာဖြင့် ချောမောအောင်မြင်သွားသည်။ နောက်ဆုံး ကပွဲကျင်းပချိန်ကျမှ ဘက်ဗာလီ သက်ပြင်းချပြီး ကုလားထိုင်မှာ အေးအေးလူလူ ထိုင်ခွင့်ရသည်။ ထိုအချိန်မှာပင် သူ့စားပွဲသို့ အာသာ ကူးလာကာ....

'တေးတစ်ကြော့လောက် ကခွင့်ပြုနိုင်မလား'

ဘက်ဗာလီ ပြုံးလိုက်၏၊ သူ၏ ယောကျ်ားဖော် ရာဇ်ဖ် ကို ခွင့်တောင်းပြီး အာသာနှင့်အတူ ကကွင်းထဲဝင်ခဲ့သည်။ အာသာသည် နောက်ဆုံးအကြိမ် မိမိတို့တွေ့ခဲ့ရစဉ်ကထက် ပို၍ ပိန်သွားသည်၊ ပိုပြီးအိုစာသွားသည်။ မျက်နှာမှာ အရေး အကြောင်းတွေ ထင်လာသည်။ သူသည် ဆီလ်ဗီယာ အသက်လောက်ရှိရော့မည်ဟု ဘက်ဗာလီ တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ညှော်ခံပွဲကတော့ အရမ်းအောင်မြင်ပါတယ် ဘကီဗစ်လီ'

'ကျေးဇူးတင်ပါတယ်၊ ရှင်ခုလိုလာနိုင်တာ ဝမ်းသာပါတယ် အနသာ'

'ကုန်ခဲ့တဲ့ နှစ်တွေအကြောင်း မင်းကို ကိုယ်သတိရနေတာ၊ မင်း အစစ အဆင်ပြေခဲ့လားလို့ ကိုယ်မေးနေဖို့မလိုပါဘူးနော်၊ မင်းကို ကြည့်လိုက်ရုံနဲ့ သိသာနေတာပဲ၊ မင်းရဲ့ ဝမ်းကျောင်းမှုပညာဘက်မှာလဲ မင်းအောင်မြင်ပါပေတယ်၊ ကိုယ်မပါတဲ့နောက်လေ'

'ကျွန်မက အဲဒီလို ပုံစံမျိုး မဖြစ်စေချင်ပါဘူး အာသာ၊ ဒါပေမယ့် ကျွန်မရဲ့ အနေအထားကိုလဲ ရှင်သိတဲ့အတိုင်းပဲလေ'

'ကောလာဟလ သတင်းတွေ အတွက် ကိုယ့်မှာ တာဝန်ရှိတယ်လို့ မင်းထင်ခဲ့တယ် မဟုတ်လား'

အဖြေမှန်ကို ဘက်ဗာလီ မပေးနိုင်။ အမှန်အတိုင်း ပြောလိုက်လျှင် နောက်ထပ် ရန်ပွဲတစ်ပွဲ ဖြစ်ရဦးမည်။ သည်တော့ ဘာမှမပြောဘဲ နေလိုက်၏။

'အင်း....ဒီကိစ္စကို ကိုယ်ဝန်ခံဖို့ အချိန်တန်ပြီ ထင်ပါရဲ့၊ ယုတ်စွအဆုံး အဲဒီ ကောလာဟလ သတင်းတွေ ထွက်မလာအောင် ကိုယ်မတားမိခဲ့ဘူးလေ'

'ကျွန်မ သိတယ်အာသာ၊ ဘာပဲဖြစ်ဖြစ် ဒါတွေက လွန်ခဲ့ပါပြီ ရှင်ကော နေကောင်းရဲ့လား၊ ရှင့်ကြည့်ရတာ တော်တော်လေး ကိုယ်ချည့်စစ်သွားသလိုပဲ'



'ကိုယ်က သက်ကြီးရွယ်အို အဘိုးကြီး ဖြစ်သွားပြီလေ၊ အဲဒီလို ဖြစ်တာကို ကိုယ်ကလဲ တစ်စက်မှ မကြိုက်ဘူး၊ မင်း ကြားပြီးရောပေါ့၊ မင်းတို့ ရေးလ် ကောင်ပိုရေးရှင်းက ကိုယ့် ကုမ္ပဏီကို ရှယ်ယာတွေ ဝယ်ပြီး အနိုင်ကျင့် အပိုင်စီးဖို့ ကြံနေတယ်လေ'

'ကျွန်မ မသိဘူး အာသာ၊ လွန်ခဲ့တဲ့ သုံးလအတွင်း ကျွန်မက ဝယ်လိုက်တဲ့ ကုန်တိုက်ကိစ္စထဲမှာ လုံးလုံးနစ်နေတာ'

'ဒီတစ်ချီတော့ သူတို့ ကိုယ့်ကို အနိုင်ရလိမ့်မယ်လို့ ထင်နေကြတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် ဇနီးဟောင်းတွေကို ကိုယ့် ကုမ္ပဏီ ရှယ်ယာတွေ ပေးထားတာကိုး၊ ကိုယ့်သားတွေ အပါအဝင် သူတို့အားလုံးက ရှယ်ယာတွေရောင်းပစ်ဖို့ အဆင်သင့်နေကြတယ်၊ အလကား အဖျင်းတွေ'

'သူတို့က ဈေးနှိမ်လို့လား'

'ဘယ်ကလာ နှိမ်ရမှာလဲ၊ ဒီလူတွေ ဒီလောက်တော့ လျှင်ပါတယ်၊ တစ်ရှယ်ယာကို ပေါက်ဈေးထက် ခြောက်ဒေါ်လာ ပိုပေးထားတယ်'

'ဒါဆို....'

'ယူလိုက်ရမယ်ပေါ့၊ ကိုယ်က ကျန်နေတဲ့ ဘဝ တစ်လျှောက်လုံး ဘာလုပ်နေရမလဲ၊ ဒီကောင်တွေက ကိုယ့်ကို ကိုယ့် ကုမ္ပဏီကနေ မောင်းထုတ်ပစ်ဖို့ ကြိုးစားနေကြတာ ဘက်ဗာလီ၊ ဒါကို ကိုယ်က ဘယ်ခံလိမ့်မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြန်မတိုက်နိုင်လောက်အောင် ကိုယ် မအိုသေး ပါဘူး၊ ကိုယ်က တော့ တင်းခံမှာပဲ’

အာသာက ရပ်လိုက်ပြီး ဘက်ဗာလီကို ငုံ့ကြည့်သည်။ သည်အဘိုးကြီး ဘာမှ မပြောင်းလဲသေးပါတလားဟု ဘက်ဗာလီ စဉ်းစား၏။ သူ့ဘဝကို စိုးမိုးခဲ့သည့် ဒေါသ တရား၊ အတ္တတရား၊ မာနတရားတွေသည် အခုတိုင် ရှိနေ ဆဲပါကလား။

‘ဒီတော့ ရေးလ်အဖွဲ့က မင်း အသက် ဆရာကြီးတွေကို အဲဒီအတိုင်းသာ ပြန်ပြောလိုက်အွာ’

ထိုစကားပြောပြီး ဘက်ဗာလီကို ထားပစ်ခဲ့သည်။ လူတွေကြားထဲမှ တိုးခွေ့ပြီး ထွက်ပေါက်ဆီသို့ သွားသည်။ ,လာဇီလိုနှင့် ဟန်ဆီကိုပင် နှုတ်ဆက်စကား ဆို မနေတော့။

ဘက်ဗာလီ သူ့ကို လိုက်ကြည့်နေ၏။ သည်လူနှင့် နောက်တစ်ကြိမ် ပြန်တွေ့ခွင့်ရပါဦးမည်လားဟု တွေးမိ၏။ သူတို့ နှစ်ယောက်ကြား တွင် အဖြစ်အပျက်တွေ အများကြီး ဖြစ်ပေါ် ပြောင်းလဲခဲ့သည်။ ယခုတော့ သူသည် နောက်တစ်ကြိမ် သူစိမ်းပြင်ပြင် ဖြစ်သွားပြန် သည်။

* * *



ညှော်ခံပွဲမှာ ဘက်ဗာလီ မျှော်လင့်ထားသည့်အတိုင်း များစွာ အကျိုးရှိခဲ့၏။ သတင်းစာများနှင့် ဖက်ရှင် မဂ္ဂဇင်းများက ညှော်ခံပွဲအကြောင်း တခမ်းတနား ရေး ဖွဲ့ခဲ့၏။ ဘက်ဗာလီက ကုန်တိုက်ကြီး ပြန်လည် အဆက် ဝင် လုပ်ရှားလာရေးအတွက် မလျှော့သော ဇွဲဖြင့် ဆက် လက် ကြိုးပမ်းသည်။ ဝယ်လ်ဘီကုန်တိုက်တွင် အခမ်း အနား သို့မဟုတ် ပွဲတော်မပြုလုပ်သည့် သအင်းပတ်ဟူ၍ တစ်ပတ်မျှမရှိ။ ဖက်ရှင်ပြပွဲများ၊ ကျောက်သံ ပတ္တမြား ပြပွဲများ၊ နောက်ဆုံး အနုပညာကျောင်းမှ ကျောင်းသူ ကျောင်းသားများအတွက် ပြခန်း ဆလုပြင်ပြိုင်ပွဲများ အထိ ပြုလုပ်ပေးသည်။

ဩဂုတ်လတွင် ဘက်ဗာလီ၏ မိခင်သည် မြို့ပေါ် တက်လာသည်။ အိန်ဂျလာက နယူးယောက်သို့ လာခဲ့ သည်။ ထိုအချိန်တွင် ဝယ်လ်ဘီကုန်တိုက်သည် အမြတ် အစွန်းများ ထွက်အောင် အရောင်းသွက်နေသည် ဖြစ်၏။ ထို့ကြောင့် အဆောက်အအုံ အသစ် ဆောက်ပြီးလျှင် ဝယ်လ်ဘီကုန်ဓိုက်ကို နေရာပြန်ပေးမည်ဟု ရေးလ်အဖွဲ့ က တရားဝင် အကြောင်းကြားလာ၏၊ ထို့ပြင် ဘက် ဗာလီအား သူမ ဆန္ဒရှိသလောက် ဝယ်လ်ဘီကုန်တိုက်၏ ဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ယူသွားရန် ကန်ထရိုက် စာချုပ် ချုပ်ဆိုဖို့ ကမ်းလှမ်းလာသည်။

‘အဲဒါ တကယ့် အောင်မြင်မှုကြီးပဲ မေမေရဲ့’

www.burmeseclassic.com



ကုန်တိုက် အပေါ် ဆုံးထပ်ရှိ သူ့ရုံးခန်းထဲတွင် ဘက်ဗာလီက အိန္ဒိယသားအား ပြောသည်။

'မေမေ သိပါတယ် ဘက်ဗာလီ၊ သမီး ဖေဖေသာ ရှိရင် အရမ်း ဂုဏ်ယူမှာ'

'ဒီတော့ မေမေကကော၊ မေမေက ဂုဏ်မယူဘူးလား'

'မေမေ ဘာပြောနိုင်မှာလဲ ဘက်ဗာလီ၊ မေမေ မပြောရင် အမြင်ကျဉ်းတယ်၊ ရှေးဆန်တယ်လို့ ပြောကြမှာပေါ့၊ ဒါပေမယ့် သမီးကို မေမေ ဖြစ်စေချင်တာ ဒီဘဝမျိုး မဟုတ်ဘူး၊ ဟော–ဟော မျက်နှာကြီး ရှုံ့မလာနဲ့လေ၊ သမီးရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းက အေးကျစရာပါ၊ သမီးရဲ့ အစ်မတော် မာရဂရီနဲ့ မေမေ ပေါင်းပြီး ဖက်ရှင် မဂ္ဂဇင်းတွေ ဝယ်နေရတာ သမီး သိရဲ့လား၊ စာအုပ်ထဲမှာ သမီးနာမည် ပါလာတိုင်း မာရဂရီမှာ သူ့အပေါင်းအသင်းတွေကို ကြွားရတာ အမော၊ မေမေတို့ နှစ်ယောက်စလုံး သမီးအတွက် ဂုဏ်ယူပါတယ်ကွယ်'

'တစ်ခုခု ရှိတယ်ဆိုပါတော့၊ 'တစ်ခုပဲရှိတယ်' ဆိုတာ ပြောတော့မယ်လို့ သမီး ထင်နေတယ်'

'သမီးရဲ့ ကိုယ်ရေးကိုယ်တာတွေ ပြောမိတဲ့အတွက် သမီး တစ်ခါတစ်ခါ စိတ်မရှည်ဘူးဆိုတာ မေမေ သိပါတယ်၊ သမီး ဖေဖေကတော့ သမီးရဲ့ ရည်မှန်းချက်တွေနဲ့ ပတ်သက်လို့ အမြဲတမ်း နားလည်မှုရှိတယ်လေ၊ ဒါပေမယ့် မေမေကတော့ သမီးကို ဒီထက်မက ဖြစ်စေချင်တယ်၊



'မေမေပြောတာ လုပ်ငန်းနဲ့ ပတ်သက်လို့ မဟုတ်ဘူးနော်၊ သမီးလုပ်ငန်းက စိတ်ထက်ကြွစရာ ကောင်းတယ်၊ ကြည်နူးစရာကောင်းတယ်ဆိုတာ မေမေသိတယ်၊ သမီးရဲ့ ပါရမီနဲ့ ရည်မှန်းချက်ကို မျှတအောင် အသုံးချနိုင်ခဲ့တယ်၊ ဒါပေမယ့် မိန်းမသား တစ်ယောက် အနေနဲ့ ဘဝမှာ ဘာတွေလုပ်သင့်သလဲ ဆိုတာ ရှိသေးတယ်'

'သမီးကို မေမေ ဖြစ်စေချင်သလို စည်းရုံးနားချခဲ့တာ မေမေမှားတယ်၊ ဒါပေမယ့် သမီးအနာဂတ်အတွက် စိတ်မပူဘဲ မနေနိုင်ဘူး၊ သမီးတို့လင်မယား ကွာရှင်းတာကို မေမေမကြိုက်ဘူး၊ ဒါပေမယ့် သမီးမှာ အကြောင်းတွေရှိမယ်ဆိုတာ မေမေသိတယ်၊ ကုန်ခဲ့တဲ့ နှစ်တွေအတွင်း သမီးနောက်အိမ်ထောင် ပြုပါစေလို့ မေမေ ဆုတောင်းခဲ့တယ်၊ ဘဝဆိုတာ မျှဝေခံစားမယ့်သူ တစ်ဦး မရှိရင် သိပ်ပျော်စရာ မကောင်းဘူး'

'ကျွန်မမှာ မိတ်ဆွေအပေါင်းအသင်းတွေအများကြီး ပါ မေမေ'

'သိတယ်၊ သမီးမှာ အပေါင်းအသင်းတွေ အများကြီးရှိတယ် ဆိုတာပေါ့၊ နောက်ပြီး အတွဲတွေလည်း ရှိတယ်လေ၊ အင်း...သမီးတို့ခေတ်က ဒါမျိုးတွေ မဆန်းတော့ဘူးပေါ့၊ ဒါပေမယ့် သမီးကိုချစ်ပြီး ကြင်နာယုယမယ့် လူတစ်ယောက်တော့ သမီးဘဝမှာ ရှိနေစေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဗာလီ စကား ပြန်မပြောဘဲ ငြိမ်နေလိုက်၏။ သည်တော့ အိန်ဂျလာ အဓိပ္ပာယ် အပြည့်ဖြင့် စကားဆက်လာသည်။

'မေမေ ဂျိန်းဆီက သတင်းကြားရတယ်'

'သူ့ကျန်းမာရေး တိုးတက်မှုရှိရဲ့လား၊ ပြီးခဲ့တဲ့နှစ်က သူ့ကိုသမီးတွေ့ခဲ့ပြီး စိတ်ပူနေတာ'

'တိုးတက်မှုမရှိဘူးထင်တယ်၊ ခွဲရစိတ်ရမယ့်အကြောင်း ပြောတယ်၊ ဒါပေမယ့် မေမေတော့ အောင်မြင်မယ် မထင်ဘူး၊ သူ့ရောဂါက ကင်ဆာဖြစ်လိမ့်မယ်ထင်တယ်'

'အို — မေမေရယ်၊ စိတ်မကောင်းလိုက်တာ၊ ဂျိန်းနဲ့ သမီးက အရမ်းရင်းနှီးတာ၊ သူနေမကောင်းတာ ကြာပြီလို့ သမီးထင်တယ်လေ၊ ဒါပေမယ့် သူက သိုးသိုးသန့်သန့် နေတတ်လွန်းတော့ သမီးလဲ မမေးဖြစ်ဘူး'

'သူ့ကြည့်ရတာ ဒီအကြောင်း ဘယ်သူ့ကိုမှ အသိပေးချင်ပုံ မပေါ်ဘူး၊ မာရီယံတော့ သိရမှာပေါ့လေ၊ ဒါပေမယ့် သူ့ဆီ လူနာလာမေးတာတို့ ကရုဏာစကား ပြောတာတို့ မဖြစ်စေချင်ဘူး ထင်တယ်၊ သူမေမေ့ဆီ တယ်လီဖုန်းဆက်တဲ့ အဓိကအကြောင်းက အက်ဒ်ရဲ့မိန်းမ ဆုံးသွားတယ်ဆိုတာ သိစေချင်လို့ပါ'

'အက်ဒ်ရဲ့ မိန်းမ ဟုတ်လား'

'မတော်တဆ ကားတိုက်မှုလေ၊ ခရစ်စမတ် မတိုင်မီ လေးကမှတဲ့၊ ဂျိန်း မေမေ့ကိုလှမ်းပြောတာ သမီးကိုမေမေ



ပြန်ပြောစေချင်လို့ ထင်တာပဲ၊ ဒီအကြောင်း သမီးသိစေချင်ပုံရတယ်'

'မေမေရယ်၊ အက်ဒ်နဲ့ သမီးနဲ့ ပြတ်စဲခဲ့ကြတာ နှစ်ပေါင်း မနည်းတော့ဘူးလေ၊ သူက နောက်အိမ်ထောင် ပြုပြီးပြီ၊ သမီးတစ်ယောက်ရပြီးပြီ၊ သူကျေနပ်နှစ်သက်တဲ့ ဘဝမျိုးလဲရနေပြီ၊ အဲဒါကို သူက ဘာကြောင့်သမီးနဲ့ တွေ့ချင်ရမှာတဲ့လဲ၊ သူ့မိန်းမ ဆုံးသွားတဲ့အတွက် သမီး စိတ်မကောင်းပါဘူး၊ ဒါပေမယ့် အဲဒီလောက်နဲ့ ကျွန်မတို့ နှစ်ယောက် ကြားမှာ အပြောင်းအလဲ ဖြစ်လာစရာ အကြောင်းမရှိဘူးလေ'

'သမီးပြောပုံက ခိုင်မာလှချည်လား ဘက်ဗာလီ၊ သူဟာ သမီးကို ဘယ်တော့မှ မေ့လို့ရမယ်လို့ မေမေ မထင်ဘူး၊ မေ့နိုင်မယ် မထင်ပါဘူးလေ၊ ယောကျ်ား တစ်ယောက် အဲဒီလောက် နင့်နင့်နဲနဲ ချစ်တာမျိုး မေမေ တစ်ခါမှ မတွေ့ဖူးဘူး၊ နောက်ပြီး သမီးကျတော့ကော… အဲ၊ သမီးလဲ နောက်အိမ်ထောင် မပြုခဲ့ဘူး မဟုတ်လား၊ အိမ်ထောင်ပြုဖို့ အခွင့်အလမ်းတွေ သမီးကြုံခဲ့မှာပေါ့'

ဘက်ဗာလီ ခဏမျှ နှုတ်ဆိတ်စွာ ထိုင်နေ၏။ မိမိမှာ အခွင့် အလမ်းတွေ ပေါ်ခဲ့ရဲ့လား။ နှစ်ပေါင်းများစွာ အတွင်း အာသာသည် မိမိနှင့် အနီးစပ်ဆုံး ဖြစ်ခဲ့သည်။ သို့ပေမယ့် အာသာက တစ်ခါမျှ လက်ထပ်ခွင့်မတောင်းခဲ့။ အကယ်၍ မိမိက လက်ထပ်လိုသည့်တိုင် သူက လက်ထပ်ခွင့် တောင်းလိမ့်မည်မထင်။ မိမိတွေ့ခဲ့သည့် အခြားယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆကော၊ သူတို့အားလုံး အချစ်အကြောင်း ပြောခဲ့ကြသည်။ သို့သော်တကယ်တမ်းတော့ အိမ်ထောင် မြုရဲကြပါ့ရဲ့လား။ တစ်ခုတော့ရှိသည်။ မိမိက ဘယ်တုန်းကမှ ရေလာမြောင်းပေး မလုပ်ခဲ့။ အိမ်ထောင်ပြုလည်းမပြုချင်ခဲ့။

'ဘက်ဗာလီ၊ မေမေ ပြောလိုက်တာ အမှားအယွင်းများ ပါသွားလို့လားကွယ်'

'ဟင့်အင်းမပါပါဘူးမေမေ၊ သမီးစဉ်းစားနေတာပါ၊ သမီး နောက်အိမ်ထောင်မပြုတာနဲ့ ပတ်သက်လို့ အက်ဒ်မှာ စိတ်ကူးတစ်ခုခု ရှိချင်ရှိမှာပေါ့၊ ဒါပေမယ့် မေမေ ထင်သလိုတော့ ဟုတ်မှာ မဟုတ်ပါဘူး။ သမီးရွေးတဲ့လူကလဲ သမီးလိုချင်တဲ့ပုံစံမျိုး၊ သမီးဖြစ်စေချင်တဲ့ ဘဝမျိုး ရအောင် ပုံမသွင်းနိုင်မှာ သမီး ကြောက်နေသလား မသိဘူး၊ အက်ဒ်နဲ့တုန်းက ဖြစ်သလိုလေ၊ အဲဒီအတွေ့အကြုံကြောင့် သမီးလဲ အိမ်ထောင်မပြုဖြစ်တာ ထင်ပါရဲ့'

'သမီးတို့နှစ်ယောက်စလုံး အသက်ငါးဆယ် ကျော်နေကြပြီဘက်ဗာလီ၊ သမီးတို့တစ်ယောက်ပြီးတစ်ယောက် လျှောက်တွဲနေတာ ရပ်တန်းက ရပ်သင့်ပြီ၊ အက်ဒ်ဟာ အလွန်မတန် ရည်မွန်သိမ်မွေ့တဲ့ ယောကျ်ားတစ်ယောက်ပါ၊ ခုဆို သူ့ခမျာ အကြီးအကျယ် အထီးကျန် ဖြစ်နေရှာမှာပဲ'

'ဒီတော့ သမီးက သူ့ဆီသွားပြီး ပြန်ဆက်ရမယ် ဆိုပါတော့၊ မေမေရယ်... ဘာအကျိုး ထူးလာမှာမို့လဲ'



'သမီးပြောတာ မှန်နိုင်ပါတယ်လေ၊ မေမေက ခံစားမှုသက်သက်နဲ့ ပြောနေတာပေါ့၊ ဒါပေမယ့် အောင်မြင်တဲ့ လုပ်ငန်းတစ်ခုဟာ သမီးဘဝရဲ့ အချိန်တိုင်းကို ပျော်ရွှင်မှု ပေးနိုင်ပါမလား ဘက်ဗာလီ၊ ခုဆို သမီးရဲ့ လုပ်ငန်းမှာ သမီး ထိပ်ဆုံးရောက်နေပြီ၊ ဒါပေမယ့် သမီးသိထားရမှာက နောင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကြာရင် သမီးနေရာမှာ အခြားတစ်ယောက် ထိုင်နေတော့မှာပေါ့၊ ဒီဆုံးဖြတ်ချက်မျိုးတွေပဲ ဆုံးဖြတ်မယ်၊ သမီးလုပ်သလိုပဲ လုပ်မယ်၊ ဒါမှမဟုတ် သမီးထက်တောင် သာချင်သာဦးမယ်၊ သမီးမိတ်ဆွေ ဆီလ်ဗီယာတောင် မကြာခင်က အနားယူသွားရပြီ မဟုတ်လား၊ အဲ... သူ့မှာ ခင်ပွန်းသည်ရှိတယ်၊ သမီးမှာ ဘာရှိလို့'

* * *

သည်နောက်တော့ ဘက်ဗာလီ စကားလမ်းကြောင်းပြောင်းပစ်ခဲ့သည်။ အိန္ဒိယလာ နယူးယောက်မှာ ရှိနေစဉ်အတွင်း သည်အကြောင်း မပြောဖြစ်အောင် ရှောင်ရှားခဲ့သည်။

သို့သော် မေမေ ပြောသွားသည့် စကားတွေသည် မိမိရင်ကို လှုပ်ခတ်နေ၏။ အတွေးတွေ ပိုနက်စေ၏။ နှစ်ပေါင်းများစွာအတွင်း ညဉ့်လယ် အိပ်မက်ဆိုးတွေ ပြန်မက်လာစေ၏။ သူသည် မှောင်ကြီးမဲကြီးထဲတွင် လန့်နိုး

www.burmeseclassic.com



လာတတ်သည်။ ဇော်ချွေးတွေ ပြန်လျက်၊ မိမိသည်မျှ ထိတ်လန့်တကြားဖြစ်အောင် ဘာက ခြိမ်းခြောက်လိုက်သလဲဟု ပြန်စဉ်းစားရ၏။

သူသည် အိပ်ရာထဲမှာ လှဲလျောင်းရင်း ဒီကိစ္စကို ပြန်အစဖော်လာသည့် သူ့မေမေအား ဒေါသတကြီး အပြစ်တင်မိသည်။ သို့တိုင် ဒါတွေဖြစ်ရသည်မှာ အိန်ဂျလာ၏ အပြစ်မဟုတ်ကြောင်းလည်း သိနေသည်။ အိပ်မက်တွေထဲမှာ တွေ့ကြုံမြင်မက်ရသည့် အနိဋ္ဌာရုံများသည် လက်ရှိဘဝတွင် မိမိ ရင်မဆိုင်ရဲသော အနိဋ္ဌာရုံများကို ထင်ဟပ်နေသည်ဟု စာတွေထဲတွင် ဖတ်ဖူးသည် မဟုတ်ပါလား။

* * *

သတင်းလာပို့သူမှာ လာဇလိုဖြစ်၏။ ထိုနှစ် စက်တင်ဘာ တစ်ညနေတွင် ဘက်ဗာလီ ရုံးခန်းထဲသို့ မပြော မဆို ဝင်လာသည်။ သူ့မျက်နှာ မှုန်မှိုင်းနေသည်။

'လာဇလို၊ ဘယ်လိုဖြစ်လာ....'

'စိတ် မရှိနဲ့နော်၊ ကျွန်တော် လာတယ် ဆိုတာ အကြောင်းကြားဖို့၊ ခင်ဗျား အတွင်းရေးမှူးကိုတောင် စောင့်မနေဘဲ ဝင်လာခဲ့ရတယ်ဗျာ၊ ကျွန်တော် ခင်ဗျား နဲ့တွေ့မှ ဖြစ်မှာမို့လို့'

'ထိုင်လေ'



အတွင်းရေးမှူးမလေး၏ မေးမြန်း၊ စုံစမ်းချက်ကို ဘက်ဗာလီက ကိစ္စမရှိကြောင်း ပြန်ဖြေသည်။ လာဇလိုသည် သည်လောက် ရိုင်းစိုင်းသူ မဟုတ်။ သူလာသည့် ကိစ္စမှာ သိပ်အရေးကြီးနေလို့ ဖြစ်မည်။

'ဘာပြဿနာပေါ်လာလဲ လာဇလို၊ ဟန်ဆီလား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူ ဘာမှ မဖြစ်ပါဘူး၊ ဖြစ်တာက ဆာသာပါဝါ၊ ဒါမှမဟုတ် ခင်ဗျားကြားပြီး ပြီလား'

'သူ့ကုမ္ပဏီနဲ့ပတ်သက်တဲ့ ရှယ်ယာတိုက်ပွဲအကြောင်း ဖတ်နေတာ၊ ရေးလ်အဖွဲ့က သူ့အစုရှယ်ယာတွေ မငြင်းနိုင်လောက်တဲ့ ဈေးမျိုးပေးနေတာတော့ ထင်ရှားတယ်'

'အိုး....သူ့သားတွေပေါ့၊ ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ ကောင်တွေ၊ ခုတော့ ဒီကောင်တွေနဲ့ အဘဆော့ရဲ့ မိန်းမဟောင်းတွေက သူ့ကို ဆန့်ကျင် မဲပေးနေကြပြီလေ။ ခုဆို ကုမ္ပဏီကို သူ မပိုင်တော့ဘူး'

'တော်တော် ရင်နာစရာပဲ နော်'

'ဘက်ဗာလီ၊ ဒီလူ့နှလုံး လေရိုက်သွားပြီဗျ'

လာဇလို ကုလားထိုင်တွင် ကျောမှီ ချလိုက်သည်။ သည်အကြောင်း ပြောရတာ စိတ်ခံခဲလှမော ဖြစ်သွားသလို၊ သူက ဆာသာထက် အသက်ကြီးသည်။ သည်တော့ သည်အကြောင်းမျိုး ပြောရတာ စိတ်ချောက်ချားစရာ ကောင်းသည်။

'လာဇလို၊ အခြေအနေ ဆိုးလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



'တော်တော်လေး ဆိုးတယ်၊ အရင်ကနေတဲ့ ဆရာဝန်သာ မဟုတ်ရင် ကျွန်တော်ရဲ့ သိခွင့်ရမှာ မဟုတ်ဘူး၊ ခု ဆရာဝန်က အကြောင်းကြားလို့ အခုသာ သူ့ ရောမ အခန်းကြီးထဲမှာ တစ်ယောက်တည်း ရှိနေတယ်၊ ဆေးရုံကိုလဲ မသွားဘူး၊ သူ ဒီလိုဖြစ်တာ သတင်းပျံ့သွားမှာ စိုးရိမ်နေတယ်၊ သူ့ဘက်က လူတွေကို အလုပ်လုပ်ဖို့ သိပ်အိုသွားပြီလို့ ထင်သွားမှာ ကြောက်နေတယ်၊ ခုတော့ ဒဏ်ရာရထားတဲ့ တိရစ္ဆာန်တစ်ကောင်လို သူ့အနားကပ်တဲ့ လူမှန်သမျှကို ရန်လုပ်နေတယ်'

'အဲဒါ ဘယ်တုန်းက ဖြစ်တာလဲ'

'တစ်နေ့ညက၊ လူတိုင်းက သူ ရှုံးနေပြီလို့ ပြောကြပေမယ့် သူက မဲအရေအတွက်ကို တန်းစီ ကြည့်နေတယ်၊ ထုံးစံအတိုင်း ဒေါသတကြီးနဲ့ပေါ့၊ နောက် အစည်းအဝေးခန်းထဲက ထွက်လာပြီး လမ်းပေါ် ရောက်တော့ သူ့ ကုမ္ပဏီ ရောင်းလိုက်ရပြီဆိုတဲ့ သတင်းစာ ခေါင်းစီးတွေကို တွေ့တော့ သူ့ ဟားဆီတော့ မနည်းထိန်းသွားရတယ်၊ ယာဉ်မောင်းက လိမ္မာရေးခြားရှိပြီး ဆရာဝန်ဆီကို တိုက်ရိုက် မောင်းပို့ခဲ့တယ်၊ ဒါပေမယ့် ဆရာဝန်ဆီကနေ အိမ်ပြန်ပို့ပေးဖို့ သူက အတင်းပြောခဲ့တယ်၊

'ခုတော့ သူ့အခန်းထဲမှာလေ၊ ဆရာဝန်က အိပ်ဆေးတွေ ထိုးပေးထားတယ်၊ ဒါပေမယ့် ခုထိ ဒေါသထွက်တုန်းပဲ၊ ကျွန်တော်တို့ အားလုံးလဲ ကြောက်နေကြရတယ်၊ ဟန်ဆီရယ်၊ ဆရာဝန်ရယ်၊ ကျွန်တော်ရယ်ပေါ့၊



သူ ဒီအတိုင်း ဆက်လုပ်နေရင် နောက်တစ်ချီ ရောဂါဖောက် လာ လိမ့်ဦးမယ်၊ အဲဒီအခါကျ အခြေအနေ အရမ်း ဆိုးသွားလိမ့်မယ်'

လာဇလို ရှေ့သို့ ခေါင်းကိုင်းလိုက်တာ....

'ဘက်ဇာလီ၊ ခင်ဗျား သူနဲ့ သွားတွေ့မှာလား ဟင်၊ သူ နားဝင်အောင် ပြောနိုင်တာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ ခင်ဗျားတို့ နှစ်ယောက်က အကြာဆုံး တွဲဖူးခဲ့ကြတယ် မဟုတ်လား၊ သူ့ ဘဝမှာ အရေးထားတဲ့ မိန်းမ ဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိမယ်လို့ ကျွန်တော် ထင်တယ်၊ ခင်ဗျား စကားကိုတော့ သူ နားထောင်မှာပါ'

ဘက်ဇာလီ မတ်တတ်ရပ်လိုက်၏၊

'လာဇလို၊ ကျွန်မ သွားမှာပါ၊ ဒါပေမယ့် သိပ် အကျိုးထူးမယ် မထင်ဘူး၊ ကျွန်မကို အခန်းထဲတောင် ဝင်ခွင့်ပေးပါ့မလား မသိဘူး၊ ဇန်နဝါရီတုန်းက ကျွန်မတို့ချင်း ကတောက်ကဆ ဖြစ်ပြီး ခွဲခဲ့ကြတာ၊ အဲဒီအရင်ကလဲ ကျွန်မတို့ မတွေ့ကြတာ ကြာပြီပဲ'

'တခြား ဘယ်သူမှ မရှိဘူး ဘက်ဇာလီ၊ သူ့ ကလေးတွေကလဲ သူ့ကို မုန်းကြတယ်၊ သူက မိတ်ဆွေ အပေါင်းအသင်းတွေနဲ့လဲ အကြာတည်တာ မဟုတ်ဘူး၊ ဟန်ဆီနဲ့ ကျွန်တော့်ကို အပေါ်ထပ် တက်ခွင့်မပေးဖို့ သူ့ တံခါးမှူးကို မှာထားတယ်၊ သူ့ အနား ကပ်နိုင်တဲ့လူ ဘယ်သူမှ မရှိဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကြိုးစားကြည့်ပါမယ် လာဇလို၊ သူ ကြားချင်တဲ့ စကားမျိုး ကျွန်မ ပြောနိုင်ပါ့မလား မသိဘူး ဘာပဲဖြစ်ဖြစ်လေ ကြိုးစားကြည့်ပါမယ်၊ သူ့ကျေးဇူးတွေလဲ ကျွန်မအပေါ်မှာ ရှိပါတယ်'

* *

လာဇလိုက သူ့အား အာသာ၏ တိုက်ခန်းရှေ့ဆီသို့ ပို့ပေးသည်။ သည်တိုက်တာ ပဋ္ဌမရိုင်ဘာလမ်းတွင် အကြီးဆုံးနှင့် အသားနားဆုံး တိုက်ဖြစ်၏။ သည်နေရာသို့ ဘက်ဗာလီ ဝင်ထွက်သွားလာခဲ့သည့် ကာလများမှာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီ ဖြစ်၏။ အတိတ်ကာလက ကျင်းပပြုလုပ်ခဲ့သော ဧည့်ခံပွဲများကို ပြန်လည် မြင်ယောင်မိရင်း လမ်းဘေး ပလက်ဖောင်းမှ တိုက်ဝင်ပေါက်သို့ လျှောက်ခဲ့သည်။

ဧည့်ခံပွဲတွေ၊ အတူတကွ ကုန်လွန်ခဲ့ကြသည့် ညတွေ၊ မိမိ ဘဝထဲသို့ သူ ဆယ်ဆောင်လာသည့် ရမ္မက်မီးတွေ၊ ခွန်အားတွေ၊ နောက်ပြီး မိမိတို့ကို ကျောခိုင်း ခွဲခွာစေသည့် မာနတရားနှင့် ပိုင်စိုးလိုမှုတွေ။

တံခါးမှူးအား မိမိ နာမည်ကို ပြောလိုက်၏။ တံခါးမှူးက သံသယ မျက်နှာဖြင့် တယ်လီဖုန်းသွားဆက်သည်။ မိနစ် အနည်းငယ်ကြာတော့ အံ့အားသင့်သော မျက်နှာဖြင့် တံခါးမှူး ပြန်လာသည်။



'မလေးကို မစ္စတာ ပါဝါ တွေ့ပါလိမ့်မယ် ခင်ဗျာ၊ သူနေတာ ခေါင်မိုးထပ်မှာပါ၊ ဓာတ်လှေကားက ဘယ်ဘက်မှာ ခင်ဗျ'

'ကိစ္စမရှိဘူး ကျွန်မ သိတယ်'

* *

အိမ်ဖော် အမျိုးသားက အာသာ၏ အခန်းသို့ လိုက်ပို့သည်၊ အာသာ သူ့ စာရေးစားပွဲကြီးတွင် ထိုင်နေ၏။ သူ့ရှေ့တွင် စာရွက်တွေ တစ်ပုံကြီး။ ဘက်ဗာလီ ဝင်လာတော့ သူ့နေရာမှ မထ။ မော့လည်း မကြည့်။

'အာသုဘ လာရှုတာလား'

ညနေခင်း အလင်းရောင်မှာ မှုန်ရီရီ၊ သို့သော် သူ အရမ်း ပိန်သွားသည်ကို ဘက်ဗာလီ မြင်ရ၏။ သူ့ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူဖွေးနေပြီ။ အသားအရေများက လျော့ရဲရဲ။

ဘက်ဗာလီ သူ့ အနားရှိ ကုလားထိုင်တွင် ဝင်ထိုင်ရင်း

'မဟုတ်ဘူး၊ မိတ်ဆွေဟောင်း တစ်ယောက်နဲ့ လာတွေ့တာ'

'ဟောင်း' ဆိုတာထက် 'အို' ဆိုတဲ့ စကားလုံးက ကိုယ့်အတွက် ပိုမှန်မှာပါ၊ မင်းကို ဘာဖြစ်လို့ တက်လာခွင့်ပြုလိုက်မိလဲဆိုတာ မသိတော့ဘူး၊ ဒါမှမဟုတ် တခြား

www.burmeseclassic.com

www.burmeseclassic.com



လူတွေလို မင်းလဲ ကိုယ့်ကို ဝမ်းသာအားရ လာကြည့်တာလား'

'အာသာ၊ ရှင့်မှာ မိတ်ဆွေတွေ အများကြီးပါ၊ ဘယ်သူကမှ ရှင့်ကို ကြည့်ပြီး ပီတိ ဖြစ်မနေဘူး၊ ကျွန်မတို့အားလုံး ရှင့်ကို ဂရုစိုက်ကြပါတယ်၊ လာဇလို၊ ဟန်ဆီ....'

စကားရပ်သွားသည်၊ နောက်ထပ် အမည်ကိုစဉ်းစားမရ၊

'အဲဒါ အကုန်ပဲ မဟုတ်လား၊ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ ဘဏ်လုပ်ငန်းရှင်တွေက လွဲလို့ပေါ့၊ ကိုယ် သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ ဘယ်သူကမှ ဂရုမစိုက်ကြပါဘူးကွာ'

'အာသာ၊ စိတ်မလှုပ်ရှားစမ်းပါနဲ့၊ ရှင့် ကုမ္ပဏီ ပြိုပျက်သွားတဲ့ ကိစ္စအတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ဒီကုမ္ပဏီကို ရှင် ဘယ်လောက် တွယ်တာတယ် ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ဒီကုမ္ပဏီကို မပိုင်ရလို့ ရှင့်အတွက် ကမ္ဘာ ပျက်မသွားနိုင်ပါဘူး၊ ဒီလို ရောင်းလိုက်တဲ့ အတွက် ရှင် ပိုပြီးတော့ ချမ်းသာလာဦးမယ်၊ ဒီတော့ ရှင်ကြိုက်တာ ရှင် လုပ်လို့ရတယ်၊ ကြိုက်တဲ့နေရာကိုသွား'

'ဘက်ဗာလီ၊ အရှုံးတစ်ယောက်လို မပြောစမ်းနဲ့ကွာ၊ မင်း ဘာကြီးပဲ ဖြစ်ခဲ့ ဖြစ်ခဲ့၊ အဲဒီဘဝကို မင်း မရခဲ့ဘူး မှတ်၊ ကိုယ်က ဘယ်ကိုသွားရမလဲ.... ကိုယ် မရောက်ဖူးတဲ့ နေရာ ရှိလို့လား၊ ကိုယ်က ဘာလုပ်ရမလဲ.... ကိုယ့် ကိုယ်ပိုင် ကုမ္ပဏီမှ မရှိတော့ဘာ၊ ပန်းခြံထဲမှာ ကျားထိုးနေရမှာလား၊ သွားစမ်းပါ၊ ကိုယ်သာ ဆရာဝန်တွေရဲ့ စကား



ကို နားထောင်နေရင် ကိုယ်ကြိုက်တာ စားလို့မရဘူး၊ ကိုယ်ကြိုက်တာ သောက်လို့မရဘူး၊ ကောင်မလေး ချော ချော တစ်ယောက်ကို ငွေနဲ့ပဲဖြစ်ဖြစ် ခေါ်လို့ရအောင် ကိုယ့်အိပ်ရာထဲ ဘယ်ခေါ်ဝံ့ပါတော့မလဲ'

'လူ့ဘဝမှာ ရှာလိုချင်တာ တခြား ဘာမှ မရှိတော့ဘူးလားဟင်'

'အနှစ်ခုနစ်ဆယ်လုံးလုံး 'စားတယ်၊ သောက်တယ်၊ ပျော်တယ်'နဲ့ နေလာပြီးမှ ဘာထပ်လိုသေးလဲ၊ ဘုရားကျောင်းမှာသွားပြီး လေးဘက်ထောက် ဆုတောင်းနေရတဲ့ ဘဝမျိုးနဲ့ ကိုယ့်ကိုကိုယ် ပြန်မကြည့်နိုင်ဘူး၊ မင်း ဆိုရင်ကော'

ဘက်ဗာလီ ရယ်မောလိုက်၏။ အခေါ် တူးသော ယည်မှတ်ချက်ဆည် သူခံစားနေရသည့် ဒေါသအမျက်များမှ ယာယီသက်သာရာ ရပါစေဟု ဆုတောင်းမိသည်။

'ဟင့်အင်း၊ ကျွန်မ ဘုရားကျောင်းကိုတော့ မမြင်ဘူး၊ ဒါပေမယ့် ရှင်တခြားလုပ်စရာတွေ အများကြီးရှိတာ တော့မြင်တယ်၊ ရှင် စုဆောင်းနေတဲ့ ရှေးဟောင်း လက်ရာ မွန်တွေလေ၊ အဲဒီပစ္စည်းတွေ ရဖို့ဆို ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်ပြတိုက်ကမဆို ရှင့်ဆီကို လေးဘက်တွားလာဖို့ ဝန်မလေးကြမှာ မဟုတ်ဘူး၊ ရှင်ဟာ သူတို့ရဲ့ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ တစ်ယောက် ဖြစ်လာမယ်၊ ရှင့်အကြောင်း ကျွန်မ သိထားတာသာ မှန်ရင် ပထမနှစ်ကုန်တာနဲ့ ရှင် ဥက္ကဋ္ဌ ဖြစ်လာလိမ့်မယ်၊ ရှင် အနုပညာ လက်ရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားတာပဲဟာ၊ ရှင် လာဇာလို့ရဲ့ အနုပညာ ပြခန်းသစ်ကို ထောက်ပံ့လို့ရတယ်၊ အနုပညာသည်အသစ်တွေကို ဖော်ထုတ်နိုင်တယ်'

'အနားယူတဲ့ လူတွေ လုပ်လေ့လုပ်ထရှိတဲ့ အလုပ်တွေလေ၊ မင်းပြောနေတာ အဲဒါတွေ မဟုတ်လား၊ အေး ကိုယ်က အနားမယူချင်ဘူး၊ ကိုယ်က ဘဝကို ရှိမြဲတိုင်း ဆက်သွားချင်တာ၊ မပြောင်းလဲချင်ဘူး၊ အဲဒီလို မပြောင်းလဲချင်တဲ့ အတွက် ကိုယ့်ကုမ္ပဏီကို ပြန်လိုချင်တယ်၊ ဒီလို ဖြစ်နိုင်အောင် ကိုယ် တည်ထောင်ခဲ့တာ၊ အဲဒီကုမ္ပဏီကို ဘယ်သူမှ ကိုယ့်ဆီက ယူပိုင်ခွင့် မရှိဘူး'

'ဆိုလိုတဲ့အဓိပ္ပာယ်က ရှင်ဟာ 'အရာရာတိုင်း' ကို လိုချင်တယ်ပေါ့၊ ဟုတ်လား အသား၊ တစ်ခါက ရှင် ကျွန်မကို ပြောဖူးတယ်လေ၊ မှတ်မိလား၊ လူတစ်ယောက်ဟာ သူလိုချင်တာရှိရင် တကယ်ကြိုးစား၊ တကယ်ရနိုင်တယ်ဆိုတာလေ၊ ဒါပေမယ့် ကျွန်မတို့ သဘောမပေါက်ခဲ့တာက 'အရာရာတိုင်း' ဟာ ထာဝရ မတည်မြဲဘူး ဆိုတာပဲ၊ ဘယ်သူမှ နောက်ကြောင်းကို ပြန်သွားလို့ မရဘူး အသား၊ ဒါကို ကျွန်မတို့ နှစ်ယောက်လုံး သိပါတယ်၊ ပျော်ရွှင် ချမ်းမြေ့တဲ့ ဘဝရဲ့ လျှို့ဝှက်ချက်က နောက်ကြောင်းကို ပြန်မသွားချင်တဲ့ ဆန္ဒပဲဖြစ်လိမ့်မယ်ထင်တယ်'

'အဓိပ္ပာယ်မရှိတဲ့ စကားတွေ၊ အဲဒါက ကိုယ့်ဘဝမှာ ပျော်ရွှင်မှုမရခဲ့တဲ့ လူတွေအတွက်ကွ၊ ကိုယ်က ပျော်ရွှင်ခဲ့တဲ့လူပဲ'



'ဒီတော့လဲ ကျန်နေသေးတဲ့ သက်တမ်းမှာ ပျော်ရွှင်အောင်နေပေါ့၊ အသား၊ ရှင်ဟာ လောလောဆယ်မှာ နေမကောင်းဘူး၊ နာကြည်းနေတယ်၊ ဒေါသဖြစ်နေတယ်၊ ဒါကို ကျွန်မ နားလည် သဘောပေါက်တယ်၊ ရှင်ဟာ စိတ်ဝင်စားမှု အပိုင်းမှာ ခေါင်ကျဉ်းတဲ့လူ မဟုတ်ဘူး၊ ရှင်ဆန္ဒရှိတာ အလုပ်လုပ်ဖို့လား၊ ရှင့်မှာလုပ်ငန်းသစ်တစ်ခုစဖို့ လိုအပ်တဲ့ ငွေသက်တောင် ပိုနေဦးသေးတယ်'

'နောက်ပြီး ကိုယ့်လက်ထဲကနေ သူတို့လုယူသွားတာကို ခံပေါ့၊ ဟုတ်လား၊ ခုခံလိုက်ရသလိုလေ'

ဘက်ဇာလီ ပြုံးလိုက်သည်၊

'နောက် လုပ်ငန်းကျတော့ ရှင့် ဇနီးဟောင်းတွေကို အစုရှယ်ယာတွေ ခွဲပေး မထားနဲ့ပေါ့၊ ဒါဆို ရှင် စိတ်မပူရတော့ဘူးလေ'

နောက်ဆုံး အသားလည်း ပြုံးရတော့၏၊ သို့သော် သူ့အပြုံး ချက်ချင်းလို ပြန်ပျောက်သွားသည်၊

'ကိုယ်က ဘယ်သူ့ကို ညာနေရမလဲ ဘက်ဇာလီ၊ ကိုယ်ဟာ လုပ်ငန်းသစ်စဖို့ အသက်ကြီးလွန်းနေပြီ၊ ပူတင်း ပျော့ပျော့စားပြီး ထိုင်အပြောင်ကို ထိုင်စောင့် နေရလောက်အောင်လဲ မအိုသေးဘူး'

'ရှင်နေကောင်းလာတဲ့အခါ တစ်မျိုးမဟုတ်တစ်မျိုးတော့ တွေ့လာမှာပေါ့'

'သွားစမ်းပါ၊ မင်းလဲ ကိုယ်ယုံကြည်တာထက် ပိုပြီး မယုံကြည်ပါဘူး၊ မင်းက ကိုယ့်ထက်ပိုပြီး အစွမ်းအစ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ ထင်မနေပါနဲ့၊ မင်းလဲ ဒီလမ်းပဲ သွားရမှာပဲ၊ မင်း ရထားတာကို တွယ်ဖက်နေနိုင်အောင် အသည်းအသန် တိုက်ခိုက်ရမှာပဲ၊ ခေါင်းမချင်မချ၊ မနဲကြီးချင်ကြီး၊ နောက်ဆုံးမင်းကိုလဲ ကန်ထုတ်ကြမှာပဲ'

ဂျိုကား၏ အိန်ဂျလာပြောသွားသည့် စကားများကို စကားလုံးကြမ်းကြမ်းဖြင့် ပြန်ပြောနေခြင်း။ အဓိပ္ပာယ်ကတော့ အတူတူပင်။

'ခုလဲ ဖြစ်နေပါပြီရှင်၊ နောက်လဆို ဝယ်လ်ဘီကို သူတို့ ဖြိုချပစ်ကြလိမ့်မယ်၊ အဆောက်အအုံသစ်မှာ နေရာပြန်ပေးမယ် ပြောကြပေမယ့် ဘာတွေ ဖြစ်လာဦးမယ်ဆိုတာ ဘယ်သူပြောနိုင်မလဲ၊ တကယ်လို့ ပြောတဲ့အတိုင်း ဖြစ်မလာရင် အဲဒါကိုရင်ဆိုင်ဖို့ ကျွန်မမှာ သတ္တိရှိပါစေပဲ ဆုတောင်းရမှာပဲ၊ ပြီးရင် ဣန္ဒြေမပျက် လက်လွှတ်လိုက်ဖို့လေ'

'ကိုယ့်ကိုကိုယ် ညှာမနေစမ်းပါနဲ့ကွာ၊ မင်းလဲကိုယ့်လိုပဲ အစွမ်းကုန်တိုက်မှာပါ'

ထိုင်ရာမှထပြီး ဘက်ဗာလီထံ လျှောက်လာသည်။

'ကိုယ်ဟာ တော်တော်အသုံးမကျတဲ့ကောင် ဘက်ဗာလီ သိလား၊ အမှန်က ကိုယ်မင်းကို လက်ထပ်ခဲ့ရမှာပဲ'

'ရှင်လက်ထပ်တာကို ကျွန်မ လက်ခံချင်မှ လက်ခံခဲ့မှာပေါ့'

'အို….အဲဒီတုန်းက ကိုယ်က စွဲမက်စရာ ကောင်းပါသေးတယ်ကွ၊ ကိုယ်ထင်တယ်လေ၊ မင်းကို စည်းရုံးနားချ



နိုင်လိမ့်မယ်လို့၊ ကိုယ်တို့ နှစ်ယောက် ပေါင်းလိုက်ရင် ကမ္ဘာကြီးကို ပိုင်နိုင်တာပေါ့ကွာ၊ ဒီအစား ကိုယ်ဟာ အသုံးမကျတဲ့ ကောင်မသုံးယောက်ကို သွားတွဲပြီး မင်းကို အလွတ်ခံခဲ့မိတယ်လေ'

'ကျွန်မ ဒီမှာပဲ ရှိနေပါသေးတယ် အာသာ၊ ရှင်လိုလားတဲ့အခါမှာလဲ ကျွန်မ ဒီမှာရှိနေမှာပါ'

'မင်းသိရဲ့လား ဘက်ဗာလီ၊ ဒီနှစ်ပြည့်အတွင်း၊ ဒီတိုက်ပွဲတွေ နွှဲနေရတဲ့ ကာလအတွင်း ကိုယ်မင်းအကြောင်း စဉ်းစားနေမိတယ်၊ ကိုယ်တို့နှစ်ယောက်အကြောင်း ဆိုပါတော့၊ ကိုယ်တို့မှာ အမှတ်ရစရာတွေ အများကြီးနော်၊ အချစ်ကော၊ ခင်မင်တွယ်တာမှုကော၊ ဒေါသဖြစ်စရာတွေကော၊ ကိုယ့်ဘဝမှာ မင်းဟာ ကိုယ့်အပေါ်ကောင်းခဲ့ပါတယ်၊ ဒါပေမယ့် ပထမဦးဆုံးအကြိမ်ဖြစ်ချင်ဖြစ်မယ်၊ ကိုယ်အံ့သြနေမိတာက မင်းအပေါ်မှာ ကိုယ်ကောင်းခဲ့ရဲ့လားလို့'

'ကျွန်မတို့နှစ်ယောက် အတူရှိနေတဲ့ ကာလတွေကို ကျွန်မ မမေ့နိုင်ပါဘူး'

'ကိုယ်စဉ်းစားမိတယ်၊ ပါရီမှာ ကိုယ်နဲ့သာ မတွေ့ခဲ့ရင် မင်း အိမ်ထောင်သည် ဘဝမှာပဲ ဆက်ရှိနေဦးမှာပဲနော်၊ အဲဒါကို မင်း စဉ်းစားမိရဲ့လား'

'ရှင်ဟာ ကိုယ့်ကိုကိုယ် အမှတ် ပေးလွန်းနေပြီထင်တယ် အာသာ၊ အက်ဒ်နဲ့ကျွန်မဟာ တစ်နေ့မဟုတ် တစ်နေ့ ကွဲတော့မှာပဲ၊ ခုလိုဖြစ်သွားတော့ ပိုအဆင်ပြေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

‘ဒါပေမယ့် မင်း ကိုယ်နဲ့မတွေ့ခဲ့ရင်တော့၊ မင်း ဟို အခန်းကို ယူဖြစ်အောင် ကိုယ် ကြိုးပေါင်းစုံ ဆွဲခဲ့တာပဲ၊ အဲဒါကြောင့်ပဲမင်းတို့ ကွဲသွားကြတာ မဟုတ်လား’

‘အဲဒီအတွက် ကျွန်မ အမြဲ ကျေးဇူးတင်နေပါတယ်၊ ရှင် ကြိုးပေါင်းစုံဆွဲလို့ မဟုတ်ပါဘူး၊ ကျွန်မကိုက ရှင့်ကို လိုချင်တပ်မက်ခဲ့လို့ပါ’

‘မင်း ဆုံးဖြတ်ချက်ပေါ့လေ၊ ကိုယ့် ဆုံးဖြတ်ချက် ကြောင့် မဟုတ်ဘူးပေါ့’

ဘက်ဗလီ ပြုံးလိုက်ပြန်၏။

‘နှစ်မျိုးစလုံး နည်းနည်းစီ ပါမှာပေါ့လေ’

‘ကိုယ့်ကို တစ်ခု ပြောပြစမ်းပါ ဘက်ဗလီ၊ မင်း ကိုယ့်ကို တကယ်ကော ချစ်ခဲ့ဖူးရဲ့လား၊ ကိုယ်တော့ အကဲခတ်လို့ကို မရခဲ့ဘူး’

‘ရှင် ကျွန်မရဲ့ ချစ်ဖော်ဖြစ်ခဲ့တာ၊ ကျွန်မမိတ်ဆွေ ဖြစ်ခဲ့တာ၊ ကျွန်မ အပေါင်းအသင်း၊ ဖြစ်ခဲ့တာ နှစ်ပေါင်း ဘယ်လောက်ကြာခဲ့သလဲ’

‘ဒါ အဖြေမဟုတ်ဘူးလေ၊ မင်း ကိုယ့်ကို ရင်ထဲက ချစ်ခဲ့သလား၊ အို...ဒုက္ခပါပဲ ကိုယ်လဲ ရည်းစားဦး အတွက် ပန်းတစ်ပွင့်ယူလာပေးလို့ ရည်းစားဦးရဲ့ကျေးဇူး တင် စကားကို ကြားချင်နေတဲ့ ကျောင်းသားလေး ကျနေတာပဲ’

‘ဒါဟာ ရှက်စရာကောင်းတဲ့ မေးခွန်း မဟုတ်ပါဘူး အသား၊ ကျွန်မ ရှင့်ကို မြတ်နိုးခဲ့တယ်၊ လိုလားခဲ့တယ်၊



ရှင်က ကျွန်မကို ပျော်ရွှင်စေခဲ့တယ်၊ ဒေါသ ထွက်စေခဲ့ တယ်၊ စိတ်တက်ကြွစေအောင်၊ တွေဝေအောင်၊ ရင်ဖိုအောင် လဲ စွမ်းဆောင်နိုင်ခဲ့တယ် တစ်ခါ တစ်ခါ မဟာဇာတရား နိုင်လွန်းလို့ ရှင့်ကို ကျွန်မ မုန်းခဲ့မိတယ်၊ တစ်ခါတလေ တော့လဲ ချင့်ချင့်ချိန်ချိန် တွေးတောဆဆ ရှိတတ်လွန်းလို့ ကျွန်မမှာ အရာရာတိုင်းကို မေ့လျော့ခဲ့ရတယ်၊ နောက်ပြီး ကျွန်မကို ရယ်မောစေအောင်လဲ လုပ်ခဲ့တယ်လေ၊ အဲဒါက တော့ အဖိုးတန်ဆုံး လက်ဆောင်ဖြစ်မှာပဲ’

‘ငိုအောင်တော့’

‘အိုး.... နှစ်ပေါင်းများစွာ အတွင်းမှာ မျက်ရည်လေး မဆိုစလောက်ဘဲ ကျခဲ့ရပါတယ်၊ ဒါဆို ရှင် ကျေနပ်ပြီ လားဟင်’

ဘက်ဗလီ မျက်နှာပေါ်တွင် စိတ်ရှည် သည်းခံသော အပြုံးတစ်ရပ်ကို တွေ့ရ၏။ ယခင်ကဆို သည့်အပြုံးသည် အသားကို စိတ်ဆိုးစေသည် ဖြစ်၏။ သို့သော် ယခုတော့ အသား ပီတိဖြစ်နေ၏၊ မိမိတို့နှစ်ယောက်သည် ပေါင်း ဟောင်း သင်းဟောင်း မိတ်ဆွေဟောင်းများ ဖြစ်လာခဲ့ ပြီ၊ ထို နောက်တွင်မှ သတိရ သွားပြန်က....

‘မင်း ကိုယ့် မေးခွန်းကို မဖြေသေးပါလား၊ မင်း ကိုယ့်ကို တစ်ခါမှ ရင်ထဲက မချစ်ခဲ့ဖူးပါဘူး၊ ဟုတ်တယ် မဟုတ်လား’

‘အသား ရှင် ဘယ်ခက်ပါလား၊ ဒီလောက်နှစ်တွေ ကြာလာပြီးမှရှင်၊ ရင်ထဲကချစ်သလား....ဦးနှောက်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ချစ်သလား.... ဘာထူးတော့လဲရှင်၊ ရှင်လိုချင်တာ မှန်သမျှ ကျွန်မ မပေးခဲ့ဖူးတာ ရှိခဲ့လို့လား။'

'မင်းရဲ့ အတ္တလေ'

သူ့အသံ တိုးတိတ်လှ၏။ ဘုက်ဗာလီဝင် ကြားရရုံမျှ ကလေး။ ဟိုး နှစ်ပေါင်းများစွာက ဆေးရုံခန်းထဲ၌ ဖေဖေ့ ခုတင်ဘေးတွင် မိမိ ထိုင်ခဲ့သည့် ညကို တစ်ဖြုတ်မျှ သတိရသည်။ သို့သော် အာသာက သေငယ်ဇောနှင့် မျောနေသူ မဟုတ်။ ဒေါသနှင့် ဝေဒနာအောက်မှ သူ့ဝိညာဉ်သည် ရှင်သန်နေဆဲ။

'ကိုယ် တကယ်ပြောတာ၊ အဲဒါကိုတော့ ကိုယ် ဘယ်တုန်းကမှ မရခဲ့ပါဘူး၊ ဟုတ်တယ် မဟုတ်လား၊ ကိုယ့်ရှေ့မှာ ကာဆီးနေတာ မင်းငယ်ကျွဲလို့ ပထမဦးဆုံး ထင်ခဲ့တယ်၊ နောက် မင်းအလုပ်လို့ ထင်ခဲ့တယ်'

ဘုက်ဗာလီ အနားမှ ခွာသွားသည်။ ဟိုးအောက်ရှိ ပန်းခြံကို လှမ်းကြည့်လို့ရအောင် ပြတင်းပေါက်ဆီသို့ သွားသည်။ ပန်းခြံသည် မှုန်ရီဆည်းဆာတွင် သစ်ပင်များ၏ အရိပ်မည်းကြီးများနှင့် အမှောင်လွှမ်းစပြုနေပြီ။

'ခုတော့ ကိုယ် စဉ်းစားနေမိတယ် ဘုက်ဗာလီ၊ ကိုယ်ဟာ မင်းနဲ့သာ တွဲခဲ့တယ်၊ ဘဝမှာ အရေးအကြီးဆုံး အစိတ်အပိုင်း တစ်ခုကို မရခဲ့ဘူးလား၊ လူတိုင်းနဲ့လဲ ဒီလိုပဲ ဖြစ်မယ် ထင်ပါရဲ့'

ဘုက်ဗာလီ သူ့ဆီ လျှောက်သွားပြီး သူ့နံဘေးတွင် ရပ်လိုက်၏။



'လူတိုင်းအတွက်တော့ ကျွန်မ ဘာပြောနိုင်မှာလဲ။ ကျွန်မနဲ့ ပတ်သက်လို့တော့ ကျွန်မ ဆိုတာ နောက်ထပ် ကျွန်သေးရဲ့လားဆိုတာတောင် မသိတော့ဘူး။ ဪ.... အာသာရယ်'

သူ့လက်မောင်းများကို ကိုင်ပြီး မိမိနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်သည်။

'ဒီလောက်သက်တမ်းတွေ ကြာလာတဲ့တိုင်အောင်လဲ ရှင်ဟာ ပျော်ရွှင်မှုမှ ရှိသေးတဲ့ ကောင်ခလေးဘဝပဲ ရှိပါသေးလား၊ နောက်ထပ် ဘာကျန်သေးလဲဆိုတာ သိချင်နေတဲ့ ကောင်ခလေးလေ၊ ဟုတ်တယ် မဟုတ်လား၊ နောက်ထပ် အံ့အားသင့်စရာတွေ.... နောက်ထပ် မွေးနေ့ လက်ဆောင် တွေလေ၊ အာသာရယ်၊ ကျွန်မ ရှင့်ကို အစွမ်းကုန် ပေးအပ်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီလောက်တောင် နှစ်တွေ ကြာလာပြီး ခုမှပဲ သဘောပေါက်တော့တယ်၊ ကျွန်မရဲ့ အတ္တကိုပေးတော့မယ်ဆိုရင် ဂရုတစိုက် ပေးရတော့မယ်၊ မဟုတ်ရင် ကျွန်မရဲ့ လက်ဆောင်တွေကို ရှင် ချခွဲပစ်လိမ့်မယ်၊ ဒီထဲမှာ ကျွန်မပါ အပါအဝင်ပေါ့၊ ကဲ.... ကျွန်မတို့ ဖြေးဖြေးမှန်မှန် ဝန်ခံကြရအောင် အာသာ၊ ရှင် ဒါမှမဟုတ် ဘယ်ယောကျ်ားမှ တစ်စုံတစ်ယောက်ကို လုံးလုံးလျားလျား လိုချင်စိတ်ရှိတယ်လို့ ကျွန်မ မထင်ဘူး။'

'ထားပါတော့၊ သူတော်စင်တွေဟာ သူတို့ဘဝကို ဘုရားသခင်ထံမှာ လုံးလုံးလျားလျား ပေးလှူထားတယ်၊ အနုပညာသမားတွေက သူတို့အလုပ်ထဲမှာ လုံးလုံး

www.burmeseclassic.com



လျှားလျှား နှစ်မြှုပ်ထားကြတယ်၊ ကျန်တဲ့ ကျွန်မတို့လို လူတွေကျတော့ တာဝန်ကြီးတစ်ရပ် ဖြစ်လာပြီလေ၊ တခြား လူတစ်ဦးအတွက် အချိန်ရှိသရွေ့ ဖြည့်ဆီးပေး နေရတာမျိုးပေါ့၊ အဲဒီသင်ခန်းစာကို ကျွန်မ အက်ဒ်နဲ့ အတည်းက ရခဲ့တယ်ထင်တာပဲ'

'ဒီတော့ ကိုအ အကြွင်းအကျန်လေးကိုယ် ရခဲ့တာ ဆိုပါတော့'

'မဟုတ်ဘူး အာသာ၊ အက်ဒ်ကြောင့်သာ မဟုတ်ရင် ကျွန်မ ရှင့်ကို ချစ်မိမှာကို မဟုတ်ဘူး၊ ရှင့်ကို ချစ်မိတော့ လဲ ခုနေမှာ အက်ဒ်ကို အမြင်တစ်မျိုးနဲ့ ကြည့်မြင်နိုင် လာတယ်လေ'

'မင်း အဲဒီငနဲနဲ့ ပြန်တွေ့ဖို့ စဉ်းစားနေတာ မဟုတ် ပါဘူးနော်'

'အဲဒီ အစီအစဉ်မျိုး လောလောဆယ် မရှိပါဘူး အာသာ၊ လောလောဆယ် ရှင့်ကို ကျန်းကျန်း မာမာနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြစ်စေတာပဲ မြင်ချင်တယ်၊ အဲဒီလို ဖြစ်လာဖို့ ကျွန်မ ဘယ်နည်းနဲ့မဆို ကူညီဖို့လဲ ကတိပေး ပါတယ်'

'အမြဲကောင်းပါပေတယ် မိန်းကလေး၊ မင်း ထော သံဆာ နောက်ဆုံးကျတော့ မင်း ကိုယ်နဲ့ ကင်းလွတ်မှု အရသာကို ခံစားနေရပြီဆိုတဲ့ သဘောပဲ'

'ကျွန်မတို့ နှစ်ယောက်လုံး လွတ်လပ်နေကြပြီပဲ အာသာ၊ ကျွန်မတို့ ကိုယ်ပေးချင်တာကို လွတ်လွတ် လပ်လပ် ပေးလို့ရတယ်၊ ကိုယ်ယူချင်တာကို လွတ်လွတ် လပ်လပ် ယူလို့ရတယ်၊ ဘာမှ နောက်ဆံတင်းစရာ မလို ဘူး၊ အဲဒါ မလုံလောက်သေးဘူးလား၊ ကျွန်မတို့ လိပ်ပြာ မသန့်တဲ့ အဆင့်တွေ၊ နောင်တရတဲ့ အဆင့်တွေကို ကျော် ခဲ့ပြီ၊ ဒါဟာ အသက်အရွယ် ကြီးရင့်လာခြင်းရဲ့ ကောင်း ကျိုးထဲက တစ်ခုပဲ မဟုတ်လား'



သူ့ လက်ချောင်းကို အသာအယာကိုင်ပြီး ကုလားထိုင် မှာ ပြန်ထိုင်နိုင်အောင် ဖေးမပေးသည်။

'ကဲ.... ရှင် ဘာဖြစ်လို့ နားနားနေနေ နေဖို့ မကြိုး စားသေးတာလဲ၊ ရှင် စိတ်ပါတဲ့အခါ ကျွန်မတို့ ညစာ အတူစားရင်း အနာဂတ်ရေးကို ဆွေးနွေးကြတာပေါ့၊ အဲဒါဆို ရှင် ထင်နေတာထက် အများကြီး ပိုပျော်စရာ ကောင်းမှာရှင့်'

ထိုညက ဘက်ဇာလီသည် ရက်သတ္တပတ်ပေါင်းများ စွာ အတွင်း ပထမဆုံးအကြိမ်အဖြစ် အိပ်မက်ဆိုးများ

www.burmeseclassic.com

www.burmeseclassic.com



မမက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ နံနက်မိုး လင်းတော့ ဘာကြောင့်ပါလိမ့်တုပင် အံ့ဩနေမိသည်။

ခဏနေတော့ နံနက်စာ ဗန်းပေါ်တွင် သတင်းစာ တစ်စောင်တင်ပြီး အခန်းထဲ ဝင်လာသည်။ သတင်းစာမှ မျက်နှာဖုံးသတင်းကို ဖတ်လိုက်ရမှ မိမိသည် နေ့စဉ်တွင် ဘယ်လောအခါမျှ အိပ်မက်ဆိုးများ မြင်မက်တော့မည် မဟုတ်ကြောင်း သိလိုက်ရ၏။ ထို့အတူ ပျော်စရာ အကောင်းဆုံး အိပ်မက်များကိုလည်း မြင်မက်ရတော့ မည် မဟုတ်ပါ။

ထိုညက အသောပါဝါသည် ဒုတိယအကြိမ် ရောဂါ ဖောက်ပြီး ကွယ်လွန်ခဲ့လေသည်။

*

(၂၄)

နေ့စက်တစ်ပတ်တွင် ဝယ်လ်ဘီကုန်တိုက်ကို တရားဝင် ပိတ်လိုက်၏။

အာသာအား ရည်စူးပြုလုပ်သည့် အောက်မေ့ခြင်း အခမ်းအနားတွင် ခဏတာမျှလွဲ၍ ကျန် တစ်ချိန်လုံး တက်ဗာလီ ချာချာလည်အောင် အလုပ် များနေသည်။ ရောမ လုပ်ငန်းကြီးတစ်ခုကို စနစ်တကျ ဖျက်သိမ်းဖို့ အသေးစိတ် ဆောင်ရွက်စရာတွေမှာ ထောင်နှင့်ချီပြီး ရှိနေသည်။ နေ့စဉ်တစ်ချိန် အားလပ်ခွင့် ရအောင်မှပဲ အာသာကို လွမ်းဆွတ် သတိရတော့မည်။ လွမ်းဆွတ် သတိရမိမည် ဖြစ်ကြောင်းလည်း ဘာသာ သိနေသည်။

အချိန်ပြည့် အလုပ်ရှုပ်နေသည့် အတွက်လည်း ဝမ်း သာရပါသည်။ သည်တော့ အာသာအကြောင်း စဉ်းစား ဖို့ အချိန်မရဘူးပေါ့။

www.burmeseclassic.com



နောက်ဆုံးနေ့တွင် အမှုထမ်းများ၏ နှုတ်ဆက်ပွဲ အခမ်းအနား ပြုလုပ်သည်။ နာရီပေါင်း တော်တော်ကြာ အောင် အချိန်ပေးရသည်။ ည့်ခံပွဲ ပြီးဆုံးသွားမှ ဘက် ဗာလီ စိတ်ပေါ့သွားသည်။

ရုံးခန်းထဲမှ နောက်ဆုံးအကြိမ်အဖြစ် ထွက်လာတော့ ခုနစ်နာရီ ကျော်နေပြီ။ စာရွက် စာတမ်းတွေ လျှံနေ အောင် ထည့်ထားသည့် လက်ဆွဲသေတ္တာကို ချိုင်းကြား မှာညှပ်လျက်၊ အတွင်းရေးမှူးမလေးတွေ ပြန်သွားတာ ကြာလှပြီ။ ကုန်တိုက်ကို နေ့လယ်ကတည်းက အရောင်း ပိတ်ထားခဲ့သည်။ အထပ်တိုင်း အထပ်တိုင်းတွင် ညစောင့် တစ်ယောက်စီ စောင့်နေပြီ။ အမှုဆောင် အရာရှိများ အထပ်တွင် တာဝန်ကျသည့် ညစောင့်က ဘက်ဗာလီ အခန်းကို နှစ်ကြိမ်တိုင်တိုင် လာကြည့်ခဲ့သည်။ ဘက်ဗာလီ ပြန်ပြီလားဟု ကြည့်ခြင်း။

ကဲ... နောက်ဆုံးတော့ ပြန်ဖို့ အသင့်ဖြစ်ပြီ။ နောက် ဆုံးအကြိမ်အဖြစ် ကော်ဇော ထူကြီးကို ဖြတ်နင်းပြီး ဓာတ်လှေကားရှိရာသို့ လာခဲ့သည်။ တမ်းတ စိတ်တွေ ဝမ်းနည်းစိတ်တွေ ဖြစ်ထွန်းမလာ။ ဓာတ်လှေကား စောင့်ရင်း အမ်းတာစရာလေးတွေကို ကြိုးစားတွေးကြည့် သည်။

ဓာတ်လမ်း တစ်ခန်းရပ်သွားပြီ။ မိမိ၏ လုပ်သက် အနှစ်လုံးနီးပါးသည် အဆောက်အအုံကြီးမှာ ကုန်လွန်ခဲ့ ရသည်။ ဆယ်ကျော်သက်အရွယ် အရောင်း စာရေး



လေးအဖြစ် စတင် အလုပ်ဝင်ခဲ့သည်။ ယခု ကုန်တိုက်၏ ဥက္ကဋ္ဌအဖြစ် နောက်ဆုံး ထွက်ခွာရတော့မည်။ ဥက္ကဋ္ဌတဲ့။ ဘယ်လောက် အနှစ်သာရ ကင်းမဲ့လိုက်ပါသလဲ။ ဥက္ကဋ္ဌ တစ်ယောက်ဆိုတာ အရေးပါအရာရောက်ရမည်။ ခိုင်မြဲရ မည်။ ခုတော့ မိုင်ပေါင်း ထောင်ချီဝေးသည့် အရပ်ရှိ အစည်းအဝေးခန်းထဲမှ ယောကျ်ားတစ်စု၏ ဆန္ဒကြောင့် ကုန်တိုက်ကြီး တစ်ခုလုံး ပြိုလဲရတော့မည်။

သည်ကုန်တိုက်ကို ဘယ်တော့ ပြန်ဖွင့်မလဲ ဘယ်သူမှ မပြောနိုင်။ ဖွင့်တော့ကော၊ ရှေးလ်အဖွဲ့မှ ပုဂ္ဂိုလ်များက မိမိကို လိုလားနေပါဦးမလား။ မိမိသည် သူတို့အတွက် အသုံးမဝင်တော့ဘူးဆိုလျှင် သူတို့သည် ကန်ထရိုက် စာချုပ်ကို အချိန်မရွေး ဖျောက်ဖျက်ကြမှာမလွဲ။ အခြား အမျိုးသမီးတွေ သည်အဖြစ်မျိုး ကြုံခဲ့ကြရပြီ။ မိမိလည်း သည်အဖြစ်မျိုး ကြုံရနိုင်သည်။ သည်လို ဖြစ်နိုင်ကြောင်း အာသာက သတိပေးခဲ့သည်လေ။ မေမေကလည်း ပြော ခဲ့သည်ပဲ။ သို့သော် မိမိကို ထိတ်လန့် တုန်လှုပ်စေသည် မှာ အနာဂတ်ဘဝမဟုတ်။ အတိတ်၏ စည်းမျဉ်း စည်း ကမ်းတွေ၊ လုပ်နည်းလုပ်ဟန်တွေ၊ အမှားအယွင်းတွေက သာ ထိတ်လန့် တုန်လှုပ်စေခဲ့ခြင်း ဖြစ်၏။

မိမိက အာသာလို ရပြီးသားများကို ထပ်လိုချင်နေသူ မဟုတ်။ မိမိသည် အသစ်ကို ရင်ဆိုင်ဖို့အသင့်။ အနာဂတ် ဘဝမှာ ကြုံရမည့် အသစ်များကို မကြောက်။ ရှယ်ပြေခဲ့

www.burmeseclassic.com



သလိုပေါ့၊ ဘဝ၏ တတိယပိုင်းကို ရှင်သန် နေထိုင်ဖို့ ရှိသေးသည်လေ။

မတ်တတ်လှေကားထိပ်ခါး ပွင့်လာသော စီမံကိန်းတွေ စတင်ဆွဲနေပြီး

ပင်မအဆောင်ကို ရောက်သည်နှင့် ရပ်ပြီး ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ အမှုဆောင်အရာရှိများ အထပ်သို့ ရောက်ပြီးနောက်ပိုင်း နှစ်ပေါင်းများစွာ အကျင့်ပါနေသည့်စရိုက်၊ အိမ်ဖော် အမျိုးသမီးတစ်ဦး၊ အိပ်ရာမဝင်မီ အားလုံးနေရာတကျရှိရဲ့လားဟု နောက်ဆုံးအကြိမ်ကြည့်သလိုမျိုး၊ ပစ္စည်းရွှေ့ပြောင်း သယ်ယူမည့်သူများက တနင်္လာနေ့မှလာကြမည်။ သည်တော့ ကုန်တိုက်ကြီးတစ်ခုလုံး ခါတိုင်းလိုပင်ခြေရာလက်ရာမပျက် ရှိနေသေးသည်။

လူသူ ကင်းမဲ့နေသော လူသွား လမ်းများအတိုင်း လျှောက်လာသည်၊ စင်ပေါ်မှ အင်္ကျီတစ်ထည်ကို ကိုင်ကြည့်သည်၊ မှန်ဗီရိုထဲတွင် လဲနေသော ပုလင်းတစ်လုံးကို ပြန်ထောင်သည်။ ဝယ်စရာပစ္စည်းတွေ အများကြီးပါလား။ မိမိဝန်းကျင်တွင် ပတ်လည်ဝိုင်းပြီး မိမိဘဝကိုပုံဖော်ပေးခဲ့သည့် အလှအပပစ္စည်းများ။ သည်တော့ 'မိမိ'၏ ကုန်တိုက်ကြီးထဲတွင်ရှိသည့် သည်ပစ္စည်းများကို နောက်ဆုံးအဖြစ် ကြည့်ရှုနေရပြီ၊

(သည်အလှကုန်များရှေ့မှာရပ်ရင်း ဘက်ဗာလီ နက်နက်နဲနဲ တွေးတောနေမိ၏၊ (သည်ကုန်တိုက်အပေါ်အဝင် တမှာပေါ်ရှိ ကုန်တိုက် အားလုံးသည်သာ သန်းပေါင်းများစွာသော အမျိုးသမီးများ၏ လိုလားချက် များကို ဖော်ပြခွင့်ရသည့် နေရာများဖြစ်၏၊ ယောကျ်ားတွေကတော့ နေ့စဉ်နေ့တိုင်းပင် သူတို့၏ လိုအပ်ချက်များကို ဆွေးရာပါ အခွင့်အရေး တစ်ခုခု တင်ပြကြသည်၊ တောင်းဆိုကြသည်၊ သန်းပေါင်းများစွာသော လူသားတွေ၏ အသက်အိုးအိမ် စည်းစိမ်များကို ထိခိုက်စေနိုင်သည့် ဆုံးဖြတ်ချက်များကို ယောကျ်ားတွေပဲ ပြုလုပ်ဖို့ ရာစုပေါင်း များစွာ ခွင့်ပြုခဲ့ကြသည်၊



မိန်းမတွေမှာတော့ မိမိတို့၏ လိုအပ်ချက်များကို တင်ပြဖို့ ရွေးချယ်ဆုံးဖြတ်ဖို့ ဝယ်လ်ဘီလို နေရာမျိုးပဲရှိသည်၊ ယောကျ်ားတွေ အမြင်မှာတော့ ဒါတွေသည် အသေးအဖွဲ့ပဲ ဖြစ်နေလိမ့်မည်၊ သို့သော် သည်နေရာက မိန်းတလေးတွေအတွက် ပြောရေး ဆိုခွင့် ရသည့် နေရာပါ၊

'ဟင့်အင်း၊ အပြာရောင်မကြိုက်ဘူး၊ ကျွန်မတော့ အညိုရောင်ပဲကြိုက်တယ်'

'ဒီဖက်ဆေးတဲ့ အရွယ်အစား မရှိဘူးလားဟင်'

မိမိသဘောမကျလျှင် လှည့်ထွက်သွားနိုင်သည် ဆိုတာလည်း သိနေသည်။ မိန်းမသားများအား ဆယ်စုနှစ်ပေါင်းများစွာ ပေးထားသည့် ပြောရေးဆိုခွင့်မှာ သည်မျှသာ မဟုတ်ပါလား။)

ဘာပဲဖြစ်ဖြစ် မိမိတို့သည် အမျိုးသမီးလောကတွင် ရှေးဦးလမ်းထွင်သူများ။ မိမိတို့ကို လိုအပ်ကြသည်။ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



ကို အလှပြ စင်ပေါ်တင်ထားပြီး အရုပ်လေးတွေလို သဘောထားခဲ့ကြ၏။ မိမိကံကောင်းသည်။ ကိုယ့်လမ်း ကိုယ်ရွေးပြီး အောင်မြင်မှုပန်းတိုင် ရောက်အောင် လျှောက်နိုင်ခဲ့သည်။

မိမိဘဝမှာ သိကျွမ်းရင်းနှီးခဲ့သည့် အမျိုးအမီးများ အကြောင်း စဉ်းစားကြည့်သည်။ သူတို့သည် သူတို့၏ ကိုယ်ပိုင်ဘဝအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရုန်းကန်တိုက်ပွဲဝင်ခဲ့ကြသည်ပင်။ ကျိန်းနှင့်မရေရီယံတို့ဆို စွန့်လွှတ်အနစ်နာခံပြီး ဘဝကို ရင်ဆိုင်ခဲ့ကြသည်။ ဗျူသိလို မိန်းမမျိုးကျတော့လည်း ဘယ်လောက် အခက်အခဲနှင့် ကြုံရသည်ဖြစ်စေ ကိုယ့်ဘဝကို လွတ်လွတ်လပ်လပ် ထူထောင်နေထိုင်နိုင်ခဲ့ကြသည်။

ကဲ... ခုတော့ မိမိအလှည့်ရောက်ပြီ။ ရှေ့ခရီးကိုဆက်ရတော့မည်။

'မစ္စရစ်ချ်မန်လား ခင်ဗျာ'

ဘတ်အနည်ရှိ ညစောင့်က သူ့ဆီလျှောက်လာသည်။ သူ့နံဘေးမှ ပါလာသည့် အစောင့်ခွေးကြီးကို ပိုင်ပိုင်နိုင်နိုင် ထိန်းထားသည်။

'ဒီကုန်တိုက်ကနေ နောက်ဆုံးပြန်မယ့်သူဟာ မမပဲဆိုတာ ကျွန်တော် တွက်ထားမိဖို့ကောင်းတယ်၊ ဝယ်လ်ဘီနဲ့ မမနဲ့ အတူတွဲပြီး မြင်မနေရရင် အမြင်ဆန်းနေလိမ့်မယ်ထင်တယ်'



'ဒါဟာ ယာယီအဘော့ပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ ဘတ်၊ ဒါပေမယ့် ဘယ်သူ ဘာပြောနိုင်မှာလဲလေ'

'မမက ဒီမှာလုပ်လာခဲ့တာ နှစ်ပေါင်း တော်တော်ကြာပြီနော်၊ မမမှာ ပြောစရာ ဇာတ်လမ်းတွေ အများကြီး ရှိနေမှာပဲ'

'လူတွေအကြောင်းပါပဲ ဘတ်ရယ်၊ နေ့စက်ပြီး လူတွေကလဲ ဆိပ်ပြီး ပြောင်းလဲလာကြတာမှ မဟုတ်တာ'

ဘက်ဗလီ သဲ့သဲ့ပြုံးလိုက်၏။ ဘတ်၏ စကားကြောင့် လွန်ခဲ့သည့်တစ်ပတ်က ညစာစားပွဲ တစ်ခုတွင် မိမိနှင့်ယှဉ်ထိုင်ရသည့် လူငယ်အယ်ဒီတာလေးကို သတိရမိ၏။ အယ်ဒီတာလေးကလည်း ဘတ်ပြောသည့်အတိုင်း ပြောခဲ့၏။ ဝတ္ထုတစ်ပုဒ်ရေးပါဟု တိုက်တွန်းသည်။ မိမိစိတ်ပါလာအောင် စာအုပ်တိုက်မှ နမူနာ စာအုပ်များကိုပင် ပို့ပေးခဲ့၏။ စာရေးဖို့ဆိုတာ မိမိဘယ်တုန်းကမှ မစဉ်းစားခဲ့သော အလုပ်၊ သို့ပေမယ့် ခုတော့ အချိန်ပိုလာပြီ။ နောက်ပြီး မိမိဖတ်ဖူးသမျှ ဝတ္ထုတွေထဲတွင် မိန်းမတွေအကြောင်း ယခု မိမိသိထားသလို ရေးသားထားတာမျိုး တစ်အုပ်မျှမရှိ။

'ခု ကုန်တိုက်က ပိတ်လိုက်ပြီဆိုတော့ မမ အနားယူ အပန်းဖြေ ခရီးထွက်မှာပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'သွားတော့သွားမလို့ပဲ ဘဘ်၊ ဒါပေမယ့် ကျွန်မတော့ ရေးလ်အဖွဲ့အတွက် အလုပ်လုပ်နေတုန်း ဆိုတော့ သူတို့ ကျွန်မကို ဟိုလွှတ်ဒီလွှတ် လွှတ်လိမ့်ဦးမယ် ထင်တယ်'

'ဟာ…. အဲဒါ ပျော်စရာကောင်းမှာပေါ့၊ သူတို့လုပ်ငန်းတွေက ကမ္ဘာအနှံ့ရှိနေတာ မဟုတ်လား'

'အိုး ကျွန်မ အဲဒီလောက် ဝေးဝေးကြီး မသွားတော့ပါဘူးရှင်၊ စိန့်လူစီလေးကပဲ သွားတော့မှာပါ၊ အဲဒီမှာ တော်တော် သာယာတယ်လို့ ကြားရတယ်'

'တစ်ခါတော့ရောက်ဖူးတယ်၊ သိပ် သတိမထားမိဘူး ခင်ဗျာ့၊ ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီမှာ မမရဲ့အသိ မိတ်ဆွေတွေ ရှိနေရင်….'

'ရှိတာပေါ့၊ ဒါပေမယ့်လေ ….ဘယ့်ပြောနိုင်မလဲ၊ ဒီကုန်တိုက်ကြီး ပိတ်ရလိမ့်မယ်လို့ ကျွန်မတို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူးလေ၊ ဒီတော့ အနာဂတ်ကာလမှာ ဘာတွေဖြစ်လာဦးမယ်ဆိုတာ ဘယ်သူ ဘာပြောနိုင်မှာလဲ'

'မှန်တာပေါ့ခင်ဗျာ၊ ကဲ….ကိုယ့်ကိုကိုယ်သာ ဂရုစိုက်ပေတော့ မစ္စစ်ရစ်ချီမန်ရေ'

ဘတ်က ဆိုလည်တံခါးကိုသော့ဖွင့်ပေး၏။ဘက်ဗာလီ နောက်ဆုံးထွက်ခွာခြင်း အဖြစ် ထွက်ခွာခဲ့သည်။

'ဂရုစိုက်ပါ့မယ် ဘတ်၊ ရှင်လည်း ဂရုစိုက်ပေါ့ရှင်'

မိမိဘဝတစ်လျှောက်တွင် ညပေါင်းများစွာ ပြုလုပ်ခဲ့သည့်အတိုင်း ဘက်ဗာလီ ညာဘက်ချိုးကွေ့လိုက်သည်။



ပြီးတော့ မြစ်ဘက်သို့ လျှောက်ခဲ့သည်။ အချိန်ကာလမှာ စက်တင်ဘာလသာ ရှိသေးသော်လည်း လေထု ထဲတွင် ဆောင်းဦး၏ အငွေ့ကလေးစွက်နေပြီ။

ဘက်ဗာလီ ပြုံးနေမိ၏။ သူ့ခြေလှမ်းတွေ သွက်လာသည်။ အားနှင့် မာန်နှင့် ဖြစ်လာသည်။ အနာဂတ်သို့ လျှောက်လှမ်းနေသည့် ခြေလှမ်းများ။

သူ့ ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူး ခံစား နေရ၏။ ယခုနှစ် ဆောင်းဦးကတော့ အရမ်း သာယာ လှပမှာ….။

စာချစ်သူများအား လေးစားလျက်

မြတ်ငြိမ်း

ပြီးပါပြီ

www.burmeseclassic.com